စိတ်ကူးချိုချိုအနုပညာ



လယ်တီပဏ္ဍိတ
ဦးမောင်ကြီး(အမ်အေ) ၏
ဂန္ထဝင်မြောက်လက်ရာ

# တပင်ရွှေထီး

ဝတ္ထုတော်ကြီး

လေးတွဲပေါင်းရိုက်နှိပ်ခြင်း
ဒုတိယအကြိမ်

စိတ်ကူးချိုချိုစာအုပ်

# တပင်ရွှေထီးဝတ္ထုတော်ကြီး
## လယ်တီပဏ္ဍိတဦးမောင်ကြီး
## (အမ်အေ)

လေးတွဲပေါင်းဒုတိယအကြိမ်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မဟိုဒိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - ကေစာချို
၂၀၁၃၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၆၀၀၀ ကျပ်

၀၉၅·၀၃

တပင်ရွှေထီးဝတ္ထုတော်ကြီး
လယ်တီပဏ္ဍိတဦးမောင်ကြီး(အမ်အေ)၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၆၄၅ မျက်နှာ၊ ၁၉ စင်တီ × ၂၅·၅ စင်တီ
(၁) တပင်ရွှေထီးဝတ္ထုတော်ကြီး



အမ်-အေ-မဟာဝိဇ္ဇာဘွဲ့ရ
လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| ၁။ | တောင်ငူခေတ်တည်သမိုင်း .... .... .... | ၁ |
| ၂။ | ဘုရင်မင်းကျီးညိုသည် တောင်ငူမြို့တွင် မင်းပြုတော်မူခြင်း .... | ၁ |
| ၃။ | ဒွါရာဝတီမြို့ တည်တော်မူခြင်း .... .... .... | ၄ |
| ၄။ | တလိုင်းစစ်ကြီးချီ၍ ဒွါရာဝတီမြို့ကို ဝန်းရံခြင်း .... .... | ၅ |
| ၅။ | အဝဘုရင် ဒုတိယမင်းခေါင် နှတ်ရှာစံတော်မူခြင်း .... .... | ၈ |
| | **အခန်း (၂)** | |
| ၆။ | ကေတုမတီ ရွှေမြို့တော်သစ် တည်ထောင်တော်မူခြင်း .... .... | ၁၂ |
| ၇။ | မြို့သစ်တည်ထောင်သော အချိန် .... .... .... | ၁၄ |
| ၈။ | ဒွါရာဝတီမြို့ဟောင်းအကြောင်း.... .... .... .... | ၁၉ |
| ၉။ | မြို့တော်သစ်၌ စံနေတော်မူသော မင်းကျီးညို၏ ဘုန်းသမ္ဘာ .... | ၁၉ |
| ၁၀။ | ကေတုမတီမြို့တော်သစ်၌ ပျားစွဲခြင်း .... .... .... | ၂၂ |
| ၁၁။ | ရွှေကျီးညို နိမိတ်တဘောင်များ .... .... .... | ၂၃ |
| ၁၂။ | ဘုရင်မင်းကျီးညို၏ နေရောင်ပြ စံနန်းတော် .... .... | ၂၄ |
| ၁၃။ | ရှင်ထွေနှာသိန်လျှောက်တင်သော နေရောင်ပြ<br>သိုက်သမိုင်းအချုပ် .... .... .... | ၂၅ |
| | **အခန်း (၃)** | |
| ၁၄။ | ငန္ဒဲကုန်းမြို့၏ ကျက်သရေ .... .... .... | ၂၇ |
| ၁၅။ | မဟောသဓာလျှောက်ချက် .... .... .... | ၃၀ |
| | **အခန်း (၄)** | |
| ၁၆။ | ဆင်အုံကန်တော် ဆည်ဖို့ခြင်း .... .... .... | ၃၂ |
| ၁၇။ | ငန္ဒဲကုန်း ဆင်အုံကန်တော်ဘွဲ့ မော်ကွန်းလင်္ကာ .... .... | ၃၄ |
| ၁၈။ | ဘုရင်မင်းကျီးညိုနှင့် ခင်ဦး .... .... .... | ၃၄ |
| ၁၉။ | ခင်ဦး၏ ပထမအိပ်မက်ခန်း .... .... .... | ၃၅ |
| ၂၀။ | ဘုရင်မင်းကျီးညိုနှင့် ခင်ဦးတို့၏ ရွှေနဖူးစာတော် .... .... | ၃၉ |
| | **အခန်း (၅)** | |
| ၂၁။ | ငန္ဒဲကုန်းမြို့သူကြီး ဇနီးမောင်နှံစုံတို့ တိုင်ပင်ဆွေးနွေးခြင်း .... .... | ၅၂ |
| ၂၂။ | သမီးကညာရတနာ ဆက်သခန်းနှင့်ဆိုင်သော<br>အဆောင်အယောင် အခမ်းအနားများ စီရင်ခြင်း .... .... | ၆၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ယားယီစံနန်းတော်တွင် သမီးကညာရတနာခင်ဦးအား သိမ်းပိုက်တော်မူသော မင်္ဂလာအခမ်းအနားကို ကြီးကျယ်စွာ ကျင်းပခြင်း .... | ၆၁ |
| | **အခန်း (၆)** | |
| ၂၄။ | ဘုရင်မင်းကျီးညိုသည် ငနွဲကုန်းသူခင်ဦးကိုသိမ်းပိုက်သောမင်္ဂလာ ပွဲသဘင်ကြီး ပြီးသည်နောက် တောင်ငူမြို့သို့ ပြန်လည် ကြွတော်မူခြင်း .... | ၆၂ |
| ၂၅။ | ဘုရင်မင်းကျီးညို ငနွဲကုန်းသူခင်ဦးအား အလိုစမ်းတော်မူပုံ.... | ၆၇ |
| ၂၆။ | လောကုတ္တရာဆရာတော်၏ အဆုံးအမကို ခံယူတော်မူပုံများ.... | ဂ၄ |
| | **အခန်း (၆) ဒုတိယပိုင်း** | |
| | **တပင်ရွှေထီး ပဋိသန္ဓေယူခန်း** | |
| ၂၇။ | ခင်ဦး အိပ်မက်မြင်ပုံ .... .... | ၉၁ |
| ၂၈။ | ခင်ဦး၏ ချင်ခြင်းဖြစ်ပုံ(ဟံသာဝတီနိုင်ငံမှာရှိသော ဟံသာဝတီမြေစေးကို စားလိုစိတ်နှင့် ပြည်မြို့မှာရှိသော နဝင်းချောင်းက ရေအေးကို သောက်လို စိတ် ချင်ခြင်းစိတ်ဓါတ် တားဆီးမရဖြစ်လာခြင်း) .... | ၉၅ |
| | **အခန်း (၇)** | |
| ၂၉။ | တပင်ရွှေထီး ဖွားမြင်တော်မူခန်း.... .... .... | ၁၀၆ |
| ၃၀။ | လောကုတ္တရာဆရာတော် ကြွလာတော်မူခြင်း .... | ၁၁၃ |
| ၃၁။ | နေရောင်ပြစံနန်းတော်၌ သားတော်ကိုအဘိသိက်သွန်းခြင်း | ၁၁၆ |
| ၃၂။ | ဘွားဘက်တော်တထောင်ဖြင့် ချီးမြှောက်တော်မူခြင်း .... | ၁၁၇ |
| ၃၃။ | အထိန်းတော်ကြီးများ ခန့်ထားခြင်း .... .... | ၁၁၇ |
| ၃၄။ | ငနွဲကုန်းခင်ဦးကို မိဖုယားမြှောက်တော်မူခြင်း .... | ၁၁၉ |
| | **အခန်း (ဂ)** | |
| ၃၅။ | ဘွားဘက်တော်ကြီး သျှင်ရဲထွတ်အကြောင်း .... | ၁၂၃ |
| ၃၆။ | တပင်ရွှေထီးမဖွားမီ သုံးလကျော်ကျော်က မင်းကြီးဆွေ၏ဇနီး သျှင်မျိုးမြတ်မှ သျှင်ရဲထွတ်ဘွားမြင်ပုံ .... .... | ၁၂၃ |
| | **အခန်း (၉)** | |
| ၃၇။ | ကေတုမတီ-တောင်ငူနှင့် ရတနာပူရအဝနေပြည်တော် ထီးပြိုင်နန်းပြိုင် ခေတ်အကြောင်း .... .... | ၁၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | ပြည်ဘုရင်သတိုးမင်းစော၏ဇာတိသွေးညွှန်းဖျင်းခြင်းနှင့် ကိုယ်ကျိုးလိုလားပုံ။ | ၁၃၁ |
| ၃၉။ | တောင်ငူဘုရင် မင်းကျီးညို၏လုံ့လ | ၁၃၃ |
| ၄၀။ | ရတနာပူရ အဝနေပြည်တော်ကြီးပျက်စီး၍ ဘုရင်နရပတိ တိမ်းရှောင်တော်မူရပုံ | ၁၃၆ |
| ၄၁။ | ပြည်ဘုရင်သတိုးမင်းစော ပြန်လည်တော်မူခြင်း | ၁၃၈ |

## အခန်း (၁၀)

| | | |
|---|---|---|
| ၄၂။ | အဝနေပြည်တော်ကို မိုးညှင်းစော်ဘွားစလုံတို့ နိုင်ထက်ကလူပြုနေခြင်းကို တွန်းလှန်တိုက်ဖျက်ရန် ဘုရင်မင်းကျီးညိုကိုယ်တိုင် အဝသို့စစ်ချီပုံအကြောင်း | ၁၃၉ |

## အခန်း (၁၁)

| | | |
|---|---|---|
| ၄၃။ | အဝဘုရင်နှင့် မင်းကျီးညိုတို့၏စစ်ရေး | ၁၅၁ |
| ၄၄။ | မင်းကျီးညိုမှအဝဘုရင်သို့ကြားစာ | ၁၅၃ |

## အခန်း (၁၂)

| | | |
|---|---|---|
| ၄၅။ | အဝနေပြည်တော်ကြီးကို ရှမ်းတို့ပြန်၍ တိုက်ဖျက်သိမ်းယူခြင်း | ၁၅၈ |
| ၄၆။ | မိုးညှင်းစော်ဘွား ချီတက်လာခြင်း | ၁၅၉ |
| ၄၇။ | စစ်ကိုင်းမြို့သို့ ရှမ်းတို့စီးနင်းခြင်း | ၁၆၂ |
| ၄၈။ | အဝဘုရင် နတ်ပြည်စံတော်မူခြင်းနှင့် အဝမြို့တော်ကြီး ဆုံးရှုံးရခြင်း | ၁၆၄ |
| ၄၉။ | ရှမ်းတို့ တဟုန်တည်း ကြိုးစားခြင်း | ၁၆၇ |
| ၅၀။ | တံခါးမြို့ဝ တိုက်ပွဲကြီး | ၁၆၈ |
| ၅၁။ | မိုးညှင်းရှမ်းတို့ ထီးနန်းကို သိမ်းပိုက်ခြင်း | ၁၇၀ |

## အခန်း (၁၃)

| | | |
|---|---|---|
| ၅၂။ | အဝမြို့တော်ကြီး၌ ရှမ်းသိုဟန်ဘွား စိုးစံခြင်း | ၁၇၁ |
| ၅၃။ | မင်းကြီးရန်နောင်နှင့် မြန်မာမှူးမတ်များတွေ့ဆုံခြင်း | ၁၇၂ |

## အခန်း (၁၄)

| | | |
|---|---|---|
| ၅၄။ | မင်းကြီးရန်နောင် နေပြည်တော်သို့ ဆိုက်ရောက်ခြင်း | ၁၇၅ |
| ၅၅။ | အတွင်းရေးနှင့် တိုင်ပင်စကားပြောကြားခြင်း | ၁၇၆ |
| ၅၆။ | မိုးညှင်းစော်ဘွားကြီးနှင့် မင်းကြီးရန်နောင်တို့ ညှိနှိုင်းတိုင်ပင်ကြပုံ | ၁၇၉ |
| ၅၇။ | သိုဟန်ဘွားကို နန်းအပ်ခြင်း | ၁၈၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁၅)** | |
| ၅၈။ | ဘုန်းသမ္ဘာတေဇာလက်ရုံးနှင့် ပြည့်စုံသော အာဇာနည်နှစ်ဦး | .... ၁၈၇ |
| | **အခန်း (၁၆)** | |
| ၅၉။ | သျှင်ရဲထွတ်နှင့်သခင်ကြီး .... .... | .... ၂၀၃ |
| ၆၀။ | မင်းသားကလေးတပင်ရွှေထီးနှင့် အထိန်းတော်သမီး ခင်မြတ် | .... ၂၀၈ |
| | **အခန်း (၁၇)** | |
| ၆၁။ | သျှင်ရဲထွတ်နှင့် သခင်ကြီး .... .... | .... ၂၁၅ |
| ၆၂။ | ကေတုမတီရာဇဝင်လာ ချစ်မေတ္တာတေးထပ် .... | .... ၂၁၆ |
| | **အခန်း (၁၈)** | |
| ၆၃။ | သျှင်ရဲထွတ်၏ ရာဇဝတ်ဘေးကြီး .... .... | .... ၂၂၃ |
| | **အခန်း (၁၉)** | |
| ၆၄။ | မင်းကျီးညို၏ စဉ်းစားတော်မူချက် .... .... | .... ၂၃၄ |
| ၆၅။ | တပင်ရွှေထီးနှင့် ရဲထွတ် .... .... | .... ၂၃၆ |
| ၆၆။ | လောကုတ္တရာဆရာတော်နှင့် ရဲထွတ် .... .... | .... ၂၄၀ |
| | **အခန်း (၂၀)** | |
| ၆၇။ | မိဖုယားများက ဂုန်းတိုက်ကြခြင်း .... .... | .... ၂၄၁ |
| ၆၈။ | သားတော်တပင်ရွှေထီး ခမည်းတော်ထံ ဝင်ရောက်ခြင်း .... | .... ၂၄၄ |
| ၆၉။ | သျှင်ရဲထွတ်နှင့် ဆရာတော် .... .... | .... ၂၄၆ |
| | **အခန်း (၂၁)** | |
| ၇၀။ | ရှမ်းဘုရင်သိုဟန်ဘွားအုပ်စိုးစဉ် အဝမြို့တော်တွင် ဖြစ်ပျက်သော အကြောင်းများ .... .... .... | .... ၂၅၄ |
| ၇၁။ | မွန်မတ်အချို့တို့၏ စိတ်နေစိတ်ထား .... .... | .... ၂၅၅ |
| ၇၂။ | မင်းကြီးရန်နောင်က မြန်မာမှူးမတ်များကို တိတ်တဆိတ်ခေါ်၍တိုင်ပင်ပုံ | .... ၂၅၈ |
| ၇၃။ | နိုင်ငံချဲ့ရန် ရှမ်းဘုရင်က မင်းကြီးရန်နောင်ကို တိုင်ပင်ပုံ .... | .... ၂၆၀ |
| ၇၄။ | မင်းကြီးရန်နောင်၏ နိုင်ငံရေးအတွင်းစက်လှဲပုံများ .... | .... ၂၆၂ |
| ၇၅။ | မင်းကြီးရန်နောင်၏ လျှောက်တင်စာ .... .... | .... ၂၆၂ |
| | **အခန်း (၂၂)** | |
| ၇၆။ | တောင်ငူဘုရင်မင်းကြီးညို နတ်ရွာစံတော်မူခြင်း .... | .... ၂၆၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၂၃)** | |
| ၇၇။ | တပင်ရွှေထီး ကေတုမတီရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူခြင်း | ၂၆၈ |
| ၇၈။ | တပင်ရွှေထီးနှင့် သျှင်ရဲထွတ် ညီတော်နောင်တော်နှစ်ပါး တိုင်ပင်တော်မူပုံ | ၂၇၀ |
| ၇၉။ | တပင်ရွှေထီးနှင့် ခင်ဘုန်း | ၂၇၃ |
| ၈၀။ | တပင်ရွှေထီး နန်းဘွင့်မင်္ဂလာရေတု | ၂၇၉ |
| ၈၁။ | တပင်ရွှေထီး နန်းဘွင့် ရှစ်ဆယ်ပေါ်တေးထပ် | ၂၈၀ |
| | **အခန်း (၂၄)** | |
| ၈၂။ | တပင်ရွှေထီး နန်းတက်တော်မူပြီးသောအခါ ချီးမြှင့်ထိုက်သော သူများကို ဘွဲ့ထူး ဂုဏ်ထူး သနားတော်မူခန်း | ၂၈၀ |
| ၈၃။ | ခင်ညိုညိုနှင့် သျှင်ရဲထွတ် | ၂၈၈ |
| ၈၄။ | သျှင်ရဲထွတ်နှင့် သခင်ကြီး | ၂၉၀ |
| ၈၅။ | တပင်ရွှေထီး၏ စဉ်းစားတော်မူခဏ်း | ၂၉၄ |
| | **အခန်း (၂၅)** | |
| ၈၆။ | ရွှေမော်ဓော ဘုရား၌ နားထွင်းတော်မူခြင်း | ၃၀၁ |
| ၈၇။ | မင်းကြီးရန်နောင် | ၃၀၃ |
| ၈၈။ | ပြည်ဘုရင်·နရပတိ | ၃၀၃ |
| ၈၉။ | ဟံသာဝတီ၏ လက်ရုံးကြီး နှစ်ခု | ၃၀၄ |
| ၉၀။ | နားထွင်းရန် စီမံစိုင်းပြင်းတော်မူခြင်း | ၃၀၄ |
| | **အခန်း (၂၆)** | |
| ၉၁။ | ရွှေမော်ဓောစေတီတော်သို့ နားထွင်းတော်မူရန် သူရဲကောင်းရွေးချယ်ခန်း | ၃၁၇ |
| ၉၂။ | ဗလရဲထင်၏ အကြောင်း | ၃၁၇ |
| ၉၃။ | တပင်ရွှေထီး၏ မိန့်တော်မူချက် | ၃၁၈ |
| ၉၄။ | ရွှေမော်ဓောဘုရားသို့ ချီတော်မူခြင်း | ၃၁၉ |
| ၉၅။ | ရွှေမော်ဓောစေတီသို့ ဆိုက်ရောက်တော်မူခြင်း | ၃၂၀ |
| ၉၆။ | တလိုင်းဘုရင် ကြားသိတော်မူခြင်း | ၃၂၁ |
| ၉၇။ | ဟံသာဝတီသို့ အစမ်း ချီတော်မူခြင်း | ၃၂၆ |
| ၉၈။ | မင်းကြီးရန်နောင်၏ လျှောက်တင်စာ | ၃၂၉ |
| ၉၉။ | ဟံသာဝတီ နေပြည်တော် | ၃၃၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | ရှေးဦးစွာ တပင်ရွှေထီးချီတော်မူခြင်း .... .... | .... ၃၃၃ |
| ၁၀၁။ | ဒုတိယအကြိမ် ချီတော်မူခြင်း .... .... | .... ၃၃၄ |
| ၁၀၂။ | ဟံသာဝတီသို့ တတိယအကြိမ် ချီတက် တိုက်ခိုက်ခြင်း .... | .... ၃၃၅ |

အခန်း (၂၇)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | ဟံသာဝတီဘုရင်က တပင်ရွှေထီးထံသို့ သံတမန် စေလွှတ်ခြင်း | .... ၃၃၉ |
| ၁၀၄။ | သံတမန် စေလွှတ်သော အစီအရင် .... .... | .... ၃၄၀ |
| ၁၀၅။ | တောင်ငူဘုရင်ထံသို့ ဆက်သရန် မဟာမိတ်သဝဏ်လွှာ .... | .... ၃၄၁ |
| ၁၀၆။ | ဟံသာဝတီဘုရင်က တပင်ရွှေထီးထံသို့ စေလွှတ်သော သံတမန် | .... ၃၄၁ |
| ၁၀၇။ | တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့ တိုင်ပင်ခြင်း .... | .... ၃၄၂ |
| ၁၀၈။ | ဟံသာဝတီက သံတမန်များ ရွှေ့တော်သို့ ဝင်ရောက်ခြင်း | .... ၃၃၄ |
| ၁၀၉။ | နောင်တော်ဟံသာဝတီဘုရင်ထံသို့ ဆက်သရန် သဝဏ်လွှာ | .... ၃၄၄ |
| ၁၁၀။ | ရွှေသစ္စာပန်းနှစ်ခိုင် .... .... .... | .... ၃၄၇ |
| ၁၁၁။ | ရွှေသစ္စာပန်းနှစ်ပွင့်၏ စနက်မီး .... .... | .... ၃၄၈ |

အခန်း (၂၈)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂။ | နှစ်ကြိမ်မြောက်ထပ်မံပစ်လွှတ်သောတပင်ရွှေထီး၏ ပရိယာယ်လက်နက်ကြီး | ၃၄၉ |
| ၁၁၃။ | ဦးရီးတော်များထံသို့ ကြားစာ .... .... | .... ၃၅၁ |
| ၁၁၄။ | အမိန့်တော်ကျည်တောက် ဗုံးအမြောက် .... | .... ၃၅၂ |

အခန်း (၂၉)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၅။ | တပင်ရွှေထီး-ခင်ဘုန်း-ခင်မြတ်တို့ ချစ်ခင် မြတ်နိုးစွာ ပြောဆိုတော်မူနေကြပုံ.... | ၃၅၄ |
| ၁၁၆။ | ဟံသာဝတီသို့ စစ်ချီတော်မူခြင်း .... .... | .... ၃၆၁ |

အခန်း (၃၀)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၇။ | ဟံသာဝတီဘုရင်၏ နောင်တရခြင်းနှင့် မြို့တော်မှ ထွက်ပြေးခြင်း | .... ၃၆၂ |
| ၁၁၈။ | နောက်တော်သို့မလိုက်ဘဲ ကျန်ရစ်သော မှူးမတ်များ .... | .... ၃၆၄ |
| ၁၁၉။ | တပင်ရွှေထီးချီတက်လာခြင်း .... .... | .... ၃၆၅ |

အခန်း (၃၁)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူကြောင်း .... | .... ၃၆၇ |
| ၁၂၁။ | လုံ့ကိုလွှတ်သဖြင့် သျှင်ရဲထွတ် လုံ့ခြင်း .... | .... ၃၆၈ |

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၁၂၂။ တပင်ရွှေထီး၏ အမိန့်တော် .... .... .... ၃၇၀
၁၂၃။ တပင်ရွှေထီး တောင်ငူမြို့မှ ပဲခူး၊ ဟံသာဝတီ၊ ပြည်သို့ ချီတက် တိုက်ခိုက် အောင်မြင်ကြောင်းနှင့် တလိုင်းဘုရင် ပြည်မြို့ ထွက်တော်မူရပုံများကို ဗျူဟာစက္ကပျို့ အဆို .... .... .... ၃၇၄

## အခန်း (၃၂)

၁၂၄။ ပြည်သို့ ချီတက်တော်မူခြင်း .... .... .... ၃၇၄
၁၂၅။ တပင်ရွှေထီး တိုင်ပင်တော်မူခဏ်း .... .... .... ၃၇၅
၁၂၆။ နောင်ရိုးစစ်ပွဲကြီး .... .... .... ၃၇၆
၁၂၇။ ဗိုလ်မှူးစစ်ကဲတို့ ထိတ်လန့်ခြင်း .... .... .... ၃၇၈
၁၂၈။ တပင်ရွှေထီးက နောင်တော်သျှင်ရဲထွတ် အပေါ်တွင် အပြစ်တော်တင်ခြင်း .... ၃၈၀
၁၂၉။ တပင်ရွှေထီးသည် နောင်ရိုး တိုက်ပွဲကို အောင်မြင်တော်မူကြောင်းကို ဗျူဟာစက္ကပျို့ အဆို .... .... .... ၃၈၂
၁၃၀။ ပြည်မြို့၌ မင်းသုံးပါး ဆုံခြင်း .... .... .... ၃၈၃
၁၃၁။ တပင်ရွှေထီး စစ်စခန်း ချရပ်တော်မူခြင်း .... .... ၃၈၅
၁၃၂။ ရေတပ်စစ်ပွဲ .... .... .... ၃၈၆
၁၃၃။ တပင်ရွှေထီး ဟံသာဝတီသို့ ပြန်၍စုန်တော်မူခြင်း .... .... ၃၈၇
၁၃၄။ တလိုင်းဘုရင်၏ ကံကြမ္မာ .... .... .... ၃၈၈
၁၃၅။ ဆင်ဖမ်းထွက်တော်မူခြင်း .... .... .... ၃၈၉
၁၃၆။ နတ်သမီးကိုယ်တိုင် ပြခြင်း .... .... .... ၃၈၉
၁၃၇။ တလိုင်းဘုရင် နတ်ပြည်စံလွန်တော်မူရခြင်း .... .... ၃၉၀
၁၃၈။ အလောင်းတော်ကို သင်္ဂြိုဟ်ခြင်း .... .... .... ၃၉၁
၁၃၉။ အဝဘုရင် ပြန်သွားခြင်း .... .... .... ၃၉၂
၁၄၀။ ပြည်ဘုရင် နတ်ရွာစံတော်မူရခြင်း .... .... .... ၃၉၂
၁၄၁။ ပြည်မြို့၌ ဘုရင်အသစ် နန်းစံခြင်း .... .... .... ၃၉၂

## အခန်း (၃၃)

၁၄၂။ တပင်ရွှေထီး၏ ရှက်ဆောင်တော်မူပုံများ .... .... ၃၉၃
၁၄၃။ တပင်ရွှေထီး၏ အကြံတော် .... .... .... ၃၉၃
၁၄၄။ မုတ္တမမင်းထံသို့ ပေးသော ဘုရင်တပင်ရွှေထီး၏ စာတော် .... ၃၉၄
၁၄၅။ မုတ္တမဘုရင်၏ မာန်မာန .... .... .... ၃၉၅
၁၄၆။ ပြည်ဘုရင်ထံသို့ ဘုရင်တပင်ရွှေထီးပေးပို့သော သဝဏ်လွှာ အဓိပ္ပါယ် .... ၃၉၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၄၇။ တပင်ရွှေထီး မျက်မာန်ရှတော်မူခြင်း .... .... .... ၃၉၇
၁၄၈။ မုတ္တမမြို့သို့ ဆိုက်ရောက်တော်မူခြင်း .... .... .... ၃၉၈
၁၄၉။ မုတ္တမမြို့ကို ရိက္ခာပြတ်အောင် ပိတ်ဆို့ခြင်း။ .... .... ၃၉၈
၁၅၀။ မော်လမြိုင်မြို့စား ထံသို့ သဝဏ်လွှာ ပို့တော်မူခြင်း .... .... ၃၉၉
၁၅၁။ မော်လမြိုင်မြို့စားထံသို့ ပို့သော သဝဏ်လွှာ။ .... .... ၃၉၉
၁၅၂။ ဘုန်းတော်ကြီးလှသော မင်းတရားကြီးရွှေထီးသို့ ဆက်သရန် သဝဏ်လွှာ .... ၄၀၀
၁၅၃။ မုတ္တမမြို့ကို အရေးကြီးစွာ လုပ်ကြံတော်မူပုံ .... .... ၄၀၀
၁၅၄။ မီးဖောင်စကြာကြီး .... .... .... ၄၀၁
၁၅၅။ မြို့ဖောင်စကြာကြီး .... .... .... .... ၄၀၂
၁၅၆။ စီးချင်းတိုက်ပွဲကြီး .... .... .... .... ၄၀၂
၁၅၇။ သမိန်ပရူကို ချီးမြှင့်တော်မူခြင်း .... .... .... ၄၀၃
၁၅၈။ အသားနီနှင့် ပါးမုန်းမွေး .... .... .... ၄၀၃
၁၅၉။ မော်လမြိုင်မြို့စား၊ ဗညားဦး၊ ရွှေဘဝါးတော်အောက်သို့ ရောက်လာခြင်း .... ၄၀၄
၁၆၀။ မြို့စားအပေါင်းတို့ဝင်ရောက်လာခြင်း .... .... .... ၄၀၄
၁၆၁။ မုတ္တမမြို့စား ခန့်ထားခြင်း .... .... .... ၄၀၅
၁၆၂။ ဟံသာဝတီသို့ ပြန်ချီတော်မူခြင်း .... .... .... ၄၀၅
၁၆၃။ ခင်ဘုန်းနှင့် ခင်မြတ် .... .... .... ၄၀၅
၁၆၄။ ဒဂုန်ဆံတော်ရှင်ဘုရားကို အခမ်းအနား ကြီးကျယ်စွာနှင့်
ရွှေထီးအထွဋ် တင်တော်မူခြင်း .... .... .... ၄၀၆
၁၆၅။ သံဃာတော်အစည်းအဝေးကြီး .... .... .... ၄၀၈
၁၆၆။ သာသနာတော်ရေးနှင့် စပ်လျဉ်း၍ တပင်ရွှေထီး လျှောက်ထားချက် .... ၄၀၉


## အခန်း (၃၄)


၁၆၇။ ပြည်ဘုရင်၏ အကြံအစည်များ ရခိုင်ဘုရင်နှင့် မဟာမိတ်ဆက်သွယ်ခြင်း .... ၄၁၀
၁၆၈။ ပြည်မြို့သို့ ဒုတိယအကြိမ် အကြီးအကျယ် ချီတက်ခြင်း .... .... ၄၁၁
၁၆၉။ ချီတော်မူသော အစီအစဉ် အခမ်းအနား.... .... ၄၁၁
၁၇၀။ ပြည်ဘုရင်၏ ထိတ်လန့်ခြင်း .... .... .... ၄၁၂
၁၇၁။ ရခိုင်က ချီတက်လာခြင်း .... .... .... ၄၁၂
၁၇၂။ ပြည်မြို့ကို ဝန်းရံတော်မူခြင်း .... .... .... ၄၁၃
၁၇၃။ ရှမ်းသိုဟန်ဘွားရန်ကို တွန်းလှန်ဖြိုဖျက်တော်မူခြင်း .... .... ၄၁၃
၁၇၄။ ဆင်တပ် တိုက်ပွဲကြီး .... .... .... ၄၁၄
၁၇၅။ စစ်ကူလာသော စော်ဘွားတို့ကို အောင်မြင်ကြောင်း .... .... ၄၁၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၆။ | ရခိုင်စာကို ဖမ်းမိခြင်း | ၄၁၅ |
| ၁၇၇။ | ရခိုင်ပြည်က ချီလာသော ကုန်းတပ်ကို နှိမ်နင်းရန်စီမံခြင်း | ၄၁၆ |
| ၁၇၈။ | ရခိုင်တို့၏ တပ်စခန်း | ၄၁၇ |
| ၁၇၉။ | သျှင်ရဲထွတ်၏ စစ်ပရိယာယ် | ၄၁၈ |
| ၁၈၀။ | သျှင်ရဲထွတ်ရေးသားသော ပရိယာယ်စာ | ၄၁၈ |
| ၁၈၁။ | သံတွဲမင်းသား ချီတက်လာခြင် | ၄၁၉ |
| ၁၈၂။ | ရခိုင်ကရေတပ်များ | ၄၂၀ |
| ၁၈၃။ | သျှင်ရဲထွတ်၏ ဇွဲသန်ပုံ | ၄၂၀ |
| ၁၈၄။ | ဆရာတော်နှစ်ပါး ပြည်ဘုရင်ကို တရားနည်းလမ်းပြသခြင်း | ၄၂၁ |
| ၁၈၅။ | တပင်ရွှေထီး၏ ကရုဏာ | ၄၂၁ |
| ၁၈၆။ | သျှင်ရဲထွတ်၏ ဂုဏ်ပျက်ခြင်း | ၄၂၂ |
| ၁၈၇။ | ဘုရင်တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့၏ ပြီးပြယ်သောစကားများ | ၄၂၃ |


## အခန်း (၃၅)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၈။ | ဘုရင်တပင်ရွှေထီး ပြည်မြို့ကိုလုပ်ကြံတော်မူစဉ်အခိုက် အဝနပြည်တော်၌ သိုဟန်ဘွား၏ ရက်စက်ကြမ်းကြုတ် ရိုင်းစိုင်းပုံများ | ၄၂၅ |
| ၁၈၉။ | တောင်ပလူလယ်ပြင် | ၄၂၇ |
| ၁၉၀။ | အမင်္ဂလာ နေ့ဆိုးကြီး | ၄၂၈ |
| ၁၉၁။ | အလှူမဏ္ဍပ်ကို မြင်းတပ်ကြီးဖြင့် ဝန်းဝိုင်းခြင်း | ၄၂၈ |
| ၁၉၂။ | သိုဟန်ဘွား၏ ရိုင်းစိုင်းမှုကြောင့် မြန်မာနိုင်ငံ၌ ရှေးဟောင်း ဗဟုသုတများ ပျက်ပြားခြင်း | ၄၃၀ |
| ၁၉၃။ | ထိုခေတ်ထိုအခါ စစ်ကိုင်းမြို့၏ အခြေအနေ | ၄၃၂ |
| ၁၉၄။ | နိမိတ်တော်ကြီးများ | ၄၃၂ |
| ၁၉၅။ | မြန်မာနိုင်ငံ ဆူလာခြင်း | ၄၃၃ |
| ၁၉၆။ | ရှမ်းမှူးမတ်တို့နှင့် ရှမ်းမှူထမ်းတို့ ရမ်းကားရှုလာခြင်း | ၄၃၃ |
| ၁၉၇။ | အရေးကြီးက သေွးနီးရာ | ၄၃၄ |
| ၁၉၈။ | မင်းကြီးရန်နောင် | ၄၃၄ |
| ၁၉၉။ | မြန်မာမှူးမတ်များ စည်းလုံးခြင်း | ၄၃၅ |


## အခန်း (၃၆)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၀။ | သိုဟန်ဘွား မလှတမ ပျက်စီးခြင်း | ၄၃၉ |
| ၂၀၁။ | မင်းကြီးရန်နောင်၏ အမျိုးမာန်နှင့် ရဲစွမ်းသတ္တိများ | ၄၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၂၀၂။ ဝဓုကိသူကရဇာတ် .... .... .... .... ၄၄၂
၂၀၃။ မြန်မာစစ်တပ်များ ဖွဲ့စည်းခြင်း .... .... .... ၄၅၀
၂၀၄။ ပုဏ္ဏားတို့နှင့် နှီးနှောခြင်း .... .... .... ၄၅၂
၂၀၅။ ဘုရင့်ရှေ့တော် .... .... .... .... ၄၅၅
၂၀၆။ ပုဏ္ဏားတို့နှင့် တဖန်တိုင်ပင်ခြင်း .... .... .... ၄၅၈
၂၀၇။ သကြံန်တော်နေ့ကြီး .... .... .... .... ၄၆၀
၂၀၈။ မင်္ဂလာ သကြံန်တော်နှင့် ဇေယျာဘိသိက်တော်အခမ်းအနား .... ၄၆၀
၂၀၉။ ညီလာသဘင် စကားများ .... .... .... ၄၆၁
၂၁၀။ သိဟန်ဘွားသေမင်း ငင်တော့မည် .... .... .... ၄၆၃
၂၁၁။ နန်းစဉ်ဓါးပေါင်းများစွာ ရှေ့တော်သို့ ဆိုက်ရောက်လာခြင်း .... ၄၆၄
၂၁၂။ ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ခြင်း .... .... .... ၄၆၅
၂၁၃။ မင်းကြီးရန်နောင်ကို မင်းမြှောက်ရန် အကြီးအကျယ် စည်းဝေးတိုင်ပင်ခြင်း .... ၄၆၇
၂၁၄။ မင်းကြီး၏ စိတ်ဆန္ဒ.... .... .... .... ၄၆၈
၂၁၅။ မင်းကြီးရန်နောင်ထံသို့ အညီအညွတ် သွားရောက်ကြခြင်း.... .... ၄၆၈


## အခန်း (၃၇)


၂၁၆။ အဝထီးနန်း အုပ်စိုးရေးကို စီစဉ်တော်မူခြင်း .... .... ၄၇၁
၂၁၇။ မင်းကြီးရန်နောင် ရဟန်းပြုတော်မူခြင်း .... .... ၄၇၄
၂၁၈။ လက်ရုံးချှန်သော ပုဂ္ဂိုလ်ထူးနှစ်ဦး .... .... .... ၄၇၆


## အခန်း (၃၈)


၂၁၉။ ပြည်မြို့၌ စစ်ပွဲကြီးတကြိမ် ဖြစ်နေပြန်ခြင်း .... .... ၄၇၇
၂၂၀။ အဝမြို့တော်၌ တိုင်ပင်ကြခြင်း .... .... .... ၄၈၀
၂၂၁။ ပြည်မြို့သို့ ချီတက်ခြင်း .... .... .... ၄၈၁
၂၂၂။ ပြည်မြို့ကခုခံခြင်း .... .... .... .... ၄၈၁
၂၂၃။ တပင်ရွှေထီး ချီတော်မူလာခြင်း .... .... .... ၄၈၂
၂၂၄။ ရှမ်းစော်ဘွားတို့ ထိတ်လန့် တုန်လှုပ်ခြင်း .... .... ၄၈၄
၂၂၅။ လှေတပ်ကြီး ဆန်တက်ခြင်း .... .... .... ၄၈၆
၂၂၆။ ရှမ်းတို့ဆုတ်ခွာခြင်း .... .... .... .... ၄၈၆
၂၂၇။ သျှင်ရဲထွတ်က ဘိဘိစီးစီးလိုက်၍ တိုက်ခိုက်ခြင်း .... .... ၄၈၇
၂၂၈။ တပင်ရွှေထီး ကိုယ်တော်တိုင် ရေတပ်ဖြင့် ချီတော်မူပြန်ခြင်း .... ၄၈၇
၂၂၉။ စလင်းမြို့ကို လုပ်ကြံခြင်း .... .... .... ၄၈၈

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၀။ | စလင်းမြို့၌ မြို့စား အပ်နှင်းတော်မူခြင်း .... | .... ၄၈၈ |
| ၂၃၁။ | တပင်ရွှေထီး မြစ်ညာသို့ ဆန်တက်တော်မူခြင်း .... | .... ၄၈၉ |
| ၂၃၂။ | တပင်ရွှေထီး သာသနာရေးကိစ္စကို ဆောင်ရွက်တော်မူခြင်း | .... ၄၈၉ |
| | **အခန်း (၃၉)** | |
| ၂၃၃။ | စလင်းမြို့၌ ပုန်ကန်မှုကြီး ဖြစ်ပေါ်ခြင်း .... | .... ၄၉၁ |
| ၂၃၄။ | စည်သူကျော်ထင်ကို ပင့်ဆောင်ခြင်း .... .... | .... ၄၉၂ |
| ၂၃၅။ | စလင်းမြို့သို့ တဖန်စစ်ချီတက်လာခြင်း .... .... | .... ၄၉၂ |
| ၂၃၆။ | စည်သူကျော်ထင် နှစ်ဦးတို့၏ စီးချင်းထိုးတိုက်ပွဲ .... | .... ၄၉၃ |
| ၂၃၇။ | စီးချင်းထိုး တိုက်ပွဲအကြောင်း .... .... | .... ၄၉၄ |
| | **အခန်း (၄၀)** | |
| ၂၃၈။ | စီးချင်းထိုးတိုက်ပွဲ၌ စလင်းစည်သူ ကျော်ထင် ဆင်ချွန်းအုပ်၍မရဘဲ လန့်၍ ထွက်ပြေးခြင်း .... | .... ၄၉၅ |
| ၂၃၉။ | ချင်းတို့က အတင်းဖမ်း၍ သွားပြန်ခြင်း .... | .... ၄၉၆ |
| ၂၄၀။ | ချင်းဘုရင်က စစ်ဆေးခြင်း .... .... | .... ၄၉၇ |
| ၂၄၁။ | တောင်ပိုင်းချင်းဘုရင်သမီးက ချစ်ကြိုက်ခြင်း .... | .... ၄၉၈ |
| ၂၄၂။ | ချင်းပျိုမကလေး ချစ်သွေးမြူ၍ ပြောဆိုခြင်း .... | .... ၄၉၉ |
| ၂၄၃။ | စလင်းစည်သူကျော်ထင် မိုးညှင်းသို့ ပို့ခြင်း .... | .... ၅၀၀ |
| ၂၄၄။ | အဝမြို့တော်၌ ဘုရင်သစ် စိုးစံပြန်ခြင်း .... .... | .... ၅၀၃ |
| ၂၄၅။ | မိုးညှင်းစော်ဘွားက အမျက်ထွက်ခြင်း .... .... | .... ၅၀၃ |
| ၂၄၆။ | အဝမြို့တော်ကို အလွယ်တကူ အောင်မြင်တော်မူခြင်း .... | .... ၅၀၄ |
| | **အခန်း (၄၁)** | |
| ၂၄၇။ | တပင်ရွှေထီး ဟံသာဝတီနေပြည်တော်၌ ရွက်ဆောင်တော်မူသော အကြောင်းအရာများ .... | .... ၅၀၅ |
| ၂၄၈။ | သမိန်တငွတ်မကိုင်တော် .... .... | .... ၅၀၅ |
| ၂၄၉။ | ဒဂုန်ဆံတော်ရှင်သို့ ထွက်တော်မူကြီးထွက်တော်မူခြင်း .... | .... ၅၀၆ |
| ၂၅၀။ | တပင်ရွှေထီးသဘောပြောင်းလဲတော်မူခြင်း .... | .... ၅၀၇ |
| ၂၅၁။ | ဂေါဏမယ် .... .... | .... ၅၀၈ |
| ၂၅၂။ | နွားမကြီးတကောင်မှ သမီးကညာ ထူးဆန်းစွာ ဘွားမြင်ခြင်း | .... ၅၀၈ |
| ၂၅၃။ | ရွှေနားတော်ကြားခြင်း .... .... | .... ၅၀၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၅၅။ | ဥယျာဉ် ကစားထွက်တော်မူခြင်း .... .... | .... ၅၀၉ |
| ၂၅၆။ | ရွှေနန်းတော်သို့ ပြန်လည် ဆိုက်ရောက်တော်မူသောအခါ .... | .... ၅၁၀ |
| ၂၅၇။ | ခင်ဘုန်း၏ ကျီစယ်တော်မူပုံ .... .... | .... ၅၁၂ |
| ၂၅၈။ | သျှင်ရဲထွတ်၏ စိတ်ထား .... .... | .... ၅၁၄ |
| ၂၅၉။ | သျှင်ရဲထွတ်၏ အတွင်းတော်သို့ ဝင်ရောက်ခြင်း .... | .... ၅၁၆ |

## အခန်း (၄၂)

| | | |
| --- | --- | --- |
| ၂၆၀။ | ဂေါဏမယ်ကို သိမ်းပိုက်တော်မူခြင်း .... .... | .... ၅၂၀ |
| ၂၆၁။ | တလိုင်းဆံ ဖြတ်တော်မူခြင်း .... .... | .... ၅၂၂ |
| ၂၆၂။ | တလိုင်ဆံဖြတ်ပုံ အနေအထား .... .... | .... ၅၂၄ |
| ၂၆၃။ | ဘုန်းကျက်သရေ၏ တိတ်နိမိတ် .... .... | .... ၅၂၄ |
| ၂၆၄။ | သမိန်စောထွတ်၏အကြံ .... .... | .... ၅၂၅ |

## အခန်း (၄၃)

| | | |
| --- | --- | --- |
| ၂၆၅။ | ရခိုင်ဘုရင်၏ ဘထွေးတော်က စစ်ကူတောင်းရောက်လာခြင်း | .... ၅၂၆ |
| ၂၆၆။ | ရေတပ်ကြီးကို ဆီးကြို၍တိုက်ခြင်း .... .... | .... ၅၂၈ |
| ၂၆၇။ | ရခိုင်လှေတပ်များ ဆုတ်ခွာ ထွက်ပြေးရခြင်း .... | .... ၅၂၈ |
| ၂၆၈။ | သံတွဲမြို့က ခုခံရန် ကြံစည်ပြန်ခြင်း .... .... | .... ၅၂၈ |
| ၂၆၉။ | သံတွဲမြို့ကို သိမ်းပိုက်တော်မူခြင်း .... .... | .... ၅၂၈ |
| ၂၇၀။ | ရခိုင်မြို့ရင်းသို့တိုင်အောင် ချီတက်တော်မူခြင်း .... | .... ၅၂၉ |
| ၂၇၁။ | ရခိုင်ဘုရင် အားလျော့ခြင်း .... .... | .... ၅၂၉ |
| ၂၇၂။ | ရခိုင်ဆရာတော် လေးပါးကို စေလွှတ်တော်မူခြင်း .... | .... ၅၃၀ |
| ၂၇၃။ | တပင်ရွှေထီး မိန့်တော်မူချက် .... .... | .... ၅၃၁ |
| ၂၇၄။ | မှူးမတ်တို့နှင့် တိုင်ပင်တော်မူခြင်း .... .... | .... ၅၃၁ |
| ၂၇၅။ | ဆရာတော်လေးပါး ကြွလာတော်မူပြန်ခြင်း .... | .... ၅၃၂ |
| ၂၇၆။ | ရခိုင်ဘုရင်က အလုံးစုံ လိုက်နာခြင်း .... .... | .... ၅၃၃ |
| ၂၇၇။ | သျှင်ရဲထွတ်ကို ရခိုင်မြို့တွင်းသို့ဝင်၍ အမိန့်တော်ပြန်စေခြင်း | .... ၅၃၃ |
| ၂၇၈။ | ဘုရင်တပင်ရွှေထီး၏ အမိန့်တော် .... .... | .... ၅၃၃ |
| ၂၇၉။ | လက်ဆောင်တော်များ ထပ်မံပို့ဆက်လာခြင်း .... | .... ၅၃၄ |
| ၂၈၀။ | ရခိုင်ပြည်မှ ပြန်လည်တော်မူခြင်း .... .... | .... ၅၃၅ |
| ၂၈၁။ | သံတွဲစားကို ဘုရင်ခံ မြှောက်တော်မူခြင်း .... | .... ၅၃၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၄၄)

၂၀၂။ ယိုးဒယားနှင့် အရေးဖြစ်ပွားရခြင်း .... .... ၅၃၆
၂၀၃။ ဘုရင်တပင်ရွှေထီးသို့ လျှောက်တင်ရခြင်း .... .... ၅၃၀
၂၀၄။ ယိုးဒယားသို့ ကိုယ်တော်တိုင် ချီတက်တော်မူခြင်း .... .... ၅၃၉
၂၀၅။ ချီတော်မူသော တပ်စဉ်များ .... .... .... ၅၄၀
၂၀၆။ မုတ္တမစခန်း .... .... .... .... ၅၄၁
၂၀၇။ မော်လမြိုင်မြို့ဘက်သို့ ကူးတော်မူခြင်း .... .... .... ၅၄၁
၂၀၀။ ယိုးဒယားဘုရင်က ကြိုတင်၍ တိုက်ခိုက်ခြင်း .... .... ၅၄၂
၂၀၉။ ယိုးဒယားမြို့ကို ဝန်းရံ၍ လုပ်ကြံတော်မူခြင်း .... .... ၅၄၃
၂၉၀။ ယိုးဒယားဘုရင်က အားရှိ အင်ရှိနှင့် လိုက်၍ တိုက်ပြန်ခြင်း .... ၅၄၄
၂၉၁။ မြန်မာတို့က ခုခံခြင်း.... .... .... .... ၅၄၄
၂၉၂။ ဆင်ချင်း တိုက်ပွဲကြီး .... .... .... ၅၄၆
၂၉၃။ ယိုးဒယားဘုရင်၏ အမတ်တော်ကို ဆင်နှင့်တကွအရှင်ဘမ်းမိခြင်း .... ၅၄၀
၂၉၄။ ဘုရင်တပင်ရွှေထီး ဆိုက်ရောက်လာ၍ အပြစ်တင်တော်မူခြင်း .... ၅၄၀
၂၉၅။ သျှင်ရဲထွတ်၏ သားတော်ကလေးအား ဘွဲ့ထူးနှင့် ဆုပေးတော်မူခြင်း .... ၅၄၉
၂၉၆။ ယာယီနန်းဖြင့် ခေတ္တ စံနေတော်မူစဉ် မှူးမတ်များနှင့် တိုင်ပင်တော်မူခြင်း .... ၅၅၀
၂၉၇။ ယိုးဒယားဘုရင် အညံ့ခံခြင်း .... .... .... ၅၅၁
၂၉၀။ တပင်ရွှေထီး၏ နူးညံ့သော နှလုံးတော် .... .... ၅၅၂
၂၉၉။ ယိုးဒယားဘုရင် ပြသာဒ်ရာဇာ သံတော်ဦးတင်စာ သဝဏ်လွှာ .... ၅၅၂
၃၀၀။ ယိုးဒယားဘုရင်က သားတော် ညီတော်များနှင့်တကွ လက်ဆောင်ပဏ္ဏာ
ဆက်သရန် စေလွှတ်ခြင်း .... .... .... ၅၅၃

## အခန်း (၄၅)

၃၀၁။ ဘုရင်မင်းမြတ်၏ အပူအရာတော်များတို့၏ ပျက်စီးကြောင်း .... ၅၅၆
၃၀၂။ ပြင်သစ်စစ်ဗိုလ်၏ အစစ်ခံချက် .... .... .... ၅၅၀
၃၀၃။ သမိန်စောထွတ်၏ အတွင်းဥာဏ် .... .... .... ၅၅၉
၃၀၄။ တောလေ့ ဝါသနာ ပါတော်မူခြင်း .... .... .... ၅၅၉
၃၀၅။ ကုလားဖြူကို အရေးတယူ မြှောက်စားတော်မူပြန်ခြင်း .... .... ၆၀၀
၃၀၆။ နေပြည်တော်အတွင်း၌ ဆူဆူပူပူ ဖြစ်လာခြင်း .... .... ၅၆၂
၃၀၇။ သျှင်ရဲထွတ် ငြီးတွားခြင်း .... .... .... ၅၆၂
၃၀၀။ သျှင်ရဲထွတ်ကိုယ်တိုင် ဘုရင်မင်းမြတ်ကို စောင့်ကြပ်တော်မူခြင်း .... ၅၆၇
၃၀၉။ ဗိုလ်ဖြူကို နိုင်ငံရင်းသို့ ပြန်၍ စေလွှတ်ခြင်း .... .... ၅၆၇

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၄၆)** | |
| ၃၁၀။ | မှူးမတ် သေနာပတိတို့က သျှင်ရဲထွတ်ကို နန်းတင်ကြရန် တိုင်ပင်ကြခြင်း .... | ၅၆၉ |
| ၃၁၁။ | တောင်ငူဘုရင်ခံ အနိစ္စရောက်တော်မူခြင်း .... .... | ၅၇၁ |
| ၃၁၂။ | သူပုန် အကြီးအကျယ် ထကြွလာခြင်း သမိန်ထောရာမ အကြောင်း .... | ၅၇၂ |
| ၃၁၃။ | မင်းသား ရဟန်း၏ အကြံပြုချက် .... .... .... | ၅၇၃ |
| ၃၁၄။ | တလိုင်းတို့ ညီညွတ်လာခြင်း .... .... .... | ၅၇၅ |
| ၃၁၅။ | မင်းသား ဘုန်းကြီး ဒလနယ်သို့ ကြွရောက်လာခြင်း .... .... | ၅၇၅ |
| ၃၁၆။ | ဟံသာဝတီ နေပြည်တော်က ကြားသိခြင်း .... .... | ၅၇၆ |
| ၃၁၇။ | သူပုန်တို့အားယူ၍ သံလျင်မြို့ကို အုပ်စီးနေခြင်း .... .... | ၅၇၇ |
| ၃၁၈။ | ယောက်ဘတော် ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သံလျင်သို့ ချီတက်သည်ကို ခင်ဘုန်း၏ တားမြစ်ခြင်း .... .... | ၅၈၁ |
| ၃၁၉။ | ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ် မိမိမြောက် သားတော် သခင်ကြီးအား မှာထားတော်မူခဲ့ခြင်း .... .... .... | ၅၈၄ |
| ၃၂၀။ | သျှင်ရဲထွတ် သံလျင်မြို့သို့ ချီတက်တော်မူခြင်း .... .... | ၅၈၄ |
| ၃၂၁။ | သမိန်ထောရာမ ထွက်ပြေးရခြင်း .... .... .... | ၅၈၅ |
| | **အခန်း (၄၇)** | |
| ၃၂၂။ | သမိန်စောထွတ်၏ စိတ်မာန် .... .... .... | ၅၈၅ |
| ၃၂၃။ | ပုဏ္ဏားတော်များကို သွေးဆောင်ခြင်း .... .... .... | ၅၈၈ |
| ၃၂၄။ | ဗေဒင်ကိန်းအားဖြင့် ဘုရင်ကို သွေးဆောင်ခြင်း .... .... | ၅၈၉ |
| ၃၂၅။ | ပုဏ္ဏားတို့ လျှောက်တင်ချက် .... .... .... | ၅၉၁ |
| ၃၂၆။ | သမိန်စောထွတ်နှင့် တိုင်ပင်တော်မူခြင်း .... .... | ၅၉၂ |
| ၃၂၇။ | မိဖုယားခင်ဘုန်းနှင့် တိုင်ပင်တော်မူခြင်း .... .... | ၅၉၃ |
| | **အခန်း (၄၈)** | |
| ၃၂၈။ | သမိန်စောထွတ်ကို စစ်တောင်းမြို့စားခန့်ထားခြင်း .... .... | ၅၉၇ |
| ၃၂၉။ | ရွှေဓါးမှူးခန့်ထားခြင်း .... .... .... | ၅၉၉ |
| ၃၃၀။ | ရခိုင်တပ်သို့ ပြောင်းရွှေ့၍ စံတော်မူခြင်း .... .... | ၆၀၀ |
| ၃၃၁။ | သမိန်စောထွတ်၏ ပရိယာယ် .... .... .... | ၆၀၀ |
| ၃၃၂။ | မဟုတ်မမှန် အကြံထုတ်ခြင်း .... .... .... | ၆၀၁ |
| ၃၃၃။ | စစ်တောင်းနယ်မှဆင်ဖြူတော်ပေါ်သည်ဟု သတင်းကြေငြာအောင် လှည့်ပတ် ပြုလုပ်ခြင်း .... .... .... .... | ၆၀၂ |
| ၃၃၄။ | ဘုရင့်အထံတော်သို့ ဝင်ရောက်လျှောက်တင်ခြင်း .... .... | ၆၀၃ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


အခန်း (၄၉)

၃၃၅။ ဘုရင် တပင်ရွှေထီးစစ်တောင်းနယ်သို့ ထွက်တော်မူခြင်း .... .... ၆၀၅
၃၃၆။ သမိန်စောထွတ်၏ အကောက်ဉာဏ်တမျိုး .... .... ၆၀၆
၃၃၇။ သမိန်စောထွတ်၏ အသုံးစွန့် ကြံစည်ခြင်း .... .... ၆၀၉

အခန်း (၅၀)

၃၃၈။ ဘုရင်တပင်ရွှေထီး နတ်ပြည်စံတော်မူခဏ်း .... .... ၆၁၀
၃၃၉။ သုံးချက်တည်းကျော် အချိန့်သို့ ရောက်လေသော် .... .... ၆၁၃

အခန်း (၅၁)

၃၄၀။ တပင်ရွှေထီး နတ်ပြည် စံလွန်တော်မူသည့်နောက် အဖြစ်အပျက်များ .... ၆၁၄
၃၄၁။ ဇောတိကာရုံ ဆရာတော်ကြီး .... .... .... ၆၁၅
၃၄၂။ တပင်ရွှေထီး၏ ဘွားနေ့ ဘွားရက်နှင့် နတ်ပြည်စံနေ့ရက်တူမျှပုံ .... ၆၁၆
၃၄၃။ တပင်ရွှေထီး နတ်ပြည်စံတော်မူရာ တိုင်းနိုင်ငံတွေ ဖရိုဖရဲ ဖြစ်ကုန်ခြင်း .... ၆၁၉
၃၄၄။ သမိန်စောထွတ် ဘုရင်အဖြစ်သို့ ဆိုက်ရောက်ခြင်း .... .... ၆၂၀
၃၄၅။ ဘုရင်တပင်ရွှေထီး နတ်ပြည် စံတော်မူသောအခါ တုရင်သီဟ အမတ်၏ ရွက်ဆောင်ပုံ .... .... .... .... ၆၂၀
၃၄၆။ သီဟသူ၏ အကြံအစည် .... .... .... ၆၂၁
၃၄၇။ သမိန်စက္ကေဝေါ ချီတက်၍ မင်းပြုခြင်း .... .... .... ၆၂၂
၃၄၈။ ပြည်ဘုရင် ခြားနားခြင်း .... .... .... ၆၂၂
၃၄၉။ မုတ္တမမြို့စား .... .... .... ၆၂၃

အခန်း (၅၂)

၃၅၀။ သျှင်ရဲထွတ်၏ ရဲစွမ်းသတ္တိ .... .... .... ၆၂၃
၃၅၁။ မှူးမတ်ဗိုလ်ပါတို့နှင့် တိုင်ပင်တော်မူခြင်း .... .... ၆၂၇
၃၅၂။ ဓါးကျွန်းတောင်၌ ရန်သူတော်စစ်နှင့် တွေ့ဆုံခြင်း .... .... ၆၃၁

အခန်း (၅၃)

၃၅၃။ သျှင်ရဲထွတ် ကိုယ်တော်တိုင် အုပ်စီးလျက် ဗိုလ်ပါ ရဲမက်နှင့်တကွ ဒလမြို့မှ ကေတုမတီ တောင်ငူမြို့သို့ ချီတက်ခြင်း .... .... ၆၃၂
၃၅၄။ သျှင်ရဲထွတ်၏ အိပ်မက်တော် .... .... .... ၆၃၇
၃၅၅။ တပင်ရွှေထီးဝတ္ထုမှတ်ချက် .... .... .... ၆၃၈

# နိဒါန်း

**"တပင်ရွှေထီး"** အမည်ရှိသော ကေရာဇ် ဘုရင်မင်းတပါးသည်။ မြန်မာပြည်တွင် အလွန်ထင်ရှား ကျော်စော၍ လောကတိုက်ဘောင်တွင် အထူးသဖြင့် ရာဇဝင် ပြောင်သော၊ မြန်မာဘုရင် တပါးဖြစ်တော်မူပေသည်။

သက္ကရာဇ် (၈၇၈) ရှစ်ရာ့ခုနစ်ဆဲ့ရှစ်ခု၊ ဗုဒ္ဓဟူးနေ့ညနေ လေးချက်တီးကျော် အချိန်တွင် ဘွားမြင်တော်မူ၍ သက္ကရာဇ် (၈၉၂) ခု၊ နတ်တော်လဆန်း ၅-ရက် ကြာသပတေးနေ့တွင် ခမည်းတော် **"မဟာသီရိဇေယျသူရ"**၏ အရိုက်အရာဖြစ်သော **"ကေတုမတီတောင်ငူ"** ရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသည်။

ရွှေထီး,ရွှေနန်း, သိမ်းမြန်းတော်မူ၍၊ အထွတ်အထိပ်သို့ ရောက်တော် မူသောအခါ၊ တပင်ရွှေထီးသည် အသက် ၁၄ နှစ်၊ ၄-လနှင့် ရက်ပေါင်း ၂၀-မျှသာ ရှိတော်မူသေးသည်။ အလွန်နုနယ်သော အရွယ်တော်ဖြင့်၊ ရွှေထီး,ရွှေနန်း,သိမ်းမြန်း စိုးစံတော်မူရသည်မှာ ကုသိုလ် ဘုန်းကံ ထက်သန်ကြီးမြင့်တော်မူသောကြောင့်ပင် ဖြစ်သည်ဟု ကမ္ဘာသကာ ဓမ္မတာအလိုအား ဖြင့်၊ ပြောဆိုချီးမွမ်းထိုက်ပေ၏။

တပင်ရွှေထီး၏ ခမည်းတော် ဖြစ်တော်မူသော **"မင်းကျီးညို"** မဟာသီရိ ဇေယျသူရ သည်ကား ဘုန်း,လက်ရုံး,ပညာနှင့် လွန်စွာပြည့်စုံ၍၊ နိုင်ငံမြို့ရွာနှင့် စစ်ရေး,စစ်ရာတွင် သူမတူ တန်အောင် လိမ္မာကျွမ်းကျင် တော်မူလှသဖြင့် သက္ကရာဇ် (၈၄၇) ခုနှစ်ကစ၍ (၈၉၂) ခုနှစ် အတွင်းမှာ မြန်မာပြည်တခွင်ဝယ် ပြိုင်ယှဉ်ဘက်ကင်းသော မင်းကြီးတဆူ ဖြစ်တော်မူသည်။

မင်းကျီးညိုသည် သက္ကရာဇ် (၈၇၂)ခု၊ တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ပေါင်း လောင်းမြစ်နှင့် ခပေါင်းချောင်းကြီးတို့ ဆုံရာတွင် ဘူမိနက်သန် မြေကြန်လက္ခဏာ ဇေယျသိဒ္ဓိ အောင်ကိန်းချီတော်မူလျက် "ကေတုမတီ"မည်သော တောင်ငူပြည်ကြီးကို လက်မှန်တည်ထောင် ဖန်ဆင်းတော်မူသည်။

တပင်ရွှေထီး၏ မယ်တော်သည်ကား **"ငွေယံကုန်း"** မြို့သူကြီး၏ သမီးဖြစ်၍ မင်းကျီးညိုက လွန်စွာလေးမြတ်တော် မူလှသဖြင့်၊ **"ရာဇဒေဝီ"**ဟူသောဘွဲ့ဖြင့် ချီးမြှင့်တော်မူအပ်သော မိဖုယား မြတ် ဖြစ်တော်မူသည်။

> (မှတ်ချက်)။ ။ငွေယံကုန်းဆိုသည်ကား ယခုအခါ ပျဉ်းမနားမြို့၏ အနောက်တွင် အထင်အရှားရှိသော လယ်ဝေးမြို့ပင် ဖြစ်လေသည်။ ။ထိုလယ်ဝေးမြို့ကို ရှေးအခါ **"ငွေကုန်း"**မြို့ဟု ခေါ်သည်။ ။ထိုနောက်တဘန် **"ဝါးနွယ်ခုံ"**မြို့ဟု ခေါ်သည်။ ယခုခေတ်အခါ **"လယ်ဝေးမြို့"** ဟူ၍ ခေါ်ဆိုကြသည်၊အမည်ဝေါဟာဆိုသည်မှာ ခေတ်ပြောင်းသည့်အားလျော်စွာ အမျိုးမျိုးပြောင်းလေ့ရှိသတတ်။)

# နိဒါန်း

တပင်ရွှေထီး တလက်ထက်လုံးမှာ လက်ရုံးတဆူပြုလုပ်၍ တိုင်းပြည်ရေးရာ စစ်ရေးရာတို့၌ အရေးကုန်လွှဲပုံ၍ ယုံကြည် အားထား ရသောသူမှာ ငယ်မည် **"သျှင်ရဲထွတ်"** ခေါ်သော **"ဘုရင့်နောင် ကျော်ထင်နော်ရထာကြီး"** ဖြစ်ပေသည်။

သျှင်ရဲထွတ်သည် တပင်ရွှေထီးနှင့် ငယ်ရွယ်စဉ်ကပင် အတူအကွကြီးပွါးလာ၍ နောင်တော်အရင်းကဲ့သို့ အတွင်းမေတ္တာအားဖြင့် လွန်မင်းစွာယုံကြည်အားကိုး၍လာရာအထွတ်အမြတ်သို့ ရောက်တော်မူသောအခါ တပင်ရွှေထီးက ဘုရင့်နောင်ဟူသောဘွဲ့, ကျော်ထင်နော်ရထာဟူသော ဘွဲ့များဖြင့် ချီးမြှင့်တော်မူရုံမျှ မကသေးဘဲ။ နှမတော်ဖြစ်သော **"ခင်ခင်ကြီး"** နှင့်လည်း စုံဘက်တော်မူသည်။

ဘုရင့် ယောက်ဘတော်ဖြစ်သော ရဲထွတ်သည် ဘုရင်မင်းမြတ်က ရေးရာလွှဲပုံ၍ ယုံကြည်တော်မူသည့် အတိုင်းလည်း ကျေးဇူးသစ္စာကို လွန်စွာသိ၍ **"ရဲထွတ်"** ဟူသော အနွတ္ထရှိသည် အားလျော်စွာ အထွတ်အဆုံးသို့ဝင်တောင် ရဲရင့်ခြင်းတည်းဟူသော သူရသတ္တိဂုဏ်, တည်ကြည်ဖြောင့်မတ်ခြင်းတည်းဟူသော သမာဓိဂုဏ်, ထိုးထွင်းလျင်မြန်၍ အသိဉာဏ် စူးရှခြင်းတည်းဟူသော ပညာဗလဂုဏ်တို့နှင့် ပြည့်စုံလေသည်။

တပင်ရွှေထီး၏ ဘုန်းတန်ခိုးကြီးမားခြင်း, ကျော်စောထင်ရှားခြင်းများသည်။ သျှင်ရဲထွတ်တည်းဟူသော အာဇာနည်ပုဂ္ဂိုလ်ကို လက်သုံးပြုရသောကြောင့်ဖြစ်ပွါးရသည်ဟုဆိုလျှင်၊ လွဲနိုင်မည်မဟုတ်ချေ။ သျှင်ရဲထွတ်သည် မိမိပဋိသန္ဓေက ပါရှိ၍လာသော သမ္ဘာဘုန်းဟုန် ကျေးဇူးဂုဏ်တို့နှင့်တကွ ကျေးဇူးသစ္စာရှိခြင်း၊ သူရသတ္တိရှိခြင်း၊ တည်ကြည် ဖြောင့်မှန်ခြင်း၊ မြော်မြင်နိုင်ခြင်း၊ အစရှိသည့်ဂုဏ်ထူးတို့ကြောင့် တပင်ရွှေထီး နတ်ပြည်စံလေသည်နောက်၊ ထီးနန်းအရိုက်အရာကို ဆက်ခံရပြီးလျှင်၊ တပင်ရွှေထီး လက်ထက်တော်က အစပြု၍ တည်တောင်ခဲ့သော နိုင်ငံတော်တော်ကြီးကို ဆက်လက်တည်ထောင်ကာ ခဲ့ထွင်လေရာ **"ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး"** ဟူသော ဘွဲ့တော်နှင့် ဤကမ္ဘာပေါ်တွင် ပြိုင်ယှဉ်ဘက်ကင်းသော မင်းကြီးတဆူဖြစ်တော်မူရလေသည်။

"ဧညပုည လက္ခဏာသမ္ပန္နံဝိဇာယိ။ ဧညပုည လက္ခဏာသမ္ပန္နံ၊ ဘုန်း,ပညာ,လက္ခဏာ, နှင့်ပြည့်စုံသော၊ ပုတ္တံ၊သားတော်မြတ်ရတနာကို။ ဝိဇာယိ၊ ဘွားမြင်တော်မူ၏။ ။ဤကဲ့သို့ အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသသည်၊ ဘုန်း,သမ္ဘာနှင့် ပညာစက်ရှိန် တောက်ထိန်ပဝင်းသော မင်းသားများကို ဘွားတော်မူရာ၌ ရေးသားလေ့ ရှိသည်နှင့်သညီ တပင်ရွှေထီးသည်လည်း ဘုန်း,သမ္ဘာ, ထူးချွန်သော အရှင်ဖြစ်တော်မူသောအတိုင်း ဘွားတော်မူသောအခါမှာပင် မဖြစ်စဘူး အထူးအဆန်းဖြစ်သော တိတ်ကြီးနိမိတ်ကြီးများ ဖြစ်ပေါ်ကာ ဘွားတော်မူလာသဖြင့် ဟူးရားကျမ်းကျင် ဗေဒင်ပါရဂူ ဖြစ်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ပညာရှိပေါင်းစွာတို့က မင်္ဂလာကောင်းဟိတ်ဖြင့် နိမိတ်ဘတ်ကြသည်သာမကသေး ကဗျာဉာဏ်ရှိ ကဝိပုဂ္ဂိုလ်များကလဲ ဘုန်းတော်ဘွဲ့ချေင်း၊ ရွှေနားတော်သွင်း ကဗျာများကို ကောင်းရေးသား၍ ဆက်ကြရလေသည်။

(**မှတ်ချက်။ ။မင်းဟာပင်ရွှေထီး**သို့ ပညာရှိများရေးသား ဆက်သွင်းကြသော ချင်းမှာ **သုံးစောင်ရှိပေ၏။**)

ဤ"**တပင်ရွှေထီး**"ဝတ္ထုကို ရေးသားမည်ဖြစ်ရာ စုံလင်စွာသိရှိစေခြင်းငှါ ခမည်းတော် မင်းကြီးညို၏ နန်းတက်ပွဲကစ၍ ရေးရပေလိမ့်မည်။ ။မင်းကြီးညို၏ အကြောင်းကိုအချုပ်အားဖြင့်သာ ရေးသား၍ ငန္ဒကုန်းမြို့တွင် ကန်တော်ကြီး ဆည်တော်မူခန်း, တပင်ရွှေထီး၏ မယ်တော်ကို သိမ်းပိုက်တော်မူခန်း, မယ်တော်၏ အိပ်မက်မြင်တော်မူခန်းများကိုလည်း ရေးသားရမည်ဖြစ်ရာ ထိုအခန်းများသည် တပင်ရွှေထီး ဘွားတော်မမူမီက ဖြစ်ပျက်သော အခန်းများ ဖြစ်လေသည်။

ရာဇဝင် အရပ်ရပ်တို့၌၎င်း၊ အစဉ်အဆက် ပြောစမှတ် စကားတို့၌၎င်း၊ တပင်ရွှေထီးသည် ဟံသာဝတီမင်း၏ သားတော် '**မင်းရဲကျော်စွာ**' စုတေ၍ ဝင်စားလာကြောင်းနှင့်လည်း ရေးသားပြောဆိုလေ့ ရှိကြသည်။ အင်းဝနေပြည်တော် ဘုရင်မင်းခေါင်၏ သားတော် မင်းရဲကျော်စွာသည် တလိုင်းဘုရင် ရာဇာဓိရာဇ်၏ သားတော် '**ဗောလောကျန်းထော**' ဝင်စားလာသည်ဟု ဆိုသော စကားကဲ့သို့ပင်တည်း။

တပင်ရွှေထီး ဝတ္ထုတော်ကြီးတွင် ငယ်မည်'သျှင်ရဲထွတ်' ခေါ်သော ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ အကြောင်းများကိုလည်း ရေးသားရမည်ဖြစ်ရာ မှတ်သားဘွယ်ရာ များစွာ စုံလင်သော မြန်မာဘာသာ ဝတ္ထုကြီးတခု ဖြစ်လာပေလိမ့်မည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာကို လက်ရုံးတဆူပြု၍ စစ်ပွဲကြီး အမျိုးမျိုးကိုလည်း ကျင်းပတော်မူသော အခမ်းအနားလည်း ပါရှိမည်ဖြစ်ရာ မြန်မာတို့၏ စွမ်းရည် သတ္တိများကိုလည်း ထင်ရှားစွာ ဘော်ပြသော '**သေနင်္ဂဗျူဟာရာဇဝင်ဝတ္ထုကြီး**' ဆိုစလောက်အောင်တခမ်းတနား ထွန်းကားရန် အခြေဖြစ်လေသည်။

ယခုအခါ မြန်မာအမျိုးသား, အမျိုးသမီးတို့သည် မိမိတို့၏ မျိုးရိုးဇာတိကို သတိရစွာနှင့် အရေးတယူ အလေးမူကြသော ခေတ်ကြီးဖြစ်သည့်အပြင် ရှေးဟောင်း ရာဇဝင် **အဖြစ်**အပျက်များကိုလည်း ပြန်လှန်စဉ်းစား၍ ပူရဏ်သဘော သက်ဝင်ကြသောအခိုက် ဖြစ်လေသောကြောင့် ဤတပင်ရွှေထီးဝတ္ထုကို ရေးသားရသည်မှာ ခေတ်အားလျော်စွာ အလွန်သင့်လျော်သည့်ပြင် မြန်မာအမျိုးသား, အမျိုးသမီးတို့၏ ဇာတိမာန်နှင့် ပူရဏ်ကျမ်းကျင် ရာဇဝင်ပညာများစွာ ပွင့်လင်းရန် အချက်ကြီး ဖြစ်ပေသည်တကားဟု စဉ်းစား ဆင်ခြင်မိပေသည်။

ထို့ပြင်တဘန် တပင်ရွှေထီး လက်ထက်တော်အခါတွင် ကဗျာပညာရှိတို့ ရေးသားဘွဲ့ဆိုကြသော ကဗျာများကိုလည်း ဆိုင်ရာဆိုင်ရာ ထည့်သွင်းမည်ဖြစ်ရာ ကဝိအခြေခံ ဖြစ်သော ကဗျာဉာဏ် ပညာများလည်း တိုးပွါးရင့်သန်၍ '**ဇာတိဉာဏ်ကို တက်စေနိုင်သော ဝတ္ထုကြီး**'တခု ဖြစ်ရန် အကြောင်းရှိပေသည်။

ဤဝတ္ထုကို ရေးသားရာတွင် ရှေးအမူအရာနှင့်တကွ၊ ရှေးအသုံးအနှုန်းများ ကိုလည်း **စာရေးဝေရာက** အထူးသတိထားရမည် ဖြစ်သောကြောင့်၊ ယခုခေတ်အခါ ရေးသားလေ့ ရှိကြသော **တေးထပ်, သဖြန်**, ဘောလယ်စသော ကဗျာများကို ရေးသားနိုင်ဘို့ အခွင့်ရတော့မည်

မဟုတ်ချေ။ အကြောင်းမူကား တပင်ရွှေထီး ထွန်းကားသော ခေတ်အခါတွင်တေးထပ်၊သဖြန်၊ ဘောလယ်၊များ ပေါ်ပေါက်ခြင်း မရှိသေးသောကြောင့်တည်း။

တပင်ရွှေထီး၏ ရာဇဝင်သည်မြန်မာအမျိုးသားတို့ ကြီးပွါးသောခေတ်၏အလယ်ဗဟိုတွင် တည်လျက်ရှိသောကြောင့်၊ ဤ တပင်ရွှေထီး၏အဖြစ်အပျက်များကို '**ရာဇဝင်သည်းခြေ**'ဟူ၍ပင် ဆိုထိုက်လေသည်။

ဤဝတ္ထုကို ရေးသားသော ဆရာ၏ တာဝန်မှာလည်း ရာဇဝင် အမျိုးမျိုးကို မွှေနှောက် ချောက်ခြား၍ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ အစရှိသော သေနင်္ဗျူဟာ အမျိုးမျိုးနှင့် ရှေးအခါက မြန်မာတို့ အရေးယူလျက်ရှိသော စစ်ချီ၊စစ်တက်နှင့်လက်နက် အခြေအနေများကို သိကျွမ်းနားလည်နိုင်ရန် ဖြစ်လေသောကြောင့် "ရာဇဝင်သည်းခြေ" ခေါ်ထိုက်သော ဤတပင် ရွှေထီး ဝတ္ထုကြီးကို ရေးရသည်မှာ လွယ်ကူသော တာဝန်မဟုတ်ချေ။

တပင်ရွှေထီးသည်နုနယ်ပျိုမျစ်သော ခေတ်အတွင်းကပင်လျှင် ဘုရင်မင်းအဖြစ်သို့ရောက်၍ ဘုန်းတန်ခိုးအာဏာ လွန်စွာ ကြီးမားခဲ့လေရာ နောင်သောအခါ အမျိုးမြင့်မြတ်ခြင်း တည်းဟူသော ဇာတိမဟတ္တမာန်၊နိုင်ငံကိုလွှမ်းမိုး၍ အစိုးရခြင်းတည်းဟူသော ဣဿရိယ မဟတ္တမာန်၊ မင်းစည်းစိမ် မင်းကျက်သရေ ကြီးမားခြင်းတည်းဟူသော သိရိဘောဂမဟတ္တမာန်၊ဤသို့စသော မာန်အမျိုးမျိုးတို့ဖြင့် ပွါးတိုးလွှမ်းခြုံခြင်းခံရသဖြင့် မိမိ၏ရာဇကျက်သရေကို တည်တံ့အောင် မစောင့်စည်းနိုင်ဘဲ၊ စိတ်ထင်တော်မူသည့် အတိုင်း ကျင့်ကြံ လိုက်စား၍ ယွင်းမှား ချွတ်ချော်သော အမှားတော်ပုံများကိုလည်း ထင်ရှားစွာ ဘော်ပြရပေလိမ့်မည်။

ဘုန်း၊တန်ခိုး၊အာဏာလွန်စွာကြီးမားသောဘုရင်တဆူ ဖြစ်တော်မူသည့်အတိုင်း အနောက် ဥရောပ<sup></sup>သို့တိုင်အောင် သတင်းတော်ကျော်ကြားသဖြင့် ဥရောပ တိုက်သားတို့ ခစားခိုလှုံရန် လာရောက်ပြေပုံ၊ တပင်ရွှေထီးသည် ဗုဒ္ဓဘာသာအမျိုးအနွယ်တို့နှင့် အလေ့ အယူ အကျင့်ဝါဒ မတူသော ဥရောပတိုက်သားတို့နှင့် ပေါင်းသင်းတော်မူပုံ၊ မြန်မာဘုရင်တို့၏ အရိုးအစဉ်အလေ့ ဝါဒများကိုပင် မနှစ်သက်ဟန်နှင့် ပယ်ရှား၍ ဥရောပတိုက်သားတို့၏ အမှုအလေ့များကိုလိုက် စားတော်မူပုံ၊ ထိုသို့ '**နိုင်ငံခြားသားတို့၏ အမှုအလေ့များကို လိုက်စားသဖြင့် အဆုံးတိုင် မှားယွင်းပျက်စီးတော်မူရပုံ**'များကိုလည်း မှန်သောအတိုင်း ရေးသားဘော်ပြရမည်ဖြစ်ရာ၊ယခုခေတ် အခါ မြန်မာတိုင်းသူ၊ ကိုင်းသားတို့သည် နိုင်ငံခြားသား တို့၏ အမှု အလေ့များကို လိုက်စား ကြရာ မည်ကဲ့သို့သော အလေ့ဝါသနာများ ဖြစ်ပွါးပုံ၊နှံ့ကြောင်းများကိုလည်း ကောင်းစွာ ဆင်ခြင်နိုင်ကြရန် ဖြစ်ပေသည်။

ဤကဲ့သို့သော အချက်ပေါင်း များစွာ စုံလင်၍ အသိအလိမ္မာတိုးပွါးလျက် ဗဟုသုတ အင်အား ကြီးမား ဖြစ်ထွန်းကြောင်း တပင်ရွှေထီးဝတ္ထုတော်ကြီးကို '**ရာဇဝင်မျက်မှန်၊ ဗဟုသုတမျက်မှန်၊ ကဗျာမျက်မှန်၊ မျိုးရိုးဇာတိမျက်မှန်**'များကို အဆင်သင့် တပ်ထားကြပြီးလျှင် အစဉ်အတိုင်း ကြည့်ရှု မှတ်သားနိုင်ကြစေကုန်သတည်း။ ။

**လယ်တီပဏ္ဍိတ- ဆရာ ဦးမောင်ကြီး၊**

# တပင်ရွှေထီးဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း (၁)

သက္ကရာဇ် ၈၄၇-ခုနှစ်တွင် မင်းကျီးညိုသည်-

တောင်ငူမြို့တွင် ဦးရီးတော် 'မင်းစည်သူ' ၏ သမီးတော် 'စိုးမင်းထိပ်တင်'ကို မိဘုရားမြှောက်၍ မင်းပြုလေသတည်း။

ထိုအခါ 'အင်းဝ' နေပြည်တော်မှာ 'ဒုတိယမင်းခေါင်' သည် ရွှေထီး, ရွှေနန်း, သိမ်းမြန်းစိုးစံတော်မူခိုက်ဖြစ်သဖြင့် တောင်ငူမြို့သည် အင်းဝဘုရင်၏ လက်အောက်ခံ ဖြစ်လေသည်၊ တောင်ငူတွင် ဘုရင်ခံတပါး ခန့်ထားမြဲဖြစ်ရာ မင်းကျီးညိုသည် ဦးရီးတော် စည်သူမင်းကို လုပ်ကြံ၍ အင်းဝဘုရင်၏အမိန့်တော်ကို မခံဘဲ တောင်ငူတွင် မိမိကိုယ်တိုင် မင်းပြုပြီး သောအခါ အင်းဝဘုရင် ဒုတိယမင်းခေါင်ထံသို့ ဆင်ပေါက်ဆယ်စီးနှင့်တကွ လက်ဆောင်တော်များကို ဆက်သပြီးလျှင် 'ကျွန်တော်မျိုးကား- တောင်ငူမြို့ အုပ်စိုးပါပြီ' ဟူ၍ မှူးမတ်များကို စေလွှတ် ၍လျှောက်တင်စေသည်။

အင်းဝဘုရင် ဒုတိယ မင်းခေါင်က မင်းကျီးညို၏ အကြောင်းများကို ကြားတော်မူရာ မှူးမတ်အစုံအလင်နှင့် နံနက်ညီလာခံတွင် မိန့်တော်မူသည်မှာ-

'တောင်ငူမင်းကျီးညိုသည် ပင်းယ 'ငါးစီးရှင်' ၏ အဆက်အနွယ်တော် ဖြစ်သည့်အပြင် ဘုန်း,လက်ရုံး,ပညာနှင့် လွန်စွာပြည့်စုံကြောင်းကို ငါကြားသိတော်မူရသည်၊ ယခုလည်း ငါခန့်ထားတော်မူသော တောင်ငူဘုရင်ခံ မင်းစည်သူကို လုပ်ကြံ၍ မင်းစည်သူ၏ သမီးတော် 'စိုးမင်း' နှင့် တောင်ငူမြို့တွင် ဘုရင်ခံပြုကြောင်းများကို လက်ဆောင်ပဏ္ဏာ ဆက်သ၍ လျှောက်တင်လာသည်၊ မင်းကျီးညို၏ပြုမူပုံများသည်တရားလွန်ရာမကြဘူးလား'ဟု ပရိယာယ်ဖြင့် မိန့်တော်မူသည်။

မှူးမတ်များက-

'မင်းကျီးညို၏ ပြုမူပုံမှာ-အာဏာတော်ကို လွန်ဆန်ရာ ကျပါသည်ဘုရား'ဟု လျှောက်တင်ကြသည်။

ဘုရင်မင်းမြတ်က-

မှူးမတ်အများတို့- မင်းကျီးညို၏ ပြုမူပုံမှာ အာဏာတော်ကို လွန်ဆန်ရာကျသော်လည်း အရေးယူ တော်မူရန် အကြောင်းမမြင်၊ နောင်ရေး နောင်ရာကို မြော်ထောက်၍အလိုက်သင့်

---

မြန်မာသက္ကရာဇ် ၈၄၇-ခုနှစ်မင်းကျီးညို၏ တောင်ငူ ခေတ်မှာအင်္ဂလန်ပြည်တွင် နာမည်ကြီးသော (နှင်းဆီစစ်ပွဲ) နှင့်ခေတ်ပြိုင်သည်။

ချီးမြှောက်တော်မူမှသင့်မည်၊ ယခုလည်း ရမည်းသင်းဘုရင်ခံ ဖြစ်သော ညီတော်'မင်းရဲကျော်စွာ' လည်း ငါ့ကို ပုန်ကန်လျက်ရှိနေသည်။ တောင်ငူ မင်းကြီးညိုကို မြှောက်စား တော်မူရလျှင် ရမည်းသင်းက ညီတော်၏ရန်များကိုလည်း တွန်းလှန် ဖြိုဖျက်နိုင်ဘွယ် လွယ်ကူသောအကြောင်း ရှိသည်၊ ဟံသာဝတီက တလိုင်းတို့၏ရန်များကိုလည်း မင်းကြီးညိုကို အားပြု၍ ခုခံ,ဖြိုဖျက်, နိုင်ရန်အတွက် ကုန်းကြောင်း စစ်ရေးဘက်က ခံတပ်ကြီးတခုဖြစ်ရန် အကြောင်းရှိသည်၊ သည် အရေးအရာတော်များကို ထောက်ထားပြီး မင်းကြီးညိုကို မြှောက်စားတော်မူမှ သင့်မည်မဟုတ် လား။

ဤကဲ့သို့ ရာဇပရိယာယ်မှာ လိမ္မာတော်မူသော အတိုင်းအမိန့်တော်ရှိရာ-

မှူးမတ်များကလည်း-

'အနာဂတ်အရေးကို မြှော်ထောက်လျှင် ချီးမြှောက်ဘို့ သင့်လှပါကြောင်း'နှင့် အညီ အညွတ် လျှောက်တင်ကြလေသည်။

မှူးမတ်များက ဘုရင်မင်းမြတ်၏ အလိုအတိုင်း လျှောက်တင်ကြသောအခါ အင်းဝ ဘုရင် ဒုတိယမင်းခေါင်းက တောင်ငူမင်းကြီးညို အား'သီရိဇေယျသူရ' ဟူသောဘွဲ့နှင့် တောင် ငူတွင် ဘုရင်ပြုစေ၊ 'ဟံသာဝတီက တလိုင်းရန်များကိုလည်း ခုခံ,ဆည်းဆို့စေ'ဟု အမိန့်တော် ပြန်ပြီးလျှင်၊ ထီးဖြူနှင့် မင်းမြှောက်တန်ဆာငါးပါးကိုလည်း ပေးတော်မူလိုက်ပြန်သည်။ ။ ဒု တိယမင်းခေါင်၏ ရာဇပရိယာယ်မှာ အလွန်လိမ္မာပေသည်၊ ချီးမြှောက်ခြင်း သင်္ဂဟ တရားဖြင့် သိမ်းသွင်း သွေးဆောင်တော်မူခြင်းပင် ဖြစ်ပေသည်။ ။သည်ကဲ့သို့ယဉ်ကျေးသော အမူအရာဖြင့် သိမ်းသွင်းတော်မမူဘဲ မင်းကြီးညိုကို မျက်မာန်ရှ၍ တောင်ငူကို ပေးတော်မမူဘူးဆိုလျှင်လည်း မင်းကြီးညိုကခံနေမည်မဟုတ် အင်းဝဘုရင်ကို တော်လှန်၍ ခြားနားမည် အမှန်ပင်ဖြစ်လေ သည်။ မင်းကြီးညိုမှာလည်း ဆင်မြင်းဗိုလ်ပါနှင့်တကွ အင်အားပြည့်စုံသည့်ပြင် ဇာတိဘုန်းကံ နှင့် လက်ရုံးအားအင် ထက်သန်တော်မူပြီး ဖြစ်သောကြောင့် အကယ်၍ အရေးကြုံခဲ့မည်ဆိုပါ လျှင် အင်းဝဘုရင်ကိုလည်း အရေးပြု၍ ဂရုစိုက်မည်မဟုတ်ချေ။ ။အင်းဝဘုရင်-ဒုတိယ မင်း ခေါင်မှာလည်း ရမည်းသင်းဘုရင်ခံဖြစ်သူ ညီတော် မင်းရဲကျော်စွာမှစ၍ ပုန်ကန်ခြားနားရန် အကြံယူ၍နေခိုက်ဖြစ်သောကြောင့် နိုင်ငံတော်တလွှားကိုလည်း ပိပြားငြိမ်ဝပ်အောင် ထက်ထက် မြက်မြက် အုပ်စိုး တော်မူနိုင်သောအခါ မဟုတ်သဖြင့် မင်းကြီးညိုကိုပင် သိမ်မွေ့ယဉ်ကျေး သော ရာဇပရိယာယ်ဖြင့် သိမ်းသွင်းတော် မူရလေသတည်း။

မင်းကြီးညိုသည် တောင်ငူကို စိုးပိုင်သောသခါ မြို့သစ်တည်၍စံတော်မူလိုသောကြောင့်၊ တောင်ငူမြို့ဟောင်း၏မြောက် ပုပ်ပဲချောင်းအနီးတွင် 'မြဝတီ'ဟု အမည်သမုတ်၍မြို့သစ်ကလေး တမြို့ တည်ထောင်ပြီးလျှင် မိဖုယားစိုးမင်းနှင့် စံစားတော်မူသည်။ ။တောင်ငူမြို့ဟောင်းတွင် ရှိသော နန်းတည်ရာဌာလည်း 'စည်းခုံစေတီကြီး'တည်တော်မူသည်။

ယခု ပြဆိုခဲ့ပြီးသော အကြောင်းများကိုရည်၍ မင်းတရားရွှေထီး နားတော်သွင်း ချောင်း တွင် အောက်ဉ်ပါသောအတိုင်း စပ်ဆိုလေသည်။

'ပေါက်ပြကျော်သွေး၊ ဘေးတော်မြေးဟု၊ နီးဝေးမှုကုံ၊
ကိုယ်ယုံ မြောက်မြား၊ လက်ရုံးအားဖြင့် ဖွံ့ထွားရှယ်ပျို၊
မင်းကျီးညိုဟု၊ လူဗိုလ်ထပ်ဆင့်၊ မေတ္တာမြင့်လျက်၊
ကျော်လင့်သောတိုင်း၊ သက်နိုင်းချစ်ခြင်း၊ မြတ်စိုးမင်းနှင့်၊
မကင်းဇနီး၊ ပျော်ဘွယ်ပြီးမူ၊ ကောင်းချီးတည်ရာ၊
ရတနာမွန်ဂူ၊ ပြည်တောင်ငူ၌၊ ရန်သူတော်မြောက်၊
အထောက်ထောက်တိ၊ ပျားနွယ်အိလည်း၊ ဆံရှိမရွှံ၊
ဘုန်းတော်နွံ၍၊ နိုင်ငံပိုက်ချုပ်၊ တန်ခိုးအုပ်ရှင့်၊
ကြံလုပ်ကောင်းထွေ၊ နန်းတော်မြေကို၊ သရေခတ်ပုံ၊
စည်းခုံပြောင်ပြောင်၊ တည်ပြီးနောင်မှ၊ ကျော်ခေါင်ရှင့်ဘ၊
ပြည်ထောင်စသည်၊ ဌာနပုပ်ပဲချောင်းတည့်။ ပွင့်လောင်း နတ်ရှင့်သွေး။ ။
စက်ခြေချီသည်၊ ယာယီရှေးဦးပြောင်းတည့်၊ အကြောင်း မှတ်ဘိသေး။ ။

မင်းကျီးညိုသည် မိဖုရားစိုးမင်းနှင့် မြဝတီမြို့သစ်တွင် စံတော်မူစဉ်အခါ ဗိုလ်ပါ ဆင်မြင်း စုဆောင်း၍ ရမည်းသင်း ဘုရင်ခံ အုပ်စိုးသော ရေလွဲငါးခရိုင်ကို တိုက်ခိုက်တော်မူရာ အောင်မြင်တော်မူသဖြင့် တောင်ငူမြို့နယ်သည် မြောက်တခွင်သို့တိုး၍ ကျယ်ဝန်းလေသတည်း။

**မှာထားချက်-**

ရေလွှဲငါးခရိုင်ဆိုသည်မှာ - ယခုအခါ လယ်ဝေး, ပျဉ်းမနား, စ,သော မြို့ရွာတို့ တည်ရာဌာနပေတည်း။ ရေ ီချောင်းနှင့် ငါးလိုက်ချောင်း အတွင်းမှာ ရှိသော နယ်ကို ရှေးအခါက ရေလွှဲငါးခရိုင်ဟု ခေါ်သည်။ အနောက်ရိုးမတောင်မှ ကျသော ရေများကို ရေလွှဲ ခရိုင် ငါးခုပြု၍ အောက်တခွင်မှာ ရှိသော လယ်များကို ရေပေးသည်။ ထို့ကြောင့် ရေလွှဲ ငါးခရိုင်ခေါ်သည်။ ရှေးအခါက ထိုဌာနတွင် ရေလွှဲငါးခရိုင် ရှိသော်လည်း ယခုအခါ ထိုရေလွှဲငါးခရိုင်တို့မှာ ပြည့်စုံစွာ မရှိတော့ပြီ။

ဆင်အုံကန်မှ ရေလွှဲများမှာမူကား အသင့်အလျော် ရှိသေး၏။ ကျောက်ဆည်နယ်ကို ရေလွှဲကိုးခရိုင်ခေါ်သည်။ ထိုရေလွှဲကိုးခရိုင်ကား ယခုထက်တိုင်ပင် ရှိသေး၏။ ပျဉ်းမနားမြို့ အနောက်တခွင်မှာ ရှေးက ိ ူးသော ရေလွှဲငါးခရိုင်မှာမူကား - ယခုအခါမရှိသဖြင့်ကာလရှေးဟောင်းတို့၏ လွှဲပြေ ်းပုံများကိုလည်း စဉ်းစားသင့်ကြပေသည်။ ထိုရေလွှဲငါးခရိုင် မရှိသဖြင့် ရာဇဝင်များကိုဖတ်၍ သွားကျရာရေလွှဲငါးခရိုင်ဟု ရေးသားချက်ကိုတွေ့လျှင် မည်သည့်နယ်ကိုဆိုသည်ဟူ၍ သိနိုင်ဘိုရန်ပင် ခက်လေတော့သည်။ ထိုကြောင့် ရာဇဝင်ပညာကို မွေ့ရှာစိစစ်သိလိုသော ဗဟုသုတ သမားတို့သည် ရှေးဟောင်းအမည်နှင့် ရှေးဟောင်းဌာနများကို အထူးပင် သတိထားသင့်ကြပေသတည်း။

ထိုအခါရေလွှဲငါးခရိုင်၏မြို့မှာ ပျဉ်းမနားမြို့ဖြစ်သည်၊ ထိုပျဉ်းမနားမြို့ကို ချီတက်တိုက်ခိုက်၍ အောင်မြင်တော်မူရာ မြောက်တခွင်မှာရှိသောမြို့စား, ရွာစား,တို့ ခန့်ညား ကြောက်ရွံ့ကြသဖြင့် မင်းကျီးညိုထံသို့ ခိုဝင်ကာ ကျွန်ခံလာကြသည်။

မင်းကျီးညို၏ ဘုန်း,လက်ရုံး, သတင်းတော်များကိုရှမ်းမင်း, ယွန်းမင်း, တလိုင်းမင်းတို့ ကြားကြသောအခါ နေ့ာင်ရေးနောင်ရာကို မျှော်ထောက်သောအားဖြင့် မဟာမိတ်ဖွဲ့လိုကြ


သောကြောင့် လက်ဆောင်ပဏ္ဏာများနှင့် သမီးကညာများကို ဆက်သလာကြသည်၊ ဤအကြောင်းကိုရည်၍ မင်းတရားရွှေထီးနားတော်သွင်းမှာ အောက်ပါအတိုင်း စပ်ဆိုလေသည်။

“ပြောထူခွန်အား၊ ပျဉ်းမနားကို၊ ရွှေဖျားဦးဆုံး၊
အောင်မျိုးကျုံးသော်၊ ပတ်ကုံးရန်မာန်၊ ထပ်မလှန်တည့်၊
မြောက်စွန်ရပ်သား၊ မြို့ရွာစားတို့၊ မယားလက်ငင်၊
ပုံရင်မျိုးဆွေ၊ အုပ်ထွေသားမြေး၊ ဝင်လာပြေးရှင့်၊
စားကျေးတိုင်းကား၊ ဖလားလက်ကောက်၊ ထပ်လျှောက်နီးနှမ်း၊
ဝတ်စားလှမ်းမှ၊ ရန်ဝှမ်းအောင်မြင်၊ သူ့ခွင်မြို့ပြ၊
စွဲတိုင်းရကို၊ ဒီပတကျွန်း၊ တလိုင်းယွန်းတို့၊
ကြောက်လှန့်လန့်ထိတ်၊ ခန့်ညားစိတ်နှင့်၊ ဘိသိတ်ရဲဆု၊
မေတ္တာပြု၍၊ နတ်တုပြာမြ၊ သွီးသသည်။ ။
ဆင်းလှမြရောင်ကောင်းဘည့်၊ ပွင့်ညောင်းနတ်ရှင့်သွေး။

သစ္စာနှောင်သည်၊ လက်ဆောင် ထပ်ကာလောင်းတည့်၊ အကြောင်းမှတ်ဘိသေး”။

သီရိဇေယျသူရ–ဘွဲ့မည်ရသော မင်းကျိုးညီသည် ရေလှဲငါးခရိုင်ကို အောင်မြင်၍ ‘ဘုန်းတန်ခိုး, အာဏာ, ကြီးကျယ်၍ လာသောအခါ ပုပ်ပဲချောင်းအနီးကွင် မြို့ကြီးတည်ရန် မသင့်လျော်၊ ပေါင်းလောင်းမြစ် ကမ်းပါးတွင် မြို့ကြီးတည်ထောင်ရန် သင့်လျော်သည်ဟူ၍ အကြံတော် ပေါက်ပြန်သည်တွင် ပညာရှိပုဂ္ဂိုလ်များနှင့် တိုင်ပင်၍ ပေါင်းလောင်းမြစ် ကမ်းထိပ်သစ်ရင်းတောတွင် မြို့သစ်တမြို့ တည်ထောင်တော်မူပြန်သည်။ ထိုမြို့သစ်၏အမည်ကို **‘ဒွါရာဝတီ’** ဟူ၍ သမုတ်တော်မူသည်။ ဒွါရာဝတီမြို့ တည်သောသက္ကရာဇ်ကား၊ (၇၅၃) ရှစ်ရာငါးဆဲ့သုံးခု နတ်တော်လဆန်း ၁၂-ရက် သောကြာနေ့နံနက် ရောင်ဖြူလာကောင်းမြတ်သော မင်္ဂလာအချိန်တွင် တည်တော်မူသည်။ ဒွါရာဝတီမြို့တည်သော မင်္ဂလာအချိန်တော်ကို အောက်၌ပါရှိသောအတိုင်း ဇာတာဘွဲ့၍ ထားသော စာဟောင်း, ရာဇဝင်ဟောင်းများကို တွေ့ရသည်။

ဒွါရာဝတီမြို့တည် ဇာတာပုံ




နက္ခတ် ၂၆ လုံး

ခဍ္ဍီ ၂၀-အချိန်။

မြဝတီမြို့မှ ဒွါရာဝတီမြို့သစ်သို့ ပြောင်းစံတော်မူသောအခါ ခမည်းတော်**'မဟာသမ်ယာ'** အား တောင်ငူမြို့ဟောင်းကို အပ်နှင်း၍ စိုးစံတော်မူပေသည်။ ။ဤသို့ မြို့သစ် စံနေတော်မူ ကြောင်းကို နားတော်သွင်းချင်းတွင် အောက်ဥပါသောအတိုင်း စပ်ဆိုပြန်သည်။

"ရန်လှေးပယ်ဖျောက်၊ စောရွှေမှောက်ကား၊ပြိုင်ထောက်အောင်မျို့၊
တောင်ငူမြို့ကို၊ လူတို့သခင်၊ နတ်ရှင်မင်းကျော်၊
ရှင့်ဘိုးတော်အား၊ အထွတ်ထားလျက်၊
တရားစောင့်သူ၊ စံတော်မူဟု၊ ဗိုလ်လူဆင်မြင်း၊
ပြည်လုံးနှင်းမှ၊ သစ်ရင်းဌာန၊ ရပ်ဒေသတွင်၊
ဒီပစည်ပင်၊ ဖြစ်အုံ့မြင်၍၊
ကရင်ခနွဲ၊ ရွာစုတိုင်းကား၊ ပေါင်းလောင်းနားထက်၊
ရန်တားပတ်ကုံး၊ ရွှေလက်ရုံးနှင့်၊ ရန်လုံးနွံအောင်၊
ရှင့်တထောင်သော်၊ မြောက်တောင်ကြေငြာ၊ မှီခိုရာဖြင့်၊
ဒွါရာဝတီ၊ ခေါ်ညီရွှေပြည်၊ တွင်မည်ရှစ်ရပ်၊ တံဆိပ်တပ်ရှင့်'

ဒွါရာဝတီမြို့တည်၍ စံနေသောအခါ၊ မြောက်ဘက်တခွင် တောင်ဘက်တခွင်မှ ခိုဝင် လာကြသော သူအပေါင်းတို့ဖြင့် လွန်စွာစည်ကားလေသည်။ တောင်ဘက်တခွင်ဖြစ်သော တ လိုင်းနယ်စပ်သို့လည်း နိုင်ငံကျယ်ဝန်းအောင် တိုးချဲ့တည်ထောင်တော်မူသည်တွင် တလိုင်းဘုရင် 'ဗညားရံ'လည်း ငါ၏နယ်စပ်ကို ထိပါးလာသည်ဟူ၍ မင်းကျီးညိုအား ရန်ငြိုးထား၍ တောင် ငူကို တိုက်ရန် အကြံယူတော်မူလေသည်။

## တလိုင်းစစ်ကြီးချီ၍ ဒွါရာဝတီမြို့ကို ဝန်းရံခြင်း

သက္ကရာဇ် (၈၅၄) ခုနှစ်တွင် ဟံသာဝတီဘုရင် ဓမ္မစေတီမင်း နတ်ပြည်စံ၍ သားတော် 'ဗညားရံ' နန်းတက်တော်မူလေသည်။ တောင်ငူဘုရင် မင်းကျီးညိုကို တိုက်ခိုက်နှိမ်နင်းလိုသော ဆန္ဒရှိသဖြင့် တလိုင်းမှူးမတ်အစုံအလင်နှင့် တိုင်ပင်တော်မူသည်မှာ—

**ဗညားရံ** - ယခုတောင်ငူမြို့တွင် မင်းကျီးညိုသည် သီရိဇေယျသူရ ဟူသောဘွဲ့ကို ခံ၍ မင်းပြုလေသည်။ ပေါင်းလောင်းမြစ်ကမ်းတွင် ဒွါရာဝတီမြို့သစ်ကို တည်ထောင်၍ ဗိုလ်ပါ ဆင်မြင်းအများနှင့် လက်ရုံးအားကိုမွေးမြူနေသည်၊ အင်ဝဘုရင်ကလည်း မင်းကျီးညိုကိုလက်ရုံး တဆူ အလေးမူပြီးလျှင် လွန်စွာ မြှောက်စားတော်မူလှသဖြင့် အင်အားပြည့်ဖြိုး၍ ဘုန်းတန်ခိုး တောက်၍နေလေသည်။ တောင်ငူနှင့် ဟံသာဝတီမှာလည်း နယ်ခြင်းစပ်လျက် ရှိသောကြောင့် တောင်ငူဘုရင်မှာ လက်ရုံးအင်အားပြည့်ဖြိုး၍ တန်ခိုးတောက်လေလေ ငါတို့ ဟံသာဝတီမြို့က စိုးရိမ်ရလေလေပင်ဖြစ်တော့သည်၊ ယခုလည်း ငါ၏ တိုင်းစွန်ပြည်နားကို ထိပါးနှောက်ရှက်၍ ရန်စလျက်ပင်ရှိသည်။ ခမည်းတော် ဓမ္မစေတီမင်းသည် သူတော်ကောင်းတို့၏ နှလုံးကို သုံး၍ သည်းခံတော်မူခဲ့သော်လည်း ငါ့လက်ထက်တော်မှာ သည်းခံနိုင်ဘိုရာ အကြောင်းမမြင်၊ သည်း

တလိုင်းစစ်ကြီး-ဒွါရာဝတီမြို့ကို ဝန်းရံလေသောအခါ မင်းကျီးညိုသည် 'ရှည်ကြာစွာ ဝန်းရံခြင်းကို ခံနေလျှင် တလိုင်းတို့က အားရှိ၍ ဖြိုဖျက်ရန် ခက်လိမ့်မည်၊ အဆောတလျင် ဖြိုဖျက်မှ သင့်မည်'ဟု ကြံစည်တော်မူပြီးလျှင် မင်းကြီး 'စည်သူကျော်ထင်' ကို ဗိုလ်မှူးခန့်၍ တိုက်ဆင်ရှစ်ဆယ်, စစ်သည်သူရဲနှစ်သောင်းနှင့် မြို့တော်အနောက်တခါးကို ဘွင့်၍တဟုန်းတည်း အပြင်းတိုက်ရန် အမိန့်ပေးတော်မူလျှင် စည်သူကျော်ထင်လည်း မဆုတ်သော ရဲစွမ်းသတ္တိဖြင့် အနောက်တံခါးက ထွက်၍ ရံလျက်ရှိသော တလိုင်းတပ်ကြီးကို ဖြိုဖျက်လေ၏။

မင်းကျီးညိုမူကား 'ဒေဝနာဂ' မည်သော ဆင်တော်ကို ချွန်းဘွင့်ကာ စီးတော်မူပြီးလျှင် ဆင်ကူသုံးဆယ်, စစ်သူရဲပေါင်း တသောင်းနှင့် တောင်တံခါးက ထွက်တော်မူ၍ ရံလျက်ရှိသော တလိုင်းစစ်တပ်ကြီးအတွင်းသို့ အတင်းချင်းနင်း ဝင်ရောက်ကာ ရွတ်ရွတ်ချွန်ချွန်တိုက်တော်မူသည်။ ထိုသို့ တံခါးနှစ်ခုကိုဘွင့်၍ တိုက်တော်မူသည်တွင် တလိုင်းတပ်ကြီးမှာ အုပ်စီးကွပ်ကဲ၍ မရအောင်ဖရိုဖရဲပြိုကွဲပျက်စီး၍ လက်လွတ် ထွက်ပြေး ကြလေသည်၊ တလိုင်းတို့၏ စစ်ကြီးကိုပြိုဖျက် နှိမ်နင်းတော် မူသောအခါ တိုက်ဆင်(၇၀)ခုနှစ်ဆယ်, တလိုင်းသုံ့ပန်း သုံးထောင်ကျော်, ရတော်မူသည်။ မြို့ကိုရံလာသော တလိုင်းတပ်ကြီး တဆယ်ခြောက်တပ်ကို အောင်တော်မူသောပွဲကြီးမှာ လွန်စွာအံ့ဩဘွယ်ကောင်း၍ မင်းကျီးညိုမှာလည်း ရွှေးကထက် ပင် ဘုန်း,လက်ရုံး, တန်ခိုး,နှင့် ရာဇဂုဏ်တိုးတက်တော်မူ လေသတည်း။

ဖေါ်ပြခဲ့ပြီးသောအတိုင်း ဒွါရာဝတီမြို့ကို တလိုင်းစစ်ကြီး ဝန်းရံကြောင်းနှင့် တလိုင်းစစ်ကြီးအောင်မြင်တော်မူကြောင်းကို ရွှေနာတော်သွင်းချေင်းတွင် အောက်ပါအတိုင်းစပ်ဆိုလေသည်။

တောင်စွန်လကျ်ာ၊ ကြေဥသာက ရတနာဃာဉ်ညဉ်၊
ဆင်ဖြူရှင်ဟု၊ ခေါ်တွင်မည်သာ၊ မြို့ဒွါရာကို၊
ဘယ်ညာမလွတ်၊ မိုးမြေညွတ်မျှ ပတ်ပတ်ထိန့်ဆူ၊ ရံလေဟူသော်၊ ဇမ္ဗူချောက်အောင်၊ တထောင်ငွေဆင်၊
မြင်းလျှင်သုံးတပ်၊မြင်းချပ်တန်ဆာ၊ လွှားကာလေးလုံ၊ ဗိုလ်သံမီးပေါက်၊ ပစ်ချောက်ချိမ်းမောင်း၊ သိန်းခြောက်သောင်း နှင့်၊ စစ်ပေါင်းအပြီး စစ်သူကြီးတည့်၊ ဖြင်ပည်းအမတ်၊
လေးကျိပ်မြတ်လည်း၊ တည်လတ်ရွှေဖျံား၊ သံကျုံးဝါးလျက်၊
လှေသားမြစ်ခွင်၊ ပုံယင်ကြည်းရေ၊ ဖြီးမျှထွေသည်၊
စစ်ခြေထပ်ကာလောင်းတည့်၊ ပွင့်ညောင်းနတ်ရှင့်လေး။ ။
နိုင်လိုက်စွဲသည်၊ အံ့အဲပွဲတော်ကောင်းတည့်၊ အကြောင်းမှတ်မိသေး။ ။

(ဤချေင်းပိုဒ်ကား တလိုင်းစစ်ကြီးဝိုင်းရံကြောင်းကို ပြဆိုသောအပိုဒ် ဖြစ်လေသည်)

လျှင်သည်လက်ပစ်၊ မိုးနယ်ထစ်မျှ၊ ချစ်ချစ်လေးမျှား၊
ဓါးသွားပျိုးပြက်၊ နေ့တိုင်းလက်လည်း၊ ညက်ညက်ကြေအောင်၊
လျံပြောင်မြိုက်မြိုက်၊ မီးချည်းတိုက်၍၊ ကျော်လိုက်မြောက်တောင်၊

နတ်ပြောင်ယာဉ်သာ၊ ဒေဝနာကို၊ လက်ျာအနောက်၊
တိုက်ဖေါက်နည်းဘွေ၊ ချဉ်းလေစေသော်၊ ဆင်တွေအပြိုင်
ထပ်ကာဆိုင်လည်း၊ တိုက်နိုင်ပည်းပည်း၊ သုံးစီးလည်းက၊
သရည်းထိုဝယ်၊ အံ့ဘွယ်ခွန်အား၊ တလိုင်းသားတို့၊
အများကြောက်အေး၊ လက်ချပြေးသည်၊
ထိန့်ကြွေးပဲ့တင်ချောင်းတည့်၊ ပွင့်ညောင်းနတ်ရှင့်သွေး။ ။
ထွားထွားပျက်သည်၊ စဉ်ဆက် မကြားတောင်းတည့်။ ။ အကြောင်းမှတ်ဘိသေး။

(ဤပိုဒ်ကား တလိုင်းတစ်ကြိုးကို အောင်မြင်ကြောင်း ပြဆိုသောပိုဒ်ဖြစ်ပေသည်)

မင်းကျီးညိုသည် တလိုင်းတို့တပ်ကြီးကို အောင်မြင်ကြောင်းနှင့်တကွ လက်ဆောင်ပဏ္ဏာ **ဆက်သ၍** အင်းဝဘုရင်-ဒုတိယမင်းခေါင်သို့ လျှောက်တင်လေရာ၊ အင်းဝဘုရင်လည်း လွန်စွာ **အားရ** နှစ်သက်တော်မူလှသဖြင့် မှူးမတ်တို့အလယ်တွင် ချီးမွမ်းတော်မူပြီးလျှင် **'သီရိဇေယျသူရ'** ဟူသော မူလဘွဲ့ဟောင်းတွင် **'မဟာ'** ဟူသော ဘွဲ့တလုံးတိုး၍ **'မဟာသီရိဇေယျသူရ'** ဟူသော ဘွဲ့ကို ထပ်၍ပေးတော်မူသည်။ မင်းမြောက်တန်ဆာ ငါးပါးကိုလည်း ပေးတော်မူပြန်သည်။ ဤသို့ ဘွဲ့နှင့်ဆုတော်များကို ပေးကမ်း ချီးမြှောက်တော်မူပြီးလျှင် 'ရမည်းသင်းမြို့ကို တိုက်ဖျက် **ပါ'**ဟူ၍ မှာတော်မူသည်။

အင်းဝဘုရင်၏ အမိန့်တော်အတိုင်း မင်းကျီးညိုသည် ရမည်းသင်း တောင်တခွင်မှာရှိသော ကျေးလက်မြို့ပြများကို တိုက်ခိုက်လေရာ လွယ်ကူစွာ အောင်တော်မူသည်နှင့် ဆင်,မြင်း, သို့ပန်းအများကိုယူ၍ တောင်ငူသို့ ပို့တော်မူသည်။

ထိုနောက် မင်းကျီးညိုသည် ဆင်တော်ဒေဝနာဂကို စီးတော်မူ၍ တိုက်ဆင်ရစ်ဆယ်, မြင်းခြောက်ထောင်, စစ်သည်သူရဲ လေးသောင်းနှင့် စစ်တံခွန်လွှင့်၍ ပြည်မြို့ကျေးလက်၊ကောင်တွင်းကြီး ကျေးလက်များကို တိုက်ခိုက်တော်မူရာ ပြည်ဘုရင်ခံ၊ တောင်တွင်းကြီးဘုရင်တို့သည် ကြောက်လန့် တုန်လှုပ်ကြလေသည်။ ထိုသို့ စစ်တံခွန်လွှင့်တော်မူရာတွင် ဆင်,မြင်း,ဗိုလ်ပါအများ ရရှိတော်မူသည်။ ဒွါရာဝတီမြို့တော်လည်း တနေ့တခြား သိသိသာသာ တိုးတက် စည်ကားခြင်းသို့ ရောက်လေ၏။

## အင်းဝဘုရင် ဒုတိယမင်းခေါင် နတ်ရွာစံတော်မူခြင်း

သက္ကရာဇ်(၈၆၂)ခုနှစ်တွင် ဒုတိယမင်းခေါင် နတ်ရွာစံတော်မူသဖြင့် သားတော်အငယ် **မင်းဆွေ** နန်းတက်တော်မူလေသည်၊ ထိုမင်း၏အမည်သည် 'ရွှေနန်းကြော့ရှင်-ဘုရင်နရပတိ'ဟူ၍ ထင်ရှားကျော်စော၏။

ရွှေနန်းကြော့ရှင် လက်ထက် ရမည်းသင်းဘုရင်ခံ မင်းရဲကျော်စွာ အနိစ္စ ရောက်လေရာ မင်းရဲကျော်စွာ၏ ကျေးရင်း, ကျွန်ရင်း တို့သည် ဆင်,မြင်း,ဗိုလ်ပါ တို့ကို သိမ်းရုံး၍ တောင်ငူမင်းကျီးညိုအထံသို့ ခိုဝင်ကြသည်၊ မင်းကျီးညိုကလည်း အလိုလို ခိုဝင်လာကြသော ရမည်းသင်း ကျေးကျွန်များကို မြှောက်စားတော်မူသည်တွင် တောင်ငူမြို့၏ အင်အားသည် တိုးပွားကြီးကျယ်

သည်ထက် ကြီးကျယ်လေ၏။ မင်းကျီးညို၏ ဘုန်း,လက်ရုံး, တန်ခိုးများသည် ကျော်ကြားပျံ့နှံ့ပြီးလျှင် အင်းဝဘုရင်ကသော်ပင် စိုးရိမ်လျက် ရှိတော်မူရလေသည်။

အင်းဝမြို့တော်မှာလည်း တူတော် 'ရွှေနော်ရထာ' နှင့် ငသောကြာတို့ ပုန်ကန် သောင်းကျန်းမှုကြီး ဖြစ်ပြန်လေရာ၊ ရွှေနော်ရထာ၏ ကျေးကျွန် အဆက်အနွယ် ဖြစ်သော(၁)ရှင်ထွေးနာဂသိန်၊(၂)ပင်းတလဲမြို့စား၊(၃) မင်းတရားကျွန်သီးမှူး (၄) လေးမှူး၊ (၅) ရဲမြတ်လှတို့၊ လူပေါင်း (၇၀၀) လက်နက်အစုံနှင့် အင်းဝမြို့မှထွက်၍ တောင်ငူ မင်းကျီးညိုထံသို့ ခိုဝင်လာကြပြန်လေသည်။ မင်းကျီးညိုလည်း ခိုဝင်လာသော အင်းဝသားတို့ကို ကောင်းစွာလက်ခံ၍ ချီးမြှင့်မြှောက်စားတော်မူသည်။ မင်းကျီးညို၏ တန်ခိုး သတင်းကြောင့် အလိုအလျောက် ခိုဝင်လာရောက်ကြသည်မှာ ဘုန်းသမ္ဘာ တိုးတက်ကြောင်း ဖြစ်လေသည်။

အင်းဝမြို့တော်တွင် မငြိမ်မသက်ရှိလေရာ၊ မှူးမတ်ပညာရှိသက်တော်ရှည်ကြီးက"တောင်ငူဘုရင် မင်းကျီးညိုသည် ဗိုလ်ပါ ဆင်,မြင်းအများနှင့် လက်ရုံးအင်အား ကြီးမား လှပါသည်။ ကျေးဇူးသစ္စာကို မစောင့်ဘဲ ခြားနားမည်ဆိုလျှင်လည်း ပုန်ကန် ခြားနား၍ တထီးတနန်း ထူထောင် စံနေနိုင်သော အစွမ်းရှိပါသည်၊ သို့ဖြစ်၍ ဆွေတော်, မျိုးတော်, အရင်းနှင့် စုံဘက်ပြီး ချီးမြှင့် မြှောက်စားတော်မူမှ အရှည်သဖြင့် သင့်လျော်မည်ထင်ပါသည်"ဟူ၍ လျှောက်ထားရာ ရွှေနန်းကြော့ရှင် ဘုရင်နရပတိလည်း သက်တော်ရှည်ကြီး လျှောက်ချက်ကို နှစ်သက်တော်မူသောကြောင့် ဘထွေးတော် စလင်းမြို့စား သတိုးဓမ္မရာဇာ၏သမီးတော်"မင်းလှထွတ်"ကို တောင်ငူမင်းကျီးညိုနှင့် စုံဘက်တော်မူပြီးလျှင် ပြကောင်းရွှေမြို့၊ ကြည်တောင်ရေဆင်း၊ တောင်ညိုတလိုင်းသေ အရပ်ကစ၍ ရေလွှဲငါးခရိုင်နှင့်တကွ တောင်ငူမြို့ကို မင်းပြုလေဟူ၍ မိန့်တော် မူဘူးလေသည်။ ။သည်အကြောင်းကို ရည်၍ မင်းတရားရွှေထီး ချေင်း၌။

"ရတနာပူရ၊ အဝသနင်း၊ ဇမ္ဗူမင်းလည်း၊ ချစ်ခြင်းကော်ရော်"
နှမတော်ကို၊ မျိုးတော်ဆွေဆက်၊ မပျက်စိမ့်ရေး၊
ထိမ်းမြားပေးလျက်၊ ကံကြွေးဆပ်လှော်က်၊
လက်မြှောက်စည်သာ၊ မင်းတန်ဆာတည့်၊ ကြိယာငါးပါး၊
ယမားသရာဇူ၊ ထီးဖြူမကြွင်း ပို့သနင်းသည်၊
ဆင်မြင်းတည့်မရွေး-ထပ်ကာပေး။ ။ ဟူ၍ စပ်ဆိုလေသည်။ ။

ဤသို့ တောင်ငူ နိုင်ငံတော် ကြီးကျယ်လာသောအခါ မြောက်ဘက်တခွင်မှာ ရှိသောမြို့ရွာများမှ လူသူ,ဆင်,မြင်းတို့ကို ဒွါရာဝတီ မြို့တော်ဝန်းကျင်သို့ သိမ်းသွင်းတော် မူပြီးလျှင် စစ်သည်အင်အား များသည်ထက် များအောင်ကိုသာ ရှက်ဆောင် အားထုတ်တော်မူလေသည်။ ဒွါရာဝတီမြို့သည်လည်း ပေါင်းလောင်းမြစ်ကမ်းထိပ်တွင် တည်သောကြောင့် ဆင်,မြင်း,ဗိုလ်ပါအများ ကြီးပွားစည်ကားသည့်အလျောက် မဆန့်နိုင်ဖြစ်လေရာ မြို့သစ်တခု ထပ်၍တည်ရန် အကြံ ဖြစ်တော် မူပြန်သည်။

သက္ကရာဇ်(၈၆၄)တွင် မင်းကျီးညိုသည် ဗိုလ်ပါအင်အား များပြား လုံလောက်ပြီဖြစ်သောကြောင့် အင်းဝဘုရင်၏ လက်အောက်ခံအဖြစ်မှ ထွက်၍ ခြားနားပြီးလျှင် တထီး,တနန်း, ထူထောင်ကာ တောင်ငူဘုရင်အဖြစ်ကို ခံယူတော်မူလေသည်။ ထိုအခါတွင်မှ အင်းဝဘုရင်၏ လက်အောက်ခံအဖြစ်မှ လွတ်ထွက်လေသည်။ ထိုသို့ ခြားနားလေရာ ရွှေနန်းကြော့ရှင် ဘုရင်နရပတိလည်း တောင်ငူမင်းကျီးညို၏အင်အားကို ဖြိုခွင်းနှိမ်နင်းရန် ခက်ခဲသည်ဟူ၍ သိတော်မူသောကြောင့် အလိုက်သင့်စွာသာလျှင် စံနေတော်မူရသည်။ မင်းကြီး သက်တော်ရှည်ကလည်း တောင်ငူဘုရင်၏ စွမ်းရည်သတ္တိများကို သိပြီးဖြစ်သည်နှင့် တောင်ငူမင်းကျီးညို၏အရေးကို အမှတ်တမဲ့ နေတော်မူရန်ကိုသာ လျှောက်တင်ရသည်။

သက္ကရာဇ်(၈၆၅)ခုနှစ်သို့ ကျရောက်သောအခါ ညောင်ရမ်းမြို့စား "ဘယကျော်ထင်" အနိစ္စရောက်လေသဖြင့် ဘယကျော်ထင်၏သား "တော်းတာ နှင့် ပြည့်ဝ"တို့လည်း ညောင်ရမ်း, မိတ္ထီလာ,ယင်းတော်,သင်းကြီး,မြစ်ညောင်း,ရန်နောင်,သာဂရမြို့တို့၌ ရှိသော ဗိုလ်ပါ,ဆင်,မြင်း, တို့ကို သိမ်းရုံး၍ တောင်ငူမင်းကျီးညို ထံသို့ ခိုဝင်ကြလေ၏။ တော်းတာ,နှင့် ပြည့်ဝ တို့ကား အစွမ်းသတ္တိနှင့်ပြည့်စုံသော ညီနောင်နှစ်ယောက်တို့ ဖြစ်ပေသည်။ ထိုခေတ်အခါ တော်းတာနှင့် ပြည့်ဝ,တို့၏ စွမ်းရည်သတ္တိ သတင်းများသည် လွန်စွာ ကျော်စောထင်ရှားသည်။ မင်းကျီးညိုလည်း ခိုဝင်လာသော တော်းတာနှင့် ပြည့်ဝညီနောင်နှစ်ယောက်တို့ကို အထူးသဖြင့် မြှောက်စားတော်မူလေသည်။ ထိုအခါ မင်းကျီးညို၏ ဘုန်းတန်ခိုးသည် ညောင်ရမ်း,ယင်းတော်,မိတ္ထီလာမြို့သို့ တိုင်အောင် ပျံ့နှံ့လေသည်။

အင်းဝဘုရင် ရွှေနန်းကြော့ရှင် နရပတိသည် တော်းတာ, ပြည့်ဝ,တို့ တောင်ငူ မင်းကျီးညိုထံသို့ ခိုဝင်ကြောင်းများကို ကြားသိတော်မူရာ လွန်စွာ အမျက်ထွက်တော်မူသည်နှင့် "ရာဇသကြန်"ကို ဗိုလ်မှူးခန့်၍ ဗိုလ်ပါ, ဆင်, မြင်း, လုံးရင်းများစွာနှင့် ညောင်ရမ်းမြို့သို့ ချီတက်ဝန်းရံတော်မူစေသည်။

တောင်ငူမင်းကျီးညိုလည်း အင်းဝစစ်သည်တော်များ ညောင်ရမ်းသို့ ချီ၍ ဝန်းရံကြောင်းကို ကြားသိတော်မူလျှင် တိုက်ဆင် (၁၂၀) တရာ့နှစ်ဆယ်, စစ်မြောင်းခြောက်ထောင်, စစ်သည်သူရဲ ငါးသောင်းနှင့်, ညောင်ရမ်းမြို့သို့ချီတော်မူလာပြီးလျှင် ဆင်တော် ဒေဝနာဂကို စီး၍ အပြင်းတိုက်တော်မူရာ အင်းဝစစ်သည်တို့ ဖရိုဖရဲပျက်စီး၍ ပြေးကြလေ၏။

တောင်ငူဘုရင်လည်း ပေါက်မြိုင်မြို့ တိုင်အောင လိုက်၍ တိုက်တော်မူပြန်ရာ ရာဇသကြန်လည်း "ရန်ခေါင်နှင်း"မည်သော ဆင်တော်ကို စီး၍ တိုက်ပြန်သည်တွင် ရာဇသကြန်လည်း ဆင်ဦးကင်းထက်မှာပင် အသက်ဆုံးရှာချေ၏။ ရာဇသကြန်ဆုံး၍ အင်းဝတပ်အလုံး ပျက်စီးလေသောအခါ ပေါက်မြိုင်နယ်, ပြင်စည်နယ်, မိတ္ထီလာနယ်များသို့ စစ်တံခွန်လွှင့်၍ လူသူ, ဆင်, မြင်း, များကို သိမ်းယူပြီးလျှင် မင်းကျီးညို တောင်ငူသို့ ပြန်တော်မူသည်။

ဤစစ်ပွဲကြီးကို အောင်မြင်ကြောင်းနှင့် ရွှေနားတော်သွင်း ချေင်းတွင်

"စုလစ်သွန်းသွန်း၊ ရွှေဘုံနန်းထက်၊ ကြငှန်း ဘုန်းထွတ်၊
ပြစ်လွတ်ခြောက်ပါး၊ ရှစ်သောင်းဖျားနှင့်။

တရားသီဟ၊ ရှင့်ချစ်ဘလျှင်၊ သက်မျှဝေဘော်၊
စုံယှဉ်ပျော်က၊ ယင်းတော်, သင်းကြီး၊ ဝေးနီးရွာလက်၊
သိမ်းမြန်းလျက်တည့်၊ အုတ်လျက်ပြွမ်းပြွမ်း၊ ညောင်ရမ်း မြစ်ညောင်း၊
လေးမြို့ပေါင်း၍၊ တချောင်းရှိညတ်၊ အရှင်မှတ်ရှင့်၊
ဝန်းပတ်နိုင်ငံ၊ ချွန်ချွန်ရံသော်၊
မင်းဝံတာလုစ်၊ မြန်မာစစ်ကို၊ တွင်လှစ်မည်သာ၊
ဒေဝနာလျှင်၊ စစ္စာတင်မြောက်၊ သူ့ပြောင်ပေါက်ကို၊
တိုက်ဖောက်တိတိ၊ တိုက်လှန်ဘိလျက်၊ ဘုန်းရှိခြေတော်၊
တင်မှတ်ခေါ်သည်၊ ထင်ပေါ်နီးဝေး၊ ဆင်ရွှေကျေးဖြင့်၊
ရန်လှေးစစ်ပုံ၊ အောင်မြင်တုံသည်၊
လုံခြုံရန် အပေါင်းတည့်၊ ပွင့်ညောင်း နတ်ရှင်သွေး။ ။
ဘုန်းတော်ပြသည်၊ ဌာနမြို့ ဖြစ်ညောင်းတည့်၊
အကြောင်းမှတ်ဘိသေး။ ။ ဟူ၍ စပ်ဆိုလေသည်။ ။

ဤသို့ အောင်မြင်တော်မူသည် များလှသဖြင့် မင်းကျိုးညို၏ ဘုန်း, လက်ရုံး,ကို မြန်မာပြည် အလုံးနှင့်တကွ တလိုင်းပြည်ကလည်း ကြောက်ရွံ့ရိုသေကြလေသည်။ ဘွဲ့တော်သည်လည်း ဒုတိယမင်းခေါင် ပေးခဲ့သော 'မဟာသီရိဇေယျသူရ'တွင်မျှ မကဘဲ ရဟန်း ပညာရှိ၊ မှူးမတ်ပညာရှိများက 'မဟာသီရိ ကိတ္တိ တေဇာဓိက ပဝရ မင်္ဂလာဘိ ဗလဝ ါဟန ဇေယျသူရ' ဟူသော ဘွဲ့ထူးဖြင့် ချီးကြူးတော် မူကြကုန်သည်။

သက္ကရာဇ် (၈၆၆)ခုတွင် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သူကောင်းသားမြေးတို့ကို ရွေးချယ်တော်မူ၍ လက်ယာမြင်း ၇-သင်း၊ လက်ဝဲမြင်း ၉-သင်း ဘွဲ့တော်မူသည်။

သက္ကရာဇ် (၈၇၀)က အစပြု၍ ကေတုမတီမည်သော မြို့တော်သစ်ကို တည်တော်မူရန် စစ်သည်ဗိုလ်ပါ အများတို့အား အုတ်ဖုတ်တော်မူစေသည်၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့်လည်း မပြတ်မပြတ် တိုင်ပင်တော်မူ၍ မြို့သစ်, နန်းသစ်, တည်တော်မူရန် အကြောင်းကို ကျမ်းထုံးဟောင်းရှိသည့်အတိုင်း ကိုယ်တော်တိုင် သိတော်မူရန် နှာခံဆွေးနွေးတော်မူသည်။ ဤသို့ဘုန်းတန်ခိုးပျံ့နှံ့၍ မင်းအများ ကြောက်လန့် တုန်လှုပ် ကြကြောင်းနှင့် ကေတုမတီမြို့တည်ရန် ကြံစည်တော်မူကြောင်းများကို မင်းတရားရွှေထီးချောင်းတွင် အောက်၌ ပါသောအတိုင်း သိမ်းကျုံးကာ စပ်ဆိုလျက်ရှိလေသည်။

'တန်ခိုးတေဇာ၊ ဘုန်းသမ္ဘာဖြင့်၊ ကြေညာ တောင်မြောက်၊
ထိန့်ထိန့်ချောက်မျှ၊ ပြိုင်ထောက်ရန်မြစ်၊
နှုတ်ပစ်ထွားထွား၊ လက်ရုံးအားဖြင့်၊ ရပ်ခြားတောင်ငူ၊
လက်နက်မူက၊ ရန်သူကြေညာ၊ ရှိရာရာသို့၊
ဘေ့ရှာရှိပ်မဲ၊ ရှင့်တခွဲသော်၊ ရေလဲ့သင်းခိုင်၊
ငါးခရိုင်နှင့်၊ ပည်းလှိုင်ခွန်အား၊ ပဲခူးသားလည်း၊

ကြေထွားပျက်ချ၊ လက်ရုံးနှံ့ရှင့် မင်းစံအနောက်၊
ပြည်တလျောက်ဝယ်၊ ရှုံကြောက်ညွတ်ခ၊ ဆက်ခါသလျက်။
လက်ခပျောင်းပျောင်း၊ ဝပ်ဝပ်ညောင်း၏၊ တောအောင်းစေခိုင်း၊
ရှမ်းရိုင်းကချင်၊ ပြေးဝင်မှီခို၊ တောင်မြင့်မိုသို့၊
လူပိုလ်အထု၊ သက်နှံပြုသား၊ ကေတုမတီ၊
ခေါ်ညီရွှေပြည်၊ မြို့ကြီးတည်မူ၊ စက်ခြည်ထွန်းပြောင်၊
မင်းကျော်ခေါင်ဟု ရွှေတောင်ကွန်းပြောက်၊ ဘုံသာဆောက်၍၊
လက်မြှောက်အိမ့်ရှင်၊ ကျူးအံ့ယင်သည်။ ရည်တင်တည့်မှတ်တွေး-တနွေးနွေး။။

---

# အခန်း (၂)

## ကေတုမတီ-ရွှေမြို့တော်သစ်-တည်ထောင်ခဏ်း။

'မဟာသီရိဇေဝရ'သူရ ဘွဲ့တော်ရှိသော 'မင်းကျီးညို'သည်၊ တနေ့သောအခါ ဒွါရာဝတီနန်းတော်တွင် ပညာရှိသော မှူးမတ်ပရိသတ်စုံလင်စွာနှင့် မြို့သစ်, နန်းသစ်, တည်ထောင်တော်မူရန် အရေးကို ဆွေးနွေးတိုင်ပင်တော်မူလေ၏။ ပညာရှိပရိသတ်၌ အမြဲဆည်းကပ် ကိုးကွယ်သော။

(၁) သီဟိုဠ်ဆရာတော်။

(၂) လောကုတ္တရာ ဆရာတော်။

(၃) တောင်ညိုပဥ္စင်း။

(၄) ကျွတ်ဖတိုင် တလိုင်းဆရာတော်။ ဤပုဂ္ဂိုလ်များလည်း ပါဝင်တော်မူကြသည်။ ထိုဆရာတော်လေးပါးသည် နက္ခတ်, ဗေဒင်,တို့နှင့် ယတြာဆင်နည်း၊ ခေတ်ရိုက်နည်း၊ ခေတ်တိုက်နည်းမှစ၍ လောကီပညာများကို အထူးသဖြင့် တတ်ကျွမ်းသော ဆရာတော်များဖြစ်တော်မူကြသည်။ လောကုတ္တရာ ဆရာတော်ဆိုသည်ကား- ဒွါရာဝတီမြို့ လောကုတ္တရာဘုရားအနီးတွင် သီတင်းသုံးတော်မူသော ဆရာတော်ဖြစ်သည်။ တောင်ညိုပဥ္စင်းဆိုသည်ကား (ယခုပျဉ်းမနားမြို့နယ်) တောင်ညိုမြို့တွင်၊ သီတင်းသုံးနေသော ဦးပဥ္စင်းကလေးဖြစ်သည်။ ထိုတောင်ညိုပဥ္စင်းသည် အရွယ်နှင့်မလိုက်အောင် လောကီပညာများကို လွန်စွာတတ်ကျွမ်းလှသဖြင့် အလွန်ပင်ထင်ရှားသော ပဥ္စင်းပျိုကလေးဖြစ်ပေသည်။ ။'ပညာမုန်ယို-တောင်ညိုပဥ္စင်း' ဟူ၍ပင်၊ ထိုခေတ်အခါက ပေါ်ဝေါ်သမုတ်လေ့ရှိကြသည်။ သီဟိုဠ်ဆရာတော်သည်ကား- သိက္ခာတော် အကြီးဆုံးဖြစ်၍၊ ထိုအစည်းအဝေးတွင် နာယက ဆရာတော်ကြီး ဖြစ်တော်မူသည်။ သီဟိုဠ်ကျွန်းနှင့်ဆိုင်သော လောကီပညာ၊ အိန္ဒိယနိုင်ငံသင်္ကရိုက် ဘာသာနှင့် စပ်ဆိုင်သော လောကီ ပညာများကို ကောင်းစွာ တတ်ကျွမ်းတော်မူသည်။

ကျတ်ဖတိုင် ဆရာတော်သည်ကား- တလိုင်း ဆရာတော်ကြီး ဖြစ်ပေသည်။ ထိုတလိုင်းဆရာတော်ကြီးသည် ဟံသာဝတီ ရာဇာဓိရာဇ်မင်း၏ လက်ထက်တော်က မင်းဆရာပြု၍ အမြဲကိုးကွယ်သောမင်းကံစီ၏ လောကီပညာများကို လက်ထပ်ရရှိတော်မူသော ပညာရှိ ဆရာတော်ကြီးဖြစ်ပေသည်။

**'မင်ကျီးညို'** ယခုစံတော်မူရာ ဖြစ်သော ဒွါရာဝတီမြို့တော်မှာ ကျဉ်းလည်း ကျဉ်းသည်။ **'ပေါင်းလောင်း'**မြစ်နှင့်**'ခပေါင်း''**ချောင်းကြီးများလည်းမြို့တော်နှင့်နီးကပ်လျက်ရှိသောကြောင့် ဗိုလ်ပါဆင်မြင်းတို့မှာလည်းမလွန့်သာရှိကြသည်၊ သို့ဖြစ်၍ မြို့သစ်နန်းသစ်, တည်မည်ဟု အကြံရှိတော်မူရာ၊ မည်သည့်ဌာနမှာ သင့်လျော်ကြောင်း ပညာရှိအမတ်အပေါင်-တို့က ဆင်ခြင်ညှိနှိုင်းကြရမယ်'။

ထိုသို့အမိန့်တော်ရှိရာ တောင်ညိုပဥ္ဇင်းက 'မြို့သစ်,နန်းသစ်' တည်တော် မူမည့်အရေးမှာ လွန်စွာသင့်လျော်ပါသည်၊ ယခုဒွါရာဝတီမြို့တော်မှာ လွန်စွာကျဉ်းမြောင်း၍အ နေအထားမသင့်လျော်ပါ ယခုဒွါရာဝတီမြို့တော် အနောက် **'လေးကျွန်ကန်တော်'** ခေါ်သော **'ကြာအင်းကြီး' အနီးတွင်၊ မြို့တော်သစ်တည်ရန် သင့်လျော်သည်ထင်ကြောင်း'** ဤသို့ဆိုရာ၊ သီဟိုဠ်ဆရာတော်ဘုရားကြီးက ယခုတောင်ညိုပဥ္ဇင်းပျို ဆိုသောစကားမှာ အလွန်သင့်မြတ်ပါပေသည်၊ အနောက်အရပ်သည် မင်းကြီး၏ နံတော်နှင့် ပရိဝါရကိန်း ကြည့်လျှင် **"နာဂရ"** အရပ်ဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ သင့်လျော်ကြောင်း'ကို မိန့်တော်မူသည်။ လောကုတ္တရာဆရာတော်က"ကျွန်ုပ်လည်းသဘောတူသည်ပင် ကြာအင်းကို မြို့ရိုးတံတိုင်းအတွင်းသို့ သွင်း၍တည်ရပါလျှင် သာလို့ပင်သင့်မြတ်ပါမည်"ဟု မိန့်တော်မူသည်။ ကျတ်ဖတိုင်ဆရာတော်က "ကြာအင်းကို မြို့တော်တွင်းသို့ သွင်းလျှင် ထိုကြာအင်းကို စနေထောင့်က ရှိစေမှသင့်ပါမည်။ မင်းတရားကြီး၏ နံတော်က ဗုဒ္ဓဟူးနံ ဖြစ်တော်မူသည့်အတိုင်း **'ပါရိဝါရ'** ကိန်းချ၍ ကြည့်ပါလျှင် စနေ အရပ်သည် **'အာယုအရပ်'**ဖြစ်ပါသည်၊ သို့ဖြစ်၍ မြို့သစ် တည်တော်မူသောအခါ ကြာအင်းကို မြို့တော်၏ စနေထောင့်က ရှိသင့်ပါသည်၊ ထိုကဲ့သို့ရှိနေပါလျှင်၊ ရေနှင့်ကြာသည် အေးမြကြည်လင်စွာ ကျက်သရေ တင့်တယ်တိသကဲ့သို့၊ မင်းတရားကြီးမှာလည်း ရေ,ကြာ,နှင့်အတူ ဇမ္ဗူဒိပ်ကျွန်း၏ ကျက်သရေကိုဆောင်ခြင်း၊ ဘုန်းတော်, သမ္ဘာတော်, တိုးတက်ခြင်း၊ အသက်တော်ရှည်ခြင်း ရွှေနှလုံးတော် အေးမြတော်မူခြင်းအကျိုး များကို၊ ခံစားတော်မူရပါ။ ဤမြို့ကို အမှီပြုရသော မင်းဧရာဇ်တို့လည်း ၊ပြည်ထောင်မင်း အပေါင်းတို့ကို လွှမ်းမိုး၍၊ အုပ်စိုးနိုင်ပါမည်'ဟူ၍ မိန့်တော်မူသည်။

တောင်ညိုပဥ္ဇင်းပျိုက 'ယခု ဆရာတော်ကြီးများ အသီးသီး မိန့်တော်မူ ကြသည်မှာ လောကီကိန်းခန်းနှင့် အသင့်လျော်ချည်း ဖြစ်ကြပါသည်၊ ယခုမိန့်ဆိုတော် မူကြသောအတိုင်း **မြို့သစ်,နန်းသစ်**,ကိုတည်ထောင်ပါလျှင်၊ဗုဒ္ဓဟူးနံ ဘုရင်မင်း ၃-ဆက်တိုင်တိုင်ထူးကဲသောဘုန်းတန်ခိုးဖြင့် **နိုင်ငံအလုံးကို** စိုးမိုးနိုင်ပါမည်' ဟူ၍မိန့်တော်မူပြန်သည်။

**မှတ်ချက်**

'ပညာမုန်ယို တောင်ညိုပဥ္စင်းပျို၏ မိန့်ဆိုချက်အဘိုင်း' တောင်ငူမြို့ကို အရင်းခံပြုတော်မူကြသော

(၁) မင်းကျီးညို၊
(၂) တပင်ရွှေထီး။
(၃) ဟံသာဝတီ ဆင်ဖြူရှင်၊ ဤမင်းသုံးပါးတို့သည် ဗုဒ္ဓဟူးသားတို့သာဖြစ်တော်မူကြသည်၊ ဘုန်း,တန်ခိုး, အာဏာလည်း မနိုင်းသာအောင် လွန်စွာ ကြီးမား၍ပြည်ထောင်အများကို အုပ်စိုးတော်မူနိုင်ကြသည်။ တောင်ညိုပဥ္စင်းပျိုသည် သိမြင်တော်မူပေ၍၊

ဤသို့ဆရာတော်များ၏ အမိန့်ကိုကြားတော်မူရာ၊ မင်းကျီးညိုက မှူးမတ်ပညာရှိများဘက်သို့လှဲတော်မူပြီး–

မှူးမတ်တို့က ဘယ်လိုထင်မြင်ချက်များ ရှိကြပါသေးသလဲ'ဟု မိန့်တော်မူသည်။ မှူးမတ်ပညာရှိများမှာလည်း ဆရာတော် ဘုရားများထက် သာလွန်သောပုဂ္ဂိုလ်များ မဟုတ်ကြသဖြင့် အစုံအညီလက်အုပ်ချီပြီး၊

'ဆရာတော် ဘုရားကြီးများနှင့် တောင်ညိုပဥ္စင်းပျို၏ အမိန့်တော်အတိုင်းပင်၊ ကျွန်တော်မျိုးများလည်းသဘောတူညီစွာ နှံသက်ကြကြောင်းပါဘုရား'ဟုလျှောက်တင်ကြသည်။

**မင်းကျီးညို**

ရဟန်းပညာရှိ, မှူးမတ်ပညာရှိ, တို့၏ စကားကို နှစ်သက်တော်မူပြီး မြို့တည်ရာမြေနှင့် မြို့တည်ရန်အချိန်များကိုသာ ရွေးချယ်ကြပေတော့' ဟု မိန့်တော်မူပြီးလျှင်၊ ဆရာတော်များသို့ ဦးညွတ်ရှိခိုး၍ အတွင်းတော်သို့ ဝင်တော်မူသည်။


ထိုနောက် ဆရာတော်များနှင့် မှူးမတ် ပညာရှိတို့ ညှိနှိုင်း တိုင်ပင်ပြီးလျှင် မြို့တည်ရာမြေနှင့် မြို့တည်ရန်အချိန်များကို သေချာစွာ စိစစ်ရွေးချယ် ကြလေ၏။ ။ထို အရေးကိစ္စတွင် တောင်ညိုပဥ္စင်းနှင့် ကျတ်ဖတိုင် ဆရာတော်တို့ အထူးပင် ရှက်ဆောင်ကြသည်။

မြို့တည်ရန်အချိန်နှင့်တကွ မြို့ရာမြေကို သေချာစွာရွေးချယ်၍ မြို့ပုံကိုလည်း ကောင်းမွန်စွာ ရေးသားပြီးလျှင် မင်းကျီးညိုသို့ ဆက်သ ကြရာ ပညာရှိ ပုဂ္ဂိုလ်တို့ စီမံသောအတိုင်း နှစ်သက်တော်မူသဖြင့် ဆက်သသော မြို့ပုံအတိုင်း မြို့တည်စေရန် အမိန့်ရှိတော်မူသည်။

ဂြိုဟ်နေဂြိုဟ်ရပ် နက္ခတ်နဝင်းမှစ၍၊ အနိဋ္ဌ လွတ်ကင်းပြီးလျှင် အလွန် သန့်စင်သော ဣဋ္ဌမင်္ဂလာအချိန်တွင်၊ ပညာရှိတို့ ပေးသောအတိုင်း၊ မြို့တော်သစ်ကိုစ၍ တည်ထောင်ကြသည်။

**မြို့သစ် တည်ထောင်သော အချိန်သည်ကား**

သက္ကရာဇ်(၈၇၂)ခု၊ တန်ဆောင်မုန်းလပြည့်၊ အင်္ဂါနေ့၊ နံက်နှစ်ချက်တီး (မွန်းတည့်) အချိန်တွင် တည်သည်။




မြို့သစ်
တည်သော
အချိန်ဇတာပုံ။

မြို့သစ်တည်သော အချိန်တွင် ရဟန်း, ရှင်လူ, အပေါင်းတို့အား ကြီးစွာသောအလှူကြီးကိုပေးတော်မူသည်။ ။မြေစောင့်နတ်,ရေစောင့်နတ်,ကန်စောင့်နတ်မြို့စောင့်နတ်မှစ၍ သမ္မာဒေဝနတ်ပေါင်းများစွာတို့အားလည်း နတ်ပွဲ့နတ်ရကာကျင်းပ၍ ပူဇော်ပသတော်မူသည်။ ။မြို့လယ်တည့်တည့် နန်းတော်ဆောက်ရန် နေရာတွင် သံဃာတော်တို့အား ရွှေဦးစွာ သီတင်းသုံးစေမည်ဟူသောအကြံနှင့် မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍ မင်းကျီးညို၏ ခမည်းတော် **'မဟာသမ်ယာ'** ကိုယ်တိုင် ကြီးကြပ်စေ၍ ဆရာတော်, သံဃာတော်တို့အား တန်ဆောင်မုန်း လကွယ်နေ့တိုင်အောင် နေ့စဉ်မပြတ် အလှူကြီးကို ပေးတော်မူသည်။

လေးကျွန်းကန်တော်ခေါ်သော ကြာအင်းကြီး၏ အလယ် တည့်တည့်တွင်လည်း စံနန်းတော်ကြီး ဆောက်လုပ်စေပြီးလျှင် ကိုယ်တော်တိုင် ထွက်တော်မူ၍ ပွဲသဘင်စုံ ခံတော်မူသည်။ ထိုကြာအင်းကိုလည်း မြို့တံတိုင်းအတွင်းသို့ သွင်း၍ မြို့တော်၏အတွင်း ရာဟုထောင့်ကပင် ရှိစေသည်။ ။ကြာအင်း၏ ပတ်လည်ဝန်းကျင်တွင်လည်း သီးမျိုး, ပွင့်မျိုး, စုံအောင် မင်္ဂလာဥယျာဉ်တော်ကြီးကို ပြုစုတော်မူသည်။ ။မြို့တံတိုင်းအတွင်းနှံ့အောင် ရတနာ ၇ - ပါးတို့ကို မိုးရွာသကဲ့သို့ ကြဲဖြန့်တော်မူစေသည်။

မြို့တော်သစ်ကိုစ၍ တည်ထောင်ခြင်းကိစ္စ ပြီးစီးသောအခါ ကြာအင်း အလယ်တွင် ဆောက်လုပ်အပ်သော စံနန်းတော်ကြီးတွင် ရဟန်းပညာရှိ, ပုဏ္ဏားမတ်ပညာရှိ,တို့နှင့် မြို့တော်သစ်၏ အမည်ကို ရွေးချယ် စိစစ်တော်မူသည်တွင်—

ဘုရင်မင်းကျီးညိုက—

'မြို့တော်သစ် တည်ထောင်ရန် အခက်းမှာ ပြီးစီးပြီ၊ မြို့တော်သစ်၏ အမည်ကို မည်သို့မှည့်ခေါ်ရန်သင့်ကြောင်းကို ရွေးချယ် စိစစ်ကြရမည်'ဟု မိန့်ဆိုတော်မူသည်။

ရဟန်းပညာရှိ, ပုဏ္ဏားမတ်ပညာရှိ,တို့လည်း အတန်ကြာ စဉ်းစားဆင်ခြင်ကြပြီးလျှင်

သီဟိုဠ်ဆရာတော်ဘုရားကြီးက

'ယခုမြို့တော်ကြီးသည် ဇမ္ဗူဒိပ်ကျွန်း၏ ဒရင်မှန်ကင်းသဘွယ် ဖြစ်လိမ့်မည်၊ မြို့တော်တည်ရာမြေနှင့်တကွ အလွန်သာယာလှသဖြင့် တုဘက်ကင်းသော မြို့တော်လည်း ဖြစ်လိမ့်မည်၊

ဤကဲ့သို့သော နိမိတ် မင်္ဂလာတို့ကိုယူ၍ အမည်သညာကို **"ကေတုမတီ"** ဟု မှည့်ခေါ်ရန် ဆရာတော် နှစ်သက်သည်ဟူ၍ ရှေးဦးစွာ မိန့်တော်မူသည်။

ထိုနောက် တောင်ညိုပဥ္စင်းပျိုက

'ဝေဒကိန်းအလိုဖြင့် အက္ခရာနံသင့်ကိုစိစစ်၍ သင့်ကြောင်းကို ဆိုပြန်သည်မှာ 'ယခု သီဟိုဠ်ဆရာတော်ဘုရားကြီးက မိန့်တော်မူသော အမည်သညာကို ကျွန်ုပ်လည်း နှစ်သက်ပါသည်၊ **"ကေ-တု-မ-တီ"** ဆိုသောအက္ခရာ ၄-လုံးရှိရာတွင်-

**'ကေ'**သည် တနင်းလာနံဖြစ်ပါသည်၊ တနင်းလာကရေလျှင် မင်းတရားကြီး၏ နံတော်ဖြစ်သော ဗုဒ္ဓဟူးသည် တြိရန်းကျပါသည်၊ **'တု'** သည် စနေနံဖြစ်ပါသည်၊ မင်းတရားကြီး၏ နံတော်ဖြစ်သော ဗုဒ္ဓဟူးကရေလျှင် စတုရန်းကျပါသည်။ ။တြိရန်းနှင့် စတုရန်း ဆိုသည်မှာ ဆောင်သင့်သော မင်္ဂလာကိန်း ဖြစ်ပါသည်၊ **'မ'**သည် ကြာသပတေးနံဖြစ်၍ မင်းတရားကြီး၏ နံတော်ဖြစ်သော ဗုဒ္ဓဟူး၏ အညွန့်ဖြစ်ပါသည်၊ (နောက်ဆုံး **'တီ'** အက္ခရာမှာ စနေဖြစ်၍ အထူးဆိုဘွယ် မရှိချေ၊ ရှေ့ **'တီ'** အက္ခရာအတိုင်းပင် ဖြစ်သည်) ပရိဝါရအဌလက် ကိန်းအားဖြင့် ဆိုပြန်မူ **'ကေ'** ဆိုသော တနင်းလာသည် ဗုဒ္ဓဟူး၏ ဌာနအိမ်ဖြစ်၍ တည်တန့် မြဲမြံခြင်း နိမိတ်ဖြစ်ပါသည်၊ **'တု'** ဆိုသော စနေသည် ဗုဒ္ဓဟူး၏ အာယုအိမ် ဖြစ်သောကြောင့် အသက်ရှည်တော်မူရန် နိမိတ်ဖြစ်ပါသည်၊ **'မ'** ဆိုသော ကြာသပတေးသည် ဗုဒ္ဓဟူး၏ နဂရအိမ် ဖြစ်သောကြောင့် ရွှေမြို့တော်၏ အမည်နှင့် လွန်စွာ သင့်လျော်ပါသည်။ ။သို့ဖြစ်၍ သီဟိုဠ်ဆရာတော်ဘုရားကြီး မှည့်တော်မူသော အမည်ကို လွန်စွာ နှစ်သက်ပါသည်၊ ဥတ္တမမင်္ဂလာဖြစ်ပါသည် ဟူ၍ မိန့်ဆိုသည်။

ထိုနောက် ကျွတ်ဖတိုင်ဆရာတော်က

**'တောင်ညိုပဥ္စင်းပျို** မိန့်ဆိုချက်မှာလည်း လွန်စွာပင် သင့်လျော်လှပါသည်၊ **'ဆန်း'** ကျမ်းတို့၌ လာသော ဆန်းဂိုဏ်းအလိုအားဖြင့် စစ်ဆေးပြန်လျှင်လည်း ဥတ္တမဂိုဏ်းနှင့် ကြုံကြိုက်သဖြင့် လွန်စွာ သင့်မြတ်လှပါသည်၊ **'ကေတုမတီ'** ဆိုသော အက္ခရာ ၄-လုံးတွင် အဆုံးဖြစ်သော **'တီ'** အက္ခရာကိုယ်ပယ်လျှင် **'ကေတုမ'** ဟူ၍ ဖြစ်လေရာ ဆန်းဂိုဏ်းအလိုအားဖြင့် **'ဘ'** ဂိုဏ်း ကြုံပါသည်။ ။ဘ, ဂဏော ဥတ္တရဒေဝရက္ခိတော မိဂသိရနိယုတ္တော ဥတ္တမဖလော။ ။ဘ, ဂဏော၊ ဘ,ဂိုဏ်းတည်း။ ဥတ္တရဒေဝရက္ခိတော၊ လနတ်သား စောင့်အပ်သော ဂိုဏ်တည်း။ **မိဂသီရနိယုတ္တော၊ မိဂသီနက္ခတ်နှင့်** အမြဲယှဉ်၏။ ဥတ္တမဖလော၊ ကောင်းကျိုး ချမ်းသာကို ပေးနိုင်**၏'**။

**ဤသို့** လောကီဆန်းကျမ်း၌ ဆိုသောအတိုင်း ဘ,ဂိုဏ်းလ,နတ်သားစောင့်၍ မိဂသီနက္ခတ်နှင့် ယှဉ်ပါသည်၊ ဥတ္တမဂိုဏ်းဖြစ်၍ ကောင်းကျိုးချမ်းသာကို ပေးနိုင်ပါသည်။ ။လ,နတ်သားစောင့်သော အလိုအားဖြင့် ဤမြို့တော်သည် အေးမြချမ်းသာသော ဂုဏ်နှင့် ပြည့်စုံ၍ ထွန်းလင်းတောက်ပသော ဘုန်းရောင်တို့ဖြင့် ထွန်းပြောင် ထိန်လင်းရန် နိမိတ် ဖြစ်ပါသည်။ ။ မိဂသီနက္ခတ် အလိုအားဖြင့် ထိုမိဂသီ နက္ခတ်သည် ဓနုရာသီဟု ဆိုအပ်သော နတ်တော်လပြည့်

နေ့တွင် စန်းနှင့်ယှဉ်သော နက္ခတ်ဖြစ်၍ အလွန်အေးကြည်သော နိမိတ်ပင်ဖြစ်ပါသည်၊ သို့ဖြစ်၍ '**ကေတုမတီ**' ဟူသော အမည်သညာမှာ သီရိဝစု-ဣဋ္ဌမင်္ဂလာကြီး ဖြစ်ပါသည်' ဟူ၍ မိန့်ဆိုတော်မူသည်။

ထိုနောက် လောကုတ္တရာ ဆရာတော်က

'**အသီတိဓါတ်**' ကိန်းအလို '**စမ**' ကိန်းအလိုအားဖြင့် '**ကေတုမတီ**' ကို ရွေးချယ်ပါလျှင် '**ကေ**' အက္ခရာသည် 'ဂဗ္ဘေ' ကိန်းဖြစ်၍ 'ပထဝီ' ဓါတ်ဖြစ်ပါသည်၊ 'မ' အက္ခရာသည်လည်း ပထဝီဓါတ် ဖြစ်ပါသည်။ ။'**တိ**' အက္ခရာသည် 'အန္တေ' ဓါတ်ကိန်းဖြစ်၍ 'တေဇော' ဓါတ်ဖြစ်ပါသည်။ ။မြေဓါတ် ဆိုသည်မှာ ခိုင်ခံ့ကြီးကျယ်သော အကျိုးကို ဖြစ်ထွန်းစေနိုင်ပါသည်၊ ဤမြို့တော်ကို ရန်သူတို့ မဖြိုဖျက်နိုင်အောင် မလှုပ်မရှား ခိုင်ခံ့သော 'အစလဋ္ဌာန' ဟူ၍၎င်း၊ ရန်သူတပါးတို့ မအောင်နိုင်သော 'အယုဇ္ဈဋ္ဌာန' ဟူ၍၎င်း၊ ဆိုထိုက်ပါသည်။

တေဇောဓါတ် အလိုမှာ ဘုန်း, တန်ခိုး, တေဇော် အာနုဘော်မျိုး ဖြစ်ပါသည်၊ ဤကေတုမတီ မြို့တော်၌ စံနေတော်မူသော မင်းကေရာဇ်တို့သည် ရောင်ခြည်တထောင် အမြဲဆောင်သော **နေမင်း၏** ဘုန်း, တန်ခိုး ကဲ့သို့ ကြီးကျယ် ထွန်းပသော ဘုန်း, တန်ခိုးနှင့် ပြည့်စုံတော်မူကြပါမည်။ ။ဤသို့ ဓါတ်ကိန်း အလိုအားဖြင့်လည်း လွန်စွာ သင့်လျော်လှပါသဖြင့် '**ကေတုမတီ**' ဟူသော အမည်ကိုပင် မော်ကွန်းစိုက်သင့်ပါကြောင်း, ဟူ၍ မိန့်ဆိုတော်မူသည်။

ထိုနောက် သီဟိုဠ်ဆရာတော်ဘုရားကြီးက ထပ်မံ၍ မိန့်ဆိုတော်မူပြန်သည်မှာ

'**ကေတု**' သဒ္ဒါသည် တံခွန်, မှန်ကင်း, အောင်လံ ဟူသော အနက်များကို ဟောသဖြင့် အလွန် မင်္ဂလာရှိသော သဒ္ဒါဖြစ်သည်၊ မှန်ကင်း, အောင်လံရှိသောမြို့ကို ကေတုမတီ ဟူ၍ ဆိုသည်၊ '**ဇမ္ဗူဒီပါကျွန်း၏ တံခွန်မှန်ကင်း**' ဟူသော အဓိပ္ပါယ်ကို ရသည်။ ။အနာဂတဝင်ကျမ်း အလိုအားဖြင့် ပွင့်တော်မူလတံ့သော အရိမေတ္တေယျ ဘုရားရှင်၏ မြို့တော်၏ အမည်မှာလည်း 'ကေတုမတီ'ပင် ဖြစ်ပေလိမ့်မည်၊ ထိုကေတုမတီမည်သော မြို့တော်ကြီးသည် ဇမ္ဗူဒီပါကျွန်းတွင် တုဘက်ကင်းသော မြို့တော်ကြီးဖြစ်၍ ကမ္ဘာတဝှမ်းလုံး၏ မှီခိုရာ ဖြစ်လိမ့်မည် ဆိုသောအတိုင်း ယခု ကေတုမတီ ရွှေမြို့တော်သစ်ကြီးသည်လည်း နိုင်ငံအများတို့၏ မှီခိုရာ ဖြစ်လိမ့်မည်။ ။ဤသို့ မိန့်တော်မူသည်များကို မင်းကျိုးညို ကြားတော်မူသောအခါ လွန်စွာ ဝမ်းမြောက်တော်မူလှသည်နှင့် 'ရွှေမြို့တော်သစ်မှာ'**ကေတုမတီ**'ဟူ၍ မော်ကွန်းစိုက်ထူကြရမည်ဟု မိန့်တော်မူသည်။

ဆရာတော်တို့အား တပါးတပါးလျှင် ငွေအသပြာ ၅၀ဝ ထိုက်တန်သော သိမ်းမျိုးစုံ ပဒေသာပင်များကို ရေစက်သွန်းချ လှူဒါန်းတော်မူပြီးလျှင် အတွင်းတော်သို့ ဝင်တော်မူသည်။

'**ကေတုမတီ**' ရွှေမြို့ကြီး တည်တော်မူသော အရေးကိစ္စတွင် '**ရေလွှဲငါးခရိုင်**' အတွင်းရှိ တိုင်းသူ့ပြည်သား လူအများတို့နှင့်

ရမည်းသင်းမြို့။
ညောင်ရမ်းမြို့။
ယင်းတော်မြို့။
ရန်အောင်မြို့။
သင်းကြီး။

မိတ္တိလာမြို့ မျှားတွင် နေထိုင်ကြသော လူအများတို့လည်း ရွှေဘုန်းတော်ရိပ်ကို ခိုလှုံလိုကြသဖြင့် လာရောက်၍ အမှုထမ်းဆောင်ကာ သူ့ထက်ငါ လုပ်ဆောင်ကြသည်။

အင်းဝမြို့တွင် 'ငသောကြာ၏' ၏ အရေးတော်နှင့် တောင်ငူသို့ ထွက်ပြေး ခိုဝင်လာကြသော ရှင်ထွေးနာသိန်နှင့် ပင်းတလဲမင်း တို့လည်း ရွှေနန်းတော်ကြီး တည်ထောင် ဖန်ဆင်းသော အခမ်းအနားတွင် ရွှေနန်းတည်စာတမ်းရှိသောအတိုင်း ကူညီ ဆောင်ရွက်ကြသည်။

ဤသို့ အလွန်များပြားလှစွာသော ဗိုလ်ပါသေနင်တို့နှင့်တကွ၊ ကေတုမတီ မြို့တော်သစ်ကြီးကို တည်ထောင်တော်မူရာ လျင်မြန်စွာပင် ပြီးစီးလေသဖြင့်၊ သက္ကရာဇ် (၈၇၃) ခု၊ တန်ဆောင်မုန်း လပြည့်နေ့ နံနက် တချက်တီး အချိန်တွင် မင်းကျီးညိုသည် ဒွါရာဝတီမြို့တော်ဟောင်းမှ ကေတုမတီမြို့တော်သစ်သို့ ပြောင်းရွှေ့စံနေတော်မူသည်။

မြို့ပြောင်းသော အစီအစဉ် အခမ်းအနားမှာ—

ပိဋကတ်တော်များကို 'ဒေဝနာဂ, နာဂဝရ'မည်သော ဆင်တော်နှစ်စီး ထက်တွင် တင်၍ ရှေ့ဆုံးကသွားရသည်။

ထိုနောက် သီဟိုဠ်ဆရာတော်၊ လောကုတ္တရာဆရာတော်တို့ကို ရွှေဝေါ ဖြင့်တင်၍ သွားရသည်။

ထိုနောက် ရမည်းသင်းတပ်, ညောင်ရမ်းတပ်, ယင်းတော်တပ်, ရန်အောင်တပ်များ ထွက်ရသည်။

ထိုနောက် မင်းကျီးညိုသည် ရတနာထမ်းစင်တွင် ထီးဖြူမိုး၍ ထွက်တော်မူသည်။

ထိုနောက် မိဖုယားနှင့် မောင်းမမိဿံများ လိုက်ကြရသည်။

ထိုနောက် မှူးမတ် သေနာပတိ အဆောင်အယောင် အခမ်းအနားများနှင့် လိုက်ကြရသည်။

ထိုနောက် ရေလှေ့ငါးခရိုင်တပ်, ပျဉ်းမနားတပ်, လောဇေယျသိန်တပ်, မြို့လှတပ်, ဆွာတပ်များ လိုက်ကြရသည်။

မင်းကျီးညို၏ မြို့ပြောင်းသော အခမ်းအနားသည် လွန်စွာကြီးကျယ်၍ မြင်မြင်သမျှသော သူအပေါင်းတို့သည် ချီးကျူးအံ့သြကြရကုန်သတည်း။

ရေဘက်ဆိုင်ရာ တပ်များကိုမူကား ဒွါရာဝတီမြို့အနီး ပေါင်းလောင်းမြစ် မှာပင် ယခင်ထားမြဲအတိုင်း ထားတော်မူခဲ့သည်။

ထိုသို့ မြို့ပြောင်းသည့် အခါကစ၍ ဒွါရဝတီမြို့သည် တဖြည်းဖြည်း တိမ်ကောခြင်းသို့ ရောက်လေသည်။

## ဒွါရာဝတီမြို့ဟောင်းအကြောင်း

ယခုအခါ တောင်ငူမြို့ အရှေ့ တွင်ရှိ၍ ရှမ်းလူမျိုးတို့ နေထိုင်သော 'လောကုတ္တရာရွာ, မြို့ကြီးရွာ'များသည် ယခင်အခါ ဒွါရာဝတီမြို့တော်ဟောင်း နေရာဌာပင် ဖြစ်သည်။ ။ယခု ထင်ရှားရှိသော လောကုတ္တရာ စေတီတော်သည် ဒွါရာဝတီမြို့ ရိုးထိပ်တွင် တည်သော စေတီ တော်ကြီးဖြစ်သည်။

ဒွါရာဝတီ မြို့ဟောင်းတွင် မင်းကျီးညိုသည် နှစ်ပေါင်း (၂၃) နှစ်ဆဲ့သုံးနှစ် တိုင်တိုင် စံနေတော်မူခဲ့သည်။

## မြို့တော်သစ်၌ စံနေတော်မူသော မင်းကျီးညို၏ ဘုန်းသမ္ဘာ

**'ကေတုမတီ'** မည်သော **'တောင်ငူ ရွှေမြို့တော်သစ်'**ကို တည်ထောင် စံနေတော်မူသော အခါ မင်းကျီးညို၏ ဘုန်းသမ္ဘာများသည် ထွက်သစ်စဖြစ်သော နေလုလင်အလားလို တဆင့် ထက် တဆင့် တိုးပွား ထိန်လင်းလေသဖြင့် ဟံသာဝတီဘုရင်, အင်းဝဘုရင်တို့လည်း, ကြောက်ရွံ့ ခန့်ညားကြလေသည်။ ။မင်းမင်း တကာတို့သည်လည်း သဝဏ်လွှာ ပဏ္ဏာ လက်ဆောင်တော် ဆက်သ၍ ရွှေဘုန်းတော်အရှိန်ကို လာရောက်ခိုလှုံကြသည်။

ကေတုမတီ ရွှေမြို့တော်သစ် တည်ထောင်ကြောင်း လေးကျွန်းကန်တော် ခေါ်သော ကြာအင်းကြီး အကြောင်းကို မင်းတရားရွှေထီးချောင်း၌ အောက်တွင် ပါရှိသောအတိုင်း စပ်ဆို လေသည်။

> 'ရှင်ရင်းရန်လှစ်၊ ဒွါဘချစ်ကား၊ စုလစ်သွန်းသွန်း၊ နန်းလည်းဆောက်မည်၊ အသင့် ရည်၍၊ ရွှေပြည်ကေတု၊ မြို့သစ်ပြုရှင့်၊ ပျော်မှုသာဟန်၊ ကြာအင်းကန်ကို၊ ပန်းမာလ် စေ့စုံ၊ စိုက်ပျိုးတုံသည်။ ။ကြာငုံတည့်ပေါ်ထွေး-ရေဖွေးဖွေး'။

ကေတုမတီ ရွှေမြို့တော်ကြီး၏ သာယာဝပြော၊ ရှင်မောပျော်ပိုက်၊ နှစ်ခြိုက် မွေ့လျော် ဘွယ် ကောင်းပုံများကိုလည်း မင်းတရားရွှေထီး နားတော်သွင်း ချောင်း၌ အောက်တွင် ပါရှိ သော အတိုင်း စပ်ဆိုလေသည်။

> 'ကြံချိုတောနှင့်၊ ငှက်ပျောကွမ်းသီး၊ ဖြင်ညီး အုန်းထန်း၊ ထပ်ထပ်ဝန်းလျက်၊ နတ် ပန်း စေ့စုံ၊ ရန့် ထုံသည်၊ နတ်ဘုံပမာ၊ နန်းတော်မှာလည်း၊ စပ်ကာတလျှဉ်၊ မင်း ဥယျာဉ်၌၊ ကြာစဉ်ဝန်းလည်၊ ဆိုင်းဆိုင်းတည်က၊ ရိုက်မြည်တံခါး၊ ကျည်းရှင် တား၍၊ ထွားထွားရှိန်းရှိန်း၊ စိမ်းစိမ်းညိုရွှမ်း၊ လွှမ်းတုံရေပေါ်၊ ထိုကန်တော်ဝယ်၊

ဘုန်းတော်ဖြင့်အား၊ ဆိုသော်များအံ့၊ ဆန်းပြားရှုသာ၊ ငါးမည်ကြာက၊ ကမ္ဘာ၊
ဦးစွန်း၊ နိမိတ်ထွန်းသည်။
ရွှန်းရွှန်းနီလမောင်းတည့်၊ ပွင့်ညောင်းနတ်ရှင့်သွေး။ ။
မင်းလွှတ်ထားသည်၊ ငါး, သား, လိပ်, မိဒကျောင်းတည့်၊ အကြောင်းမှတ်ဘိသေး။ ။

ကေတုမတီ ရွှေမြို့တော်သစ်ကို တည်ထောင် စံနေတော်မူသောအခါ၊ ကေရာဇ်မင်းတို့နှင့် ထိုက်တန်သော မဟာရဟ၊ ရာဇဘဏ္ဍာ၊ ရတနာမင်း ခမ်းတော်များကိုလည်း မင်းတရားရွှေထီးချောင်းတွင် အောက်ပါအတိုင်း ဘွဲ့ဆိုလေသည်။

'ပရမေတန်ခိုး၊ လူ့ထိပ်မိုးသား၊ နေမျိုးနတ်ရှင်၊ ရှင့်ဘခင်၏၊ ထွန်းထင်တောက်ပ
ရှိန်တေဇဖြင့်၊ ရွေးကာမင်းဟောင်း၊ မစီးကောင်းတည့်၊ ရွှေပေါင်း, ရွှေကာ၊ ရွှေထီး
စသား၊ သိင်္ခရောင်ထင်၊ ရွှေထမ်းစင်လည်း၊ မျက်ရှင်ညွန့်ဖျား၊ ပတ္တမြားနှင့်၊ ပြယား,
နီလာ၊ မသာရဂလ်၊ ၂၂ည်တန်စိန်ကြောင်၊ ဝင်းဝင်းပြောင်မျှ၊ စီမြောင်ပတ်ပတ်၊
ဇောတိရသ်တည့်၊ လျံပတ်ကောင်းကင်၊ လောဟိတင်ကို၊ ဆင်တုံညီးညီး၊ နေနှင့်
မီးသို့၊ မှောင်ကြီးကင်းပျောက်၊ လင်းလင်းတောက်ရှင့်၊ အံ့လောက်မနိုင်၊ ငွေအင်
ငွေဖျဉ်း၊ စေချဉ်းကျစ်လစ်၊ အိုးဖြစ်ငွေမြူ၊ ကြီးထူဘောင်းကန်၊ စဥ့်အိုးတန်က၊
ရွှက်သန်ငွေကျော၊ တုပ့်မောသည်။
ဖြင်ပေါတည့်ဖြူဖွေး–လွေးရရွေး'။ ။

ကေတုမတီ ရွှေမြို့တော်သစ်မှာ မင်းခမ်းကျင်းပ၍ စံနေတော်မူသော မင်းကျိုးညို၏ ကျက်သရေတော်များကိုလည်း မင်းဘရားရွှေထီးချောင်း၌ အောက်ပါအတိုင်း ဘွဲ့ဆိုပြန်လေသည်။

'ဖြင်ပြောကုဋေ၊ သခေ့ါပည်းတုံ၊ တောင်နှယ်ပုံမျှ၊ ကြယ်ပုံမင်းခမ်း၊ ချီးမွမ်း ကြား
လျောက်၊ ပြန့်ပြီးနောက်မူ၊ မီးပေါက်လက်နက်၊ သိကြားစက်နှင့်၊ မင်းထက် မင်း
ဝင်၊ မော်ကွန်းတင်သား၊ ပဲ့တင်ရိုက်ချောင်း၊ နာရီမောင်းလည်း၊ သံညောင်း
ရင့်ပိုက်၊ ဆယ်ကြိမ်ကြိုက်လျက်၊ ကျူးရိုက်အိုင်အိုင်၊ ဘဝဂ်တိုင်မျှ၊ နှိုင်းပြိုင်မတူ၊
ကျွန်းဇမ္ဗူဝယ်၊ ဆင်ဖြူမာတင်၊ ဆယ်စီးသွင်ဖြင့်၊ ဝန်းကျင်ရန်လုံး၊ ကြောက်ရွံ
ချုံးမျှ၊ ပတ်ကုံးတိုင်းကား၊ ဝပ်ဝပ်ပြား၍၊ တခြားတိုင်းခွင်၊ ဝန်းလျှင်မှိုခို၊ ရှင့်ဘ
ကိုလျှင်၊ ချစ်လိုပန်းကြီး၊ ရပ်ဝေးနီးက သွီး, မြင်း, ဆင်၊ ခပ်သိမ်းအင်တိ၊ ရွှေစင်
ငွေသောင်း၊ ခွန်လောင်းကျေးမက်၊ နှစ်တိုင်းဆက်သည်။ ။နေ့ရက်တည့် မရွေး–
ချွေးချွေး။

ထိုသို့ မြို့သစ်တည်၍ စံနေတော်မူရာ အရှေ့ ရှမ်းပြည်တခွင်မှ နက်ရှိုင်းလှသော ရှမ်း ကရင် လူမျိုးများသော်ပင် ဘုန်းတော် အရှိန်ကြောင့် ရွှေတော်သို့ ဝင်ရောက်၍ ဆိုင်ရာဆိုင်ရာ ဖြစ်သော တောလက်ဆောင် ပဏ္ဏာတော်များ ဆက်သကြရ ကြောင်းကိုလည်း တပင်ရွှေထီး ချောင်း၌ပင်။

'ရတုသုံးထွေ၊တထွေထွေလျှင်၊ သန်နွှေမခန့်၊ မဆန့်ဆွာချောင်း၊ မြစ်ပေါင်းလောင်းနှင့်၊ အပေါင်းခရိုင်၊ စိုးပိုင်တရိုး၊ တုံ့ဝပ်ကျိုးသော်၊ သိနိုးမောင်ကြင်၊ ကရင် ရှမ်းတော၊ ရွာမိုင်းမော့က၊ ဖြင်ပေါလက်ဆောင်၊ ယုန့်, ပြောင်, ချေ့, ဆတ်,၊ ရှောက်ပွတ် တူးလေး၊ ရှဉ့်မွေး ငှက်နီ၊ စုံစီမြင်းကောင်း၊ ပျားဖရောင်းတိ၊ ကြေးမောင်းကြေးစည်၊ ရွှေ့တည် ဆက်ကြိုက်၊ ရှစ်တိုက်နီးဝေး၊ ပြည်ရေးရွာမှု၊ တခုမကြွင်း၊ ပြီးစီးလျှင်းဟု၊ ဝင်းဝင်းရွှန်းရွှန်း၊ စက်ရောင်ထွန်းလျက်၊ ရိုက်ဖျန်းအိုင်အိုင်၊ ထစ်ခါချိုင်တိ၊ ရွှေဆိုင်ငွေခဲ နတ်တို့ကြဲသို့၊ အံ့အဲဘွယ်ရာ၊ ရတနာမိုးကြီး၊ ရွာဆုံးပြီးမှ၊ ရွှေထီးစကြာ၊ ဖြန့်မိုးကာလျက်-' ဟူ၍ စပ်ဆိုလေသည်။

ကေတုမတီမြို့တော်ကြီး တည်ရာဌာနသည်ကား မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သော ဗဟိုမဏ္ဍိုင်၌တည်၍ မြောက်အရပ်၌ ဆွာချောင်းကြီး၊ အရှေ့အရပ်၌ ပေါင်းလောင်းမြစ်နှင့် မြတ်စောညီနောင် တောတန်း၊ တောင်အရပ်၌-ခပေါင်းချောင်းကြီး၊ အနောက်အရပ်၌-မင်းဝံ တောင်တန်းကြီး၊ ဤသို့ ကာဆီး ပိတ်သန်းလျက် ရှိသောကြောင့် အလွန်သာယာနှုပျို၍ စိမ်းစို ကြည်လင် စည်ပင်ဝဖြိုးသောဌာနကြီးဖြစ်ပေသည်။ ။ဆွာချောင်းကြီးသည် အထက်တခွင်မှ လာရောက်သော စစ်သည်အင်အားကို ဆီးတား နှောက်ရှက်သော ကျုံးတော်ကြီးသဘွယ် ဖြစ်လေသည်။ ။ပေါင်းလောင်းမြစ်သည် အရှေ့ရှမ်းပြည်တရိုးမှ ရန်သူ စစ်အင်အားများကို ဆီးတားခုခံသော ကျုံးတော်ကြီးသဘွယ် ဖြစ်လေသည်။ ။ခပေါင်းချောင်း ကြီးသည် ဟံသာဝတီ တလိုင်းပြည်နှင့်ဆိုင်သော စစ်သည်အင်အားကို ဆီးတားခုခံသော ကျုံးတော်ကြီး သဘွယ် ဖြစ်ခပသည်။ ။ထို့ကြောင့် တောင်ငူမြို့တော်သည် ရာဇဌာနီ မင်းနေပြည်ကြီး ပြုလုပ်ရန် လွန်စွာ သင့်လျော်သော ဘူမိသိခရ ပဝရ ဥက္ကဋ္ဌ မြေမြတ်, မြေထူးဟူ၍ ချီးကျူးထိုက်ပေသည်။

ကေတုမတီ တောင်ငူမြို့သည် စိုပြည်စိမ်းလန်း၍ စိမ့်စမ်း စီးသွန် ရေတံခွန်တို့နှင့် ပြည့်စုံသော တောတောင်ဂနိုင်၊ စုံမြိုင်ပုပ္ပေါင်းတို့ဖြင့် ဝန်းရံလျက်ရှိသောကြောင့် ရှောက်, သမ္ဗရာ, ကဗလာ, လိမ္မော်, စသော သစ်သီးအမျိုးမျိုး၊ သဇင်, သစ်ခွ, ဂမုန်းအင်, အစရှိသော ပန်းထူး, ပန်းမြတ်, အမျိုးမျိုးတို့ဖြင့် ပြည့်စုံသော မြို့တော်ကြီး ဖြစ်ပေသည်။ ရှေးအခါက အင်းဝမြို့ ကောင်းစား ကြီးပွါးစဉ် သဇင်ပန်း, သစ်ခွပန်း, ဂမုန်းအင်ပန်း, များ ကို တောင်ငူနယ်မှ အမြဲပင် ဆက်သလေ့ရှိကြသည်။ နန်းတော်မှာ အသုံးပြုကြသော သဇင်ပန်းပေါင်း ဂမုန်းပေါင်းများကိုလည်း တောင်ငူမြို့မှ ရရှိနိုင်လေသည်။ တောင်ငူမြို့တွင် ဘုရင်ခံအဖြစ်ဖြင့် ခန့်အပ်ရာတွင်လည်း မင်းဆွေ၏ ချစ်မြတ်နိုးခြင်းကို ခံရသောသူများကိုသာ ခန့်ထားလေ့ရှိပေသည်။

**"အရှေ့မှာတောင်ငူ အနောက်မူ စလင်း"** ဟူ၍ ရှေးလူကြီးများ စကားဆိုစမှတ်ပြုကြရာ ရှေးအင်းဝ ကောင်းစားစဉ်အခါ ဧရာဝတီမြစ်၏ အရှေ့ဘက်၌ တောင်ငူမြို့သည် အကောင်းဆုံး ဧရာဝတီမြစ်၏ အနောက်ဘက်၌ စလင်းမြို့သည် အကောင်းဆုံးဟူ၍ အမြဲပင် သမုတ်လေ့ရှိကြသဖြင့် တောင်ငူမြို့စား, စလင်းမြို့စား,များသည် ဘုရင်တို့၏ အချစ်တော်ကြီးများ ဖြစ်ကြလေသည်။

## ကေတုမတီမြို့တော်သစ်၌ ပျားစွဲခြင်း

သက္ကရာဇ်(၈၇၃)ခု- ကေတုမတီ ရွှေမြို့တော်သစ်သို့ မင်းကျီးညို ပြောင်းစံတော်မူသော နှစ်မှာပင် ပြအိုးတံခါးတိုင်များမှာ ပျားကြီးများ စွဲလာကုန်၏။

ရွှေမြို့တော်ပြအိုး, တံခါး,တို့၌ ပျားကြီးများ ဝင်ရောက် စွဲလာကြောင်းကို မင်းကျီးညို ကြားသိတော်မူရာ မှူးမတ်ပညာရှိအများတို့နှင့် ဆရာတော်တို့ကို ရွှေနန်းတော်သို့ ပင့်ပြီးလျှင် ဆွေးနွေးတော်မူသည်မှာ....

မင်းကျီးညို....

ယခုရွှေမြို့တော်သစ်၏ ပြအိုး, တံတိုင်း,တို့မှာ ပျားကြီးများ စွဲလာသည်၊ မည်သို့သော အတိတ်, နိမိတ်, ဖြစ်ကြောင်းကို သိလိုသည်။ ဤသို့ အမေးတော်ရှိရာ....

သီဟိုဠ်ဆရာတော်က....

'တကာတော်မင်းမြတ် ပျားစွဲသော တိတ်, နိမိတ်,ဆိုသည်မှာ တရံတခါ သုဘနိမိတ်မျိုး ဖြစ်၍ ကောင်းတင်းမင်္ဂလာဟု ဟောရသည်။ တရံတခါ အဝမင်္ဂလ,နိမိတ်ပျိုး ဖြစ်၍ အနိဋ္ဌသဘောဖြင့် ဟောရသည်။ ယခု ပျားစွဲခြင်းမှာ ဘုရင်မင်းမြတ် စံနေတော်မူသော ရွှေနန်းတော်မှာ စွဲလာသည်လည်းမဟုတ် တံခါး, ပြအိုး, များ၌ စွဲလာသောကြောင့် တကာတော်မင်းမြတ်၏ ဘုန်းဂုဏ်ကို ခိုလှုံသော တိတ်, နိမိတ်, ဖြစ်သဖြင့် ဗိုလ်ပါ အင်အား များပြားကြောင်း နိမိတ်ဖြစ်ပေသည်။ ဟူ၍ မိန့်တော်မူသည်။

ထိုအခါ မင်းကျီးညိုက....

'ဤမင်္ဂလာအတိတ် သုဘနိမိတ်တော်များကို တပည့်တော်ကိုယ်တိုင်ပင် ဘတ်ကြားပါမည်' ဟူ၍ သီဟိုဠ်ဆရာတော်ဘုရားကြီးကို လျှောက်ထား၍ ကိုယ်တော်တိုင် ဘတ်ကြားတော်မူသည်မှာ....

တော, တောင်ဂနိုင်တွင် ခိုလှုံလေ့ရှိသော ပျားကြီးများသည် ကျက်စားရာ မဟုတ်သော မြို့တော်တံခါးနှင့် မြို့တော်ပြအိုးများမှ ခိုလှုံလာသော နိမိတ်အားဖြင့် ရှေးအခါ တောင်ငူမြို့သို့ မဝပ်မပြားဘူးသေးသော မင်းများသည် ဤ ကေတုမတီမြို့တော်ကြီးသို့ ခိုလှုံလာရောက်မည့် နိမိတ်ဖြစ်သည်။ ပျားဆိုသည်မှာ များပြားစွာ စုအုံလေ့ရှိသော အတိုင်း ဤတောင်ငူမြို့ကြီးသည် လူအပေါင်းတို့၏ စုရုံးရာ လွန်စွာစည်ကားသော မြို့တော်ကြီးဖြစ်ရန် နိမိတ်ဖြစ်သည်။

ဤသို့ ကိုယ်တော်တိုင် နိမိတ်ဘတ်တော်မူသောအခါ ဆရာတော်, သံဃာတော်,တို့နှင့် တကွ ပညာရှိ မှူးမတ်များတို့က....

'ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တော်တိုင် ဘတ်တော်မူသောအတိုင်း အမှန်ပင်ဖြစ်ပါတော့သည်' ဟူ၍ လျှောက်တင်ကြသည်။

ကိုယ်တော်တိုင် နိမိတ်ဘတ်တော်မူပြီးနောက် ပျားစွဲရာဌာနများသို့ မင်္ဂလာ ရှိသော ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်၊ ဆရာတော်၊ သံဃာတော်တို့နှင့် ထွက်၍ ရှုစား တော်မူပြီးလျှင် ရတနာ ၇-ပါးကို ရေစိမ်၍ ပျားအုံများကို ပက်ဖျန်းတော်မူစေသည်။ ပျားအုံကြီးတို့၏ အနီးအပါးပတ်ဝန်းကျင်တို့၌လည်း ကြံရေ၊ သကာရေ,များကို အမြဲ မပြတ် တည်ထားတော်မူစေပြီးလျှင် ကြာသပတေးနေ့သားများကိုလည်း ပျားအုံ အစောင့် အရှောက် ခန့်ထားတော်မူသည်။

## ရွှေကျီးညို နိမိတ်တဘောင်များ

သက္ကရာဇ်(၈၇၄)ခုနှစ်တွင် 'ရွှေကျီးညို' နိမိတ်တဘောင်များ ပေါ်၍ တောင်ငူမြို့တွင် အများဆိုကြသည်။

**(မှတ်ချက်။ ယခုခေတ်တွင် 'ရွှေကျီးညိုသီချင်း' ခေတ်ထသကဲ့သို့ မင်းကျီးညို၊ လက် ထက်ကလည်း ရွှေကျီးညို၊ တဘောင်များ ခေတ်ထဘူးလေသည်။)**

ထိုအခါ တိုင်းသူ၊ ပြည်သား၊ အပေါင်းတို့ သီဆိုကြသည်မှာ အောက်ပါ အတိုင်းပင် ဖြစ်ပေသည်။

(၁) ရွှေကျီးညိုပျံပါလေ၊ တောတောင်တွေ ဝိုင်းပါတဲ့၊ တိုင်းကြီးမဖွေ။
(၂) မြောက်ကိုပျံသန်း၊ အင်းဝနန်း၊ တောင်ကိုပျံသန်း၊ ဟံသာနန်း။
(၃) ကျီး-ကျီး-ရွှေတောင်ငူက-ကျီး။
(၄) ချီခဲ့ပါ-ချီခဲ့ပါ၊ အင်းဝက-ရွှေဟသ်ာ။

ဤတဘောင်များကို တိုင်းသူ၊ ပြည်သား၊ လူအများတို့ လမ်းသေး၊ လမ်းမ၊ တို့၌ အမြဲ မပြတ် သီဆိုကြရာတွင် ဘုရင်မင်းကျီးညို ကြားတော်မူပြန်ရာ ကိုယ်တော်တိုင် နိမိတ်ဘတ် တော်မူသည်ကား-

'ရွှေကျီးညို'ဆိုသည်မှာ- ငါကိုယ်တော်မြတ်ကိုပင် တိုက်ရိုက်ဆိုသော သဒ္ဒါရုံနိမိတ်တော် ပင် ဖြစ်သည်။

'တော,တောင်,တွေဝိုင်းပါတဲ့ တိုင်းကြီးမဖွေ'ဆိုသည်မှာ မြန်မာပြည်၊ တလိုင်းပြည်,တို့၏ အလယ်ဗဟိုဖြစ်သော နေပြည်တော် တောင်ငူမြို့ကိုပင်ဆိုသော နိမိတ်တော်ဖြစ်သည်။

'မြောက်ကိုပျံသန်း-အင်းဝနန်း၊ တောင်ကိုပျံသန်း-ဟံသာနန်း'ဆိုသည်မှာ အထက်အင်းဝ နိုင်ငံနှင့် အောက်ဟံသာဝတီနိုင်ငံများကို ချီတက်လုပ်ကြံရန်သင့်ကြောင်းကို လျှောက်ဆိုသော နိမိတ်တော်ဖြစ်ပေသည်။

'ကျီး-ကျီး၊ ရွှေတောင်ငူက ကျီး'ဆိုသည်မှာ ကေတုမတီ နေပြည်တော်ကြီးကို အသစ် တည်ထောင်၍ စိုးစံတော်မူသော ငါကိုယ်တော်မြတ်ကိုပင် ဆိုသော နိမိတ်မင်္ဂလာဖြစ်ပေသည်။

'ချီခဲ့ပါ-ချီခဲ့ပါ အင်းဝက ရွှေဟင်္သာ' ဆိုသည်မှာ 'ငါကိုယ်တော်၏ ဘုန်းတော်တည်းဟူသော နှုတ်သီးဖြင့် အင်းဝထီးနန်း ဟံသာဝတီ ထီးနန်းများကိုချီ၍ တောင်ငူနေပြည်တော်ကြီးသို့ ဆောင်ယူသိမ်းပိုက်တော်မူပါဟူ၍ ဆိုလိုသည်။ သည် တိတ်တဘောင် အလိုအားဖြင့် နောင်အခါ ဤကေတုမတီ နေပြည်တော်ကြီးက အင်းဝနှင့် ဟံသာဝတီကို မကြာမီ စိုးမိုးရန် နိမိတ်ဖြစ်ပေသည်ဟူ၍ နိမိတ်ဘတ်တော်မူပြီးလျှင် တဘောင်တော်များကို မတား မဆီးရ၊ အလိုရှိသမျှ ဆိုကြစေ' ဟူ၍ မိန့်တော်မူသည်။

ဤသို့ တဘောင်ထွန်းကားသောအခါ ကေတုမတီ နေပြည်တော်သူ၊ နေပြည်တော်သား၊ တို့သည် မင်းတရားကြီး၏ အမည်တော်ကလည်း "မင်းကျီးညို"ဖြစ်သဖြင့် အလွန်နှစ်သက်အားရစွာနှင့်ဘုရင်မင်းမြတ်၏ ဘုန်းအာနုဘော် ကြီးမြင့်ရန် အကြောင်းကို ဆုတောင်း၊ ဆုယူ ပြုလုပ်ကြသည်။

ကျီးငှက်များကိုလည်း အမြတ်တနိုးပြု၍ အစာကျွေးခြင်း၊အိမ်၌မွေးထားခြင်း၊ အလေ့အထများကို လိုက်စားပြုမူကြလေသည်။ မင်းကျီးညို ကိုယ်တော်တိုင်လည်း ရွှေနန်းတော်ကြီးနှင့် မနီးမဝေးဖြစ်သော မြေရာလပ်တခုတွင် နေ့စဉ်ဝတ်ပြု၍ ကျီးများကို ကျွေးမွေးတော်မူသည်။ ထိုခေတ်အခါမှာ 'ကျီး'ဟူ၍၎င်း၊ 'ကျီးကန်း'ဟူ၍၎င်း၊ ရိုင်းစိုင်းစွာမခေါ်ကြဘဲ "ရွှေကျီးညို"ဟူ၍ သုတိမင်္ဂလာရှိသော စကားဖြင့်သာ ခေါ်ဝေါ်လေ့ ရှိကြသည်။ 'ရွှေကျီးညို'ဆိုသောစကားသည်ထိုခေတ်ကာလက အစပြုလာသော စကားပေတည်း။

## နေရောင်ပြ စံနန်းတော်

သက္ကရာဇ်(၈၇၅)ခုနှစ်တွင် မှူးမတ်တို့နှင့် တိုင်ပင်တော်မူသည်မှာ-

မင်းကျီးညို

မြန်မာပြည်၊ တလိုင်းပြည်၊တို့၏ အလယ်ဗဟိုဌာနဖြစ်သော ဤတောင်ငူမြို့ကို လက်ရုံးပြု၍ ကြံစည်တော်မူခဲ့သည်မှာ နိုင်ငံတော်လည်း များစွာကျယ်ဝန်းခဲ့ပြီ၊ မည်သည့်အခါမှာမှ အင်းဝဘုရင်၏လက်အောက်က မလွတ်ဘူးသော တောင်ငူပြည်သည် ငါ့လက်ထက်တော်အခါ အင်းဝလက်အောက်မှလွတ်၍ တထီးတနန်းစိုက်ထူရပြီ။ ရမည်းသင်း၊ ညောင်ရမ်း၊ ယင်းတော်၊ ရန်အောင်၊ မြို့များကို လုပ်ကြံရန်ထွက်တော်မူစဉ်အခါက ဗိုလ်ပါ ဆင်၊ မြင်း၊ တို့နှင့်တကွ "နေရောင်ပြ" အမည်ရှိသောဌာနတွင် စစ်စခန်းတန့်ရပ် နားနေတော်မူမြဲဖြစ်လေသည်။ "နေရောင်ပြ"စခန်းတွင် ခေတ္တ ယာယီနန်းဖြင့် စံမြန်းတော်မူသောအခါတိုင်းမှာပင် ရွှေစိတ်တော်ကြည်လင်၍ရွှင်ပြတော်မူစမြဲဖြစ်သည်။ "နေရောင်ပြ" စခန်းမှ ထွက်ခွါလုပ်ကြံလေတိုင်း အောင်မြင်လေသည်သာများသဖြင့် ထို"နေရောင်ပြ"အရပ်ကို အောင်မြေဟူ၍ပင် မှတ်ထင်တော်မူမိလေသည်။ မြောက်တခွင်သို့ စစ်ချီတော်မူတိုင်း "နေရောင်ပြ"သို့ရောက်၍ စစ်စခန်းချရပ်တော်မူသည်၊ နောင်အခါ ဤနေရောင်ပြတွင် စံနန်းတော် ဆောက်လုပ်၍ စံနေတော်မူရန် အကြံတော်ရှိဘူးသည်။ သို့ဖြစ်၍ "နေရောင်ပြကုန်း"တွင် အခါတော်များကို ရွေးချယ်စိစစ်၍ စံနန်းတော်အသစ် ဆောက်လုပ်ကြရမည်ဟူ၍ မိန့်တော်မူသည်။

ထိုအခါ အင်းဝမြို့မှထွက်၍ ခိုဝင်လာသောပညာရှိ"**ရှင်ထွေးနာသိန်**"က'နေရောင်ပြ'ကုန်း၌ စံနန်းတော်ဆောက်လုပ်၍ စံနေတော်မူရန်မှာ လွန်စွာသင့်လျော်ပါသည်၊ ထို'နေရောင်ပြ' စံနန်းတော်တွင်ယာယီအဖြစ်ဖြင့်စံနေတော်မူပါလျှင် ဘုန်းသမ္ဘာတို့၏ ရန်အမျိုးမျိုးကို အောင်မြင်တော်မူပါမည့်အပြင် သွီးကညာ ရတနာ လက်ဆောင် များကိုလည်း ရပါလိမ့်မည်ဘုရား၊ ထိုနေရောင်ပြ'အရပ်သည်သာမညမြေအရပ်မဟုတ်ပါ၊လွန်စွာထူးမြတ်သော မြေအရပ်ဖြစ်ပါသည်။ 'ရှေးအစဉ်အလာကပင် သိုက်သမိုင်းနှင့်တကွ ထူးမြတ်သော အရပ်ဌာနဖြစ်ပါသည်'ဟူ၍လျှောက်ထားလေ၏။

ရှင်ထွေးနာသိန်၏ လျှောက်ချက်ကို အားရနှစ်သက်တော်မူလှသဖြင့် 'နေရောင်ပြသိုက်သမိုင်းကို တင်စမ်းပါအုံး'ဟု အမိန့်တော်ရှိပြန်သည်။

## ရှင်ထွေးနာသိန် လျှောက်တင်သော နေရောင်ပြ သိုက်သမိုင်းအချုပ်

'ရွှေနားပန်ဆင်တော်မူပါဘုရား။ ဘုန်းတော် ခြောက်စုံနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ "**သံဃသာမဂ္ဂီ**"အစည်းအလုံးကြီး ကွဲပြား၍ ပုထုဇန်ဖြစ်သော ရဟန်းသံဃာတော်များတို့ ဝိဝါဒါမိကရုဏ်းဘေး ကြီးဖြင့် နှိပ်စက်လေရာ ပလလဲတောမှာ ဝါဆိုတော်မူပါသည်။ ထိုသို့ဝါဆိုတော်မူစဉ်အခါအလုပ်အကျွေးမထားဘဲ ပလလဲဆင်မင်း၏ လုပ်ကျွေးခြင်းကိုသာ ခံ၍နေပါသည်။ တနေ့သောအခါ တန်ခိုးတော်အားဖြင့် ပလလဲဆင်မင်းကို နောက်ပါခေါ်တော်မူပြီးလျှင် ဟိမဝန္တာတောမှစ၍ တောတောင်အရပ်များကို ဝနစာရီကြွချီတော်မူရာ ဇမ္ဗူဒီပမည်သော ဤမြန်မာပြည်ကြီးသို့ ဆိုက်ရောက်တော်မူလာပါသည်။ ပထမရွှေဦးစွာ တောင်ငူမြို့တော်၏အရှေ့ မြတ်စောညီနောင်တောင်တွင် ခေတ္တရပ်တန့်တော်မူပြီးလျှင် ပလလဲဆင်မင်းနှင့်အတူ "**နေရောင်ပြ**"အရပ်တွင် ဆိုက်တော်မူရာ လွန်စွာမွေ့လျော်ဘွယ်ကောင်းသော ကုန်းအပြန့်နှင့် ကြာအင်းကြီးတခုကို တွေ့တော်မူပါသည်။ ပလလဲဆင်မင်း ကလည်း ကြာမျိုးငါးပါးတို့နှင့်ပြည့်စုံသော နေရောင်ပြကြာအင်းကိုမြင်ရာ လွန်စွာဝမ်းမြောက်လှသည်နှင့် ဤဌာနတွင် နေ့သန့်တော်မူရန် သင့်လျော်ပါသည်ဘုရားဟူ၍ လျှောက်ထားရာ ရှင်တော်မြတ်ဘုရားလည်း ပလလဲဆင်မင်း၏ လျှောက်ထားချက်ကို သည်းခံတော်မူပြီးလျှင် နေရောင်ပြကုန်းတွင် တနေ့မျှ သီတင်းသုံးတော်မူပါသည်။(မြတ်စွာဘုရား ရွှေလက်ထက်တော်အခါ နေရောင်ပြကုန်းနှင့် နေရောင်ပြအင်းသည် မြို့ရွာမနီးသော တောကြီးအတွင်း၌ တည်ရှိပါသည်)

မြတ်စွာဘုရားသည် နေရောင်ပြကုန်း၌ စမ္မခဏ်းကိုခင်းတော်မူပြီးလျှင် လကျ်ာနံပါးဖြင့် စက်လျောင်း၍ ဖလသမာပတ် ချမ်းသာကို ဝင်းစားတော်မူပါသည်၊ ပလလဲဆင်မင်းသည် ကြာအင်းကြီးအတွင်းသို့ သက်ဆင်းပြီးလျှင် ကြာစွယ်၊ကြာရင်းတို့ကိုနုတ်၍ ရှင်တော်ဘုရားအား ဆက်ကပ်ရာမြိန်ရှက်စွာ ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ဘုန်းတော်ကြီးလှသော မြတ်ဘုရားသည် နေမွန်းတည့်အချိန်တွင် ရေသနုပ်တော်ကို ဝတ်ဆင်၍ နေရောင်ပြကြာအင်းကြီးအတွင်း၌ ရေသုံးသပ်တော်မူပါသည်။ ရေသုံးသပ်တော်မူပြီးနောက်တဘန် နေရောင်ပြကုန်း၌ သီတင်းသုံး

တော်မူပြန်ရာ နတ်ပေါင်းများစွာတို့သည် မြတ်စွာဘုရားအထံတော်သို့ လာရောက်၍ တရားတော်ကိုနာကြရာ ရှင်တော်မြတ်ဘုရားလည်း မဟာသမယသုတ္တန်နှင့်တကွ ဒါနကထာ, သီလကထာ စသော တရားတော်များကို ဟောကြားတော်မူရာ နတ်ပေါင်းများစွာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြပါသည်။

ထိုသို့တရားဟောတော်မူပြီးနောက်ထိုတောတောင်တွင်ကျက်စား၍နေသောသားအဘဖြစ်သည့် တောဆင်နှစ်စီးသည် တော၌အလေ့ ပေါက်ရောက်သော ကြံများကို နှာမောင်းဖြင့်ဆောင်၍ရှင်တော်ဘုရားအား ကပ်လှူသည်တွင် ပလလဲဆင်မင်းသည် ထိုကြံတို့ကို အရေညှစ်၍ ကြံရေအဖျော်အဖြစ်ဖြင့် မြတ်စွာဘုရားကို ဆက်ကပ်ရာ သုံးဆောင်တော်မူပြီးလျှင် တောဆင်နှစ်စီးကိုရှု၍ ပြုံးတော်မူပါသည်။ ပြုံးတော်မူသောအကြောင်းကို ပလလဲဆင်မင်းက လျှောက်ထားရာ ရှင်တော်မြတ်ဘုရားက ဤသို့မိန့်တော်မူပါသည်။

'အို—ပလလဲဆင်မင်း။ ဤဆင်သားအဘသည် ငါဘုရင်းအားကြံတို့ဖြင့် ရိုသေစွာပူဇော်လှူဒါန်းပေး၏။ ထိုကုသိုလ်ကြောင့် ဆင်သားအဘသည် ဤနေရောင်ပြအရပ်ကို အုပ်စိုး၍ဘုန်းတန်ခိုးကြီးသော မင်းရောင်များဖြစ်ကြလတ္တံ့။ ဤနေရောင်ပြတွင် နန်းတည်၍ စံကြလတ္တံ့။ ငါသီတင်း သုံးတော်မူရာ ဖြစ်သော ဤနေရောင်ပြကုန်း သည် ကမ္ဘာဆုံးသည်တိုင်အောင် အယုဇ္ဈအောင်မြေဖြစ်၍ ထိုအရပ်ကို အမှီပြုသောမင်းတိုင်းပင်လျှင် ရန်အပေါင်းကို အောင်မြင်ကြကုန်လတ္တံ့။ ဤနေရောင်ပြကြာအင်းကြီးသည် အမြဲတည်သောအင်းမဟုတ်ဘဲ ရံခါအင်းဖြစ်၍ ရံခါညီညွတ်သော မြေပြင်ဖြစ်လတ္တံ့။ ကြာအင်းပျောက်၍ ညီညွတ်သော မြေအဖြစ်သို့ ရောက်တိုင်းဤဌာနတွင် ဘုရင်ကေရာဇ်တို့၏ ထီးနန်းစိုက်ရာမြေ ဖြစ်လတ္တံ့။ မြို့ပြပြည်ရွာ သာယာစည်ပင်လတ္တံ့။ သာသနာတော် နှစ်ထောင့်လေးရာကျော်သောအခါ ဤနေရောင်ပြ အနီးတွင် သိမ်ကြီးကို သိမ်ပေါ်လတ္တံ့။ ပြာသာဒ်ကိုးဆောင်ပေါ်လတ္တံ့။ ဤနေရောင်ပြအနီးတွင်လမ်းကြီးတောင်မြောက် ထွင်လတ္တံ့။ ငါဘုရား၏သာသနာတော်ကို ကောင်းစွာချီးဆောင်၍ ထွန်းကား၊ အောင် ပြုစုသောမထေရ်တပါး ပေါ်လတ္တံ့။

ဤသို့သော သိုက်သမိုင်းများကို ဘုရားကျွန်တော် ကြားသိမှတ်သားဘူးပါသည် ဘုရား။ ဤသိုက်သမိုင်း၌ ကြံလှူသော ဆင်သားအဘဆိုရာတွင် အဘဖြစ်သောဆင်သည် ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်ပင် ဖြစ်လာသည်ဟု ဘုရားကျွန်တော်မျိုး ထင်မြင်ပါသည်။ သားဖြစ်သော ဆင်မှကား ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်မှ ဘွားမြင်လတ္တံ့သော သားတော်ရတနာပင် ဖြစ်ပါလိမ့်မည်ဟူ၍ ရဲရင့်စွာ လျှောက်တင်လေ၏။ မင်းကျီးညိုလည်း ရှင်ထွေးနာသိန်၏ လျှောက်ချက်ကို ကြားတော်မူရာ၊ မင်းကြီးညိုသည် မည်သို့မျှ မိန့်တော်မမူဘဲ နှစ်သက်တော်မူသော လက္ခဏာဖြင့် ပြုံးတော်မူသည်။

ထို့နောက် အမိန့်တော်အတိုင်း နေရောင်ပြတွင် စံနန်းတော် ဆောက်လုပ်ကြရသည်။ စံနန်းတော်ပြီးလျှင်စစ်သည်ဗိုလ်ပါနှင့်ထွက်၍ ယာယီအဖြစ်ဖြင့် စံမြန်းတော်မူသည်။ထိုနေရောင်ပြစံနန်းတော်တွင် မင်းကျီးညိုသည် မကြာမကြာထွက်၍ စံတော်မူလေ့ရှိသည်။ နေရောင်ပြစံနန်း

တော်တွင် စံတော်မူဆဲအခါ ရမည်းသင်း, ညောင်ရမ်းစသော မြောက်တခွင်မြို့ရွာတို့မှ အင်းဝဘုရင်၏ ကျွန်ကော်မျိုးဖြစ်သော မြို့စား, ရွာစားတို့သည် များစွာ ဝင်ရောက်လာကြ၏။

(မှတ်ချက်။ "နေရောင်ပြ" အရပ် ဆိုသည်ကား ယခု ပျဉ်းမနားမြို့၏မြောက် မြန်မာတတိုင်ခန့်ကွာ မီးရထားလမ်းအနီးတွင် ရှိသည်၊ နေရောင်ပြအင်းကြီးလည်း ယခု အထင်အရှားရှိသည်။ နေရောင်ပြတွင် ယခုတိုင် နန်းတော်ရာဟု ခေါ်ကြသော နေရာတခု ရှိသည်။ ထိုနန်းတော်ရာသည် မင်းကျီးညို၏ နန်းတော်ရာပင် ဖြစ်သည်)

အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီး တောင်ငူသို့ ချီတော်မူစဉ်အခါကလည်း ထို"နေရောင်ပြ"တွင် ခေတ္တ ယာယီနန်းဆောက်၍ စံမြန်းတော်မူဘူးသည်။

---

# အခဏ်း(၃)

## ငန္ဒဲ့ကုန်းမြို့၏ ကျက်သရေ

သက္ကရာဇ် (၈၇၅) ခုနှစ်တွင် "သူရကျော်ခေါင်ဘွဲ့ခံ ငန္ဒဲ့ကုန်း"မြို့သူကြီးနှင့် မြို့သူကြီးကတော်တို့ ပြောဆိုတိုင်ပင်နေကြသည်မှာ—

မြို့သူကြီး—

တောင်ငူမြို့ မင်းကျီးညို၏ ဘုန်းသမ္ဘာတော်များဟာ ယခုအခါမှာဖြင့် ထောင်ရောင်နေမင်းကဲ့သို့ တဝင်းဝင်း တပြောင်ပြောင် တိုးတက်ထိန်းလင်း နေတော့တာဘဲ၊ ဟို-အညာအင်းဝမြို့တော်မှာ စိုးစံတော်မူတဲ့ "ရွှေနန်းကြော့ရှင်"လဲ ဘုရင်မင်းကျီးညိုနှင့် လက်ရုံးအင်အားမမျှသဖြင့် ထိတ်လန့်စိုးရွံ့တော်မူပြီး တောင်ငူနေပြည်တော်ကြီးကို ခန့်ညားတော်မူနေရပြီ၊ ဟို-အောက်ဟံသာဝတီက တလိုင်းဘုရင်လဲ မင်းကျီးညို၏ လက်ရုံးကြောင့် နှလုံးစိုးရွံ့လျက် ဘုန်းတန်ခိုး ခပ်ကြုံ့ကြုံ့ ဖြစ်တော်မူနေရပါပကော၊ နောင်အနာဂတ်အခါ တောင်ငူမြို့ကြီးရဲ့ ဘုန်းသမ္ဘာက မြန်မာနိုင်ငံအလုံးစုံကို လွှမ်းခြုံအုပ်စိုးလိမ့်မယ်လို့ထင်တယ်။

သူကြီးကတော်—

မောင်မင်းထင်တဲ့အတိုင်းဘဲ မှန်ပါလိမ့်မယ်၊ ယခုအခါ ပေါင်းလောင်းမြစ်နှင့် ခပေါင်းမြစ်တို့၏ ဆုံရာဌာနအနီးမှာ ကေတုမတီ နေပြည်တော်ကြီးကို တည်ထောင် ဖန်ဆင်းတော်မူ၍ စံနေတော်မူပြန်ရာ သာလို့ပင် ဘုန်းတော်, တန်ခိုးတော်များ တိုးတက် ထွန်းကားတော် မူပြန်တယ်၊ ယင်းတော် ညောင်ရမ်းနှင့် သင်းကြီး, မိတ္ထီလာမြို့သို့တိုင်အောင် မြောက်တခွင်မှာ ရှိကြတဲ့ တိုင်းသူပြည်သား လူအများတို့လဲ တောင်ငူမြို့သို့ပြောင်းပြီး မင်းကျီးညို၏ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံကြသည်မှာ လွန်စွာများပြားသဖြင့် ပျဉ်းမနား, ငန္ဒဲ့ကုန်းတခိုမှာ မြောက်တခွင်က ပြောင်းရွှေ့လာကြတဲ့လူညီးတွေဟာ သိန်းသောင်းများစွာ ရှုပ်ထွေးနေပုံများကိုလဲ အထင်အရှား တွေ့မြင်နေရတယ်မဟုတ်လား။

သူကြီး—

ယခု ကျုပ်စိုးအုပ်နေတဲ့ ငနွဲကုန်းမြို့ဟာ ဟို-ယခင်အခါကတော့ ရေလွှဲ ငါးခရိုင်တွင် ပါဝင်၍ အင်းဝဘုရင်စိုးပိုင်တဲ့ ခရိုင်နယ်ပယ်ဖြစ်ခဲ့တယ်။ ,။တောင်ငူ မင်းကျီးညို၏ ဘုန်းသမ္ဘာက ရှက်ဖြာ ကွန့်မြူးလာတဲ့အတွက် ယခုတော့ အင်းဝဘုရင်၏ လက်တော်မှလွှတ်ပြီး တောင်ငူဘုရင်စိုးပိုင်တဲ့ ခရိုင်အဖြစ်သို့ ရောက်လေတော့ ရှေးကထက်ပင် စည်ပင် ဝပြော၍ ရွာနေအိမ်ခြေများလဲ အတိုင်းထက်အလွန် စည်ကားလာတယ်၊ ဘုန်းကြီးတဲ့မင်းတို့၏ အရိပ်ကို ခိုလှုံရတယ်ဆိုတာ လွန်စွာ ချမ်းသာတာကလား-ရှင်မ။

သူကြီးကတော်-

ဘုန်းကြီးတဲ့မင်း၏ တန်ခိုးကြောင့် ထင်ပါရဲ့၊ မိုးများလဲ ရှေးကထက် ကောင်းမွန်ပြီး ကောက်ရင်း, ကောက်ကြီး, မှစ၍ အသီးအနှံများဟာလဲ ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် ဆယ်ဆထပိုး တိုးတက်နေတယ်၊ သို့အတွက်ကြောင့် တောင်ငူဘုရင် မင်းကျီးညိုအား ရွှေသမ္ဘာဆင့်ဆင့် တိုး၍ ဘုန်းတန်ခိုး တောက်လင်းလျက် အမင်းပင်းတို့ ဦးညွှတ်ရာ ဖြစ်ပါစေသားလို့ ကျွန်မဖြင့် နေ့စဉ်မပြတ် ဆုတောင်းနေတာပါဘဲ။

သူကြီး—

သမ္ဘာဘုန်းရှိန် တထိန်ထိန်နှင့် ရာဇိန်သနင်း တရားမင်းတို့ကိုတော့ တိုင်းသူပြည်သား လူအများတို့က တရားသဖြင့် ကြည်ညို၍ နေဇာညိုသပြေပန်းနှင့် ရည်မှန်းကာ အောင်ဆုတောင်, စမြဲပေါ့ ရှင်မရယ်။ ။ယခု အင်းဝ နေပြည်တော်မှာလဲ ညီတော်များနှင့် တကွ ဆွေတော်, မျိုးတော်,များက ဘုရင့်အာဏာကိုမခံဘဲ တော်လှန် ခြားနားခြင်း များလှသဖြင့် အုပ်မနိုင်စီးမရဘဲ မီးထသလို ဆူဆူပူပူ ဖြစ်နေတယ်။ ။"မိုးညှင်းစော်ဘွား" ကလဲ ဗိုလ်ပါအင်အားစုဆောင်းပြီး မြန်မာပြည်အလုံးကို သိမ်းကျုံးမလိုလို သတင်းဖြစ်ပွားနေတဲ့အတွက် ရှမ်းများ၏ ရန်ကလဲ တဘက်ဖြစ်နေလို့ အင်းဝဘုရင်မှာ လွန်စွာ စိုးရိမ်တော်မူနေပကော။ ။အင်းဝဘုရင်၏ လက်ရုံးတဆူ အရေးမူလောက်တဲ့ "ရာဇသင်္ကြံန်"လဲ တောင်ငူ ဘုရင်နှင့် စစ်ချင်းပြိုင်တဲ့ ပွဲမှာ ကျဆုံးလို့ လက်ရုံးပြုတ်သလောက်ဖြစ်နေတယ်။ ။ဩော်-လောကမှာ ကမ္ဘသကာ ဆိုတဲ့ တရားဟာ အလွန်မှန်တာကလား ရှင်မရယ်၊ ကံကြမ္မာယိမ်းယိုင်လို့ ဘုန်းသမ္ဘာ မခိုင်မှုဖြင့် အခေါင်တိုင်အောင် ကြီးမြင့်နေတဲ့ ပုဂ္ဂိုလ်များသော်လဲ ဗုံးကနဲ လဲကျရတာမျိုးကဘဲ။

သူကြီးကတော်-

ဩော် – စကားစပ်မိလို့ ပြောရအုံးတော့မယ် "နိုင်ငံရေးထက်-ကိုယ်ရေးခက်" ဆိုတဲ့ စကားအတိုင်း ကျွန်မနှင့် မောင်မင်းတို့မှာလဲ ယခုလို ဘယုတ်ဘယက်နှင့် ရှုတ်ရှုတ်ရှက်ရှက် ခေတ်အခါကြီးထဲမှာ စိတ်မချနိုင်စရာ လက်ကိုင်ကလေးတခု ရှိနေလို့ ခက်တဲ့အခက်က တိုင်းရေးပြည်ရေးထက် အရေးကြီးနေတာဘဲ၊ ကျွန်မဖြင့် တပ်တော်တွေ ချီလာတိုင်း တလန့်လန့်, တထိတ်ထိတ်နှင့် စိတ်ကိုအငြိမ်မထားနိုင်အောင် ဖြစ်နေတယ်။

သူကြီး—

သမီးကလေး "ခင်ဦး" အတွက် ပြောတာလား ရှင်မရဲ့။

သူကြီးကတော်—

မှန်ပါတယ်၊ အရွယ်ကလဲ ဆဲ့ရှစ်နှစ်လောက် ရှိလာတော့ ခင်ဦးအတွက် ခက်ထာပေါ့၊ ခေတ်ကာလကလဲ မငြိမ့်တငြိမ်မို့ အိမ်ထဲကတောင် မထုတ်ဝံ့အောင် ရှိနေတာဘဲ။ ။မြို့သူကြီး ရာထူးနှင့် သူကောင်းမြောက်ခြင်းကို ခံရတဲ့အတွက် တပ်တော်တွေ ချီလာပြီ ဆိုမှဖြင့် ဗိုလ်မှူး၊ စစ်ကဲ၊ နားခံ၊ သွေးသောက်၊ တို့မှစ၍ လာလိုက်ကြတဲ့ လူတွေကလဲ သောက်သောက်လဲ နေတာဘဲ။ ။ချောချောနုနုကလေး မြင်ပြီဆိုလျှင် လိုချင်လိုက်တဲ့ လူတွေကလဲ အများအပြား၊ ကိုယ်နှင့် ထိုက်မထိုက်တော့ မစဉ်းစားကြတော့ဘူး၊ မှောက်မှောက်မှားမှား ဖြစ်သွားမှာကို ကျမဖြင့် စိုးရိမ်နေတာဘဲ၊ သမီးကလေးကလဲ သည်တယောက်ထဲ ရှိနေတဲ့အတွက် ဘယ်လိုလူနှင့်မှ စိတ်မချနိုင်အောင် ရှိနေတယ် သူကြီးမင်းရဲ့။

သူကြီး—

အင်း–စိုးရိမ်ရင်လဲ စိုးရိမ်စရာဘဲ၊ မင်းမွေးထားတဲ့သမီးက ထိုးနန်းနှင့်တော်အောင် ချောတာကိုကွဲ့ ရှင်မရဲ့။ ။အိမ်ခန်းထဲမှာ လှောင်ပြီး ထောင်ချထားသလို ဝှက်ထားရတာလဲ သမီးလေးရဲ့ဒုက္ခဘဲ။ ။မိဘစကားကို နားထောင်တဲ့ အရာမှာလဲ ဘယ်ဟာတခုကိုမှ တော်လှန်တယ်လို့ မရှိရှာဘူး၊ လိမ္မာတဲ့ အလိမ္မာမှာတော့ ဘဝ,ဘဝက ပါရမီအဆက် ပါလို့ထင်ပါရဲ့၊ ရတနာသုံးပါးနှင့် တက္က ဂါ၍ဝ, နိဝါတ, မင်္ဂလာနှင့် သဒ္ဓါကြည်ညိုပုံမျိုးကို အသက်ကြီးတဲ့သူများတောင် အတုခိုးလို့ မရအောင် လိမ္မာရှာပေတယ်။ ။အင်း–ရုပ်ဆင်းအင်္ဂါကို ဆိုပါအုံးတော့ ကျမ်းဂန်များမှာလာတဲ့ ကောင်းခြင်း ငါးဖြာနှင့် ညီညွတ်ပြည့်စုံပြီး သူ့ပုံ သူ့ပန်းက ဆန်းကြယ် ထူးမြတ်တဲ့အတွက် မြင်ရသူတကာမှာ မေတ္တာနှင့်အလေးမူပြီး အရေးမယူဘဲ မနေနိုင်အောင်ပင် ဂုဏ်ရှိပေတယ်။ ။မိန်းမဆိုတာ ကြန်အင် လက္ခဏာနှင့် ပြည့်စုံ၍ သမ္မာဂုဏ်ရှိလာပြီ ဆိုမှဖြင့် ရတနာ ခေါ်ဆို ထိုက်တယ်လို့ ဆိုရတယ်။ ။ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, သမီးကညာ-ရတနာ,ဆိုတာ လောကမှာ လွန်စွာရှားတာမျိုးကလား၊ အဘိုးနှိုင်းစာ မပြတ်သာဘူးငဲ့ ရှင်မရဲ့။ ။ရတနာ ခေါ်ထိုက်အောင် ထူးမြတ်လာပြီ ဆိုမှဖြင့်လဲ ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါလာတဲ့အတွက် "ဘုန်းချင်းတန်မှ-ကံချင်းမျှ" တဲ့သူများနှင့် တွေ့ကြုံစမြဲမို့ စိုးရိမ်စရာလဲ မရှိလှပါဘူး၊ မယ်မင်းကြီးမက သမီးရတနာကလေးအတွက် တင့်ကွက်ကွက်နှင့် အစိုးရိမ်ကြီးမနေပါနှင့်၊ သူ့ဘုန်း,သူ့ကံနှင့် အရံသင့် ဖန်တီး လာပါလိမ့်မယ်။ ။ဘုန်းကံ မရှိတဲ့သူများနှင့် မတော်မတရား မှောက်မှောက် မှားမှား ဖြစ်လိမ့်မယ်လို့ မထင်ပါနှင့်၊ ပိင်္ဂုတ္တရ လုလင်နှင့် ဥဒုမ္ဗရဒေဝီတို့ထုံးလဲ အရှိသားဘဲ။ ။ဥဒုမ္ဗရဒေဝီဆိုတာက ရတနာမျိုးမှန်အဘိုးတန်မိန်းမ ဖြစ်တယ်၊ ပိင်္ဂုတ္တရကတော့ ဘုန်းမဲ့, ကံမဲ့နှင့် ဖွဲ့သလဲ့လို လူမျိုး ဖြစ်တယ်၊ တက္ကသိုလ်ဆရာကြီးက သမီးကညာ ရတနာအစစ်ကို သူချစ်တဲ့တပည့်ဦးနှင့် လက်ထပ်လိုက်သော်လဲ ကြည့်စမ်းပါအုံး နောက်ဆုံးကျတော့ သူ့ဘုန်းနှင့် သူ့ကံ အရံသင့် နေရာချလိုက်တော့ ဥဒုမ္ဗရဒေဝီမှာ မဟေသီ မိဖုရားခေါင်ကြီး ဖြစ်သွားတယ်၊ ကိုပိင်္ဂုတ်မှာတော့ ကူလီ လုပ်ရတဲ့

အတန်းက မတက်ဘူးဆို မဟုတ်လား။ ။အဲဒါကြောင့် မဟောသဓါက ဝိဒေဟရာဇ်မင်းကြီး လျှောက်တဲ့အခါ "ဘုန်းရှိသူနှင့် ဘုန်းမဲ့သူတို့ဟာ ဘယ်အခါမှာမှ စပ်လို့မရနိုင်ပါ၊ မြေနှင့်ရွှေကို အရေကျိုကာပေါင်းစပ်၍ မရသလိုပါဘုရား" လို့ လျှောက်ထားတာပေါ့။

## မဟောသဓာလျှောက်ချက်

သိရိစ ကာလကဏ္ဏိစ၊ န, သမေန္တိ ကုဒါစနံ။
သိရိစ၊ ဘုန်းကံထူးထွေ၊ ကျက်သရေရှိသော သူသည်၎င်း။
ကာလကဏ္ဏိစ၊ ဘုန်းမဲ့ ကံမဲ့ ချို့ငဲ့သေးသိမ် အရှိန်မဲ့စွာ သူယုတ်မာသည်၎င်း။
တေ၊ ထိုနှစ်ဦးတို့သည်။
ကုဒါစနံ၊ တရံတဆစ် ဘယ်ခါခေတ်မှ။
နသမေန္တိ၊ မဆုံမတွဲ မနွဲမရှင်နိုင်ကြကုန်။

သူကြီးကတော်—

မောင်မင်းပြောပုံ ထောက်ထားတော့ စိတ်များခပ်အေးအေး ဖြစ်အားရပေတယ်။ သို့ကလေးခင်ဦးရဲ့ ထူးဆန်းပုံကို ပြောစမ်းပရစေအုံး၊ ဘခင်လုပ်တဲ့လူကလဲ သည်လောက် ချောတာမဟုတ်၊ မိခင်လုပ်တဲ့ကျွန်မကိုလဲ မောင်မင်းအသိသားဘဲ၊ နှစ်ဦးပေါင်းပြီး အကြောင်းရှိတဲ့ အတိုင်း မွေးဘွားလာတော့ အမိကိုလဲမတူ၊ အဘကိုလဲမတူ၊ အမှုပုံပန်းတမျိုးနှင့် အရိုးအဆစ်ကလဲပြေပြစ်၊ အသားကလဲရွှေအစစ်၊ ငွေနှစ်ဘော်ကျူလို စင်ဖြူတဲ့သွားကလေးတွေကလဲ စီရရီ၊ နှုတ်ခမ်းနီပုံကပတ္တမြား၊ လက်ဖဝါး ခြေဖဝါးကလေးတွေလဲ နုနု၊ သွေးချေကလေးတွေ ဥလို့၊ စက္ခုဆိုတဲ့ ရတနာအစုံကလဲ ပဏ္ဏာလုံတဲ့ နီလာအသွေးကဲ့သို့ ကတ္တီပါအမွေးဝါဂွမ်းဆိုင်လို ညာနန်းပိုင်ဖြစ်ထိုက်တဲ့ မြောက်ကျွန်းသူလေးလို့ ကျွန်မဖြင့်ဆိုချင်တာဘဲ။ ကျွန်မတို့လဲရွှေကိုစားပြီး မွေးရတာမဟုတ်ဘဲနှင့် ထူးထူးကဲကဲ ဘာကြောင့် သို့ကလောက်လှရတာလဲ "လူမှာအမျိုး၊ ကြက်မှာအရိုး" ဆိုတဲ့စကားဟာ ကျွန်မတို့ သို့းကလေးနှင့်တော့ အတော်ကြီး ကွာနေတာဘဲနော်။

သူကြီး—

သတ္တဝါဆိုတာ သူ့ကံနှင့်သူလာတာဘဲ၊ မိသော ဘသော နှိုင်းယှဉ်လို့ မပြောထိုက်ပါဘူး၊ မိဘက အကျည်းတန်သော်လဲ သူ့ကံက ချောလာပြီဆိုမှဖြင့် မိဘကို တူနိုင်ပါတော့မလား၊ အမျိုးညံ့တဲ့ မြည်းမှ,က အဿထိုရ်ရမြင်းပျံကို ဘွားမြင်တယ်ဆို မဟုတ်လား။ဟို—ပုဂံမြို့ ကောင်းစားစဉ်အခါတုံးက ရှမ်းပြည် တောတောင် အရပ်က မွေးဘွားတဲ့ "ဝေဠုဝတီ" ကလေးဟာ ရှေးကံပါလာတော့ မဟာဆန်အောင်ချောသဖြင့် ပြောလို့မပြီးအောင် နာမည်ကြီးပုံများကိုလဲ ကြားဘူးတယ်မဟုတ်လား၊ ကံအကျိုးပေးပုံဆိုတာ မကြံအပ်မကြံရာ လွန်စွာ ထူးဆန်းသတဲ့၊ ရှင်မရဲ့ သမီးရတနာကြောင့် ဘာမျှ စိုးရိမ်စရာမရှိဘူးလို့သာ မှတ်ထားပါ။ ဤသို့ပြောဆိုကာ နေကြစဉ် ပျဉ်းမနားမြို့သူကြီးသည် နောက်ပါ လူနှစ်ကျိပ်လောက်နှင့် အရေးတကြီး မြင်းစီး၍ လာသည်နှင့် သို့းစကားကို ဖြတ်ထားလိုက်ကြလေသည်။

ပျဉ်းမနားမြို့သူကြီးက ယခုဘုန်းတော်ကြီးဘုရား 'နေရောင်ပြစံနန်းတော်'မှာ စံနေတော်မူခိုက်ဖြစ်၍ ကျွန်တော်တို့လဲ လက်ဆောင်ပဏ္ဏာတော်များနှင့် အခစားဝင်ရောက်မှ သင့်မယ်။ နေရောင်ပြစံနန်းတော်မှာ ဗိုလ်ရွှံ၍နေတော်မူရာ ရမည်းသင်းမြို့,ဝတီးမြို့,ဘဒြ မြို့,ညောင်ရမ်းမြို့ ယင်းတော်မြို့မှစ၍ မြောက်တခွင်မှာရှိသော မြို့စား,ရွာစား,မြို့သူကြီးများလဲ ဘုန်းတော်ကြီးဘုရားထံသို့ လက်ဆောင်ပဏ္ဏာနှင့်တကွ ရွှေဘုန်းတော်အရှိန်ကို ခိုလှုံဝင်ရောက်၍ လာကြတယ်။ ညောင်ရွှေ,ရပ်စောက်,မိုးပြဲ,နောင်မွန်, အစရှိသော ရှမ်းပြည်တလွှမ်းမှာလဲ အခစား ဝင်ရောက်ကြတယ်၊ ယခု ဘုန်းတော်ကြီးဘုရား၏ အကြံတော်မှာ အင်းဝမြို့သို့တိုင်အောင် ချီတက် တိုက်ခိုက် သိမ်းပိုက်တော်မူမဲ့ လက္ခဏာဘဲ'ဟု စတင်ပြောဆိုရာ၊ ငန္ဓဲကုန်းမြို့သူကြီးက "ကျွန်ုပ်တို့အရှင်သခင် ဖြစ်တော်မူတဲ့ ဘုရင်မင်းကြီးမှာ ယခုအခါ အလျံဝါရောင်မပါတ် တတောင်ဟပ်သော ရဟတ်မောရာ ဖလ်စကြာကဲ့သို့ ဘုန်းသမ္ဘာထွန်းတက်တော်မူဆဲ ဖြစ်နေတဲ့အတွက် လက်ရုံးတော်ဆန့်တန်း၍ ရွှေဘုန်းတော်အစွမ်းဖြင့် ကြံစည်တော်မူပါလျှင် မြန်မာနိုင်ငံ မွန်နိုင်ငံမျှမက ဒက္ခိဏဇမ္ဗူညာကျွန်းငူကိုပင် သိမ်းယူတော်မူနိုင်သည့် သမ္ဘာတော်နှင့် ပြည့်စုံကြောင်းများကလဲ အထင်အရှားဖြစ်နေတဲ့အတွက် အင်းဝမြို့တော်မျှလောက်ကို ခက်ခဲရန်မရှိ။ ဗုဒ္ဓသာသနာကိုလဲ ဒါယကာခံတော်မူလိုသော ရွှေနှလုံးတော် ကိန်းဝပ်တော်မူသော အရှင်ဖြစ်၍ အထက်အင်းဝနိုင်ငံမှာ သာသနာကို မကြည်ညိုတဲ့ ရှမ်းများက ရမ်းကား နှောက်ယှက်မည့်အရေးကိုလဲ တွေးတောစိုးရိမ်မိတဲ့ လက္ခဏာလဲရှိပါတယ်'ဟူ၍ မင်းကျိုးညို၏ ဘုန်းတော်များ ချီးကျူးပြောဆိုကြပြီးလျှင် နောက်ပါငယ်သားတို့နှင့်တကွ မြင်းစီး၍ ဘုရင်မင်းမြတ်စံနေတော်မူရာ နေရောင်ပြ စံနန်းတော်သို့ သွားရောက် ခစားကြလေ၏။

ထိုခေတ်အခါတွင် ငန္ဓဲကုန်းသူကြီး 'သူရကျော်ခေါင်'၏သမီးဖြစ်သူ'ခင်ဦး'ချောကြောင်း, လှကြောင်း,ကျက်သရေနှင့် ပြည့်စုံကြောင်းများကိုလည်း သတင်းကျော်စော၍ နေလေရာ၊ ငန္ဓဲကုန်းသူကြီးသည် သမီး၏အရှိန်ကြောင့် သွားလေရာရာမှာ မျက်နှာပွင့်လန်းလျက် ရှိလေသည်။ မှူးမတ်သေနာပတိမှစ၍ တပ်မှူး,သွေးသောက်များသို့ တိုင်အောင် ငန္ဓဲကုန်းသူကြီးကိုသိကျွမ်း၍ နေကြသဖြင့် မင်းမှုစိုးခွင် ထွက်ဝင် ခစားခန်းတို့မှာလည်း မျက်နှာကြီးသော မြို့သူကြီးတဦးဖြစ်လေသည်။

ငန္ဓဲကုန်းမြို့သူကြီး၏ စိတ်ထဲ၌လည်း သမီး'ခင်ဦးကို မင်းကြီးကို ဆက်သလိုသော ဆန္ဒရှိ၏။ သို့ရာတွင် မိမိမှာ လွန်စွာအောက်တန်းကျလှသော မြို့သူကြီး ရာထူးကလေး၌သာ တည်နေရသောကြောင့် ထူးထူးချွန်ချွန် အမွန်အမြတ်ကြီးလုပ်ကာ သမီးကိုဆက်သရန် လှမ်းနိုင်သောအခွင့်မရှိသဖြင့် ရတနာအမျိုးမှန်ရှိပါသော်လည်း ထိုရတနာကို လုံခြုံစွာ သိုဝှက်၍ထားရသော အခြေ၌သာ တည်နေရရှာလေသည်။

---

# အခဏ်း-၄

## ကန်တော်ဆည်ဖို့ခြင်း။

မင်းကျီးညိုသည် ရံခါရံဖန် ကေတုမတီ နေပြည်တော်ကြီး၌ စံနေတော်မူသည်။ ရံခါရံဖန် နေရောင်ပြစံနန်းတော်မှာ စံတော်မူ၍ မြောက်ခွင်တလွှားနှင့် ဆိုင်သော တိုင်းရေးပြည်မှုများကို စီမံတော်မူသည်။ ရံခါရံဖန် ဟံသာဝတီနယ်စပ်, ပြည်နယ်စပ်, တောင်တွင်းကြီးနယ်စပ်များကို ဗိုလ်ပါအများနှင့် ထွက်တော်မူ၍ ကေတုမတီ နိုင်ငံတော်ကြီး၏ လုံခြုံကြောင်းများကို စီမံတော်မူသည်။

သက္ကရာဇ်(၈၇၆)ခုနှစ် မိုးဦးကျအခါ နေရောင်ပြစံနန်းတော်၌ စံနေတော်မူခိုက်အခါ အလွန်တရာ သည်းထန်လှစွာသော မိုးများရွာသွန်းလေသဖြင့် ဆင်သေချောင်း,ငါးလိုက်ချောင်း, ရေနီချောင်း,ပေါင်းလောင်းမြစ်မှစ၍ မြစ်ချောင်းအတန်တန် ဆည်ကန် အိုင်,အင်းတို့၌ တင်းကြမ်း ရေပြည့်လျှံ၍ နေလေရာ ပျဉ်းမနားမြို့(လော),ဇေယျသိန်မြို့,မြို့လှမြို့, နေရဗာန်မြို့, ကြည်တောင်မြို့များသည် တောကျေးလက်နှင့်တကွ ရေလွှမ်းမိုးခြင်းကို ခံရလေ၏။

ထိုအခါ ငနွဲကုန်းမြို့အနီးတွင်ရှိသော 'ဆင်အုံ'ကန်တော်ကြီး ကျိုးပေါက်လေရာ၊ အရှေ့တခွင် ပေါင်းလောင်းမြစ်သို့တိုင်အောင် ကျေးလက် ရွာငယ်အများတို့လည်း ရေဘေးကြောင့် ဆင်းရဲဒုက္ခ တွေ့ရကြကုန်၏။

ဤသို့ 'ဆင်အုံ' ကန်တော်ကြီး ပေါက်၍ပြည်သူသတ္တဝါအများနှင့် ကျွဲ,နွား တိရိစ္ဆာန် အပေါင်းတို့မှာ ကြီးစွာသော ဘေးဒုက္ခနှင့် တွေ့ကြုံရကြောင်းကို နေရောင်ပြစံနန်းတော်တွင် စံတော်ခိုက်ဖြစ်သော ဘုရင်မင်းကျီးညိုအား လျှောက်ထားသည်မှာ 'ယခုနှစ်ဦးမှာ' လွန်စွာ မိုးသည်းထန်လှပါသဖြင့် တိုင်းသူပြည်သား လူအများတို့မှာ ရိရှားပင်းပန်းခြင်းနှင့် တွေ့ကြုံကြရပါသည်။ ယခုလည်း ငနွဲကုန်းမြို့အနီးမှာ အစဉ်ထာဝရအားဖြင့် တည်ရှိသော 'ဆင်အုံ'ကန်တော်ကြီးလည်း အနောက် မင်းဝံရိုးမ တောင်တန်းမှ စီးဆင်းသောရေတို့၏ တိုးဝှေ့ခြင်းကြောင့် ကန်ဘောင်ကန်ရိုး ပေါက်ကျိုးခဲ့လေရာ ကန်အောက်တခွင်မှာရှိသော ကျေးလက်ရွာငယ်များသည် အရှေ့ပေါင်းလောင်းမြစ်သို့ တိုင်အောင်ပျက်ပြား ဆင်းရဲလျက်ရှိနေကြပါသည်။ ဆင်အုံကန်တော်ကြီးကိုအမှီပြုရသော လယ်ယာ ချောင်းမြောင်းတို့လည်း ပျက်စီးကြပါသည်။ ဤကဲ့သို့ကန်ကြီး မဆည်ဘဲထားခဲ့ပါလျှင် နှစ်စဉ်အမြဲဆင်းရဲသား ကျွန်တော်မျိုးအပေါင်းမှာ လယ်ယာချောင်းမြောင်းပျက်စီး၍အသီးအနှံ ချို့တဲ့ရန်အကြောင်းရှိပါသည်။ သို့ဖြစ်ပါသောကြောင့် ဘုန်းတော်ကြီးလှသော ဘုရားသည်။ တိုင်သူပြည်သား သတ္တဝါများတို့၏ အကျိုး, သာသနာတော်မြတ်၏အကျိုးကို သည်ပိုးတော်မူသောအားဖြင့် အရှင်ကိုယ်တော်တိုင် ထွက်တော်မူပြီး ထွက်တော်မူကာ ဆင်အုံကန်တော်ကြီးကို ဆည်ဖို့တော်မူသင့်ပါကြောင်းဘုရား။ ဤသို့'မင်းကြီးစည်သူကျော်ထင်' က လျှောက်တင်လေသည်။ (မင်းကြီးစည်သူကျော်ထင် ဆိုသူကား မင်းကျီးညို၏ စစ်ဗိုလ်ချုပ်ကြီးဖြစ်သည်၊ ဒွါရာဝါတီမြို့ကို တလိုင်းတို့ ဝန်းရံစဉ်က ဗိုလ်ချုပ်ပြုလုပ်၍ တိုက်ခိုက်သောသူ ဖြစ်သည်)။

လျှောက်တင်ချက်ကို ကြားတော်မူရာ မင်းကျီးညိုက 'ကန်ချောင်း ဆည်ဖို့ခြင်း ဆိုသည်မှာ ပြည်သူသတ္တဝါတို့၏အကျိုး, ဘာသနာတော်၏ အကျိုးပင် ဖြစ်ပေသည်၊ မြတ်စွာဘုရား၏ ဘိုးတော်အဥ္စနမင်းကြီး ဘေးလောင်းတော် ပုဂံပြည် အနော်ရထာမင်း, အလောင်းစည်သူမင်း, အင်းဝဘုရင် မင်းကြီး စွာစော်ကဲတို့လည်း ပြည်သူသတ္တဝါတို့နှင့် သာသနာတော်၏ အကျိုးငှါ ကန်, ချောင်း, ဆည်, မြောင်းများကို ပြုစုတော်မူကြသော ထုံးလည်း ရှိပေသည်။ ။ငါလည်း ရှေးမင်းကောင်း, မင်းမြတ်,တို့၏ ထုံးနည်းအတိုင်း ယခု ကျိုးပေါက်လျက်ရှိသော ဆင်အုံ ကန်တော်ကြီးကို ဆည်ဖို့တော်မူရန် ထွက်တော်မူမည်ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤသို့ မိန့်တော်မူပြီးလျှင် သက္ကရာဇ်(၇၇၆) ခု၊ ကဆုန်လ အတွင်းမှာပင် နေရောင်ပြစံနန်းတော်မှ ဝေါယာဉ် စီးတော်မူပြီးလျှင် နေရောင်ပြစံနန်းတော်တွင် ရှိသမျှသော စစ်သည် ရဲမက်တော် သပေါင်းခြံရံကာ ငန္ဒဲကုန်းမြို့ဟု ထွက်ချီတော်မူသည်။

ငန္ဒဲကုန်းမြို့သို့ ဆိုက်ရောက်တော်မူသောအခါ ကန်တော်ကြီးဆည် ဖို့တော်မူရေး ကိစ္စကို လျှင်မြန်စွာ ပြီးစီးတော်မူစေလိုသဖြင့် ကေတုမတီမြို့တော်မှာရှိသော ဆင်,မြင်း, ဗိုလ်ပါများကိုလည်း အမိန့်တော်နှင့် ခေါ်တော်မူသည်။

ထိုသို့ အမိန့်တော်နှင့် ဆင့်ခေါ်တော်မူရာ (၁) တောင်ခမင်းကြီး၊ (၂)ကြက်ရိုးပင်-မင်းကြီးတို့သည် တောင်ငူ ကေတုမတီမှာရှိသော ဆင်,မြင်း,ဗိုလ်ပါတို့နှင့် တကွ မင်းကျီးညိုရှိရာ ငန္ဒဲကုန်းမြို့သို့ ရောက်လာကြသည်။

မှူးမယ် ဗိုလ်ပါများ အစုံအညီ ဆိုက်ရောက်ကြသောအခါ မင်းကျီးညိုသည် ကိုယ်တော်တိုင် ကြီးကြပ်တော်မူ၍ ရဲမက်ဗိုလ်ပါ အပေါင်းတို့ကို မြေသယ်စေပြီးလျှင် ကန်ဘောင်ကို ဖို့လောင်းစေသည်၊ ဖို့ပုံသမျှသော မြေများကို လျှင်မြန်စွာ မြေသားပြကတိကဲ့သို့ ရှိစေခြင်းငှါ ဆင်တို့ကို နင်းစေသည်။ ။ထိုသို့ ကန်တော်ကြီး ဆည်ဖို့တော်မူယ ငန္ဒဲကုန်းမြို့နှင့် အနီးဖြစ်သော ပျဉ်းမနားမြို့,(လော)ဇေယျသိန်,မြို့လှမြို့,သာဝတ္ထိမြို့,ကြည်တောင်မြို့,နေရဗန်မြို့,တို့၌ ရှိနေကြကုန်သော လူအပေါင်းတို့ကိုလည်း အမိန့်တော်နှင့် ဆင့်ခေါ်တော်မူလေသဖြင့် ကန်တော်ကြီး ဆည်ဖို့ရေးကိစ္စ၌ အမှုတော်ကို ထမ်းရွက်ကြရကုန်၏။

ငန္ဒဲကုန်းမြို့တွင် တလခန့်မျှ ယာယီတဲနန်းဖြင့် စံနေတော်မူ၍ စစ်သည် ဗိုလ်ထုပေါင်းများစွာနှင့် ဆည်ဖို့တော်မူရာ ကန်တော်ကြီးလည်း ရှေးကထက်ပင် လုံခြုံ ခိုင်ခံ့ခြင်းသို့ ရောက်လေသည်၊ ရေလွှဲ, ရေလာ,ရေကာ,ရေတံခါးများကိုလည်း ခိုင်ခံ့စွာ ပြုစုတော်မူသည်။

ထိုကန်တော်ကြီး ကျိုးပေါက်ရာ မဟာသီရိဇေယျသူရ-မည်သော တောင်ငူ မင်းကျီးညိုသည် ဆင်ပေါင်းများစွာတို့ဖြင့် ဝန်းအုံ၍ ဆည်ဖို့တော်မူသောကြောင့် 'ဆင်အုံကန်တော်ကြီး' ဟူ၍ ထိုလက်ထက်တော်ကပင် အစပြုကာ အမည်သညာ ဖြစ်ထွန်းလာလေ၏။ ယခုတိုင်အောင်လည်း 'ဆင်အုံကန်တော်ကြီး'ဟူ၍ပင် တွင်လေသည်။ (ထိုကန်တော်ကြီးသည်လည်း ယခု တိုင်အောင် ပျဉ်းမနားမြို့အနောက် လယ်ဝေးမြို့နယ်တွင် ထင်ရှားစွာ ရှိပေသတည်း။)

ထိုဆင်အုံကန်တော်ကြီး ဆည်ဖို့ကြောင်းများနှင့် ရေးသားထားရှိသော ရွှေဟောင်း မော်ကွန်းတပိုဒ်ကို တွေ့ရှိရဘူးသောအတိုင်း ဗဟုသုတ ပွါးများကြစေရန် အောက်၌ထည့်သွင်း ဖော်ပြလိုက်ပါသတည်း။

## ငနွဲကုန်း-ဆင်အုံကန်တော်ဘွဲ့ မော်ကွန်းလက်ာ

ရှစ်ရာခုနစ်ဆယ်၊ ခြောက်ခုဆွယ်သား၊ မျိုးနွယ်သက္ကရာဇ်၊ ထိုသည်နှစ်ဝယ်၊ ကျိုး
ထစ်ဟုန်းဟုန်း၊ စေ့သွန်းချုန်း၍၊ နွဲကုန်းကန်ကြီး၊ လွှန်ခိုင်ဖြိုးလည်း၊ ရေစီးရေဝင်၊
လွှန်များဖြင်ကြောင့်၊ အားအင်ယိမ်းနွဲ၊ ကျိုးပေါက်ခဲ့သော်၊ တုမဲ့ဘုန်းဝှန်၊ တန်ခိုး
လွှန်သား၊ တံခွန်ကေတု၊ မြို့သစ်ပြုသည်၊ ဗာဟုသဟာယ်၊ သမ္ဘာမြတ်နှင့်၊ လူနတ်
မှီခို၊ မင်းကျီးညိုလျှင်၊ လူဗိုလ်များစွာ သိမ်းသွင်းကာတည့်၊ မဟာပြောင်မွန်၊ စီးချွန်
မားမား၊ ဆင်တော်များနှင့်၊ မြတ်ဖျား ကိုယ်တိုင်၊ လွှန်ဖြိုးခိုင်အောင်၊ ဘုန်းလှိုင်
ကြည့်ရှု၊ ဆည်ဖို့ပြုသော်၊ မေရုနှိုင်းခိုး၊ ကန်ဘောင်ရိုးမူ၊ ရေမိုးထန်ပြင်း၊ သုန်သုန်
ဆင်းလည်း၊ ကန်မင်းမလေ့၊ ပြကတေ့ဖြင့်၊မရွေ့တည်ခိုင်၊ ယိမ်းမယိုင်ဘဲ၊ မဏ္ဍိုင်
ကျောက်သား၊ ကဲ့အလားဖြင့်၊ အများပြည်သူ၊ ကိုးရာမူလျက်၊ ဖြိုးထူပြည့်စုံ၊ နယ်
ဝှမ်ခြုံသည်။ ။ဆင်အုံကန်တော် မော်ကွန်းတည်း။

ဆင်အုံကန်တော်ကြီးကို ဆည်ဖို့တော်မူစဉ် အခိုက်မှာပင် မင်းကျီးညိုသည် ရန်အောင်မြင်မြို့တွင်ရှိသော 'ရွှေလက်လှ' ဘုရားသို့ မပြတ်မပြတ် ထွက်တော်မူပြီးလျှင် ဖူးမျှော်တော်မူသည်။ ထိုရွှေလက်လှဘုရားကိုလည်း အသစ် မွမ်းမံပြင်ဆင်တော်မူသည်။

## မင်းကျီးညိုနှင့် ခင်ဦး

ဆင်အုံကန်တော်ကြီးကို ယာယီတဲနန်းတော်ဖြင့် စံတော်မူ၍ ဆည်တော်မူစဉ်အခါ မြို့စား, သူကြီး,များမှစ၍ အသီးသီးချီးမြှောက်တော်မူသော ဆောင်ယောင်, ခမ်းနားတို့နှင့် တကွ ကတော်, သား, သမီး, အခြွေအရံတို့ပါ ဘုရင်မင်းကျီးညို၏ ရွှေတော်သို့ဝင်၍ လက်ဆောင် ပဏ္ဏာတော်များနှင့် ခစားကြရာ တနေ့သောအခါ ငနွဲကုန်းမြို့သူကြီးလည်း နပူးစီးရွှေဘွဲ့ကို ဆင်၍ အခစားဝင်ရလေ၏။

ငနွဲကုန်းမြို့သူကြီး အခစားမဝင်မီ ညအခါ သမီးခင်ဦးသည် ပန်းဆီမီးတို့ဖြင့် ဘုရားကို ပူဇော်၍ ရှိခိုးဝတ်တက်ပြီးလျှင် သမာဒေဝနတ်အများကိုလည်း အမျှပေးဝေကာ မေတ္တာပို့ သ၍ အိပ်စက်လေရာ ညသန်းခေါင်ယံ အချိန်တွင် အလွန် ထူးဆန်းသော အိပ်မက်ကို မြင်သဖြင့် ရုတ်တရက်လန့်၍နိုးလေရာ 'အမေ့,အမေ'ဟူ၍ သူ့အခန်းထဲမှ အလန့်တကြားခေါ် လိုက်သဖြင့် မြို့သူကြီးကတော်လည်း ရုတ်တရက် သမီးခင်ဦး အခန်းသို့ လာလေ၏။ ထိုအခါ ခင်ဦးလည်း မိမိအိပ်ရာပေါ်၌ ထိုင်ပြီးလျှင် အိပ်မက်ကို စဉ်းစား၍နေရာ မိခင်က သမီးကိုပွေ့ ပိုက်ပြီး 'လန့်လိုက်ထာသမီးရယ်' ဘယ်လိုအကြောင်းကြောင့် အလန့်တကြား ခေါ်ပါသလဲ'ဟု မေးလေ၏။

ခင်ဦး-

အကြောင်းထူးတော့ မဟုတ်ပါ၊ အလွန် ထူးဆန်းတဲ့အိပ်မက်ကို မြင်မက်ပြီး လန့်နိုးတဲ့အတွက် အမေ့ကို လှုတ်ခနဲ ခေါ်လိုက်ထာပါဘဲ။

မိခင်-

ဘယ်လို ထူးဆန်းတဲ့ အိမ်မက်လဲ ပြောစမ်းပါအုံးသွီးရယ် ကြောက်စရာ လန့်စရာကြီးဘဲလား။

ခင်ဦး-

ကြောက်လန့်ဘွယ်တော့ မဟုတ်ပါဘူး အမေရယ်၊ သည်လို အိပ်မက်မျိုးကို တခါမှ မမြင်မက်ဘူးလို့ ထူးဆန်းတဲ့အတွက်ဘဲ၊ နဲနဲတော့ လန့်သွားတာပါဘဲ၊ အိပ်မက်မြင်ပုံက သည်လို အမေရဲ့ ဆိုပြီး မိမိမြင်မက်သော အိပ်မက်ကို အောက်ပါအတိုင်း ပြောပြလေ၏။

**ခင်ဦး၏ ပထမအိပ်မက်ခန်း**

ကျွန်မကို ခေါ်မယ်လို့ဆိုပြီး ဝေဇယန္တာ နတ်ရထားကြီးနှင့် နတ်သား တယောက်လာတယ်၊ နတ်မြင်းပျံတွေ က,ထားလိုက်တာကလဲ အများကြီးဘဲအမေရဲ့၊ မြင်းတွေမှာ မြင်ဆင်ထားလိုက်တဲ့ မြင်းတန်ဆာတွေကလဲ ပြိုးပြိုးပြောင်ပြောင်နဲ့ အရောင်ချင်း ရှက်နေတာဘဲ။ နတ်သားဆိုတာ အိပ်မက်ထဲမှာမှ သည်တခါသာ မြင်ဘူးပါတယ်၊ အလွန်တရာ လှပါကလား၊ ကျွန်မတို့ လူ့ပြည်မှာ ရေးထားတဲ့ နတ်သားရုပ် ထုလုပ်ထားတဲ့ နတ်သားရုပ် များနှင့် နဲနဲမှ မတူဘူးအမေရဲ့၊ ကျွန်မဖြင့် ဘယ်လိုလှတယ်လို့ စကားနှင့် ပြောမပြနိုင်ဘူး။ ။ဝေဇယန္တာ ရထားကြီးကလဲ ဆန်းပြားလိုက်တဲ့ ဖြစ်ပုံ၊ ဘယ်တော့မှ မကြုံဘူးပါဘူး၊ ဘုံဆောင်တွေကလဲ အများကြီး ပါဘဲကလား၊ စီးချယ် မွန်းမံထားလိုက်တဲ့ ရတနာတွေ မှာတော့ ကျောက်တလုံးတလုံးမှာ ဘိုးလမင်းကြီး အရောင်တွေဖြာသလိုဘဲ၊ နတ်ရထားကြီးကို မြင်ရတော့ ယခု ကျွန်မတို့ မြင်ရတဲ့ ဘိုးလမင်းပေါင်း တသိန်းတသောင်း စုထားတာလောက် မကပါဘူး၊ အရောင်အဝါတွေကလဲ ပြိုးပြက် ထိန်သန်းပြီး စိန်နန်းကြီး, မြနန်းကြီး, ပတ္တမြား နန်းကြီး ရယ်လို့ ဆိုချင်သလို ဆိုနိုင်ပါတယ်၊ အရောင်အဝါတွေက အမျိုးစုံနေတာကို အမေရဲ့ ဆိုနိုင်ပါသော်ကော အရောင်မျိုးစုံဟပ်နေတော့ နဝရတ်နန်းကြီးလဲ ဆိုနိုင်ပါရဲ့၊ အဲသည် ဝေဇယန္တာ နတ်ရထားကြီးဟာ ကျွန်မတို့ အိမ်ဦးမှာ သာဆိုက်တယ်၊ သည်အခါ အလွန်တရာ ထူးဆန်းလှန်းလို့ ကျွန်မထွက်ကြည့်တာကိုး။ ။သည်တော့ ရထားမောင်းတဲ့ နတ်သားက မျက်နှာ ချိုချိုသာသာနှင့် 'ကဲ-ကဲ-လာပါလာပါ၊ အရှင်သိကြားမင်းက စေလွှတ်တော်မူလို့ ခင်ဦးထံ ကြိုဘို့လာခဲ့ရပါတယ်၊ အမြန်တက်တော်မူပါ' လို့ ခေါ်တယ် အမေရဲ့။ ။နတ်သားက ခေါ်တော့ ကျွန်မကလဲ နတ်ရထားကြီးကိုမြင်ရတာ အလွန်ဝမ်းသာတဲ့ အတွက် သူခေါ်တဲ့အတိုင်း တက်စီးသွားတာပေါ့။ ။ကျွန်မလဲ ရထားပေါ်သို့ ရောက်ပါရော နတ်မြင်းတွေကို မောင်းနှင်ပြီး ကောင်းကင်သို့ ရထားကြီးတက်သွားပါရော၊ ပျော်လိုက်ထာ အမေရယ်၊ မိုးပေါ်က နေပြီး

လူ့ပြည်ကို ကြည့်လိုက်တော့ မြို့တွေ၊ ရွာတွေ၊ စေတီ၊ ဂူ၊ ကျောင်းတွေနှင့် တန်ဆောင်း၊ ဇရပ်တွေကိုလဲ တစုထဲလိုလို မြင်ရတယ် မေမေရဲ့။ ။အလွန်မြင့်တဲ့ ကောင်းကင်သို့ ရောက်တော့ ဘုံဗိမာန်တွေဟာလဲ အများကြီးပါကလား၊ မြင်ရပုံ ဆန်းပြားသမျှကို ကျွန်မ စုံလင်အောင် မပြောနိုင်တော့ပါဘူး။ ။ကောင်းကင်ကြီးကိုဖြတ်ပြီး ရထားကြီးမောင်းနှင်သွားလို့ အတော်ကလေးကြာတော့ တာဝတိံသာခေါ်တဲ့ နတ်ဘုံသို့ ရောက်သွားပါရော။ ။ရောက်တဲ့အခါ သိကြားမင်းဆိုတာကြီးက တံခါးဝလာပြီးကြိုတယ် မေမေရဲ့၊ သိကြားမင်း ဆိုတာကို မြင်ရတော့ လုလုပပနှင့် ခန့်လိုက်ထာ မေမေရယ်၊ ကြောက်စရာမကောင်းပါဘူး၊ သူ့ကိုမြင်ရတော့ ချစ်ချင်စရာကြီးဘဲ။ ။ရထားဆိုက်တဲ့အခါ သိကြားမင်းကိုယ်တိုင် ကျွန်မ၏ ညာလက်ကိုဆွဲ၍ သူ့ကိုယ်တိုင်တွဲ၍ ရထားပေါ်ကချပြီး ဘုံနန်းကြီးပေါ်သို့ ခေါ်သွားတယ်၊ ဘုံနန်းကြီးပေါ်သို့လဲ ရောက်ပါရော ကျွန်မလဲ ဘွားကနဲလန့်နိုးပါရော၊ အိပ်ရာက လန့်နိုးတော့ ဂရောင်ဂတန်းကြီး ဖြစ်နေတာနှင့် အမေ့ကို လှတ်ခနဲခေါ်လိုက်မိလာပါဘဲ။

အိပ်မက်အကြောင်းကို စုံလင်စွာ ပြောကြား၍ အပြီးတွင် မိခင်က 'အလွန်ထူးတဲ့ အိပ်မက်ပါကလား၊ အရှင်လတ်လတ်နှင့် နတ်ပြည်သို့ ရောက်ရတယ်ဆိုတဲ့ အိပ်မက်ဟာ လွန်စွာကြီးကျယ်ပါပေတယ်၊ နေမိမင်းကြီးရဲ့ နည်းအတိုင်းနဲ့ ကိုက်နေပါရော့လား၊ နို့ နေစမ်းပါအုံး မနေ့က နေမိဇာတ်တော်များကို သိမ်းဘတ်သလား'ဟု မေးလေ၏။

ခင်ဦး—

နေမိဇာတ်ကိုလဲ မဖတ်မိပါဘူး၊ ဟိုစဉ်တုံးက ဘဘပြောဘူးတာကိုသာ ကြားဘူးပါတယ်၊ နေမိဇာတ်ကိုလဲ ကျွန်မစိတ်စွဲပြီး အိပ်ထာမဟုတ်ပါဘူး၊ ထူးထူးဆန်းဆန်း ပဒေါင့်ပဒေပေါက်ပေါက် ရှာရှာ မက်ထာကို ကျွန်မဖြင့် အံ့ဩပါရဲ့ မေမေရယ်၊ တကယ်နတ်ပြည်သို့ ရောက်သွားတာလိုဘဲ။

မိခင်—

အို-အိပ်မက်ဆိုတာ ထင်မိထင်ရာ မက်ထာမျိုးတွေပါ၊ ထူးဆန်းတယ်ဆိုလျှင်လဲ ဆိုနိုင်ပါရဲ့ မထူးဆန်းဘူးဆိုလျှင်လဲ ဆိုင်နိုင်ပါရဲ့၊ တခါတခါလဲ နိမိတ်ပြတဲ့ အိပ်မက်မျိုးလဲ ရှိရဲ့၊ တခါတခါလဲ သွေးလေ ချောက်ခြားလို့ ကတောက်ကတက်လဲ မက်တတ်ကဲ့၊ တခါတခါလဲ နတ်တို့၏ တန်ခိုးအားဖြင့် မက်ထာမျိုးလဲ ရှိတတ်ကဲ့၊ အိပ်မက်ဆိုတာ အလွန် ဆန်းကြယ်တာမျိုးကလား သိမ်းရယ်၊ အိပ်မက်ကို အရေးစိုက်နေဘို့ မလိုလှပါဘူး။

ခင်ဦး-

**'ဆောင်းခါအိပ်မက် ကတောက်ကတက်'** ဆိုတဲ့ စကားအတိုင်း ဆောင်းခါများ မက်လျှင်ဖြင့် 'ကတောက်ကတက်' ဆိုချင်ဆိုပါတော့၊ ယခုမှာတော့ ဆောင်းခါလဲ မဟုတ်သေးပါဘူး နိမိတ်ပေးတဲ့ အိပ်မက်မျိုး ဖြစ်ချင် ဖြစ်နေမလား မဆိုနိုင်ဘူး အမေရဲ့။

မိခင်—

နိမိတ်ပေးတဲ့ အိပ်မက်မှန်လျှင်ဖြင့် ငါ့သမီးမှာ တာဝတိံသာ နတ်ပြည်သို့ ရောက်ဘို့ ရှိတာပေါ့လေ၊ တာဝတိံသာ နတ်ပြည်သို့ ရောက်တယ်ဆိုလျှင် အရှင်လတ်လတ် ရောက်လျှင်ဖြင့် အကောင်းသား နေမိမင်းကြီး များလို လူ့ပြည်သို့ ပြန်လာနိုင်ဘို့ လမ်းရှိသေးတယ်၊ တကယ်လို့ အရှင်လတ်လတ် ရောက်တာမျိုးမဟုတ်လျှင် အို-နေရာမကျပါဘူး၊ သည်အိပ်မက်စကားကို မပြောပါနှင့်တော့ ကဲ-ကဲ-အိပ်ပါအုံး၊ သန်းခေါင်ကျော် ကလေး ရှိပါသေးတယ် ဆိုပြီး မိခင်က ထသွားမည်ပြုရာ ခင်ဦးက မိခင်ပြောသော စကား အရိပ်နိမိတ်ကြောင့် ခပ်ထိတ်ထိတ် ဖြစ်လာသည်နှင့် 'ကျွန်မအခန်းထဲမှာပင် အိပ်ပါတော့ အမေရယ် ကျွန်မကြောက်ပါတယ်၊ ဘဘမှာတော့ သူ့တယောက်ထဲ အိပ်ရလို့ ကိစ္စမရှိပါဘူး၊ ဘဘအခန်းထဲ ပြန်မအိပ်ပါနှင့်တော့ မကြာခင် မိုးလင်းတော့မှာဘဲ' ဟု ပြောသည်နှင့် မိခင်လဲ သမီး အခန်းထဲမှာပင် အိပ်နေရလေ၏။

ခင်ဦးကဆက်၍ ပြောပြန်သည်မှာ 'အမေပြောတဲ့ စကားထဲမှာ နတ်ပြည်သွားဘို့ တိတ်နိမိတ်ဆိုတာနှင့် ကျွန်မ အပုံကြီး ထိတ်သွားပါတယ်။ ။သင်္ဂြိုဟ်ကျမ်းကို ကျွန်မ သင်တုန်းက ဘုံပိုင်းမှာ လူတို့သေခါနီးအခါတွင် ထင်မြင်တဲ့ နိမိတ်ကြီး သုံးမျိုးကို ပြဆိုထားတယ်အမေရဲ့။ နိမိတ်ကြီးသုံးမျိုးတို့တွင် ယခု ကျွန်မအိပ်မက်မှာ ထင်မြင်တဲ့နိမိတ်ဟာ ဘုံပိုင်းကဆိုတဲ့ ဂတိနိမိတ်နှင့် တထပ်ထဲ ကိုက်နေတာဘဲ ငရဲပြည်သို့ သွားရမဲ့လူများမှာ ငရဲထိန်း ငရဲခွေး ငရဲဘုံများကို ထင်မြင်သတဲ့ နတ်ပြည်သို့ သွားရမဲ့ လူများမှာ နတ်ဘုံ, နတ်ဗိမာန်, နတ်ရထား, နတ်သား, နတ်သမီးတို့ကို ထင်မြင်သတဲ့ အမေရဲ့၊ ကျွန်မ မကြာခင်သေပြီး နတ်ပြည်သို့ ရောက်သွားမလား မဆိုနိုင်ဘူး၊ နတ်ပြည်သို့ ရောက်သွားတာ ကိစ္စမရှိပါဘူး၊ အမေနှင့် ဘဘတို့ကိုခွဲပြီး နတ်ပြည်သို့ မရောက်ခင် သေရမှာကို ကျွန်မကြောက်တယ်'ဟု ပြောပြန်လေ၏။

မိခင်–

အို – မဆိုင်တာတွေကို မတွေးပါနှင့် 'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်' တတ်သတဲ့ သမီးရဲ့၊ မသေနိုင်ပါဘူး ဘာရောဂါမှမရှိဘဲ။

ခင်ဦး–

အမေပြောပုံက တရားနည်းလမ်း မကျပါဘူး၊ ရောဂါရှိမှ သေရမှာလား အမေရဲ့ 'အဇ္ဇ သုဝေ ဝါ ပရသုဝေ ဝါ'ဆိုတဲ့ စကားများလဲ အရှိသားဘဲ သေခြင်းတရားဆိုတာ အချိန်အပိုင်းအခြား မရှိဘူး ဆိုမဟုတ်လား။

ဤသို့ မိခင်နှင့်သမီး တိုးတိုးတိတ်တိတ် ပြောဆိုနေကြသည်ကို မြို့သူကြီးမင်းကြားရာ "ဘာဖြစ်နေကြပါလိမ့်မလဲ၊ ညဥ့်နက်အချိန်ကြီးမှာ သမီးနှင့်မိခင် ဘယ်လိုအကြောင်းများကို တိုင်ပင်နေကြပါလိမ့်မလဲ'ဟု စဉ်းစားပြီး သမီး၏အခန်းထဲသို့ ဝင်လာလေ၏။

ဘခင်က အကျိုးအကြောင်းကို မေးကြည့်သောအခါ ခင်ဦးက မိမိမြင်မက်သော အိပ်မက်နှင့်တကွ မိခင်ပြောပြသော စကားအလုံးစုံကို အကုန်ပြောပြီး 'ကျွန်မ ကြောက်လန့်လို့ အမေ့ကို ခေါ်ထားပါတယ်ဘဘရဲ့'ဟု ပြောလေ၏။

ထိုအခါ မြို့သူကြီးက ခင်ဦး၏မိခင်အပေါ်မှာ များစွာအမျက်ထွက်သည်နှင့် 'မယ်မင်းတို့ မိန်းမမျိုးတွေဟာ မင်္ဂလာမှန်းမသိ၊ အမင်္ဂလာမှန်းမသိ ထင်မိထင်ရာပြောကြတယ်၊ပညာအမြော်အမြင်နှင့် အဆင်ခြင်ဆိုတာလဲ တပဲသားလောက်မျှမရှိဘဲနှင့် ငါ့သမီးမြင်မက်တဲ့ မင်္ဂလာအိပ်မက်ကို ရောက်တတ်ရာရာ အမင်္ဂလာစကားတွေ မယ်မင်းပြောကြားသည်မှာ လွန်စွာ မိုက်မဲလှသည်။ မယ်မင်းဟာ မင်္ဂလာမရှိတဲ့ အဝမင်္ဂလာကောင်မကြီးဖြစ်သည်၊ ယခုပင် သမီး၏အခန်းထဲမှ ထွက်၍ ပြင်ဘက် ကြမ်းပြင်မှာ မျက်နှာသစ်ခါ ထိုင်နေရမည်၊ နက်ဖြန်ကာပင် ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်ထံသို့ လက်ဆောင်ပဏ္ဏာနှင့် အခစားဝင်ရမည်ကို မသိသလောဟုကြိမ်းဝါးမောင်းမဲသောအခါ မြို့သူကြီးကတော်လည်း မိမိယွင်းမှားသည်ကို စဉ်းစားမိသောကြောင့် မြို့သူကြီး အမိန့်အတိုင်း အိမ်ကြမ်းပြင်သို့ ထွက်နေရလေသည်။

ထို့နောက် မြို့သူကြီးလည်း ရတနသုတ်နှင့် ယံဒုန္နိမိတ္တံဂါထာများကို ရွတ်ဘတ်သရဇ္ဈာယ်ပြီးလျှင် သမီး၏အိပ်မက်ကို စဉ်းစားလေရာ၊ 'ငါ့သမီးမှာ ကြီးကျယ်စွာ အကျိုးပေးတော့မည်' ဟူ၍ ယုံကြည်သဖြင့် မိုးလင်းသည်ကိုင်အောင် မအိပ်ဘဲ ပရိတ် မေတ္တာများကိုသာ ရွတ်ဘတ်သရဇ္ဈာယ်၍ နေလေသည်။

နံနက်မိုးလင်းသောအခါ မြို့သူကြီးကတော်ကို ချိုသာအေးမြစွာ အနီးသို့ခေါ်၍ 'သမီးမြင်မက်သော အိပ်မက်မှာ လွန်စွာကြီးကျယ်၍ မင်္ဂလာရှိလှသည်၊ မိဘမျိုးရိုးတို့၏ စည်းစိမ်ချမ်းသာထက် လွန်ကဲ၍ ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ထူးကို ရမည်မချွတ်ပင် ယုံကျည်ပေတော့' ဟုပြောရာ ခင်ဦး၏ မိခင်က 'သမီးစိတ်ချမ်းသာပါစေတော့လို့ ယင်မိထင်ရာရှောက်ပြောလို့ ကျွန်မ စကားမှားသွားပါတယ်၊ ကိုယ်တို့ယောကျ်ားများလို အသိအမြင်ဗဟုသုတမများတော့ မှားမှာဘဲတော်ရဲ့၊ မောင်မင်းပြောတဲ့အတိုင်း သမီးမြင်မက်တဲ့ အိပ်မက်ဟာ မင်္ဂလာရှိတဲ့ အိပ်မက်ဖြစ်ကြောင်း အထူးတဆန်း အကြီးအကျယ် အကျိုးပေးမဲ့ အိပ်မက် ဖြစ်ကြောင်းများကို ကြားရတော့ အကျွန်လဲ အားရနှစ်သက်လျက်ရှိပါသည်၊ သမီးကောင်းစားတော့ မိဘများလဲ ဂုဏ်ကြီးတာပေါ့၊ ဘယ်လိုများအကျိုးပေးမယ်လို့ ထင်လို့လဲ။

သူကြီး-

ဘယ်လိုဘဲ အကျိုးပေးပေး၊ မယ်မင်းက မမေးပါနှင့်၊ ပြောဘန်များလျှင် အမှားပါကုန်ပါလိမ့်မယ်၊ ကဲ-နံနက် တချက်တီးကျော်လောက်မှပင် အခစားဝင်ရအောင်ပြင်ဆင်ကြပေတော့၊ မြို့သူကြီးကတော်နှင့်တူအောင်လဲ ပြောင်ပြောင်လက်လက် ဝတ်စားပြီး သမီးကိုလဲ လှလှပပ ပြင်ဆင်၍ ခေါ်ခဲ့ရမယ်။

ဤသို့ ပြောဆိုတိုင်ပင်ကြပြီးလျှင် မြို့သူကြီးကတော်လည်း ကောင်းမွန်စွာ ပြင်ဆင်ဝတ်စားလေ၏။ သမီး ခင်ဦးကိုလည်း အထူးတလည် မွန်မြတ် သန့်ရှင်းသော အဆင် တန်ဆာတို့ဖြင့် ဘွယ်ရာတင့်တယ်အောင် တန်ဆာဆင်ယင်၍ ပေးလေသည်။

(ထိုခေတ်အခါတွင် မြန်မာတို့အလေ့အလာအတိုင်း မြတ်နိုးဘွယ်ရာဖြစ်သော အဝတ်တန်ဆာတို့ဖြင့် ကောင်းမွန်တင့်တယ်စွာတန်ဆာဆင်ယင်သောအခါ နဂိုပကတိအားဖြင့် လှပနုနယ်သော ခင်ဦး၏ အသွေးအဆင်းများလည်း အထူးပင် တိုးတက်တင့်တယ်၍ ရှုချင်စဘွယ် ကျက်သရေနှင့် ပြည့်စုံသောအဖြစ်သို့ ရောက်လေသည်။)

တန်ဆာဆင်ယင်ပြီးစီးကြသောအခါ ငနွဲ့ကုန်းမြို့သူကြီးလည်း 'သူရကျော်ခေါင်'ဟူသော ရွှေနဖူးစီးဘွဲ့ကို ဆင်ယင်ပြီးလျှင် မြို့သူကြီးတို့၏ အဆောင်အယောင်ဖြင့် တင့်တယ်ခမ်းနားစွာ ဘုရင်မင်းကျီးညို၏ရှေ့တော်သို့ အခစားဝင်လေသည်။ မြို့သူကြီးကတော်နှင့် သမီး-ခင်ဦးတို့လည်း နောက်ကလိုက်ပါလာကြလေ၏။

## မင်းကျီညိုနှင့် ခင်ဦးတို့၏ ရွှေနဖူးစာတော်

ထိုသို့အခစားဝင်လေရာ ဘုရင့်အပါးတော်တွင် ခစားလျက်ရှိနေကြသော မှူးမတ်သေနာပတိ အပေါင်းတို့သည် မြို့သူကြီးသမီးခင်ဦးကိုမြင်ကြရာ အလွန်တရာလှချော၍ တအံ့တသြပြောလောက်အောင် ကျက်သရေရှိတဲ့ သမီးကညာကလေးပါတကားဟု ချီးမွမ်းသော စိတ်ဖြင့် ငေး၍ ကြည့်ရှုကြလေသည်။ ခင်ဦးသည်ကား ရှေးကံပါရမီအားဖြင့် ထူးခြားစွာအကျိုးပေးလာသော မိန်းမမြတ်ရနတာကလေး ဖြစ်လာသောအတိုင်း တောမြို့မှာ မွေးဘွားရသော်လည်း ကိုယ်ဟန်ကိုယ်နေ ဣန္ဒြေအမူအထားများသည် နန်းတော် အတွင်းမှာ အချိုးကျ၍ နေသော နန်းတော်သူများကဲ့သို့ပင် ဖြစ်လေရာ မည်သူ့မျက်နှာကိုမျှ မကြည့်ရှုဘဲ မိန်းမတို့ ကျက်သရေဖြင့် တင့်တယ်စွာ အပါးတော်သို့ဝင်၍ ခစားလေသည်။

မင်းကျီးညိုလည်း အခစားဝင်လာသော ငနွဲ့ကုန်းမြို့သူကြီးနှင့် မိန့်ဆိုတော်မူသည်မှာ-

ဘုရင်-

ငနွဲ့ကုန်းမြို့ဆိုင်ရာ ကျေးရွာနယ်ပယ်များမှာ တိုင်းသူ ပြည်သားတို့ ချမ်းသာ၍ လယ်ယာချောင်းမြောင်းတို့ ကောင်းမွန်ဝဖြိုးပါစ။

သူကြီး-

မှန်လှပါ၊ အရှင့်ရွှေလက်ထက်တော်သို့ ရောက်လာတဲ့အခါကစပြီး ကျေးလက်တောရွာ လယ်ယာချောင်းမြောင်းတို့မှစ၍ ဝဖြိုးစည်ပင်၍ မြေဆီဩဇာများလည်း ရှေးကထက်ဖွံ့ဖြိုးတိုးတက်ပြီးလျှင် တိုင်းသူပြည်သား လူဦးရေများလည်း ခြားနား၍ တိုးတက်ပါသည်ဘုရား။ နေ့ရက်အစဉ် မြောက်ဘက်တပြင်က အရှင်၏ဘုန်းတော်ရိပ်ကို ခိုလှုံသောအားဖြင့် ပြောင်းရွှေ့၍ကာကြသော လှည်းပေါင်းများစွာတို့မှာလည်း ဆက်ကာဆက်ကာ လွန်စွာပေါများ၍ကျွဲ,နွား, တိရစ္ဆာန်အပေါင်းတို့လည်း ကောင်းမွန်သော ရေစာကို မှီတင်းရ၍ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါသည်ဘုရား၊ သာသနတော်ထမ်း ရှင်ရဟန်းတို့မှာလည်းအထက်အင်းဝ နေပြည်တော်မှစ၍ ရမည်သင်းသို့တိုင်အောင် မြောက်တပြင်မှ ပြောင်းရွှေ့ သီတင်းသုံးတော်မူလာပြန်ရာ သာသနာတော်လည်းလွန်စွာ ထွန်းကား လှပါသည်ဘုရား။ ပဉ္စနုတ်သား မိုးနတ်များ အရှင်ဘုရား၏

(ထိုခေတ်အခါတွင် မြန်မာတို့အလေ့အလာအတိုင်း မြတ်နိုးဘွယ်ရာဖြစ်သော အဝတ်တန်ဆာတို့ဖြင့် ကောင်းမွန်တင့်တယ်စွာတန်ဆာဆင်ယင်သောအခါ နဂိုပကတိအားဖြင့် လှပနုနယ်သော ခင်ဦး၏ အသွေးအဆင်းများလည်း အထူးပင် တိုးတက်တင့်တယ်၍ ရှုချင်စဘွယ် ကျက်သရေနှင့် ပြည့်စုံသောအဖြစ်သို့ ရောက်လေသည်။)

တန်ဆာဆင်ယင်ပြီးစီးကြသောအခါ ငနွဲကုန်းမြို့သူကြီးလည်း 'သူရကျော်ခေါင်'ဟူသော ရွှေနဖူးစီးဘွဲ့ကို ဆင်ယင်ပြီးလျှင် မြို့သူကြီးတို့၏ အဆောင်အယောင်ဖြင့် တင့်တယ်ခမ်းနားစွာ ဘုရင်မင်းကျီးညို၏ရှေ့တော်သို့ အခစားဝင်မလသည်။ မြို့သူကြီးကတော်နှင့် သမီး-ခင်ဦးတို့လည်း နောက်ကလိုက်ပါလာကြလေ၏။

## မင်းကျီညိုနှင့် ခင်ဦးတို့၏ ရွှေနဖူးစာတော်

ထိုသို့အခစားဝင်လေရာ ဘုရင့်အပါးတော်တွင် ခစားလျက်ရှိနေကြသော မှူးမတ်သေနာပတိ အပေါင်းတို့သည် မြို့သူကြီးသမီးခင်ဦးကိုမြင်ကြရာ အလွန်တရာလှချော၍ တအံ့တသြပြောလောက်အောင် ကျက်သရေရှိတဲ့ သမီးကညာကလေးပါတကားဟု ချီးမွမ်းသော စိတ်ဖြင့်ငေး၍ ကြည့်ရှုကြလေသည်။ ခင်ဦးသည်ကား ရှေးကံပါရမီအားဖြင့် ထူးခြားစွာအကျိုးပေးလာသော မိန်းမမြတ်ရနတာကလေး ဖြစ်လာသောအတိုင်း တောမြို့မှာ မွေးဘွားရသော်လည်း ကိုယ်ဟန်ကိုယ်နေ ဣန္ဒြေအမူအထားများသည် နန်းတော် အတွင်းမှာ အချီးကျ၍ နေသော နန်းတော်သူများကဲ့သို့ပင် ဖြစ်လေရာ မည်သူ့မျက်နှာကိုမျှ မကြည့်ရှုဘဲ မိန်းမတို့ ကျက်သရေဖြင့် တင့်တယ်စွာ အပါးတော်သို့ဝင်၍ ခစားလေသည်။

မင်းကျီးညိုလည်း အခစားဝင်လာသော ငနွဲကုန်းမြို့သူကြီးနှင့် မိန့်ဆိုတော်မူသည်မှာ-

ဘုရင်-

ငနွဲကုန်းမြို့ဆိုင်ရာ ကျေးရွာနယ်ပယ်များမှာ တိုင်းသူပြည်သားတို့ ချမ်းသာ၍ လယ်ယာချောင်းမြောင်းတို့ ကောင်းမွန်ဝဖြိုးပါစ။

သူကြီး-

မှန်လှပါ၊ အရှင့်ရွှေလက်ထက်တော်သို့ ရောက်လာတဲ့အခါကစပြီး ကျေးလက်တောရွာ လယ်ယာချောင်းမြောင်းတို့မှစ၍ ဝဖြိုးစည်ပင်၍ မြေဆီဩဇာများလည်း ရှေးကထက်ဖွံ့ဖြိုးတိုးတက်ပြီးလျှင် တိုင်းသူပြည်သား လူဦးရေများလည်း ခြားနား၍ တိုးတက်ပါသည်ဘုရား။ နေ့ရက်အစဉ် မြောက်ဘက်တပြင်က အရှင်၏ဘုန်းတော်ရိပ်ကို ခိုလှုံသောအားဖြင့် ပြောင်းရွှေ့၍ကာကြသော လှည်းပေါင်းများစွာတို့မှာလည်း ဆက်ကာဆက်ကာ လွန်စွာပေါများ၍ကျွဲ,နွား, တိရစ္ဆာန်အပေါင်းတို့လည်း ကောင်းမွန်သော ရေစာကို မှီတင်းရ၍ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါသည်ဘုရား၊ သာသနတော်ထမ်း ရှင်ရဟန်းတို့မှာလည်းအထက်အင်းဝ နေပြည်တော်မှစ၍ ရမည်သင်းသို့တိုင်အောင် မြောက်တပြင်မှ ပြောင်းရွှေ့ သီတင်းသုံးတော်မူလာပြန်ရာ သာသနာတော်လည်းလွန်စွာ ထွန်းကား လှပါသည်ဘုရား။ ပဥ္စနတ်သား မိုးနတ်များ အရှင်ဘုရား၏

ရွှေဘုန်းတော် အရှိန်ကြောင့် အချိန်မလင့်ဘဲ အသင့်ရှာသွန်း စေခြင်းဖြင့် အမှုတော်ကို ထမ်းဆောင်ရာ မိုးသုံးပါးညီညာ၍ လယ်ယာ ချောင်းမြောင်းများလည်း ကောင်းမွန်ပြည့်ဖြိုး သောအသီးအနှံဖြင့် သန်းစွမ်းဖြစ်ထွန်းကြပါသည်ဘုရား။

ဘုရင်-

အင်း-ဖွံ့ဖြိုးသော မြေဆီသြဇာဖြင့် တိုင်းပြည်သာယာ၍ သာသနာတော်ပွင့်လင်းတယ် ဆိုလျှင် တိုင်းသူပြည်သား လူအများ တို့မှာချမ်းသာ သုခနှင့် ပြည့်ဝနစ်သိမ့်ကြတာဘဲ၊ သူရ ကျော်ခေါင်၏ လျှောက်တင်ချက်ကို ကြားတော်မူရ များစွာဝမ်းမြောက်တော်မူတယ်။ ယခုနှစ် ကျိုးပေါက်သော ကန်တော်ကြီးကို ဆည်ဖို့သဖြင့် အစဉ်တည်ခိုင်ခြင်း ဖြစ်လေရာ မြို့ရွာပေါင်းမည်မျှလောက် မှီခိုနိုင်ကြပါသလဲ။

မြို့သူကြီး-

၎င်းကန်ကြီးသည် အနောက်မင်းဝံတောင်တန်းမှ ကျဆင်းသောရေတို့ကို သိုလှောင်ရာ ကန်တော်ဖြစ်ပါ၍ အရှင်ဘုန်းတော်ကြောင့် ရေစီးရေဝင်နှင့်တကွ ရေလွှဲများပြည့်စုံခိုင်ခန့်၍ လာရာပျဉ်းမနာမြို့(လော) ဇေယျာသိန်မြို့များနှင့်တကွ အရှေ့ပေါင်းလောင်းမြစ်သို့ တိုင်အောင် တိုင်းသူပြည်သား လူအများတို့ ခိုလှုံနိုင်ကြပါသည်ဘုရား။

ဘုရင်-

အင်း-ဘေးလောင်းတော်, ဘိုးလောင်းတို့၏ထုံးကို နှလုံးပိုက်တော်မူ၍ တိုင်းသူပြည်သား လူအများတို့၏ အားထားခိုလှုံရာဖြစ်တဲ့ ကန်တော်ကြီးကို ဆည်ဖို့တော်မူရသည်မှာလည်းများ စွာနှစ်သက် တော်မူရပေတယ်။ ဟိုယခင်က တိုင်းနိုင်ငံအသစ်များကို တည်ထောင်တော်မူရာ ရေလွှဲခရိုင်သို့ ချီတော်မူရာတွင် သူရကျော်ခေါင်က ခရီးဦးကြိုဆိုကာ အမှုတော်ကိုထမ်းသည့် အတွက်ကြောင့် အလှယ်တကူနှင့် အောင်မြင်တော် မူသည်များကိုလဲ မှတ်သားတော်မူလျက် ပင်ရှိသည်။ရွှေသို့အမှုတော်ကို ကြိုးစား၍ထမ်းပါလျှင် လက်ရှိုးရည်,နှလုံးရည်ရှိသည့်အလျောက် ချီး မြှောက်ခြင်းကိုခံရလိမ့်မယ်၊သည့်ငန္တဲ့ကုန်းမြို့၏ အနောက်တောတခွင်မှာလည်း တောဆင်အမြောက် အများရှိသည်ဟူ၍ ကြားသိတော် မူရသောအတိုင်း အောင်မာဝန်, ဆင်ဝန်များဆိုက်ရောက် လာသည့်အခါ သူရကျော်ခေါင်က တောတောင် သိကျွမ်းတဲ့ အတိုင်းလွယ်လင့်တကူဆင်များ ကိုရလေအောင် ရှက်ဆောင်၍ အမှုထမ်းရမယ်။

မြို့သူကြီး-

မှန်လှပါ၊ အရာရာတွင် ဘုရားကျွန်တော်မျိုး စွမ်းနိုင်သည့်အတိုင်း အမှုတော်ထမ်းဆောင် လျက်ပင်ရှိပါသည်၊ အောင်မာဝန်,ဆင်ဝန်,များ ရောက်လာရာတွင်လည်း တောင်တွင်ကြီးနယ် စပ် ပြည်မြို့ နယ်စပ်သို့တိုင်အောင် တောတောင်စခန်း သိကျွမ်းနားလည်သောအတိုင်း ယခင်က လည်း ဘုရားကျွန်တော်မျိုး အမှုထမ်းပါသည်၊ ရွှေအဘို့များမှာလည်း ကြိုးစား၍အမှုထမ်း ဆောင်မည့် ကျွန်တော်ရင်းမှန်ပါကြောင်းပါဘုရား။

ဤသို့ပြောဆို မိန့်ကြားတော်မူစဉ် ဘုရင်မင်းကျီးညိုသည် မြို့သူကြီး၏သမီး ခင်ဦးကိုရှုမြင်တော်မူရာ တိမ်းညွတ်စွဲငြိသောမေတ္တာဖြင့် မကြာမကြာ ရှုစားတော်မူသည်။ မင်းကျီးညိုသည် စစ်အား, စစ်မာန်နှင့် အလွန်ခက်ထန် ခိုင်မာသော စိတ်နှလုံးတော်ရှိရာ မည်သည့်အခါမှာမှ ခင်ဦးကို မြင်သောအခါကဲ့သို့ ရွှေနှလုံးတော်များ တုန်လှုပ် ချောက်ခြား ဘူးသည်မရှိချေ။ ခင်ဦးကိုမြင်ရာ မကြာမကြာ ရှုတော်မူမိသဖြင့် ရာဇိန္ဒြေတော်များလည်း အတန်ငယ်ဖေါက်ပြားပျက်ယွင်းတော်မူလေသည်။ ဤသို့ရာဇိန္ဒြေ ချွတ်ယွင်းတော်မူပုံများကို အပါးတော်တွင်ခစားလျက်ရှိသော မင်းကြီးစည်သူ-ကျော်ထင်က မြင်လေရာ ငါတို့၏ ရွှေနန်းရှင်သည် ငန္ဒဲကုန်မြို့သူကြီး၏သမီး ခင်ဦးအပေါ်မှာ မေတ္တာညွတ်ယိုင်၍ ဣန္ဒြေတော်ကိုပင် မထိန်းနိုင်ရှိတော်မူရသည်၊ ခင်ဦး၏ရုပ်သွင်မှာလည်း ပဒ္မကလျာ ရုပ်ဝါအင်ကြန် မဟာဆန်၍ အမှန်ကျက်သရေရှိသောအတိုင်း မေတ္တာတော် ညွတ်ကိုင်းတော် မူလောက်ပါပေသည်၊ ဤအကြောင်းများကိုလည်း ငါ့အားတိုင်ပင်တော်မူလိမ့်မည်”ဟူ၍ တွေးတောကာ ငုံ့၍ခစားလျက်ပင်နေလေသည်။

မင်းကျီးညို၏ စိတ်ထဲ၌ တွေးတောကြံစည်တော်မူမိသည်မှာ ငါ၏စိတ်တော်များသည် စစ်ရေး, စစ်မှုနှင့်ကြုံမှသာလျှင် များစွာလှုပ်ရှားလေ့ရှိခဲ့သည်၊ သမီးကညာရတနာတို့နှင့် စပ်လျဉ်းရာတွင် ဘယ်အခါများမှာမှ ချောက်ခြားတုန်လှုပ်ဘူးသည်မရှိ၊ ယခုသူရကျော်ခေါင်၏ သမီးကို မြင်ရာတွင်မှထူးထူးခြားခြား လှုပ်ရှားရလေသည်မှာ ဖူးစာကံတော်များလှုံ့ဆော်လေသလား” ဟုစဉ်းစားတော်မူမိလေသည်။

မည်မျှလောက် စိတ်ခိုင်မာသောသူပင် ဖြစ်စေကာမူ အလွန်သာယာဘွယ်ကောင်းသော ဣဋ္ဌအာရုံ နှင့်တွေ့ကြုံလျှင် ခိုင်မာခြင်းသဘောမှ ရွေ့လျောပြောင်းပြောင်း၍ ကသောင်ကနင်း တုန်လှုပ်မြဲဓမ္မတာဖြစ်လေသည်။ အလွန်ခိုင်မာသော သကာခဲကြီးများသည် အေးမြထန်ပြင်းသောသီတအရှိန်တွေ့လေရာမှာ အထွေထွေစီးဆင်းလေဘိသကဲ့သို့တည်း။

“မှတ်ချက်ရှစ်လုံးဘွဲ့ကဗျာ”

မာန်ဟုန် သန်စွမ်း-စိတ်ကြမ်း တည်ခိုင်၊
ကျောက်တိုင် လိုဘဲ-မလဲပြိုနိုင်၊
သို့ပါသော်လဲ-စိတ်ထဲသို့တိုင်၊
ဣဋ္ဌတွေ့-မြေ့မြေ့တုန်လှိုင်ယိုင်။

ခင်ဦးမှာ အမျိုးအနွယ်အားဖြင့် မြို့သူကြီးသမီးမျှသာဖြစ်၍ ဇာတိဌာနအားဖြင့် တောမှ ဘွားသောတောသူကလေးပင် ဖြစ်ရရှာလေသည်၊ သို့ရာတွင် ရှေးကံသမ္ဘာနှင့် ဖူးစာနိုးရင်းရန်အသင့်စီမံလာသည်ဖြစ်သောကြောင့် ခင်ဦး၏ရုပါရုံသည် မင်းကျီးညို၏ နှလုံးကိုတုန်လှုပ်စေနိုင်လေသည်။ ထိုကဲ့သို့ ဘုရင်မင်းမြတ်ကြီးတပါးအား တောသူမကလေး တယောက်၏ ရုပါရုံကတုန်လှုပ်စေနိုင်သည်မှာလဲ ထူးဆန်းသောအရာမဟုတ်ချေ၊ ပုထုဇန်တို့၏ ဓမ္မတာတဏှာဓါတ်ကိုမဖြတ်ရသေးသောသူမှန်သမျှ တုန်လှုပ်ဘွယ်ဖြစ်သော ဣဋ္ဌာရုံနှင့်တွေ့ကြုံပါလျှင် ဓမ္မတာသဘောအားဖြင့်တုန်လှုပ်စမြဲဖြစ်လေသည်။

ဘုရင်နှင့်ဆင်းရဲသား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပညတ်မျှသာလျှင် ခြားနားပေသည်၊ဓမ္မဓိဋ္ဌာန် အားဖြင့်ဆိုသော် ဆင်ရဲသားတို့၏ သန္တာန်၌ရှိသော အချစ်တဏှာနှင့်ဘုရင်ကေရာဇ်, စကြဝတေး မန္ဓတ်တို့၏ သန္တာန်၌ရှိသော အချစ်မေတ္တာမျိုးသည်ကား တစိုးတရာမျှမခြားနားဘဲ တစားထဲ, တမျိုးထဲ,တတန်းထဲ,ပင်ဖြစ်ချေသည်။ အလွန်မြင့်မြတ် သောသူတို့၏သန္တာန်၌ရှိသာ တဏှာသည် ဇာတိအားဖြင့် အလွန်ယုတ်နိမ့်သော ဂူဋ္ဌာရုံသန္တာန်ကို စွဲငြိတပ်မက်သောအားဖြင့် တုန်လှုပ် လေသည်မှာ ထူးဆန်းသောအရာမဟုတ်ချေ။ ပုဂ္ဂိုလ်သတ္တဝါသဘောအားဖြင့် ဇာတ်အမျိုးမျိုး ဘုံအမျိုးမျိုး ခြားနားကြသော်လည်း တဏှာသဘောမှာ ထိုသို့ခြားနားသည် မဟုတ်ချေ၊ တဏှာစေတ်မှာ မျက်စိမပါသောကြောင့် ငါသည်မည်သည့် အမျိုးအနွယ်ကိုမှ သာယာချစ်ခင် မည်ဟူ၍စည်းကမ်းကလနား ပိုင်းခြားကန့်သတ်ခြင်းမရှိချေ။

"မှတ်ချက်ရှစ်လုံးဘွဲ့ကဗျာ"

စကြာ မန္ဓာတ်-မြင့်မြတ် တန်တန်၊
သူဌေး ဂုဏ်ကြီး-ထိန်ညီး တဟန်၊
ကူလီ ပင်ပန်း-ဝန်ထမ်း သန္တာန်၊
တဏှာရင်း-ချင်းချင်း တူကြပြန်။

ဇာတ်တော်, နိပါတ်တော်, များမှာလည်း ဘုန်းသမ္ဘာထိန်သစ်သော ကေရာဇ်ဘုရင်ကြီး များက ဆင်းရဲသားတောသူမတွေ၏အပေါ်မှာ မေတ္တာယိမ်းယိုင်၍ ရာဇိန္ဒြေမခိုင်ဘဲ တုန်လှုပ်ကြ သောအချက်တို့လည်း များစွာပင်ပါရှိလေသည်။

(၁) မြန်မာရာဇဝင်တို့၌လည်း တောတောင်အတွင်းမှာ မွေးဘွား၍ အမျိုးအားဖြင့် ရှမ်းဇာတိဖြစ်သော "**ဝေဠုဝတီ**"၏အတွက်ကြောင့် ပုဂံပြည်ကြီး၏ အရှင်ဘုရင် "**မင်းယဉ်နရသိခ**" နှင့်ညီတော်အိမ်ရှေ့မင်း "**နရပတိစည်သူ**" တို့တုန်လှုပ်ချောက်ခြား၍ စစ်မက်ဖြစ်ပွားဘူးလေသည်။

(၂) "**နရပတိစည်သူ**"မင်း သည် ဥယျာဉ်ပြုစုလုပ်ကိုင်စားသောက်သော ဆင်းရဲသား ၏သမီးတယောက်ကို မြင်တော်မူရာတွင် တိမ်းမက်သောမေတ္တာဖြင့် သိမ်းပိုက်တော်မူဘူးလေသည်။

(၃) ပုဂံပြည် "**ဥဇနာမင်းကြီး**"သည်လည်း ပုပ္ပါးတောင်သို့ တောကစား ထွက်တော်မူ ရာဆိတ်ထိန်း-ကမ်းဖြူရွာ၌ တောင်သူကြီးသမီးတယောက်ကို မြင်တော်မူသည်တွင် တိမ်းညွတ်သော မေတ္တာဖြင့် မိဖုယား မြှောက်တော်မူဘူးလေသည်၊ ထိုတောင်သူကြီး၏ သမီးသည်နောင်အခါ "**မိဖုယား-စော**"ဟူ၍ ထင်ရှားကျော်စောလေသည်။

(၄) ထိုဥဇနာမင်းကြီးသည်ပင်လျှင် တောကစားထွက်တော်မူရာ "**ပန်းပွတ်သည်သမီး**" တယောက်ကို မြင်တော်မူရာ တိမ်းညွတ်သောမေတ္တာဖြင့် သိမ်းပိုက်တော်မူဘူးလေသည်။

(၅) ပင်းယမြို့ "**တစီးရှင်သီဟသူ**"သည်မြောက်ဘက် "**လင်းယဉ်ရွာသူ**" သားတယောက် မိခင်မုဆိုးမတယောက်ကိုမြင်တော်မူရာတိမ်းညွတ်သောမေတ္တာဖြင့် သိမ်းပိုက်၍မြောက်နန်းမိဖုယား မြှောက်တော်မူဘူးလေသည်။

(၆) အင်းဝဘုရင် "မင်းကြီးစွာ" သည်လည်း မြေးဒူးသို့ ချီတော်မူရာ ကန်စွန်းနိမ့်ရွာသူ"မိတေဇာ" ကိုမြင်တော်မူသည်တွင် တိမ်းညွတ်သော မေတ္တာဖြင့် သိမ်းပိုက်၍ မိဖုယား မြှောက်တော်မူဘူးလေသည်။

(၇) "ဟံသာဝတီဆင်ဖြူရှင်"မင်းတရားကြီးသည်လည်း စစ်ချီတော်မူစဉ် "ညောင်ရမ်းသူ"ဆင်းရဲ သမီးတယောက်ကို မြင်တော်မူရာ တိမ်းညွတ်သောမေတ္တာဖြင့် သိမ်းပိုက်တော်မူဘူးလေသည်၊ (ထိုညောင်ရမ်း သူဆင်းရဲသမီးမှ "ရှင်သစွာ" ကိုဘွားမြင်သည်၊ ထိုရှင်သစွာသည် "ညောင်ရင်းမင်းတရားကြီး"ဟူသော အမည်နှင့်မြန်မာပြည်တွင် ထင်ရှားသော ဘုရင်တပါးဖြစ်တော်မူဘူးလေသည်။

ဤဇာတ်, နိပါတ်, ရာဇာဝင်, များတို့ကို ထောက်ထားဆင်ခြင်ပါလျှင် တောင်ငူဘုရင်မင်းကျီးညိုသည် ငနွဲကုန်းမြို့သူကြီးသမီး ခင်ဦးကိုမြင်တော်မူသည်တွင် မေတ္တာဖြင့် တိမ်းညွတ်ယိမ်းယိုင်တော်မူလေသည်မှာ ထူးဆန်းသောအံ့ဩဘွယ်ရာမဟုတ်ချေ။

ရှေးကံဖူးစာ အဆက်ပါ၍လာခဲ့သည်မှန်ပါလျှင် တစုံတရာမျှမျှော်လင့်ဘွယ် မရှိဘဲလျက်သော်လည်း ပေါင်းသင်းဖက်တွဲရန် အကြောင်းဖြစ်ပေါ်၍လာရလေသည်။ ဇာတိချင်း,ဂုဏ်းချင်း, မတူမျှသော်လည်း ရှေးကံနှဖူးစာက နှိုးဆော်စေ့စပ်မူကား လွဲဖယ်၍မရဘဲ ဖက်တွဲပေါင်းသင်းရစမြဲဖြစ်လေသည်။

"မှတ်ချက်ရှစ်လုံးဘွဲ့ကဗျာ"

စည်းစိမ် ဇာတိ-သီရိ ဂုဏ်မူ၊
နိမ့်မြင့် ကွာခြား-အင်အား မတူ၊
ဖူးစာ ကံပေး-ဖန်ရေး လွယ်ကူ၊
မေတ္တာဆက်-ချစ်ဖက် ဆုံအံ့ဟူ။

ငနွဲကုန်းမြို့သူကြီး မိသားတစုတို့ အပါးတော်မှ ရှိသေစွာ ထွက်ခွါသွားကြပြီးနောက် မင်းကျီးညို၏ မျက်စိထဲမှာ ခင်ဦး၏ရုပ်သွင်သည် စွဲထင်၍နေရုံမျှမကသေး မနေသာဒွါရတည်းဟူသောဘဝင်နှလုံးအိမ်ကို တည်ငြိမ်ခွင့်မရလေအောင် သောင်းကျန်း နှောက်ရှက်နေလေ၏။

မင်းကျီးညိုသည် ထိုသို့စွဲလန်း တော်မူလေရာ ဇာတိဂုဏ်သိရီ စည်းစိမ်ကျက်သရေအားဖြင့်လွန်စွာခြားသော တောသူမကလေးအပေါ်မှာ ဤမျှလောက်ပင်စွဲလန်းရသလား၊ စွမ်းအားထက်မြက်သောစိတ်တော်ဖြင့် နှိပ်နင်းကာ ဖျောက်ဖျက် ပါသော်လည်း ခင်ဦး၏အာရုံကိုနှိမ်လို့မရဘဲ အတိုင်းထက်အလွန် ကဲ၍ကဲ၍သာလာသဖြင့်မင်းကျီးညိုသည် တနန်းတော်အဆောင်တွင်းမှာတကိုယ်ချင်းစကြံန်လျှောက်ခါ လက်သုံးတော်ဓါးကို စွဲကိုင်လျက်နူးညွှ ပြော့ပျောင်းစွာ ယစ်မူးသော မလာဘစိတ်ကိုပြောင်း၍ ခက်ထန်ကြမ်းထမ်းသော ရာဇမာန်စိတ် ပေါ်ပေါက်လာအောင် သွေးဆောင်တော်မူပြန်ပါသော်လည်း မင်းကျီးညို၏အင်အားသည် ခင်ဦး၏အာရုံ

ကိုအောင်မြင်ခြင်းငှာ မစွမ်းနိုင်ဘဲ စစ်ရှုံး၍ ဆုတ်ရသည့်အလား ရွှေဓါးကိုကိုင်ရင်းပင် ခင်ဦး အာရုံကိုအနိုင်ပေး၍ ဆုတ်ခွါတော်မူရလေသည်။

ထိုအခါလက်သုံးတော် ဓါးကိုချ၍ သလွန်တော် ထက်၌လျောင်း စက်တော်မူကာ တွေးတောကြံဆ တော်မူသည်မှာ၊ 'ငါသည်ကေတုမတီ တောင်ငူမြို့ကြီးကို ကိုယ်ပိုင်ဖြစ်သော လက်ရုံးအားဖြင့် အစွမ်းထုတ်၍ကြံစည်တော်မူခဲ့ရာ လွယ်ကူစွာပင် အောင်မြင်တော်မူခဲ့လေသည်၊ ထို့နောက်တဘန် ရေလဲ့ငါးခရိုင်မှစ၍ ညောင်ရမ်း, မိတ္ထီလာသို့တိုင်အောင် စစ်ပြိုင်၍ဆင်ခဲ့ရာ ငါထင်မြင်တော်မူတဲ့အတိုင်းပင် အောင်ပွဲရ တော်မူခဲ့လေသည်။ တလိုင်းဘုရင် တပ်တော်များ သည်အင်အား ကြီးကျယ်စွာနှင့် ဒွါရာဝတီ မြို့တော်ကြီးကို ဝိုင်းဝန်းစဉ် အခါတုန်းကလည်း ငါ၏လက်ရုံးဖြင့် တွန်းလှန် ဖြိုဖျက်တော်မူရာ လွယ်ကူစွာနှင့်ပင် အောင်ပွဲရတော်မူခဲ့သည်။ သို့စင်ကလောက် ကြီးမြောတ်ကဲလွန် ချွန်ကြီးချွန်သော သတ္တိမျိုးဖြင့် ရန်သူတော်အပေါင်း ကိုနှိမ်ချိုးသုတ်သင်၍ အောင်မြင်တော်မူလေ့ရှိရာ ယခုငန္ဓဲကုန်းမြို့ ခင်ဦး၏ရူပါရုံစစ်မက်များနှင့် တွေ့ကြုံပြိုင်ဆိုင်မိသောအခါ အောင်မြင်ခွင့်ကိုမရဘဲ လက်နက်ချ၍ အားပေးပြီးလျှင် ကိုယ်ပိုင် စည်းစိမ်တော်များကိုပင် ခင်ဦးထံမှာအပ်နှံရတော့မလိုလို ဖြစ်ပါပြီးတကား။

ငန္ဓဲကုန်း ခင်ဦး၏ ရူပါရုံတပ်တော်များသည် အင်အားကြီးမားစွာနှင့် ခိုင်မြဲပါပေစွ။ ခင်ဦးစစ်တပ်မှာ တထောင့်ငါးရာ သင်္ချာအရေအတွက်ရှိသော ဗျူဟာသနင်း ဗိုလ်မှူး, ဗိုလ် မင်းတို့ကလည်း ထန်ပြင်းသောလက်နက်ဖြင့် ချိန်၍ အကြိမ်ကြိမ် ပစ်ခတ်ကြသည်မှာ လွန်စွာ အံ့သြဘွယ်ကောင်းပေစွတကား။

"မှတ်ချက် ရှစ်လုံးဘွဲ့ကဗျာ"

ဗိုလ်ပါ ဆင်မြင်း-စစ်ခင်း ခံ့ခိုင်၊
ကြီးကျယ် အင်အား-လှုပ်ရှား မယိုင်၊
ပြိုင်ဆိုင် စစ်ပွဲ အောင်မြဲ ပိုင်ပိုင်၊
ကိလေမျိုး-ဖြတ်ချိုး သူမနိုင်။ ။

ဤသို့ စဉ်းစားတော်မူပြီးလျှင် ဘုရင်မင်းကျီးညိုသည် လူယုံတော် ဖြစ်သော မင်းကြီး စည်သူကျော်ထင်နှင့် တိုင်ပင်တော်မူလိုသောကြောင့် အပါးတော်မြဲ ရွှေဓါးဆွဲ တယောက်ကို စေလွှတ်၍ မင်းကြီးစည်သူကျော်ထင်ကို အမိန့်တော်နှင့် ခေါ်တော်မူ၏။

ခေါ်တော်မူသောကြောင့်၊ စည်သူကျော်ထင်လည်း အပါးတော်သို့ ဝင်ရောက် ခစား လေရာ-

မင်းကျီးညိုက-

သလွန်တော်ထက်မှာ အုံးဝန်းကိုမှီလျက် 'အပါးကိုတိုးခစားပါ၊ တိုင်ပင်ရန်အကြောင်း ရှိသည်'ဟု မိန့်တော်မူသည်တွင် စည်သူကျော်ထင်လည်း နီးနီးကပ်ကပ် ခစားရလေ၏။

ဘုရင်-

ငန္ဒဲကုန်းမြို့မှာ ယာယီတဲနန်းတော်နှင့် စံတော်မူရတာ လွန်စွာ မွေ့လျော်တော်မူတယ်၊ ယာယီတဲနန်းတော်မှ အနောက်တခွင်ကို မျှော်တော်မူလိုက်ပါလျှင် မှိုင်းမှိုင်း ဝေဝေ စိမ်းလန်းနေတဲ့ ရွှေမင်းဝံတောင်တန်းကြီးကို မြင်တော်မူရတာလဲ များစွာ ကြည်နူးတော်မူမိတယ်၊ ငန္ဒဲကုန်းမြို့ဟာ ရေ, မြေ, ဥတုမှစ၍ နုပျိုသာယာ၍ များစွာ စံနေတော်မူဘို့ ကောင်းပါလား။

စည်သူကျော်ထင်-

မှန်လှပါ အရှေ့ တခွင်မှာလည်း ပေါင်းလောင်းမြစ်နှင့် ရှမ်းရိုးမတောင်တန်းကြီး၊ အနောက်မှာလည်း (ပဲခူးရိုးမခေါ်သော) မင်းဝံတောင်တန်းကြီး၊ ဤသို့တောတန်း, တောင်တန်း, ပိတ်သန်းရှက်ဆီး၍ စိမ့်ကြီး, စမ်းကြီး, တသွင်သွင်စီးနေတဲ့ အရပ်ဌာနဖြစ်၍ အလွန်နုပျိုလှပါသည်ဘုရား၊ ရေ, မြေ, ဥတုများလဲ အချိန်မရွေး စိုပြေနုပျိုနေတဲ့ အတွက် သစ်သီး, ပန်းမာလ်, ရေကန်, ဥယျာဉ်မှစ၍ ရှုလေတိုင်းမှာ ခက်ကျိုင်းနုထွားလျက် များစွာ ကြည်လင်ဘွယ် ကောင်းလှပါသည်ဘုရား၊ သည်နယ်တခိုမှာ နုပျိုသာယာသော ရေ,မြေ, ဥတုနှင့် ပြည့်စုံစေကြသည့်အတိုင်း၊ ပေါက်ဘွားကြသော တိုင်းသူ,ပြည်သား လူအများတို့ဟာလဲ အလွန်ပင် နုပျိုကြပါသည်ဘုရား။

ဤ လျှောက်ချက်ကို ကြားရာ-များစွာ နှစ်သက်တော်မူလှသောကြောင့် 'စည်သူကျော်ထင်သည် ငါ၏စိတ်တော်သိဟန်ရှိရဲ့'ဟု တွေးဆတော်မူကာ ပြုံးတော်မူသည်။သို့ရာတွင်ရာဇဗိန္ဒြေတော်ကို စောင့်ရှောက်တော်မူသောအားဖြင့် ခင်ဦး၏အကြောင်းကို ရုတ်တရက် မေးတော်မမူသေးဘဲ၊ ရှောင်လွှဲ၍သာ အချိန်သွေးကာ မိန့်တော်မူပြန်သည်။

ဘုရင်-

ယခု'ကန်တော်ကြီး' ဆည်ဖို့တော်မူရသည်များကိုလည်း အားရ နှစ်သိမ့်တော် မူမိတယ်၊ ဘေးတော်အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူ မင်းကြီးစွာစော်ကဲတို့ထံးကို နှလုံးပိုက်တော်မူပြီး ကန်တော်ကြီး ဆည်ဖို့တော်မူရသည်မှာ ပြည်သူ သတ္တဝါတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်တော်မူတဲ့ မင်းကျင့်တရားတို့တွင် အပါအဝင် မဟုတ်လား စည်သူကျော်ထင်ရဲ့။

စည်သူ-

မှန်လှကြောင်းပါဘုရား၊ ချောင်း, ကန်, ဆည်, မြောင်း, ဆည်ဖို့တော်မူခြင်း ဆိုသည်မှာ ပြည်သူသတ္တဝါတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်တော်ခြင်း ဖြစ်၍ ဘုန်းသမ္ဘာ တိုးတက်ကြောင်း၊ သက်တော်ရာကျော် ရှည်တော်မူကြောင်း၊ ဝတိန်, ယာမာ, တုသိတာ အစရှိသော နတ်မင်းစည်းစိမ်များနှင့်တကွ အမတကြှင်းနှင့် မြိုင်နန်းစံတော်မူရကြောင်း၊ ကောင်းမြတ်ထူးလွန်သော ကုသိုလ်တော်ကြီး မှန်လှပါသည်ဘုရား။

ဘုရင်-

စည်သူကျော်ထင်ရဲ့။ ။ 'ဘုရား' ။ငနွဲ့ကုန်းမြို့သူကြီးဟာလဲ ငါ၏ အမှုတော်များကို ရိုသေကျိုးနွံစွာ အရှင့်သစ္စာကိုသိ၍ ပိပိပြားပြား ဆောင်ရွက်တဲ့ ကျွန်တော်မျိုး မဟုတ်လား။

စည်သူ-

မှန်လှပါ ဘုန်းတော်ကြီးလှသော ဘုရားသည်၊ တိုင်းပြည်နိုင်ငံ တည်ထောင်တော်မူဦးစ အခါကပင်လျှင် အရှင့် သစ္စာတော်ကို စောင့်၍ စိတ်နှလုံးဖြောင့်ဖြောင့်နှင့် အမှုတော်ကို ထမ်းရွက်သူ မှန်ပါကြောင်းပါဘုရား၊ ယခု ကန်တော်ကြီး ဆည်ဖို့ရေး ကိစ္စမှာလည်း၊ အရာရာက မလစ်လပ်ရအောင် အမှုထမ်းဆောင်သောသူ ဖြစ်ပါသည်ဘုရား။

ဘုရင်-

သည်ကဲ့သို့ အမှုထမ်းကောင်း မှန်သူများကို မြှောက်စား၍ သူကောင်း ပြုထိုက်တယ် မဟုတ်လား။

စည်သူ-

ယခု ငနွဲ့ကုန်းမြို့သူကြီးမှာ 'သူရကျော်ခေါင်'ဘွဲ့နှင့်သာ အချီးအမြှောက် ခံရရှာသေးသည်ဖြစ်၍ သူ၏စွမ်းရည်သတ္တိနှင့် မထိုက်မတန်သကဲ့သို့ ရှိနေပါသည်၊ တိုးတက်၍ သူကောင်း မြှောက်တော်မူစမ်းပါဘုရား။

(မင်းကျီးညိုက ပြုံးတော်မူသော မျက်နှာတော်နှင့်)

စည်သူကျော်ထင်ရဲ့။ ။'ဘုရား'။နံနက်တချက်တီးခန့်ကရှေ့တော်ပါးသို့ ငနွဲ့ကုန်းမြို့သူကြီး အခစားဝင်လာရာ နောက်ကပါလာတဲ့ သွီးကညာကလေးဟာ ငနွဲ့ကုန်းမြို့သူကြီးရဲ့ ရင်သွေး မဟုတ်လား။

စည်သူ-

မှန်လှပါ၊ ငနွဲ့ကုန်းမြို့သူကြီးရဲ့ သွီးကလေးပါ။

ဘုရင်-

ရုပ်ရည်သဏ္ဌာန် အင်ကြန်လက္ခဏာ မူရာပုံပန်းမှစ၍ အလွန်ထူးဆန်းလှပါတကား။

စည်သူ-

ရှုမြင်တော်မူရသော အတိုင်းပင်ဖြစ်၍ အလွန်ထူးမြတ်သော ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံပါကြောင်းပါဘုရား၊ မြို့သူကြီး၏သွီး ချောကြောင်း, လှကြောင်း, ဂုဏ်သတင်းများဟာလဲ ယခုအခါ လွန်စွာ ကျော်ကြား၍ နေပါသည်ဘုရား။

ဘုရင်-

မဟာဆန်သော ရုပ်ရေနှင့် ကိုယ်မူရာဏ္ဍန္တြေ သို့ကလောက် ကျက်သရေရှိတဲ့ သွီးကညာကလေးဟာလဲ ဘာကြောင့် မဟာမျိုး မဟာနွယ်ထဲမှာ မဖြစ်ဘဲ၊ ကျေးတော်မျိုး, ကျွန်တော်မျိုး, ဇာတိထဲမှာမှ ပဋိသန္ဓေစွဲရတာလဲ စည်သူကျော်ထင်ရဲ့။

စည်သူ-

သူ့ကံအကျိုးပေးပုံကိုတော့ ဘုရားကျွန်တော်မျိုး မလျှောက်တတ်ပါ။ များသော အား ဖြင့် ဖြစ်လေ့ရှိသည်မှာတော့ အလွန် မွှေးကြိုင်လှစွာသော စန္ဒကူးသရက္ခန် နံ့သာများ ဟာလဲ တော၊တောင်အတွင်းမှာ ပေါက်ရိုးထုံးစံရှိပါသည်၊ ထူးမြတ်သော တော်ဝင် ကျောက်ရတနာ များဟာလဲ တောတောင်အတွင်းမှာ ဖြစ်လေ့ရှိပါသည်၊ ဆင်ဖြူတော် ရတနာ များလဲ အလွန် ထူထပ်သော စုံမြိုင်၊တောအုပ်၊ထဲမှာ ဖြစ်ပေါ်လေ့ရှိပါသည်။ ။ဤနည်းတူစွာ အချို့အချို့ သော သွီးကညာ ရတနာတော်ဝင် များဟာလဲ ပဟို ထီးနန်းနှင့် မနီးသော တောအရပ်မှာ ဖြစ်ပေါ်လေ့ရှိကြပါသည်ဘုရား။

(ဘုရင်မင်းမြတ်က လျှောက်ချက်ကို နှစ်သက်တော်မူလှသဖြင့်) အင်း-မှန်ပါပေရဲ့ ငနွဲ ကုန်းမြို့ သူကြီးဟာ အာဒိစ္စဝံသ သာကီယနွယ်ရိုး မဟာမျိုးများသာ ဖြစ်ခဲ့ပါလျှင်-

(စကားမဆက်ဘဲ နေတော်မူသည်နှင့် စည်သူကျော်ထင်က ဘုရား ကျွန်တော်မျိုးက မှန် သောအတိုင်း ပွင့်လင်းစွာ လျှောက်တင်ရမည့် အကြောင်းပါဘုရား။ မဟာနွယ်, မဟာမျိုး, မဟုတ်သော်လဲ သွီးကညာ ရတနာ အစစ်မှန်ပါလျှင် သိမ်းပိုက်တော်မူသင့် လှပါသည် ဘုရား၊ နီတိကျမ်းများ၌ ပညာရှိတို့ မိန့်ဆိုတော်မူသော စကားကိုလည်း ရွှေနား ပန်ဆင်တော်မူပါ။

ဝိသတောပျ တံ ဂဏှေ၊ မလတော မဏိ မုတ္တမံ။
ဖေဂ္ဂုတော စန္ဒနံ သာရံ၊ ထိရတနံ ဒုက္ကုလာဝိဒ္ဒါ။
ဝိဒ္ဒါ၊ ပညာရှိသည်။
ဝိသတောပိ၊ စိန်,ဟင်းရိုင်း,စသော အဆိပ်ဝတ္ထုပျိုးထဲမှလည်း။
အမတံ၊ အမြိုက်ဆေးကို။
ဂဏှေ၊ ရသော်မသေ့ ယူထိုက်ပေ၏။
မလတောပိ၊ အညစ်အကြေးထဲမှသော်လည်း။
မဏိမုတ္တမံ၊ ဇောတရသ်တော်ဝင် ကျောက်မျက်ရှင်ကို။
ဂဏှေ၊ ရသော်မသေ့ ယူထိုက်ပေ၏။
ဖေဂ္ဂုတောပိ၊ အကာထဲမှလည်း။
စန္ဒနံသာရံ၊ စန္ဒကူးသရက္ခန်အနှစ်ကို။
ဂဏှေ၊ ရသော်မသေ့ ယူထိုက်ပေ၏။
ဒုက္ကုလာပိ၊ ယုတ်ညံ့နိမ့်ကျသော အမျိုးထဲမှာလည်း။
ထိရတနံ၊ မိန်းမရတနာကို။
ဂဏှေ၊ ရသော်မသေ့ ယူထိုက်ပေ၏။

ဤကဲ့သို့ ပညာရှိတို့ မိန့်ဆိုတော်မူကြသော နီတိမှာတမ်းများကို ထောက်ကားတော်မူပြီး ရတနာတော်ဝင် သို့စင်မှန်မြတ်သော သွီးကညာကို လျှင်မြန်စွာ သိမ်းပိုက်တော်မူသင့် ပါသည် ဘုရား၊ ရှေးရှေးသော ဘေးလောင်းတော်, ဘိုးလောင်းတော်မင်းများလည်း ထိုကဲ့သို့ သိမ်းပိုက် တော် မူဘူးသော အစဉ်ထုံးများလည်း ထင်ရှားစွာ ရှိပါကြောင်းပါဘုရား။

ဘုရင်-

ယုတ်နိမ့်သော အမျိုးထဲမှ ပေါ်ပေါက်လာတဲ့ သို့းကညာများကို သိမ်းပိုက်တော် မူပါလျှင် ဘုန်းသမ္ဘာများကို ယိုပါး နှောက်ရှက်လေ့ မရှိဘူးလား။

စည်သူ—

မထိခိုက်,မနှောက်ရှက်သည့်ပြင် ဘုန်းပန်းပွင့်များကို တဆင့်တိုးတက်စေနိုင်ပါသည်ဘုရား။ မြေကောင်း, ရေကောင်းဖြင့် စိုက်ပျိုးအပ်သော ပန်းပင်များသည် ကြီးထွား သန့်စွမ်း၍ အနံ့အရသာနှင့် ပြည့်စုံသော ပန်းပွင့်တို့ကို ထွားထွားရင့်ရင့် ကားကားစွင့်စွင့် ပွင့်လေဘိသည်ပမာ ရတနာတော်ဝင်ဖြစ်သော သို့းကညာ ရတနာတို့ကို သိမ်းပိုက်တော်မူပါလျှင်၊ ဘုန်းသမ္ဘာတော် အရှိန်တန်ခိုးသည် တဖြိုးဖြိုး တက်ထွန်းလေ့ရှိသည့်ပြင်၊ မျိုးညွန့်နွယ်ညွန့်, သမ္ဘာညွန့် ဖြစ်သော သားတော်ရတနာများလည်း ထွန်းကားလေ့ ရှိစမြဲပါဘုရား။

(၁) ရှေးရာဇဝင် အစဉ်အားဖြင့် လျှောက်ထားရမည်မှာ ပုဂံပြည် နရပတိစည်သူ မင်းကြီးသည် ဥယျာဉ်သည် ဆင်းရဲသို့းတယောက်ကို ရှေးကောက် သိမ်းပိုက်တော်မူရာ ဘုန်းသမ္ဘာတက်တိုး၍ မျိုးတော်ညွန့်ဖြစ်သော သားတော်တပါးကို ဘွားမြင်ပါသည်။ ။ထို သားတော်ရတနာသည် 'နန်းတောင်းများ' 'ဇေယျာသိင်္ခ' ဟူသော အမည်နှင့် ပုဂံပြည်တွင် ဘုရင်အဖြစ်သို့ ရောက်တော်မူရာ တိုင်းသူပြည်သားတို့ များစွာ ချစ်ခင်ကြည်ညိုကြပါသည် ဘုရား။

(၂) ပုဂံပြည် ဥဇနာမင်းကြီးသည် ဆင်းရဲသူ ပန်းပွတ်သည် သို့းတယောက်ကို သိမ်းပိုက်တော်မူရာ ဘုန်းသမ္ဘာတိုးတက်၍ သားတော်တပါးကို ဘွားမြင်တော်မူပါသည်၊ ထို သားတော်သည် 'နရသီဟပတေ' ဟူသောအမည်ဖြင့် ပုဂံပြည်မှာ ဘုန်းတန်ခိုးအာဏာ ကြီးမားသော ဘုရင်တပါး ထွန်းကားလာပါသည်ဘုရား။

(၃) ပင်းယဘုရင် တစီးရှင် သီဟသူသည် မြောက်ဘက် လှိုင်းယဉ်ရွာက သူဆင်းရဲသို့းတယောက်ကို သိမ်းပိုက်တော်မူရာ ဘုန်းသမ္ဘာ တိုးတက်၍ သားတော်တပါး ထွန်းကားလာပါသည်၊ ထိုသားတော်သည် 'အသင်္ခယာစောယွမ်း' ဟူသော အမည်နှင့် စစ်ကိုင်းမြို့ တည်သော မင်းတပါး ဖြစ်လာပါသည်ဘုရား။

(၄) မင်းကြီးစွာစော်ကဲသည် ကံစွန်းနိမ့်သူ ဆင်းရဲသို့း 'မိတေဇာ'ကို သိမ်းပိုက်တော်မူရာ ဘုန်းသမ္ဘာ တိုးတက်၍ သားတော်တပါး ထွန်းကား လာပါသည်၊ ထိုသားတော်သည် 'ဘုရင်မင်းခေါင်'ဟူသော အမည်နှင့် မြန်မာပြည်တွင် ထင်ပေါ်ကျော်စောသော ဘုန်းတန်ခိုး တေဇာရှင်ကြီးတပါး ဖြစ်ပေါ်လာပါသည်ဘုရား။

ဤထုံးများကို ထောက်တော်မူသောအားဖြင့် အရှင့် ရွှေဘုန်းတော်ကြောင့် ဖြစ်ပေါ် ထွန်းကားလာပါသော 'ငနွဲကုန်းခင်ဦး' ကို သိမ်းပိုက်တော်မူပါလျှင် ဘုန်းတော်သမ္ဘာ တေဇာ တန်ခိုး ရှေးထက်တိုး၍ အမျိုးမျိုး ထွန်းကားတော်မူမည့် အကြောင်းကို ရှေးရာဇဝင် ထုံးဟောင်းတို့နှင့်တကွ ဘုရားကျွန်တော်မျိုး လျှောက်တင်ရပါသည်ဘုရား။

မင်းကျီးညိုသည် ဤလျှောက်ချက်ကို ကြားတော်မူရာ ရေတွေ့သောရွှေကြာ ဆိတ်ထိသော ဂွမ်းဝါကဲ့သို့ လွန်စွာ နှစ်သိမ့်တော် မူလှသဖြင့် ပြုံးတော်မူပြီး 'အင်း - စည်သူကျော်ထင် လျှောက်တင်ချက် အတိုင်းဖြင့် ဘုန်းသမ္ဘာ ပွင့်လန်း၍ နန်းညွှန့် ထီးညှောက်များ ထွန်းကားတော် မူဘို့ပါဘဲ' ဤမျှသာ မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ် စံနေတော်မူလေသတည်း။

ဘုရင် မင်းကျီးညိုသည် ငနွဲကုန်းသူ ခင်ဦးကို လွန်စွာ နှစ်သက်ပါသော်လည်း ရာဇဓိမ္မြေ တော် ပျက်ယွင်းအောင် တုန်လှုပ်ခြင်း အမူအရာကို ပြတော်မမူဘဲ စံနေတော်မူသော အခါ ဘုရင့် အလိုတော်ကို သိသော မင်းကြီး စည်သူ ကျော်ထင်သည် အပါးတော်မှ ခွါခဲ့ပြီးလျှင် ဘုရင်မင်းမြတ်နှင့် အကျွမ်းဝင်သော မှူးမတ်များနှင့် တိုင်ပင်သောအခါ ငနွဲကုန်းသူ ခင်ဦး၏ ဘုန်းရှိသော လက္ခဏာများကို သိမြင်ပြီး ဖြစ်ကြသော အတိုင်း ဘုရင်မင်းမြတ်အား သွီးကညာ ပဏ္ဏာတော် အဖြစ်ဖြင့် ဆက်သရန် သဘောတူကြလေသည်။

ဘုရင်၏ ကျွန်တော်ရင်းများက သဘောတူညီကြသော အခါ စည်သူ ကျော်ထင်သည် မင်္ဂလာရှိသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီးလျှင် မင်္ဂလာရှိသော အခြွေအရံများကိုခေါ်၍ ငနွဲကုန်းမြို့သူကြီး အိမ်သို့ သွားရောက် လေ၏။ ။မြို့သူကြီးကလည်း မင်းကြီး ဆိုက်ရောက်လာ သောအခါ လွန်စွာ ဝမ်းမြောက်လှသဖြင့် အိမ်ဦးမှာ ခမ်းနားစွာ လက်ခံ ပြုစုလေရာ စည်သူ ကျော်ထင်က စတင်၍ ပြုံးရွှင်စွာ ပြောဆိုသည်မှာ — 'ယခု-မြို့သူကြီးမင်း စိုးပိုင်တဲ့ နယ်ထဲမှာ ဆင်အုံကန်တော်ကြီး ကျိုးပေါက်ခြင်းဟာ လွန်စွာ မင်္ဂလာရှိတာဘဲ'။

မြို့သူကြီး-

'မှန်လှပါ၊ ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တော်တိုင် ဗိုလ်ပါသေနင် အများတို့နှင့် ငနွဲကုန်းမြို့ငယ်သို့ အရေးတယူ ထွက်တော်မူလာသည်မှာ လွန်စွာ မင်္ဂလာရှိပါကြောင်းပါ ဘုရား။

စည်သူ-

'ဟုတ်ကဲ့—ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ထွက်တော်မူတာလဲ မင်္ဂလာရှိတာတမျိုးပါဘဲ၊ သည့်ပြင်လဲ မြို့သူကြီးမင်းတို့နှင့်စပ်တဲ့ မင်္ဂလာတော်များလဲ ရှိပါသေးတယ်'

မြို့သူကြီးက ဝမ်းမြောက်လှသည်နှင့်-

'မိန့်တော်မူပါအုံးဘုရား၊ ဘုရာ့ကျွန်တော်မျိုး အမှုထမ်းကောင်းတာနှင့် ရာထူး, ဘွဲ့ထူး, နှင့် မြို့စား,ရွာစားများ သနားတော်မူမယ်လို့ အမိန့်တော်များ မှတ်တော်မူပါသလား၊ ယမန် နေ့က ရွှေတော်ပါးသို့ အခစားဝင်တဲ့အခါ ကျွန်တော်မျိုးရဲ့ အမှုထမ်းကောင်းပုံ အကြောင်း များကိုလဲ မိန့်ကြားတော်မူလိုက်ပါတယ်'

စည်သူ-

'အင်း - အမှုထမ်းကောင်းတာလဲ တမျိုးပေါ့လေ၊ သည့်ထက်ကြီးတဲ့ မင်္ဂလာက သာလွန် ၍ နှစ်သက်ဘွယ်ကောင်းပါသေးတယ်'

မြို့သူကြီး–

'အမိန့်ရှိတော်မူပါ ဘုရား၊ "အရှင်မွေး-နေ့ချင်းကြီး" ဆိုတဲ့ စကားအတိုင်း ဘုန်းတော်ကြီးလှသော ဘုရားက ကျွန်တော်မျိုးများကို ချီးမြှင့်တော်မူမယ်လို့ဆိုလျှင် အနေ့ာဒတ်အိုင်မှာ ရေချိုးသလို ဘုန်းတန်ခိုးအရှိန်နှင့် အချိန်မစောင့်ဆိုင်းရဘဲ ကြီးပွားစမြဲပါဘုရား'

စည်သူ–

'ကဲ–ကဲ ပြောရတော့မှာပေါ့၊ ယမန်နေ့က ရွှေတော်ပါးသို့ အခစား ဝင်ရောက်ရာ မြို့သူကြီးရဲ့ သွီးကလေး ခင်ဦးပါလာတယ်မဟုတ်လား'

သူကြီး–

'မှန်ပါဘုရား၊ တချက်တချက် ရှုစားတော်မူကြောင်းကိုလဲ ကျွန်တော်မျိုး မြင်ရပါတယ်'

စည်သူ–

'အဲ-မြို့သူကြီး မြင်တဲ့ အတိုင်းဘဲ၊ ဘုန်းတော်ကြီးလှသော ဘုရားက ရှုစားတော်မူရာ ရှေးပရံပရ ဘဝအဆက်ဆက်က ရေစက်တော်များ ပါလာလို့ထင်ပါရဲ့၊ မြင်တော်မူသည်နှင့် တပြိုင်နက် နှစ်သက်တော်မူကာ ရွှေမေတ္တာယိမ်းယိုင်တော်မူတယ်၊ ဘုရင်မင်းမြတ်ဟာ စစ်ရေး, စစ်မှုတို့၌သာ အာဇာနည်ပြိုပြီ စူးစူးစိုက်စိုက် လိုက်စားတော်မူလေ့ရှိသဖြင့် အလွန် သန်မာတဲ့ ရွှေနှလုံးတော်များ ရှိခဲ့ပေတယ်၊ သွီးကညာတို့၏အရေးနှင့် အလေးပြုတော်မူလေ့မရှိဘူး၊ ယခု မြို့သူကြီးရဲ့ သွီးကညာ ရတနာတော်ဝင်အစစ်ကို ရှုမြင်တော်မူတဲ့အခါ အင်း-ရွှေစိတ်တော်ပြောင်းပြောင်းပြီး ဖယောင်းကဲ့သို့ နူးညံ့တော်မူသည်မှာ လွန်စွာအံ့ဩဘွယ်အချက်ပေဘဲ၊ သို့ရာတွင် ရွှေဖူးစာကံ ဖန်တော်မူလာတဲ့ အပြင် ခင်ဦး၏ ရှေးကုသိုလ်ကလဲ ကြီးဆိုတဲ့အတွက် ယခုလို နှစ်သက်တော်မူတဲ့ လက္ခဏာပါဘဲ၊ ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်တို့နှင့်သာ ထိုက်တန်တဲ့ သွီးကညာကို မွေးဘွားရတဲ့ မြို့သူကြီးတို့ ဇနီးမောင်နှံစုံမှာလဲ အပုံကြီး ကုသိုလ်ထူးတယ် လို့ ချီးမွမ်းရမှာဘဲ မဟုတ်လား'

(ထိုအခါ မြို့သူကြီးက အတန်ကြာ စဉ်းစားပြီး ဝမ်းမြောက်လှသည်နှင့်)ယခု မင်္ဂလာသတင်းတော်များကို ကြားသိရသည်မှာ လွန်စွာဝမ်းမြောက်ခြင်းဖြစ်ရပါသည် ဘုရား၊ကျွန်တော်မျိုး၏ သွီး ခင်ဦးဟာလဲ အလွန်ထူးတဲ့ သွီးကလေးဖြစ်ပါတယ်၊ ငယ်ရွယ်စဉ်အခါကစပြီး အကျင့်သီလ အာစာရဂုဏ်နှင့် ပြည့်စုံကာ ရုပလက္ခဏာမှာလဲ သူ့ကံအားလျော်စွာ ထူးချွန်လျက် အလွန် မြင့်မြတ်ကြောင်းကိုလဲ ကျွန်တော်မျိုးများ အသိပင် ဖြစ်ကြပါသည်။ ။ပြောဆိုတဲ့ ဝစီကံ အမူအရာမှာလဲ ဗရမ်းဗတာမရှိဘဲ တိတိမတ်မတ်နှင့် ဖြောင့်မှန်တည်တန့်စွာ ပြောကြား၍ မှသားကိုဖြင့် အလွန်ကြောက်တဲ့ သွီးကလေးပါဘဲ။ ။မူရာဣန္ဒြေများမှာလဲ အခြား သတို့သွီးတို့လို ပြုံးချိုလျှပ်ပေါ်ခြင်းမရှိဘဲ မြင်ရတဲ့အခါတိုင်းမှာပင် လေငြိမ်ရာတွင် ထွန်း၍ထားတဲ့ မီးတောက်ကဲ့သို့ လွန်စွာ တည်တန့်လှပါတယ်။ ။ရယ်ခြင်း, ပြုံးခြင်း, ဆိုသည်မှာလဲ လွန်စွာ နည်းပါး၍ သူ့မျက်နှာ အနေအထားကို မြင်ရပါလျှင် အလွန် ခန့်ညား၍ ပကတိအားဖြင့် အရိုအသေပေးလိုတဲ့ စိတ်များ ပေါ်ပေါက်လာရပါတယ်။ ။မရယ်,မပြုံးဘဲ နှလုံးတည်ငြိမ်၍

ဣန္ဒြေရစွာနေလေ့ရှိသော်လဲ မျက်နှာသုန်မှုန်သော အမူအရာမပေါ်ဘဲ တည်ငြိမ်စွာ ထွန်း၍နေတဲ့ လ,ပြည့်ဝန်းပမာ လွန်စွာ ကြည်လင်လှပါတယ်၊ ဤကဲ့သို့ မြင့်မြတ်တဲ့ အနေအထား တွေကို ထောက်ပြီး ကျွန်တော်မျိုး၏ သမီးသည် တနေ့သော အခါ ဘုန်းသမ္ဘာ ပွင့်ဖူး၍ အထူးသဖြင့် ကြီးမြင့်လိမ့်မယ်ဆိုတာကို ယုံကြည်လျက် ရှိပါသည် ဘုရား။

စည်သူ–

'ဟုတ်ပါရဲ့၊ ပါရမီထူးတဲ့သူဆိုတာ အမူအရာလဲ ထူးကဲလေ့ရှိစမြဲပါဘဲ၊ ကျွန်ုပ်တို့လဲ အမြင်ဘူးသားဘဲ၊ အထူးချီးမွမ်းဘို့မလိုပါဘူး၊ သမီးကညာ ရတနာအဖြစ်ဖြင့် ဆက်သရန် မြို့သူကြီးများကလဲ သဘောတူကြတယ်မဟုတ်လား။

သူကြီး–

'သည်အရေးကိုတော့ အထူးမေးမြန်းတော်မူဘို့ မရှိပါဘုရား၊ လောကမှာ မိမိတို့ ရင်သွေးများ အထွတ်အဖျားသို့ တိုင်အောင် ကြီးမြင့်တယ်ဆိုတော့ ဘယ်မှာ ဝမ်းမမြောက်ဘဲ နေလို့ ဖြစ်နိုင်ပါတော့မလဲ၊ ဘုန်းတောက်တော်မူတဲ့ ဘုရင်မင်းမြတ်ကြီးက နှစ်သက်တော်မူ၍ သိမ်းပိုက်တော်မူမယ်လို့ဆိုလျှင် အတိုင်းထက်အလွန် ကံသမ္ဘာ ထူးချွန်တယ်လို့ ထင်ရမှာပါ၊ ကျွန်တော်မျိုး တခုအစီ ရင်ခံလိုတာကတော့ ကျွန်တော်မျိုး၏ ထီးမှာ ထီးနန်းနှင့်ဝေး၍ တောကျေးလက်မှာ တောငှက်ကလေးများလို ကြီးပြင်းလာရရှာတဲ့အတွက် ထီးမူနန်းရာကို သိကျွမ်းနားလည်မည် မဟုတ်ပါ၊ ထို့ပြင်လဲ ထီးနန်းအတွင်း ဆွေကြီး မျိုးကြီး, ဘကြီး, ဘထွေး, ဦးလေး, ဦးကြီး,များနှင့် မိကြီး, မိထွေး,များ မရှိပါသဖြင့် လွန်စွာ မျက်နှာငယ်မည်ကို စိုးရိမ်လှပါတယ်။ ။ယုံကြည်အားကိုးသောအားဖြင့် မင်းဘုရားကြီးကို အစီရင်တော် ခံပါရစေ ဘုရား၊ ထီးနန်းသခင် ဘုရင်ကောရာဇ် မင်းမြတ်တို့ ဆိုသည်မှာ စည်းစိမ်မာန်ယစ်သဖြင့် ချစ်တယ်, မုန်းတယ်,ဟူ၍ အထူးအလေးပြုတော်မူလေ့ မရှိကြပါ၊ ရွှေစိတ်တော်နှင့် အခန့်မသင့်၍ အခွင့်မကြုံသည့် အခါမှာ လွယ်ကူစွာနှင့်ပင် ရုတ်တရက် ဖျက်စီးလေ့ ရှိတတ်ကြပါတယ်။ ။မင်းရှိန်, စိုးရှိန်, ဆိုသည်မှာ လွန်စွာပြင်းထန်လှပါသဖြင့် အနည်းငယ်ကလေး မျက်နှာတော်ညိုပြီဆိုမှဖြင့် အလိုလိုကြေမွေ့စမြဲ ဖြစ်ကြပါတယ်။ ။**"မင်းတို့မျက်စောင်း· အကြောင်းမရွေး"** ဆိုတဲ့စကားအတိုင်း နဂါးမင်းတို့၏ အလျှံနှင့်တူတဲ့ မျက်စောင်းတော်များကိုလဲ မိုးကြိုးသွားကျသည့်ပုံကဲ့သို့ တုန်တုန် ခိုက်ခိုက် ကြောက်ရွံ့ရပါတယ်၊ အဲ-သို့အတွက်ကြောင့် ဘုန်းတော်ကြီးလှသောဘုရားက သိမ်းပိုက်တော်မူတဲ့အခါ အကြောင်းမသင့် အခွင့်မသာလို့ ကျွန်တော်မျိုး၏ သမီးကလေးမှာ မျက်နှာငယ်ငယ်နှင့် အလွယ်အကူ ကယ်သူ ကူသူမရှိဘဲ အဆင်းရဲကြီး ဆင်းရဲမဲ့အရေးကို တွေးတောလို့ ပူမိတဲ့အချက်တခုသာ ရှိပါတယ် ဘုရား,

မင်းကြီး စည်သူကျော်ထင်က ပြုံးပြီး–

'ကိုယ်ရေးအတွက်ပေကိုး၊မိဘတို့ဆိုတာ အတွေးနှင့်ပူမယ်ဆိုလျှင်လဲ ပူစရာပေပေါ့၊ သို့ရာတွင် မြို့သူကြီးမင်းစဉ်းစားစမ်းပါ၊ဘုရင်မင်းမြတ် ဆိုသော်လဲ သာမန်လူများကဲ့သို့ပုထုဇန်သမားဘဲ မဟုတ်လား၊ ပုထုဇန်မှန်လျှင်လဲတဏှာ၏ ကျွန်တော်မျိုးတွေသာ ဖြစ်ကြပါတယ်၊ တဏှာပိုင်တဲ့

နယ်က ထွက်နိုင်ကြတာမျိုး မဟုတ်ပါဘူး။ ကျွန်ုပ်တို့သခင် ဘုရင် မင်းကျိုးညိုဟာ ဘုန်းသမ္ဘာနှင့် ပြည့်စုံ၍ ရာဇဂုဏ်အရှိန် တောက်ပြီး အမြင့်ကြီး မြင့်မောက်ခါ တိုင်းသူပြည်သား အပေါင်းတို့ကို အစိုးရတဲ့သခင် ဖြစ်သော်လဲ စင်စစ်မှာတော့ တဏှာသခင်၏ ကျွန်တော်မျိုးပါဘဲ။ ။ယခု မြို့သူကြီးရဲ့ သွီးကလေး ခင်ဦးကို မေတ္တာထူးဖြင့် ညွတ်ယိုင်၍ ဆန္ဒတော်လိုင်သည်ဆိုရာမှာလဲ တဏှာက ညွှန်ပြစေခိုင်းတဲ့ အတွက်ကြောင့်သာ ဖြစ်ရပါတယ်။ ။တဏှာရှေ့သွားတဲ့စိတ်နှလုံးဖြင့် ပြုံးပြုံးရွှင်ရွှင် ခင်မင်နှစ်သက်တော်မူရင်းပါကို ဘယ်မှာ ညိုတော်မူနိုင်ပမလဲ။ ။မြတ်နိုးတော်မူခြင်းသာလျှင် လိုရင်းဖြစ်ပါတယ်၊ ဘာကိုမျှ စိုးရိမ်ဘွယ်မရှိပါဘူး။ ။ကျွန်ုပ်တို့ကလဲ အပါးတော်မှာ အမြဲ ခစားလျက် အရှိသားကဘဲ၊ မြို့သူကြီး၏ ရင်သွေးကြောင့် အပြစ်ဘေး ရောက်နိုင်ရန် အကြောင်းမရှိပါ၊ ဘုန်းတော်ကြီးလှသော ဘုရားကလဲ ကျိုးကြောင်းမှန်ရာကို ကောင်းစွာ သိမြင်တော်မူလေ့ ရှိပါတယ်၊ သိမ်းပိုက်တော်မူမိတဲ့အခါ အမြတ်နိုးကြီး မြတ်နိုး၍ ဘုန်းတန်ခိုးအရှိန် အဝါနှင့် တေဇာကြီးတဲ့ သွီးကလေးကို မြင်ရလိမ့်မည်ကိုသာ အမြဲနှလုံးသွင်းပေတော့,

(ဤသို့ပြောဆိုရာ မြို့သူကြီးနှင့် မြို့သူကြီးကတော်တို့ကလဲ များစွာ အားရ နှစ်သက်လျက်ရှိကြလေသည်)

ထိုသို့ ပြောဆိုပြီးနောက် စည်သူကျော်ထင်လည်း တဲနန်းတော်သို့ ပြန်ပြီးလျှင် မှူးမတ်ပညာရှိအများနှင့် သွီးကညာဆက်သရန် မင်္ဂလာ အချိန်တော်များကို ရွေးချယ်၍ နေလေ၏။

---

# အခန်း (၅)

စည်သူကျော်ထင် ပြန်လေသည့်နောက် မြို့သူကြီး ဇနီမောင်နှံစုံတို့ တိုင်ပင်၍ နေကြသည်မှာ—

သူကြီး-

'အိမ်ကိုလာရောက်ပြီး မင်းကြီး စည်သူကျော်ထင် ပြောတဲ့စကားများကို ရှင်မ ကြားလိုက်ကဲ့လား,

ကတော်—

'ကြားလိုက်ပါတယ်၊ ကိုယ်တို့ယောကျ်ားများအထဲမှာ မဝင်သာလို့ အသာကုတ်နေလိုက်ရတာဘဲ,

သူကြီး-

'ရှင်မက ဘာများဝင်ပြောချင်လိုလဲ၊ မင်းကြီး စည်သူကျော်ထင် ပြောတဲ့ အချက်ကိုကန့်ကွက်ချင်လို့လား,

ကတော်–

'အို-ကိုယ်ပြောမှဖြင့် အလွဲကောကောသွားတာဘဲ၊ အလွန် နှစ်သက်ဘွယ် ကောင်းတဲ့ အချက်ကြီးကို ဘာကြောင့် ကန့်ကွက်ရမှာလဲလို့'

သူကြီး-

'တာဖြင့် ဘာကိုဝင်ပြောလိုက်ချင်ရတာလဲ၊ ရှင်မတို့ မိန်းမမျိုးဆိုတာ လွန်စွာလျှာရှေ ချင်တာဘဲ'

ကတော်–

'ရှင်းတို့ယောကျ်ာကသာ ရှေပါတယ်၊ ကျွန်မတို့မိန်းမများက လျှာမရှေပါဘူး၊ ပြော ချင်တာကတော့ အကျွန်မတို့သွီးကလေးကို သိမ်းပိုက်တော်မူတဲ့အခါ တောင်ညာနှင်းပြီး အဂ္ဂ မဟေသီကြီး အရာကိုပေး မပေး မေးလိုက်ချင်တာပါဘဲ'

သူကြီး-

'အဲ-ပြောရင်းဆိုရင်း ရှေကုန်ပြီ၊ သိမ်းတောင်မှ သိမ်းပိုက်တော်မမူရသေးဘူး- အဂ္ဂ မဟေသီကြီး ဖြစ်စေချင်တာကလဲ စောလွန်းလှပါကလား၊ ဘုန်းတော်ကြီးလှတဲ့ဘုရားမှာ မဟာ မျိုး မဟာနွယ် အစစ်ဖြစ်တဲ့ မိဖုရားတွေလဲ ရှိသေးတယ်ရှင်မရဲ့၊ တောကြို တောင်ကြားက အလေး အမှားကလေးကို သိမ်းပိုက်တော်မူပြီး ခဏချက်ခြင်း တောင်ညာ နှင်းတော်မူနိုင်ပ မလား၊ တယ်အစဉ်းစားဉာဏ်နဲ့သကိုး'

ကတော်-

'အို–ကိုယ်ကမွေးတဲ့ ကိုယ့်ရင်သွေးဆိုတော့ အထွတ်အထိပ် တိုင်အောင် ကြီးပွားတာကို မြင်ချင်တာပေါ့၊ ကိုယ်ရင်သဘောကို ပြောစမ်းပါ၊ ကြီးကျယ် မြင့်မြတ်တာကို မမြင်ချင်ဘူး လားလို့'

သူကြီး-

'မမြင်ချင်ဘဲ နေလားရှင်မရဲ့၊ သို့ရာတွင် ကိုယ်နှင့်ဆိုင်တဲ့ အရာမှမဟုတ်ဘဲ၊ ကိုယ့်ဆန္ဒ အတိုင်း ဘယ်မှာဖြစ်နိုင်ပါမလဲ၊ တကယ်လို့သာ ကျုပ်ကိုယ်တိုင် ရှင်ဘုရင် ဖြစ်သွားမယ်လို့ဆို လျှင် ခင်ဦးတို့ အမေကို ခဏချက်ခြင်း တောင်ညာနှင်းပြီး အဂ္ဂမဟေသီကြီး မြှောက်လိုက် မှာပေါ့'

သူကြီးကတော်က သဘောကျလှသဖြင့်=

'အဲ-သို့ကလောက် ချစ်ခင်ကြောင်းကို ယခုမှ ထင်ထင် ရှားရှား သိရလို့ ကိုယ့်အပေါ် မှာ ကျေးဇူးတင်ပါရဲ့တော်၊ နို့-နေပါအုံး ဘယ်နေ့ ဆက်သရမှာလဲ'

သူကြီး-

'အို-တယ် အရင်လိုနေပေါ့ကိုး၊ ကျုပ်နှင့် ရှင်မအိမ်တောင်ကျတုံးကလို ညချင်း နေ့ချင်း ပြီးစီးနိုင်တာမျိုးမဟုတ်ဘူး၊ မဟာနွယ်သာကီမျိုး ဆိုတာ မင်္ဂလာရှိတဲ့အချိန် ပြက္ခဒိန်နေ့ရက်

များကို ရွေးချယ်ပြီးမှ သည်လိုကိစ္စကြီးများကို ဆောင်ရွက်တော်မူကြတယ်၊ ဘုန်းတော်ကြီးလှတဲ့ ဘုရားကိုယ်တိုင်က နှစ်သက်တော်မူတာဘဲ၊မလွဲနိုင်တော့ပါဘူး၊ ဘုရင့်ယောက္ခမတော်ကြီးလုပ်ဘို့ကိုသာ ပြင်နေပါတော့'

ကတော်-

'ဪ—သမီးရဲ့ဂုဏ်ကျေးဇူးနှင့် ဂုဏ်ထူး တိုးတက်တော့မှာဘဲနော်၊ လောကမှာ သမီးကောင်း ရတနာရှိတဲ့ မိဘများဟာ ချမ်းသာတဲ့ အကျိုးကို ခံစားရပါပေတယ်။

သူကြီး—

'သမီးချော ရတနာ ကညာဘော်ဝင်များကို မွေးရတိုင်း ချမ်းသာတယ်လို့လဲ မထင်လိုက်နှင့်အုံး၊ ပဘာဝတီကို မွေးရတဲ့ မဒ္ဒရာဇ် မင်းကြီးဟာ သမီးရတနာ အတွက်နှင့် ခုနှစ်ပြည်ထောင် မင်းတွေလာပြီး တပ်ကြီးစိုင်းလို့ ကြံရာမရအောင် ဒုက္ခရောက်ပုံတွေဟာလဲ အများကြီး ရှိသေးတယ်၊ သို့ရာတွင် ရှင်မကမွေးတဲ့ သမီးချောကလေး အတွက်တော့ အမှန်ပင် ချမ်းသာတဲ့အကျိုး ရတော့မှာဘဲ၊ သမီးချော မွေးဘော်ရတဲ့ ရှင်မကိုလဲ ကျေးဇူးတင်ပါရဲ့'

ကတော်-

'အကျွန်ုပ်ကို ကျေးဇူးမတင်ယိုက်လှပါဘူး၊ သူကြီးမင်းက နဂိုရင်းက လှလာတဲ့ လူချောကြီးဖြစ်တဲ့အတွက် အမျိုးဗီဇလိုက်ပြီး အဘေတူ သမီးကလေး ဖြစ်လာလို့ ချောတာပါ၊ အကျွန်ုပ် သတ္တိတခုထဲသာဖြင့် သည်ရုပ်မျိုးကို မွေးနိုင်ဘို့ ဝေးပါရဲ့'

သူကြီး-

"မျိုးစေ့လဲကောင်း-မြေလဲကောင်း"ဆိုတဲ့ တောင်သူ စကားလိုပေါ့ ရှင်မရယ်၊ ကျုပ်တို့သမီးလလေး ချောမော လှပခြင်းဟာ မိဘနှစ်ပါးလုံး ကျေးဇူး မကင်းကြပါဘူး- သို့ရာတွင် ကံတရားနှင့် လိုက်ကြည့်တဲ့အခါ သူ့ကံနှင့်သူ အကျိုးပေးလာကြတာမို့ သမီးကံက လှစေဘို့ ဖန်တယ်လို့ဘဲ ဆုံးဖြတ်ကြပါစို့ရဲ့၊ ကဲ-ကဲ ရှင်မရဲ့ သမီးကိုလဲ မင်္ဂလာရှိတဲ့ သတင်းတော် များကို ပြောကြားလိုက်စမ်းပါအုံး'

ကတော်—

'ဟုတ်ကဲ့ - မပြောကြားဘဲ နေပါ့မလား၊ စကားမစပ် ရှေ့တော်သို့ မဝင်မီညက သမီးကလေး အိပ်မက်မြင်တယ်ဆိုတာ သည်မင်္ဂလာ နိမိတ်ကြီးဘဲ ထင်ပါရဲ့နော်'

သူကြီး—

'အေး-ဟုတ်တယ် ဟုတ်တယ်၊ သည်အခါတုန်းကဘဲ ငါရိပ်မိလိုက်ပါရဲ့၊ တာကြောင့် အိပ်မက် မြင်မက်ကြောင်းကို သမီးကလေးက ပြောတဲ့အခါ ရှင်မဆိုတဲ့ ရှင်မက တောင်ရောက်မြောက်ရောက် နောက်တီး နောက်ချာ မင်္ဂလာမရှိတဲ့စကားတွေကို ပြောနေလို့ ငေါက်တောင် ငေါက်လိုက်ရသေးတယ်မဟုတ်လား၊ အလွန် ဘုန်းကံထူးတဲ့ သမီးကလေး ရှင်မရဲ့၊ သူ့အကျိုးပေးချိန် တန်လာတော့ အထိကရ ကန်တော်ကြီးတောင် ကျိုးပေါက် ပေးရသေးတာ ကလား၊

ပဉ္စနှန်နတ်သားတွေကလဲ သို့ကလေးရဲ့ဘုန်းသမ္ဘာကြောင့် ကန်ကျိုးအောင် မိုးရွာစေကြတယ်လို့ ထင်တယ်၊ ကဲကဲ စကားတွေ ရှေမနေပါနှင့်အုံး၊ မင်္ဂလာသတင်းတော်များကို ပြောကြားလိုက်ပါ'

ဤသို့ ဝမ်းမြောက် ဝမ်းသာနှင့် စပ်မိစပ်ရာ ပြောဆိုကြပြီးလျှင် မြို့သူကြီးကတော်သည် ခင်ဦးနေသော အခန်းသို့ သွားလေ၏။

ထိုအခါ ခင်ဦးသည် မြတ်လေးပန်းတွေကိုခူး၍ ဘုရားတင်ရန် အခိုင်အခိုင် ပြုလုပ်နေဆဲတွင် ပြုံးရွှင်သော မျက်နှာနှင့် မိခင်ဝင်လာတာကို မြင်ရာ "အမေက ယနေ့ ရွှင်လာလိုက်ထာ အဘောနှင့်စကားလက်ဆုံကျလာတယ် ထင်ပါရဲ့"ဟု စတင်၍ မေးမြန်းလေ၏။

မိခင်–

'ညီးအဘောဟာ စကားပြောတဲ့အခါ ဘယ်တော့မှ ချောချော မွေ့မွေ့ မရှိဘူး၊ ထစ်ထစ် ဖုဖုနှင့် သူ့စရိုက်အတိုင်း ခပ်ရိုင်းရိုင်း ကိုးရိုး ကားရား ပြောလေ့ရှိပုံများကိုလဲ သို့အသိပေါ့၊ သို့ရာတွင် ယနေ့တော့ အလွန်ထူးတဲ့ မင်္ဂလာနေ့ရက် ကြုံလို့ စကားလက်ဆုံ ကျလာတာ အမှန်ပါဘဲ'

ခင်ဦး–

'အို-ပြောစမ်းပါအုံး၊ ဘယ်လို မင်္ဂလာ နေ့ထူးများ ကြုံလာသလဲလို့'

မိခင်–

'ကဲကဲ တိုတိုပြောပါရစေတော့၊ သို့ကလေးဟာ မကြာခင် မိဖုယား ဖြစ်တော့မယ်၊ မိန်းမတို့မှာ သည့်ထက်ကြီးတဲ့ မင်္ဂလာရှိသေးသလား' (ခင်ဦးက-ခေတ္တစဉ်းစားပြီး) 'နေစမ်းပါအုံး အမေရယ်၊ ဘယ်လို မိဖုယား ဖြစ်ရမှာလဲ၊ မဟာမျိုး မဟာနွယ်ခေါ်တဲ့ ဆွေတော် မျိုးတော်လဲ မဟုတ်ဘဲနှင့် ကျွန်မတို့လို တောသူတောင်သားက မိဖုယားဖြစ်နိုင်ပမလား'

မိခင်–

'သို့လဲ စာတွေ ပေတွေ အတတ်သားဘဲ၊ တောသူတောင်သား ဖြစ်ပေတယ်လို့ ကုသိုလ်ကံ ထောက်ပင့်တော့ မြောက်မြင့်တဲ့အဖြစ်သို့ ရောက်နိုင်တယ်ဆို မဟုတ်လား'

ခင်ဦး–

'သည်စကားမျိုးတော့ မှန်ပါတယ် အမေရယ်၊ **"လု ထမ်းလာတာကိုသာ မြင်ရတယ်၊ ကံထမ်းလာတာကိုမမြင်ရဘူး"**ဆိုတဲ့ စကားများကိုလဲ ကြားဘူးပါရဲ့၊ ကုသိုလ်ကံက ထောက်ပင့်မယ်လို့ ဆိုလျှင် မိဖုယားမျှမက သောတာပန် ဘဝကိုတောင် ရောက်စေနိုင်ပါတယ်၊ ကဲ ကဲ ပြောစမ်းပါအုံး၊ ဘယ်လိုအကြောင်းနှင့် ဘယ်ဘုရင်ရဲ့ မိဖုယား ဖြစ်ရမှာတဲ့လဲ'

မိခင်–

'အကြောင်းကတော့ အခြားအကြောင်း မဟုတ်ပါဘူး၊ ကန်တော်ကြီး ကျိုးပေါက်တဲ့ အကြောင်းက မူရင်းအစပါဘဲ၊ ပဉ္စနှန်နတ်သားတွေက သို့ကလေး အထွတ်အမြတ် ရောက်တော့မယ်ဆိုတဲ့ အရေးကို မျှော်တွေးသိမြင်ကြလို့ ဝမ်းမြောက် ဝမ်းသာနှင့် မိုးတွေအတင်းရွာချလိုက်

ကြတယ်၊ နတ်တွေမှုံးထူးလို့ ကြုံးကြုံးလွန်လွန် ရှာတဲ့မိုးကြောင့် ကန်တော်ကြီးကျိုးသွားတယ်၊ ရေကန်ကျိုးတော့ သို့ရဲ့ ရွှေကတန်ခိုးတောက်ပြီး မင်းကျီးညိုဆိုတဲ့ ကေတုမတီ ဘုရင်ကြီးဟာ မနေသာလို့ ဆိုက်ရောက်တော်မူလာရတာပေါ့။ ။ဘုရင်မင်းမြတ် ထွက်တော်မူလာတဲ့ အခါ ကဲလေ အကျဉ်းချုံး ပြောကြပါစို့ရဲ့၊ ဟောသည်က ကျုပ်တို့ရဲ့ သို့အလှည့်နှံ့ဖူး မခင်ဦးကို မြင်တော် မူပါရော့။ ။မြင်လျှင်မြင်ခြင်း ကိုယ်တော်မြတ်ကဲ့ အတွင်းသန္တာန်တော်မှာ ရှိတဲ့ အချစ်အာသဝေါက မေတ္တာတောကြီး တခွင်လုံးမှာ အုန်းအုန်း - အုန်းအုန်းနှင့် မိုးတွေရွာသလို ရွာကုန်ကြပါရော။ ။အချစ်မိုးကြီးရွာတော့ မဟာကန်တော်ကြီး ကျိုးသလို ဘုရင်မင်းကျီးညိုရဲ့ ဟာဒယဝတ္ထု တည်းဟူသော နှလုံးရေကန်မှာ မေတ္တာရေတွေ လျှံပြီး မခံနိုင်အောင် ဘင်းကနဲ ကျိုးပေါက်ပါလေ့ရော။ ။ကန်တော်ကြီး ကျိုးတုန်းက သာမန်လူများက လုံအောင်ဆယ်လို့ မရသလို ဘုရင်မင်းကျီးညိုရဲ့ စိတ်နှလုံးရေကန်ကြီး ကျိုးပေါက်တဲ့အခါမှာလဲ ဘယ်သူမှလုံအောင် ဆယ်လို့ မရနိုင်ဘဲ ဖြစ်နေတယ်၊ တိုတိုပြောရမှာဖြင့် ဘုရင်မင်းကျီးညိုရဲ့ နှလုံးရေကန်တော်ကြီး ကို သို့ကလေး မခင်ဦးကိုယ်တိုင်ဆယ်မှ လုံခြုံခွင့်ကိုရမတဲ့၊ ကဲ-နားလယ်ပလား'

ခင်ဦးကပြုံးပြီး—

'ဩော် ကျွန်မကို ရှုစားတော်မူရတဲ့အတွက်ကြောင့် ဘုရင်မင်းမြတ်ကဲ့ စိတ်နှလုံး ရေကန်တော်ကြီးဟာ မေတ္တာရေဖြိုးမောက်၍ ကျိုးပေါက်တယ်ဆိုပါတော့။ ။(ဟုတ်တယ်-ဟုတ်တယ်)။ ကျွန်မကိုယ်တိုင်ဆယ်မှ လုံမတဲ့။ ။(ဟုတ်တယ်-ဟုတ်တယ်)

'ဒါဖြင့် အလွယ်သားဘဲ၊ ဘုရင်မင်းမြတ်ကဲ့ ရွှေနှလုံးကန်တော်ကြီးက ယခု ကျိုးပေါက်တဲ့ ဆင်အုံကန်တော်ကြီးကို အားကျပြီး ငါလဲကျိုးပေါက် ပါသော်ကော ဆိုတဲ့သဘော သူ့အတွင်းသန္တာန်မှာ သူ့ဘာသာ ကျိုးပေါက် တာပေါ့လေ၊ သည်လိုဖြစ်တော့ ကျွန်မကလဲ ဆင်တော်ကွေ့နှင့် အတင်းနင်းပြီး ကန်တော်ကြီး ခိုင်အောင်ဖို့သလို ဘုရင်မင်းမြတ်ကဲ့ ရွှေနှလုံး ကန်တော်ကြီးကိုလဲ ဆင်တွေနဲ့နင်းပြီး အတင်းဖို့ပေးလျှင် အလွယ်တကူနှင့် လုံခြုံမှာဘဲ'

မိခင်-

'အို-ဘာစကားတွေရှောက်ပြီး ပြောနေပြန်ပါလိမ့်မယ်၊ ရှင်ဘုရင့်နှလုံးသားကို ဆင်တွေများနှင့် နင်းပစ်ချင်ပြန်သလား၊ ရွှေနားတော်ကြားမှုဖြင့် မိသားတစုကို မီးလောင်တိုက် သွင်းကုန်လိမ့်မယ်၊ ရာဇဒဏ်တော်ကြီးနှင့် နီးကပ်တဲ့စကားကို မပြောစမ်းပါနှင့်'

ခင်ဦး=

'အို-အမေကလဲ ကျွန်မစကားကို နားမလယ်ဘဲကိုး၊ ကျွန်မပြောတဲ့ ဆင်က တမျိုးပါ အမေရဲ့'

မိခင်=

'ကဲ ကဲ-ပြောစမ်းပါအုံး၊ ဘယ်လိုဆင်လဲ ဆင်ဖြူလား ဆင်နက်လား, ရောဝဏ်ဆင်လား ဆဒ္ဒန်ဆင်လား'

ခင်ဦး-

'သည်လိုပါ ကျွန်မသန္တာန်မှာရှိတဲ့ ရူပါရုံ တိမ်လွှာ တိမ်တိုက်တို့က ရှင်ဘုရင့် အတွင်း သန္တာန်ကို ထိခိုက်လို့ အချစ်တဏှာမိုးတွေရွာတယ်၊ တဏှာမိုးကြောင့် နှလုံးရေကန်ကြီး ကျိုး

ပေါက်တယ် မဟုတ်လား။ ။အဲသည်လိုဖြစ်တော့ တရားတည်းဟူသော မင်္ဂလာဆင်တော်ကြီး တို့ဖြင့် အတင်းနှင်း၍ ဆည်ဖို့လိုက်ပါလျှင် လွယ်ကူစွာနှင့် လုံခြုံတော်မူမယ်လို့ ကျွန်မဆိုလိုတာ ပါ၊ တရားဆင်တော်ကြီး ဆိုတာကလဲ အခြားမဟုတ်ပါဘူး ကျွန်မကို မြင်တဲ့အခါ လှတယ်, ယဉ်တယ်, မင်စဘွယ်နှင့် ကြင်မယ်, ခင်မယ်, ဆိုတဲ့ သဘောမျိုး တွေကို ပျောက်အောင် ဖျောက်နိုင်တဲ့ အသုဘသညာ ဘာဝနာဆင်တော်ကြီးတွေကို ဆိုတာပါ အမေရဲ့'။

မိခင်-

'ဩော်-ခက်နေပြန်ပါပြီ မင်္ဂလာရှိတဲ့ စကားကိုပြောကြားနေတဲ့အထဲမှာ အသုဘကထာ ဘာဝနာသဘောတွေကို ပြောနေပြန်ပါပေါ့ကလား၊ သည်တရားမျိုးတွေဟာ အမေ့ကိုဟောနေ ဘို့မဟုတ်ပါဘူး၊ မိဖုယားဖြစ်တဲ့အခါကျတော့မှ သလွန်တော်ထက်မှာ စက်တော်ခေါ်ကြတဲ့ အခါမှ ဟောဘို့မှန်းထားပါ နေစမ်းပါအုံး၊ ယခုပြောတဲ့ မင်္ဂလာစကားတွေကို ကျီစယ်လို့၍ ပြောတာမဟုတ်ဘူးသို့မီးရဲ့ တကဲ့တကယ်ပြောတဲ့ စကားတွေပါ၊ မိဖုယားဖြစ်မယ်ဆိုတာ ဝမ်းမ သာဘူးလား'။

ခင်ဦး-

'တကယ်ပြောတယ်ဆိုတာလဲ ကျွန်မသိပါတယ်၊ ဝမ်းမြောက်တန်သလောက်လဲဝမ်းမြောက် ပါရဲ့ အလွန့်အလွန် မာန်တက်ပြီး ဣန္ဒြေပျက်လောက်အောင် ဝမ်းမြောက်ဘို့ အချက်ကြီးလဲ မဟုတ်ပါဘူး'။

မိခင်-

'အလိုပြောပြန်ပါပြီ မိဖုယားအဖြစ်ဆိုဒါ အလွန့်အလွန် ဝမ်းမသာဘူးတဲ့၊ သို့မီးကညာ တို့မှာ မိဖုယားအဖြစ်ဆိုတာ အလွန့်အလွန်နှင့် အချွန်ဆုံးမဟုတ်လား'။

ခင်ဦး-

'မိဖုယားဆိုတာလဲ အစားစား ရှိပါသေးတယ်အမေရယ်၊ ယခုလိုမိဖုယားမျိုးက လေ ဖြစ်ရုံနှင့်လဲအလွန့်အလွန် ဝမ်းမြောက်ဘို့မဟုတ်သေးပါဘူး'။

မိခင်-

'ဩော်-သို့မီးကစိတ်ကြီးအလွန်ဝင်တာကိုး ပြောစမ်းပါအုံး၊ မိဖုယားသရုပ်ကိုဘွင့်ထုတ်လို့'။

ခင်ဦး-

'သည်လိုပါ တိုင်းနိုင်ငံ တစိတ်တဒေသကို အစိုးရတဲ့ ပဒေသရာဇ်မင်းတို့၏ မိဖုယားက တမျိုးအမေရဲ့၊ နိုင်ငံပေါင်း များစွာကိုစိုးပိုင်၍ မင်းပေါင်းများစွာ၏ အရှင်သခင်ဖြစ်တဲ့ ဧကရာဇ်ဘုရင်တို့၏ မိဖုယားကတမျိုးအမေရဲ့။ ။ လေးကျွန်းနှင့် တမြင့်မိုရ်ကိုပိုင်သ၍ ရတနာခုနစ် မျိုးလက်ကိုင်ရတဲ့၊ စကြဝတေးမင်း,မန္ဓာတ်မင်းကြီး,တို့၏ မိဖုယားက တမျိုး-အမေရဲ့၊ မဟေသီ ခေါ်ရတဲ့သည်လို မိဖုယား သုံးမျိုးရှိခဲ့ရာ ယခုကျွန်မတို့အရှင်သခင် ဘုရင်မင်းကြီးညီမှာတော့

တောင်ငူမြို့တော်ဆိုတဲ့ တဝိုက်တဝန်းကလေးမျှကိုသာ အစိုးရတဲ့ပဒေသရာဇ်မင်း ကလေးမျှသာဖြစ်ပါတယ်။ မြောက်မှာလဲအင်းဝဘုရင်၊ တောင်မှာလဲတလိုင်းကရင်၊အနောက်မှာလဲပြည်ဘုရင်၊အရှေ့မှာလဲရှမ်းစော်ဘွား' နိုင်ငံအမျိုးမျိုးတို့၏ စပ်ကြားမှာမလွန့်သာမဆန့်သာလွန်စွာကျဉ်းမြောင်းတဲ့နိုင်ငံတစိတ်တဒေသကလေးမျှကိုသာ အစိုးရနေတော့ သူ့ခမျာမှာလဲ သနားစရာပါဘဲ၊တကယ်လို့မင်းကျီးညိုရဲ့ မိဖုယားအဖြစ်သို့ ရောက်လျှင် အလွန့်အလွန် ဝမ်းမြောက်ဘို့ ဘယ်မှာရှိသလဲ၊ ရွှေကုသိုလ်ကံအဟုန်က အပုံကြီးမထွားကျိုင်းလို့တိုင်းကျပ်ပြည်ငယ်ကလေးအတွင်းမှာပဒေသရာဇ်မင်း၏မိဖုယားဖြစ်ရတာပေါ့ စဉ်းစားစမ်းပါ ဘယ်မှာအလွန့်အလွန် ဝမ်းမြောက်စရာရှိသလဲလို့'။

မိခင်က-လက်ခုပ်လက်ဝါးများတီးပြီး-

'အမယ်လေးရဲ့ သို့မီးစိတ်ကြီးဝင်ပုံကဖြင့် သိကြားမင်းကြီးရဲ့ထိပ်ပေါ်ကို အပုံကြီးကျော်နေပါသေးလား စကြာမင်းကြီးရဲ့မိဖုယားဖြစ်မှ စိတ်ကျေနပ်အောင် ဝမ်းမြောက်နိုင်တယ်လို့ဆိုချင်သပေါ့လေ၊ တာဖြင့်မင်းကျီးညိုကို စကြာမင်းဖြစ်အောင် အရှေ့လောကဓါတ်မှာရှိတဲ့ စကြာရတနာကြီးကို သို့မီးသွားယူပြီး ဆက်ပါအုံးတော့လား၊ သည်လိုဖြင့်စကြာမင်းကြီး မိဖုယားရတနာဖြစ်မှာပေါ့၊ အလွန်စိတ်နေမြင့်တဲ့သို့မီးဘဲနေ၁် တောမြို့ကအကြးမှာ မွေးပေလို့သာ ထီးဖြူအောက်မှာ သစ်နက်ရေမျှားခံပြီး မွေးခဲ့ပါလျှင် စကြာမင်းကိုတောင် အဘက်လုပ်မဲ့လက္ခဏာမရှိဘူး'။

ခင်ဦး-

'စိတ်ကြီးဝင်ဆိုတာ လူတိုင်းဝင်လို့ရတာမျိုးမဟုတ်ဘူး အမေရဲ့၊ ပါရမီဓာတ်ခံလွန်ရင့်သန်၍ ဘုန်းကံကြီးတဲ့ သူမျှားမှ တကယ့်တကယ် စိတ်ကြီးဝင်နိုင်ကြတာပါ၊ ယခုလောကမှာ စိတ်ကြီးဝင်နိုင်မှ တော်ရုံကျတာကလား အမေရယ်'။ ။စိတ်ကြီးဝင်တဲ့သူမျှားဟာ သာမညအာရုံကလေးနှင့် တုန်တုန်လှုပ်လှုပ် မဖြစ်နိုင်ဘူးအမေရဲ့၊ စိတ်ထားခိုင်ခိုင်နှင့် မတ္တိုင်သဘွယ် တည်တံ့နိုင်ကြတယ်။ ။စိတ်ကြီးမဝင်တဲ့သူမျှားမှာတော့ မပြောလောက်စဘွယ် သေးငယ်တဲ့ သာမညအာရုံကလေးနှင့် တုန်တုန်လှုပ်လှုပ် ခုန်မလိုပေါက်မလို စိတ်မြောက်၍ ကြွနွေပျက်ကြတယ်။ ။သိမ်သိမ်ငယ်ငယ်နှင့် လှုပ်ရှားလွယ်တဲ့သူမျှားဟာ မျက်စိကြီးကြီးနှင့် ကြည့်လိုက်ပါလျှင် လွန်စွာ ရှက်ဘို့ကောင်းတာဘဲ။ ။ပေါ့ပါးသေးသိမ်တဲ့ ဖက်ရွက်ခြောက်ကလေး အမှိုက်သရိုက် ကလေးတွေဟာ သာမညလေကလေးမျှား တိုက်မှဖြင့် ကတိုက်ကရိုက်နှင့် လွင့်ရှာကြတယ်။ ။ကျောက်သား ကျောက်တိုင်တို့မှာ လေတိုက်ရုံနှင့် မယိုင်ဘူးမဟုတ်လား၊ ကျွန်မသဘောထားကို အမေလဲအသိသားဘဲ အထူးပြောနေဘို့မလိုပါဘူး၊ သို့ကလို စိတ်နေကြီးမားပြီး စိတ်တားခိုင်လို့သာ ယခုလောက် အကျိုးပေးကလေးနှင့် တွေ့ကြုံရတာပေါ့ စိတ်ထားမခိုင်လျှင် ကျွန်မ ယိုင်သွားတာ ကြာလှရောပေါ့။ ။တကယ်စင်စစ်မှာတော့ စကြာမင်းကြီးရဲ့ မိဖုယားရတနာကြီးဖြစ်ပေတယ်လို့ ကျွန်မဖြင့် ဝမ်းမြောက်မယ်လို့ မထင်ပါဘူး'

မိခင်-

'ဟော-အလွန်အကဲ ပြောလာပြန်ပြီ စကားဆိုတာ တောင်လိုမောက်အောင် မပြောကောင်းဘူးတဲ့ သို့မီးရဲ့၊ 'ကိုယ်ကျို့လျှင် နှုတ်လို့ရနိုင်တယ်၊ နှုတ်ကျို့လျှင်နှုတ်လို့ မရနိုင်ဘူး'ဆိုတဲ့

စကားများကို မကြားဘူးဘူးလား.... ခက်ကုန်ပါပြီ၊ သည်လေပေါက်မျိုးတွေကိုသာ မိဖုယား ဖြစ်သည်တိုင်အောင် သုံးနေမှဖြင့် ခဏကလေးနှင့် အရာလျှော၍ ဆွေရော့မျိုးရော့ဒုက္ခရောက် ကုန်ပါလိမ့်မယ်၊ တယ် စိတ်ညစ်စရာကောင်းတဲ့ သွီးဘဲ’

ခင်ဦးက ပြုံးပြီး-

‘အဆုံးနားထောင်စမ်းပါအုံး အမေရယ်၊ အရေမလယ်ခင် အဖြစ် မြင်တတ်ကြပါတယ်၊ သည်လိုပါ-ကျွန်မကိုယ်တိုင်က မိန်းမဖြစ်ရတဲ့ဘဝကိုနှလုံးနာနေတာဘဲ၊ ဘယ်ကလာပြီး စကြာမင်းကြီးရဲ့မိဖုယားအဖြစ်ကို ဝမ်းမြောက်နိုင်ပမလဲ။ ။အမေစဉ်းစားလို့ ကြည့်စမ်းပါ၊ မိန်းမအဖြစ်ဆိုတာ ဘယ့်ကလောက် အောက်တန်းကျသလဲလို့ ဘယ်လိုမိဖုယားကြီးဘဲဖြစ်ဖြစ်၊ တကယ်စင်စစ်မှာတော့ ယောကျ်ားများရဲ့ ခြေရင်း အလုပ်အကျွေးဘဲ မဟုတ်လား၊ အောက်ကျတဲ့ အစားမို့ လားလားမှ မနှစ်သက်နိုင်ဘူး အမေရဲ့၊ မင်းယောကျ်ားကောင်းစင်စစ် အမြန်ဖြစ်ဘို့သာ ဆုတောင်းနေမိတာဘဲ’

မိခင်-

‘ကဲ-ကဲ-တန်ပါတန်ပါ ညီးကိုနိုင်အောင် စကားပြိုင်လို့ မပြောနိုင်ပါဘူး၊ မှန်တဲ့အတိုင်း ဖွင့်ပြောစမ်းပါ ဘုရင်မင်းကျီးညို့က သိမ်းပိုက်တော်မူမယ် ဆိုတာကို သဘောမတူဘူးလားလို့’

ခင်ဦး-

‘သဘော မတူဘူးလို့ မပြောပါဘဲကလား၊ ဝမ်းမြောက်တန်သလောက် ဝမ်းမြောက်ထိုက်ပါတယ်လို့ ကျွန်မပြောခဲ့ဟယ် မဟုဘ်လား၊ သူ့ကံနှင့် သူ့အကျိုး တမျိုးအားဖြင့် တင်းတိမ်ရောင့်ရဲရတာပေါ့။ ။မိန်းမဖြစ်လာပြီဆိုမှဖြင့် သခင်တဦးဦးကိုဖြင့် ရှာရတော့မှာ အမှန်ဘဲ၊ ကိုယ့်သခင်ရဲ့ အမှုတော်ကိုထမ်းပြီး၊ ချမ်းသာသလိုနေထိုင်ကာ နေ့ရက်တွေကို ကုန်ကြရစမြဲပါကို ဘယ်မှာ ကျွန်မ ငြင်းဆန်ဘို့ ရှိပါတော့မလဲ’

ဤကဲ့သို့အခန်းထဲမှ ကြာရှည်စွာ တိုးတိုး-တိုးတိုးနှင့် သမီးနှင့် မိခင် စကားအပင်ပေါက်နေကြသည်ကို ဘခင်မြို့သူကြီးက သဘောမကျသည်နှင့် အခန်းတွင်းသို့ဝင်ပြီး၊ ‘ရှင်မဟာ ဘယ်နေရာမှာမဆို မရှေ့ရလျှင် ကိစ္စမပြီးဘူး’ဟုပြောဆိုကာ အပြင်ဆောင်သို့ ခေါ်သွားလေသည်နှင့် စကားလက်စပြတ်၍ သွားလေ၏။

ထိုအခါ မှူးမတ်သေနာပတိတို့မှစ၍ နယ်သူ နယ်သားသို့ တိုင်အောင် ကျော်စောသတင်း ပျံ့နှံ့သွားသဖြင့် ‘ငန္ဓဲကုန်းမြို့သူကြီး၏ သမီး-ခင်ဦးကို ဘုန်းတော်ကြီးလှသော ဘုရားက သိမ်းပိုက်တော်မူမည်’ဟူ၍ ကြားသိကြလေရာလက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကိုယူကာယူကာ ငန္ဓဲကုန်းမြို့သူကြီးအိမ်သို့ လာရောက်၍ မင်္ဂလာသတင်းကို မေးမြန်းကြသည်မှာ အခါမလပ် ပရိသတ်တို့ဖြင့် ပြည့်ကျပ်၍နေလေ၏။ မင်းကြီး, စိုးကြီး, ဗိုလ်မှူးကြီးတို့ကလည်း သမီးကညာရတနာ ခင်ဦးဆင်မြန်းရန် အဘိုးထိုက်တန်သော ရတနာများနှင့် ရွှေသား ရွှေခဲတို့ကို ပို့သကြသည်မှာ လည်း လွန်စွာပင် များပြားလေသည်။ ။တောင်ငူမြို့၏ မြောက်တပြင်မှာရှိသော မြို့သူကြီးများ

ကလည်း မိမိတို့အင်အားရှိသမျှ လက်ဆောင်ပဏ္ဏာ ပို့သကြပုံများလည်း လက်ဆောင်သိမ်း၍ မအားနိုင်အောင်ပင် ရှိလေသည်။

ခင်ဦး၏ မိဘနှစ်ပါးမှာ မိဖုယားအဖြစ်သို့ မရောက်ရသေးသော သွီးရတနာ အရှိန်ကြောင့် ဂုဏ်သိမ်, ရွတ်တရက် ကြီးမားလာသဖြင့် များစွာပင် ဝမ်းမြောက်ဝမ်းသာရှိကြလေသည်။

မင်းကြီးစည်သူ ကျော်ထင်လည်း မှူးမတ်ပညာရှိ အပေါင်းတို့နှင့် တိုင်ပင်ကာ နေ့ကောင်းရက်သာ မင်္ဂလာအချိန်တော်များကို ရွေးချယ်၍ ပြီးလျှင်၊ သွီးကညာ ရတနာ ဆက်သခန်းနှင့်ဆိုင်သော ဆောင်ယောင်ခမ်းနားနှင့် ဝတ်စားတန်ဆာတို့ကို ပြည့်စုံစွာ စီရင်လေ၏။

စီရင်ဘွယ် ကိစ္စတော်များပြည့်စုံ၍ မင်္ဂလာကြုံသော နေ့ရက်တွင် အစဉ်အလာ သွီးကညာတို့၏ ဆက်သွင်းရိုးထုံးတမ်းအတိုင်း တပ်ဝင်းအခင်းအကျင်းများနှင့်တကွ မြို့သူကြီးအိမ်မှ ဘုရင်မင်းမြတ် ခေတ္တစံနေတော်မူသော ယာယီစံနန်းတော်သို့ တိုင်အောင် ခင်းကျင်းကြပေသည်။ လမ်းတလျှောက်မှာလည်း၊ ရာဇပတ်ကာ၍ သဲဖြူခင်းခြင်း၊ ငှက်ပျောပင်ရှင်စိုက်ခြင်း၊ ရေပြည့်အိုးတည်ခြင်း၊ အောင်လံစိုက်ထူခြင်းစသော ကိစ္စတော်များကို တခမ်းတနား စီရင်ပြီးလျှင် ခင်ဦးကို ရတနာဝေါတော်ထက်တွင် တင်၍ ဘုရင်မင်းမြတ်၏ ယာယီစံနန်းတော်သို့ တူရိယာမျိုးစုံတီးမှုတ်ကာ ငြိမ့်ငြိမ့်ညှင်းညှင်း ဆောင်ယူကြလေသည်။

ဘုရင်မင်းကျီးညိုလည်း နဂိုမြင်တော်မူစဉ်းကပင်လျှင် အထူးနှစ်သက်တော်မူရင်း ရှိသောကြောင့်၊ ယာယီစံနန်းတော် လှေကားဦးက ဆီးကြိုတော်မူပြီးလျှင် မိမိ၏ လက်ဝဲတော်ဖြင့် ခင်ဦး၏ လက်ယာလက်ကလေးကို ဆွဲကိုင်တော်မူခါ ယာယီစံနန်းတော်သို့ ဝင်တော်မူသည်။

ရွှေတော်သို့ အစုံအညီ ဆိုက်ရောက် လာသော မှူးမတ်အများတို့ကလည်း မင်္ဂလာရှိသော စကားတို့ကို သံတော်ဦးတင်ကြရ၏။ ပုဏ္ဏားတော်များကလည်း သျှတ္တိမင်္ဂလာဘုန်းတော်ဘွဲ့ ဂါထာများကို ရွတ်ဆိုကြလေသည်။ ။ထိုအခါ ယာယီ စံနန်းတော်အနီးတွင် အမှုတော်ထမ်းကြရသော သဘင်တော်, အငြိမ့်တော်, များကလည်း မင်္ဂလာဘုန်းဘွဲ့သီချင်းများကိုဆို၍ နူးညံ့ယဉ်ကျေးစွာ ကပြကြရာ ဆိုင်းတော်များကလည်း တငြိမ့်ငြိမ့် တီးကြရသည်။ ခုနစ်ရက်တိုင် သဘင်မပြတ် ခံတော်မူစေပြီးလျှင် အမှုထမ်း,အရာထမ်းများကိုလည်း ထည်မျိုး, အုပ်မျိုး, စုံမှစ၍ ရွှေငွေရတနာများကို ဆုပေးတော်မူသည့်ပြင် ဘွဲ့တဆိပ်များလည်းပေးတော်မူသည်။ထိုခုနစ်ရက်အတွင်းမှာ အမှုထမ်းဟူသမျှကို တစုံတရာမျှ အလုပ်, လုပ်ကိုင်ခြင်း မရှိစေရဘဲ အလိုရှိသမျှ မြူးတူးပျော်ပါးရန်အခွင့်ကို ပေးတော်မူသည်။ မြောက်ဘခွင်ရှိ တိုင်းနိုင်ငံများကို လက်နက်နိုင်ငံအဖြစ်ဖြင့် တိုက်သိမ်းတော်မူသောအခါ သုံ့ပန်းအဖြစ်ဖြင့်ဘမ်း၍ အကျဉ်းထားသောသူ အချို့ကိုလည်း ဘေးမဲ့လွှတ်တော်မူသည်။

ထိုနယ်တလျှောက်တွင် သီတင်းသုံးနေတော် မူကြကုန်သော ရဟန်း သံဃာတော်တို့အားလည်း ယာယီစံနန်းတော် အနီးတွင် မဏ္ဍပ်ကြီးစွာထိုး၍ အမျိုးမျိုးသော လှူဘွယ် ဝတ္ထုတို့ကို မင်္ဂလာဒါနအဖြစ်ဖြင့် လှူတော်မူသည်။

ထိုအခါမှာပင် တောင်ညိုမြို့တွင် သီတင်းသုံးလျက် ရှိသော တောင်ညို ပဉ္စင်းကို ပင့်၍ ခင်ဦး၏ ဇာတာတော်များကို စစ်ဆေးတော်မူစေရာ တောင်ညိုပဉ္စင်းကလည်း ဗေဒင်ကိန်းခန်း ရှိသမျှ နည်းအမျိုးမျိုးနှင့် တွက်စစ်၍ ကြည့်ရာ များသောအားဖြင့် ၁၂-ရာသီ စက်ခွင်ဝယ် မင်္ဂလာရှိသော ဇလဋ္ဌစက်၌သာ ဂြိုဟ်ရှစ်ဖြာ ရပ်တန့်လျက် ရှိသည်ကို တွေ့မြင်သဖြင့်။ ။'အရှင်မင်းကြီး၊ ယခု အဆက်အသခံတော်မူသော သို့းကညာသည် ကပ်ပါရမီထူးချွန်၍ အလွန်မြင့်မြတ်သူ ဖြစ်သည်၊ ဤသို့းကညာကို သိမ်းပိုက်တော်မူခြင်းမှာ သီရိနတ်သို့းကို သိမ်းပိုက်တော် မူရသည်နှင့် တူစွာ ရှေးကထက် ဘုန်းသမ္ဘာ တိုးတက်၍ တိုင်းနိုင်ငံ အမျိုးမျိုးကို အုပ်စိုးတော်မူရလိမ့်မည်။ ။ဤသို့းကညာကို အကြောင်းပြုသော အားဖြင့် ဘုန်းကျက်သရေတော် များလည်း တနေ့တခြား တိုးတက်တော် မူပေလိမ့်မည်၊ ဤဇာတာရှင်မှာ စကြာမင်းတို့၏ မိဖုယားပင် ဖြစ်ထိုက်သော ဇာတာရှင် ဖြစ်ပေသည်။ ။အထူးဟောကိန်း မြင်သည်မှာ ဤသို့းကညာမှ ရှေးဦးစွာ မွေးဘွားသော သားတော်ရတနာသည် အရှင်မင်းကြီးထက်ပင် ဘုန်းတန်ခိုး တေဇာ လွန်စွာကြီးမား၍ လေးကျွန်းလုံးကိုပင် စကြာပုန်တောင်းကို မောင်းနှင်နိုင်သော မင်းထူး မင်းမြတ် ဖြစ်ရန်ပါရှိသည်၊ ထိုသားတော် ရတနာကို ဘွားမြင်သောအခါ မဖြစ်စဘူး၊ အထူးကြီးကျယ်လှစွာသော တိတ်နိမိတ်များပင် ထင်မြင်လာပါလိမ့်မည်။ ။ဤသို့ဗေဒင်ကိန်း အမျိုးမျိုး အားဖြင့် ဟောကြားတော်မူသည်ကို ဘုရင်မင်းကြီးညို ကြားတော်မူလေရာ လွန်စွာ အားရနှစ်သက်တော်မူလှသည်နှင့် တောညိုပဉ္စင်းအား များပြားလှစွာသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်း၍'အရှင်မြတ် မိန့်တော်မူတိုင်းသာ မှန်ပါစေ'ဟု မိန့်တော်မူသည်။

မင်္ဂလာသဘင်တော်ကြီး ပြီးစီးသည့်နောက် ကန်တော်ဆည်ဖို့ခြင်း ကိစ္စလည်း ပြီးစီးသည်နှင့် ကန်တော်ဆယ်ဖို့ခြင်းကြောင်းကို ရေးသားသောကျောက်စာ မော်ကွန်းများကိုလည်း စိုက်ထူတော် မူပြီးလျှင် တောင်ငူနေပြည်တော်ကြီးသို့ ရတနာဝေါတော်ကိုစီး၍ တပ်စဉ်ခင်းကျင်းကာ ပြန်လည်တော်မူသည်။

(မှတ်ချက်။ ။ဆင်အိုကန်တော်ကြီးမှာ၊ မင်းကျီးညိုစိုက်ထူခဲ့သော ကျောက်စာ မော်ကွန်းများကိုမူကား၊ ယခုအခါ မတွေ့ရတော့ချေ။ ။ထိုပြင်လည်း ဆင်အို ကန်တော်ကြီးကို ဆည်ဖို့တော်မူစဉ်အခါ ရန်ခအောင်မြင်မြို့တွင်ရှိသော 'ရွှေလက်လှ'ဘုရားသို့ မကြာမကြာ ထွက်တော်မူပြီးလျှင် ပျက်စီး ရှိယွင်းသည် များကိုလည်း ပြင်ဆင်တော်မူသည်။ ။ထို ရွှေလက်လှ ဘုရားတွင် သုံ့ပန်းအဖြစ်နှင့် ဘမ်းဆီးထားသော အချို့လူများကို ကျွန်သိတော် အဖြစ်ဖြင့် လှူ၍ ဝတ္တက မြေများကိုလည်း လှူတော်မူပြီးလျှင် ကျောက်စာများကိုလည်း စိုက်ထားတော်မူသည်။ ။ယခုအခါ ထိုကျောက်စာများကိုလည်း မတွေ့ရတော့ချေ)။

တောင်ငူမြို့သို့ မင်းကျီးညို ပြန်လည်တော်မူရာ ခင်ဦးလည်းစီးတော်မူရာ ရတနာ ဝေါ တော်ထက်တွင် ဘုရင်မင်းမြတ်နှင့်အတူ လိုက်ပါတော်မူရလေ၏။ ။ခင်ဦး၏ မိဘများကိုလည်း ပြန်လည်တော်မူရာတွင် အတူခေါ်တော်မူ၍ သွားလေသည်။

ကေတုမတီ နေပြည်တော်ကြီးသို့ ဆိုက်ရောက်တော် မူသောအခါ ယောက္ခမတော်ကြီး များကို အိမ်ဖြူတော် ဆောက်လုပ်၍ ကောင်းမွန်စွာ လုပ်ကျွေးပြုစု၍ ထားတော်မူသည်။

ဤအရာ၌ စာကြည့်သူအများ ဗဟုသုတပွားများစေရန် တောင်ငူ ငါးမြို့စာရေးတော်ကြီး ရေးသားသည်ဟု တွေ့ရသော ဆင်အုံကန်ဘွဲ့ တေးထပ်နှင့် ငန္ဒကုန်းသူကြီးသမီးကို ဘွဲ့ဆိုသော တေးထပ်များကို အောက်၌ပါသောအတိုင်း ထည့်သွင်းဖော်ပြ လိုက်ပါသတည်း။

တောင်ငူဘုရင် မင်းကျီးညိုနှင့်
ဆင်အုံကန်တော်ကြီးဘွဲ့
တေးထပ်

ရွှေသမ္ဘာ-တေဇာဓိပေပေါ့၊ နေအာဒိဆက်ကို၊ ဆွေသာကို ကနက်ဗိုလ်ဝယ်၊ တက္ကသိုလ် ဥာဏ်ထူး။ ။နန်းကေတု တိုင်းဝတီမှာ၊ သမိုင်းချီစိုက်မဲ့ရည်စူး။ ။ဇေသူရ—ခေါ်ရာဇာဝယ်၊ ပြောင်နာဂါပိုင်မူး၊ နောင်သာနာ-ခိုင်ဖူးကို စိုင်ရှူးကြယ့်အသွင်။ ။ထွန်းတောက်စေ ဆုံး မျှော်မှန်းပါလို့၊ ဘုန်းတော်ပန်း ပွင့်တဲ့ ခါတွင်။ ။ဆင်အုံကန်- ထိုရေပြင်ကို၊ ဗိုလ်သေနင် တပ်ပေါင်းနှင့်၊ မြတ်ဘေးလောင်းနည်းစံယူ၊ ထပ်ဆင့်လျှောက်ကူ။ ။ပဋိတိ-တည်အောင်မူတယ်၊ ပြည်တောင်ငူ လက်ရုံးနှင့်လေး။ ။

ဘုရင်မင်းကျီးညိုနှင့် ခင်ဦးဘွဲ့
တေးထပ်

ကျွန်းသီဟိုဠ်ဇာတိ၊ သာလိတဲ့ကုမ္မာ၊ မဟာဘိ ပုညာငယ်၊ ဂုဏ်သမ္ဘာ တင့်ဖြိုး။ ။ မျိုးညွှံတဲ့တပါးခင်ကို၊ သနားကြင် သိမ်းပိုက် မြတ်နိုး။ ။ကောသလသေနဒီ၊ မြေမဟီပိုင်စိုး ပန်းသယ်ကို နန်းနွှယ်ရှိုးလိုပ၊ မှန်းရွှယ်ကိုးတောင်ညာ။ ။မေဥဒုံဝိဒေဟတို့လို၊ ဘိသေက ဖြန်းတဲ့ ပမာ။ ။တိုင်းကေတု ဘိဇေယျာဝယ်၊ ဝိသေသာ သဗ္ဗာမြင့်သူပေါ့၊ ရာဇဝင့် ပဝေဏီ၊ ရေး မှတ်ကြပြီ။ ။နွဲ့ကုန်းမြို့ ကြော့ကေသီကို၊ တော့်မဟေသီ မြှောက်ခန်းပေပေါ့လေး။ ။

---

# အခန်း (၆)

မင်းကျီးညိုသည် တောင်ငူမြို့ကြီးသို့ ပြန်လည်ဆိုက်ရောက်တော်မူသောအခါ ဘုရင် မင်းကျီးညိုသည် ခင်ဦးအပေါ်မှာ လွန်စွာ မြတ်နိုးတော် မူလှသဖြင့် အပါးတော်တွင် အမြဲထား၍ အရာရာတွင် စေပါးတော်မူသည်။ ။ခင်ဦးကလည်း အလိမ္မာဝသီဓါတ်အားဖြင့် မြင့်မြတ်စွာ မွေးဖွားလာသော ကုသိုလ်ရှင်ကလေးတဦး ဖြစ်သောကြောင့် အထူး သင်ကြားရသည် မရှိဘဲ စေပါးတော်မူရာတိုင်းမှာ ဘုရင့်အလိုတော်သို့ ကျအောင် လွယ်ကူစွာနှင့် ပြုလုပ်နိုင်သည် ဖြစ် သောကြောင့် ဘုရင်မင်းကျီးညိုလည်း ခင်ဦးအပေါ်မှာ ရွှေမြင်တော်မူခါစ အခါတုန်းကထက် ပင် အဆပေါင်းများစွာတိုး၍ မြတ်နိုးကြင်နာ လွန်စွာ နှစ်သက်တော် မူလေသည်။

ဘုရင်မင်းကျီးညို၏ မေတ္တာတည်းဟူသော ပန်းဝတ်မှုံများသည် ခင်ဦး တည်းဟူသော မြေတလင်းအပြင်ပေါ်မှာသာ ကြွေကျဘန် များလှသဖြင့် အခြား မိဖုယားများ ကပင် ငြိုငြို ငြင်ငြင်နှင့် ငန်္ခေကုန်းသူ ခင်ဦး၏အပေါ်မှာ မိန်းမတို့ဓမ္မတာအတိုင်း ဣဿာတရား လွှမ်းမိုးသဖြင့် မျက်စောင်းတထိုးထိုး ဖြစ်နေကြလေသည်။

ခင်ဦးကို သိမ်းပိုက်တော် မမူခင်က အထင်အရှား ရှိနေသော မင်းကျီးညို၏ မိဖုယား များမှာ လေးပါးရှိလေသည်။

(၁) ဦးရီးတော် စည်သူငယ်၏ သ္မီးတော် "စိုးမင်း" တပါး။
(၂) အင်းဝဘုရင် ဒုတိယ မင်းခေါင်က ဆက်သော သတိုးဓမ္မရာဇာ၏ သ္မီးတော် "မင်းလှထွတ်" တပါး။
(၃) မိုးပြစော်ဘွား၏သ္မီး "ခင်နှယ်"တပါး။
(၄) "ဝတီးမြို့သူ" မိဖုယားတပါး။

ဤကား ဘုရင်မင်းကျီးညို၏ မိဖုယားလေးပါးတည်း။

ထိုမိဖုယားလေးပါးအနက် မိဖုယား"စိုးမင်း" သည် နှမတော် တဝမ်းကွဲ ဖြစ်သည့်ပြင် ဦးရီးတော် စည်သူငယ်ကိုပင် လုပ်ကြံ၍ ယူရသော အချစ်ဦးမိဖုယားဖြစ်၍ အထူးပင် မြတ်နိုး တော်မူသော မိဖုယားဖြစ်ပေသည်။

ငန်္ခေကုန်းသူ ခင်ဦးကို သိမ်းပိုက်တော်မူသည်က စ၍ မင်းကျီးညို၏ အချစ် စိတ်ဓါတ်များ သည် ခင်ဦး၏ အာရုံထဲ၌သာ အမြဲကျက်စား၍ နေတော်မူသောကြောင့် ငယ်ရွယ်စဉ်ကပင် ရီးစားတော်ဦး အဖြစ်ဖြင့် ချစ်ခင်တော်မူသော နှမတော် စိုးမင်းကိုမျှ သတိရတော် မမူနိုင် သကဲ့သို့ ရှိတော်မူလေသည်။

ချစ်ခင်မြတ်နိုးတော်မူလှသော်လည်း သိမ်းပိုက်တော်မူဦးစဖြစ်သည်နှင့် ဘွဲ့ထူးနှင့်အဆောင် အရွက်များကို အထူးသီးခြား၍ ပေးတော်မမူသေးဘဲ အပါးတော်မှာသာ အမြဲခစား စေတော် မူသည်၊ ချစ်စနိုး၍ ခေါ်တော်မူသည်မှာလည်း အမည်ရင်းဖြင့် ခေါ်တော်မမူဘဲ ငန်္ခေကုန်းမြို့က ရတော်မူသည်ကို အကြောင်းပြု၍ "အန္ခေ-အန္ခေ"ဟူ၍ သာလျှင် အမြဲခေါ်တော်မူလေ့ ရှိသည်။ အန္ခေအန္ခေဆိုသော စကားလုံးများသည် ထိုစဉ်အခါ ဘုရင်မင်းကျီးညို၏ နှုတ်တော်မှာ လွန်စွာ နှုတ်တက်နေသဖြင့် အခါတိုင်းလိုပင် ခေါ်တော်မူသံများကို ကြားကြရကုန်၏။

စက်တော်မူရာဖြင်သော မင်္ဂလာစက်ခန်းဆောင် အတွင်းမှာလည်း ခင်ဦးကို ခေါ်တော် မူပြီးလျှင် ခြေရင်းတော်က ဘဝါးတော်ကို ခေါင်းအုံး၍ အမြဲပင် အိပ်စက်စေသည်၊ ခင်ဦး လည်း ရံခါရံဘန်သလုံးတော်ကို ခေါင်းအုံး၍ ဘဝါးတော်ကို အယားဖျောက်ရင်း အိပ်စက်လေ သည်၊ ရံခါရံဘန် ဘဝါးတော်ကို ခေါင်းအုံး၍ သလုံးတော်ကို အယားဖျောက်ရင်း အိပ်စက် လေသည်။ ။အရှင်သခင် ဖြစ်တော်မူသော ဘုရင်မင်းမြတ် စက်တော် ခေါ်၍ မပျော်သေးမီ အတွင်း ခင်ဦးသည် ဘယ်အခါမှ ရှေးဦးစွာ ပျော်အောင် အိပ်စက်လေ့မရှိချေ။ ။နံနက် မိုး လင်းသော အခါမှာလည်း ဘုရင်မင်းမြတ် စက်တော်မူရာက နိုးတော်မမူမီ ရှေးဦးစွာထ၍ သန့်

ပြန့် ကြည်လင်စွာ ဝတ်ဆင်ပြီးလျှင် မျက်နှာသစ်တော် ရေများကို အခြား ရွှေရံတော်များကို ခိုင်းစေခြင်းမရှိဘဲ မိမိကိုယ်တိုင် အသင့်ပြင်၍ ဆက်သလေသည်။

ဤသို့ သင်ပြတိုက်တွန်းတော်မမူဘဲ အလိုတော် ကြိုက်နှင့် အလိုက်သိစွာ တစုံတရာမျှ မချွတ် ဝတ္တရားကျေလှသည့် အတွက်ကြောင့်လည်း မင်းကျီးညိုသည် ခင်ဦး၏အပေါ်မှာ သာလို့ပင် နှစ်သက် မြတ်နိုးတော်မူပြန်လေသည်။

ခင်ဦး၏ ပြောဆိုသော နှုတ်သံ အမူအရာများကလည်း တမင် တကာ ပြုပြင်၍ မာယာလုပ်သော အမူမျိုးမဟုတ်ဘဲ ပကတိ သဘောအားဖြင့် ငယ်မူ ငယ်ရာ ပါ၍ ကြည်လင်သော အသံနှဲ့ကလေးနှင့် ချစ်ခင်စဘွယ် ပြောဆို တင်လျှောက်တတ်သောကြောင့် မင်းကျီးညို နှလုံးထဲမှာ ငြိစွဲ၍နေသော အသံနှဲ့, အသံမူ, ကလေးအတွက် အခြားသော စကားသံများကိုပင် နားထောင်တော်မမူလိုဘဲ သောတပသာဒ တည်းဟူသော နားကိုကလိ၍ ဘဝင်အိမ်ကို ထိနိုင်သော ခင်ဦး၏ ကြည်နူးဘွယ်သော စကားသံကလေးများကိုသာ အမြဲမပြတ် ကြားတော်မူချင်သော စိတ်တွေသာဖြစ်၍ နေတော်မူလေသည်၊ ခင်ဦး၏ အနေအထိုင်မှာ လူ့ဘုံနှင့် မကင်းနိုင်ရာသော ကာမဂုဏ်ဓမ္မတာများကို နားမလည်သေးသော ငယ်မူ, ငယ်သွေး, ငယ်ရုပ်, ငယ်ဟန်, အားဖြင့် ငယ်သွား မလဲရ သေးသော ဂေါ်ရီရွယ် သူငယ်မကလေးတို့၏ နေထိုင်ပုံမျိုးဖြင့် နေထိုင်လျှက် ကာမဂုဏ်နှင့် စပ်ဆိုင်ယော အချစ်မျိုးများကို မကြားဘူးသလို နေထိုင်လေသည်။ ။သို့ရာတွင် ဘုရင်မင်းမြတ်ကိုကား ယုယမြတ်နိုးစွာ အတွင်းသဘောပါ ပါနှင့် စင်စင် ကြယ်ကြယ် ချစ်ခင်သော အမူအရာကိုလည်း ဘော်ပြလျက် ရှိပြန်ရာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်ကပင် "ငါ့ကို ဘယ်လို အချစ်မျိုးဖြင့် ငနှဲက ချစ်ပါလိမ့်မလဲ" ဟူ၍ပင် ယုံမှားတော် မူရလေသည်။ ။ဘုရင်မင်းကျီးညိုက ချစ်ခင်တော်မူလှသဖြင့် ရံခါရံဘန် မြတ်နိုးစွာ ကျီစယ်တော်မူပြန်ရာတွင် အရွယ်မရောက်သေးသော ကလေးများကို ကျီစယ်ရဘိသကဲ့သို့ ငယ်မူ ငယ်စိတ်ဖြင့် အကျီစယ်ခံသော အမူအရာများကို တွေ့တော်မူရာ မင်းကျီးညို၏ စိတ်မှာ မရောင့်ရဲနိုင်သော အချစ်မျိုးဖြင့် တိုး၍ တိုး၍ပင် မြတ်နိုးတော်မူပြန်လေ၏။

ခင်ဦးမှာ ပကတိသဘောအတိုင်း အလိမ္မာဓါတ်ခံ သန်သန်ကြီးပါ၍ လာသော သိမ်းကညာ ရတနာတော်ဝင်တို့၏ လက္ခဏာများနှင့် ပြည့်စုံလေသည်၊ထိုလက္ခဏာများနှင့် ပြည့်စုံသော သိမ်းကညာများကို မြင့်မြတ်သော မိန်းမရတနာဟူ၍ ကျမ်းဂန်တို့၌ ပြဆိုလေသည်။

## 'ထိုဂုဏ်အင်္ဂါ လက္ခဏာ များကား'

(၁) နံနက်အခါ ဘုရင်မင်းမြတ်၏ ရှေးဦးစွာ တင်ကြို၍ထခြင်း။

(၂) ညအခါ ဘုရင်မင်းမြတ် နောက်ချန်၍ အိပ်စက်ခြင်း။

(၃) ဘုရင်မင်းမြတ်၏ နှလုံးဓါတ်ကိုထိ၍ စွဲငြိစေနိုင်သော ချစ်ဘွယ်စကား ကိုသာ ပကတိအားဖြင့် ပြောဆိုလေ့ရှိခြင်း။

(၄) ဘုရင်မင်းမြတ်၏ စိတ်တော်နှင့် ချိန်ကိုက်၍ ထားဘိသကဲ့သို့ အခါတိုင်းပင် နှစ်သက်ဘွယ်ရှိသော အမူအရာတို့ဖြင့်သာလျှင် နေထိုင်ခြင်း။

(၅) အခါမပြတ် ဘုရင်မင်းမြတ်၏ မျက်နှာတော်ကိုသာကြည့်၍ 'ဘာကို အလိုတော်ရှိပါသတဲဘုရား၊ ဘယ်အမှုကို ပြုတော်မူစေလိုပါသလဲဘုရား၊ သည်လို ပြုသည်ကို နှစ်သိမ့်တော်မူပါစဘုရား' ဤသို့သောစကားတို့ဖြင့် လျှောက်ကြား တင်သလေ့ရှိခြင်း။

(၆) ဘုရင်မင်းမြတ်မှတပါး အခြားသော ယောကျ်ားတို့ကို မတည်မကြည်လော်လည်သော သဘောမျိုးတို့ဖြင့် စောင်း၍မျှမကြည့်ခြင်း။

အထက်၌ဖော်ပြခဲ့သော မိန်းမမြတ်တို့၏ လက္ခဏာ ဂုဏ်အင်္ဂါခြောက်ပါး တို့သည်လည်း ခင်ဦး၏သန္တာန်မှာ အခါမလင့် ပန်းခြောက်မျိုးပွင့်၍ နေသကဲ့သို့ ပွင့်လန်းလျက် ရှိလေသည်။

ထိုမှတပါးလည်း 'ဣတ္ထိသျှတြ' ကျမ်းဂန်တို့၌ လာသောအတိုင်း ခင်ဦးမှာ မိန်းမမြတ်လက္ခဏာ 'သာမာ' ခေါ်သော ဂုဏ်အင်္ဂါထူးနှင့်လည်း ပြည့်စုံလေသည်။ ။ကျမ်းဂန်တို့၌ ပြဆိုအပ်သော 'သာမာ' ဂုဏ်၏သဘောမှာ(၁)မွှဲ့တင်းတိတ်မှုစ၍ အလုံးစုံစင်ကြယ်၍ ရွှေစင်ဖြတ်စအဆင်းနှင့်တူသော အရေအဆင်းရှိခြင်း၊ (၂)ဝါဂွမ်းဆိုင်ကဲ့သို့ နုသော ကိုယ်အတွေ့ ဖဿနှင့်ပြည့်စုံခြင်း၊ (၃)ဆောင်းရာသီတွင် နွေးသောကိုယ်ငွေ့ရှိခြင်း၊ (၄) နွေရာသီတွင် အေးမြသောကိုယ်ငွေ့သီတဓာတ်ရှိန်ရှိခြင်း၊ ဤသာမာ ဂုဏ်အင်္ဂါလေးပါးနှင့်လည်း ပြည့်စုံလေသည်။

'သာမာ' ဂုဏ်၏ အကြောင်းကို အောက်၌ပါရှိသော ဂါထာအတိုင်း ဣတ္ထိသျှတြကျမ်းတို့၌ ပြဆိုတော်မူကြသည်။

ဂိမှေ သီတာ ဟိမေ ဥဏှာ၊ တူလသမ္ဖဿကာယိနီ။
ဥတ္တတ္တဟေမဝဏ္ဏာဘာ၊ ယာ သာ သာမာတိ သမ္မတာ။

ယာ၊ အကြင်သို့းကညာသည်။ ဂိမှေ၊ နေရှိန်ပြင်းပြ နွေကာလ၌။ သီတာ၊ အေးမြသောကိုယ်ငွေ့ ကိုယ်ရှိန်,ရှိပေ၏။ ဟိမေ၊ ဆီးနှင်းယိုကျ ဆောင်းကာလ၌။ ဥဏှာ၊ နွေးသော ကိုယ်ငွေ့ကိုယ်ရှိန်,ရှိပေ၏။ တူလသမ္ဖဿကာယိနီ၊ အကြိမ်တရာ ဖပ်အပ်သော ဂွမ်းဝါ အစု ကဲ့သို့ ညှံ့နုသော အတွေ့နှင့် သိမ်မွေ့သော ကိုယ်လည်း ရှိပေ၏။ ဥတတ္တတ္တဟေမဝဏ္ဏာဘာ၊ လှော်ဦးသစ်ရွှေအဆင်းကဲ့သို့ ညစ်ကြေးကင်းသော ကိုယ်ရည်လည်းရှိပေ၏။ ။သာ၊ ထိုသို့းကညာကို။ သာမာတိ၊ သမာဂုဏ်နှင့် ပြည့်စုံသော သို့းကညာဟူ၍။ သမ္မတာ၊ ဣတ္ထိသျှတြ ကျမ်းတခွင်မှာ အမြဲပင် သမုတ်အပ်ပေသတည်း။

ဤကဲ့သို့ကျမ်းဂန်းအရပ်ရပ်တို့၌ မိန်းမမြတ်လက္ခဏာကိုပြဆို အပ်သောအတိုင်းကောင်းမြတ်သောဂုဏ် အင်္ဂါတို့နှင့်သာ ပြည့်စုံ လုံလောက်၍နေသော သို့းကညာ ရတနာခင်ဦးကို ဘုရင်မင်းကျိုးညိုသည် အဘယ်မှာမချစ်ခင်မမြတ်နိုးဘဲ နေတော်မူပါတော့မည်လဲ။

သို့းကညာရတနာ တော်ဝင်ဆိုထိုက်သော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော အမျိုးသို့းမှန်ပါလျှင်ပကတိဇာတိ သဘောအားဖြင့်ထူးမြတ်၍ ပုညပါရမီ ပြည့်ညီလုံလောက်လာသောအတိုင်းဘုန်းရှိသော ဝိသေသပုဂ္ဂိုလ်များနှင့်သာ ပေါင်းဆုံစမြဲဖြစ်ပေသည်။

အရှင်မင်းကျီးညိုမှာလည်း ထိုအခါဘုန်းသမ္ဘာနှင့် ပြည့်စုံသောအာဇာနည် ဘုရင်တပါး ဖြစ်၍ ခင်ဦးမှာလည်းထူးမြတ်သော သွီးကညာရတနာတော်ဝင် တဦးဖြစ်လေရာ ဘုန်းသမ္ဘာ အချင်းချင်းနှိုးဆော်သဖြင့် အခွင့်အခိုက်ကြုံကာ တွေ့ဆုံတော်မူရလေသည်။

ကမ္ဘာလောကဓါတ်ကြီး အတွင်း၌ ယောကျ်ားတို့၏စိတ်အာရုံကို အတုန်လှုပ်စေနိုင်ဆုံးသောအာရုံကား မိန်းမဖြစ်သည်။မိန်းမတို့၏စိတ်အာရုံကို အတုန်လှုပ်စေနိုင်ဆုံးသောအာရုံသည်ကားယောကျ်ားဖြစ်သည်ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သောအတိုင်း ခင်ဦးတည်းဟူသောအာရုံဓါတ်သည် ဘုရင်မင်းကျီးညို၏ စိတ်အာရုံကို တုန်လှုပ်ချောက်ခြားစေသည် ဖြစ်ရာယခင်ရှေးအခါက စစ်ရေးစစ်မှုတည်းဟူသော သေနင်္ဗျူဟာမာန်ဖြင့် ထက်သန်ကြမ်းတမ်းလျက်ရှိသော မင်းကျီးညို၏စိတ်များသည် ခင်ဦး၏နူးညံ့သိမ်မွေ့သော အာရုံဖြင့် စိမ့်ထုံမိလေရာ စစ်ရေး,စစ်မှုဝါသနာပါခဲ့ရင်းကိုပင် မေ့မေ့လျော့လျော့ ဖြစ်သကဲ့သို့နူးညံ့ ပြောင်းခြင်းသို့ ရောက်တော်မူရလေသည်။ ထိုသို့ဖြစ်လေသည်မှာ ကမ္ဘာ့ဓမ္မတာကြီးပင်ဖြစ်၍ မင်းကျီးညိုကိုလည်း ကပြစ်ဆိုဘွယ်မရှိပေ။

## မှတ်ချက် ရှစ်လုံးဘွဲ့ကဗျာ

နူးညံ့ ပြောင်းပျောင်း-ရုပ်ကောင်း မူယူ။<br>
ဝါစာ-ချစ်မိန့်-နှစ်သိမ့်ကလူ။<br>
ကညာ ဇာတ်ကြိုက်-ဓာတ်ခိုက်လေမူ။<br>
စိတ်ဓာတ်ပေါင်း-ဖယောင်းပုံအတူ။

(မှတ်ချက်။ ဤရှစ်လုံးဘွဲ့ ပါဠိဂါထာ အသွားမျိုးနှင့် ဘွဲ့ဆိုသောမြန်မာ ကဗျာများ ကိုလေသွားကိုသိ၍ ကျနစွာနှင့်ဆိုနိုင်ပါလျှင် ဂီတမျိုးဖြစ်၍အလွန်သာယာနာပျော်ဘွယ်ရှိလှပေ သည်)

ခင်ဦးသည် မင်းကျီးညို အပေါ်မှာ မေတ္တာဖြင့် ချစ်ခင်ပါသော်လဲ မည်သည့်အခါမှ သခင်ဘုရားကို ချစ်ပါသည် - ကျေးဇူးတော်မြတ် ဆပ်လို့မကုန်နိုင်အောင် ကြီးမြတ်တော်မူလှ ပါသည်' ဆိုသောစကားများကို ယောင်လို့မျှ ပြောကြားလေ့မရှိဘူးချေ။ မင်းကျီးညို၏စိတ်ထဲ မှာလွန်စွာ ချစ်မြတ်နိုးတော်မူလှပါသော်လည်း 'ချစ်ကြောင်းကျေးဇူးတင်ကြောင်း' ဤစကား နှစ်လုံးကို ခင်ဦးထံမှမရဘူးသဖြင့် မကျေမနပ်ဖြစ်တော်မူလျက်ပင်ရှိလေသည်။ 'လောကဓမ္မတာ အားဖြင့်အလွန် ချစ်ခင်သော သူအချင်းချင်းထံမှ 'ချစ်ပါသည်' ဆိုသောစကားကိုရခြင်းမှာ လွန်စွာမြိန်ရှက်သော လာဘ်ကြီးတမျိုးဖြစ်၍ အများပင် လိုချင်တတ်ကြလေသည်။ အမျိုးမတူ, ဇာတ်မတူ, စည်းစိမ်မတူ,ဘဲအောက်တန်းကျလှသော ငနွဲကုန်းသူခင်ဦးကို မင်းကျီးညိုကနှစ်သက် မြတ်နိုးစွာနှင့် သိမ်းပိုက်တော်မူပြီးလျှင်ကြီးကျယ် ခမ်းနားလှစွာသော ထီးနန်းစည်းစိမ်မျိုးဖြင့် ချီးမြှောက်တော်မူသည်မှာ လွန်စွာကြီးမြတ်သော ကျေးဇူးတော်ပင် ဖြစ်ပေသည်၊ထိုသို့ကျေးဇူး ကြီးလှသည့်အတွက်ကြောင့် မြတ်နိုးစွာနှင့်ချီးမြှင့်တော်မူအပ်သော ခင်ဦးထံမှ'ကျေးဇူးတော်ကြီး မြတ်လှပါသည်ဘုရား' ဆိုတဲ့စကားတလုံးကိုလည်း တခါတရံမျှမရဘူးဘဲရှိလေသည်။ မင်းကျီးညို

သည်ခင်ဦးအပေါ်မှာ တစုံတရာ ငြိုငြင်ဘွယ်မရှိ အလုံးစုံအပြစ်ကင်း၍ စိတ်ကျေနပ်တော်မူသော်လည်း 'ချစ်ပါသည်-ကျေးဇူးတော် ကြီးလှပါသည်' ဤစကာနှစ်လုံးကို မရသည့်အတွက်မကျေမနပ်ခြင်းဖြစ်၍နေတော်မူလေ၏။

ရာဇိန္ဒြေတော်ကို စောင့်စည်းရသော ဘုရင်မင်းမြတ်ကြီးဖြစ်၍ နေသည့်အတွက်စကားလမ်းကြောင်းပေး၍ 'ချစ်ကဲ့လား ကျေးဇူးတင်ရဲ့လား' ဤကဲ့သို့ စတင်ကာ မေးတော်မူရမည့်အတွက်လည်းရှက်စနိုးတော်မူလှသဖြင့် မေးတော်မူချင်ပါသော်လဲ မဘွင့်ဟနိုင်ဘဲ ချုပ်တည်း၍ထားတော်မူရလေ၏။

## 'အလိုစမ်းတော်မူပုံ'

ငန္ဒြေကုန်းခင်ဦးကို မြတ်နိုးစွာ သိမ်းပိုက်တော်မူပြီး၍ သုံးလခန့်မျှ ကြာရှိလေသည့်အခါ မင်းကျီးညိုသည် ဆိုခဲ့ပြီးသော စကားနှစ်လုံးကို အလိုရှိတော်မူလှသောကြောင့် ညညီလာခံ၍အပြီးတွင် လ,ဝန်းကလည်း ထိန်ထိန်သာသည်နှင့် ခင်ဦးကို လက်ဖြင့် တွဲတော်မူကာ နန်းတော်အနီးဘွင် စိုက်ပျိုး၍ထားသော ပန်းခုံတော်သို့ထွက်တော်မူလေ၏။ ပန်းခုံတော်ရင်းတွင်သဋ္ဌာလိခင်း၍ အတူတကွ စံတော်မူရင်း ခင်ဦး၏ လက်နှစ်ဘက်ကို ပိုက်တော်မူလျက် လ,ဝန်းကိုလက်ညှိုးညွှန်တော်မူပြီး မင်းကျီညိုက မိန့်တော်မူသည့်မှာ 'အန္ဒြေရဲ့ ဟို-ကောင်းကင်ထက်က လ,မင်းဟာ ကမ္ဘာပေါ်မှာဖြင့် အလှဆုံးဘဲမဟုတ်လား' ဟု စတင်၍ မေးမြန်းတော်မူသည်။

ခင်ဦး-

'မှန်လှပါ ညိုညိုက ညွှန်ပြတော်မူတဲ့ သော်တာ လဝန်းကြီးဟာ ကျက်သရေရှိစွာနှင့် လှတယ်ဆိုသော်လဲ မြတ်စွာဘုရား၏ ရွှေမျက်နှာတော် လောက်ဖြင့် လှတယ်လို့ မထင်မြင်ပါဘုရား'။

(ဘုရင်မင်းမြတ်၏ ရည်ရွယ်၍ မေးတော်မူချက်နှင့် လွဲသွားသဖြင့် မင်းကျီးညိုက)

'အို-အန္ဒြေကလဲ အတုမရှိတဲ့ မြတ်စွာဘုရားကို သည်နေရာမှာ ထဲ့လို့ ပြောနေပြန်ပါပြီတယ်လို့ဘုရားအာရုံစွဲနေသကိုး၊ ယခုလို စံတော်မူနေတဲ့အခိုက်မှာ ရတနာ သုံးပါး သတိများရသေးသလား အန္ဒြေရဲ့'။

ခင်ဦး-

'ရတနာသုံးပါးဂုဏ်ဆိုတာ ဘယ်နေရာမဆို အာရုံပြုရတယ်ဆို မဟုတ်လား ကိုယ်တော်၊ ဘုရားဂုဏ်ကို အာရုံပြုနိုင်လေဘုန်းကျက်သရေ တိုးလေလေပေါ့ဘုရား၊ဝိသာခါတို့များ....' (စကားမဆုံးခင် မင်းကျီးညိုက) 'နေစမ်းပါအုံး အန္ဒြေရယ် ဘုရားစကား,တရားစကား,ကျမ်းဂန်စကားတွေကို ခေတ္တ ဖယ်ထားလိုက်စမ်းပါအုံး'။

ခင်ဦး-

'ညိုညိုက သည်လို မိန့်တော်မမူကောင်းဘူး ထင်ပါတယ်ဘုရား၊ ရတနာသုံးပါးနှင့် စပ်တဲ့စကားဆိုတာ အလွန်ပြောရခဲတာမို့ အန္ဒြေကပြောတာပါ'။

(မှတ်ချက်။ ။ခင်ဦးက မင်းကျီးညိုကို'ညိုညို'ဟု ခေါ်လေ့ရှိသည်။ ရံခါ ရံဘန် 'ကိုယ်တော်'ဟု ခေါ်သည်။ 'ညိုညို'ဟု ခေါ်သည်ကိုပင် ဘုရင်မင်းကျီးညိုက လွန်စွာနှစ်ချိုက်တော်မူသတတ်)

ဘုရင်-

'အို-အချိန်ရှည်လျားအောင် သည်စကားတွေကို လျှောက်တင်နေပြန်ပြီ၊ ကဲ-ကဲ ညိုညိုကဘဲ တောင်းပန်ပါရစေတော့၊ မေးသမျှကိုသာ တိုတိုလျှောက်တင်စမ်းပါ၊ တာရာစုံရံခဲ့တဲ့ ဘိုးစန္ဒာလမင်းကြီးဟာ သည်ကမ္ဘာမှာဖြင့် အလှဆုံးဘဲမဟုတ်လား၊ မြတ်စွာဘုရားကို ထဲ့မလျှောက်နှင့်အုံးနော်'။

(ခင်ဦးသည် မင်းကျီးညို၏ ရင်ခွင်ထဲက လဝန်းကိုကြည့်ကာ ပြုံးပြီး)

'မှန်ပါတယ် ညိုညိုရဲ့၊ ဘိုးလမင်းကြီးဟာ သည်ကမ္ဘာမှာဖြင့် အလှဆုံးပါဘဲ'။

ဘုရင်-

'ကဲ-တာဖြင့် လဝန်းကြီးနှင့် အနှဲ့မျက်နှာကိုပြိုင်လျှင် ဘယ်ဘက်က အလှဂုဏ် နိုင်လိမ့်မယ်ဆိုတာ တင်စမ်းပါအုံး'။

ခင်ဦး-

'ဘိုးလမင်းကြီးကို ဘယ်မှာပြိုင်နိုင်ပါမလဲ ညိုညိုဘုရား၊လေးကျွန်းနဲ့ တမြင့်မိုရ်မှာအေးမြတဲ့ ရောင်ဝါနှင့် အသာဆုံးဖြစ်တဲ့ ဘိုးလမင်းကြီးက နိုင်မှာပေါ့ကိုယ်တော်၊ အနှဲ့မှာတော့ညိုညိုရဲ့ စိတ်နှလုံးတခုထဲမှာသာ အရောင်အဝါကလေး ရှိသမျှနှင့်သာနိုင်တာဘဲ ဘယ်မှာမှိနိုင်ပါမလဲ ကိုယ်တော်'။

ဘုရင်—

'လေးကျွန်းနှင့် တမြင့်မိုရ်' ဆိုတဲ့ စကားကို ထားလိုက်စမ်းပါအုံး၊ ညိုညို့စိတ်နှလုံးထဲမှာတော့ စန္ဒာရွှေလမင်းရဲ့ အရောင်အဝါနှင့် အနှဲ့ရဲ့မျက်နှာဟာ ဘယ်သူကတိုးတက်လို့ သာလိမ့်မယ် ထင်သလဲ'။

ခင်ဦး—

'ပုစ္ဆာတော်များကိုတော့ အနှဲ့ကမဖြေနိုင်ပါဘုရား ညိုညိုအတွင်း နှလုံးခွတ်ကို အနှဲ့က မြင်ရတဲ့မှ မဟုတ်ဘဲ၊ ညိုညိုက မိန့်တော်မူမှ ကြားရမဲ့ အနှဲ့ကလေးပါ'။

ဘုရင်-

'ကဲ-တာဖြင့် မှန်တဲ့အတိုင်း မိန့်ကြားတော် မူရမှာပေါ့၊ ကြယ်တာယာတို့၏သခင်ဘုရင် ရွှေလမင်းကြီးဟာ လေးကျွန်းနှင့် တမြင့်မိုရ်ကိုလွှမ်းကာ အထိန်ထိန် သာသော်လဲ ညိုညိုရဲ့ဟဒယဝတ္ထုခေါ်တဲ့ နှလုံးအိမ်ထဲမှာတော့ တထိန်ထိန် မသာနိုင်ဘူး အနှဲ့ရဲ့၊ တကယ်တမ်းဆိုတော့ အနှဲ့ရဲ့မျက်နှာ လဝန်းကလေးဟာက ညိုညိုရဲ့၊ စိတ်နှလုံး အတွင်းမှာ တဝင်းဝင်း တထိန်ထိန်နှင့် အချိန်မလင့် သာနေပါတယ်၊ အဲတာကြောင့် ညိုညို့ သဘောတော်အတိုင်း မိန့်တော်မူရ

မှာဖြင့် အနွဲ့ရဲ့ မျက်နှာကလေးဟာ ဟို့ကောင်းကင် နဘန္တာက စန္ဒာရွှေလမင်းထက်သာတယ်လို့ အမှန် ထင်မြင်တော် မူတာပါဘဲ အနွဲ့ရယ်'။

ခင်ဦး—

'မိန့်တော်မူတာလဲ မှန်ပါလိမ့်မယ်၊စန္ဒာ ရွှေလဝန်းကြီး ပုံပမာနှင့်စပ်လို့ အနွဲ့က လျှောက်တင်လိုတဲ့ အချက်တခု ပေါ်လာပါတယ် ခွင့်ပေးတော်မူမလား ညိုညိုဘုရား'။

ဘုရင်—

'အလိုရှိတာကို လျှောက်တင်နိုင်ပါတယ် ဘယ်အခါမှာမှ ကန့်ကွက်တော်မူမဲ့ စိတ်တော် မရှိပါဘူး'။

ခင်ဦး-

'ညိုညို့ ရွှေနှလုံးတော်ထဲမှာ အနွဲ့ရဲ့မျက်နှာ လ,ဝန်းကလေးဟာ အမြဲမပြတ် တထိန်ထိန် သာနေတယ်လို့ မိန်တော်မူတာများကို ကြားရတော့ အနွဲ့မှာ လွန်စွာ အားတက်မိပါတယ်၊ သို့ရာတွင် အနွဲ့ရဲ့မျက်နှာ လဝန်းကလေးကိုအခန့်မသင့်လို့ အခွင့်မသာတဲ့ အခါ ရာဟုဂြိုဟ် နတ်ကြီး ဘမ်းထားမှာကို ကြောက်တယ်ဘုရား'။

ဘုရင်—

'အို-ဘယ်လိုတင်တာလဲ အနွဲ့ရယ်၊ ညိုညို့ စိတ်နှလုံးထဲမှာ သာနေတဲ့မျက်နှာ လဝန်းကလေးကို ဘယ်ကရာဟုဂြိုဟ် နတ်ကြီးက လာပြီး ဘမ်းဆီးနိုင်ပမလဲ၊ ပေါက်ပါက်ရှာရှာ တင်မှ တင်တတ်ပလေတယ်'။

ခင်ဦး-

'ဟို့ကောင်းကင်က လ,ဝန်းကြီးကို တခါတခါ ရာဟုဂြိုဟ် နတ်ကြီး ဘမ်းတာမျိုးလို အနွဲ့ရဲ့မျက်နှာ လ,ဝန်းကလေးကိုလဲ တခါတခါ သနားစရာ ရာဟုဂြိုဟ် နတ်ကြီးက အတင်း ဘမ်းချင်လဲ ဘမ်းဆီးလိမ့်မယ်လို့ ထင်တယ်ကိုယ်တော် နို့မို့ကြောင့် လျှောက်တင်ရတာပါ ဘုရား'။

ဘုရင်-

'နွဲ့နွဲ့ရဲ့ လျှောက်တင်ချက်ကို ညိုညိုဖြင့် နားမလယ်နိုင်အောင် ရှိနေတာဘဲ၊ ကွဲကွဲ ပြားပြား လျှောက်တင်စမ်းပါအုံး အနွဲ့ရဲ့'။

ခင်ဦး-

'ရွှေနား ပန်ဆင်တော်မူပါ ညိုညို၊ ကိုယ်တော့် ရွှေနှလုံးထဲမှာ တထိန်ထိန် သာနေတဲ့ အနွဲ့ရဲ့မျက်နှာ လ,ဝန်းကလေးဟာ ရာဟုဂြိုဟ်နတ်ကြီးနှင့် မတွေ့လျှင်ဖြင့် တရွှင်ရွှင်နှင့် သာနိုင် ပါလိမ့်မယ်၊ ရာဟုဂြိုဟ်နတ်ကြီး ဝင်လာပြီဆိုမှဖြင့် သနားစရာ အရောင်အဝါ ညှိုး၍ တန်ခိုး မှိန်မှေးပြီး အရှိန်သေးရှာလိမ့်မယ်၊ ရာဟုဂြိုဟ်နတ်ကြီး ဆိုတာက တခြားကို ဆိုတာမဟုတ်ပါ စိတ်တော်နှင့် အခန့်မသင့်လို့ အခွင့်မသာတဲ့အခါ မျက်မာန်တော်ရှပြီး ဒေါသစိတ် နတ်ကြီး

ဝင်လာမှဖြင့် အနှဲ့ရဲ့မျက်နှာ လ,ဝန်းကလေးဟာ ရောင်ဝါမှိန်နွမ်း၍ မချမ်းမသာ ဖြစ်ရှာလိမ့်မယ်၊ ညိုညိုရဲ့ မျက်မာန်တော်ကို အနှဲ့က-ရာဟုဂြိုဟ်ကြီးလို့ ဆိုချင်တာပါဘဲ ကိုယ်တော်'။

(မင်းကျီးညိုက ပြုံးတော်မူတဲ့ပြီး ချစ်စနိုးသော အမူမျိုးဖြင့် တိုး၍ ပွေ့ပိုက်တော်မူပြီး)

'စိုးရိမ်တော် မူတတ်လေခြင်း အနှဲ့ရယ် ဘယ့်နှယ် လျှောက်တင်ရတာလဲ၊ ညိုညို့အပေါ်မှာ မေတ္တာကို အကုန်လွှတ်ပြီး နူးနူး ညွတ်ညွတ် ယုံကြည်တော် မမူသေးလို့လား၊ ဇမ္ဗူဝတ်လှာ ပန်းမာလာငယ် ဘယ်ခါမှ မျက်မှုန်ရှုတော် မမူနိုင်ပါဘူး၊ ရွှေမျက်နှာ လ,ဝန်းကို ဘမ်းဆီးဘို့ ရန်ညှိုးနှင့် ဂြိုဟ်ဆိုးကောင် ရာဟု အန်တုလို့ဝင်ခဲ့လျှင် ရွှေနန်းစင်ဆောင်တဲ့ ဓားနှင့် ကိုယ်တော်ဘုရား သုတ်သင်တော်မူမယ်အနှဲ့ရဲ့။ ဤသို့မိန့်တော်မူကာ တမျိုးပြီးတမျိုး တိုး၍ တိုး၍သာ မြတ်နိုးတော် မူလှသည်နှင့် ခင်ဦးကိုအထူး ယုယတော် မူပြန်လေသည်။

'မှတ်ချက်—ရှစ်လုံးဘွဲ့ကဗျာ။'

ချစ်ခင်စကား-လိုသားတော်မူ။
ကျေးဇူးတော်ပေါင်း-တင်ကြောင်းတဆူ။
ယင်း နှစ်ချက်ကြောင့်-နှစ်သက်ရှာသူ။
နှုတ်သံအေး-တင်ရေးသည်တွက်ပူ။

အထက် ပြဆိုခဲ့ပြီးသော ညအချိန်မှာ ထိန်ထိန်သာတဲ့ လ,ဝန်းနှင့် နှိုင်း၍ ကြည်လင်တဲ့ ခင်ဦးမျက်နှာ အကြောင်းကို မင်းကျီးညိုက မိန့်ကြားကာ ရာဟုဂြိုဟ် ပမာထားပြီး မျက်ဒေါသများကို ကြောက်လန့်လှပါတယ်လို ခင်ဦးကလျှောက်တင်သည့် စကားနှစ်ခွန်းနှင့်သာ အချိန်ကုန်လွန်တော် မူရသဖြင့် မင်းကျီးညို၏ စိတ်ထဲမှာ အာသာပြေတော်မူခြင်း မရှိဘဲ မရောင့်မရဲ ဖြစ်နေလေ၏။

အာသာဆန္ဒတော်မှာ 'ညိုညို့ကို အရေးကုန်လှဲ့ပုံ၍ ချစ်ခစ်ပါတယ်' မေတ္တာရှိသမျှအလုံးစုံကို အကုန်ဆက်ပါတယ်' ဆိုတဲ့စကားမျိုးနှင့် 'ညိုညို့ ကျေးဇူးတော်ဟာ အနှဲ့ရဲ့ အပေါ်မှာ မဟာမြင့်မိုရ်မက အလွန်တရာ ကြီးကျယ်တော် မူလှပါတယ်၊ ညိုညို့ကျေးဇူးကြောင့် ထူးမြတ်တဲ့ အဖြစ်သို့ ရောက်၍ အချီးမြှောက်ခံရပါတယ် ဆိုတဲ့စကား နှစ်ခွန်းကို ရယူတော်မူလိုတဲ့ ဆန္ဒရှိတော်မူခြင်း ဖြစ်လေသည်။

သည်စကားနှစ်ခွန်းကို ခင်ဦးထံက အဆက်အသခံတော် မမူရသေးသဖြင့် ကလေးကလားနှင့် မရောင့်မရဲ အစွဲအလမ်း ကြီးတော်မူလှသဖြင့် နောက်တည ပဟိုရ်ဝံချက်တီး ကျော်ကျော်မှာ ပန်းခုံတော်သို့ ခင်ဦး၏လက်ကိုဆွဲကာ၊ ထွက်တော်မူပြီး ရုံးလုံးကျွတ်ပွင့်၍ နေတဲ့ မြတ်လေးဖူ ပန်းတို့ကို တိုက်ခပ်သော လေညင်းများကို ခံကာ ခင်ဦးနှင့် နှစ်ပါးအတူ ကြည်ဖြူနှစ်သိမ့်စွာ စံတော်မူလေ၏။

ထိုအခါ ခင်ဦးက ထိန်ထိန်သာတဲ့ လ,ဝန်းကို ရှုမျှော်ပြီး လွန်ခဲ့တဲ့ညက စကားလက်စကို ဆက်လက်၍ တင်ပြသည်မှာ 'လောက မေတ္တာဆိုတာ ဘယ်ခါမှ လွှန်မြောက်နိုင်တာမျိုး

မဟုတ်ဘူးရယ်လို့ ထင်တယ်ဘုရား (စကားမဆုံးခင်) မင်းကျီးညို 'အို-မစပ်မဟပ်နှင့် ဘာတွေကို တင်နေပြန်ပါလိမ့်မလဲ အနှဲ့စိတ်ထဲမှာ ဘာကိုစဉ်းစားမိလို့လဲ'ဟု မိန့်တော်မူသည်။

ခင်—

'မနေ့ကစကားကို သတိရလို့ပါ ညိုညိုရဲ့။

ညို—

'ကဲ-ကဲ-တင်စမ်းပါအုံး တင်စမ်းပါအုံးတီတီတာတာ စကားလုံးတွေကဖြင့် အလွန်များတဲ့ အနှဲ့ဘဲနော်'။

ခင်—

'လ ဝန်းကို ရာဟုဂြိုဟ် ဘမ်းတယ်ဆိုတာ တနှစ်တခါ ဓမ္မတာ မဟုတ်လား ညိုညိုရဲ့၊ ဘယ်သူတားဆီးပြီး ကမ္ဘာကြီးရှည်သမျှ သည်လကိုရာဟု မဘမ်းအောင် တတ်နိုင်ပမလား ညိုညိုရဲ့။

ညို-

အို-သည်လို ကမ္ဘာ့ဓမ္မတာမျိုးကိုတော့ ဘယ်သူအစိုးရနိုင်မလဲ အနှဲ့ရယ် တကယ် မတတ်နိုင်ဘူးပေါ့။

ခင်-

'အဲ-အနှဲ့က သည်အလုံးမျိုးကို လိုချင်လို့ လျှောက်တင်တာပေါ့ ညိုညိုရဲ့ ညိုညို့အမိန့်တော်အတိုင်း အနှဲ့ရဲ့မျက်နှာ လဝန်းကလေးကို ညိုညိုရဲ့ မျက်မာန်တော်တည်းဟူသော ရာဟုဂြိုဟ်ကြီးလဲ ဘယ်အခါမှ မဘမ်းဆီးနိုင်ပါဘူး၊ မဘမ်းဆီးစေရပါဘူးလို့ မိန့်တော်မူတဲ့ အချက်ဟာလဲ ဓမ္မတာ သဘောမျိုးမို့ အနှဲ့ကဖြင့်တကဲ့ကို အမှန်စိတ်ချလို့ မယုံကြည်ထိုက်ဘူးလို့ ထင်ပါတယ် ညိုညို' (ကြောက်ဟန်ပါသော အမူအရာနှင့် တင်သည်။)

(ယိုအခါမင်းကျီးညိုက မနေ့ညကအချက်နှင့် ဆက်လက်ပြီး စကားအညှန့်တက်ပုံကို နှစ်သက်တော်မူလှသဖြင့် ခင်ဦးအပေါ်မှာ ချစ်တော်မူရင်းထက်ထူးပြီး မေတ္တာအညှန့်အဖူးကြီးပေါ်ပေါက်လာသဖြင့် 'ကက္ကရူညာ၊ ထုံးဝတ်လှာငယ်၊ လွန်စွာလျှောက်တင် တတ်ပါကလား'ဟု မိန့်တော်မူခါ ပိုက်ပွေ့ယုယတော်မူသည်၊ (ထိုနောက် ဆက်လက်၍ မိန့်တော်မူသည်မှာ) အနှဲ့ကလေးဟာ ထီးနန်းနှင့်ဝေးတဲ့ တောမြို့ကလေးမှာ မွေးဘွားလာသော်လဲ လွန်စွာစကားတတ်လှပါတကား၊ မစိုးလန့်ပါနှင့် မျိုးသန့်တဲ့ရွှေအာသာငယ် ငွေတာရာသနင်း လမင်းနှင့်တူတဲ့ မျက်နှာကို ဘယ်အခါမှ ရာဟုမဘမ်းစေရပါဘူး ညိုညိုရဲ့၊ ဒေါသမာန်ဟာ သိတာနတ်ကန်ကြီးနှင့် တူတဲ့ အနှဲ့မျက်နှာပေါ်မှာ သယ်ခါမှ မကျက်စားဝံ့ပါဘူး။

ခင်-

ယခုမိန့်တော်မူတဲ့ အတိုင်းသာမှန်ပါစေလို့ အနှဲ့က အမြဲဆုတောင်းတားပါတယ် ဘုရား၊ အနှဲ့မှာတော့ မဟာနွယ် သာကီမျိုးလဲမဟုတ် အလွန်သေးနုပ်တဲ့ဇာတိမို့ တွေးမိတိုင်း လန့်စိုးပြီး တန်ခိုးငယ်လွန်းလို့သာ လျှောက်တင်ရခြင်း ဖြစ်ပါတယ် ဘုရား။

ညို-

ဇာတိမျိုးရိုးကြောင့် ဂုဏ်တန်ခိုးသိမ်ပြီး အရှိန်မကြီးနိုင်ဘူး ဆိုတဲ့ အတွေးများကိုတော့ တရွှေးသားလောက်မျှ စိတ်မကူးသင့်ပါ၊ ဘေးလောင်းတော် ဘိုးလောင်းတော်, ဖြစ်တော်မူကြတဲ့ ဘုရင်ထီးဆောင်း မင်းအပေါင်းတို့လဲ မျိုးရိုးဇာတိမတူတဲ့ တောသူကိုသိမ်းပိုက်၍ နှစ်ခြိုက်တော်မူတဲ့ မေတ္တာဖြင့် မြတ်နိုးစွာ ချီးမြှင့်တော်မူတဲ့ ထုံးများလဲ အရှိသားပါကဘဲ။

ခင်-

ရာဇဝင်ထုံးဟောင်းနှင့် မိန့်တော်မူတဲ့ အကြောင်းများကိုလဲ အနှံ့ကြားဘူးပါရဲ့ ညိုညို၊ **'ရွှေပင်နားလျှင် ရွှေကျေး၊ ငွေပင်နားလျှင် ငွေကျေး'** ဆိုတဲ့ စကားအတိုင်း မြတ်နိုးတော်မူတဲ့ အရှင်သခင် မြင့်မြတ်တော်မူသမျှ မိန်းမတို့ ဓမ္မတာ မြင့်မြတ်မြဲ ထုံးစံပါဘုရား။ နေရူဆိုတဲ့ ရွှေတောင်ကြီးကို ခိုမှီးရတဲ့ ငှက်အပေါင်းတွေဟာ ရွှေလျှံထိန်ဝါတဲ့ အဆင်းဖြင့် တဝင်းဝင်း တောက်ထိန်ကြတာလို သည်က အနွံမှာလဲ ရတနာတောင်ကြီးကို ခိုလှုံရတဲ့အတွက် ရွှေရောင်ထွက်ပြီး တလက်လက်ထိန်(စကားမဆုံးခင် မင်းကျီးညိုက လျှောက်တင်ချက်ကို နှစ်သက်တော်မူလှသဖြင့် ယုယပိုက်ထွေးကာ)သည်တောငှက်မကလေးဟာ ယခုတော့ ရတနာရွှေငှက်မကလေး ဖြစ်နေတာပေါ့'ဟု ပြုံးရွှင်စွာ မိန့်တော်မူသည်။

ထိုအခါ မင်းကျီးညို၏ စိတ်ထဲမှာ အနွံ၏ လျှောက်တင်ချက်များကို အားရတော်မူလှသဖြင့် 'ငါကဇာမ်းစထွင်၍မေးလျှင် လွယ်လွယ်ကလေးနှင့် အချစ်ဆုံး, ကျေးဇူးအတင်ဆုံး ဖြစ်ကြောင်းကို လျှောက်တင်တော့မှာဘဲ'ဟု တွေးဆတော်မူပြီး စတင်၍ မိန့်တော်မူသည်မှာ 'အနွံရဲ့'။

'ညိုညို'

ညို-

သည်ကမ္ဘာ လောကကြီးမှာ ချစ်ခင်တယ်ဆိုတဲ့ စိတ်မျိုးဟာ လူတိုင်းမှာ ရှိကြတယ်မဟုတ်လား။

ခင်-

ရဟန္တာပုဂ္ဂိုလ်များမှာတော့ တဏှာစိတ်မျိုးနှင့် ချစ်ခင်တာမရှိဘူး ညိုညိုရဲ့။

ညို-

အို-သည်လို တရားသဘောမျိုးတွေကို မလျှောက်စမ်းပါနဲ့ အနွံရယ်၊ ကမ္ဘာကြီးရဲ့ ပြင်ဘက်ကို ရောက်နေကြတဲ့ ရဟန္တာများကို ယခုမေးတဲ့စကားထဲမှာ ပင့်ဆောင်လို့ မလာစမ်းပါနှင့်၊ နိဗ္ဗာန်မှာ စံတော်မူတဲ့အတိုင်းရှိပါစေ ယခုလူတွေရဲ့ စိတ်ကို မေးတာပါအနွံရဲ့။

ခင်-

သည်လိုမှန်းမသိလို့ လျှောက်တင်မိပါတယ်ဘုရား၊ ပုထုဇန်မှန်သမျှမှာတော့ အချစ်စိတ်ရှိကြစမြဲပါ။

ညို-

အနွံစိတ်ထဲမှာလဲ ရှိတာပေါ့လေ။

ခင်-

မကင်းနိုင်တဲ့ ဓမ္မတာကို ဘယ်မှာစွန့်နိုင်ပါမလဲ ညိုညို။

ညို-

အဲ-မှန်ပေတယ် အချစ်စိတ်ဆိုတာ ရှိကြစမြဲပေါ့ နို့နေစမ်းအုံး၊ မှန်တဲ့အတိုင်းလျှောက်တင်စမ်းပါ၊ သည်ကမ္ဘာပေါ်မှာ အနွံရဲ့အချစ်ဆုံးဟာ ဘယ်သူလဲလို့။

ခင်ဦးက စဉ်းစားပြီး-

ဘုန်းတော်ကြောင့် မှန်တဲ့အတိုင်းတင်ရမှာဖြင့် အနွံကိုယ်ကို အနွံ အချစ်ဆုံးပါဘုရား။

ဤသို့လျှောက်ထားလိုက်သောအခါ မင်းကျီးညိုက လိုသော စကားကို မရသဖြင့် ရုတ်တရက် စိတ်တော်ပျက်ပြီး ရင်ခွင်ထက်မှာ ပိုက်ဘက်၍ ထားသော အနွံကို လွှတ်တော်မူပြီး လရောင်ဟပ်နေသော ပန်းရုံတောကို စိုက်၍ ရှုစားကာ ငေးတော်မူနေလေသည်။

ထိုအခါ ခင်ဦးက ဘုရင်မင်းမြတ် စိတ်ပြောင်းတော်မူကြောင်း ရိပ်မိသဖြင့် လဝန်းကိုမျှော်ပြီး 'ကောင်းကင်က လဝန်းကို ရာဟုဘမ်းမှာ ပေဒင်ကိန်းဂဏန်းတွက်ကိန်းနှင့် တင်ကြိုလို့ သိနိုင်ကြပါတယ်ဘုရား၊ ဒေါသဆိုတဲ့ ရာဟုဂြိုဟ်ဘမ်းပုံကတော့ ပေဒင်ကိန်းခန်းဖြင့် တွက်လို့မရနိုင်ဘူး၊ ဘမ်းချင်တဲ့အခါ ရုတ်တရက် လျင်မြန်စွာ ဘမ်းတတ်တယ်လို့ ရှေးလူကြီးများပြောကြတဲ့ စကားဟာ တကယ်မှန်တယ်လို့ မှတ်ရမှာလားညိုညိုရဲ့၊ ဤသို့မြွက်ဆိုကာ ချစ်စဘွယ် မျက်နှာနှင့် ပြုံးရွှင်စွာ လျှောက်တင်လိုက်သည်။ မင်းကျီးညိုသည် ခင်ဦး၏ ချစ်စဘွယ်သော မျက်နှာနှင့် သာယာချိုမြသော နှုတ်သံများကို ကြားသောအခါ အချစ်ကြီးရော့ရော့နှင့် လွှတ်ထားသော စိတ်တော်များသည် တဘန်အချစ်ကြိုးတင်းတင်းနှင့် အနွံထံသို့လှည့်လာပြန်လေ၏။

ဓမ္မတာသဘောအားဖြင့် ဆိုရလျှင် အင်အားတူမျှကြသော အချစ်စိတ်နှင့် ဒေါသစိတ်တိုက်ခိုက်ကြရာ အတန်ကလေးကြာလျှင် ဒေါသစိတ်က လက်နက်ချ၍ အရှုံးပေးရစမြဲ ဖြစ်လေသည်။ မင်းကျီးညိုမှာမူကား အချစ်စိတ်ကပင် ဒေါသစိတ်ထက် အင်အားကြီးမား၍ နေသောကြောင့် ကြာရှည်စွာ မခုခံနိုင်ဘဲ လွယ်လွယ်ကလေးနှင့်ပင်အရှုံးပေးလိုက်ရသတည်း။

"မှတ်ချက်—ရှစ်လုံးဘွဲ့ကဗျာ"

ချစ်ပီယနှင့်- ဒေါသ စိတ်မာန်၊
ငါလား နင်လား- အင်အား တူတန်၊
စစ်ဆိုင် သွန်ကြဲ- လွန်ကဲ တိုက်လှန်၊
လက်နက်ချ- ဒေါသ-ရှုံးလိမ့်မှန်။ ။

အနွှံ၏မျက်နှာတည်းဟူသော စစ်မြေပြင်ပေါ်မှာ အချစ်ဗျူဟာခေါ်သော တပ်မတော်များလှည့်၍ လာပြန်သောအခါ မင်းကြီးညိုက ချိုသာသော မျက်နှာနှင့်ထပ်၍ မိန့်တော်မူပြန်သည်မှာ 'ပထမတင်ချက်ကို တမျိုးပြင်ပြီး လျှောက်တင်ဘို့လမ်း မရှိတော့ဘူးလား အနွှံရဲ့'

ခင်-

'အနွှံစိတ်ထဲမှာ မှန်ရာကို ထင်မြင်တဲ့အတိုင်းလျှောက်တင်တာမို့ တမျိုးပြင်ကာ လျှောက်တင်ဘို့ လမ်းမမြင်ပါဘုရား၊ ညိုညိုလဲစဉ်းစားတော်မူပါ၊ လောကမှာ ကိုယ့်ကိုထက် ချစ်နိုင်တဲ့အရာမရှိကြောင်း အမှန်ပါဘုရား'

ဤသို့တဘန် လျှောက်တင်ပြန် သည်ကို ကြားတော်မူပြန်ရာ သာလှိုပင် အလိုရှိသောအချက်ကို မရပြန်သည်နှင့် ရွှေစိတ်တော် ပျက်ပြန်ပါသော်လဲ အနွှံ့အပေါ်မှာ လွန်စွာ စွဲလန်းတော်မူရင်း ရှိသည့်ပြင် အနွှံက စကားတတ်တတ်နှင့် ပရိယာယ်ကိုသုံးပြီး မပြုံးဘဲ မနေနိုင်အောင်လျှောက်တင်မည့် အချက်ကိုလည်း တင်ကြိုကာ တွေးတောမိ သောကြောင့် ဣန္ဒြေတော်ကို မပျက်စေဘဲ မြတ်လေးရုံကို တိုက်ခတ်၍ လာသော လေညင်းရနံ့၏ သင်းပျံ့ပုံများကို စကားတမျိုးဆင်ကာ မိန့်တော်မူပြန်သည်မှာ 'ယခုတိုက်ခတ်လာတဲ့ လေညင်းများဟာ လွန်စွာမွှေးကြိုင်၍ တလှိုင်လှိုင်သင်းပျံ့တယ် မဟုတ်လား အနွှံရဲ့'

ခင်-

'အနွှံတင်ချက်ကို လျှောက်တင်ရမှာဖြင့် လေညင်းက မွှေးပျံ့ကြိုင်လှိုင်တာ မဟုတ်ပါ၊ မြတ်လေးပန်း၏ ဂန္ဓာရုံကသာ လှိုင်ထုံခြင်းဖြစ်ပါကြောင်းပါဘုရား၊ တကယ်လို့-လေညင်းကသာမွှေးကြိုင်တယ်လို့ဆိုလျှင် လေညင်းမှန်သမျှ အလုံးစုံ မွှေးကြိုင်ရပါလိမ့်မယ်ဘုရား'

ညို-

'အို-စစ်စစ် ပေါက်ပေါက် အလွန် လျှောက်တတ်တာကိုး၊ ကဲ-ကဲ ရှိပါစေတော့ အနွှံထင်တဲ့အတိုင်း လေညင်းက မွှေးကြိုင်တာ မဟုတ်ကြောင်းကို ဝန်ခံတော်မူပါတယ်'

ခင်-

'အနွှံက အကြောင်းရင်းကိုစစ်ပြီး အမြစ်ကိုဆိုက်အောင် လျှောက်တင်တာပါ ညိုညို'

ထိုနောက် မင်းကြီးညိုက 'ညိုညို့ကို အချစ်ဆုံးပါဘုရား' ဆိုတဲ့ စကားကို မရသည်နှင့် ကျေးဇူးတင်ကြောင်းကို လျှောက်စေလိုသည်နှင့် ခရီးဦးကြိုဆိုတဲ့ စကားမျိုးကို မိန့်တော်မူပြန်သည်မှာ အနွှံကလေးဟာ ဟို-ရှေးအခါမှာတော့ သနားစရာ ကျေးလက် မြို့သိမ်ကလေးမှာ အရှိန်သေးသေးနှင့် မှိန်မှေးမှေး နေခဲ့ရတာပေါ့နော်'

ခင်-

'မှန်လှပါ၊ မျိုးရိုးမှန်တဲ့ အဘိုးတန်ကျောက်ရတနာကလေးဟာ သွေးတဲ့သူနှင့် မတွေ့ရသေးတဲ့အခါ ပြောင်ပြောင်လက်လက်နှင့် အရောင်မထွက်ဘဲ နေရှာတာပေါ့ညိုညို၊ အဘိုးတန်ကြောင်းကိုသိတဲ့ မဏိဆရာလက်သို့ ရောက်တဲ့အခါ ပဏ္ဏာရအောင် သွေးလိုက်တော့ အရေးအရောင် ရောက်ရောက်နှင့် အသွေးအရောင် တောက်ပြီး အဘိုးတန် လာတာမျိုးဘဲ ဘုရား၊

(မင်းကျီးညိုရဲ့ ကြင်စွယ်တော်ကို ချစ်မှုချစ်ဟန်နှင့် အသာဆွဲပြီး) ကျောက်သွေး ကောင်းတဲ့ မဏိဆရာကြီးဆိုတာ သည်ညိုညိုပါဘဲ ဘုရား'

ဤသို့လျှောက်တင်ရာ လွန်စွာ အချစ်မာန် တက်လာသည်နှင့် 'ရတနာမဏိ ကျောက်ကို ယခုလောက် သွေးရုံမျှနှင့် အားရ တင်းတိမ်တော်မမူသေးဘူးအနှဲ့ရဲ့၊ မဟေသီခေါင် ညာနန်း ဆောင်မှာ ဥသျှောင်ကေပွင့် သရေတင့်ဘို မြင့်မြတ်တဲ့အရောင်နှင့် ပြောင့်ထက်ပြောင်အောင် သွေးတော်မူဘို့ကိစ္စတွေ ရှိသေးတယ် အနှဲ့ရဲ့'၊ ဤသို့မိန့်တော်မူပြီး ယုယတော် မူပြန်သည်။

(မှတ်ချက်။ ။လောကစရိုက် အားဖြင့် ချစ်ကြိုက်ခြင်းဆိုတဲ့ တဏှာမကင်းသော 'အဖို သတ္တဝါ'မှန်သမျှ အခြားဌာနတို့မှာ မည်ကဲ့သို့ပင် အင်အားကြီးမားစွာနှင့် သတ္တိရှိကြစေကာမူ စစ်မှုရေးရာမှာ လွန်စွာရဲရင့်တဲ့ သူရဲကောင်းကြီး ဖြစ်စေကာမူ အရေးကြုံကြိုက်၍ မှိုင်းတိုက်ပုံ ကောင်းလှသော 'အမသတ္တဝါ' အနီးသို့ ရောက်သောအခါ အစွမ်းသတ္တိတွေလျော့ပြီး အပြော့ ကြီး ပြော့ကြစမြဲဖြစ်လေသည်။

ထိုအကြောင်းကို 'ပဥ္စတန္တရ' ခေါ်သော သက္ကဋနီတိ ကျမ်းမှာ အောက်၌ ပါသော ဂါထာဖြင့် ပမာပြကာ မိန့်မှာ ညွှန်ကြားတော်မူခဲ့ပေသတည်း။

> ဗျာကိဏ္ဏကေသရ ကရာလမုခါ မိဂိန္ဒာ၊
> နာဂါစ ဘူရိမဒရာဇိဝိရာဇမာနာ၊
> မေဓါဝိနော့စ ပုရိသာ သမရေသု သူရာ၊
> ထီသန္နိဓေါ ပရမကာ ပုရိသာ ဘဝန္တိ။ ။

"ဝသန္တတိလက ဂါထာကြီး"

(အနက်။ ။ဗျာကိဏ္ဏကေသရ ကရာလမုခါ၊ မှင်ဆံဖါးဖါးနှင့် ကြောက်ပါးလိလိ မျက်နှာပုံပန်း ရှိကြကုန်သော။ မိဂိန္ဒာစ၊ သားတို့သနင်း ခြင်္သေ့မင်းကြီးတို့သော်ငှင်း။ ဘူရိ မဒရာဇိဝိရာဇမာနာ၊ များပြားသော မုန်ရေး, မုန်ကြောင်း,တို့ဖြင့် တင့်တယ်ကုန်သော။ နာဂါစ၊ အင်အားခိုင်းဖြိုး ဆင်ပြောင်းကြီးတို့သည်ငှင်း။ မေဓါဝိနော့စ၊ ပညာရှင်အပေါင်း တို့သည်ငှင်း။ သမရေသု၊ စစ်မှုကြီးတို့၌။ သူရာ၊ လက်နက်ကိုင်စွဲ သူ့တပ်ထဲသို့ ရဲရဲကြီး ဝင်ရောက် ပြောင် မြောက်အောင် တိုက်ခိုက်နိုင်ကုန်သော။ ပုရိသာစ၊ အစွမ်းကောင်းသူရဲကြီးတို့သည်ငှင်း။ ဧတေ၊ ထို ဆိုခဲ့ပြီးသော အဖိုသတ္တဝါတို့သည်။ ထီသန္နိဓေါ၊ အဆွဲအမြူ အမူကောင်းစွာ အမသတ္တဝါ ၏ အနီးသို့ ရောက်ကြလေကုန်သည် ရှိသော်။ ပရမကာ ပုရိသာ၊ အားစွမ်း မာန်လျော့ သတ္တိ ပြော့၍ ငေးမော့ထိုင်းမှိုင်းသော အဖိုသတ္တဝါ အဖျင်းတို့သည်။ ဘဝန္တိ၊ အမ သတ္တဝါအရှိန် ကြောင့် သိမ်သိမ်ငယ်ငယ် ဖြစ်ကြရလေကုန်တော့သတည်း။

ယခုပြဆိုခဲ့တဲ့ နီတိကျမ်းလာ ဂါထာကြီးညွှန်ပြသောအတိုင်း မှင်ဆံဖါးဖါးနှင့် ကြောက် ပါးလိလိရှိတဲ့ ခြင်္သေ့မင်း ကြီးတွေ မုန်ယိုတဲ့ အရေး အကြောင်းဖြင့် တထောင်းထောင်း မာန်ယစ်နေတဲ့ ဆင်ပြောင်ကြီးတွေ၊ ပညာရှင် ပုဂ္ဂိုလ်ကြီးတွေ၊ စစ်မြေပြင်အပွဲပွဲမှာ ရဲထွက်ခဲ့တဲ့

သူရဲကြီးတွေ၊ ယခုပြဆိုခဲ့တဲ့ အဖိုးသတ္တဝါကြီးတွေဟာ အမသတ္တဝါအနီးသို့ ကျပြီ ဆိုမှဖြင့် အလိုလိုအရှိန်သေးပြီး မှိန်မှေးမှေးနှင့် ကုပ်ကျကုန်သတဲ့။

ပြဆိုခဲ့တဲ့ ဥပမာအတိုင်း ရဲတံခွန်ကိုလွှင့်၍ အမြင့်ဆုံး အစွမ်းသတ္တိရှိသည်ဟု ကျော်စော ထင်ရှားသော မင်းကျီးညိုသည် မြတ်နိုးတော်မူလှသော ခင်ဦးနှင့် ပူးပူးကပ်ကပ် စံတော်မူစဉ် အခါ ခင်ဦးဆွဲရာသို့ပါပြီး ဆင်ပြောင်ကြီးအားပြေသလို ဖြစ်ရရှာလေသတည်း။

ထိုအခါ မင်းကျီးညိုက အချစ်စိတ်နှင့် မာန်တက်ကြွပြီး **"ရေလာမြောင်းပေး-စကား"** မြွက်ကြား မေးမြန်းတော်မူသည်မှာ "တခု မေးတော်မူစမ်းပရစေအနှဲ့ရဲ၊ ယခုဘဝမှာ အနှဲ့စိတ် ထဲမှာ ဘယ်သူ့ကို ကျေးဇူးတင်စရာအမကောင်းဆုံးလို့မှတ်ပါသလဲ'

ခင်-

'မှန်တဲ့အတိုင်း လျှောက်တင်ရမှာဖြင့် ယခုလို အထွတ်အမြတ်သို့ ရောက်၍ မြင့်မောက် ကြီးကျယ်တဲ့ စည်းစိမ်တော်များကို ခံစားရသည် အနှဲ့ရဲ့ ကုသိုလ်ကံသာလျှင် အရင်းရှိသော ကြောင့် ဘယ်သူ့ကိုမှ ကျေးဇူးမတင်နိုင်ဘဲ အနှဲ့ရဲ့ ရှေးကုသိုလ်ကံကိုသာ ကျေးဇူးအတင်ထိုက်ဆုံး ရယ်လို့ မှတ်ပါတယ်ညိုညို'

## လွဲသွားပြန်ပေါ့တချက် နှစ်ခါရှိပြီ မိတော်မမူရှာဘူး မင်းကျီးညိုဟာလဲ သနားစရာဘဲ

ဤလျှောက်ချက်ကို ကြားသောအခါ မင်းကျီးညို၏ စိတ်ထဲမှာ နင့်ကနဲ ဖြစ်သွားပြီး 'သည်တောသူ အရိုင်းမကလေးဟာ အလွဲကိုသာ ငေါ့ငေါ့ပြီး တင်နေတော့တာဘဲ၊ ဘာမှ အလိုက်မသိဘဲကိုး' ဟု စိတ်ထဲက တွေးတောတော်မူသည်၊ သို့ရာတွင် ဂုဏ်ဒြေ အမူအရာကိုမူကား မပျက်အောင်တားဆီးတော်မူသောကြောင့် အနိုင်နိုင် ဂုဏ်ဒြေခိုင်အောင် စံတော်မူရလေ၏။

ထိုနောက် မင်းကျီးညိုက ဂုဏ်ဒြေမပျက်ဘဲ ဆက်၍ မိန့်တော်မူပြန်သည်မှာ 'ယခု-အနှဲ့ ရရှိ နေတဲ့ စည်းစိမ်တော်များကို အနှဲ့ရဲ့ ကုသိုလ်က ပေးလို့ ရတယ် ဆိုချင်သပေါ့လေ'

ခင်-

'မှန်လှပါ၊ သတ္တဝါဆိုတာ ကံပေးတဲ့ အမွေကိုသာ ခံစားရစမြဲဖြစ်တယ်လို့ ရှင်တော် ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်အရှိသားမို့ ကံတရား ပေးကြောင်းကို ကောင်းစွာ ယုံကြည်ပါတယ် ဘုရား'

ညို-

'ကံပေးတယ်ဆိုတာလဲ မထင်ရှားပါဘဲကလား ညိုညို ကိုယ်တော်တိုင် ပေးသနားတော် မူပုံများက အထင်ရှားကြီးဖြစ်နေပြီ'

ခင်-

**ပကတိမျက်စိမျိုးနှင့် ကံအကျိုးပေးပုံကို ဘယ်မှာ မြင်နိုင်ပါမလဲ၊ညိုညို သည်အဓိပ္ပါယ် ရည်မှန်းပြီး "လု ထမ်းလာတာကိုသာ မြင်ရတယ်၊ ကံထမ်းလို့ လာတာကိုတော့ မမြင်ရဘူး"**

လို့ ရှေးပညာရှိများ ပြောစမှတ်စကား ပြုတော်မူခဲ့ကြတာပေါ့ ကိုယ်တော်၊ စင်စစ်အမှန်မှာ တော့ ကံပေးတာ အစစ်ပါဘဲ၊ ပကတိမျက်စိနှင့် မမြင်နိုင်ပေတယ်လို့ ဉာဏ်မျက်စိနဲ့ ရှုတော်မူလျှင် မြင်တော်မူပါလိမ့်မယ် ညီညီ’

ညီ-
ပြော်-ဒါဖြင့် ကံယုံမင်းသမီးကလေး ပေါ့လေ’

ခင်-
‘မှန်လှပါ၊ ကံကိုမယုံလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသတဲ့ဘုရား’

ညီ-
‘အလို-ကဲလို့ လာပြန်ပါပြီ၊ တာဖြင့် သနားတော် မူပြီးတဲ့ စည်းစိမ်တော် များကို ရုတ်သိမ်းလိုက်ပါလျှင် အနှဲ့ရဲ့ကံက တဘန်ထပ်လို့ ပေးနိုင်ပါအုံးမလား’

အနှဲ့ကပြုံးပြီး—
‘သနားတော်မူတဲ့ စည်းစိမ်တော်များကို ရုတ်သိမ်းတော်မူခဲ့ပါလျှင် ဒေါသနှင့် ရုတ်သိမ်းတော် မူမှာလား၊ ချစ်မေတ္တာနှင့် ရုတ်သိမ်းတော် မူမှာလားရယ်လို့ ကွဲပြားအောင် မိန့်တော်မူစေချင်ပါတယ် ညီညီ’

မင်းကျီးညီက ခေတ္တငေးကာ စဉ်းစားတော်မူပြီး-

‘တကယ်ရုတ်သိမ်းလျှင်ဂြင့် မျက်မာန်ဒေါသနှင့် ရုတ်သိမ်းရမှာလားအနှဲ့ရဲ့’

အနှဲ့က မင်းကျီးညီ၏ လက်ညှိုးတော်ကို ကိုင်ကာပြုံးပြီး-

အနှဲ့ရဲ့ မျက်နှာ စန္ဒာ ငွေလ,ဝန်းကို ညီညီရဲ့ မျက်မာန်တော် ရာဟုဂြိုဟ်၊ ကမ္ဘာကြီး ပျက်ပြိုသည့်တိုင်အောင် မဘမ်းပါဘူးဆို ညီညီ့ အမိန့်တော်ကို မေ့ကုန်ပြီ ထင်တယ် ညီညီရဲ့။

မင်းကျီးညီက စဉ်းစားတော်မူပြီး-
ချီးမြှင့်တော် မူပြီးတဲ့ စည်းစိမ်တော်ကို ရုတ်သိမ်းမယ်ဆိုတာ တကယ်မိန့်တော်မူတာ မဟုတ်ပါဘူး အနှဲ့ရဲ့ သို့ကလောက်ကံကို ယုံတာ အံ့သြတော်မူပါရဲ့။

ခင်-

လျှောက်တင်ရန် အခွင့်ပေးတော်မူပါ ညီညီ၊အနှဲ့မှာ အလွန်သေးသိမ်တဲ့ အခြေမျိုးမှ၊ အထွတ်အထိပ်သို့ တိုင်အောင် ချီးမြှင့်တဲ့ လက်သယ်ကိုရှာလျှင် ရှေးကံကုသိုလ်ကိုသာ အမှန်တွေ့ရပါတယ်၊ ညီညီ၏ စက္ခု အရသာဖြစ်အောင် အနှဲ့ရဲ့ ကုသိုလ်က သွေးဆောင်သဖြင့် အလွန်သိမ်သေးတဲ့ ငနဲ့ကုန်းမြို့ကလေးသို့ ညီညီထွက်စံတော်မူရပါတယ်၊ ထွက်စံတော်မူတဲ့အခါ အနှဲ့ရဲ့ မိဘနှစ်ပါးနှင့် အခစားဝင်ပြီးတော့ ညီညီက မြင်တော်မူပါရော၊ အနှဲ့ကိုမြင်တော့- စကားမဆုံးခင် မင်းကျီးညီက နားလယ်တော်မူပါပြီ မိုးတွေပြင်းထန်စွာ ရွာတာလဲ အနှဲ့ဘုန်းကံ ကြောင့် ကန်တော်ကြီး ကျိုးတာလဲ အနှဲ့ဘုန်းကံကြောင့်လို့ ဆိုလိုတာပေါ့လေ။

ခင်–

မှန်လှပါ၊ အမျိုးမျိုး သိုင်းဝိုင်းလာတာတွေကိုလဲ ကံနိုးဆော်တဲ့ အတွက်ဘဲလို့ ဆိုချင်လဲ ဆိုနိုင်ပါတယ် ဘုရား၊ လျှောက်ရန် အခွင့်ပေးတော်မူပါအုံး ညီညီ၊ မျိုးရိုးဇာတိကလဲ ခပ်တိမ်တိမ် ဂုဏ်သိမ်ကလဲမှေး သည်လို အနွဲ့ကလေးကိုမှ ညီညီဘုရားက ထူးထူးခြားခြား လိုလားမြတ်နိုးတော်မူကာ သိမ်းပိုက်တော်မူခြင်းဟာ အနွဲ့ရဲ့ဘုန်းကံပေါ့ ညီညီရဲ့။ ။သူ့ဘုန်းကံ အချိန်တန်ပြီ ဆိုမှဖြင့် အရံသင့် အကျိုးပေးစမြဲပါဘုရား။ ။ညီညီ့ဘုန်းကံက ထက်သန်ကြီးမားတော်မူရင်းရှိခဲ့၊ အနွဲ့ရဲ့ ဘုန်းကံက ကူပြန်တော့၊ ဘုန်းနှစ်ဆူ အညွန့်ထွက်ပြီး ရှေးရှေးကထက် ရွှေဘုန်းတော်ကြီးမယ်လို့သာ ယုံကြည် စိတ်ချတော်မူပါဘုရား။

မင်းကြီးညိုက ပြုံးပြီး–

လျှောက်တင်ချက်ကဖြင့် နှစ်သက်တော်မူဘို့ပါဘဲ၊ သို့ရာတွင် အနွဲ့တို့လို မိန်းမဇာတိမျိုး၏ ဘုန်းကံဟာ ကေရာဇ်မင်းတို့၏ ဘုန်းသမ္ဘာကို ကောင်းစွာ ထောက်ပင့်နိုင်သတဲ့လား။

ခင်–

အကြောင်း ယုတ္တိနှင့်တကွ တင်ရပါမည် အကြောင်းပါဘုရား။

ရတနာ ၇-ပါးပါးနှင့် ပြည့်စုံပါမှ စကြာမင်း ဘွဲ့ထူးကို ရရှိနိုင်ကြောင်းကို ညီညီလဲ သိတော်မူတဲ့အတိုင်းပါ၊ ရတနာ ၇-ပါးမှာ မိဖုယားကြီး ရတနာ ပါတယ်မဟုတ်လား ညီညီရဲ့၊ မိဖုယား ရတနာနှင့် မပြည့်စုံပါလျှင် စကြာမင်းရယ်လို့ သတင်းကျော်စောခြင်းသို့ မရောက်နိုင်ပါ၊ သည်အကြောင်းကို ထောက်စာပြီး မိန်းမတို့ ဘုန်းကံဆိုတာ စကြာမင်းဘွဲ့ထူးကို ရရှိသည်တိုင်အောင် ရွက်ဆောင်နိုင်ကြတယ် ဆိုတာကို ယုံကြည်တော်မူသင့်လှပါသည် ဘုရား-

မင်းကြီးညို-တင်ချက် အားရ နှစ်သက်တော် မူလှသဖြင့်

အနွဲ့တင်တဲ့အတိုင်းသာဖြင့် ညီညီဟာ ဘုန်းကံရှိတဲ့ မိဖုယား ရတနာကလေး ရှိတဲ့အတွက် စကြာမင်းကြီး ဖြစ်ရအုံးမှာပေါ့လေး။

ခင်-

မှန်လှပါ **"မင်းတို့ ဘုန်းဂုဏ်၊ ဆုံးမကုန်"** ဆိုတဲ့ အတိုင်းကျွန်းကြီးလေးဖြာနှင့် စကြာစိုးပိုင်သော ဘုန်းလှိုင် စကြဝတေးမင်းကြီးလဲ ဖြစ်နိုင်တဲ့ အခြေမျိုးပါ ဘုရား၊ ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံတဲ့ သားတော်ကြီး ရတနာ ထွန်းကား၍ လာခဲ့ပါလျှင် စကြဝတေးမင်း ဖြစ်ခြင်းမှာ ခဲယဉ်းတော့သည် မဟုတ်ပါ ညီညီ။

ညို–

အင်း....ဒါဖြင့် စကြာမင်းဖြစ်ဘို့ အကြောင်းနှင့် သားကောင်း ရတနာ ထွန်းကားဘို့ ဆုတောင်းတော် မူရတော့မှာဘဲ။

ခင်-

အကျင့်သီလနှင့် ပြည့်စုံ၍ ဘုန်းဂုဏ်ကြီးမားတဲ့ မိဖုယား ရတနားတို့က ဘွားလျှင်

ဘုန်းကံကြီးမားတဲ့ သားကောင်း ရတနာတဆူ တောင်ဇမ္ဗူ၏ မှီခိုရာ ထွန်းကားလေ့ ရှိပါသည် ဘုရား။

ညို-

ကဲ....တာဖြင့် အနှဲ့ကိုယ်တိုင်ကပင် ဘုန်းကံရှိတဲ့ အကြောင်းကို ဝန်ခံပြီးရှိတဲ့အတိုင်း သားကောင်းရတနာ ထွန်းကားဘို့ကိုသာ ဆုတောင်းပေတော့၊ အနှဲ့ကလေးဟာ ဇာတ်သွေးနိမ့်သော်လဲ စိတ်ထားပုံကဖြင့် အလွန်မြင့်မားလှပါပေရဲ့။

ခင်းဦးက ပြုံးပြီး-

ဘုန်းနှင့်သမ္ဘာ၊ အနှစ်စုံ၍ သေတ္တု ပါလာတဲ့သူ မှန်သမျှ ထီးနန်းနှင့် ဝေးတဲ့ တောကျေးလက်မှာပင် မွေးသော်လဲ မသွေးမြင့်မြင့်နှင့် ဂုဏ်ခြေခိုင်လေ့ ရှိပါတယ်ဘုရား၊ အနှစ်ရှိတဲ့ သစ်ပင်များဟာလဲ မြင့်မားခိုင်ခံ့လေ့ ရှိကြပါတယ်၊ စွမ်းရည်သတ္တိနှင့် ပြည့်သော ခြင်္သေ့ တိရစ္ဆာန်များဟာလဲ တည်တန့်တဲ့ ဂုဏ်ခြေနှင့် အခြေအနေ ခိုင်ခံ့ကြပါတယ်၊ အမြုတေရှိတဲ့ ဆင်များလဲ ခန့်ညားတဲ့ ဂုဏ်ခြေနှင့် စိတ်နေ မြင့်မားကြပါတယ်၊ အဆိတ်ထန်လှသော မြွေပွေးများဟာလဲ မလှုပ်မရှား ဂုဏ်ခြေကြီးမား၍ စိတ်ထားခိုင်လှပါသည် ဘုရား။

မင်းကျီးညိုသည် အကြောင်း ယုတ္တိနှင့်တကွ လျှောက်ထားချက်များကို မဖြိုဖျက်နိုင်ရကား၊ အားလျော့တော်မူပြီး ရတနာ သေတ္တု အနှစ်စုကလေးမို့ ဗဟုသုတလဲ များပါပေရဲ့ အနှဲ့စကားကို ချောက်ခြားတော် မမူနိုင်ပါဘူး၊ အလိုရှိတိုင်းသာ လျှောက်ပေတော့ အနှဲ့။

ထိုအခါကအနှဲ့က အမျိုးနှင့်ချိန်စက်လျှင် တန်ခိုးဘက်က အလေးချိန် သာသောပုံဝတ္ထုတခုကို လျှောက်ထား ပြန်သည်မှာ။

အနှဲ့ကြားဘူးတဲ့မဟာဝင် ဝတ္ထုကလေးတခုကို လျှောက်တင်ရန် ခွင့်ပေးတော်မူပါဘုရား

သီဟိုဠ်ကျွန်းကို အစိုးရတဲ့ **"ဒုဋ္ဌဂါမဏိ"** မင်းတရားကြီးသားတော် **"သာလိကုမာရ"** မင်းသားရယ်လို့ ထင်ရှားစွာ ရှိတော်မူပါတယ်။ ရုပ်ဆင်းလက္ခဏာ ဘုန်းပညာနှင့်လွန်စွာပြည့်စုံတဲ့မင်းသားပေါ့၊ ညိုညိုနှင့်နှိုင်းဆလျှင် တူတန်သမျှ တူပေလိမ့်မယ်လို့ အနှဲ့ကထင်မိ၍သတိရသဖြင့်လျှောက်တင်ရခြင်း ဖြစ်ပါတယ်ညိုညို။ ထိုအခါမင်းကြီးညိုက ပြုံးတော်မူသည်။

အဲ....ယခုလျှောက်တင်တဲ့ သာလိကုမာရ မင်းသားဟာ ရုပ်ဆင်းအင်္ဂါ ဘုန်ပညာတို့နှင့် ပြည့်စုံသည့်ပြင် ဘုန်းတော်ကြောင့်ဆက်သလာကြတဲ့ လက်ဆောင်ပဏ္ဏာတွေဟာလဲ လွန်စွာများသတဲ့ညိုညို။ အရွယ်တော်သို့ ရောက်တဲ့အခါ အိမ်ရှေ့အရာနှင်းပြီး ခမည်းတော်မင်းတရားကြီးက မြှောတ်စားတော်မူပါတယ်၊ ကြင်ယာတော်မှာတော့ မရှာသေးဘူးညိုညိုရဲ့။ ဘာကြောင့်လဲလို့ဆိုတော့အသိအလိမ္မာ ဘုန်းပညာနှင့် မပြည့်စုံတဲ့ သို့းကညာများနှင့် စုံဘက်တော်မမူလိုဘဲ ဘုန်းချင်းတန်တန် ကံချင်းမျှမျှဆိုတဲ့ သို့းကညာကိုတွေ့မှ စုံဘက်တော်မူမယ်လို့ အကြံတော်ရှိတဲ့ အတွက်ကြောင့် ကြင်ဘက်တော် ရတနာမရှိဘဲ တကိုယ်တည်း စံတော်မူပါတယ်။ ခည်းတော်ဘုရားက ဆွေတော််မျိုးတော််များတွင် နှစ်သက်ဘို့ရွေးချယ်ပါလို့ မိန့်တော်မူသော်လဲ သူနှစ်သက်တာကို မတွေ့ရဘူးတဲ့ညိုညိုရဲ့တော်ပါပေတယ် မိန်းမရတနာကို လွန်နှစ်သက်တဲ့ မင်းသားကလေးပေဘဲ။

## (၁၀) တပင်ရွှေထီးဝတ္ထုတော်ကြီး

တနေ့သောအခါ သာလိကုမရ မင်းသည် ဥယျာဉ်တော် ကစားထွက်တော်မူတဲ့အခါ ဖူးစာဘက်နှင့်တွေ့တော်မူပါရော။ တွေ့တော်မူပုံကလဲ အထူးအဆန်းလားဘဲ သည်လိုတဲ့ညီညီရဲ့ သော်ကမာလာခေါ်တဲ့ ပန်းပင်ပေါ်မှာအန္တိတို့လိုဆင်းရဲသူ အပျိုကညာလေး တယောက်တက်ပြီး ပန်းခူးနေရှာတယ်၊ ဥယျာဉ်ကစာထွက်တော်မူရင်း သော်ကမာလာ ပန်းပင်ပေါ်မှာ ပန်းခူးနေတဲ့ကညာပျိုကလေးကို မြင်တဲ့အခါ သာလိကုမာရ မင်းသားရဲ့ မေတ္တာတော်များဟာ ယောဉ်လွှဲသလို တန့်နဲ့လှုပ်ရှား လာသတဲ့ညီညီက အန္တိကိုမြင်တုန်းကလိုပေါ့လေ။

ပန်းပင်အောက်ကနေပြီး ဆင်းရဲသူမလေးရဲ့ ရုပ်ဆင်းအင်္ဂါကို ကြည့်လိုက်ပြန်တော့၊ ကောင်းခြင်း ငါးဖြာ လက္ခဏာကြန်အင်သွင်, ပြင်မှုယာတို့နှင့် ပြည့်စုံပုံကို မြင်ဘော်မူဘယ်၊ သည်အခါမှာသာလှိုပင် နှစ်သက်တော် မူတာပေါ့လေ၊ အိမ်ရှေ့မင်းသားရဲ့ နှစ်လုံးအိမ်ဟာ အငြိမ်မနေနိုင်ဘဲ ယောဉ်လွှဲသလောက် မကအောင်တိုးတိုးပြီး တန့်နဲ့လှုပ်ရှားလာတာပေါ့။

အဲသည်တော့ပန်းပင်ပေါ်မှ ခေါ်တော်မူပြီး နီးနီးကပ်ကပ်ရှုစားတော်မူတယ်၊ဇာတိပင်ကိုအားဖြင့် နဂိုလှကလေးဖြစ်နေတော့ အနီးသို့ချဉ်း၍ ရှုစားလေလေ အလှဂုဏ်တွေပေါ်လာတာပေါ့ညီညီရဲ့။

ဆင်းရဲသူမလေးရဲ့ အလှဂုဏ်တန်ခိုးမှာတော့ ပကတိကိုယ်ရောင်ကလဲ တပြောင်ပြောင်ထွန်းပနေတယ်စကားပြောတဲ့အခါ ခံတွင်းကကြာညိုပန်းနံ့တွေ ကြိုင်လှိုင်တယ်တကိုယ်လုံး ရနံ့ကဘော့စန္ဒကူးသရက္ခန့်ရနံ့နှင့် တူတယ်၊ သန့်ပြန့်ပုံ မျှားကတော့ထမင်းဟင်းလျာများကို သူ့လနှင့်ကိုင်းလျှင်လေးလတိုင်တိုင် မသိုးဘူးတဲ့ဘုရား၊ အရေအသားဆံပင်များမှစ၍ ငါးပါးသောကောက်ခြင်းဂုဏ်နှင့်လဲ ပြည့်စုံရာကတောင် ပိုမလိုလိုဖြစ်သေးသတဲ့ အန္တိတို့လိုဟာ သူနှင့်များစားလိုက်လျှင် လူရာဝင်ဘို့မရှိအောင်ကွာသွားမှာပေါ့ညီညီ၊သည်လိုသွီးကညာကလေးမျိုး တယောက်ကိုညီညီလဲ လိုတော်မူချင်မှာဘဲနော်။ (မင်းကျီးညိုကပြုံးသည်)။ မင်းသားကအလွန်မြင့်မြတ်တဲ့ ရုပ်ဆင်းအင်္ဂါတွေကိုမြင်တော့ ရတနာအစစ်ကိုဖြင့် တွေ့ပဟဲ့လို့ တကဲ့ကို အားတက်တော် မူသွားတာပေါ့။ အမျိုးဇာတိ မေးလိုက်တော့ အလွန်ကြမ်းတဲ့အလုပ်ကိုလုပ်ကိုင် စားသောက်ရတဲ့ပန်းဘဲဆရာကြီးရဲ့သွီးပါဘုရားလို့ မှန်တဲ့အတိုင်းလျှောက်တင်ရှာတယ်။ အမျိုးချင်းစာလျှင်ဖြင့် အန္တိကနဲနဲသာပါသေးရဲ့ မြို့သူကြီးရဲ့သွီးကိုးညီညီရဲ့။

ကညာစစ်မှန်ကြောင်း ပိုင်ရှင်မရှိကြောင်းကို သိတော်မူတဲ့အခါ သော်ကပင်အောက်မှာပင် သိမ်းပိုက်တော်မူတယ် သာလိကုမာရ မင်းသားကတော့ ဥယျာဉ်ကစား ထွက်တော်မူရင်း သွီးကညာကို ရတော်မူတယ်၊ ညီညီကတော့ ကန်တော်ဆည်ရန် ထွက်တော်မူလာရင်း သွီးကညာကို ရတော်မူတယ်၊ ခပ်ဆင်ဆင်ဘဲနော်။

ရတနာရယ်လို့ ခေါ်ဆိုရတဲ့ ဆင်းရဲသူမကလေးကို ရတော့ သာလိကုမာရ မင်းသားမှာ အလွန်နှစ်သက်စွာဖြင့် မြတ်နိုးတော်မူတာပေါ့။ ။သော်ကမာလာ ပန်းပင်ထက်က ရတဲ့အတွက်ကြောင့်၊ **'သော်ကမာလာဒေဝီ'** ရယ်လို့ ဘွဲ့မည်တော်ပေး၍ အရေးတယူ အလေးပြုတော်မူသတဲ့။

အမျိုးဇာတ်မတူတဲ့ ဆင်းရဲသူ ပန်းဘဲသမီးကို လေးလေးမြတ်မြတ် သိမ်းပိုက်တော်မူကြောင်းကို ခမည်းတော် ဒုဋ္ဌဂါမဏိမင်းကြီးကြားတော့ ‘ငါ့သားတော်ဟာ ဘာကြောင့် အမျိုးနိမ့်တဲ့ ဆင်းရဲသူကို ကောက်ယူ သိမ်းပိုက်တော်မူရသလဲလို့’ ရွှေစိတ်တော်မချမ်းမသာ ဖြစ်တော်မူတယ်။

သည်အခါ ဗေဒင်ကျမ်း, လက္ခဏာကျမ်းများကို တဘက်ကမ်းခတ်အောင် တတ်မြောက်တဲ့ ပုဏ္ဏားတော်များနှင့် မှူးမတ်များကို သွား၍ အကဲခတ်ကြချေလို့ စေလွှတ်တော်မူတဲ့အတွက် ပုဏ္ဏားတော်များနှင့် မှူးမတ်တွေလာပြီး ဆင်းရဲသမီးကလေး၏ ကြန်အင်လက္ခဏာများကို ကြည့်ရှု စုံစမ်းကြတယ်။ ။လက္ခဏာကိုမြင်လျှင် မချင်ခင်ဘဲမနေနိုင် မလေးမြတ်ဘဲ မနေနိုင်အောင် ထူးမြတ်လွန်ကဲတဲ့အတွက် ပုဏ္ဏားနှင့် မှူးမတ်များလဲ သော်ကမာလာဒေဝီကိုမြင်တဲ့အခါ လွန်စွာ အံ့သြခြင်း ဖြစ်ကြတာပေါ့ဘုရား။

မြင့်မြတ်တဲ့ သမီးကညာ ရတနာ**အစစ်** ဖြစ်ကြောင်းကို သိမြင်ကြတဲ့ အတွက် ဒုဋ္ဌဂါမဏိမင်းကြီးအထံသို့ ရောက်တော့ ‘သားတော်အိမ်ရှေ့မင်း၏ သက်နှင်းကြင်ယာမှာ ရတနာတော်ဝင် အစစ်မှန်ပါကြောင်း စကြာသနင်း မင်း၏ညာထား မိဖုယားပင်ဖြစ်ထိုက်ကြောင်း များနှင့်တကွ ‘သော်ကမာလာဒေဝီ’ကို ချီးကျူးပြီး အထူးဘဲ လျှောက်တင်ကြသတဲ့ ညိုညိုရဲ့။

အဲသည်လို လျှောက်တင်ချက်ကို ကြားတော်မူမှ ခမည်းတော်မင်းတရားကြီးက နှစ်သက်တော်မူလှသဖြင့် သားတော် သာလိကုမာရကို သော်ကမာလာ ထိပ်ထားနှင့် စုလျားရစ်ပတ်ပြီး ကိုယ်တော်တိုင် ရေသွန်းလက်ထပ်ခြင်းကို ပြုတော်မူသတဲ့။

ဘုန်းချင်းတန်၍ ကန်ချင်းမျှတော်မူကြတဲ့ အရှင်နှစ်ပါး ကြည်ကြည်ဖြူဖြူနှင့် အတူတကွ စံစားတော်မူကြတဲ့အခါ သာလိကုမာရ မင်းသားမှာ ရှေးအခါတုံးကထက် ကျက်သရေ တိုးပြီး တန်ခိုး အာနုဘော်ကွေ့ ကြီးလာသဖြင့် ဆက်သလိုက်ကြတဲ့ လက်ဆောင် ပဏ္ဏာတော်တွေဟာ တောင်လိုပုံပါရောတဲ့ဘုရား။

ညိုညိုနှင့်အန္တဲ့ ယခုအခါ လသာသာတွင် အတူစံ၍ *ဘုန်းကံစကားကို အတုံ့အလှဲ့* မိန့်ဆိုကြတဲ့ နည်းလိုပေါ့ဘုရား၊ တခုသော ညအခါ သာလိကုမာရနှင့် သော်ကမာလာ ဒေဝီတို့ ကြည်ကြည်လင်လင် ရွှင်ရွှင်ပြုံးပြုံး စိတ်နှလုံး တမြေ့မြေ့နှင့် ပျော်မွေ့စွာ စံနေတော်မူနေတဲ့အခါ ဘယ်လို စကားအချက်တခု ဖြစ်ပေါ်လာသလဲလို့ဆိုတော့ ‘ဘုန်းပြိုင်တန်းကစားကြစို့ရဲ့’ ဆိုတဲ့ စကားအချက် ဖြစ်ပေါ်လာသတဲ့ ညိုညိုရဲ့။

သာလိကုမာရ မင်းသားက စတင်ပြီး ‘မောင်မယ်နှစ်ဘော် ပျော်ပျော်စံစားရတဲ့ စည်းစိမ်ဟာ မောင်တော်ဘုရားရဲ့ ဘုန်းကံကြောင့် ဖြစ်လာတာမဟုတ်လား’ လို့ မိန့်တော်မူတယ်၊ သူ့ဘုန်း, သူ့ကံများကို ထင်ရှားအောင် ဘော်ပြချင်တာပေါ့ဘုရား၊ ချစ်သူ၏ထံပါးမှာ နှစ်ယောက်ကြား ကြားတဲ့ သဘောမျိုးပေါ့ညိုညို။

(ဤစကားကိုကြားရာ မင်းကျီးညိုက ပြုံးတော်မူပြန်သည်)

မောင်တော် သာလိကုမာရရဲ့စကားကိုကြားတော့ သော်ကမာလာ ဒေဝီကလဲ အညှံ့မခံဘူးတဲ့ဘုရား ‘သူ့ကစပေါ့ဘဲ ငါကလဲ ငါ့ဂုဏ်ကို ဘော်ပါသော်ကော’ ဆိုတဲ့ သဘောမျိုးနှင့်

သည်လို လျှောက်တင်ပြန်သတဲ့ ဘုရား။ ။မောင်မယ်နှစ်ဘော် ရှင်ပျော်နှစ်သိမ့်စွာ စံစားရတဲ့ စည်းစိမ်ဟာ နှမတော်ရဲ့ ဘုန်းကံကြောင့် အမှန်ဖြစ်ပေါ်လာရတာပါ ဘုရား။

အဲ- သို့ကလို လျှောက်ကြားတော့ သာလိကုမာရ ကလဲ အကြောမခံချင်တဲ့ အတွက် 'မောင်တော်ဘုရားရဲ့ ဘုန်းတော်ကြောင့် ဖြစ်ပေါ်လာရတာ အမှန်ပါ' လို့ မိန့်တော်မူပြန်ပါရော့။ ။သော်ကမာလာဒေဝီကလဲ 'နှမတော်ရဲ့ ဘုန်းကံကြောင့် အမှန် ဖြစ်ပေါ်လာပါ' လို့ လျှောက်ထားပြန်သတဲ့ ညီညီရဲ့။ ။အလုအငြင်း ချစ်တင်းစကား မိန့်ကြား မြွက်ဆိုကာ ဘုန်းချင်း ပြိုင်နေလိုက်ကြတာ အတော်ကလေး ကြာသွားသတဲ့ ဘုရာ့ ပျော်လဲ ပျော်စရာကြီးပေါ့ ညီညီ။

သည်တော့ သာလိကုမာရမင်းသားက 'ကဲ-ယခုလိုငြင်းနေလို့ဖြင့် ပြီးနိုင်တော့မှာ မဟုတ်ဘူး ဘယ်သူ့ဘုန်းက သာ, မသာ ထင်ရှားသိရအောင် စမ်းကြစို့ရဲ့'ဟု မိန့်တော်မူပြီး တနေ့သောအခါ သာလိကုမာရမင်းသား တပါးထဲခွဲ၍ စံတော်မူသတဲ့ဘုရာ့။ ။ခွဲ၍စံရတာကတော့ ဘုန်းကံချင်း မရောနိုင်အောင် ရှိလို့ပေါ့ ညီညီရဲ့။

အဲ့သည်လို မင်းသားတပါးထဲခွဲ၍ စံတော်မူတဲ့အခါ လက်ဆောင်ပဏ္ဏာ အဘိုးတန်တွေကို လှည်းပေါင်းတထောင်နှင့် တိုက်ပြီး သာလိကုမာရမင်းသားကို ဆက်လာကြသတဲ့ ညီညီရဲ့ လှည်းပေါင်းတထောင်နှင့် တိုက်လာတဲ့ လက်ဆောင်ပဏ္ဏာတွေကိုရတော့ သာလိကုမာရမင်းသားက နှမတော်ကိုပြချင်လိုက်တာ ပြာပြာသလဲ ဖြစ်နေတာပေါ့ ဘုရား။ ။'တခါဖြင့် အမှန်ဒိဋ္ဌ အနိုင်ရတော့မှာဘဲ' လို့ ထူးကဲတဲ့ ဝမ်းမြောက်ခြင်းနှင့် နှမတော် သော်ကမာလာဒေဝီကိုခေါ်ပြီး ဘုန်းတော်ကြောင့်ရတဲ့ လက်ဆောင်တွေကို ပြသတဲ့ ညီညီရဲ့။

လက်ဆောင်တော်တွေကို မြင်တော့ နှမတော်ကလဲ ဘယ်မှာ အညံ့ခံမလဲ 'မောင်တော်ဘုရား ဘုန်းတော်ကြောင့် ရတဲ့လက်ဆောင်တော်တွေကို အဘိုးအတန်ကြီးတန်လှပြီလို့ ထင်တော်မမူပါနှင့်အုံးဘုရား နှမတော်ရဲ့ ဘုန်းကံများကိုလဲ ရှုစားတော်မူပါအုံး တရက်ထဲ အပါးတော်မှ ခွဲနေရန် ခွင့်ပြုတော်မူပါ'လို့ လျှောက်ထားသတဲ့ ဘုရား။

သာလိကုမာရကလဲ ဘုန်းခြင်းပြိုင်တဲ့ အရေးမို့ ခွင့်ပေးတော် မူသဖြင့် သော်ကမာလာဒေဝီက သီလဆောက်တည်ပြီး တကိုယ်ထည်း စံနေတော်မူတဲ့ အခါ သမ္မာဒေဝ နတ်တပါး လာပြီး လှန်းစွာ မြိန်မြတ်တဲ့'နို့ယာဂုအိုး'တလုံးကို ဆက်သလာသတဲ့ ဘုရာ့။ ။ထိုအခါ သော်ကမာလာ ဒေဝီက နို့ယာဂုအိုးကိုယူပြီး နှမတော်ရဲ့ ဘုန်းကံ အကျိုးဖြင့် နို့ယာဂုအိုး ရပါပြီ ရှုတော်မူပါ'လို့ အားရဝမ်းသာနှင့် မောင်တော်ကိုပြတော့ သာလိကုမာရမင်းသားက ပြုံးတော်မူကာ ပျက်ရယ်ပြုတဲ့သဘောနှင့်'တယ်ဘုန်းကံကြီးပါပေရဲ့ တယ်အဘိုးတန်တဲ့ နို့ယာဂုပေါ့' လို့ အမှုမထား မိန့်ကြားတော်မူတယ်။

သည်တော့ သော်ကမာလာဒေဝီက 'အထင်သေးတော် မမူပါနှင့် မောင်တော် ဘုရား၊ ယာဂုအိုး၏သတ္တိကို နှမတော်ပြပါမယ်'လို့ လျှောက်ထားပြီး တိုင်းသူ ပြည်သား လူအများကို အိမ်ရှေ့အိမ်တော်သို့ ဘိတ်ကြားလိုက်တယ်၊ လာလိုက်ကြတဲ့ လူတွေဟာ ဘယ်မှာရေတွက်နိုင်မလဲ

ညိုညို။ ။လာလာသမျှလူတွေကို သော်ကမာလာဒေဝီက နို့ယာဂုအိုးမှ ခပ်ခပ်ပြီး ကျွေးလိုက်ထာ အနည်းငယ်မျှ ရှေ့တယ်လို့မရှိဘဲ ပြည့်မြဲတိုင်း ပြည့်နေပါရောတဲ့ ညိုညိုရဲ့'

နို့ယာဂုတွေ မကုန်ရုံမျှ မဟုတ်သေးပါဘူး သော်ကမာလာဒေဝီရဲ့ ယာဂုအိုးကို သောက်သမျှ လူတွေမှာ ရောဂါရှိသမျှ တခဏချင်း ကင်းရှင်း စင်ကြယ်ကုန်သတဲ့ဘုရား၊ ဆွံ့တဲ့လူများလဲ သွားလာနိုင်ကြတယ်၊ အ,တဲ့လူများဟာလဲ စကားပြောနိုင်ကြတယ်၊ နားပင်းတဲ့ လူများလဲ အသံကိုကြားနိုင်ကြတယ်၊ မျက်စိမမြင်တဲ့သူများလဲ အလင်းကိုမြင်နိုင်ကြတယ်၊ သည့်ပြင်ရောဂါဝေဒနာရှိတဲ့သူများလဲ ပျောက်ကြတယ်၊ ဆံဖြူသွားကြွေ အသားအရေ တွန့်လိပ်ခြင်းများလဲ ပျောက်ပြီး နုပျိုတဲ့အဖြစ်သို့ ရောက်ကြတယ်။

'ကဲ-ညိုညိုစဉ်းစားတော်မူပါ၊ ဘယ့်ကလောက် တန်ခိုးကြီးတဲ့ နို့ယာဂုလဲလို့။ အဲသည်လိုသုံးလို့လဲ မကုန်နိုင် ရောဂါအမျိုးမျိုးကိုလဲ ပျောက်ကင်းစေနိုင်တယ်ဆိုတော့ ဘယ်မှာ အဘိုးဖြတ်နိုင်ပါတော့မလဲ ဆေးယာဂုအိုးပေါ့ ဘုရာ့၊ သော်ကမာလာဒေဝီရဲ့ ဘုန်းကံကြောင့် အရံသင့်ဖြစ်ပေါ်လာတဲ့ နို့ယာဂု၏ ဂုဏ်သတင်းကို ကြားကြတော့ သီဟိုဠ်ကျွန်း တကျွန်းလုံးမှာ ရှိကြတဲ့ တိုင်းသူပြည်သားတွေဟာ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးကို ယူပြီး လာလိုက်ကြတာ ဘယ်အခါမှ မစဲတော့ဘူးတဲ့ ညိုညိုရဲ့'

သီဟိုဠ်ကျွန်းမျှမက ဇမ္ဗူဒိပ်ကပင် ကြားသိကြတဲ့အတွက် နို့ယာဂု တန်ခိုးရှိန်ကို ခံယူကြတဲ့လူတွေဟာ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးကို ယူဆောင်ပြီး လာလိုက်ကြတာလဲ နေ့စဉ်အမြဲ စည်ကားနေသတဲ့ ‍ ‍ ‍ ၊ ယာဂုတန်ခိုးနှင့် အမျိုးမျိုး ရောက်လာလိုက်ကြတဲ့ လက်ဆောင်ပဏ္ဏာတော်တွေဟာ ဘယ်မှာရေတွက်နိုင်ပါတော့မလဲ၊ လှည်းပေါင်းတထောင်နှင့် တိုက်ရတယ်ဆိုတဲ့ လက်ဆောင်ဟာ ပမာဏ မပြုလောက်အောင် နဲသွားတာပေါ့ ညိုညိုရဲ့။

အဲသည်အခါကျတော့မှ သာလိကုမာရ မင်းသားက 'ဘုန်းရှိတဲ့ စုရတနာကို မတုပါဘူး အရှုံးပေးပါပေါ့'လို့ မိန့်တော်မူပြီး သိသိသာသာကြီး အညံ့ခံရပါသတဲ့ ဘုရား။

အဲ-ဒီဝတ္ထုကို ‍ေ ‍က်ထားပြီး မိန်းမများပေတယ်လို့ ဘုန်းအားသန်စွမ်း၍ လျှမ်းလျှမ်းတောက် ထူးမြတ်ကြောင်းကို ယုံကြည်ထိုက်တယ် မဟုတ်လား ညိုညို၊ ရှေးကံကုသိုလ်ဆိုတာ လွန်စွာ ထူးဆန်းလှပါတယ်ဘုရား။

ဤသို့ဝတ္ထုသာဓကနှင့် လျှောက်တင်သော ခင်ဦး၏စကားကို မင်းကျီးညိုကြားတော်မူရာ လွန်စွာနှစ်သက်တော်မူလှသဖြင့် '**အာက တောသူမကလေးဘဲ**'ဟု စိတ်ထဲတွေးပြီ 'ကဲ-ကဲ-ယုံဘော်မူပါပြီ သာလိကုမာရမင်းသားလို ညိုညိုကလဲ အရှုံးပေးပါပေါ့'ဟု ပြုံး၍ မိန့်ဆိုတော်မူလေသည်။

ထိုသို့ နှစ်ပါးအတူ စံတော်မူရင်း အတုံ့အလှဲ့ မိန့်ဆိုတော် မူနေကြရာ အချိန်ကုန်မှန်းမသိကုန်၍ သန်ကောင်ကျော်သဖြင့် အဆောင်တော်သို့ဝင်ကြလေသည်။

နောက်တနေ့နံနက်မှာ သံဃာတော်ပေါင်းများစွာတို့ကို ရွှေနန်းတော်သို့ မင်္ဂလာဆွမ်း ကျွေးရန် ပင့်လျှောက်ထားပြီးဖြစ်သောအတိုင်း ကြွရောက်တော်မူလာကြရာ မင်းကျီးညို ကိုယ်တိုင် စောင့်ကြပ်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။

ငနွဲ့ ကုန်း-ခင်ဦးနှင့် တကွ မိဖုယား-မောင်းမ-မိဿံများလည်း သံဃာတော်တို့၏ မနီး မဝေးက ရိုသေစွာရှိခိုးဖူးမျှော်၍ နေကြသည်။ ဆွမ်းလုပ်ကျွေးခြင်း ကိစ္စ ပြီးစီးသောအခါ ဆရာတော်ရင်း အဖြစ်ဖြင့် ကိုးကွယ်အပ်သော "လောကုတ္တရ ဆရာတော်ကြီး" ကို ပင့်ထား၍ မင်္ဂလာတရား ဟောတော်မူရန် မင်းကျီးညိုက ပင့်လျှောက်ထားသဖြင့် လောကုတ္တရာ ဆရာတော် ကြီးလည်း ဆွမ်းအနုမောဒနာနှင့်တကွ မင်္ဂလာတရားတော်များကို ဟောကြားတော်မူသည်။

တရားဟောခြင်းကိစ္စပြီးစီးသဖြင့် လောကုတ္တရာ ဆရာတော်ကြီး ကြွတော်မူမည်ပြုသည် တွင် မင်းကျီးညိုက 'ခေတ္တသည်းခံတော်မူပါအုံးဘုရား၊ လျှောက်ထားရန်အချက်တခုရှိပါသည်' ဟုလျှောက်ပြန်သည်နှင့် လောကုတ္တရာဆရာတော်ကြီးလည်း ထိုနေရာမှာပင် သီတင်းသုံးတော်မူ နေရပြန်သည်။

ထိုအခါ မင်းကျီးညိုက ခင်ဦးကို အပါးတော်သို့ ခေါ်ပြီး ဆရာတော်ဘုရားကြီးကို လျှောက်ထားသည်မှာ ငနွဲ့ကုန်းမြို့မှာ ဆင်အုံကန်တော်ကြီး ပျက်စီးကျိုးပေါက်သည့် ကိစ္စနှင့် တကာတော်ကိုယ်တိုင် ထွက်၍ တိုင်းသူပြည်သားလူအများတို့၏မှီခိုရာဖြစ်သောကန်တော်ကြီးကို ဆည်ဖို့ရာ ကောင်းစွာ အောင်မြင်ပါသည်ဘုရား' ဟု လျှောက်ထားလေသည်။

(ဆရာတော်ကြီး)အများတို့မှီခိုရာဖြစ်အောင် ကန်ချောင်း ဆည်မြောင်း ဆည့်ဖို့ တူး ဖောက်၍ ပေးခြင်းဆိုသည်မှာ လွန်စွာကြီးကျယ်တဲ့ ထာဝရကုသိုလ်မျိုး ဖြစ်ပေတယ်၊ ဘေး လောင်းတော် အနော်ရထာမင်းတရားကြီးမှစ၍ နိုင်ငံပြည်ရွာကို သာယာစည်ပင်အောင် ရွက် ဆောင်တော်မူကြတဲ့ မင်းကောင်း, မင်းမြတ်, အပေါင်းတို့လဲ ဆည်မြောင်းကန်ချောင်းများကို ပြုတော်မူလေ့ရှိကြပေတယ်။ တိုင်းသူပြည်သား လူအများတို့၏ အကျိုး သက်သက်ကို မျှော်၍ အခွန်တော်ကို မရည်မှန်းဘဲ ပြုစုတော်မူမှုလဲ ထာဝရကုသိုလ်မျိုးဖြစ်၍ အကျိုးကြီးနိုင်တယ်။ အခွန်တော်တိုး၍ ဘဏ္ဍာအကျိုးကို မျှော်ကိုး၍ ပြုစုမည်ဆိုပါလျှင် ကုသိုလ်ရေးမဟုတ်၍ မိမိ ကိုယ်တိုင် ပြုစုဆည်ဖို့တဲ့ ကန်တော်ကြီးနှင့်စပ်၍ အခွန်အထုပ် ခွဲခန့်ခြင်းကို ဆရာတော်ဖြင့်မနှစ် သက်ဘူး။

ညို-

မိန့်တော်မူသောအတိုင်းပင် ရည်မှန်းပြီး ဖြစ်ပါသည်ဘုရား၊ ထိုကန်တော်ကြီးကို အမှီ ပြု၍ ဖြစ်ထွန်းသော လယ်ယာအပေါင်းတို့မှ ရေခွန်နှင့်စပ်၍ အခွန်တမျိုးတိုးတက်၍ ခွဲခန့်ခြင်း များကို မပြုစေရပါ မင်းကေရာဇ်တို့ ဓမ္မတာ ထာဝရ ကုသိုလ်ကြီးကိုသာ ရည်မှန်းရင်း ရှိပါ သည် ဘုရား။

ဆရာတော်

အင်း-သာဓု-သာဓု-သာဓု၊ မင်းတို့မည်သည်မှာ တိုင်းသူပြည်သား လူအများတို့ကို ရင်သွေး, ရင်သား, ကဲ့သို့ သနားညှာတာရတယ်။ ရှေးရှေးသော မင်းကောင်း, မင်းမြတ်,တို့၏ ထုံးနည်းစဉ်လာဓမ္မတာကိုကျော်လွန်၍ အခွန်တိုးတက် ခွဲခန့်ခြင်းများကို သိက္ခာပုဒ် တပါးကဲ့သို့ လုံခြုံစွာ ဆောက်တည်သင့်ပေတယ်။ ဓမ္မရာဇ်ခေါ် ထိုက်သော မင်းကောင်း, မင်းမြတ်, တို့၏ ဓမ္မတာ တိုင်းပြည်မြို့ရွာကို အုပ်ချုပ်ခြင်းဆိုတာ အခွန်ဘဏ္ဍာကို လိုလား၍ အုပ်ချုပ်တော်မူကြတာမဟုတ်ဘူး၊ တိုင်းပြည်နိုင်ငံသာယာ၍ ပြည်သူသတ္တဝါတို့၏ ချမ်းသာကြောင်း သာသနာပွင့်လင်းကြောင်းများကိုသာ အရင်းထားပြီး အုပ်ချုပ်တော်မူကြရတယ်။ အခွန်ဘဏ္ဍာအရာရာတွင် လမ်းပေါက်လမ်းစ အမျိုးမျိုးရှာ၍ လွန်ကဲစွာ ခွဲခြင်းဆိုတဲ့အမှုဟာ ပြည်သူသတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်တဲ့ အရေးကြီး ဖြစ်ပေတယ်။ ဒဏ်ပေး၍ နှိပ်စက်ခြင်းထက် အခွန်တော်အမျိုးမျိုး တိုးတက်၍ ခွဲခန့်ခြင်းဟာ သာလိုပင် နစ်နာတယ်၊ ဒဏ်ပေးခြင်း ဆိုတာက ပြည်သူသတ္တဝါအများကို မထိခိုက်နိုင်ဘူး၊ လမ်းပေါက်လမ်းစရှာ၍ အခွန်ဘဏ္ဍာ အမျိုးမျိုး တိုးတက်ခွဲခန့်ခြင်းဆိုတာက တနိုင်ငံလုံးမှာရှိတဲ့ ပြည်သူသတ္တဝါတွေကို ထိခိုက်ကုန်တယ်။မတရားသောအခွန်မျိုးကို သုံးဆောင်ကြတဲ့ မင်းစိုးရာဇာတို့မှာလဲ ပြည်သူသတ္တဝါတို့၏ သံသရာကြွေး မကင်းဘဲ၊ ဘဝတိုင်းဘဝတိုင်းမှာ လွန်စွာ ဝန်လေး သွားတတ်တယ်၊ ပြည်သူသတ္တဝါတို့၏ ကြွေးတွေကို ဆပ်လို့ အပြီးမသတ်နိုင်တော့ဘူး။ အဲသို့ကြောင့် နောင် သံသရာရေးကို မျှော်ပြီး အခွန်တော် မတရားကောက်ခံခြင်းများကိုလဲ တကာတော်မင်းတရားက တားမြစ်တော်မူရမယ်။

လောဘရမ္မက် အ[illegible]က်တဲ့ မင်းဆိုး မင်းပျက်တို့ လက်ထက်မှာ အခွန်ဘဏ္ဍာများ တိုးပွားဘိစီး၍ လာတတ်တယ်၊ မိမိပိုင်ဆိုင်တဲ့ တိုင်းသူပြည်သားတို့ အပေါ်မှာ လောဘအစွန်းထွက်ပြီး နိုင်လိုမင်းထက် ပြုကျင့်ခြင်းဆိုတာ လွန်စွာရှက်ဘွယ်ကောင်းတဲ့ အလေ့မျိုးပေါ့၊ စိတ်သဘောလဲသေးသိမ်နုပ်ဖွဲ့ရာ ကျတယ်။ အခွန်ဘဏ္ဍာကို နေရာတကာတွင် လမ်းပေါက် လမ်းစရှာပြီး တမျိုးပြီးတမျိုး တိုးတက်ခွဲခန့်ခြင်းဟာ နိုင်ငံမြို့ရွာ မငြိမ်သက်ကြောင်းလဲ ဖြစ်တယ်၊ မင်း၏ ဘုန်းတန်ခိုးကိုလဲ နွမ်းညှိုးစေနိုင်တယ်၊ အဲ-သို့ကြောင့် တကာတော်မင်းတရားသည် စိတ်ထားကြီးရင့်၍ ဘုန်းကမ္ဘာ [illegible]ဖြင့်တော်မူသောအတိုင်း တိုင်းသူပြည်သား လူအများတို့၏ စားနပ်စားပေါက်ကို ကောက်မှု စားသည်နှင့်တူတဲ့ ဆူဆူပူပူအခွန် ခွဲခန့်ခြင်းများကို ရှောင်ရှားတော်မူစေလိုတယ်၊ တကာတော် ရေမြေ့ရှင်။

ဤသို့ လောကုတ္တရာ ဆရာတော်ကြီး ဘုရားက အခွန်တရား ဟောတော် မူသောအခါ မင်းကျီးညိုက လွန်စွာသဘောကျသဖြင့် 'မိန့်တော်မူသောအတိုင်း တပည့်တော် အမြဲလိုက်နာပါမည်ဘုရား၊ ကိုယ့်လက်အောက်သား သတ္တဝါကလေးများ၏ စားနပ်စားပေါက်ကို ကောက်၍ သုံးဆောင်လိုသော ဆန္ဒလဲမရှိပါ။ အခွန်ကိုသာ အားကိုး၍ အမျိုးမျိုး မျှော်လင့်တဲ့ မင်းများဟာ လွန်စွာစိတ်သဘော သိမ်သေးကြောင်းကိုလဲ တကာတော် စဉ်းစားမိပါသည်ဘုရား' ဤသို့ လျှောက်ထားပြီး မိမိကိုယ်တိုင်က အရေးကြီးစွာ လျှောက်ထားလိုသောအချက်ကို ဆက်လက်၍ လျှောက်ထားသည်မှာ ငနွဲကုန်းမြို့သို့ ကန်တော်ကြီးဆည်ဖို့ရန် ထွက်တော်မူစဉ် အခ

သမီးကညာ တပါးကို သိမ်းပိုက်တော် မူခဲ့ပါသည်ဘုရား၊ သိမ်းပိုက်တော်မူခဲ့သော သမီးကညာ မှာ သူပင်ဖြစ်ပါသည်ဘုရား'ဟု လျှောက်တင်ကာ ခင်ဦးကို လက်ညိုးညွှန်၍ ပြတော်မူသည်။

ဆရာတော်-

သည်အရေးကိစ္စမှာတော့ ဆရာတော်တို့နှင့် ဆိုင်တဲ့အရေးမဟုတ်ပေဘူး၊ တကာတော် မင်းတရား၏ သဘောအတိုင်း မြတ်နိုးတော်မူခြင်းသာလျှင် ပဓာနဖြစ်ပေတယ်၊ သို့ရာတွင် သည် နေရာမှာ ဆရာတော် ဝင်ခွင့်ရှိတဲ့ အချက်ကတော့ မိဖုရားမောင်းမတွေနှင့် အခြွေအရံများတဲ့ အတိုင်း ကုသိုလ်တော်, ကောင်းမှုတော်, အရေးများကိုလဲ တိုးပွါးအောင် ကြိုးစားတော်မူစေ လိုတာပါဘဲ။

ညို-

မှန်လှပါ၊ ဟို-ရှေးယခင် ဘပင် အရှင် ဆရာတော်မြတ်ကြီး ဆုံးမတော် မူသောအတိုင်း ဘုန်းသမ္ဘာတို့၍ ယခုပစ္စုပ္ပန်အကျိုး, နောင်တမလွန် အကျိုးဖြစ်တဲ့ ကုသိုလ်တော်ရေးများကိုလဲ တပည့်တော် မမေ့မလျော့ပါဘုရား၊ ငန္ဒကုန်းမြို့က သူမ်းပိုက်တော်မူလာတဲ့ သို့ကညာ-ရတနာ ခင်ဦးနှင့်စပ်၍ လျှောက်တင်လိုတဲ့ အချက်မှာတော့ သည်လိုပါ ဘုရား။ ငန္ဒကုန်း-ခင်ဦးသည် ထီးမျိုးနန်းဆက်မှ မွေးဘွားသည် မဟုတ်ဘဲ၊ ဇာတိအားဖြင့် နိမ့်ကျ၍ မြို့ငယ်မြို့သိမ်မှာ အရှိန် သေးစွာ ပေါက်ဘွားလာသူဖြစ်သော်လဲ စိတ်နေစိတ်ထားမှာ ဇာတိနှင့် မတန်အောင် လွန်စွာ မြင့်မောက်လှပါသည်ဘုရား။

ဆရာတော်-

ဘယ်လိုမြင့်မောက်သလဲ တကာတော်။

ဤသို့ မေးတော်မူရာ နောက်တော်ပါးက ခစားလျက်ရှိသော မိဖုယား, မောင်းမ,မိဿံ များကို လှဲ့ကာ ကြည့်တော်မူပြီး ဆရာတော်ကြီးကို ဘင့်၍ လျှောက်ထားသည်မှာ 'ငန္ဒကုန်း ခင်ဦး၏ စိတ်နေစိတ်ထား မြင့်မောက်ပုံက သည်လိုပါဘုရား။

ယခုအခါ၊ သူ့ဇာတိနှင့်မတန်တဲ့ ထူးထူးမြတ်မြတ် စည်းစိမ် ချမ်းသာကို ရခြင်းဟာ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ဘယ်သူ့ကိုမှ ကျေးဇူးမတင်ဘူးတဲ့ ဘုရား၊ ကုန်ကုန် လျှောက်ထားပါရ စေတော့ဘုရား၊ တကာတော်ကိုပင် ကျေးဇူး မတင်နိုင်ဘူးတဲ့ ဘုရား။

ဆရာတော်-

တာဖြင့် ဘာကို ကျေးဇူးတင်သတဲ့လဲ။

ညို-

သူ့ကုသိုလ်ကံများကိုသာ သူ ကျေးဇူးတင်သတဲ့ဘုရား။

ဆရာတော်-

သည့်အတိုင်းပင် ခင်ဦးက လျှောက်တင်သလား။

ညို-
မှန်လှပါ၊ သည်အတိုင်း လျှောက်တင်ပါသည် ဘုရား။

ဆရာတော်-
သည်လို လျှောက်တင်တာကို တကာတော်က သဘောမကျဘူးလား။

ညို-
ဘယ်မှာ သဘောကျနိုင်မလဲ ဘုရား၊ တကာတော်ကိုယ်တိုင်က ချီးမြှောက်၍ အထွတ်အထိပ်သို့ ရောက်အောင် သနားတော်မူတဲ့ စည်းစိမ်များက အထင်အရှားကြီးဘဲ၊ ခင်ဦးဟာ သူ့ကံများကိုသာ အလွန် အားကိုးသူ ဖြစ်ပါသည်ဘုရား။

(ထိုအခါ လောကုတ္တရာ ဆရာတော်ကြီးက ပြုံးတော်မူပြီး) သည်နေရာမှာ ဆရာတော်က ခင်ဦး၏ လျှောက်တင်ချက်ဟာ ဒေသနာတော်အတိုင်း မှန်ကြောင်းကို ဝန်ခံတော် မူရမှာဘဲ။ အလုံးစုံ ရှိရှိသမျှသတ္တဝါတွေဟာ ကံသာလျှင် အားကိုးမှီခိုရာ ဖြစ်ကြပေတယ်၊ ကံပေးတဲ့ အမွေကိုသာ ခံစံကြရတယ်၊ ကံသာလျှင် ကျေးဇူးတင်စရာရှိကြတယ်၊ ခင်ဦး၏ဘုန်းကံက နှိုးဆော်တဲ့ အတွက်ကြောင့် တကာတော်မင်းတရားကြီးက သူ့ကို သိမ်းပိုက်တော်မူရတာပေါ့။ သူ ဘုန်းမရှိပါလျှင် ဘယ်မှာ တကာတော်မင်းတရားကြီးနှင့် တွေ့ဆုံနိုင်ပမလဲ။

ဤသို့ မိန့်တော်မူရာ မည်သို့မျှ မလျှောက်တင်ဘဲ ငုံ့ခါသာ နေတော်မူသည်။ နောက်တော်ပါးက ခစားလျက်ရှိကြသော မိဖုယားနှင့်မောင်းမများက ကြိတ်၍ရယ်ကြပြီးလျှင် 'သူ့နဝံပီယံကလေးကို အရေးယူလွန်းအားကြီးတာနှင့် သာသနာပိုင်ဆရာတော်ကြီးကို ဖွင့်၍လျှောက်တော်မူတယ်၊ သူ မြတ်နိုးတဲ့ အချစ်ဖူးကလေးရဲ့ ကျေးဇူးတင်ခြင်းကို တယ်လှိုပင် ခံတော်မူချင်တာကိုး”ဟု တိုးတိုးတိတ်တိတ် ပြောဆိုကြလေသည်။

ထိုနောက် မင်းကျီးညိုက ဆက်၍ လျှောက်ထား ပြန်သည်မှာ “လက်စ ရှိတဲ့ အတွက် ဆက်၍ လျှောက်ရအုံးမှာဘဲဘုရား၊ တပည့်တော်က သည်လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲလို့ မေးပြန်တော့ ငွေကုန်းခင်ဦးက” သည်လောကမှာ မိမိကိုယ်မှတပါး ဘယ်သူ့ကိုမှအချစ်ဆုံးမထား၊ မိမိကိုယ်ကိုသာ အချစ်ဆုံးပါလို့ လျှောက်ထားပြန်တယ် ဘုရား။

ဆရာတော်-
သည့်အတိုင်းပင် လျှောက်တင်ပြန်သလား။

ညို-
သည်အတိုင်းပါဘုရား။

ဆရာတော်-
သည်လျှောက်ထားချက်ကိုလဲ တကာတော်က သဘောမကျနိုင်ဘူးပေါ့လေ။

ညို-

အမှန်အားဖြင့် လျှောက်ထားရမယ်ဆိုလျှင် လောကဓမ္မတာ ရိုးရာစရိုက်ကြီး အရှိသားဘဲ ဘုရား၊ ဘယ်မှာ သဘောကျနိုင်ပမလဲ။

(ထိုအခါ ဆရာတော်က သာလှိုပင် ပြုံးတော်မူပြီး)

"တကာတော်မင်းကြီးဟာ မြတ်စွာဘုရား လက်ထက်တော်က ကောသလ မင်းကြီးနှင့် တဖြတ်ထဲ တူနေပေါ့ဘဲ"ဟု မိန့်တော်မူသည်။

မိဖုရား မောင်းမ, မိဿံများလည်း ဆီးတား၍ မရနိုင်ဘဲ နှုပ်ခမ်းအစုံ ပုဝါဖြင့် ပိတ်၍ ရယ်မောကြသည်။

ညို-

"ကောသလမင်းကြီး"နှင့် တူပုံကို မိန့်တော်မူစေလိုပါသည် ဘုရား။

ဆရာတော်-

ကောသလမင်းကြီး ဖြစ်ပုံနှင့်တော့ အလုံးစုံတူနေတာဘဲ တကာတော်။ ဖြစ်ပုံက သည်လိုပါ။ ကောသလ မင်းကြီးတာ အမျိုးဇာတိအားဖြင့် များစွာနိမ့်ကျတဲ့ ပန်းသည်မကလေး "မာလိကာ"ကို သိမ်းပိုက်တော်မူပြီး မိဖုယားကြီးအရာ၌ ခန့်ထားတော်မူတယ်။ မြတ်နိုးတော်မူလိုက်ထာလဲ့ လွန်လွန်-ကဲကဲ ဖြစ်နေတာပေါ့၊ မာလိကာဆိုတာ အမျိုးဇာတိအားဖြင့် နိမ့်ကျသော်လဲ အသိဉာဏ်လိမ္မာမှာတော့ လွန်စွာထူးကဲတဲ့ အမျိုးသ္မီးတယောက် ဖြစ်ပေတယ်။ စိတ်နေစိတ်ထားကလဲ မင်းကြီး လျှောက်ထားသလို အတော်မြင့်ခိုင်တဲ့ လက္ခဏာပါဘဲ။

ကောသလမင်းကြီးက ထတ်မြတ်တဲ့ စည်းစိမ်တော်များဖြင့် မြှောက်စားတော်မူသော်လဲ ကျေးဇူးတော် ကြီးကြောင်းကိုလဲတခါမျှ မလျှောက်ထားဘူးတဲ့။ ။တကာတော်နှင့်တူပုံ တချက်ကလဲ ကောသလမင်းကြီးဟာ မာလိကာ မိဖုယား၏ လျှောက်ထားတဲ့ စကားတလုံးကိုလဲ အလိုရှိတယ်။ ။ဘယ်လို စကားလဲလို့ ဆိုတော့ "ဤကမ္ဘာလောကခွင်မှာ အရှင်မင်းကြီးဟာအချစ်ဆုံးပါဘဲ"လို့ ဆိုတဲ့ စကားတလုံးပေါ့လေ။ ။(ထိုအခါ မင်းကျီးညိုက ပြုံးတော်မူသည်)။

ကောသလမင်း အလိုတော်ရှိတဲ့ စကားကိုလဲ မာလိကာ မိဖုယားကြီးက တရံတခါမျှ လျှောက်ထားတော်မမူဘူးတဲ့။ ။တနေ့သောညဥ့်အခါနှစ်ကိုယ်ထည်း စံတော်မူရာ ကောသလမင်းကြီးက 'မာလိကာ ဤလောကမှာ သင်၏ အချစ်ဆုံးဟာ ဘယ်သူလဲ'လို့ စတင်မေးတော်မူတယ်။ ။သည်တော့ မာလိကာက 'ဘုရားကျွန်မ အချစ်ဆုံး ဘယ်သူမှမဟုတ်ပါ မိမိကိုယ်ကိုသာ မိမိအချစ်ဆုံး ဖြစ်ပါတယ်ဘုရား'လို့ လျှောက်ထားသတဲ့။ ။အလိုတော်ရှိတဲ့ စကားကို မရတော့ ကောသမင်းကြီး မျက်မာန်တော် ရှသွားတာပေါ့။

သို့ရာတွင် မြတ်နိုးတော်မူလှတဲ့ အတွက်ကြောင့် အမျက်ဒေါသကို အချစ်က ဘိစီးထားလို့ အင်အားရှိသလောက်လဲ အမျက်ထွက်တော် မမူနိုင်ရှာဘူး။

နောက်တဘန် ထပ်မံ၍ ဘယ်လိုမေးတော် မူပြန်သလဲလို့ ဆိုတော့ 'မာလိကာ သင်၏ ကျေးဇူး အတင်ဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူလဲ'လို့ မေးတော်မူပြန်တယ်။ ။သည်တော့ မာလိကာက 'ဘုရားကျွန်မ၏ ကျေးဇူးအတင်ဆုံးဟာ ဘယ်သူမှမဟုတ်ပါ မိမိ၏ ကုသိုလ်ကံကိုသာလျှင် ကျေးဇူး အတင်းဆုံး ဖြစ်ပါတယ်ဘုရား'လို့ လျှောက်ထားပြန်ပါရော။ ။တရားသဘောနှင့် နားမချော တဲ့ သူများကတော့ မာလိကာ မိဖုယား လွန်စွာမသိသား ဆိုးဝါးတယ်လို့ ထင်ကြပေမှာပေါ့၊ မြတ်စွာဘုရား ကိုယ်တိုင် ဆုံးဖြတ်တော် မူပါလိမ့်မယ်။

အဲသည်လိုလျှောက်တင်တော့ ကောသလမင်းကြီးဟာ လွန်စွာ အမျက်ထွက်တော်မူတာ ပေါ့ သူလိုချင်တဲ့ အချက်ကို မရဘဲကိုး မျက်မာန်ရှတော် မူပေမှာပေါ့။

မာလိကာရဲ့ လျှောက်တင်ချက်ကို ကြားတော့ ကောသလမင်းကြီးဟာ ဘာကိုမျှမိန့် တော်မမူဘဲ ခြာကနဲ အဆောင်တော်ထဲသို့ လှဲ၍ ဝင်တော်မူသွားတယ်။ ။သည်တညဟာ မာလိကာနှင့် ကွဲတော်မူတာပေါ့။ ။စိတ်နှလုံးတော်မချို အလိုတော်မကျတဲ့ အတွက်ကြောင့် တညလုံး စက်တော်မခေါ်နိုင်ဘဲ အခဲမကျေ ဖြစ်တော်မူနေတယ်။ ။လွန်စွာ အမျက်ထွက်တဲ့ အမူတော်များလဲ မာလိကာကို မသိစေရဘူးတဲ့။

မာလိကာကလဲ ယောကျ်ားတို့၏ ပရိယာယ် အသွယ်သွယ် ဆန္ဒကို ရိပ်မိပြီး ဖြစ်တဲ့ အတွက် 'မျက်မာန်တော် ရှချင် ရှပေစေ သည်အမျက်တော်ဟာ ကြာကြာကြီး ခိုင်မြဲဘို့ရာ အကြောင်းမရှိဘူး' အဲ-သို့ကလို ဆင်ခြင်ပြီး မင်းကြီးအပါးတော်သို့ မကပ်ဘဲ အမှတ်တမဲ့သာ နေလိုက်သတဲ့။

နောက်တ‌နေ့ နံနက်ကျတော့ ကောသလမင်းကြီးက စတင်လို့ နှုတ်ခွန်း ဆက်သတော် မူတာပေါ့လေ။ ။အဲသည့် နောက်တနေ့နံနက် စောစောစီးစီးကြီး ထ၍ နှုတ်ခွန်းဆက်သပြီး ကဲ'-လိုက်တော်မူခဲ့ပါ၊ ဘုရားအထံတော်သို့ သွားရအောင်'ဟု မိန့်တော်မူကာ မာလိကာကို ခေါ်ပြီး မြတ်စွာဘုရား အထံတော်သို့ ထွက်တော်မူပါရော။

မြတ်စွာဘုရား၏ အထံတော်သို့ ရောက်တော့ ညကမာလိကာနှင့် ဖြစ်ပျက်တဲ့ အကြောင်း တွေ မလိကာ တင်လျှောက်တဲ့ အကြောင်းတွေကို စိတ်မကျေနိုင်ကြောင်းနှင့် လျှောက်ထား တယ်။ ။ထိုအခါ ရှင်တော် မြတ်ဘုရားက 'ကောသလမင်းကြီး မာလိကာ၏ လျှောက်တင် ချက်ဟာ လွန်စွာ မှန်လှပေတယ်၊ လောကမှာ မိမိကိုယ်ကိုသာလျှင် မိမိအချစ်ဆုံးဖြစ်တယ်၊ သူ တပါးကို ချစ်ခင်တယ်ဆိုတာလဲ မိမိကိုယ်ကို ကိုချစ်လို့ မိမိကိုယ်ကျိုးအတွက်ကြောင့် ချစ်ရ ခြင်းပေတယ်။ ။သံသရာ တခွင် ကျင်လည်ကြတဲ့ သတ္တဝါတွေဟာ ကံပေးတဲ့ အမွေဥစ္စာကို သာ ခံစံကြရတယ်၊ သို့အတွက်ကြောင့် မိမိတို့ ကုသိုလ်ကံသာလျှင် ကျေးဇူးတင်ဘို့ရာ **အကောင်း ဆုံး' အဲ-သို့ကလို** ဆုံးဖြတ်တော်မူတော့ ကောသလမင်းကြီးဟာ လုံးလုံးရှုံးသွားပါ**ရော။**

အဲ-နို့ပြီးနောက် မြတ်စွာဘုရားက တရားဘက်သို့လှဲ့ပြီး မာလိ**ကာအား** တရားဖြင့် **ဆုံးမတော်မူတယ်။**

အတ္တာနဍ္ဍေ ပိယံ ဇညာ၊ န နံ ပါပေန သံယုဇေ။

အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ အချစ်ဆုံးဟူ၍။ စေဇညာ၊ အကယ်၍သိပါမူကား။ နံ၊ ထိုအချစ်ဆုံးဖြစ်သော မိမိကိုယ်ကို။ ပါပေန၊ ယုတ်မာညစ်ကျု မကောင်းမှုဖြင့်။ ။မာသံယုဇေ၊ မပေါင်းမသင်းပါစေလင့်။

မိမိကိုယ်ကို အချစ်ဆုံးဆိုတာ လွန်စွာမှန်ပေတယ်၊ အချစ်ဆုံးဖြစ်ကြောင်းကိုသိလျှင် ၊မိမိကိုယ်ကို မကောင်းမှု ဒုစရိုက်များနှင့် မပေါင်းသင်းစေနှင့် မကောင်းမှုတွေနှင့် ပေါင်းသင်းလျှင် မိမိကိုယ်ကို မိမိချစ်ရာမကျဘူး နှစ်ရာကျတယ်။

သည်ကဲ့သို့ တရားတော်ဖြင့် အဆုံးသတ်၍ မြတ်စွာဘုရားကဟောတော်မူတော့ ကောသလ မင်းကြီး ရွှင်၍ ဗုံးဗုံးလဲသွားတာပေါ့။

ယခုမင်းကျီးညိုနှင့် ငန္ဒကုန်းခင်ဦးတို့မှာလဲ ကောသလမင်းနှင့် မာလိကာတို့၏ပုံနှင့် အလုံးစုံတူနေပါပကော၊ အထူးဟောနေဘို့ မရှိဘူး မြတ်စွာဘုရား ဆုံးဖြတ်တော်မူတဲ့အတိုင်းပင် တကာတော် မင်းမြတ်လဲ မှတ်တော်မူရစ်ပေတော့။

ဤသို့ မိန့်တော်မူကာ လောကုတ္တရာ ဆရာတော်ကြီး နန်းတော်မှ ပြန်ကြွတော် မူလေသတည်း။

ဆရာ တော်ကြီး ပြန်ကြွတော်မူတဲ့နောက် မင်းကျီးညိုက မည်သို့မျှ မိန့်တော်မမူဘဲ မိဖုယား, မောင်းမ, မိဿံ, တို့အား လှည့်ကာ ပြုံးတော်မူပြီး အဆောင်တော်တွင်းသို့ ဝင်တော်မူလေ သည်၊ ခင်ဦးလည်း နောက်တော်က ပါလေ၏။

မိဖုယား "စိုးမင်း" အစရှိသော မောင်းမ, မိဿံ, များက တောသုံးတောင်ကို အစိုးရတဲ့ ကေသရာဇာ ခြင်္သေ့မင်းကြီးဟာ ဘားမကလေးကို အရှုံးပေးရပါပကော" ဟု ပြောဆိုရယ်မောက မေးငေါ့ကြလေ၏။

မင်းကျီးညိုသည် ခင်ဦးအပေါ်မှာ လွန်စွာ မြတ်နိုးတော် မူလှသည့်အတွက် သိမ်းပိုက်တော်မူဦးစ အခါမှာ ရှေးကမြတ်နိုးတော် မူရင်းဖြစ်သော မိဖုယားတို့၏ အဆောင်များကိုမျှ သတိရတော်မမူဘဲ အလွန်ဝါသနာ စွဲရင်းဖြစ်သော သေနင်္ဗျူဟာ မင်္ဂလာတပ်တော်ကြီးများကိုပင် မေ့လျော့သကဲ့သို့ ဖြစ်တော်မူလေသတည်း။

## အခန်း (၆) ဒုတိယပိုင်း

### ခင်ဦး အိပ်မက် မြင်ခန်း

### (သက္ကရာဇ် ၇၇၇-ခု ဝါဆိုလ အတွင်း)

မင်းကျီးညိုသည် ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၍ သွီးကညာဂုဏ်နှင့် ညီညွတ်သော ငနွဲကုန်း ခင်ဦးကို သိမ်းပိုက်တော်မူသည်ကစ၍ လွန်စွာမြတ်နိုးတော်မူလှသဖြင့် အပါးတော်မှမခွါစေဘဲ လက်ကိုဆွဲကာဆွဲကာနှင့်သာ နန်းတွင်းနန်းပြင်, စံတော်မူလေသည်။

ညဉ့်အခါ စက်တော် ဆောင်မှာလည်း ခင်ဦးကိုသာလျှင် မပြတ်ခစားတော်မူစေသည်။ ရုံခါရုံဘန် လေးကျွန်းကန်တော်သို့ ထွက်တော်မူပြီးလျှင် ရေသဘင်နန်းမှ စံတော်မူသည်၊ ရုံခါရုံဘန်မြို့တော်၏ အနောက်တွင်ရှိသော ရှင်ပင်ကျောက်ဆောက်ဘုရားသို့ ခင်ဦးနှင့်အတူဆင်စီး၍ထွက်တော်မူသည်။ ရုံခါရုံဘန် မြို့အရှေ့၌ရှိသော မြတ်စောညီနောင်ဘုရားသို့ ခင်ဦးနှင့်အတူ ဝေါယာဉ်စီး၍ ထွက်တော်မူသည်၊ ရုံခါရုံဘန်မြို့တော်၏ တောင်မျက်နှာတွင်ရှိသော ခပေါင်းချောင်းကြီးမှ လှန်းကြင်လှေတော်ကို စီးပြီးလျှင် ပေါင်းလောင်းသို့ရောက်ရာ ကရဝိတ်ဘောင်တော်ကြီးတွင် ခင်ဦးနှင့်အတူစီးကာ ရေသဘင်ခံတော်မူသည်၊

ပျားပိတုန်းနှင့်တူသော မင်းကျီးညို၏ မျက်လုံးတော် များသည် ကြာပန်းနှင့်တူသော ခင်ဦး၏မျက်နှာပေါ်၌သာ တရစ်ဝဲဝဲလူးလာပျံသန်း၍ နေလေသည်။

ယခင်က မြတ်နိုးတော်မူလှသော နှမတော်မိဖုယား "စိုးမင်း" ကိုမျှ သတိရတော်မမူသကဲ့သို့စံတော်မူရာ နန်းတော်သူအများတို့က "ရန်အမျိုးမျိုးကိုအောင်၍ ထီးသစ်,နန်းသစ်,ထူထောင်တော်မူနိုင်သည့် ဘုရင်မင်းမြတ်ကြီးတပါးသည် သွီးကညာရတနာ စစ်ပွဲကြီးနှင့် တွေ့သောအခါ ခုခံနိုင်မည်ဝေးစွ အရှုံးပေးကာ အညံ့ခံတော် မူနေရပါပေါ့တကား" ဟု ပျက်ရယ်စကားမကြာမကြာပင် ပြောကြားကြလေသည်။

တနေ့သောညဉ့်အခါ စက်တော်ဆောင်၌ ခင်ဦးသည်မင်းကျီးညို၏ လက်ဝဲသလုံးတော်ကို ဘက်ခါခေါင်းအုံး၍ ဘဝါးတော်ကို အယားဖျောက်နေရင်း အိပ်ပျော်ခြင်းသို့ ရောက်လေရာ သန်းခေါင်ကျော်အချိန်လောက်တွင် ခင်ဦးသည် ရုတ်တရက် လန့်နိုးပြီး "ညိုညိုကယ်တော်မူပါဘုရား၊ညိုညိုကယ်တော်မူပါဘုရား" ဟု အလန့်တကြား ဟစ်အော်လိုက်လေ၏။

အလန့်တကြားနှင့် "ကယ်တော်မူပါဘုရား" ဟု ဟစ်အော်သောအသံကို မင်းကျီးညိုကြားတော်မူသဖြင့် လန့်၍နိုးတော်မူပြန်ရာ "အနွဲ့အသံပါကလား" ဟု ရုတ်တရက်သတိရတော်မူသည်နှင့် လက်သုံးတော်ဓါးကို ရုတ်တရက်ဆွဲကိုင်တော်မူပြီး 'အနွဲ့ရန်သူတော်ဘယ်မှာလဲ အနွဲ့ရန်သူတော်ဘယ်မှာလဲ" ဟုပြာရီးပြာရာနှင့် ရှာဖွေစုံစမ်းတော်မူလေ၏။

ထိုအခါခင်ဦးက လက်သုံးတော်ခေါ်ကိုဆွဲပြီး "ရန်သူတော်မဟုတ်ပါဘုရား၊ ထူးဆန်းတဲ့ အိပ်မက်ကိုအန္တဲ့မြင်မက်လို့ ရုတ်တရက်ယောင်ယမ်းပြီး အော်လိုက်မှန်းမသိ အော်လိုက်မိပါသည် ဘုရား"ဟုလျှောက်တင်လေ၏။

ထိုအခါစက်တော်အဆောင်တွင်းမှ အချိန်မဲ့သောအခါတွင် အသံများကို ကြားသည်နှင့် အိပ်ဖန်တော်သားများလည်း ခေါ်ကိုယ်စီနှင့် အသင့်ပြင်ဆင်ကာ ဝိုင်းဝန်း၍နေကြလေသည်။

ခင်ဦးလျှောက်တင်သော စကားကိုကြားမှ မင်းကျီးညိုသည် စွဲကိုင်သော လက်သုံးတော်ခေါ်ကို ချပြီး သလွန်တော်ထက်၌ ပိုက်ပွေ့ ယုယတော်မူကာ "အို-တုတ်တုတ်ခိုက်ခိုက် ဖြစ်နေပါကလား ဘယ်လိုထိတ်လန့်စရာကောင်းတဲ့ အိပ်မက်များကို မြင်ပါသလဲအန္တဲ့ရဲ့ ညိုညိုအရှိသားဘဲ ရွှေအားတော် သိုကလောက်မငယ်ပါနဲ့၊ တယ် ထိတ်လန့် လွယ်တာကိုး" ဟု မိန့်တော်မူပြီး အပါးတော်တွင်ရှိသော နန်းတော်သုံး ကက္ကရူနှာတော်ကို ပေးပြီးလျှင် လေးတရာဆီနှင့် နဖူးဆံစကို ပွတ်သပ်၍ မေးတော်မူလာည်မှာ အလန့်တကြားအော်လိုက်တဲ့ အန္တဲ့ရဲ့အသံဟာ စက်ရာက လန့်နိုးတော်မူတယ် ရန်သူတော်များ ဝင်လာသလားလို့ အထင်မှားတော်မူပြီး လက်သုံးတော် ခေါ်ကို ဆွဲကိုင်ကာ ရှာတော်မူမိသေးတယ်၊ ဖြစ်ရတာက ဘယ်ပုံလဲ တုန်တော်မူလိုက်ထာကလဲ ယခုတောင် အရှိန်မစဲသေးဘူး၊ ကဲ-မှန်တဲ့အတိုင်းလျှောက်တင်စမ်းပါ။

ထိုသို့ မေးတော်မူသောအခါ အန္တဲ့က နူတ်သံ သဲ့သဲ့နှင့် "လန့်လိုက်ထာညိုညို၊ သည်လိုဆန်းတဲ့ အိပ်မက်မျိုးကို တခါမျှ အန္တဲ့ဖြင့် မမက်ဘူးပါဘူး"ဟု လျှောက်ထားလေ၏။

မင်းကျီးညို–

ဩော်–အိပ်မက်မြင်တာလား လျှောက်တင်စမ်းပါအုံး၊ ဘယ်လို ထိတ်လန့်စရာကောင်းတဲ့ အိပ်မက်လဲလို့။

နွဲ့–

အိပ်မက်မြင်ပုံက သည်လိုပါဘုရား။ ။လှုံဝါတထောင် အမြဲပြောင်တဲ့ ဖလ်ရောင်ဘုံပျံ သူရကန် နေစကြာကြီးသည် လှည့်လည်မြဲဖြစ်တဲ့ ကောင်းကင်မှ အလျှင်အမြန် ဆင်းသက်လာပြီး အန္တဲ့ရဲ့ဝမ်းထဲသို့ အတင်းခွဲ၍ ဝင်လာကြောင်းကို မြင်မက်ပါတယ် ဘုရား။

အန္တဲ့၏ လျှောက်တင်ချက်ကို ကြားလျှင် ကြားခြင်း မင်းကျီးညို၏ စိတ်ထဲမှာ လွန်စွာဝမ်းမြောက်တော် မူလှသည်နှင့် လက်သုံးတော်ခေါ်ကို တဘန်ကိုင်ပြီး ကိုယ်တိုင် နိမိတ် ဘတ်တော်မူသည်မှာ ဇမ္ဗူဒီပါလကျွာတကျွန်းလုံးကို လက်ရုံးဖြင့် လွှမ်းမိုး၍ အုပ်စိုးနိုင်မဲ့သားတော် တပါးကို ဘွားမြင်တော်မူမည့် အလိုဖြင့် တင်ကြို၍ ပြလာတဲ့ နိမိတ်တော်ဖြစ်တယ်အန္တဲ့၊ ညိုညိုမှာလဲ လက်ရုံးတော်တဆူကဲ့သို့ အားကိုးတော်မူလောက်တဲ့ သားတော်တပါးမျှ ထွန်းကားတော်မမူဘဲ ရှိခဲ့ရာ ကိုယ်တော်၏ဘုန်းသမ္ဘာကြောင့် နန်းလျာဖြစ်တဲ့ သားရတနာကို ရပေတော့မယ်လို့ အမှန် ယုံကြည်တော်မူတယ်။

ငန္တဲကုန်းမြို့မှာ ကန်တော်ကြီး ဆည်ဖို့တော်မူစဉ်အခါ ရတနာ တော်ဝင် မှန်တဲ့ အန္တဲ့ကို သိမ်းပိုက်တော်မူမည်ရှိရာ ပညာရှိရဟန်းတော်များနှင့် မှူးမတ်ပုဏ္ဏား အပေါင်းတို့ကလဲ ကောင်း

သော တိတ်နိမိတ်ကိုဘတ်ပြီး သားတော်မြတ် ရတနာတပါး ထွန်းကားမည့် အရာကိုလဲ စုံညီစွာ လျှောက်တင်ကြတယ်။ ။ပညာရှိအများတို့ ဟောကြားတဲ့ အချက်နှင့် ယခု မြင်မက်တဲ့ အိပ်မက်ကိုထောက်လျှင်ဖြင့် ထီးညွှန့် နန်းညွှောက် သားကောင်းရတနာ ပေါ်ပေါက်ဘို့ ဆိုတဲ့ အချက်ဟာ လွဲနိုင်ဘို့ရာ အကြောင်း မရှိတော့ဘူး။ ။ကျက်သရေရှိတဲ့ သွီးကညာ များမှာ သားကောင်း ရတနာ ထွန်းကားတယ်ဆိုတာ ယုံကြည်ဘွယ် ကောင်းတဲ့စကားဘဲ အနွဲ့ရဲ့။

ထိုအခါ ခင်ဦးကပြုံးပြီး—

'ညိုညိုမိန့်တော်မူတဲ့အတိုင်း သားကောင်းရတနာ ဘွားမြင်ခဲ့ပါလျှင် အနွဲ့ဟာ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတာအမှန်ပေါ့ ညိုညို'

ညို—

ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံတဲ့ သားကောင်းရတနာဆိုတာ ကျက်သရေ မင်္ဂလာရှိတဲ့ ဝမ်းတိုက်မှာမှ တည်လာ ကိန်းအောင်းလေ့ ရှိသဖြင့် သားကောင်းရတနာ ဘွားမြင်ခဲ့ပါလျှင် မင်္ဂလာနှင့်ပြည့်စုံ၍ ကျက်သရေဂုဏ် ရှိတယ်လို့ ဆိုရမှာပေါ့'

ခင်ဦး-

'ညိုညို မိန့်တော်မူပုံက သားကောင်းရတနာ ဘွားမြင်မှ မင်္ဂလာနှင့်ပြည့်စုံ၍ ကျက်သရေ ဂုဏ် ရှိတယ်လို့ဆိုမှုဖြင့် တကယ်လို့သာ သားကောင်းရတနာ မဘွားမြင်ဘဲ ရှိနေပါလျှင် အနွဲ့ကို မင်္ဂလာမရှိတဲ့ အရိုင်းမကလေးလို့ ဆိုတော်မူတော့မှာလား ညိုညိုရဲ့'

မင်းကျီးညိုက ပြုံးတော်မူပြီး-

'အို—စကားညွှန့် စကား ညွှောက်တွေကဖြင့် အတက် ပေါက်ပေါက်ပြီး သည်လိုနည်း ချည့်ဘဲ လျှောက်တင်တတ်တယ်၊ ပဌမ မြင်တော်မူတဲ့ အခါကစပြီး လောကရတနာ မင်္ဂလာ အမြုတေကလေး ရယ်လို့ သုံးပြီးပါအနွဲ့ရဲ့၊ သားကောင်းရတနာ ဘွားမြင်မှာလဲ အမှန်ပါဘဲ၊ သားကောင်းရတနာ မဘွားမြင်သော်လဲ တော်ဝင်တဲ့ အနွဲ့ရတနာကို ဘယ်အခါမှ မင်္ဂလာမရှိတဲ့ အရိုင်းမကလေးရယ်လို့ ထင်တော်မမူပါဘူး'

ခင်ဦး—

'ယခု ညိုညို မိန့်တော်မူတာ အမှန်ပင် ဖြစ်ပါတယ်။ ။သူ့ဇာတိ သူ့နဂို အလိုလို ကျက်သရေ ရှိလာပြီဆိုမှုဖြင့် ဘယ်အခါမှာမှ အမင်္ဂလာ မဖြစ်နိုင်ဘူး ညိုညိုရဲ့၊ နို့တာဖြင့် အနွဲ့က လျှောက်တင်လိုတဲ့ အချက်တခုကို ခွင့်ပေးတော်မူပါ၊ ညိုညိုကိုယ်တော်တိုင် နိမိတ်ဘတ် တော်မူတဲ့အတိုင်း ဘုန်း၊ လက်ရုံး ပညာ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံတဲ့ သားတော်ရတနာ ကို ဘွားမြင်ခဲ့ပါလျှင် မိခင်ဖြစ်တဲ့ အနွဲ့ကို ဘယ်လိုများ မြှောက်စား ချီးမြှင့်တော် မူမှာလဲ ညိုညိုရဲ့'

ညို-

ဘုန်းလက်ရုံးပညာ၊ လက္ခဏာကြွန်အင်နှင့် ပြည့်စုံတဲ့သားတော် ရတနာတပါးကို ဘွား

မြင်ခဲ့ပါလျှင် မှူးမတ် ဗိုလ်ပုံတို့အလယ်မှာ ထင်ရှားစွာ ချီးကြူးပြီး မဟေသီ ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူမယ် အနှဲ့ရဲ့

နှဲ့-

'တင်စမ်းပါရစေအုံးဘုရား၊ တကယ်လို့ (စကားမဆုံးခင် မင်းကြီးညိုကဆက်ပြီး) အနှဲ့ရဲ့ စကား အရိပ်အဆင်ကို မတင်မီကပင် ရိပ်မိတော်မူပါပေ၊ သားတော်ရတနာတပါးကို ဘွား မြင်ပါမှ မဟေသီဘွဲ့ထူးဖြင့် ချီးကြူးတော်မူမည်မဟုတ်ပါ၊ အချိန်ကိုသာ ငံ့လင့်၍ နေတော်မူရပါတယ်၊ ဘုရင်ဖြစ်ပကောရယ်လို့ အရာရာတွင် ထင်တိုင်းမပြုသာဘဲ ထောက်စာရတဲ့ အချက်တွေကိုလဲ အများကြီးဘဲအနှဲ့ရဲ့၊ ဟို ငနွဲကုန်းဆိုတဲ့ တောမြို့ကလေးက မကြာမီပင် သိမ်းပိုက်တော်မူပြီး အရေးတကြီး မြှောက်ပင့်၍ မြင့်မြတ်တဲ့ မဟေသီရာထူးကို မပေးသာသေးဘူး။ မှူးမတ် ဗိုလ်ပါအများနှင့် မိဖုယား, မိဿံ, များကိုလဲ ထောက်ထားဘို့ ရှိပေသေးတယ်။ ။ ညိုညိုက လောကဓမ္မတာတခုကို မိန့်တော်မူချင်ပါတယ်၊ ပန်းပွင့် ကလေးများဟာ သူ့အချိန်အခါ အတိုင်း ပွင့်လန်းမှ ပန်းယန့်ဖြင့် ကြိုင်လှိုင်နိုင်ပါတယ်၊ သစ်သီးများဟာလဲ သူ့ဓမ္မတာ အလျောက် ရင့်မှည့်ခြင်းသို့ ရောက်မှ နှစ်သက်လောက်တဲ့ အရသာကို ပေးနိုင်ပါတယ်။ ။ အဲသည်ထုံးကို နမူနာထားပြီး မဟေသီဂုဏ်ထူး အလျှင်တော် မလိုပါနှင့်၊ ညိုညိုလဲ မှန်းရွယ်ပြီး အသင့်ပါဘဲ အနှဲ့ရဲ့'

ဤသို့ ပြောဆိုတော်မူရင်း မိုးလင်းသွားလေရာ မျက်နှာသစ်တော်ရေ ဆက်သော အမှုထမ်းများက စက်တော်ဆောင်၏ အပြင်ဘက်က၊ တူရိယာစုံ တီးမှုတ်ကြသည်နှင့် စကားလက်စကို ဖြတ်တော်မူလိုက်ရလေသည်။

နောက်တလကျော်လောက် ကြာရှိသောအခါ၊ ခင်ဦးဝမ်းဘိုက်မှာ ပဋိသန္ဓေရှိကြောင်း ထင်ရှားလာသဖြင့် မင်းကြီးသို့ လျှောက်တင်လေရာ လွန်စွာ ဝမ်းမြှောက်တော်မူလှသဖြင့် ပဋိသန္ဓေ အစောင့်အရှောက်များကို ပေးသနားတော်မူလေသည်။ ။ခင်ဦးထံပါးတွင်၊ အမြဲခစားရန် ဖြစ်သော အပျိုတော်များကိုလည်း၊ အသီးအခြား ခန့်ထားတော်မူသည်။

ပဋိသန္ဓေတည်နေလာသော သားတော်၏ဘုန်းသမ္ဘာကြီးမြင့်ကြောင့်၊ ရန်အပေါင်းတို့ကို အောင်မြင်စေကြောင်း၊ ဤနိမိတ်များကို ယူတော်မူပြီးလျှင်၊ ခင်ဦးအား "ရန်အောင်မြင်"မြို့နှင့် "ဇေယျသိန်"မြို့များကို ပေးသနားတော်မူသည်။ ။ခင်ဦးကို အဆောင် အသီးအခြား ပေးသနားတော်မူပြီးလျှင်၊ အနည်းအငယ်မျှ စိတ်ညှိုးငယ်ခြင်းမဖြစ်စေရအောင် အငြိမ့်တော်, အဆိုတော်,များနှင့်၊ တူရိယာ အမှုထမ်းများကိုလည်း ခင်ဦး၏အဆောင်တွင် အမြဲပင် အမှုထမ်းတော်မူစေ၏။

ခင်ဦး၏ အဆောင်တော် ပတ်ဝန်းကျင်တွင် မြင်တိုင်း နှစ်သက်ဘွယ် ရှိသော ပန်းပင် အမျိုးမျိုး၊ ပန်းရုံ, ပန်းချုံ အမျိုးမျိုးကို စိုက်ပျိုးတော်မူစေ၏။ နေ့စဉ်မပြတ် လတ်ဆတ်သော ပန်းအမျိုးမျိုးတို့ဖြင့် ခင်ဦး၏ အဆောင်မှာ ပန်းမွှေ့ရာ ခင်းတော်မူစေ၏။ ရုပ်ဆင်းအင်္ဂါ ညံ့သောသူ၊ အသံထွက် ဆိုးဝါးသော သူများကို ခင်ဦး၏ အဆောင်တော်အနီးအပါးသို့ မချဉ်း

ကပ်စေရဘဲ၊ အပျိုကညာစစ်သော သွီးကညာများကိုသာလျှင်၊ ခစားရန် ရွေးချယ်၍ပေးတော်မူသည်။

မင်းကျီးညိုလဲ ခင်ဦး၏ စိတ်နှလုံးကို ရွှင်ပြုံးစေလိုသော ဆန္ဒဖြင့် ကြာမျိုးစုံပွင့်သော လေးကျွန်းကန်တော်သို့ ခင်ဦးနှင့်အတူ မကြာမကြာ ထွက်စံတော်မူပြီးလျှင် ရေသဘင် ရှုစားတော်မူလေသည်။ ဤသို့ အထူးသဖြင့် ချီးမြှင့် ယုယတော်မူခြင်းကို ခံရသောကြောင့် ခင်ဦး၏ ကိုယ်စိတ်နှစ်ဖြာသည် နတ်ရွာတွင် စံလျက်ရှိသော နတ်သွီး၏အလားကဲ့သို့ ဆင်းရဲ ငြိုငြင်ခြင်းများကို အနည်းငယ်မျှ မတွေ့ကြုံရဘဲ၊ အေးမြချမ်းသာစွာ ရှိလေသတည်း။

## "ခင်ဦး၏ ချင်ခြင်းဖြစ်ပုံ"

ခင်ဦး၏ ဝမ်းတိုက်၌ ကိန်းပိုက်တည်နေသော ပဋိသန္ဓေ သုံးလခန့်ရှိသောအခါ၊ အလိုအလျောက် ချင်ခြင်း ပေါ်ပေါက်လာလေ၏။ "ချင်ခြင်း"ဆိုသော စကားမှာ ရှေးလူကြီးများ ပြောဆိုသော စကားဟောင်းဖြစ်လေသည်။ ဆိုလိုရင်းမှာ အာသာဆန္ဒ ဖြစ်ပေါ်လာသည်ဟု ဆိုလို၏။

ခင်ဦး၏ စိတ်ထဲတွင် ဟံသာဝတီနိုင်ငံတော်မှာ ရှိသော "မြေစေး"ကို စား၍ ပြည်မြို့ "နဝင်းချောင်း"က ရေအေးကို သောက်လိုသော ဆန္ဒ ဖြစ်ပေါ်လာလေသည်။

မည်သည့်အခါမှာမှ ဤသို့သောဆန္ဒမျိုး မဖြစ်ပေါ်ဘူးဘဲ၊ အထူး ဖြစ်ပေါ်လာသောအခါ ဟံသာဝတီက မြေစေးနှင့် ပြည်မြို့ နဝင်းချောင်းက ရေအေးဆိုတာ ဘာမျှ အရသာထူးခြားဘို့ မရှိပါဘူး၊ ဘာကြောင့် သို့ကလောက် စားချင်၊ သောက်ချင် ရှိပါလိမ့်မလဲ၊ ကိုယ့်အာသာဆန္ဒကို ဖော်ပြ၍ ပြောဆိုရန် အရေးမှာ တွေးမိတိုင်း ရှက်စရာပါကလား"ဟုခင်ဦးက စဉ်းစားပြီး မည်သူ့ကိုမျှ မိမိ၏ ချင်ခြင်းအာသာကို ထုတ်ဖော်၍မပြောဘဲ မျိုသိပ်၍သာ နေလေသည်။

ပဋိသန္ဓေ၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော ချင်ခြင်းဆိုသည်မှာ သူ့ဓမ္မတာအတိုင်း ပေါ်ပေါက်လာရသည် ဖြစ်သောကြောင့် စားလိုတိုင်း မစားရ သောက်လိုတဲ့အတိုင်းမသောက်ရပါလျှင် မည်သည့်နည်းနှင့်မှ ပျယ်ပျောက်နိုင်သော အလေ့မရှိချေ။

ခင်ဦးသည် တလတိုင်တိုင် မိမိ၏ ချင်ခြင်းအာသာကို ဘွင့်၍မပြောဘဲ၊ တတ်စွမ်းသမျှ ဖြေဖျောက်၍နေရာ အာသာမပျယ်နိုင်ဘဲ တိုး၍တိုး၍သာ စားလို သောက်လိုသောဆန္ဒ ဖြစ်ပေါ်လာလေ၏။ ထိုချင်ခြင်းအာသာ၏ ဘိစီးမှုကြောင့် အလွန် မြိန်ရှက်လှစွာသော ပွဲတော်စာများကိုမျှ တည်တော်မမူနိုင်ဘဲ၊ ညဉ့်အခါ၌ရာ သလွန်ထက်မှာ စက်၍မပျော်နိုင်ဘဲ တလူးလူး တလဲလဲပင် စံတော်မူရလေသည်။

အမြဲခစားလျက်ရှိသော အပျိုတော်များက ရှေးကလို ပွဲတော်မတည်နိုင်၊ ရှေးကလို စက်တော်မခေါ်နိုင်ကြောင်းကို သိကြသဖြင့် လျှောက်တင်ကြရာ ခင်ဦးကလဲ မည်သို့မျှ မိန့်

တော်မမူခင် "သွေးလေ-ချောက်ခြားတဲ့အတွက် ခေတ်လေးပါး သိသိပျက်လို့ မေ့စက်မပျော် စားတော်မမြိန်ကြောင်း"ကိုသာ မိန့်တော်မူလေသည်။

ဟံသာဝတီမှာလည်း တလိုင်းဘုရင်အုပ်စိုး၍ သီရိခေတ္တရာ ပြည်မြို့မှာလည်း ပြည်ဘုရင် အုပ်စိုးလျက်ရှိရာ မိမိအာသာရှိ၍နေသော မြေစေးနှင့် နဝင်းရေတို့မှာ လွန်စွာရနိုင်ရန် ခက်ခဲ ကြောင်းကို ခင်ဦးက သိသဖြင့် မင်းကျီးညိုအား အပိုတာဝန် မများစေ၍ စိတ်နှလုံး နောက် တော်မူမည့်အရေးကို တွေးမိသည့်အတွက် မိမိ၏ချင်ခြင်းအာသာကို မည်သူအားမျှ ပြောကြား ရန် မပြုတော့ပြီဟု ဆုံးဖြတ်ချက်ချ၍ ထားလေသည်။

မင်းကျီးညိုသည် တညဉ့်သောအခါ ခင်ဦး၏အဆောင်တော်သို့ ကူးတော်မူလာသည်တွင် ခင်ဦး၏ ပုံပန်းအမူအရာကို ရှုတော်မူပြီး "အနှဲ့ရယ် မျက်နှာတော်လေးများ တနေ့တခြား နွမ်း လျှပြီး မချမ်းမြတဲ့အမူပုံ ပေါ်လုချည်ကလား၊ သိမ်းပိုက်တော်မူဦးစ အခါ ပွင့်ကာစ ဖြစ်တဲ့ သဇင်ပန်းကဲ့ လန်းဆန်းလတ်ဆတ်လှပါတယ်၊ ယခု ရှုမြင်တော်မူရသည်မှာ နေခသော သဇင် ခိုင်၊ နွမ်းယိုင်၍ ခွေသလို ရွှေကိုယ်ကလေး နွဲ့သွယ်သွယ်မှာ ဘယ့်နှယ်ကြောင့် ညှိုးတော်မူရတာလဲ အနှဲ့ရဲ့"ဟု မေးမြန်းတော်မူလေသည်။

ခင်ဦး-

တစုံတရာ အကြောင်းထူးမရှိပါ ညီညို၊ ကိုယ်ဆိုတဲ့ ခန္ဓာဟာ အခါတိုင်း ကျန်းမာ ရွှင် လန်း၍ ပွင့်သ စ်စ ပန်းကဲ့သို့ လန်းလန်းဆန်းဆန်းမရှိပါ၊ ခေတ်လေးပါး ဆိုတဲ့ ရုပ်များဟာလဲ သင်္ခါရစရိုက်နှင့် အထိုက်အလိုက် ဖြစ်ပျက်ချုပ်လျော၍ ရုပ်သဘောအတိုင်း ပြောင်းလဲ၍ နေ ကြတာပါကို အမြဲတန်းကျမ်းမာလို့ နေရအောင် ဘယ်သူစွမ်းဆောင်နိုင်မလဲဘုရား။ အစိုးမရတဲ့ သဘောတရားကို ဘုရားရှင်သော်မှ အောင်မြင်တော်မူမြဲ မရှိပါဘုရား။

ညီညို-

အို-သည်လို တရားသဘောတွေကို မတင်စမ်းပါနှင့် ရွှင်လန်းကျန်းမာခြင်းဆိုတာ ပြုပြင် နိုင်တဲ့ အရာမျိုးဖြစ်ပါတယ်။ ညီညို့ အထင်မှာဖြင့် စိတ်မရွှင်တဲ့သောကကြောင့် နွမ်းလျှညှိုးကြုံပြီး အမူတော် ပုံပျက်ယွင်းတယ်လို့ ထင်တော်မူတာပါဘဲ၊ မှန်တဲ့အတိုင်းတင်စမ်းပါ အနှဲ့မချမ်းသာ လျှင် ညီညိုမှာ ရွှင်လန်းနိုင်အုံးတော့မှာလား။

နှဲ့-

ဗျာပါသောကနှင့် နွမ်းလျှတို့ အချက်မရှိပါညီညို၊ ကြားရတိုင်း နားချမ်းသာပြီး မြင် မြင်ရာရာမှာ သုခတိုးသဖြင့် အမျိုးမျိုးစည်းစိမ်တက်နေတာပါကိုဘယ်အတွက်နှင့် သောကဖြစ် နိုင်ပမလဲဘုရား၊ ခေတ်လေးဖြာ ချောက်ခြားလို့ အသွေးအသား သိသိလျော့ပြီး ဖျော့တော့ တော့ ဖြစ်နေတာပါ ညီညို၊ ဘယ်လိုမှ အထင်လွဲတော်မမူပါနှင့်ဘုရား။

ညို-

တခုမေးတော်မူစမ်းပါရစေ အနှဲ့ရယ်၊ မထိန်မချန်ပါနှင့်၊ မှန်တဲ့အတိုင်း တင်စမ်းပါ၊ ဟို-ယခင်ကတော့ အနှဲ့ကို ညီညို့ရဲ့ အဆောင်မှာထားပြီး အတူစံစားတော်မူစေပါတယ်၊ ယခု

တော့ အနှဲ့မှာ ဓမ္မတာအလိုက် နှုတ်ပိတ်သန္ဒေတော်ရှိလို့ လူးလူး၊ လွန့်လွန့်၊ ဝံ့ဝံ့၊ စားစား၊ ရံရွေ တော်များနှင့် အလိုရှိသမျှ စံစားပါစေတော့လို့ အဆောင်သီးခြား ထားလိုက်ပါတယ်၊ သည် အရေးကို တွေးလို့ ညှိုးငယ်တော်မူသလား အနှဲ့ရဲ့။

ခင်ဦးက ပြုံးပြီး-

အို-ညိုညိုကလဲ မေးတော်မူရန် မဟုတ်တဲ့အရေးကို မေးမြန်းတော်မူပြန်ပါပြီ၊ အနှဲ့ဟာ သည်လိုအရာမှာ လွန်စွာ သဘောကြီးတယ်လို့ ယုံမှတ်တော်မူပါ။ မေးတော်မူတဲ့အတွက်ပါ ရှက်တဲ့စိတ်များ ပေါ်ပေါက်လာပါတယ်ဘုရား။

ညို-

အို-ရှက်တော်မူဘို့ မဟုတ်ပါဘူး၊ တွေးမိတွေးရာ တွေးပြီး မေးမိမေးရာ မေးတော်မူလိုက် တာပါ။ ဒါဖြင့် ညိုညို့မှာ မတွေးတတ်အောင် ရှိနေတော့တာဘဲ၊ မပြည့်စုံတဲ့အလိုဆန္ဒရှိလျှင် ပြည့်စုံအောင် စွမ်းနိုင်တဲ့အကြောင်းကို အနှဲ့လဲ သိတော်မူတယ်မဟုတ်လား၊ မျှသိပ်၍ မထား ပါနှင့် လိုအင်ဆန္ဒရှိများရှိလျှင် တင်စမ်းပါ၊ အနှဲ့က မျက်နှာညှိုးလျှင် တန်ခိုးမြင့်တဲ့ ညိုညိုမှာ အလိုလိုချောက်ခန်း၍ အနှမ်းကြီး နှမ်းတော်မူရလိမ့်မယ် အနှဲ့။

(ထိုအခါ အပျိုတော်ကလေးများက လျှောက်တင်ကြသည်မှာ-)

ထိပ်ခေါင်မ ဘုရားကလေးမှာ ရွှေစိတ်တော် မသာတဲ့အချက်တခု ရှိလိမ့်မယ်လို့ ထင်ပါ ကြောင်းပါဘုရား၊ ပွဲတော်တည်ရာမှာ ရှေးအခါကဲ့သို့ မြိန်ရှက်စွာ တည်တော်မမူနိုင်ပါ၊ပွဲတော် စာများလဲလျော့ပါးပါသည်၊ ညဉ့်အခါ စက်တော်မူပါသော်လဲ သလွန်တော်ထက်မှာ တလွန့် လွန့်သာ စံတော်မူပါတယ်ဘုရား၊ ဘုရားကျွန်မများက တင်ကြသော်လဲ မြွက်ဟတော်မမူပါ၊ သိအောင် မေးမြန်းတော်မမူပါဘုရား။

ထိုစကားကိုကြားရာ မင်းကျီးညိုက

ဟော- အပျိုတော်ကလေးများပင် သံတော်ဦး တင်ကုန်ကြပြီ၊ မမျှသိပ်ပါနှင့် အနှဲ့ရယ်၊ လွယ်လွယ်ကလေးနှင့် ဘွင့်လို့တင်တော်မူစမ်းပါ။

ဤသို့အကြိမ်ကြိမ် မေးမြန်းတော်မူသောအခါ ခေတ္တစဉ်းစားပြီး ရှက်ဟန်ပါ အမူတော် နှင့် "ညိုညိုက မေးတော်မူလွန်းမက မေးတော်မူလွန်းလို့ရှိမှဖြင့် အာသာဆန္ဒကို ဘွင့်၍တင်ရဘို့ ရှိပါတော့သည်ဘုရား။

မင်းကျီးညိုက ဝမ်းမြောက်တော်မူသဖြင့်-

အဲ- မျှသိပ်လို့ထားရတာ ဘယ်လောက်ကြာပလဲ အမြန်တင်စမ်းပါ၊ အာသာဆန္ဒကို ဖြည့်တော်မူလိုလှပါပေါ့။

ခင်ဦး-

တင်ရမဲ့အရေးကလဲ တွေးမိလျှင် ရှက်ဘို့ပါဘုရား၊ အရေးမကြီးဘဲနှင့် ခက်ခဲတဲ့အာသာ ဆန္ဒပါညိုညို။

ညို-

အို-ဘယ်လိုဘဲခက်ခက် ကောင်းကင်ထက်မှာရှိတဲ့ ကြယ်ကိုပင်အလွယ်နှင့် ဆောင်ယူလို့ ပေးနိုင်တဲ့ ညိုညိုပါ၊ ဆိုင်းလင့်တော်မမူပါနှင့် မြန်စွာတင်စမ်းပါ အနွဲ့ရဲ့။

ခင်ဦး-

အာသာဆန္ဒက သည်လိုပါဘုရား၊ ဟံသာဝတီမှာရှိတဲ့ မြေးစေးကိုစား၍ သီရိခေတ္တရာ ပြည်မြို့မှာရှိတဲ့ နဝင်းချောင်းက ရေးအေးကို သောက်လိုတဲ့ ဆန္ဒပါဘုရား။

(တင်ချက်ကိုကြားရာ မင်းကျီးညိုက အသံထွက်အောင် ရယ်တော်မူပြီး)

ဖြစ်မှဖြစ်ရပလေ အနွဲ့ရယ်၊ ဘဲ့နှယ်ကြောင့် မြို့ထားရတာလဲ၊ သည်လိုဖြစ်ပေါ်တဲ့ဆန္ဒ ဟာ ဘယ့်ကလောက် ကြာသွားပလဲ။

ခင်ဦး-

သုံးလကျော်ကျော်လောက် ရှိသွားပါပြီဘုရား။

ညို-

အို-အချိန်တွေ လွန်မှ, လွန်ရပလေတယ် အနွဲ့ရယ်၊ ကိုယ်ရပ်ညှိုးနွမ်းအောင် အပင်အပန်း ခံပြီး သို့က၊ လာက်ကြာအောင် ဘာကြောင့်မျိုးသိပ်လို့ ထားတော်မူရတာတုံး။

ခင်ဦး-

မြေစေးနှင့် ရေအေးကို စားချင်, သောက်ချင်, တယ်ဆိုတာမတန်မရာ ပေါက်ပေါက်, ရှာရှာ,အရေးမို့ တွေးမိတိုင်းရှက်သဖြင့်သိုဝှက်မျိုသိပ်လို့ ထားရပါတယ်ညိုညို၊ထို့ပြင်လဲဟံသာဝတီ နှင့်ပြည်မြို့ဆိုတာ ညိုညိုရဲ့ နိုင်ငံတော်မဟုတ်တဲ့အတွက် အခက်အခဲကြုံပြီး အာရုံတော်ရှုတ်ထွေး ၍ ဒုက္ခပေးသလို ရှိမှာစိုးတဲ့အတွက် သိုဝှက်မျိုးသိပ် ထားရခြင်းပါဘုရား။

(ထိုအခါမင်းကျီးညိုက လက်သုံးတော် ဓါးကိုဝင့်ပြီး ရာဇမာန်ဖြင့် မိန့်တော်မူသည်မှာ)

ဇမ္ဗူဒီပါကျွန်းလကျ်ာမှာ ဘယ်ရာဇာ ဘယ်မင်းက မာန်တင်းလို့ ခံနိုင်မလဲ သရေခေတ္တရာ နှင့် ဟံသာဝတီဆိုတဲ့ တိုင်းခရိုင်ကို မပိုင်လို့သေးတဲ့ တွက်တာကြောင့် ညှာတာချင်းချန်၍ထား ရတယ်၊ကိုယ်တော်လက်ရုံး သမ္ဘာဘုန်းဖြင့် ခြေမှုန်းတော် မူရပါလျှင် မကြာခင်စက်စုံအောက်သို့ လွယ်လွယ်နှင့် ရောက်ရလိမ့်မယ်။ ဟံသာဝတီက မြေစေးနှင့် ပြည်မြို့က နဝင်းရေလိုဟာကို မဆိုထားနှင့် နဂါးပြည်မှာရှိတဲ့ အရုဏဝတီမြေနှင့် တောင်မေရု ထိပ်ဖွေက နတ်ရေစင် ကသစ် ပန်းကိုပင် အစွမ်းနှင့်ယူဆောင်တော် မူနိုင်ပါတယ် အလွန်လွယ်တဲ့အရေးကို တွေးလို့စိုးရိမ်တော် မမူပါနှင့် ပျော်ပျော်စံပါ အနွဲ့ရဲ့အာသာကို မကြာမှီ ပြည့်စုံတော်မူပါစေ့မယ်။

ဤသို့ မိန့်တော်မူပြီးလျှင် လက်သုံးတော် ဓါးကိုကိုင်ခါ ခင်ဦးအဆောင်မှ မင်းကျီးညို ထွက်သွားလေ၏။

နောက်တနေ့ နံနက် မှူးမတ်သေနာပတိမှစ၍ စုံညီစွာ ညီလာခံကြသောအခါ မင်းကျီးညိုသည် ခင်ဦး၏ အာသာဆန္ဒကို ပြည့်ဝစေလိုသော သဘောတခုကိုသာ မျှော်ရှုထောက်ထားတော်မူပြီး လက်သုံးတော်ဓါးကိုကိုင်ကာ ရာဇမာန်ဖြင့် ဤသို့ မိန့်တော်မူလေသည်။

ယခုအခါ ငါ၏ ဘုန်းလက်ရုံး တေဇာဖြင့် တောင်ငူ နိုင်ငံတော်ကြီးကို အသီးအခြား တည်ထောင်တော်မူခဲ့သည်မှာ ကောင်းစွာ ထမြောက် အောင်မြင်ခဲ့ပြီ၊ ရှေ့သို့ တိုးချဲ့၍ တည်ထောင်ကာ အာဏာတန်ခိုးဖြန့် စိုးမိုးတော်မူရမည်မှာ ဟံသာဝတီ သီရိခေတ္တရာနှင့် အင်းဝနိုင်ငံများဖြစ်လေသည်။ ထိုသုံးနိုင်ငံအနက် အင်းဝနိုင်ငံမှာ ယခုအခါ ရှမ်းတို့၏ ဘေးရန်ဖြင့် ပူပန်ညှိုးနွမ်းလျက်ရှိသဖြင့် များစွာ အရေးမယူသာသေး။ ပြည်နှင့် ဟံသာဝတီတို့မှာသူတို့ဆိုင်ရာဖြစ်သော ဘုန်းလက်ရုံးကို အားကိုး၍ တန်ခိုးအစွမ်း ပြလိုသောဆန္ဒရှိကြောင်းကို ကြားသိတော်မူရသည်။ ဟံသာဝတီနှင့်ပြည်ကိုသာ အောင်မြင်တော်မူပါလျှင် အထက်အင်းဝ နိုင်ငံတော်မှာ လွယ်စွာနှင့် အလိုတော် ပြည့်ရမည်သာ ဖြစ်လေသည်။ သို့အတွက်ကြောင့် ဟံသာဝတီသို့ စစ်တကြောင်း၊ ပြည်သို့ စစ်တကြောင်း၊ ဗိုလ်ပါဆင်မြင်းပေါင်းများစွာနှင့် ချီတက် တိုက်ခိုက်တော်မူလိုသည်၊ မှူးမတ်များက အရေးမြင်သမျှ လျှောက်တင်ကြစေ။

ဤသို့ ရုတ်တရက် အမိန့်တော်ရှိသော် မှူးမတ်သေနာပတိများလည်း အံ့အားသင့်စွာနှင့် "ဤမျှလောက် ကြီးကျယ်သော အကြံကြီးကို မည်သည့် အတွက်ကြောင့် ရုတ်တရက် အလျှင်တဆော မိန့်တော်မူပါလိမ့်မလဲ"ဟု စဉ်းစားကာ မည်သို့မျှမလျှောက်ဘဲ ငုံ၍သာ ခစားနေကြလေသည်၊ ဤသို့ မလျှောက်ဘဲ ဆိတ်ဆိတ်နေကြသောအခါ မင်းကျီးညိုနှင့် လွန်စွာအကျွမ်းဝင်၍ အတင်အလျှောက် ရဲဝံ့သော မင်းကြီး စည်သူကျော်ထင်က တင်လျှောက်သည်မှာ "ဟံသာဝတီနှင့်ပြည်သို့ စစ်နှစ်ကြောင်း တပြိုင်နက်ချီတက်ရန်အရေးမှာ လျင်မြန်စွာသင့်လျော်သေးမည်မထင်ပါ၊ ဟံသာဝတီမှာစိုးစံသော တလိုင်းဗညားရံမှာ ယခုအခါ ဗိုလ်ပါအင်အားများပြားပြည့်နှက်ကြောင်း စစ်ရေးစစ်ရာကို များစွာ အရေးယူ၍ ပြင်ဆင်ကြောင်းများကို ကြားသိရပါသည်။ ပြည်မြို့သည်ကား ဟံသာဝတီမှာကဲ့သို့ အင်အားမပြည့်စုံပါ၊ ရှေးဦးစွာ ပြည်မြို့ကိုလုပ်ကြံပြီးမှ နောက်တဘန် ဟံသာဝတီကိုလုပ်ကြံရန် သင့်လျော်မည်ထင်ပါကြောင်းပါဘုရား"။

ဤသို့လျှောက်... ရာ မင်းကျီးညိုက "အခြားမှူးမတ်များက ဘယ်လို ထင်မြင်ကြသလဲ" ဟု မေးတော်မူပြန်သည်တွင် စည်သူကျော်ထင်၏ လျှောက်ချက်အတိုင်းပင် ထင်မြင်ကြောင်းနှင့် လျှောက်တင်ကြလေသည်။

(မင်းကျီးညိုက ဟံသာဝတီနှင့်ပြည်ကို တပြိုင်နက် တိုက်ခိုက်လိုသောစိတ် ဖြစ်ပေါ်ခြင်းမှာ တိုင်းရေးပြည်ရေးနှင့် ဆိုင်သော စိတ်တော်မဟုတ်ချေ၊ ဟံသာဝတီက မြေစေးနှင့် ပြည်မြို့နဝင်းရေကိုယူ၍ ခင်ဦး အလိုဆန္ဒကို ပြည့်ဝစေလိုသော မိဖုယားအရေး ဖြစ်လေသည်)

ထိုသို့ လျှောက်တင်ကြသောအခါ အာသာတော်မပြည့်စုံသည်နှင့် 'မှူးမတ်များက ကိုယ်ပိုင်ဖြစ်တဲ့ တောင်ငူလက်ရုံးကို မယုံကြည်ကြလို့လား၊ ယခုအခါ တောင်ငူလက်ရုံးသည် အပြည့်စုံဆုံးပင် မဟုတ်လား၊ ငါ့ဘုန်းလက်ရုံးဖြင့် လုပ်ကြံတော်မူခဲ့သမျှမှာ ဘယ်အခါမှာမှ စစ်ရေးတော်

ညိုတယ်လို့ မရှိခဲ့ဘူးကြောင်းကိုလဲ မှူးမတ်အပေါင်းတို့ အသိပင်ဖြစ်တော့သည်၊ ငါ၏ဘုန်းဂုဏ်ကို ယုံကြည်ကြပြီ မဟုတ်လား။ ယနေ့တရက် စဉ်းစားခွင့်ပေးဦးမည်၊ မတောင်ငူအင်အားကို သေချာစွာ စစ်ကြောစုံစမ်း၍ နက်ဖြန်နံနက်အခါ သည်အရေးအရာကို ခြားနားစွာ လျှောက်တင်ကြရမည်။ ဤသို့ မိန့်တော်မူပြီးလျှင် အတွင်းတော်သို့ ဝင်တော်မူလေ၏။

မှူးမတ်သေနာပတိ အပေါင်းတို့လည်း ခေါင်းချင်းဆိုင်ကြပြီးလျှင် 'ယနေ့ညီလာခံတွင် ဘုရင်မင်းမြတ် မိန့်တော်မူပုံဟာ လွန်စွာ ထူးခြားတယ်၊ တောင်ငူအင်အားကို နှစ်ဖြာခွဲ၍ ပြည်နှင့် ဟံသာဝတီသို့ အလိုတော်အတိုင်း တပြိုင်နက် ချီတက်တိုက်ခိုက်ပါလျှင် အောင်မြင်နိုင်ဘွယ်ရာ အကြောင်းမရှိတဲ့ပြင် တည်ထောင်ပြီးသော ကေတုမတီ နိုင်ငံကြီးပင် ပျက်စီးဘို့အကြောင်း ရှိနေတယ်၊ ယခုမိန့်တော်မူခြင်းမှာ လွန်စွာ ထူးဆန်းလှသဖြင့် အကြောင်းထူးရှိတယ်လို့ တွေးတောရန်ရှိတယ်' ဤကဲ့သို့ ပြောဆိုတိုင်ပင်ကြရာ မင်းကြီး စည်သူကျော်ထင်က 'ဘုရင်မင်းမြတ်ဟာ စစ်ရေး,စစ်ရာ မှာ သည်ကဲ့သို့ အရေးတကြီး စူးစမ်းတော်မမူဘဲ မိန့်တော်မူလေ့ မရှိဘူး၊ ကျွန်ုပ်လျှောက်တ ဲတဲ့ အချက်ကိုလဲ နှစ်သက်တော် မူပုံမပေါ်၊ ယခုသဘောတော် အလိုမှာတော့ ဟံသာဝတီနှင့် ပြည်သို့ စစ်နှစ်ကြောင်း တပြိုင်နက် မချီရလျှင် ကျေနပ်တော်မူမဲ့ လက္ခဏာ မဟုတ်ပေဘူး၊ လောကုတ္တရာ ဆရာတော်ဘုရားကို လျှောက်ထားပြီး အမှားတော်ပုံ မဖြစ်ရအောင် စီမံကြမှသင့်တော့မယ်' ဤသို့ပြောဆိုရာ မှူးမတ်ပေါင်း များစွာတို့က သဘောကြိုက်ညီကြသဖြင့် စည်သူကျော်ထင်ဘည် ထိုနေ့မှာပင် လောကုတ္တရာဆရာတော် ဘုရားထံသို့ သွားရောက်၍ အကြောင်းမျိုးစုံကို လျှောက်ထားလေ၏။

လောကုတ္တရာ ဆရာတော်လည်း 'မင်းကြီးက သည်ကဲ့သို့သော အလိုဆန္ဒရှိတော်မူရိုးမှန်ပါလျှင် တည်ထောင်ခါစဖြစ်သော ကေတုမတီ တောင်ငူနိုင်ငံကြီးသည် စီးပွားတိုးတက်ခြင်း မရှိခင် အလျင်တဆော ပျက်စီးဘို့သာ ရှိတော့မှာဘဲ၊ ဟံသာဝတီ သီရိခေတ္တရာနှင့်တကွ အင်းဝနိုင်ငံတော်လည်း အညွန့်, အတက်, ပေါ်ထွက်၍လာသော ကေတုမတီ လက်ရုံးကိုပျက်ပြုန်းစေလိုတဲ့ ဆန္ဒများဖြစ်နေရာ နိုင်ငံနှစ်ခုနှင့် တပြိုင်နက် စစ်ဖြစ်ရမည်ဆိုပါလျှင် လွန်စွာ ကြီးကျယ်တဲ့ အမှားကြီးနှင့် တွေ့တော့မှာ အမှန်ဘဲ၊ ငါကိုယ်တော်တိုင် နန်းတော်သို့ ကြွ၍ အရေးရှိသမျှ လမ်းပြသွေးဆောင်၍ မမှားအောင် စီမံတော်မူရမဲ့ အရေးကြုံနေပြီ' ဤသို့မိန့်တော်မူပြီးလျှင် လောကုတ္တရာ ဆရာတော်လည်း လျင်မြန်စွာ နန်းတော်သို့ ကြွလာတော်မူလေ၏။

မင်းကျီးညိုလည်း လောကုတ္တရာ ဆရာတော် ကြွရောက်လာသည်တွင် ကြည်လင် ဝမ်းမြောက်ဘွယ် စကားများကို လျှောက်ထားတော်မူလေသည်။

အလ္လာပ, သလ္လာပ, စကားများကို အတန်ကြာ ပြောကြား မိန့်ဆိုတော်မူပြီးနောက် လောကုတ္တရာ ဆရာတော်က မေးမြန်းတော်မူသည်မှာ 'ယနေ့နံနက် ညီလာခံမှာ ဒါယကာမင်းမြတ်က မှူးမတ် အပေါင်းတို့အား ပြည်နှင့်, ဟံသာဝတီသို့ စစ်နှစ်ကြောင်းတပြိုင်နက် ချီ၍မကြာမီတိုက်ခိုက်စေရန် မိန့်တော်မူသည် ဆိုသော စကားဟာ အမှန်ဘဲလား'ဟု မေးတော်မူသည်။

တာဝန်ပင် ဖြစ်တော့သည်။ ။ဆရာတော်၏ တာဝန်မှာ ဝိနည်းဒေသနာနှင့် မဆန့်ကျင်ပါလျှင် ထင်မြင်ချက် ပေါ်တဲ့အတိုင်း အကျိုးတော်ရှိအောင် ရွက်ဆောင်ဘို့ပေါ့'

ဤသို့ မိန့်တော်မူသောအခါ မင်းကျီးညိုက-

'ဆရာတော်ကိုဖြင့် ဘွင့်၍ လျှောက်ရတော့မှာဘဲ ဘုရား၊ အကြောင်းက သည်လိုပါ ဘုရား၊ ငနွဲ့ကုန်းမြို့က သိမ်းတော်မူခဲ့တဲ့ သွီးကညာ ရတနာခင်ဦးမှာ လောကဓမ္မတာ နှုတ်ပိုက်သန္ဓေ တည်လာရာ သုံးလကျော်ကျော်လောက် ကြာတဲ့အခါ အာသာဆန္ဒ နှစ်မျိုးဖြစ်ပေါ်လာပါသည် ဘုရား'

ဆရာတော်-

'အင်း-သည်လိုအခါ မိန်းမများမှာ ချင်ခြင်းအာသာ ဖြစ်လေ့ ရှိကြတယ် တကာတော်၊ ရှေးရှေး ကောက်ကိုကျမ်းဟောင်း, ပိဋကတ် ကျမ်းဟောင်းတို့မှာလဲ ဘုန်းရှိတဲ့ မိဖုယားအပေါင်းတို့ သားကောင်း ရတနာအတွက် ချင်ခြင်းအာသာ ဖြစ်လေ့ရှိကြတယ်၊ ခင်ဦး၏ ချင်ခြင်းအာသာကို ထင်လျှားစွာ လျှောက်စမ်းပါအုံး'

ဘုရင်-

'ခင်ဦး၌ တည်သော နှုတ်ပိုက် သန္ဓေတော်ဟာ လွန်စွာ ထူးဆန်းလှပါသည် ဘုရား၊ မချင်းမချန် လျှောက်ထားရပါတော့မယ်၊ သန္ဓေတော် တည်ဦးစဉ်အခါမှာ ကောင်းကင်က နေမင်းသည် ခင်ဦး၏ ဝမ်းကြာတိုက် အတွင်းသို့ သက်ဆင်း၍ ဝင်ရောက်လာကြောင်းကိုလဲ ခင်ဦးကိုယ်ကိုင် အိမ်မက် မြင်ပါသည် ဘုရား၊နှုတ်ပိုက် သန္ဓေတော် သုံးလ ကျော်ကျော်လောက် ရှိတော့ ခင်ဦး၏ စိတ်ထဲမှာ ဟံသာဝတီက မြေစေးကိုစား၍ ပြည်မြို့ နဝင်းချောင်းက ရေအေးကို သောက်လိုတဲ့ သာယာ လွန်စွာစွဲလမ်း၍ နေပါသည် ဆရာတော်'

ဆရာတော်က အလွန် ဝမ်းမြောက်သော အမူအရာနှင့်-

ဩော်- အလွန်ကြီးကျယ်တဲ့ ပုဗ္ဗနိမိတ်ကြီးတွေ ပါကလား ဝမ်းတိုက်တွင်းသို့ နေမင်း ဝင်ရောက်လာတယ်လို့ မြင်မက်တဲ့ အိမ်မက်အလိုမှာ ဘွားမြင်လတ္တံ့သော သားတော် ရတနာသည် နေရောင် လျှံဝါကဲ့သို့ ဘုန်းသမ္ဘာ ပွင့်လိမ့်မယ်၊ဖလ်ဝါ နေမင်း၏ ပြင်းထန်း ထက်မျက်သော အရှိန်အစော်ကဲ့သို့ သားတော်၏ ဘုန်းသမ္ဘာသည် လွန်စွာ ထက်မျက်လိမ့်မယ် နေမင်းကို ဘက်ပြိုင်ခြင်းငှါ မစွမ်းနိုင်ကြသလို၊ တကာတော် မင်းတရား၏ သားတော်မြတ် ရတနာသည် ဗျူဟာသေနင် စစ်အင် ခင်းကျင်း၍ အမင်းမင်းတို့နှင့် ပြိုင်ဆိုင် စစ်ထိုးကြသော အခါ၊ ဘယ်ရာဇာ, ဘယ်မင်းမှ, ရန်တင်းခုခံ့ဝံ့မည် မဟုတ်ဘဲ အောင်ပွဲဖြင့် ဆက်သကြရလိမ့်မယ်။

ယခု-ခင်ဦး၏ ချင်ခြင်းအာသာ၏ အလိုမှာတော့ သားတော်မြတ် ရတနာသည် ဟံသာဝတီနှင့် ပြည်ကို ရှေးဦးစွာပိုင်စိုး၍ ဘုန်းတန်ခိုးကြီးကျယ်ကြောင်း နိမိတ်ပင် အမှန် ဖြစ်တော့သည်။ ။ဟံသာဝတီနှင့်ပြည်ကို ပိုင်စိုးအုပ်ချုပ်၍ ကေရာဇ်မင်းပြုလုပ်သောအခါ နိုင်ငံတကာက သွီးကညာ ပဏ္ဏာလက်ဆောင် အမျိုးမျိုးတို့နှင့် တိုးလျှိုးခစား၍ မင်းအများ ကျိန်ခံကြလိမ့်မယ်။

တကာတော် မင်းတရားကြီး၏ လက်ထက်တော်မှာ ဟံသာဝတီနှင့် ပြည်ကို မလုပ်ကြံနှင့် သွားတော်၏တာဝန် ဖြစ်ပေတယ်။

ယခု တည်ထောင်တော်မူတဲ့ ကေတုမတီ မြို့တော်ကြီးမှာ နာဂရာဇာဖြစ်သော ဗုဒ္ဓဟူး သား မင်းသုံးပါး ဆက်လက်၍ ဘုန်းတန်ခိုး ကြီးကျယ်စွာ ထွန်းကားအံ့သော အကြောင်းကို ပညာရှိအပေါင်းတို့ တိတ်,နိမိတ်,ဘတ်ကြားကြတဲ့အတိုင်း ခင်ဦး၏ နှုတ်ပိုက်သန္ဓေသည် ဗုဒ္ဓဟူး နေ့မှာ ဘုန်းကြန်အင်လက္ခဏာနှင့် သားကောင်းရတနာ အမှန် ဘွားမြင်ပေလိမ့်မယ်။

ခင်ဦး၏ ချင်ခြင်းအာသာကို ပြေအောင် မြေနှင့်ရေကို ဆောင်ယူဘို့ အချက်မှာတော့ ခဲခက်သည် မဟုတ်ပါ "အပ်နှင့်ထွင်း၍ ဖြစ်လောက်သည့်အရာကို ပေါက်ဆိန်ဖြင့် မပေါက်သာ ဆိုတဲ့ စကားအတိုင်း မြေနှင့်ရေအတွက် စစ်ဘက်ရမည့်အရေး မဟုတ်ပါ၊ တကာတော်၏ ရဲ မက်အပေါင်းတို့တွင် လက်ရုံးကောင်းတဲ့ သူတွေလဲ အများကြီး အရှိသားကဘဲ၊ စွမ်းအားရှိတဲ့ သူရဲကောင်းများကို ရွေးချယ်ပြီး အလွယ်တကူ မြေနှင့်ရေကို ယူစေဘို့မျှသာ ဖြစ်ပါတယ် တကာတော်။

ဤသို့ မိန့်ဆိုတော်မူသောအခါ မင်းကျီးညိုလည်း လွန်စွာနှစ်သက် အားရတော်မူသည်။ ဆရာတော်လည်း အကြောင်းစုံလင်စွာ မိန့်ကြားတော်မူပြီးလျှင် နန်းတော်မှ ထွက်ကြွတော်မူလာ ခဲ့လေ၏။

နန်းတော်တံခါး အထွက်တွင် စည်သူကျော်ထင်နှင့် တွေ့လေရာ ဆရာတော်က ဘုရင် မင်းမြတ်နှင့် ပြောဆိုခဲ့ရသော အကြောင်းအလုံးစုံကို အကုန် ပြန်ပြောလေလျှင် စည်သူ-ကျော် ထင်က "အရှင် ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့်သာ တောင်ငူ နိုင်ငံတော်ကြီး မပျက် မစီးဘဲ တည်တန့်ရပါတော့သည် ဘုရား၊ အလိုရှိတော်မူသော မြေနှင့်ရေကို အလွယ်တကူပင် ဆောင်ယူဆက်သပါမည်"ဟု လျှောက်ထားလေ၏၊ ကောကုတ္တရာ ဆရာတော်လည်း ကျောင်း သို့ ပြန်ကြွတော်မူလေသည်။

ထိုနောက် စည်သူ-ကျော်ထင်လည်း ဘုရင့်အထံသို့ ဝင်ရောက် ခစားပြီးလျှင် ဘုရင်၏ စိတ်နှလုံးကို ပြုံးရွှင်၍ နှစ်ချိက်စွာ ရှိလေအောင် လျှောက်တင်သည်မှာ လောကုတ္တရာ ဆရာ တော်ဘုရားနှင့် တွေ့ရသဖြင့် ကျွန်တော်မျိုးမှာ လွန်စွာအားတက်ခြင်း ဖြစ်ရပါသည်ဘုရား။ ။ တည်တော်မူသော ကေတုမတီ နိုင်ငံကြီးမှာ ထီးညွန့်,နန်းညွှာက်, ပေါ်ပေါက် ထွန်းကား၍ ဘုရားကျွန်တော်များ၏ အားကိုးရာသခင်ကို လိုလားတောင့်တ၍ နေသည့်အတွင်း ထူးမြတ်သော သတင်းကို ဆရာတော်ဘုရားထံမှ ကြားသိရတဲ့အတွက် ဘုရားကျွန်တော်မျိုးများမှာ ဘုန်းသမ္ဘာ နှင့် ပြည့်စုံသော အရှင်သခင်တပါးကို မှီခိုအားကိုးရမည့် အရေးကို တွေးမိတိုင်း ဝမ်းမြောက် လို့ မပြီးနိုင်အောင် ရှိရပါသည်ဘုရား။ ။ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသောအတိုင်း စကြာမင်းတို့၏သားရတနာများ ထွန်းကားမည်ရှိသောအခါ အလွန်မင်္ဂလာရှိသော ပုဗ္ဗနိမိတ်တော် ကြီးများ ထင်ရှားပြဘိသကဲ့သို့ ယခုဘုန်းတော်ကြီးလှသော ဘုရား၏ သားတော်မြတ် ရတနာ အတွက် အလွန်တရာ မင်္ဂလာရှိသော ပုဗ္ဗ နိမိတ်တော် ကြီးများ ထင်ရှားစွာ ဖြစ်ပေါ်သော

အကြောင်းကိုကြားရသည်မှာ ပုန်တောင်းစကြာ ဆိုက်လတ္တံ့သော မင်းကို မျှော်လင့်စောင့်စားရသကဲ့သို့ပင် မှတ်ထင်အားကိုးလျက် ရှိပါသည်ဘုရား။

ဘုန်းတော်ကြီးလှသော ဘုရား တည်ထောင်တော်မူသော ကေတုမတီအောင်လံတော်၏ တန်ခိုးသည် မြေမိုးမဆုံအောင် ပျံ့နှံ့လွှမ်းခြုံ၍ အလုံးစုံ မင်းတို့၏ ဥသျှောင် မှန်ကင်းတို့သည် ဘဝါးတော်ရင်းသို့ ဦးခိုက်ကြရန် အမှန်ပင်ဟူ တင်လျှောက်လိုလှပါကြောင်း။

ထိုသားတော်ရတနာ၏ အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော ချင်ခြင်း အာသာများလည်း မြေနှင့်ရေကို စိုးပိုင်၍ ဦးခိုင်ထွတ်ဖူး မကိုင်ရှုမ်းဖြစ်မည့်အကြောင်း ကောင်းစွာ ထင်ရှားလှပါသည် ဘုရား။

အာသာတော်အတွက် မြေနှင့်ရေကို ဆက်သရန်မှာ လွန်စွာ လွယ်ကူလှပါသည် ဘုရား၊ မကြာမီအတွင်း ဘုရားကျွန်တော်မျိုးက ယူဆောင်ဆက်သပါမည် ဘုရား။

ဤကဲ့သို့ စည်သူကျော်ထင်က တစုံတရာမျှ စစ်ရေးနှင့်စပ်သော အကြောင်းကို မလျှောက်ထားဘဲ၊ မြင်လတ္တံ့သော သားတော်ရတနာ၏ ဘုန်းသမ္ဘာနှင့် စမ်လျဉ်းသော အကြောင်းတို့ကိုသာ လျှောက်ကင်ရာ ဘုရင်မင်းကျီးညိုလည်း လွန်စွာနှစ်သက်တော်မူလေ၏၊ သို့ရာတွင် နံနက်ညီလာခံသောအခါ အာဏာနှင့် မိန့်တော်မူသော အချက်ကို ထောက်ထားတော် မူမိသည်နှင့် နှစ်သက်သော အမူအရာကို ဘော်မပြဘဲ “ဆရာတော် အမိန့်ရှိတဲ့ အတွက် စည်သူ ကျော်ထင် သိလျှင်လဲ ပြီးစေတော့၊ ဟံသာဝတီက မြေစေးနှင့် သိရိတ္တေရာ နဝင်းချောင်းက ရေအေးကို သာ စည်သူကျော်ထင်၏ တာဝန်ထား၍ မြန်စွာဆက်သွင်းရမည်”။ ။ဤမျှသာမိန့်တော်မူပြီးလျှင် ငြိမ်ဆိတ်နေတော်မူသည်နှင့် စည်သူ ကျော်ထင်လည်း အပါးတော်မှ ထွက်ခွာခဲ့လေ၏။

ထို့နောက် စည်သူကျော်ထင်သည် အတွင်းရေးကို ဆောင်သော မှူးမတ်တို့နှင့် တိုင်ပင်ပြီးလျှင် ဟံသာဝတီက မြေစေးနှင့် ပြည်မြို့က နဝင်းရေအေးကို ယူဆောင်ဆက်သရန် လက်ရုံးရည်နှင့် ပြည့်စုံသော သူရဲကောင်းများကို ရွေးချယ်ကြရာ “မင်းကြီးဆွေနှင့် ရှင်သီဟ” တို့ကို စေလွှတ်ရန် သဘောတူညီကြလေသည်။

မှတ်ချက်။ ။မင်းကြီးဆွေနှင့် ရှင်သီဟတို့ကား တပင်ရွှေထီး သွားမြင်သော အခါ အထိန်းတော်ကြီးများ ဖြစ်ကြသည်။ ။မင်းကြီးဆွေကား ဘုရင့်နောင် ကျော်ထင် နော်ရထာ၏ ခမည်းတော်ဖြစ်သည်။

စည်သူကျော်ထင်နှင့် အတွင်းအမှုဆောင် မှူးမတ်တို့သည် မင်းကြီးဆွေနှင့် ရှင်သီဟတို့ကို ခေါ်ပြီးလျှင်၊ အကြောင်းဥဿုံတို့ကို အလုံးစုံ ပြောကြားရာ၊ သူရဲကောင်းနှစ်ဦး တို့ကလည်း “အရှင့်အကျိုးတော်ဆိုပါလျှင် မဟာမြင့်မိုရ်သို့ အရောက်ပင်သွား၍ ဆောင်ရွက်ပါမည်၊ ကိုယ်နှင့် အသက်ကို ဟင်းရွက်တချပ်စာမျှ အလေးမပြုပါ အလိုရှိရာစေတော်မူပါ”ဟု ရဲဝံ့စွာအာမခံကြလေ၏။

ထိုအခါ စည်သူကျော်ထင်က "မင်းကြီးဆွေကို ဟံသာဝတီသို့သွား၍၊ မြေစေးကို ဆောင်ယူစေ၊ ရှင်သီဟက ပြည်မြို့သို့သွား၍ နဝင်းရေအေးကို ဆောင်ယူစေ"ဟု တာဝန် အသီးသီးကို လွှဲအပ်၍ ပေးလေသည်။

မင်းကြီးဆွေနှင့် ရှင်သီဟတို့လည်း ဦးလည်မသုန်ဘဲ မိမိတို့ရဲစွမ်းသတ္တိဂုဏ်ကို အားကိုး၍၊ လွှဲအပ်သောတာဝန်ကို ခံယူကြပြီးလျှင်၊ ထိုနေ့မှာပင် ကေတုမတီ မြို့တော်ကြီးမှ အသီးအသီး ကိုယ်ဆိုင်ရာဌာနသို့ ရုပ်ဖျက်ခါ ထွက်သွားကြလေ၏။

ထိုစဉ်အခါ ကေတုမတီနှင့် ဟံသာဝတီသည် ရန်မီးစနက် ဆက်လက် နေခိုက် ဖြစ်၍ ဟံသာဝတီသို့ သွားရသော မင်းကြီးဆွေမှာ များစွာပင် ခက်ခဲခြင်းနှင့် တွေ့ကြုံရလေသည်။ သို့ရာတွင် အရှင်၏အကျိုးကို သည်ပိုးဆောင်ရွက်သည့် အရေးနှင့် အသက်ဘေးကိုပင် စွန့်လွှတ်ပြီး ဖြစ်သောကြောင့် ခက်ခဲသောအရေးကို အလွယ်တကူကလေး ဟူ၍ပင် မှတ်ထင်လေသည်။

မင်းကျီးညို၏ ဘုန်းတော်, ဘွားမြင်လတ့်သော သားတော်၏ ဘုန်းတော်များကြောင့်၊ အလိုရှိသော မြေခစေးနှင့် ရေအေးကို ၁၅-ရက်အတွင်းမှာပင်၊ တောင်ကြဉ်းယူဆောင်၍ တောင်ငူသို့ ဆိုက်ရောက်လာကြလေ၏။

မင်းကြီးဆွေနှင့် ရှင်သီဟတို့သည် အလိုရှိသော အရာများကို ယူဆောင် လာကြသော အခါ စည်သူကျော်ထင်သည် ဝမ်းမြောက် ဝမ်းသာစွာ မြေစေးနှင့် ရေအေးတို့ကို မင်္ဂလာ အခန်းအနားတို့ဖြင့် ကျင်းပ၍ ရွှေ့သို့ သွင်းဆက်လေသည်။

မင်းကျီးညိုလည်း အလွန်နှစ်သက် အားရတော်မူလှသည်နှင့် "မြေနှင့်ရေကို မည်သူဆောင် ကြဉ်း၍ဆက်သလဲ"ဟု မေးတော်မူရာ စည်သူကျော်ထင်က မင်းကြီးဆွေနှင့်ရှင်သီဟကို ရွှေတော်သို့ သွင်းပြပြီးလျှင်—

"မင်းကြီးဆွေဆိုသော သူရဲကောင်းသည် ဟံသာဝတီသို့သွား၍ မြေစေးကို ယူဆောင်ပါသည်ဘုရား၊ ရှင်သီဟသည် ပြည်မြို့သို့သွား၍ နဝင်းရေအေးကို ယူဆောင်ပါသည် ဘုရား'ဟု လျှောက်တင်လေ၏။

မင်းကျီးညိုသည် အလွန်အားရတော်မူသောကြောင့် မင်းကြီးဆွေနှင့် ရှင်သီဟတို့ကို ရွှေတော်၌ ထ၍ မတ်မတ်ရပ်စေပြီးလျှင် ရုပ်သွင်များကို ကြည့်ရှုတော်မူသည်။ ယောကျ်ားပီသ၍ ရဲစွမ်းသတ္တိနှင့်ပြည့်စုံစွာ ပြည့်ဖြိုးသော ကြန်အင်လက္ခဏာတို့ကို မြင်တော်မူသည်တွင်' 'ငါ့ကျွန်တော်များ ယောကျ်ား ပီသကြပါပေသည်၊ ငါ၏အကျိုးနှင့် ငါ့နိုင်ငံတော်အကျိုးကို ရိုးရိုးဖြောင့်ဖြောင့် အရှည်သဖြင့် ထမ်းရွက်ကြရမည်၊ လက်ရုံးကောင်း ယောကျ်ားကို မြှောက်စားတော်မူရန်အရေးမှာ ငါဝန်လေးတော်မူသည်မဟုတ်" ဤသို့မိန့်တော်မူပြီးလျှင် မင်းကြီးဆွေနှင့် ရှင်သီဟတို့အား ဝတ်တော်မူသော ပတ္တမြား လက်ဝတ်တော်ကို ချွတ်၍ တကွင်းစီ ပေးသနားတော်မူလေ၏၊ ထို့ပြင် ကျောက်စီ ဓါးတစင်းစီလည်း ဆုပေးတော်မူသည်။

ယူဆောင်ဆက်သသော ဟံသာဝတီမြေစေးနှင့် နဝင်းရေအေးကို မင်းကျီးညိုကိုယ်တိုင် ခင်ဦးကို ပေးတော်မူရာ ခင်ဦးလည်း မြိန်ရှက်စွာ စားသောက်လေသည်၊ထိုအခါကစ၍ ခင်ဦး၏ ချင်ခြင်းအာသာများလည်း ငြိမ်းစဲ၍ ဝမ်းမြောက် ရွှင်လန်းမှုာ ကျန်းမာ ကြည်လင်ခြင်း ဖြစ်လေသတည်း။

# အခန်း (၇)

## (သက္ကရာဇ် ၈၇၇-ခုနှစ်)

### တပင်ရွှေထီး ဘွားမြင်တော်မူခန်း

ခင်ဦးသည် အထူးချမ်းသာ ကြည်လင်သော ကိုယ်စိတ်နှစ်ပါးဖြင့် သားရတနာတည်းဟူသော ကိုယ်ဝန်ကို ဆောင်ရွက်၍လာခဲ့ရာ ဆယ်လမပြည့်မီ အချိန်စောစောကပင်လျှင် မင်းကျိုးညီသည် သားကောင်းရတနာ ဘွားမြင်ပါလျှင် လွယ်စွာနှင့် အခန့်သင့်ရှိစေရန်(၁)သစ်နက်ရေ (၂) ဘွဲ့ဖြူပုဆိုး၊ (၃) အချင်းခံရန် ရွှေလင်ပန်း၊ (၄) အချင်းဆေးရန်ရွှေလင်ပန်း၊ (၅)နဝရတ်ကိုးပါး ချယ်စီသော ဓါးငယ်၊ (၆) ထီးဖြူမှစ၍ စီမံဘွယ်ရာ အခမ်းအနားများကို စုံလင်စွာ စီမံပြီးတော်မူစေသည်။

ကိုယ်ဝန်ရေးရာတွင် လိမ္မာသော မူးမတ်ကတော်စသည်များကို ခင်ဦးထံသို့ မပြတ်ပင်ထွက်ဝင် ခစားတော်မူစေသည်။ သားရတနာ ကိန်းပိုက်သောကိုယ်ဝန်သည် ကိုးလလွန်၍ဆယ်လမြောက်သောအခါ သက္ကရာဇ် (၈၇၇) ရှစ်ရာ ခုနစ်ဆဲ့ ခုနစ်ခု ကဆုန် လပြည့်ကျော် ၁-ရက် ဗုဒ္ဓဟူးနေ့တွင် ကြီးစွာသော တိတ်နိမိတ်တို့သည် ကေတုမတီ မြို့တော်ဝန်းကျင်မှာ အထင်အရှား ဖြစ်ပေါ်လာကြလေကုန်၏။

ဖြစ်ပေါ်လာသော တိတ်, နိမိတ်,ကြီးတို့သည်ကား—

(၁) ထိုနေ့အခါ နေဝန်း မပေါ်ဘဲ မှောင်ကြီးစွာ ကျ၍ တမြို့လုံး ထိတ်လန့်ဘွယ်ဖြစ်ကြောင်း။

(၂) အရပ်ရှစ်မျက်နှာမှ လေပြင်းမုန်တိုင်းတို့သည် မတိုက်စဘူး အထူး တိုက်ခတ်ကြကုန်ပြီးလျှင် ကေတုမတီနန်းတော်သို့ ဦးခိုက်လာကြသည်။

(၃) မြို့တော်တခွင် ထက်ဝန်းကြင်၌ ရှိကြကုန်သော သစ်ပင်အများတို့သည် တိုက်ခတ်သော လေပြင်းမုန်တိုင်းအဟုန်ဖြင့် ရွှေနန်းတော်ဆီသို့သာ အညွန့်အဖျား ညွတ်ကိုင်းကာ ကန်တော့ဦးခိုက်သကဲ့သို့ တည်ကြသည်။

(၄) လျှပ်စစ် တိမ်ပန်းတို့သည် တထိန်ထိန် ပြက်သန်းကြကုန်ပြီးလျှင် မိုးတပြင်လုံး ဓါတ်မီးရောင်စုံများကို မနေမနား ရှို့လွှတ်၍ထားသကဲ့သို့ ပြိုးပြိုး,ပြက်ပြက်,တထိန်ထိန်,တလက်လက်, ထွန်းလင်းကြသည်။

(၅) ကေတုမတီမြို့တော်ကြီး၏ အရှေ့တောင်တန်းမှ ဥက္ကာကြီးတလုံး ပျံသန်းပြီးလျှင် နန်းတော် ထုပိကာ၏ အထက်တည့်တည့်ကို ဖြတ်သန်းပြီးလျှင် မြို့တော်၏ အနောက်တောင်တန်းသို့ ကူးသန်းလေသည်။ မြို့တော်၏ ကနောက်တောင်တန်းမှလည်း ဥက္ကာကြီးတလုံး ပျံသန်းလာပြီးလျှင် ထိုနည်းအတူ အရှေ့တောင်တန်းသို့ ကူးသန်းလေရာ၊ ထိုဥက္ကာကြီး နှစ်လုံးသည် နန်း

တော်၏ အထက်တည့်တည့် ဖြစ်သော ကောင်းကင်မှာ ဆုံကြသည်။ ထိုဉက္ကာကြီး နှစ်လုံး၏ အရှေ့အနောက် လူးလာပျံသန်း၍ နေသည်မှာ ယက်ကန်းရှက်သကဲ့သို့ တည၌ပတ်လုံး မရပ်မနား ပျံသန်းလျက် ရှိကြလေသည်။

(၆) မိုးကြိုးတို့လည်း အကြိမ်ပေါင်းများစွာ ပစ်ချပြီးလျှင် မိုးခြိမ်းသံတို့လည်း တညံညံ ဟိန်းလျက် ရှိသည်။

(၇) မြေငလျင် အကြိမ်ကြိမ်လှုပ်၍ တော်လဲသံကြီး များလည်း မပြတ်မစဲ မြည်ဟီး ကြသည်။

(၈) ပြိုးပြက်သောလျှပ်စစ်များကို အားကျသောအဟန်ဖြင့် ဓါးလှံ သေနတ်,အမြောက် စိန်ပြောင်း စသော လက်နက်တို့သည်လည်း ပြိုးပြိုး ပြက်ပြက် အလိုလို အရောင်ထွက်ကြကုန်၏။

(၉) မိုးကြိုးသံ, မိုးခြိမ်းသံများကို အတုခိုးကြပြီးလျှင် ပဟိုရ်စည်တော်ကြီးမှ စ၍ ဗုံ, မောင်း, ပတ်သာ, တူရိယာ, စောင်း, ညှင်း, ရှိသမျှတို့သည်လည်း မည်သူမျှမတီးမခတ်ရဘဲ၊ အလိုလိုမြည်ကြလေကုန်သည်။

(၁၀) စစ်ဆင်တော် အပေါင်းတို့သည် ကြိုးကြာသံနှင့်တူသောအသံကိုမြည်ဟီးကြသည့် အပြင် စစ်မြင်း အပေါင်းတို့သည်လည်း ဝမ်းမြောက်သော အမူအရာဖြင့် ပြင်းထန်စွာ ဟီကြကုန်သည်။

(၁၁) ထိုနေ့၌ အလွန်ပြင်းထန်စွာသော မိုးကြီးသည်လည်း အရပ်ရှစ်မျက်နှာ ထစ်ချုန်း၍ ရွာသွန်းလေသည်။ ထိုအခါ မိုးသီးတို့လည်း မြေပြင်နှံ့အောင် ကျလေသည်။

(၁၂) ခပေါင်းနှင့် ပေါင်းလောင်းမြစ်တို့၌လည်း ရုတ်တရက် အဟုန်နှင့် တက်သော ရေတို့သည် တိုးတက်လာကြပြီးလျှင်ခပေါင်းချောင်းမှလျှံ၍ တက်လာသောရေတို့သည် မြို့တော်၏ တောင်မျက်နှာ၌ရှိသော ကျုံးတော်ကြီးသို့ ရေအယဉ် ဦးခိုက်၍လာ၏။

(၁၃) မြို့တော်၏ အရှေ့တောတခွင် အနောက်တောတခွင်၌လည်း သစ်ပင်ထက်၌ ကြီး ပွားကြကုန်သော သစ်ခ ုံးတို့သည် ထူးဆန်းလှပစွာ တပြိုင်နက် ပွင့်ကြကုန်၏။

(၁၄) နန်းတော်၏ အထက် ကောင်းကင်ယံ၌လည်း နတ်တို့၏ တူရိယာသံများနှင့် နတ်တို့သီဆိုသော သီချင်းသံများကို ကြားရကုန်၏။

ယခုပြဆိုခဲ့သော နိမိတ် ၁၄-ရပ်တို့သည် ထိုနေ့ တနေ့လုံးမှာပင် နံနက်အချိန်ကစ၍ ညဥ့်တချက်တီး အချိန်သို့ တိုင်အောင် အစဉ်မပြတ် ဖြစ်ပေါ်၍ နေကြလေသည်။
**“မင်းကြီး-စည်သူကျော်ထင်”**မှစ၍ စစ်ဘက်ဆိုင်ရာ သေနာပတိတို့သည်လည်း မိမိတို့ အုပ်ချုပ်သော တပ်အဘွဲ့များကို အသီးသီး, ကိုယ်စီ, ကိုယ်ငှ, ပြင်ဆင်ပြင်ကြပြီးလျှင်ရွှေနန်းတော်ကြီး ပတ်ဝန်းကျင်တို့၌ ရွာသွန်းသော မိုးကြီးကို အလေးမမူဘဲ၊ တပ်စဉ်အတိုင်း ခင်းကျင်း စောင့်ရှောက်၍ နေကြလေသည်။

ထိုသို့ မိမိတို့ဆိုင်ရာ တပ်စဉ်အတိုင်း ခင်းကျင်း၍နေကြသည်မှာ လွန်စွာ ထူးဆန်းသော နေ့ကြီးဖြစ်သည့်အတွက် တစုံတရာ အရေးရှိခဲ့ပါလျှင် လွယ်စွာနှင့် မိမိတို့ ဆိုင်ရာကိစ္စကို ရွက်ဆောင်ကြရန်ဖြစ်လေသည်။

မှူးမတ် အပေါင်းတို့သည်လည်း၊ အစုံအညီ နန်းတော်သို့ လာရောက်ခြကုန်ပြီးလျှင် မြေနန်းစမုတ်တွင် စုရုံး၍ နေကြပြီးလျှင် အထူးတဆန်း အံ့မခန်း ဖြစ်ပေါ်လာသော တိတ်ကြီး, နိမိတ်ကြီးတို့အကြောင်းကို ပြောဆို ဆွေးနွေးကာ နေကြလေသည်။

ကေတုမတီ တိုင်းပြည်ကြီး၏အရှင် ဘုရင် မင်းကျီးညိုလည်း ထိုကဲ့သို့ မဖြစ်စဘူး အထူးတဆန်း အံ့မခန်းဖြစ်သော တိတ်ကြီး, နိမိတ်ကြီး,များ ဖြစ်ပေါ်လာသောအခါ "ယနေ့သည် လွန်စွာ ထူးဆန်းလှ၏။ ဘယ်လိုအကြောင်းများ ထူးထူးခြားခြား ဖြစ်ပေါ်မည်လဲ"ဟု စဉ်းစားတော်မူကာ လက်သုံးတော်ဓားကို အမြဲကိုင်စွဲတော်မူပြီးလျှင် နန်းတော်ပတ်ဝန်းကျင်ကို လှည့်လည်ရှုစားတော်မူရာ ကြီးစွာသော တပ်ဝင်းအခင်းအကျင်းများကို မြင်တော်မူလေသော်အလွန်ဝမ်းမြောက်တော် မူလှသည်နှင့် "ဗိုလ်မင်းများသည် အကြောင်း အားလျော်စွာ စစ်အမှုထမ်းပြီးပြီ၊ အစုံအညီ အဆင်သင့် ပြင်ဆင်ပြီးရှိကြပေသည်ဟု ချီးမွမ်းတော်မူပြီးလျှင် စည်သူ-ကျော်ထင်ကို ခေါ်၍ "ယနေ့ အလွန်ထူးဆန်းလှသည်၊ ဘယ်လို အရေးအကြောင်းများ ဖြစ်ပေါ်မည်ထင်သလဲ"ဟု မေးတော်မူရာ စည်သူ-ကျော်ထင်က "ဘုရား ကျွန်တော်မျိုးလဲ မထင်တတ်အောင်ပင် ရှိပါသည်၊ သို့ရာတွင် ဘုန်းကြီးသော အရှင်တပါး တွန်းကားရန် တိတ်,နိမိတ်, ပြသည်ထင်ပါသည် ဘုရား"ဟူ၍ လျှောက်တင်ရာ မင်းကျီးညိုသည် ရုတ်တရက် သတိရတော်မူသဖြင့်၊ ဆက်လက်၍ မိန့်တော်မမူဘဲ၊ ခင်ဦးအဆောင်သို့ ကြွတော်မူလေသည်။

ထိုအခါ ခင်ဦးမှာလည်း ထိုနေ့မှာပင် သားတော်ရတနာကို ဘွားမြင်ရန် အချိန်စေ့ရောက်နေသဖြင့် ဘွားမြင်ရေး ကိစ္စတွင် ကျွမ်းကျင်သော မိန်းမများသည် များစွာ အလုပ်ရှုပ်ပွေ၍နေကြလေသည်။

မင်းကျီးညိုသည် ခင်ဦးအဆောင်ဝသို့ ရောက်လျှင်ပင် အပျိုတော်များက 'ယနေ့ပင်သားတော်ရတနာ ဘွားမြင်ပါလိမ့်မည်ဘုရား'ဟု လျှောက်တင်ကြရာ အလွန်ဝမ်းသာတော်မူသည်နှင့် 'သင်တို့၏ အရှင်မကို ရွှင်လန်းချမ်းသာအောင် အားပေးကြပါ၊ အနောက်ဝန်နှင့် မိန်းမစိုးများ အဆောင်တော်အပြင်ဘက်က အမြဲရှိကြစေ၊ ဘွားမြင်သည်နှင့် တပြိုင်နက် ငါ့ကိုသံတော်ဦးတင်ကြစေ၊နာရီခေါ်မှူးတို့ကလည်း အချိန်ကို မှန်ကန်စွာ မှတ်သားကြစေ' ဟုမိန့်တော် မူပြီးလျှင် အရှေ့မြေနန်းစမုတ်သို့ ထွက်တော်မူလေ၏။

မြေနန်းစမုတ်တွင် အစုံအညီ ခစားနေကြသော မှူးမတ်များကို တွေ့တော်မူရာ မင်းကျီးညိုက 'ယနေ့ဖြစ်ပေါ်သော တိတ်ကြီး,နိမိတ်ကြီးများမှာ လွန်စွာထူးဆန်းလှသည်၊နေ့ကြောင်တောင်တွင် မှောင်ကြီးကြ၍ ဥက္ကာပျံသန်းလျက် လျှပ်ပန်း, လျှပ်နွယ်, ကွန့်မြူးခြင်း၊ လက်နက်ရောင်တို့တပြောင်ပြောင် တောက်ပခြင်း၊စည်းစောင်း,တူရိယာတို့အလိုလိုမြည်တမ်းခြင်းအစရှိတဲ့တိတ်ကြီး, နိမိတ်ကြီး,များကဲ့သို့ တွေ့ကြုံဘူးကြသလား'ဟု မေးတော်မရာ မှူးမတ်များက မတွေ့ကြုံစဘူးပါ၊

ရွှေးဟောင်း ကျမ်းဂန်များ၌ ရေးသားထားသည်ကိုသာ တွေ့ဘူးပါသည်ဘုရား’ ဟုလျှောက်ထားကြကုန်၏။

‘ဘယ်လိုရေးသားထားသည်ကို တွေ့ကြုံဘူးကြသလဲ’ဟု မေးမြန်းတော်မူရာ ‘ဘုန်းရှိသော အရှင်များထွန်းကား ပေါ်ပေါက်မည်ရှိရာ သည်ကဲ့သို့သော တိတ်ကြီး, နိမိတ်ကြီး,များဖြစ်ပေါ်လာရသည်ဟု တွေ့ဘူးပါကြောင်း’နှင့် လျှောက်တင်ကြသည်။

ထိုအခါ မင်းကျီးညိုက ‘ယခုငနွဲကုန်းသူ ခင်ဦးမှာလည်း မိန်းမတို့ဓမ္မတာဖြင့် မကြာမီ ဘွားမြင်မည့် အရေးကြုံနေပြီ၊ သည့်အတွက်ကြောင့် သည်နိမိတ်ကြီးများ ဖြစ်ပေါ်လာရသည် မဟုတ်လား’ ဟုမိန့်တော်မူရာ မှူးမတ်များက မိန့်တော်မူသောအတိုင်း မှန်လှပါသည်ဘုရား၊ ယနေ့လည်း ဗုဒ္ဓဟူးနေ့ဖြစ်ပါသည်၊ ကိန်းခန်းဖြင့် သိသော ပညာရှိပုဂ္ဂိုလ် များကလည်း ဤကေတုမတီ မြို့တော်သစ်မှာ ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ဗုဒ္ဓဟူးသား ထွန်းကားလိမ့်မည်ဟူ၍ ဟောကြားချက်လဲရှိပါသည်၊ ယနေ့ပြသော တိတ်ကြီး, နိမိတ်ကြီး,များနှင့် တင်ကြိုဟောကြားထားသော ကိန်းခန်းများကို ထောက်ထား ဆင်ခြင်ပါလျှင် သားတော်ရတနာ ဘွားမြင်မည် အမှန်ဖြစ်ပါသည်၊ထိုသားသော် ရတနာမှာဘုန်းသမ္ဘာနှင့်ပြည့်စုံ၍ ရာဇဂုဏ်အောင်လံဖြင့် နိုင်ငံအပေါင်းထီးဆောင်းမှန်သမျှ ပဏ္ဏာသ၍ရာဇရာဇာ မဟာအဓိပတိဖြစ်လိမ့်မည် မှန်ပါကြောင်းပါဘုရား’ဟူ၍လျှောက်တင်ကြလေ၏။ထိုသို့လျှောက်တင်သော အချိန်သည်ကား သက္ကရာဇ် ၈၇၇-ခု၊ ကဆုန်လပြည်ကျော် တရက်ဗုဒ္ဓဟူးနေ့ည နေဝင်ကျော် ရွှေတိုင်လင်းသောအခါ ဖြစ်လေသည်။

ဤသို့ လျှောက်တင် သောအချက်ကို နှစ်သက်ဝမ်းမြောက် နေတော်မူသည့်အခိုက် အနောက်ဝန် ဆိုက်ရောက်လာပြီးလျှင်‘ဘုန်းသမ္ဘာနှင့် ပြည့်စုံသောသားတော်မြတ် ရတနာကိုချမ်းသာစွာဘွားမြင်၍ ပြီးပါပြီဘုရား’ဟူ၍လျှောက်ထားလေ၏။

မင်းကျီးညိုလည်း လက်ရုံးတန်းပြီးလျှင် ‘**လက်ရုံးရတနာသားပုတ္တာ**’ဟု ရုတ်တရက်မြွက်ဆိုတော်မူကာ လွန်စွာဝမ်းမြောက်တော်မူလှသည်နှင့် ခဏချင်းပင်လျှင် ခင်ဦးအဆောင်သို့ထွက်တော်မူလေသည်။

ခင်ဦးအဆောင်သို့ ရောက်လေရာ အပြင်ဆောင်၌ စံတော်မူလေ၏။ ထိုအခါ မှူးမတ်ကတော်နှင့်အပျိုတော်များလည်း သားတော်မြတ်ရတနာကို နံ့သာရေတို့ဖြင့် သန့်ပြန့်စွာချီးကြပြီးလျှင် ဘွဲ့ဖြူဝတ်လဲဖြင့် ရစ်ပတ်ပိုက်ပွေ့ကာ မင်းကျီးညိုအထံသို့ ဆက်လာကြကုန်၏။


ဆက်သလာသော သားတော် ရတနာကို မင်းကျီးညိုက လှမ်းယူ ပွေ့ပိုက်ကာ ရှုစားတော်မူသည်တွင် ရာဇရုပ်လက္ခဏာ လွန်စွာပြီသည့်ပြင် သားတော်၏ ဦးခေါင်း၌ ထူးထူးခြားခြား ဝင်ရိုးဖျားပမာဏရှိ၍ ရွှေရောင် တောက်ပသော ဆံပင် တချောင်းသည် ရှည်လျားစွာပါသည်ကိုလည်း တွေ့မြင်တော်မူလေသည်။ ။ထို့ပြင် လျာကိုကြည့်တော်မူရာ အချို့ချို့သောနေရာ၌ စက်မြုပ်၍ ထားသည့် အလား ဖြူဖွေးရောင်ပမာ လွန်စွာနက်သော အကွက်များကို တွေ့ရှိရပြန်လေသည်၊ ဤသို့ထူးခြားသော လက္ခဏာများကို တွေ့ရှိတော်မူရာ ‘ငါ၏ သားတော်မြတ် ရတနာသည် ငါ့ထက်ပင် သမ္ဘာကြီး၍ ဘုန်းမီးတောက်ပလိမ့်မည်၊ ဇမ္ဗူဒီပါ ကျွန်း

အပြင်မှာ ပြိုင်ယှဉ်ဘက် ကင်းသော မင်းခေါင်, မင်းဖျား ဖြစ်လိမ့်မည်၊ ငါ၏ ဦးခေါင်းတော်မှာ ဆံတော်ထူးတပင် ပါသကဲ့သို့ ငါ၏ သားတော် ရတနာမှာလည်း ဆံတော်ထူးတပင် ပါ၍လာသည်၊ ငါ့သားတော် ရတနာကို ယခုပင် ငါကိုယ်တိုင် ဘွဲ့ပေးတော်မူမည်''ဟု၍ မိန့်တော်မူပြီးလျှင် **"တပင်ရွှေထီး"** ဟူသော ဘွဲ့ကို ပေးတော်မူလေ၏။

(**မှတ်ချက်။** ။မင်းကြီးညို၏ ဦးခေါင်းတော်မှာလည်း ဝင်ရိုး ပမာဏရှိ၍ ရွှေရောင်တောက်ပသော ဆံပင်အထူးတပင် အမြဲပေါက်ရောက်လျက် ရှိသည်၊ သားတော် တပင်ရွှေထီးမှာလည်း ထိုကဲ့သို့ပင် ဆံပင်ထူးပါသည်။ ။မင်းကြီးညိုမှာ လျှာစက်မပါ သားတော် တပင်ရွှေထီးမှာ လျှာစက်ပါသည်။ ။လျှာစက်ပါသော သူတို့သည် ဘုန်းတန်ခိုး အာဏာ ကြီးမား၏၊ ပြောဆိုတိုင်း အောင်မြင်၏၊ ရွတ်ဘတ်မန်းမှုတ်သော ဂါထာ မန္တရားတို့လည်း အစွမ်းနှင့်ပြည့်စုံ၏။ ။ဤသို့ တပင်ရွှေထီးမှာ လျှာစက်ပါသည်ကို အကြောင်းပြု၍ ယိုးဒယားရာဇဝင်၌ တပင်ရွှေထီးကို **"လျှာနက်မင်း"** ဟူ၍ ရေးသား ကြလေသည်။)

တပင်ရွှေထီး ဘွားမြင်သော အချိန်မှာ မြန်မာသက္ကရာဇ် ၈၇၇ ခု ကဆုန်လပြည့်ကျော် ၁ရက် ဗုဒ္ဓဟူးနေ့ လေးချက်တီး နေဝင်ကျော် လဝန်းထွက်ပေါ်သည်နှင့် တပြိုင်နက် ဘွားမြင်တော်မူသည်။

တပင်ရွှေထီး၏ ဇာတာတော်ပုံ




တပင်ရွှေထီး ဘွားမြင်တော်မူသော အချိန်နှင့် ဇာတာတော်ပုံကို မင်းတရားရွှေထီး၏ ဆွေတော်စဉ် ချေင်း၌၊ အောက်၌ ပါသောအတိုင်း စပ်ဆိုထားလေသည်။

"အဆန်းတကြယ်၊ အံ့ဘွယ်သရဲ၊ ရှောက်ရွာ ကြဲလျက်- ကျော်သဲဇမ္ဗူ၊ ဘွားတော်မူသား၊ နတ်လူရိုချစ်၊ သက္ကရာဇ်မူ၊ ဖြစ်တုံရှစ်ရာ၊ သတ္တာသတ္တ၊ နှစ်ကလည်းကုန်၊ ကဆုန်ဂိမ္ဟန်၊ ယာဉ်ပြန်ဥတ္တရ၊ ဆုတ်စတရက်၊ လင်္ကား ခနိုး လွှတ်မူဘီလာ၊ အခါ နေဝင်၊ စက်ခွင်မကျူး၊ ဗုဒ္ဓဟူး၌၊ ရောင်မြူးစေ့ချဉ်း၊ စဉ်းကားတူလ၊ တိတြနတ်၊ ရပ်မှတ်မိဿ၊ အကျဉ်းပြ၏၊ ဘောမ ကုံမှာ၊ ဗုဓါ, သောကြ ပြိဿ မကွေ့၊

ကသစ်နေ၏၊ သောရေပြိုစွာ၊ ဇီဝါမေခုန်၊ ပြင်းဟုန်သူရိန်၊ ထွန်းချိန်ကရကင့်၊ ရက်မွှတ်ဆယ်ပြီ၊ တိထိနက္ခတ်၊ ကြွင်းမှတ်ငါးဆယ်၊ ပျော်ဘွယ်ကြွေ့ကြွေ့၊ နောက်ရွှေကွန့်မြူး၊ တိုင်ဦးတိုင်လယ်၊ လက်စဉ်းရွယ်မှ၊ တင့်တယ်ဂြိုဟ်ပြိုင်၊ ခုနှစ်ဆိုင်နှင့်၊ မဏ္ဍိုင်ထိပ်စွန်း၊ ဝင်းဝင်းထွန်းလျက်၊ ဘက်ကျွန်းကောင်းမြိုက်၊ ကြိုက်စွာမှန်ဟုတ်၊ ကောင်းလှစုတ်၏။ ကျမ်းတုတ်ခဲအင်၊ ဟောနည်းရှင်သည်။ ။ဗေဒင်တည့်နက်လေး-လွှန်ဆွေးနွေး"။

တပင်ရွှေထီးကို ဘွားမြင်တော်မူသောအခါ ကြီးစွာသော တိတ်, နိမိတ်, များ ဖြစ်ပေါ်ပုံကို စာဆိုတော် ပညာရှိများက အောက်၌ ပါရှိသောအတိုင်း စပ်ဆို ထားခဲ့ ပြန်ပေသည်။

(၁) "မန္တတ်သည်းချား ရတနာသို့၊ မင်းလျာရှင့်ကို၊ မြင်လတ်လိုသော်၊ လူဗိုလ်ဝှန်ထိတ်၊ ကောင်းကင် ဟိတ်ဖြင့်၊ နိမိတ်ကြီးချည်း၊ သဘောနည်းတိ၊ တော်လည်း ငလျင်၊ မင်းလွှင်မြူးလေ၊ မိုးကြီးစွေသည်။ ။တထွေတည့် ချမ်းအေး-ရေကြည်မွှေး။ (မင်းတရားရွှေထီးချင်း)။

(၂) ရှိုးရှိုးရှန်းလျက်၊ ညိထွန်း ပြောင်ပြောင်၊ ရွှေနန်းတောင်ထက်၊ ကျော်ခေါင်ဘုရင်၊ နတ်ရှင်ချစ်သား တရားပွင့်လျှာ၊ ဘွားသောအခါက၊ သည်းတုစွန်ယင်၊ မြေငလျင်တုံ၊ ကောင်းကင် အောက်ထက်- ဘဝဂ်ထုတ်ချင်း၊ အုန်းအင်းမစဲ၊ မြိမ်းထစ်မဲ့လျက်၊ သွန်ကြဲ ပြင်းစွာ၊ *ရှောက်ရွှာ ကျမြောက်၊ လျှံတောက် ဝင်းညီး"
(မင်းတရား ရွှေထီး၏ ဆွေတော်စဉ် ချင်း)။

(၃) "အဆန်းတကြွယ်၊ အံ့အဲဘွယ်လျှင်၊ *ရောင်နွယ်ထွန်းတောက်၊ တောင်မြောက် ညီးညီး၊ လျှပ်စစ်မီးနှင့်၊ ရိုက်တီးကောင်းကင်၊ ဖြူစင်ရေခဲ၊ *ရှောက်ရွှာကြဲလျက်၊ ကျော်သဲနတ်လူ၊ ဘွားတော်မူက။ ။
(မင်းတရား ရွှေထီး ချင်း။)

(မှတ်ချက်။ ။ဤချင်းကဗျာတို့၌ *"ရှောက်ရွှာ" ဆိုသည်ကား၊ ရတ်တရက်ပြင်းထန်စွာ ရွာသော မိုးကို ဆိုသည်၊ မိုးသီးနှင့် တကွရွာသော မိုးကိုလည်း "ရှောက်ရွာ" ဟူ၍ဆိုသည်။ ။ဖြူစင်ရေခဲ၊ ရှောက်ရွာကြဲလျက်၊ ဟူသော စပ်ပုံကိုထောက်လေ၊ မိုးပြေးကိုလည်း ရှောက်ရွာမိုးခေါ်၏။

ဘကြီးတော် ဖလ်နန်းရှင်လက်ထက် ရွှေဆတ်သွား ဘုရားကို ထီးတင်တော်မူရာ နဝဒေးဆက်သော ရတုအချို့၌လည်း "ရှောက်ရွာစံရွှေရည်ဘုရား။ ။သောကြာနံမွေမည်ဘုရား"။ ။ ဟူ၍ ရှောက်ရွာမိုးအကြောင်းကို ဘွဲ့ဆိုရေးသားလေသည်။

မဂဓအဘိဓါန်၌ကား။ ။ကရကာ၊ ရှောက်ရွာမိုး၊ မိုးသီး။ ဃနောပလ၊ ရှောက်ရွာမိုး၊ မိုးသီး။ ။ဤသို့ပြဆိုလျက် ရှိလေသည်။ ဤအဘိဓါန်ကို ထောက်၍ ချင်းဆရာသည်

"ဖြူစင်ရေခဲ၊ ရှောက်ရွာကြဲလျက်" ဟူ၍ စပ်ဆိုပေသတည်း၊ "ရေခဲ" ယူသော မြန်မာဝေါဟာရသည် မင်းကျီးညို လက်ထက်ကပင်၊ အသုံး အစွဲ ရှိကြောင်းမှာ ပြဆိုခဲ့သော ချောင်းလက်ာဖြင့် သိအပ်ပေသည်။

"ရောင်နွယ်" ဆိုသည်ကား ·လျှပ် ရောင်ကို ဆိုသည်။ ။ဝိဇ္ဇုလတာ· လျှပ်စစ်ဟူသော မဂဓ အဘိဓါန်ကို ထောက်သဖြင့် "ရောင်နွယ်" ဟူ၍ စပ်ဆိုတော်မူပေသည်။ ။ရှေးကဗျာဆရာကြီးများသည် ပါဠိကျမ်းဂန်ကို ကျနစွာတတ်မြောက်၍ စကားသုံးတတ်ပေစွ တကား။

တပင်ရွှေထီးကို ဘွားမြင်သည် တပို့နက် ဖြစ်ပေါ်လာသော အံ့ဘွယ်သရဲများမှာ။ ။

ကဆုန်လပြည့်ကျော်တရက် နေဝင်ကျော်လထွက် ချိန်တွင် ဘွားမြင်တော် မူသောကြောင့် ဘွားမြင်သည်နှင့် တပို့နက် သည်းထန်စွာ ရွာသော မိုးနှင့် မိုးသီးကျခြင်းများကို ရုတ်တရက်ငြိမ်စဲသွားပြီးလျှင် မှောင်အတိ ကျနေခြင်းများလည်း ရုတ်တရက် လင်း၍ လာလေ၏။ ။ထိုအခါ အရှေ့ကျွန်းမှ လဝန်းကြီးသည်လည်း ကြယ်တာရာပေါင်း များစွာခြံရံကာ ရုတ်တရက် ထွက်ပြူ၍ လာ၏၊ထိုအခါ ကောင်းကင် အပြန့်ကြီးတခုလုံးသည် ရှု၍မဆုံးနိုင်အောင် တင့်တယ်လေ၏။ ။မိုးရွာပြီးခါစ အခါ လွန်စွာသန့်ပြန့်သော မြေအပြင်များသည်လည်း လ, ရောင်၏တန်ဆာ ဆင်ခြင်းကိုခံကာ အလွန်ပင် သာယာလှပေသည်။

လ, ဂန်းနှင့်တကွ နက္ခတ်တာရာ အပေါင်းတို့ တပို့နက် ထွက်၍လာရာ မြေပြင်ထက်မှာ ကျ၍နေသော မိုးသီး, ရေခဲများကလည်း အရေပျော်၍ မသွားသေးသည်နှင့် ထိုမိုးသီးများကို လ, ရောင်ဟပ်သောအခါ တလျှပ်လျှပ် လင်းထိန်၍ စိန်ရောင်လက်သည့်ပမာ လွန်စွာ လှပသော ရောင်လျှံတို့သည် တဘန်ပြန်၍ ကောင်းကင်ကို ဟပ်ကြလေကုန်၏။ ။မြို့တော်အတွင်းမှာ စိန်ကျောက်အင်္ဂါ ခင်း၍ ထားသကဲ့သို့ပင် ဖြစ်လေသည်။

ထိုအချိန်သည် ဂိမ္ဟန္တဥတုပင် ဖြစ်သော်လည်း မိုးခေါ်အရှိန်ကြောင့် သိမ်မွေ့နူးညံ့သော အအေးဓါတ်များ စည်ကားတိုးတက်လာသဖြင့် တိုင်းသူ,ပြည်သား လူများအပေါင်းတို့၏ စိတ်မှာ လွန်စွာကြည်လင်ကြလေသည်။

တထိန်ထိန်သာသော လ, ရောင်ကလည်းကြည်လင်၊ မြေအပြင်မှာရှိကြသော မိုးသီး, ရေခဲ, တို့ကလည်း ပြိုးပြိုးပြက်၊ နှစ်သက်ဘွယ်ကောင်းသော ဥတုကလည်း အေးမြ၊ ဤကဲ့သို့သော ဂုဏ်ဂုဏ်နှင့် ပြည့်စုံလေရာ ရာဇဌာနီဖြစ်သော ကေတုမတီမြို့တော်ကြီးသည် အံ့ချီးဘွယ်ရာ မဟာအယုဇ္ဈသုဒဿန နတ်နန်းနှင့် တတန်းတည်း တူမျှသကဲ့သို့ ရှိလေ၏။

တနေ့လုံး မိုးကြီးရွာသဖြင့် မိမိသိုက်မြုံတွင်းမှာ ခိုအောင်း၍ နေကြရကုန်သော ကျေးငှက်အပေါင်းတို့သည်လည်း လ, ရောင်ငြိစွဲ၍ ရေခဲရောင် တောက်ပသည့်အခါ လွန်စွာ ပျော်မြူးကြသဖြင့် နေထွက်သောအခါကဲ့သို့ပင် မှတ်ထင်ကြပြီးလျှင် မိမိတို့သိုက်မြုံမှ အစုံအစုံ ထွက်ကြပြီးလျှင် သာယာသော အသံများကို တွန်ထူး ကျူးရင့်ကြလေ၏။

မင်းကျီးညိုသည် သားတော်ဘွားမြင်သည်နှင့် တပြိုင်နက် ထူးဆန်းသော တိတ်၊ နိမိတ်တို့ကို မြင်တော်မူပြန်ရာ 'ငါ၏သားတော်ရတနာသည် ဘုန်းသမ္ဘာကြီးမည် အမှန်ပင်တည်း'ဟူ၍ တွေးဆ ဆင်ခြင်တော်မူပြီးလျှင် ထိုညမှာပင် နက္ခတ်ကျမ်းကျင် ဗေဒင် ပါရဂူဖြစ်သော ပညာရှိများကို ရွှေတော်သို့ခေါ်၍ သားတော်ရတနာ၏ ဘွားမြင်ရာ အချိန်တော်များကို နက္ခတ်၊ ပါဒ်ဗိဇနာ၊ မတိမ်းမယိမ်းရအောင် စစ်ဆေးတော် မူစေပြီးလျှင် ဗေဒင်ကျမ်းအလို ရှေးပညာရှိတို့၏ အဆိုများကိုလည်း မေးမြန်းတော်မူလေ၏။

ထိုအခါ ပညာရှိ မှူးမတ် ပုဏ္ဏားတို့က ဗေဒင်ကိန်းခန်း ကျမ်းဂန် အရပ်ရပ် လာသော အတိုင်း သေချာစွာ တွက်ချက်စိစစ်ကြပြီးလျှင် သားတော်မြတ် ရတနာ၏ ဇာတာ ဂုဏ်ထူးကို အမျိုးမျိုး ချီးကျူး၍ ဟောကြလေကုန်သည်။

တပင်ရွှေထီး၏ ဇာတာတော်၌ တနင်္ဂနွေဂြိုဟ် သူရဇ္ဇအိမ်၌တည်၍ တေဇောဓါတ်မိခြင်း၊ ဥစ်ရခြင်း၊ လဂ်သည်လည်း သူမှဇ္ဇဓါတ်အိမ်ဖြစ်သော ဓနုရာသီ၌ ရှိ၍ တေဇောဓါတ်ကြိမ်ခြင်း၊ ဤအလိုအားဖြင့် ဘုန်းတန်ခိုးအာဏာ လွန်စွာကြီးမည့်အကြောင်း၊ မီး၏လျှံဝါကဲ့သို့ ဘုဥ်းသမ္ဘာ တောက်လင်းမည့် အကြောင်းများကိုလည်း အကျယ်အားဖြင့် ဟောကြာကြလေသည်။ ။စန်းသည်လည်း ဝါယောဓါတ်အိမ်ဖြစ်သော တူရာသီ၌ ရပ်တန့်၍ လဂ်မှရေသော် လာဘအိမ်ကျုံခြင်း၊ ဤစန်းအလိုအားဖြင့် ရန်အပေါင်းကို လျှင်မြန်စွာ အောင်မြင်၍ နိုင်ငံပေါင်းများစွာကဲ့ သိမ်းပိုက် အုပ်စိုးတော်မူနိုင်မည့် အကြောင်းများကို ဟောကြားကြလေသည်။ ။(ဗေဒင်ကိန်းခန်းတွေကို များစွာဆိုနေလျှင် ရာဇဝင်ဝတ္ထုကြောင်းမဟုတ်ဘဲ စကားရှည်လျားမည့် အတွက် မဆိုတော့ပြီ)

## "လောကုတ္တရ ဆရာတော် ကြွလာတော်မူခြင်း"

ထိုနှစ် ကဆုန်လပြည့်ကျော် ၂-ရက်နေ့ နံနက်အခါ မင်းကျီးညို၏ ဆရာ ဖြစ်တော်မူသော လောကုတ္တရ ဆရာတော်ကြီးသည် ဘုရင်မင်းမြတ် ပင့်ဘိတ်လျှောက်ကြားခြင်း မရှိဘဲ နန်းတော်သို့ ကြွလာတော်မူသည်။ ။ကြွလာခြင်း၏ အကြောင်းမှာ 'ယမန်နေ့က ကြီးစွာသော တိတ်၊ နိမိတ်များလည်း ပြသည်၊ ရှောက်သီး၊ သမ္ဘာရာသီး၊ ခနဲ့ ရှိသော မိုးသီးများလည်း နိုင်ငံတော် ဝန်းကျင်တွင် မြေပြင်ပြည့်မျှကျသည်၊ လေပြင်းမုန်တိုင်းလာခြင်း၊ မိုးသည်ထန်စွာရွာခြင်း၊ ဥက္ကာပျံသန်းခြင်း၊ မိုးကြိုးကျခြင်းမှစ၍ များစွာသော တိတ်ကြီး၊ နိမိတ်ကြီး၊ များလည်း ထင်လာသည်၊ နန်းတော်မှာ တစုံတရာ အထူးအဆန်း ဖြစ်ပေါ်လို့မှမယ်' ဤကဲ့သို့ တွေးတော ဆင်ခြင်တော်မူမိသည်နှင့် နန်းတော်သို့ ကြွလာတော်မူခြင်း ဖြစ်ပေသည်။

မင်းကျီးညိုလည်း လောကုတ္တရ ဆရာတော် ကြွလာတော် မူသောအခါ ဝမ်းမြောက်၊ ဝမ်းသာ လျှောက်ထား ပြောဆိုပြီးလျှင် 'တကာတော်မှာ ယခု-လပြည့်ကျော်တရက် ဗုဒ္ဓဟူးနေ့ လေးချက်တီးကျော်(နေဝင်ကျော်)အချိန်မှာ သားတော်တပါး ဘွားမြင်ပါသည်'ဟူ၍ လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်က သားတော်ဘွားမြင်သော အချိန်၌ ဂြိုဟ်နက္ခတ်တို့၏ တည်နေပုံကို နှိုင်းခြိန် ဆင်ခြင်တော်မူပြီးလျှင် 'တကာတော် ဘွားမြင်တော်မူသော သားတော် ရတနာမှာ ဘုန်းသမ္ဘာကြီး၍ မီးလျှံကဲ့သို့ တောက်ထွန်းပါလိမ့်မည်၊ ယမန်နေ့ကပြသော တိတ်ကြီး, နိမိတ်ကြီး,များလည်း သားတော်အတွက်ပြသော တိတ်, နိမိတ်ကြီး,များပင် ဖြစ်ပေသည်၊ ဘွားမြင်ပြီးသော အချိန်လောက်မှာပင် လျှင်မြန်စွာ လ,ဝန်း ထွက်ပေါ်ခြင်း၊ အမှောင် ကင်းပျောက်၍ အလင်းရောင်တောက်ခြင်း များသည်လည်း ဘုန်းမီး နေ့,လ,ကဲ့သို့ ထွန်းပရန် တိတ်နိမိတ်များပင် ဖြစ်ပေသည်'ဟု မိန့်တော်မူပြီးလျှင် '**သားတော်မှာ ဘွဲ့မည်များ** ရပါပြီလား' ဟု မေးမြန်းတော်မူသည်။

ထိုအခါ မင်းကျီးညိုက 'သားတော်၏ ဘွဲ့မည်ကို တကာတော်ကိုယ်တိုင် "တပင်ရွှေထီး" ရယ်လို့ ခေါ်ဆို သမုတ်ပြီးပါပြီဘုရား'ဟု လျှောက်ထားလေရာ ဆရာတော်သည် ထိုအမည်တွင် ပါရှိသော အက္ခရာ လေးလုံးကို "**တ-ပင်-ရွှေ-ထီး**" ဤကဲ့သို့ ရွတ်ဆိုကာ လက်ချိုး၍ ဆင်ခြင်တော် မူပြီးလျှင် မနှစ်သက်သော အမူအရာဖြင့် "တကာတော်မင်းမြတ် ဘွဲ့မည် ပေးလိုက်ခြင်း **ကား** မှားလေပြီ၊ သားတော်ရတနာမှာ ဘုန်းသမ္ဘာ အလွန့်အလွန် ကြီးမားပေလိမ့်မည်၊ သို့ရာတွင် "**ဘုန်းကြီးသော်လည်း-သက်မရှည်**" ဆိုသော စကားကဲ့သို့ ထီးသက်, နန်းသက်, ရှည်လိမ့်မည်မဟုတ်၊ အဆုံးစွန်တရက်မှာ အပျက်စီးကြီး ပျက်စီးရလိမ့်မည်။ ။ထီးညွန့်,နန်းဆက်,လည်း ပြတ်လိမ့်မည်'ဟု မိန့်တော်မူလေသည်။

(ဤသို့ ဆရာတော်ဘုရား မိန့်တော်မူခြင်း၏ အကြောင်းသော်ကား "**တ-ပင်-ရွှေ-ထီ**"ဆိုသော နာမည်၌ အစ၌လည်း "**စနေ**" အဆုံး၌လည်း "**စနေ**"ပိတ်၍ နေသည်၊ ထိုစနေသည် တပင်ရွှေထီး၏ ဇာတာ၌ "**ဗျာယ**"ဖြစ်သည်၊ ဗျာယဆိုသည်မှာ ပျက်စီးခြင်းပင်ဖြစ်သည်၊ ထိုစနေသည် 'အင္ဂါ'ခေါ်ဖြစ်၍ "**တေဇော**"မီးဂိုဏ်းဖြစ်သည်။ ။ဇာတာတွင် လဂ်နှင့် တနင်္ဂနွေများသည် တေဇောကြုံ၍ နေခဲ့ရာ ဘွဲ့မည်တွင် တေဇောနှစ်လုံး အစအဆုံး ပိတ်ပြန်သောကြောင့် မီးလွန်ကဲလျက် ရှိလေသည်။ ။ဇာတာ၌ စန်းကလည်း ဝါယောခေါ် စန်းဖြစ်၍ နေပြန်ရာ မီးခေါ်ကိုပင် အားပေးလျက် ရှိပြန်သည်။ ။ထို့ကြောင့် တေဇောခေါ် အတွက် ဘုန်းတန်ခိုး အာဏာ အလွန့်အလွန်ကြီးမားပေလိမ့်မည်။ ။**တေဇော်**ခေါ် ဂိုဏ်းဖြစ်သော မီးတွေ များလွန်း အားကြီးသဖြင့် အလျှင်အမြန်ပျက်စီးမည်ဟူ၍ ဆရာတော်ဆိုလိုရင်းဖြစ်ပေသည်။ ။'**တပင်ရွှေထီး**' ဟူသော အက္ခရာလေးလုံးတို့၌ အလယ်အက္ခရာ နှစ်လုံးဖြစ်သော "**ပင်ရွှေ**"တို့သည်လည်း "**ရေဗုဒ်**" ခေါ်ဖြစ်၍ အချင်းချင်း မသင့်သော လေခေါ်နှင့် မီးခေါ်ဖြစ်၍ နေသည်။ ။သို့ဖြစ်၍ အနိဋ္ဌ သင့်လျက် မကောင်းခြင်းနှင့် ကြုံပြန်ရလေသည်။

"**တ-ပင်-ရွှေ-ထီး**"ဟူသော အက္ခရာ လေးလုံးတို့တွင် '**တပင်**'ဆိုသော စကား၏ အဓိပ္ပါယ်သည်လည်း "**တခု**"ဟူသော အနက်ထွက်သည်၊ "**ထီး**"ဟူသော စကားသည်လည်း "**အသီးသီး**" ဆိုသကဲ့သို့ "**တခု**" ဟူသော အနက်ပင် ထွက်ပြန်သည်။ ။သို့ဖြစ်၍ မင်းဆက်ပြတ်အံ့ ဟူ၍ ဆရာတော်ကြီး မိန့်ဆိုတော်မူခြင်း ဖြစ်ပေသတည်း။

တပင်ရွှေထီး အက္ခရာလေးလုံးတို့တွင် ပါပဂ္ဂိုဟ် သုံးလုံးပါရှိ၍ သောမဂ္ဂိုဟ် တလုံးသာပါသည်။ ။ဓါတ်အားဖြင့် မီးဓါတ်နှစ်လုံး၊ လေဓါတ်တလုံး၊ မြေဓါတ်တလုံးဖြစ်၍ ဓါတ်ကြမ်းဖြစ်သော မီးနှင့် လေတို့က ပိုမိုသာလွန်၍ နေသည်၊ ဤအကြောင်း များကြောင့် 'တပင်ရွှေထီး' ဟူသော ဘွဲ့မည်ကို အသီတိဓါတ်ကိန်းကို သိမြင်၍ လောကီရေးရာ၌ များစွာ ကျွမ်းကျင်တော်မူသော လောကုတ္တရာဆရာတော်ကြီးက နှစ်သက်တော် မမူနိုင်ဘဲ ရှိလေသတည်း။ ။(ဗေဒင်သဘော, အသီတိဓါတ်သဘော, စပ်လျဉ်း၍ ဗဟုသုတ လိုလားသူတို့ မှတ်လိုက မှတ်ကြစေရန် ရေးသား ထည့်သွင်းလိုက်ရပေသည်)

ဆရာတော်လည်း ဤသို့ မိန့်ကြားတော်မူပြီးလျှင် နန်းတော်မှ ပြန်ကြွတော် မူလေ၏။ မင်းကျီးညိုသည်ကား "တပင်ရွှေထီး" ဟူသောဘွဲ့မှာ မိမိကိုယ်တိုင် လွန်စွာနှစ်သက်သော အမည်ဖြစ်သောကြောင့် ဆရာတော်ဘုရား မိန့်ကြားတော်မူသည်ကိုပင် များစွာ အလေးပြုတော်မမူဘဲ ထိုအမည်အတိုင်းပင် သားတော်ကို မှည့်ခေါ်သမုတ်တော် မူလေသည်။

## တပင်ရွှေထီး ဘွားမြင်ပြီး သုံးရက်မြောက်သောနေ့၌ ရှမ်းတို့ ကျွန်တော်ခံလာခြင်း

မိုင်းသောင် စော်ဘွားသည် တပင်ရွှေထီး ဘွားမြင်ပြီး၍ သုံးရက်မြောက်သော နေ့မှာ နောက်ပါ နောက်ပါ ရှမ်းတထောင် တို့နှင့်တကွ ဂျွမ်းလူမျိုးတို့ကိုပါ ခေါ်ဆောင်ခဲ့ပြီးလျှင် ကေတုမတီ မြို့တော်သို့ လာရောက်၍ မင်းကျီးညိုအား လက်ဆောင်ပဏ္ဏာ မြောက်မြားစွာနှင့် ကျွန်တော်ခံလာသည်။ ထိုအခါ မင်းကျီးညိုလည်း ငါ့သားတော်၏ ဘုန်းကြောင့် ဤကဲ့သို့ ရှမ်းများ ခိုဝင်လာသည်ဟု ဆင်ခြင်တော်မူပြီးလျှင် လက်ရုံးတန်းတော်မူလျက် "ငါနှင့်ငါ့သား လက်ရုံးနှစ်ပါး ပြိုင်ဆိုင်၍ နိုင်ငံတကာကို လုပ်ကြံလျှင် ခံနိုင်ရိုးလား" ဟူ၍ ကြိမ်းဝါးတော်မူသည်။

ဤအကြောင်းကိုရည်၍ မင်းတရား ရွှေထီးချောင်း၌ အောက်၌ပါရှိသောကဗျာကို စပ်ဆိုထားလေသည်။

"ကျော်သဲနတ်လူ၊ ဘွားတော်မူက၊ ဇမ္ဗူပွင့်ရန်၊ သည်လျှင်မှန်ဟု၊ ရွှေစွန်တိုင်းကား၊ မိုင်းသောင်စားလည်း၊ ဘုန်းအားပြွမ်းပြွမ်း၊ တထောင်ရှမ်းနှင့်၊ ဂျွမ်းတစုပုံ၊ ပြေးဝင်တုံရှင့်၊ ပြည့်စုံခပ်သိမ်း၊ ချမ်းငြိမ်းမတ၊ ‹ ›ရပ်သာ၊ ရှစ်မျက်နှာကို၊ ငါနှင့်ငါ့သား၊ နှစ်ပါးလက်ရုံးရန်နောင်ထုံးသို့၊ ပတ်ကုံးကျွန်းစည်၊ လှည့်လည်ထဲကြံ၊ မှတ်‹ ›ဘ်သံ၍၊ မင်းစံရှောင်မောင်း၊ မင်းကောင်းတို့မှု၊ ရွှေတိပြုသို့၊ သေတ္တုချက်ချက်၊ ရွှေပုခက်၌၊ စုံမက်လွန်ကြင်၊ ပျံ့ပျူးတင်မှ၊ ကျော်ထင်ကြေညာ၊ ဥပရာဟု၊ မည်သာရွှေထီး၊ တမှတ်ချီးသည်။ မင်းကြီးထည့်ရင်သွေး—ဘိုးတော့်မြေး"။

မင်းကျီးညိုမှာ ယခင်အခါ သားတော်ရတနာ မထွန်းကားဘူးဘဲ ထူးကဲသော တိတ်နိမိတ်တို့နှင့် သားတော် ဘွားမြင်လာသောအခါ လွန်စွာ အားရ နှစ်သက်တော် မူလှသဖြင့် ခမ်းနားကြီးကျယ်သော မင်းခမ်းမင်းနားတို့ဖြင့် ချီးမြှင့် မြှောက်စားတော်မူသည်။

ချက်ကြွေသောအခါ နန်းတော်၌ ကြီးကျယ်စွာ တပ်ဝင်းအခင်းအကျင်းများ ဆင်ယင်ပြီးလျှင် ပုခက်တင်မင်္ဂလာကို ကြီးကျယ်စွာ စီရင်တော်မူသည်။ ထိုပုခက်တင်မင်္ဂလာမှာပင် အိမ်

ရွှေ ဥပရာဇာအဖြစ်ဖြင့် သားတော်ကို နှင်းအပ်တော်မူသည်၊ အထိန်းဘော်, အချီတော်,တို့နှင့် တကွ၊ နို့ထိန်းများကို ရွေးချယ်၍ ခန့်ထားတော်မူသည်။ ဆင်ယာဉ်,မြင်းယာဉ်,မှစ၍၊ စိုးပိုင်တော်မူသမျှသော ဘဏ္ဍာတော်များကိုလည်း သားတော်အား အပ်နှင်းတော်မူသည်။

ပုခက်တင် မင်္ဂလာအခမ်းအနားတွင် မန္တရားအင်းအိုင်တတ်သောဆရာများကို ခေါ်တော်မူစေ၍ လောကီယတြာ အမျိုးမျိုးကို စီရင်တော်မူစေပြီးလျှင် သားတော်၏ ဘေးရန်,အန္တရာယ်ကင်းရှင်းကြောင်း ဘုန်းသမ္ဘာ တိုးတက်ကြောင်းကိုလည်း ဆောင်ရွက်တော်မူစေသည်၊ သမားတော်များကိုလည်း အသီးအခြား ခန့်ထားတော်မူသည်။ ရွှေသားပုခက်တော်မှာ နဝရတ်ကိုးပါး စီချယ်လျက်၊ နဂါးရုပ်, ခြင်္သေ့ရုပ်၊ ခြူးရုပ်, သံလျက်စွဲသော ဘီလူးတို့နှင့်တကွ ရွှေပန်းဆိုင်း, ပုလဲပန်းဆိုင်း, မြပန်းဆိုင်း, စိန်ပန်းဆိုင်း, ရွှေခြူး, ရွှေညောင်ရွက်များကိုလဲ ဆွဲထားစေသည်။ ပုခက်၏အထက်၌ အင္ဂမုခ်အင်း, စဥ္စာနဝအင်း သက်တော်ရှည်အင်း မှစ၍ အင်းပေါင်း များစွာကို ချစေပြီးလျှင် ဗိတာန် မျက်နှာကြက်ပွဲ၍ ထားတော်မူသည်။ဤမျှလောက်ပင် သားတော်တပင်ကို အရေးကြီးစွာ ယုယတော်မူပေသည်။

ဆိုခဲ့ပြီးသော အခမ်းအနားများကိုရည်၍ မင်းတရားရွှေထီး ချေင်း၌ အောက်၌ပါသော အတိုင်း ရာဇဗာဟုဘွဲ့ခံ စာဆိုပညာရှိ လေ့ာ်ကား သုံးထောင်မှူးက စပ်ဆိုထားခဲ့ပေသည်။

(၁) "ထွန်းဝင်းဘုန်းသစ်၊ ငါ့သားချစ်ဟု၊ ကောင်းနှစ်မြူတေ၊ ရွှေချက်ကြွေက၊ ရေမြေထိပ်မှာ။နန်းတော်သာ၌၊ လွှားကာ လေး,လုံ၊ အောက်ထက်ရံမှ၊ကျ ကျ ရွှတ်မန်း၊ကျမ်ခန်မှန်း၍၊ ဂဏန်းဟူးရား၊ သမားထက်ကြပ်၊ အထပ်ထပ်တည့်၊ နှိုးကပ်ကောင်းသည်၊ မည်ရည် မြောက်မြား၊ မတ်မယားနှင့်၊ ပိုက်ဖြားစေရ၊ ထိန်းရကျွန်ရှင်း၊ အားလုံးနှင်း၍၊ဆင်မြင်းယာဉ်သာ၊ရတနာကျိုကျ၊ ရှိသမျှကို၊ သီဟကြငှန်း၊ ပေးပြဋ္ဌာန်းလျက်၊ ထက်ဝန်းတိုင်းကား၊ ရည်မှတ်သားသည်။ ကိုယ်စားတည့် မှတ်တွေး-နောင်အရေး"။

(၂) "ရောင်တင်ပြိုးပြက်၊ ရွှေပုခက်ကို၊ ညောင်ရွက်လူလူ၊ ရွှေခြူးသဲသဲ၊ ရွှေပန်းဆွဲလျက်၊ ပုလဲမြဆိုင်း၊ တမှတ်တိုင်းဖြင့်၊ ရွှေကိုင်းချိတ်ကွေး၊ ရွှေတန်ပြေးမှ၊ ရွှေရေးရုပ်မှန်၊လည်ပြန်ခြင်္သေ့၊ ကောက်ကွေ့နဂါး၊ ယန္တရားတွင်၊ လေးပါးဘီလူး၊ ဆန်းတထူးလျှင်၊ ရွှေခြူးတင့်ယောင်၊ တန်ဆောင်ရွှေတိုင်၊ သံလျက်ကိုင်နှင့်၊ ရန်နိုင်အင်းကွက် ဗိတာန်ကြက်သည်။ နှောက်ယှက်တည့် မင်းရေး စင်အောင်ဆေး"။

## နေရောင်ပြည် စံနန်းတော်၌ သားတော်ကို အဘိသိက်သွန်းခြင်း

ထိုနောက်တဘန် မင်းကျီးညို ကြံစည်တော်မူပြန်သည်မှာ "နေရောင်ပြနန်းတော်ရာသည် ဘူမိနက်သန်မှန်၍ အောင်မြေဖြစ်ပေသည်။ ထိုနေရောင်ပြ နန်းတော်ရာသို့ သွားရောက်၍ ငါ့သားတော်ကို ဘိသိက်မြောက်ရလျှင် ဘုန်းတောက်ခြင်း အကြောင်းပင် ဖြစ်ပေသည်" ဟူ၍ ကြံစည်တော်မူပြီးလျှင် တပ်ဝင်းအစုံ မင်းခမ်း,မင်းနားအစုံ ကျင်းပတော်မူပြီးလျှင် နေရောင်ပြသို့ ထွက်တော်မူကြီး ထွက်တော် မူလေသည်၊ နေရောင်ပြ စံနန်းတော်သို့ ဆိုက်ရောက်တော်

မူရာ သားတော်ကို ရတနာအစုအပုံထက်၌ တင်၍ အဘိသေကမင်္ဂလာအခမ်းအနားကို ခင်းကျင်း ပြီးလျှင် အဘိသိက် သွန်းတော်မူလေသည်။

ဤအကြောင်းကို ရည်၍ မင်းတရားရွှေထီးဧချင်းတွင် အောက်၌ပါသောအတိုင်း စပ်ဆို ထားခဲ့ပေသည်။

"ဘုန်းခေါင် ထွန်းပ၊ နေရောင်ပြလည်း၊ ရွေးကမင်းဆက်၊ နန်းတက်ဘွယ်ရာ၊ မင်္ဂလာဖြင့်၊ သိင်္ဂါရဝေ၊ နန်းရာမြေ၌၊ သာထွေအမွန်၊ ရွှေသလွန်ထက်၊ ရောင်ဝှန်မင်းစံ၊ ရွှေပြာခံမှ၊ ကျောက် သံမျက်ကောင်း၊ ထောင်သောင်းဖြိုးတိ၊ မဏိစီခင်း၊ ဝင်းရရင်း၌၊ မယှဉ်းနတ်ဝယ်၊ ရှင်စံပယ်သော်၊ အံ့ဘွယ်ဆန်းပြား၊ နတ်ရှင့်သားကို၊ ငါးပါးပဥ္စင်၊ အိမ့်ရှင်လက်မြှောက်၊ တံပိုးကောက်နှင့်၊ ရှစ် ယောက်တောင်ဝေ့၊ သားမွှေးဘိနပ်၊ သင်းကျပ်အစုံ၊ ရွှေဘုံနန်းမြင့်၊ ပွင့်ချိန်သင့်၍၊ ရိုက်ဆင့်အိမ် ရှင်၊ သံထင်တံပိုး၊ မုရိုးဒုန်မင်း၊ ခရုသင်းနှင့်၊ ခွက်ခွင်းလက်မြှောက်၊ မိုးဘုံချောက်မျှ၊ထွန်းတောက် ကျက်သရေ၊ ပရမေဖြင့်၊ သပြေညွန့်လန်း၊ ရေသဖန်းထက်၊ ရွှန်းရွှန်းတေဇာ၊ မင်္ဂလာနိမိတ်၊ ဘိသိက်ရေကြည်၊ သွန်းအံ့ရည်သည်။ ရှစ်မည်တည့်နိုးဝေး-ပန်းနွယ်မွှေး"။

## ဘွားဘက်တော် တဆောင်ဖြင့် ချီးမြှောက်တော်မူခြင်း

ထိုနောက် နေပြည်တော် ကေတုမတီသို့ ပြန်လည်ဆိုက်ရောက်တော်မူသောအခါ မင်းကြီးညိုသည် "ရှေးအခါ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော မင်းမြတ်တို့မှာ သားတော်ရတနာ ဘွားမြင်လာသောအခါ ဘွားဘက်တော်သားတထောင်ကို ခန့်ထားတော်မူလေ့ရှိပေသည်၊ ဤနည်း အတိုင်း ငါ၏သားတော်အတွက်လည်း ဘွားဘက်တော် တထောင်ပြည့်အောင် ရွေးချယ်၍ ခန့် ထားတော်မူမည်' ဤသို့ ကြံစည်တော်မူပြီးလျှင် နေပြည်တော် ထက်ဝန်းကျင်၍ သားတော် တပင်ရွှေထီးနှင့် သက်ရွယ်တူမျှသော ဆွေကောင်း, မျိုးကောင်း, ရုပ်ဆင်း သဏ္ဍာန်ကောင်း ကလေးသူငယ်ပေါင်းတထောင်ကို ရွေးချယ်တော်မူစေသည်။ ရွေးချယ်၍ တထောင် ရရှိသော အခါ ထိုကလေးသူငယ်တို့၏ ဒိဘမျိုးရိုး စာရင်းနှင့်တကွ ရေးမှတ်တော်မူစေပြီးလျှင် ကလေး သူငယ်ပေါင်း တထောင်ကိုလည်း 'ဘွားဘက်တော် တထောင်' ဟူ၍ သေချာစွာ စာရင်းရေး မှတ်၍ ခန့်ထားလေသည်။

ထိုဘွားဘက်တော် တထောင်တို့တွင် မင်းကြီးဆွေ၏သား၊ "သျှင်ရဲထွတ်"လည်း ပါဝင် လေရာ ထို'သျှင်ရဲထွတ်'သည် ဘွားဘက်တော်ချုပ် ဖြစ်လေသည်။

(သျှင်ရဲထွတ်အကြောင်းမှာ ဤတပင်ရွှေထီး ဝတ္ထုတော်ကြီး၌ ထင်ရှားစွာပါရှိလတ္တံ့.)

## အထိန်းတော်ကြီးများ ခန့်ထားခြင်း

မင်းကြီးညိုသည် သားတော် တပင်ရွှေထီးအား များစွာ ချစ်ခင်ယုယ မြတ်နိုးတော်မူ သောအတိုင်း ချီးမြှောက်တော်မူနိုင်သမျှ အကြွင်းအကျန်မရှိ ချီးမြှင့်မြှောက်စားတော်မူပြီးလျှင်

မျိုးရိုး ဇာတိ မြင့်မြတ်သောသူတို့ကို ရွေးချယ်တော်မူပြီးလျှင် အထိန်းတော်ကြီးများ ကိုလည်း ထပ်မံ ခန့်ထားတော် မူလေသည်။ ထိုအထိန်းတော်ကြီးများမှာ အောက်ပါအတိုင်း ပင်တည်း။

(၁) မင်းကြီးဆွေ။
(၂) သျှင်နီတာ။
(၃) သျှင်သီဟ။
(၄) သျှင်ပတ္တမြား။
(၅) သျှင်နတ်တော်။

ဤအထိန်းတော်ကြီး ငါးဦးမှာ မင်းယောကျ်ားများ ဖြစ်ကြသည်။

(၁) ပြကောင်းကတော်။
(၂) စစ်ရန်အောင်ကတော်။

ဤအထိန်းတော်ကြီး နှစ်ဦးမှာ မင်းမိန်းမများ ဖြစ်ကြသည်။ ပေါင်းလျှင် အထိန်းတော်ကြီး ၇-ဦးဖြစ်သည်။

ဤအထိန်းတော်ကြီး ၇-ဦးတို့သည်ကား နို့ထိန်းတော်များကဲ့သို့ အမြဲမပြတ် ထိန်းသိမ်း ကြည့်ရှု နေရသည်မဟုတ်ချေ၊ သားတော်တပင်ရွှေထီးအား သူငယ်မှစ၍ ကြီးပြင်းလာသည်တိုင် အောင် မင်းရေး၊မင်းရာ တိုင်းပြည်နိုင်ငံရေး လောကီရေး၊ လောကုတ္တရာရေးတို့၌ လိမ္မာကျွမ်း ကျင်စေရန်နှင့် သားတော်၏ အသက်ရှည်စွာ ကျန်းမာရေးများအတွက် စောင့်ရှောက်ရေးများ ကို ကြည့်ရှုအုပ်ထိန်းရသူများ ဖြစ်ကြပေသည်။

မင်းယောကျ်ား အထိန်းတော်ကြီး ငါးဦးအနက် 'မင်းကြီးဆွေ' သည် နောင်တပင်ရွှေ ထီး မင်းအဖြစ်သို့ ရောက်သောအခါ 'မင်းရဲသိခ်သူ'ဟူသော ဘွဲ့နှင့် တောင်ငူဘုရင်ခံကြီး ဖြစ် လာသည်။

အထိန်းတော် 'သျှင်သီဟ'သည် 'စည်သူကျော်ထင်' ဟူသော ဘွဲ့နှင့် စလင်းမြို့စားဖြစ် လာသည်။

အထိန်းတော်'သျှင်နီတာ'သည် 'သတိုးဓမ္မရာဇာ''ဟူသော ဘွဲ့နှင့် ပြည်ဘုရင်ခံ ဖြစ်လာ သည်။

အထိန်းတော် 'သျှင်နတ်တော်'သည် 'ဘယနန်သူ'ဘွဲ့နှင့် မင်းကြီးတပါး ဖြစ်လာသည်။
အထိန်းတော် 'သျှင်ပတ္တမြား'မူကား မထင်ရှားချေ။

နို့ထိန်း ခန့်တော်မူရာတွင် မင်းကြီးဆွေ၏ ဇနီး သျှင်ရဲထွတ်၏ မိခင်သည် နို့ထိန်းကြီး အဖြစ်ဖြင့် ပါဝင်လေသည်။ အကြောင်းအရာ များမှာ နောက်၌ ထင်ရှားစွာ ပါရှိလိမ့်မည်။

## ငနွဲကုန်းခင်ဦးကို မိဖုယား မြှောက်တော်မူခြင်း

သားတော် တပင်ရွှေထီးကို ဘွားမြင်ပြီးနောက် မင်းကျီးညိုမှာ စကြာရတနာ ၇-ပါးတွင် တပါး အပါအဝင်ဖြစ်သော သားတော် ရတနာတပါး ထွန်းကားလာသည်နှင့် မခြားမြှောက်မြား ကြီးကျယ်စွာ ချီးမြှောက်တော်မူသည့်အတွက် ငနွဲကုန်းခင်ဦးမှာ လွန်စွာနှစ်သက်ခြင်းဖြစ်ခါ ရုပ်လက္ခဏာနှင့် ပုံပန်းများသည်လည်း ယုစန်းခေါ်တဲ့လကိုပင် ပြိုင်ယှဉ် အန်တု၍ နေသကဲ့သို့ ဖြစ်လေသည်။

**'တသားမွေး-တသွေးလှ'**ဆိုသော စကားအတိုင်း ခင်ဦးသည် သားတော်ရတနာကို ဘွားမြင်ပြီးနောက် သုံးလလောက် ရှိသောအခါ ရုပ်ဆင်းလက္ခဏာများသည် နဂိုအပျိုစင်တုန်းကထက် တိုးပြီး ပြေ့ပျောင်းသိမ်မွေ့စွာနှင့် အလှဂုဏ်တိုးတက်၍လာလေ၏။ အပျိုစင်ခေတ်မှာ ရုပ်လက္ခဏာများသည် သန်စွမ်းလှသဖြင့် တိုးတက်သော ရုပ်ဓာတ်က အားပေးလျက်ရှိသောကြောင့် ပြေ့ပျောင်းတန်သလောက် မပြေ့ပျောင်း၊ ကြော့မော့ တန်သလောက် မကြော့မော့ဘဲရှိခဲ့ရာ သားတော်ရတနာကို ဘွားမြင်ပြီးသောအခါ အနည်းငယ် လျော့ပါးသော ရုပ်အရှိန်သည် အလှဂုဏ်နှင့် ချိန်ကိုက်၍သွားသဖြင့် အပျိုဘဝ နဂိုကထက် ပြေ့ပျောင်း ကြော့မော့လာပြီးလျှင် အလှကြက်သရေများသည် ထူးထူးခြားခြား ကွန့်မြူးလာလေ၏။

သားရတနာ မဘွားမီအခါ အသားအရေ ပြည့်တင်းလှသဖြင့် မြသွေးအဆင်းကဲ့သို့ စိမ်းလဲ့သော အကြောကလေးများသည် မပေါ်နိုင်ဘဲ ငုတ်လျှိုး၍နေခဲ့ရာ သားရတနာ ဘွားမြင်ပြီးသောအခါ ထိုအကြောကလေးများသည် အသားနှင့် ဆန့်ကျင်ဘက်ပြု၍ ပေါ်လာကြရာ မြရည်သွေးပမာလွန်စွာလှပသောအကြောကလေးများလည်းပေါ်လာကြလေ၏။ထိုစိမ်းလဲ့သော သွေးကြောကလေးများသည် ရွှေပြားအပြင်မှာ မြနန်းချည်မျှည်ကို သွယ်တန်း၍ ထားဘိသော အလား ရွှေနှင့်တူသော အရေအသားပေါ်မှာ ထင်ရှားစွာပေါ်လာကြရာ အနီးသို့ကပ်၍ရှုတိုင်း ခင်ဦး၏အလှဂုဏ်ကို စုံလင်စွာ တွေ့မြင်နိုင်ကြကုန်၏။

ကနေ့သောအခါ မင်းကျီးညိုသည် ခင်ဦးအဆောင်တော်သို့ ထွက်စံတော်မူလာပြီးလျှင် သလွန်တော်ထက်၌ အတူစံတော်မူရင်း ခင်ဦး၏ရုပ်သွင်ကို ရှုစားတော်မူရာစိမ်းလဲ့သောအကြောကလေးများသန်း၍နေသည်ကို မြင်တော်မူသည်နှင့် မင်းကျီးညို၏စိတ်ထဲမှာ သာလိုပင် ချစ်ခင်မြတ်နိုးသော စိတ်တွေပေါ်လာပြီး လက်တော်နှင့် ယုယသုံးသပ်တော်မူကာ 'ရွှေမြေအပြင်မှာ မြရေယာဉ်စီးနေတဲ့ စမ်းချောင်းကလေးများကို အနွဲ့မြင်ဘူးရဲ့လား'ဟု ပြုံး၍ မေးတော်မူလေ၏။

ခင်ဦး-

'**အနွဲ့**ဖြင့် မမြင်ဘူးပါ၊ ညိုညိုမြင်တော်မူဘူးလို့ မိန့်တော်မူတာလား'

ညို-

'ဟို-ရှေးတုံးကတော့ မြင်တော်မမူပါဘူး၊ ယခုမှ မြင်တော်မူရပါတယ်'

ခင်ဦး-

'ဘယ်တုံးက မြင်တော်မူတာလဲ ညီညီ'

ညီ-

'ဘယ်တုံးက ဟုတ်ရမှာလဲ ယခုလက်ငင်း ရွှေအတိပြီးတဲ့ ရွှေတလင်းမှာ မြအဆင်းနှင့်တူတဲ့ စမ်းချောင်းကလေး မြင်တော်မူနေရတာပေါ့'

ခင်ဦး-

'မိန့်တော်မူတဲ့အလိုတော်ကို အနွဲ့ဖြင့် နားမလည်သေးပါညီညီ၊ ဘယ်လို မိန့်တော်မူလိုတဲ့အကြောင်းရင်းကို အလင်းဘွင့်မှ နားလည်ရမဲ့ အနွဲ့ပါ'

မင်းကျီးညိုက ပွေ့ပိုက် ယုယတော်မူပြီး-

'ဩော်-ပရိယာယ်နှင့် မိန့်ဆိုတော်မူတဲ့ စကားမို့ နားမလည်နိုင်ဘူးဆိုတာလဲ ဟုတ်ရှာပေလိမ့်မည်၊ သည်လိုပါ အနွဲ့ရဲ့ နဂိုရေအဆင်းဟာ ရွှေလိုဝင်းပြီး ဝါနေပါတယ်၊ ယခုတော့ ဝင်းဝါတဲ့အရေအဆင်းပေါ်မှာ မြသွေးပမာ လွန်စွာလှပတဲ့ အကြောကလေးတွေ သန်းနေတာကို မြင်တော်မူရပါတယ်။ အဲ-သို့အတွက်ကြောင့် 'ရွှေမြေတလင်းမှာ မြအဆင်းရှိတဲ့ စမ်းချောင်ကလေးတွေကို မြင်တော်မူရတယ်'လို့ ညီညီက မိန့်တော်မူတာပါ၊ အသွေးဝါတဲ့ ဂေါမုတ်ကျောက်ဝယ် မြကြိုးနွယ်သန်းနေသလိုဘဲ အနွဲ့ရဲ့၊ အဘယ့်ကြောင့် အလှဂုဏ် တိုးလာပြန်သလဲ'

ခင်ဦးက ပြုံးပြီး-

'ညီညီကလဲ သားတော်မြတ် ရတနာကို ရတော်မူတဲ့နေ့ကစပြီး ဝမ်းမြောက်ခြင်း သုခတိုးရုံမျှမက ဲ မိန့်တော်မူတဲ့ စကားလဲ အများကြီး တိုးလာပါပကော၊ ဘုန်းတန်ခိုး တေဇာမှာဖြင့် ပမာမပြနိုင်အောင် တိုးမှာဘဲနော် ဟုတ်လား ညီညီ'

ညီ-

အနွဲ့တင်တဲ့အတိုင်း ညီညီ့အပေါ်မှာ ဂုဏ္ဍာရုံအမျိုးမျိုး တိုးတက်လာတာ အမှန်ပါဘဲ၊ နေစမ်းပါအုံး အနွဲ့ရဲ့၊ သားတော်မြတ်ကို ဘွားမြင်ပြီးတဲ့အခါမှာ သာလို့အလှဂုဏ် တိုးလာတာက ဘာကြောင့်လဲ၊ စေ့စေ့ရှုစားတော်မူရလေလေ အမျိုးမျိုး အလှဂုဏ်နှင့် ရှုပါရုံ ကျက်သရေ ထင်ရှားလေလေပါကလား၊ အရေကောင်းတဲ့ ကျောက်မျက် ရတနာများဟာ ရှုလေ, ရှုလေ ကျောက်ရေ တက်, တက်လာသလိုဘဲ အနွဲ့ရဲ့'

ခင်ဦး-

ညီညီမေတ္တာတော်က အမျိုးမျိုးလှပအောင် ဖန်ဆင်းနေတာထင်ပါတယ်၊ အနွဲ့မှာတော့ နဂိုကအပျိုဘဝနှင့် မတူဘဲအမှုယိုယွင်းရျှိုးမင်းတဲ့အပိုင်းသို့ ညွတ်ကိုင်းလာပေါ့ထင်ပါတယ်ညီညီ၊ အကြောစိမ်းကလေးတွေ ပေါ်တယ်ဆိုတာ အိုရုပ်ပေါ်တဲ့ လက္ခဏာပါဘဲဘုရား ကျီစယ်တော်မူတာလား ညီညီ'

ညို-

အို-သည်လိုမထင်ပါနှင့် အန္တိရယ်၊ တကယ့်ကို တကယ် မြတ်နိုးဘွယ်ကောင်းတဲ့ အလှဂုဏ် တိုးလို့ ရိုးရိုးမိန့်တော်မူတာပါ အန္တိအပေါ်မှာ ဘယ်ခါမှ ပရိယာယ် သုံးတော်မမူပါဘူး။ ကောင်းခြင်းငါးဖြာ လက္ခဏာစုံလင်၍ ဂုဏ်အင်ပြည့်ဖြိုးတဲ့ မိန်းမရတနာများဟာ မဒိုမသတ် ဘဲ ပျိုရုပ်တွေသာ တိုးတိုးနေသတဲ့အန္တိရဲ့၊အင်းဝမြို့ကို တည်ထောင်တော်မူတဲ့ "သတိုးမင်းစော" ရဲ့ မိဖုယား "စောဥမ္မာ" နှင့် ဘုရင်မင်းခေါင်ရဲ့ မိဖုယား "စောဘုံမယ်" တို့ဟာလဲ ကြာလေကြာ လေ အပျိုရေ တိုးတက်လေဘဲတဲ့ အန္တိရဲ့၊ တို့-ရှေးတုန်းက 'ဝိသာခါ' တို့လို မိန်းမပျိုးမှာ တော့ ချီးမွမ်းဘွယ်ရာ အထူးမရှိတော့ပါဘူးပေါ့လေ။

ခင်ဦး-

'အန္တိမှာတော့ အလှဂုဏ် တိုးတယ် အလှဂုဏ် ညှိုးတယ်ဆိုတာကို ပမာဏမထားပါဘူး၊ အန္တိအပေါ်မှာ ညိုညိုရဲ့ မေတ္တာတန်ခိုး အဆင့်ဆင့် တိုးသည်ကိုသာ အရေးကြီးစွာ ပမာဏ ပြုရပါတယ် ညိုညို'

ညို-

'သည်အရာကိုတော့ ဘာမျှစိုးရိမ်တော်မမူပါနှင့်၊ ညိုညိုရဲ့ မေတ္တာတော်တွေ အညွန့် အခက်ဝေလှသဖြင့် ဦးခေါင်းနှိမ်လို့မရနိုင်အောင်ပင် ရှိနေပါတယ်'

ခင်ဦး-

'သည်လို မိန့်တော်မူတဲ့အတွက် အလွန်နှစ်သက်လှပါတယ်၊ အို-စကားမစပ် လျှောက် လိုတဲ့အချက်တခုကို လျှောက်တင်ရန် အခွင့်ပေးတော်မူမလား ညိုညို'

ညို-

အို-မျက်နှာစိမ်းကြီးလုပ်ပြီး အခွင့်တောင်းနေရသေးသလား အလိုရှိတိုင်း လျှောက်ထား စမ်းပါ အန္တိရဲ့'

ခင်ဦး-

ဟိုယခင်က ထားတော်မူတဲ့ သစ္စာကတိ....(စကား မဆုံးခင် မင်းကျီးညိုက) ဩော်- သား တော် ရတနာဘွားလျှင် မိဖုယားမြှောက်မယ်ဆိုတဲ့ ကတိဟာလား။ (ထိုသို့ မိန့်တော် မူရာ အန္တိက ပြုံး၍နေသည်)။

ညို-

မမေ့ပါဘူး၊ တမြေ့မြေ့ သတိရတော်မူလျက်ပါ၊ သားတော်မြတ် ရတနာကို မင်္ဂလာ နိမိတ်တော်ကြီးတွေပြ၍ ဘွားတော်မူတဲ့နေ့ကပင် ကြက်သရေရှိတဲ့ ရတနာညွန့်ဖူးကို အထူးသဖြင့် ချီးမြှင့်တော်မူဘို့ ကြံစည်ရင်း ထားပြီးပါ၊ ရက်ကောင်းမင်္ဂလာနှင့် အခါနေ့ရက်ကို တွက်ချက် ရွေးချယ်တော်မူဆဲပါ၊ မျှားမကြာမီ "ရာဇဒေဝီ" ဆိုတဲ့ ဘွဲ့နှင့် မိဖုယား မြှောက်တော်မူပါမယ် အန္တိရဲ့။

ဤသို့ မိန့်တော်မူပြီးလျှင် မင်းကျီးညိုလည်း ခင်ဦးအဆောင်တော်မှ ထွက်လာတော်မူခဲ့လေ၏။

ထို့နောက် စည်သူကျော်ထင် စသော မှူးမတ်များနှင့် တိုင်ပင်တော်မူပြီးလျှင် မိဖုယား မြှောက်တင်သော ပွဲသဘင် အခမ်းအနားများကို ကြီးကျယ်စွာစီရင်တော်မူပြီးလျှင် "ရာဇဒေဝီ" ဟူသော ဘွဲ့နှင့် မြှောက်နန်းမိဖုယား မြှောက်တင်တော်မူလေ၏။ ။နန်းမတော် မိဖုယားခေါင်ကြီး မဟုတ်ချေ၊ အဂ္ဂမဟေသီ မိဖုယားခေါင်ကြီးမှာ နှမတော် "စိုးမင်း" ဖြစ်ပေသည်၊ ရာဇာဒေဝီ-ဟူသော ဘွဲ့နှင့် မြှောက်နန်းမိဖုယား ဖြစ်သောအခါ ငန္ဒဲကုန်း ခင်ဦး မှာလည်း ဆောင်ယောင် ခမ်းနားနှင့်တကွ ထင်ရှားစွာ ကြီးကျယ် ထွတ်မြတ်ခြင်းသို့ ရောက်လေ၏။

မြှောက်နန်းမိဖုယားပင် ဖြစ်သော်လည်း ဘုန်းသမ္ဘာနှင့် ပြည့်စုံသော သားတော်ရတနာကို ဘွားမြင်သည့်အတွက် အထူးပင် ချီးမြှင့် မြှောက်စားခြင်းကို ခံရလေသည်၊ ထိုအခါမှ စ၍ **"ငန္ဒဲကုန်း-ခင်ဦး"** ဟူသော အမည်ရင်းပျောက်၍ **"ရာဇာဒေဝီ၊ ရာဇာဒေဝီ"** ဟူ၍ ထင်ရှား ကျော်စောလေသည်။

ထိုနေရာ၌ တပင်ရွှေထီး ဘွားမြင်တော်မူခန်းနှင့် ဘုန်းအာဏာများကို ဘွဲ့ဆိုထားသော ရှစ်ဆယ်ပေါ် တေးထပ်တပုဒ်ကို တွေ့ရှိဘူးသောအတိုင်း၊ အောက်၌ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

## 'တပင်ရွှေထီးဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်'

ရွှေထီးတပင် ဂုဏ်တေဇ၊ ဝသုန်မြေက သွက်သွက်ခါ၊ တစုံ နေလ-စက်-စကြာလို၊ ထက်မျက်သမ္ဘာ ထိန်လျှံဖြိုး။ ။ဘွားရင်းကိုက ကမ္ဘာတုန်တယ်၊ ရာဇာအစုံ ညွှတ်ဦးယိုင်လို့ကျိုး။ ဥက္ကာ-မီးနှင့် လျှပ်နွယ်ထိန်တယ်၊ နတ်နယ်ဝတိန် ဘုံတရိုး၊ မြတ်နွယ်အရှိန် ဂုဏ် တန်ခိုးကြောင့်၊ ဘုမ္မစိုး နတ်ဖြံရံရွှေ။ ။ထစ်ချုန်းချောက်ခါ ရှောက်ရှာကြဲ ကြောက်စရာဘဲ-ကြုံခဲ ကြုံရချေ။ လျှာစက်၊အာစက်၊ဖြာရုက်၊ဝေတယ် ကမ္ဘာ့ကြက်သရေ တံခွန်ညွန့်မို့၊ အလွန်အလွန် ရွှေထီး ဇနီနှာ၊ နေမီးရှိန်အဝါ။ ။ရွှေခေါ်ဝင့်လို ကြိမ်းလိုက်ပါလျှင်၊ သိန်းထိုက်ကမ္ဘာ ပျက်ပြုံးမယ်တဲ့လေး။ ။မာန် ချောင်းချောင်းနှင့် မျက်စောင်းပြင်လျှင် ဘဝဂ်ကောင်းကင် ပြိုကျမယ်တဲ့လေး။ ။

# အခဏ်း(၈)

## "ဘုရားဘက်တော်ကြီး သျှင်ရဲထွတ်"

ဟုန်းဟုန်းရှိန်ညီး၊ တောက်မည့်မီးကား၊ ရင်းနှီးနဂို၊ သူ့ပင်ကိုယ်က၊ လိုလိုဋ္ဌိစွဲ၊ တရဲရဲတည့်၊ လွန်ကဲထက်သန်၊ ဘုန်း,ကံ,ဥာဏ်,ဖြင့်၊ ရုံးအန်စိုက်ထူ၊ တလူလူတည့်၊ ပြိုင်သူဘက်ရှား၊ လွန်ထူးခြား၍၊ ကြီးပွားမည့်သူ၊ မှန်ပေမူက၊ စွဲယူသန္ဓိ၊ ဘွားဇာတိက၊ အာဒိရင်းတည်၊ ကောင်းညွှန့်စည်လျက်၊ ရုပ်ရည်တင့်တယ်၊ ပြည့်စုံဘွယ်လည်း၊ လွယ်လွယ်အသင့်၊ ပြည့်စုံလင့်သည်။ ။ ဘုန်းနှင့် ကံနှင့် သူပေကိုး။

သျှင်ရဲထွတ်သည်ကား အထိန်းတော် မင်းကြီးဆွေ၏သားဖြစ်သည်။ ။သက္ကရာဇ် ၈၇၇ ခု၊ တပို့တွဲလဆန်း ၁၂-ရက်၊ဗုဒ္ဓဟူးနေ့တွင် ဘွားမြင်သည်ဖြစ်၍ တပင်ရွှေထီးထက် သုံးလကျော်ကျော် ကြီးသည်။ ။(တပင်ရွှေထီးကား သက္ကရာဇ် ၈၇၈-ခု၊ ကဆုန် လပြည့်ကျော် ၁-ရက် နေ့တွင် ဘွားမြင်သည်။)

မင်းကျီးညိုက သားတော် တပင်ရွှေထီးကို နို့တော်တိုက်ရန် နို့ထိန်း ရွေးချယ်ထားသည်တွင် သျှင်ရဲထွတ်၏မိခင် မင်းကြီးဆွေ၏ဇနီးသည် နို့ထိန်းတော်ကြီးအရာတွင် ပါဝင်ရ လေ၏၊ သျှင်ရဲထွတ်၏မိခင် နို့ထိန်းတော်ကြီး၏ အမည်မှာ "သျှင်မျိုးမြတ်" ဟု ခေါ်သည်။ ဇာတိမှာ "တုရွှင်တိုင်" ရွာသူပေတည်း။

သျှင်ရဲထွတ်ကို ဘွားမြင်သော နေ့မှာပင် မင်းကြီးဆွေ သျှင်မျိုးမြတ်တို့၏ အိမ်လှေခါး အောက်ထပ်တွင် ပျားစွဲ၏၊ လျှောင်လည်း ၇-ကြိမ်တိုင်တိုင် လူပ်၏၊ နှင်းဝေ၍ တမိုးလုံးမှောင်၏။

ထိုနေ့မှာပင် မင်းကြီးဆွေ၏ ဆရာတော်ရင်း ဖြစ်တော်မူသော "အရှင်မဟိန္ဒ" သည် အိမ်သို့ ကြွတော်မူလာရာ တိတ်ကြီး, နိမိတ်ကြီး, များ ဖြစ်ပေါ်ကြောင်းနှင့် စကားစပ်မိသည်တွင် မင်းကြီးဆွေက "ယခုနံနက် နေတက် ၇-ဘွားအချိန်တွင် တပည့်တော်၏အိမ်မှာ သားယောကျ်ား ဘွားမြင်ပါသည်" ဟူ၍ လျှောက်လေ၏။

ဤလျှောက်ချက်ကိုကြားရာ ဆရာတော် အရှင်မဟိန္ဒက တိတ်, နိမိတ်, ကိန်းခန်းများကို ဆင်ခြင်တော်မူပြီးလျှင် ဤသို့ မိန့်တော်မူသည်၊ "မင်းကြီးဆွေ သင်၏သား ဘွားသောနေ့မှာ အိမ်လှေခါး၌ ပျားစွဲလာသော တိတ်,နိမိတ်,မှာ လွန်စွာ ကောင်းမြတ်လှပေသည်၊ သင်၏သားသည် လူလားမြောက်၍ ကြီးပြင်းလာသောအခါ တိုင်းသူပြည်သား လူများအပေါင်းတို့၏ မှီခိုရာကြီး ဖြစ်လိမ့်မည်၊ သင့်သား၏ ဘဝါးအောက်သို့ နိုင်ငံပေါင်းများစွာ ခိုလှုံရောက်လာကြလိမ့်မည်။ ။မြေငလျှင် တုန်လှုပ်သော တိတ်,နိမိတ်မှာ ဘွားမြင်သော သားကောင်းရတနာ

၏ ဘုန်းသမ္ဘာ ကြီးကျယ်ကြောင်းကို ဤမဟာပထဝီ မြေကြီးကပင် သက်သေခံသော အထိမ်းအမှတ်ပင် ဖြစ်ပေသည်၊ မြေပြင် အလုံးကို အုပ်စိုးနိုင်သော ဂုဏ်နှင့် ပြည့်စုံလိမ့်မည်၊ မဟာပထဝီ မြေကြီးကပင် ရှိဦးတင်ကာ ၇-ကြိမ်တိုင်တိုင် ကန်တော့တဲ့အသွင်ဖြင့် လှုပ်ရှားသည်မှာ ဤကမ္ဘာ မြေပြင်ပေါ်တွင် ရှိကြသော ထီးဆောင်းမင်း အပေါင်းတို့သည် သင့် သားကောင်း ရတနာကို ကျိုးနွံစွာ ဦးခိုက်ကြရလိမ့်မည်။

ဗုဒ္ဓဟူးနေ့တွင် မြေငလျင် တုန်လှုပ်သော ကိန်းခန်း တိတ်ထုံသဘောမှာ ဆင်ဖြူရတနာ ရောက်လာခြင်း ဆင်ဖြူကို အစိုးရခြင်း တိုင်း နိုင်ငံတကာတို့မှ သွီးကညာ ပဏ္ဏာ လက်ဆောင်တော်များ ရောက်လာလိမ့်မည်၊ "ဆင်ဖြူရှင်"ဟူသော ဘွဲ့ထူးကို ခံယူရလိမ့်မည် ဟူ၍ နိမိတ်ဘတ်တော်မူသည်။

(မှတ်ချက်။ ။ဗုဒ္ဓဟူးနေ့၌ မြေငလျင် တုန်လှုပ်လျှင် ဆင်ဖြူရတနာ ရောက်ခြင်း၊ တိုင်းကြီး ပြည်ကြီး,တို့မှ သွီးကညာ ဆိုက်ရောက်လာခြင်းများ ဖြစ်လိမ့်မည် ဟူ၍ ငလျင် လှုပ်ကိန်းကို ဟောသော တိတ်ထုံကျမ်းတို့၌ ပြဆိုလျက် ရှိသည်။ ။"ဗုဒ္ဓဟူးမူ ဆင်ဖြူရတနာ ကညာသွီး တိုင်းကြီးပြည်ဝေး ရောက်လာရေးတည့်"။ ။ငလျင်လှုပ်ဟောကိန်းလင်္ကာ။)

ထိုနောက် ဆက်လက်၍ မိန့်တော်မူပြန်သည်မှာ "ထူးခြားစွာ ဆီးနှင်းဝေ၍ မှောင်အတိ ကျခြင်းမှာ အေးမြစိုပြည်ကြောင်း ဖြစ်သော တိတ်ကောင်း, နိမိတ်ကောင်း,ပင် ဖြစ်သည်။ ။ ထူးခြားစွာ မွေးဘွားလာသော သားကောင်းရတနာ၏ ဘုန်းတန်ခိုးအားဖြင့် တိုင်း နိုင်ငံ,သာယာ၍ ရေစာ ပြည့်ဖြိုးလျက် မိုးလေဝသ ကောင်းမွန်လိမ့်မည်"ဟု ကိန်းခန်း တိတ်ထုံရှိသောအတိုင်း ဟောကြားတော်မူသည်။

ထိုနောက် ဆရာတော် အရှင်မဟိန္ဒသည် သားကောင်းရတနာ ဘွားမြင်သော အချိန်၌ ရပ်တန့်လျက်ရှိသော ဂြိုဟ်, နက္ခတ်, တို့၏ အကျိုးအပြစ် များကို စဉ်းစား ဆင်ခြင်တော်မူရာ လွန်စွာ ကောင်းမြတ်သော ဇာတ္တဂုဏ်, ဇာတ္တဂိုဏ်း, ကြုံ၍ နေသည်များကို ထင်ရှားစွာ သိမြင်တော်မူသောကြောင့် "မင်းကြီးဆွေ စိတ်သာချပေတော့၊ ကေန်ဒြ္ဒ အားဖြင့် သင့်သားသည် မင်းခေါင်, မင်းဖျား, မင်းတရားကြီး အစစ်အမှန် ဖြစ်လိမ့်မည်၊ မင်းတကာတို့ ခံယူခြင်းငှါ ခဲယဉ်းစွာသော "ဆင်ဖြူရှင်" ဟူသော ဘွဲ့ကို ခံယူပြီးလျှင် တဘက်ပိုင်ဘက်, ကင်း၍ အမင်းမင်းတို့၏ မကိုဋ်သရဖူနှင့် ထီးဖြူမှန်ကင်းဟူသမျှ သင့်သား၏ ခြေရင်းသို့ ဝပ်စင်းဦးနှိမ် ရလိမ့်မည်၊ အဆက်အနွယ်ဖြစ်သော မင်းများလည်း ထင်ရှားကျော်စောလိမ့်မည်။ ။ယခုဗုဒ္ဓဟူးနေ့တွင် ဘွားမြင်ခြင်းမှာလည်း တောင်ငူ-ကေတုမတီ သိုက်နှင့် ညီညွတ်လျက်ရှိသည်၊ ကေတုမတီ တောင်ငူသိုက်မှာ ဗုဒ္ဓဟူးနံရှိသော မင်းသုံးပါး အထင်အရှား ထွန်းကားလိမ့်မည် ဟူ၍ အဆိုရှိသည်၊ သင်၏ သားသည် ဗုဒ္ဓဟူးမင်းသုံးပါးတို့တွင် တပါး အဝင် ဖြစ်လိမ့်မည် ဟူ၍ ဗေဒင်ကိန်းခန်း ရှိသော အတိုင်း ဟောကြားတော်မူလေသည်။

"ရှေးတောင်ငူ သိုက်ဟောင်းကို ဤသို့ တွေ့ရဘူးသည်။"

(၁) ညီနောင်မြတ်စော၊ အရွှေတော၊ ကျောက်ဆောက်ရှင်ပင်၊ အနောက်ခွင်၊ လူရှင် ကြည်ဖြူ၊ မြို့တောင်ငူ။

(၂) ခပေါင်းချောင်းနှင့်၊ ပေါင်းလောင်းတခွင်၊ လွန်စည်ပင် ပြည်ခွင် တိုင်းကြီး တည်လတံ့ ။

(၃) ဆင်ဖြူသုံးစီး၊ ဘုန်းတန်းကြီး၊ နေမီးတန်းဆောင် ထွန်းလတံ့ ။

(၄) အနောက်ယော,ဆော၊ အရှေ့မော၊ တောင်တောသာယာ၊ သာသနာ၊ ရောင် ဝါ ထိန်ထိန် လင်းလတံ့ ။

(၅) နောက်ဆုံးဆင်ကြီး၊ စွယ်ရောင်ညီး၊ အမြီးရှည်သွယ်ဖါးလတံ့ ။

ဤသိုက်ဟောင်း၌ ဆင်ဖြူသုံးစီး ဆိုသည်မှာ ဗုဒ္ဓဟူးမင်းသုံးပါးကို ဆိုလိုသည်၊ ကေတု မတီ-တောင်ငူမြို့မှာ ဗုဒ္ဓဟူးမင်းသုံးပါး ထွန်းကားအံ့ဟု ဆိုလို၏။

"အနောက်ယော,ဆော"ဆိုသည်မှာ မြန်မာနိုင်ငံ၏ အနောက်တခွင် ဖြစ်သော ယော, ဆော,တီးလင်းစသော အစွန်အဖျား မြို့များကို ဆိုသည်။

"အရှေ့မော"ဆိုသည်မှာ မြန်မာနိုင်ငံ၏ အရှေ့တခွင်မှာရှိသော ရှမ်းပြည်အားလုံးကို ဆိုသည် (မော-ဆိုသောစကားသည် ရှမ်းပြည်ကို ဆိုသော စကားဖြစ်သည်)။ ။ယောပြည်, ရှမ်းပြည်မှစ၍ တော,တောင်တခွင်မှာ သာသနာထွန်းလင်းအံ့ ဆိုလိုသည်။

"နောက်ဆုံးဆင်ကြီး" စွယ်ရောင်ညီး၊ အမြီးရှည်သွယ် ဖါးလတံ့" ဆိုသည်မှာ ဗုဒ္ဓဟူး မင်း သုံးပါးအနက် နောက်ဆုံးဖြစ်သော ဗုဒ္ဓဟူးမင်းသည် ဘုန်းအကြီးဆုံးဖြစ်အံ့၊ အမျိုးအစဉ် အဆက် မင်းဖြစ်အံ့၊ မင်းသက်ရှည်အံ့ ဆိုလိုသည်။ ။နောက်ဆုံးဆင်ကြီးဆိုသည်မှာ "သျှင်ရဲထွတ်" ပင် ဖြစ်ချေသည်။

ဆရာတော် ရှင်မဟာ်ဒ္ဓသည် ဘော်ပြခဲ့ပြီးသော အတိုင်း ကိန်းခန်းရှိသည့် အလျှောက် ဟောကြားပြီးသောအခါ "မင်းကြီးဆွေ၊ သင်၏သားကို အမည်ပေးပြီးပြီလား"ဟု မေးတော်မူ ရာ မင်းကြီးဆွေက "အမည် မပေးရသေးပါ" ဟု လျှောက်လေ၏၊ ထိုအခါ ဆရာတော်က ခေတ္တစဉ်းစား နှိုင်းချိန်တော်မူပြီးလျှင်'ရဲထွတ်'ဟု မှည့်ခေါ်ရမည်ဟု မိန့်ဆိုတော်မူပြီးလျှင် သင်၏ သားကို ကောင်းစွာ မွေးမြူရမည် ကိုယ်အင်္ဂါလက္ခဏာများကို တစုံတရာမျှ ထိပါးခြင်းမရှိပါ စေနှင့် သတိကြီးစွာနှင့် စောင့်ရှောက်ပါ" ဟု မိန့်တော်မူပြီးလျှင် ကျောင်းသို့ ပြန်ကြွတော်မူ လေ၏။

(ဆရာတော်"ရှင်မဟိန္ဒ" ဆိုသည်မှာ အခြားမဟုတ်၊ လောကုတ္တရာ ဆရာတော်ကြီးပင် ဖြစ်သည်။ ဘွဲ့မည်မှာ "ရှင်မဟိန္ဒ"ဖြစ်သည် မင်းကျီးညိုက အမြတ်တနိုး ကိုးကွယ်သောကြောင့် "မင်းကြီးဆရာတော်"ဟူ၍ ခေါ်တွင်သည်။ ထိုဆရာတော်ကြီးသည် သျှင်ရဲထွတ်၏ ဘခင်ဖြစ် သော"မင်းကြီးဆွေ" နှင့်များစွာ အကျွမ်းဝင်တော်မူသည်။

မင်းကြီးဆွေလည်း ဆရာတော်ပေးသနားတော် မူခဲ့သောအတိုင်း ထူးထူးခြားခြားဘွားမြင် ၍လာသော မိမိသားကို"သျှင်ရဲထွတ်" ဟူ၍ပင်ခေါ်သမုတ်လေ၏၊ (ရဲထွက်-ဆိုသောအမည် သညာသည်ကား မြန်မာဘာသာစကားအားဖြင့် အလွန်ခန့်ညားစွာနှင့်မင်္ဂလာရှိ၍အနက်အဓိပ္ပါယ် အားဖြင့်လည်း ကြီးမြင့်မြတ်လေသည်။ "ရဲရင့်သေ‌ာသူတို့၏ အထွတ်အထိပ်"ဟုဆိုလိုသည်။)

သျှင်ရဲထွတ်ကို မွေးဘွားပြီး၍ သုံးလနှင့် လေးရက်ရှိသောအခါတွင် တပင်ရွှေထီးကို ဘွားမြင်တော်မူလာရာ သျှင်ရဲထွတ်၏ မိခင်သည်တပင်ရွှေထီး၏ နို့ထိန်းတော်ကြီးဖြစ်လေ၏။ သျှင်ရဲထွတ်၏မိခင်ဖြစ်သူ 'သျှင်မျိုးမြတ်''၏ ရုပ်အင်လက္ခဏာမှာ ကြီးခိုင်ဖွံ့ထွား၍ ခန့်ညား သောသဏ္ဍာန်ရှိသည် သန့်ပြန့်ကြည်လင်သော အရေအဆင်းနှင့်ပြည့်စုံသည်၊မမြည်းလွန်း၊မဖြူလွန်း၊ မဝလွန်း၊မပိန်လွန်း၊မမြင့်လွန်း၊မပုလွန်း ဤကဲ့သို့ အပြစ်ခြောက်ပါးမှ ကင်းသဖြင့် ပြည့်တင်းစို ပြည်သော အသားအသွေးနှင့်တကွ ကျန်းမာရေးဂုဏ်နှင့် ပြည့်စုံသည်၊ ကလေးသူငယ်တို့အား ဖွံ့ဖွံ့ထွားထွားနှင့် အင်အားပြည့်ဖြိုးစေရန် အီဆိမ့်ချိုမြိန်သော နို့ရည်လည်းရှိပေသည်။ ဤသို့ သောဂုဏ်အင်္ဂါနှင့် ပြည့်စုံသောကြောင့် မင်းကြီးညိုလည်း သားတော်တပင်ရွှေထီးကို နို့တော် တိုက်စိမ့်သောငှာ သျှင်မျိုးမြတ်ကို အထူးရွေးချယ်၍ ခန့်ထားတော် မူခြင်းဖြစ်လေသည်။

ရွေးကံရင်းနှီးလျှင် ချစ်ခြင်း ဖြစ်ပေါ်တတ်ပုံ ကိုပြဆိုသော—

''မှတ်ချက် ရှစ်လုံးဘွဲ့ကဗျာ''

ရွေးကံ ရင်းနှီး–အပြီး ပါသော်၊
တွေ့ဆုံ ရမြဲ-မလွဲ မချော်၊
မြင်လျှင် လေးမြတ်–သွေးဓါတ် နှီးဆော်၊
ချစ်ခင်ရိုး-အကျိုးဒိဋ္ဌပေါ်။

သားတော်တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့မိသားတစုတို့သည် ရှေးရှေးသောဘဝဟောင်းတို့ ကအကြောင်းဆက်သွယ်ကာ ကုသိုလ်ရေစက်ပါ၍ လာသည့်အလား များစွာချစ်ခင်ရန် ဖြစ်သော အကြောင်းများသည် ထင်ရှားစွာပေါ်လာလေ၏။

သားတော်တပင်ရွှေထီးသည် နို့ထိန်းတော်ကြီး 'သျှင်မျိုးမြတ်'၏ ရင်ခွင်သို့ရောက်လျှင် အလွန် ကြည်လင်လျက် ပျော်ရွှင်ခြင်းဖြစ်လာပြီးလျှင် သျှင်မျိုးမြတ်၏ မျက်နှာကိုသာ စိုက်ကာ, စိုက်ကာ,ကြည့်ရှုတော်မူလေ့ရှိသည်။ ကလေးသူငယ်တို့ မွေးတာ စိတ်လက်မကြည်သာဘဲ အလိုမကျ သော အရေးဖြင့်ပြင်းစွာငိုကြွေး၍နေသော်လည်း သျှင်မျိုးမြတ်က အချီတော်ဆက်၍ရင်ခွင်ထက်မှာ ပိုက်ပွေ့လိုက်ပါလျှင် မျက်နှာရတ်တရက်ပြောင်းပြီး ငိုကြွေးသော အမူအရာကို သတိမရသော လက္ခဏာနှင့်ပြုံးကာ,ရယ်ကာ, စံတော်မူလေ့ရှိသည်။ သျှင်မျိုးမြတ်၏ ရင်ငွေ့ဓါတ်ကို လှုံ့ရသည် နှင့်တပြိုင်နက် တပင်ရွှေထီးသည် မည်သူ့အချော့တော်,အချီတော်,များကိုမှ သတိရတော်မမူနိုင်ဘဲ၊ သျှင်မျိုးမြတ်၏ ရင်ခွင်ထဲမှာ အမြဲစံတော် မူလိုသော လက္ခဏာဖြင့် ခွဲခွာ၍ မရနိုင်အောင်ပင် ရှိလေသည်။

ကလေးသူငယ်တို့သည်ကား မိမိကို နှစ်သိမ့် ပျော်ပိုက် စေနိုင်သော ရင်ငွေ့နှင့်ကိုယ်နံ့ကို မှတ်သားလေ့ ရှိတတ်ကြသောအတိုင်း သားတော် တပင်ရွှေထီးသည်လည်း သျှင်မျိုးမြတ်၏ ရင် ငွေ့ဓါတ်နှင့် ကိုယ်နံ့များကို မှတ်သား စွဲလမ်းခြင်း ခိုင်မြဲနေသောကြောင့် အခြားနို့ထိန်း တော်များက အချီတော်ဆက်သည်ကိုပင် နှစ်သက်တော်မမူနိုင်ဘဲ ရှိလေသည်။ ။အခြားနို့

ထိန်းတော်များ၏ ရင်ခွင်သို့ ရောက်လျှင် တပင်ရွှေထီးသည် အချော့တော်ဆက်၍ မတိတ်နိုင်အောင်ပင် ငိုတော်မူလေသည်။

ထိုသို့ဖြစ်လေသောကြောင့် အခြားနို့ထိန်းတော်ကြီးများမှာပြည့်ရှင်မင်းတရားကြီးက ခန့်ထားတော်မူလိုသော နို့ထိန်းတော် အမည်ကို ရကြလေသည်၊ သူတို့၏ ရင်ခွင်ထက်မှာမူကား စက်တော်ခေါ်၍ ရွှင်ပျော် မြူးတူးခြင်းမရှိချေ။

သျှင်မျိုးမြတ်သည်ကား မိမိအပေါ်တွင် မိဖုရားနှင့်ခြား များစွာ ခင်မင်တော်မူလှသော သားတော် ရွှေထီးကို အမြဲပွေ့ပိုက်ကာ နို့တိုက် မွေးမြူတော်မူရလေသည်။ ။သားရင်းဖြစ်သူ သျှင်ရဲထွတ်မှာလည်း နို့ခွါသော အရွယ် မဟုတ်သောကြောင့် မိခင်ဖြစ်သူ 'သျှင်မျိုးမြတ်' သို့သာ ကပ်၍နေပြန်ရာ တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တုလွတ်အာဇာနည်ဖြစ်သော ယောကျ်ားမြတ်နှစ်ဦးတို့သည် သျှင်မျိုးမြတ်၏ ရင်ခွင်မှာ အတူယှဉ်ကာ ပျော်မြူး၍ နေကြလေသတည်း။

ရံခါရံခါန် လကျ်ာဘက် သားမြတ်ကို သားတော် တပင်ရွှေထီးကစို့၍ နေတော်မူရာ သျှင်ရဲထွတ်သည် လက်ဝဲဘက် သားမြတ်ကို စို့၍ နေတော်မူလေ၏၊ ရံခါရံခါန် လကျ်ာဘက် သားမြတ်ကို သျှင်ရဲထွတ်က စို့၍နေရာ သားတော်တပင်ရွှေထီးက လက်ဝဲဘက်သားမြတ်ကိုစို့ နေတော်မူလေ၏။ ။ယောကျ်ားမြတ်ကလေး နှစ်ဦးတို့သည် သျှင်မျိုးမြတ်၏ ရင်ခွင်မှာ အထူးချစ်ခင်ကာ တဦးမျက်နှာကို တဦးကြည့်ရင်း ပြုံးကာ, ရယ်ကာ, နှင့်သာ လွန်စွာပျော်ပါးကြလေသည်။

သျှင်ရဲထွတ်၏ ဘခင်ဖြစ်သူ မင်းကြီးဆွေသည် ဇနီးဖြစ်သူ သျှင်မျိုးမြတ်၏ ရင်ခွင်ထဲမှာ လကျ်ာနှင့်လက်ဝဲ အတူမကွဲ တွဲကာ တွဲကာ ဝမ်းသာကြည်လင်သော အမူအရာနှင့် နေထိုင်ကြသော ယောကျ်ားမြတ်ကလေး နှစ်ဦးကို မကြာမကြာ တွေ့မြင်ရာ အလွန်ဝမ်းသာ နှစ်သိမ့်ခြင်းဖြစ်ပြီး 'ငါ့သား သျှင်ရဲထွတ်ကလဲ ဗုဒ္ဓဟူးသား ဘုရင်မင်းမြတ် သားတော်ဖြစ်တဲ့ တပင်ရွှေထီးကလဲ ဗုဒ္ဓဟူးသား ဆင်ဖြူတော် နှစ်စီးဖြင့် ငါ့ဇနီး၏ ရင်ခွင်သို့ ရောက်နေတော့တာဘဲ။ ။ဆရာတော်ဘုရားကလဲ ငါ့သား၏ ကြီးမြင့်ရန်ကို အမှန်ကိန်းသေအားဖြင့် ဟောကြားတော်မူတယ်· သားတော် တပင်ရွှေထီးမှာတော့ တော်ကြီးရဲ့ ရင်သွေးဖြစ်လို့ အခြေအမြစ် ခိုင်တော်မူပြီးမို့ စင်စစ်ထွန်းကားဘို့ ဆိုတဲ့အရေးကို တွေးနေဘို့ မရှိပါဘူး၊ တပင်ရွှေထီးက ဘုန်းကြီးတဲ့ ဘုရင်ဖြစ်လျှင် သျှင်ရဲထွတ်ဆိုတဲ့ ငါ့သားလဲ ကြီးမားမြင့်မြတ်တဲ့ အခြေသို့ရောက်ပြီး ဘုန်းတောက်မှာ အမှန်ဘဲ၊ သည်ကိန်းနှင့်တော့ မလွဲနိုင်ပါဘူး။ ။ယခုအရွယ်ကလေးကစပြီး ရင်ခွင်တခုထဲမှာ အမြဲပျော်ပိုက်ပြီး သူတဘက်, ကိုယ်တဘက်, နှစ်သက်စွာ နို့စို့လာတဲ့ ယောကျ်ားမြတ်ကလေးနှစ်ဦးဟာ နေနှင့်လ ပုံပမာလို မခွာမခွဲဘဲ အတူတွဲပြီး အမြဲ ချင်ခင်ကြမှာအမှန်ဘဲ။ ။အသက်ရှည်စွာနှင့် ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ'။ ။ဤသို့ ဝမ်းမြောက် ဝမ်းသာ တွေးတောလျှက်အာဇာနည် ယောကျ်ားမြတ် နှစ်ပါးကို များစွာ ချစ်ခင်၍ နေလေ၏။

သားတော် တပင်ရွှေထီးက သျှင်မျိုးမြတ်ကို ကပ်လွန်း အားကြီးသည်နှင့် မင်းကြီးဆွေသည် သားဖြစ်သူ သျှင်ရဲထွတ်ကို ထိန်းရလေ၏။

ခမည်းတော် မင်းကျီးညိုသည့် နန်းတော်ပေါ်မှာ ရတနာ မြပုခက်တော်ကို ဆင်လျက် ဧးယာဥ်ကျူးကာ သားတော်ကို ဖျော်ဖြေစေပါသော်လည်း တပင်ရွှေထီးသည် နန်းတော်ပေါ်မှာ ပျော်ရွှင်တော် မမူနိုင်ဘဲ နို့ထိန်းတော် သျှင်မျိုးမြတ်ကိုသာ တမ်းတတော်မူလေ့ရှိသည်။ ။ ထီးဖြူအောက်တွင် ဆင်ယင်ကျင်းပ၍ ထားသော မြပုခက်တော်လည်း အချိန်နိုးကဲ့သို့ပင် ဖြစ်နေရသည်။ ။အဆိုတော်, အကတော်,များနှင့် တူရိယာ အမှုထမ်းတို့ကထူးဆန်းစွာ သီဆို, ယိမ်းနွဲ့ တီးမှုတ် ဖျော်ဖြေကြသော်လည်း ထိုဖျော်ဖြေခြင်းများကို နှစ်သက်တော် မူလိုသော လက္ခဏာ မရှိချေ။ ။သျှင်မျိုးမြတ်ကား မိမိရင်ခွင်မှာ ပိုက်ဖျား၍ 'ကြောင်ဘားရယ်တဲ့ မြီးတန်တို–' ဆိုသော သီချင်းရိုးကြီးဖြင့် ချော့မော့တော် မူသည်ကိုသာ လွန်စွာ နှစ်သိမ့်တော် မူလိုသော လက္ခဏာ ရှိလေသည်။

ဤအကြောင်းအရာများကို ခမည်းတော် မင်းကျီးညို သိတော်မူရာ 'ငါ့သား ရတနာသည် မင်းကြီးဆွေ, သျှင်မျိုးမြတ်, တို့နှင့် ရှေးကံ နီးစပ်တဲ့ လက္ခဏာဘဲ၊ နန်းတော်ပေါ်မှာပင် ပျော်ရွှင်လိုသော ဆန္ဒရှိဟန်မတူ၊ မင်းကြီးဆွေတို့ အိမ်မှာသာ လွန်စွာ ပျော်မွေ့၍ ဖူးထူး နှစ်သက်လေသည်၊ သားတော်၏ သဘောအတိုင်းပင် ချီးမြှောက်တော်မူမည်' ဟူ၍ ကြံစည်တော်မူပြီးလျှင် နန်းတော်အနီးတွင် အိမ်ကြီး တဆောင် အကြီးအကျယ် တခမ်းတနား ဆောက်လုပ်တော်မူပြီးလျှင် မင်းကြီးဆွေကို နေထိုင်ရန် သနားတော်မူလေ၏။

မင်းကြီးဆွေနှင့် သျှင်မျိုးမြတ်တို့လည်း ဘုရင်မင်းမြတ် သနား ချီးမြှင့်သော အိမ်မှာပင် နေထိုင်ကြရသည်၊ သားတော် တပင်ရွှေထီး၏ ချစ်ခင် မြတ်နိုးတော်မူခြင်းကို အစွဲပြု၍ မင်းကြီးဆွေနှင့် သျှင်မျိုးမြတ်တို့မှာလည်း ဘုန်းလာဘ် တိုးပွားပြီးလျှင် မျက်နှာ ပွင့်လန်းစွာနှင့် ကြက်သရေမင်္ဂလာ တိုးတက်ကြလေသည်။

တနေ့သောအခါ မင်းကျီးညိုက အထိန်းတော် မင်းကြီးဆွေကို ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ 'ငါ၏ သားတော် ရတနာသည် မင်္ဂလာရှိသော တိတ်ကြီး, နိမိတ်ကြီး, တို့ဖြင့် ဘွားမြင်တော်မူလာသည်၊ ငါ၏ ဦးခေါင်းတော်မှာ ထူးဆန်းသော ဆံတော်တချောင်း ပါ၍လာသလို သားတော်မှာလည်း ဆံတော်ထူးပါ၍လာသည်၊ ရုပ်လက္ခဏာများလည်း ထူးခြားသည်၊ ဆရာတော်နှင့် ပုဏ္ဏားတော်များကလည်း ထူးခြားမြင့်မြတ်သော နက္ခတ်, ဂြိုဟ်, စန်း, တို့ဖြင့် ကိန်းခန်း မြင့်မြတ်စွာ ဘွားမြင်ကြောင်းကို ဟောကြားတော်မူကြသည်၊ ငါ၏ သားတော်မှာ ငါ၏ ဘုန်းသမ္ဘာမျှမက အဆရာထောင် များမြောင် ကြီးကျယ်တော်မူမည်ကို ယုံကြည်တော်မူရင်း ရှိသည်'ဟု မိန့်ဆိုတော်မူသည်။

မင်းကြီးဆွေ–

'ယုံကြည်တော်မူသောအတိုင်းအမှန်ပင် ဖြစ်ပါတော့သည်ဘုရား ငယ်ရွယ်စဉ်ကပင် ကြည်လင်ခန့်ညား၍ ဣန္ဒြေတော်များလည်း ထူးခြားလှပါသည် ဘုရား'

မင်းကျီးညို–

'ငါ၏သားတော်မှာ မင်းကြီးဆွေတို့နှင့် ရှေးကံနိုးရင်းခဲ့သော လက္ခဏာ၊ လွန်စွာမြတ်နိုးတော် မူသည်များကိုလဲ အားရနှစ်သက်တော်မူတယ်'

မင်းကြီးဆွေ-

မှန်လှပါ သျှင်မျိုးမြတ် အချီတော်ဆက်မှ နှစ်သက်တော်မူသည့်အပြင် သျှင်မျိုးမြတ်၏ ရင်ခွင်မှာမှ ကြည်လင်တဲ့ အမူတော်များကို ထောက်လျှင် နောက်နောက် ဘဝတို့က နှီးရင်းကြတဲ့ လက္ခဏာပါ ဘုရား။

မင်းကျီးညို-

'မင်းကြီးဆွေမှာလဲ သားယောကျ်ားကလေး တယောက်ရှိတယ်ဆို မဟုတ်လား'

မင်းကြီးဆွေ-

'မှန်လှပါကြောင်းပါဘုရား'

မင်းကျီးညို-

'ငါ့သားတော်ထက် ဘယ်မျှလောက် ကြီးသလဲ'

မင်းကြီးဆွေ-

'သုံးလနှင့် လေးရက်ခန့် ကြီးပါကြောင်းပါ ဘုရား'

မင်းကျီးညို-

ဩော်-သူတို့ချင်းချင်းလဲ နှီးရင်းခဲ့တဲ့ ရေစက်အဟုန်ကြောင့်၊ ယခု ပေါင်းဆုံမိတဲ့ လက္ခဏာဘဲ အမည်ကိုတော့ ဘယ်လိုခေါ်သလဲ'

မင်းကြီးဆွေ-

'လောကုတ္တရာ ဆရာတော်ဘုရား၏ ပေးသနားတော် မူတဲ့အတိုင်း 'ရဲထွတ်'လို့ ခေါ်ပါတယ်'

မင်းကျီးညို-

အင်း-'ရဲထွတ်'တဲ့၊ အမည်ကဖြင့် အလွန်ကောင်းတာဘဲ၊ ငါ့သားတော်ရတနာ အထွတ်အမြတ်သို့ ရောက်တော်မူတဲ့အခါ ဘွားဘက်တော်ရဲဘော်တဦး ဖြစ်မှာပေါ့လေ၊ 'ရဲထွတ်' ဆိုတဲ့ အတိုင်း ထူးချွန်ရဲရင့်တဲ့ သူရဲကောင်းကြီး တဦး ဖြစ်လာပါလိမ့်မယ်၊ ဇာတာ စန်းလက်များကော တော်တော် ထက်မြက်ကဲ့လား'

မင်းကြီးဆွေ-

'ကျွန်တော်မျိုးမှာဖြင့် ကောင်းစွာ မသိပါဘုရား၊ လောကုတ္တရာ ဆရာတော်ကဖြင့် သင့်တင့်ရဲ့လို့ အမိန့်ရှိတော်မူပါသည် ဘုရား၊ (လောကုတ္တရာဆရာတော် ဟောသောအတိုင်း တင်လျှောက်လျှင် ဘုရင်မင်းကြီးညိုက သူ့သားတော်ထက် သာလွန်ကြောင်းကိုသိ၍ အလိုတော်မကျမည်ကိုစိုးသောကြောင့် အစုံအလင် မလျှောက်တင်ဘဲ ထိန်ချန်၍ လျှောက်လေသည်)

မင်းကျီးညို-

'လူ့ပြည်လောကမှာ စန်းလက်ဇာတာနှင့် ရုပ်လက္ခဏာညံ့ပြီဆိုမှဖြင့် ထွန်းထွန်းကားကား ဘုန်းမကြီးနိုင်ဘူး။ သို့ရာတွင် 'အရှင်တင့်-ကျွန်မြင့်' ဆိုတဲ့ စကားအတိုင်း အရှင်သခင်ဖြစ်တဲ့ ငါ့

သားတော်ရဲ့ အရှိန်ကိုမှီပြီး ဘွားဘက်တော် ရဲဘော်ကျွန်ရင်းဖြစ်တဲ့ မင်းကြီးဆွေရဲ့ သားမှာ လဲ မထွန်းကားဘဲ မနေနိုင်ပါဘူး'

မင်းကြီးဆွေ-

'မှန်လှပါ၊ အရှင်သခင် ကြီးကျယ်မြင့်မြတ်တိုင်း ငယ်ကျွန်တော် ရင်းတို့မှာ ကြီးမြင့်မြဲ ဓမ္မတာမို့ သားတော်၏ ဘုန်းကြီးကြောင်းကိုသာ အမြဲ ဆုတောင်း၍ နေရပါသည်ဘုရား'

ဤသို့ မိန့်ဆိုတော်မူပြီးလျှင် မင်းကြီးဆွေနှင့် သျှင်မျိုးမြတ်တို့အား ဆုလာဘ်များစွာ ပေးတော်မူပါသည်။

---

# အခန်း (၉)

(မှတ်ချက်။ တပင်ရွှေထီး ငယ်ရွယ်တော်မူစဉ်အခါ ရတနာပူရ အဝ နေပြည်တော်၏ အကြောင်းအရာများကို ဤ'တပင်ရွှေထီး ဝတ္ထုတော်ကြီး'မှာ ထည့်သွင်းဘော်ပြပါမည်၊ မဆိုင်သောအရာကို ထည့်သွင်းဖေါ်ပြရခြင်း မဟုတ်ပေ၊ ရတနာပူရ အဝနေပြည်တော်ကြီးနှင့် ကေတုမတီ-တောင်ငူ နေပြည်တော်ကြီးသည် ထိုခေတ်အခါ ထီးနန်းပြိုင်လျက်ရှိကြရာ၊ တိုင်းရေးပြည်ရေးနှင့် စစ်မက်အရေးတို့လည်း ဆက်သွယ်လျက် ရှိကြသည်။ ရှမ်းတို့၏ ဘေးရန်ကြောင့် အဝ နေပြည်တော်ကြီး ပျက်စီးတိမ်းယိမ်းခြင်းအားဖြင့် ကေတုမတီပြည်ကြီးလည်း ဘုန်းမီးတောက်လင်း၍ မြန်မာနိုင်ငံတော်ကြီးအတွင်းမှာ တုပြိုင်ဘက်ကင်းသောအဖြစ်သို့ ဆိုက်ရောက် လာရပေသည်၊ ဤသို့ အကျိုးအကြောင်း ဆက်သွယ်လျက် ရှိသောကြောင့် တပင်ရွှေထီး ငယ်ရွယ်စဉ်ခေတ်တွင် ဖြစ်ပျက်လျက်ရှိနေသော ရတနာပူရ အဝနေပြည်တော်၏ အရေးများကို ထည့်သွင်းရခြင်း ဖြစ်ပေသတည်း၊ တပင်ရွှေထီး၏ ခေတ်သည် 'မြန်မာရာဇဝင်၏ သည်းခြေ' ဟူ၍ ပြဆိုခဲ့သောအတိုင်း ဤ 'တပင်ရွှေထီး' ဝတ္ထုတော်ကြီးကို ဘတ်ရှုခြင်း အားဖြင့် မြန်မာ ရာဇဝင် တလျှောက်မှာ လွန်စွာ အရေးကြီးသော အချက်များကို ထင်ရှားစွာ သိနိုင်ကြမည် ဖြစ်ပေသတည်း)

## သက္ကရာဇ် ၈၈၅-ခု

ရတနာပူရ အဝနေပြည်တော်မှာ ရွှေနန်းကြော့ရှင် ဘုရင် နရပတိ စိုးစံတော်မူလျက် သက္ကရာဇ် ၈၈၅-ခုနှစ်တွင် မိုးညှင်းစော်ဘွား 'စလုံ'၏ ဘေး အန္တရာယ်ကြီး တွေ့ကြုံတော်မူရလေသည်။

အကြောင်းသော်ကား မိုးညှင်း စလုံသည် မြောက်ဘက်တခွင်မှာရှိသော ရှမ်းလူမျိုးတို့နှင့်တကွ ရှမ်းနယ်နှင့် တရုပ်နယ်စပ်မှာရှိသော ရှမ်းတရုပ်လူမျိုး, တရက်လူမျိုးကို သိမ်းသွင်း

စုဆောင်းပြီးလျှင် တပ်ပေါင်း တဆဲ့ငါးတပ်ဘွဲ့၍ မြန်မာပြည်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်လာလေသည်၊ မိုးညှင်း-စလုံ၏ ရဲမက်ဗိုလ်ပါများမှာ တိုက်ဆင်(၃၀၀)သုံးရာ၊ စစ်မြင်း(၆၀၀၀) ခြောက်ထောင်၊ စစ်သည်သူရဲပေါင်း (၁၀၀၀၀၀) တသိန်းရှိလေသည်၊ အသက်ကို အသက်မမှတ်သော ရှမ်းတရုပ်လူရိုင်းတို့ဖြင့် အပြင်း ချီတက်၍လာရာ၊ မြန်မာ စစ်သည်တော်များသည် ခုခံခြင်းငှါ မစွမ်းနိုင်ကြသဖြင့် မြေဒူးမြို့မှစ၍ ဆုတ်ခွါကြရလေသည်။ မိုးညှင်း ရှမ်းတို့လည်း အစွမ်းရှိသမျှသွန်ကြ၍ ခဲခဲမဲမဲ ဇွဲသန်သန်နှင့် မြန်မာတို့ ဆုတ်ခွာရာသို့ အတင်းလိုက်၍ တိုက်လေရာ ရွှေဘိုနယ် 'သရိုင်-အင်းဘဲ'သို့ တိုင်လေ၏၊ မြန်မာတို့မှာ ရှမ်းတို့ကို ခုခံခြင်းငှါ မစွမ်းနိုင်ကြကုန်။

မိုးညှင်း ရှမ်းတို့သည် သက္ကရာဇ် ဂဂ၅-ခုနှစ်တွင် အနိုင်ရလိုက်သော စစ်ပွဲကို ဆက်လက်၍ မတိုက်သေးဘဲ နောင်နှစ်အဘို့ ဆက်လက်၍တိုက်ခိုက်ရန် မြေဒူးမြို့တွင် အားအင်ဖြည့်တင်းကာ မိုးခို၍ နေကြလေ၏။ မိုးညှင်းရှမ်းတို့က မြန်မာတို့၏ လက်စွမ်းကို သိကြသည်နှင့် တိုး၍ အားတက်လာကြလေသည်။

## သက္ကရာဇ် ဂဂ၆-ခု

မိုးညှင်းရှမ်းတို့သည် သက္ကရာဇ် ဂဂ၆-ခုနှစ်တွင် မိုးခို၍နေသော မြေဒူးမြို့မှ စစ်သည်၊ အင်အား မြောက်မြားစွာနှင့် အတင်းနင်း၍ တိုက်လာကြရာ၊ စစ်ကိုင်းမြို့သို့တိုင် ရောက်လေ၏၊ မြန်မာတို့သည် ရှမ်းတို့နှင့် စစ်မျက်နှာချင်း မဆိုင်ဝံ့ဘဲ ရှမ်းစစ်လာပြီဟုကြားလျှင် ပြေးလွှားပုန်းရှောင် ကြရလေသည်။

ရွှေနန်းကြော့ရှင် ဘုရင်နရပတိလည်း ရှမ်းတို့ကို ထွက်၍ တိုက်တော်မမူဝံ့သဖြင့် အဝနေပြည်တော်ကိုသာ လုံခြုံစွာ ပြင်ဆင်၍ ခံတော်မူရလေသည်။

မိုးညှင်း ရှမ်းတို့သည် စစ်ကိုင်းမြို့မှာ စခန်းချရပ်ပြီးလျှင် ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့ ကိုးကွယ်သော ကျောင်း, ကန်, ဘုရား, ဇရပ်, တန်ဆောင်း စသော အဆောက်အဦများကို မီးတိုက်၍ ဖျက်ဆီးကြလေသည်၊ ထိုအခါ စစ်ကိုင်းမြို့မှာ များစွာ ပျက်စီးရလေ၏။

ထိုနောက် မိုးညှင်း ရှမ်းတို့သည် အဝနေပြည်တော်ဘက်သို့ ကူး၍မတိုက်ဘဲ ဧရာဝတီမြစ်၏ အနောက်ဘက်တခွင်ကို စစ်တံခွန်လွှင့်ပြီး သရက်မြို့သို့ တိုင်အောင် တိုက်ခိုက်လေရာ၊ ဧရာဝတီမြစ်၏ အနောက်ဘက် တလွှားမှာရှိသော မြန်မာနိုင်ငံတော်အလုံးသည် ရှမ်းတို့ ဘေးရန်ကြောင့် ပြုန်းတီးပျက်စီးခြင်းသို့ ရောက်ကြလေသည်။ မိုးညှင်း ရှမ်းတို့သည် သရက်မြို့မှာ တပ်စခန်းချ ရပ်ပြီးလျှင် ပြည်မြို့ကိုလုပ်ကြံရန် အားယူ၍ နေကြလေ၏။

## ပြည်ဘုရင် သတိုးမင်းစော၏ ဇာတိသွေး ညံ့ဖျင်းခြင်း နှင့် ကိုယ်ကျိုး လိုလားပုံ

ထိုအခါ ပြည်မြို့မှာ မြန်မာဘုရင်၏ ဆွေတော် မျိုးတော် အရင်းအချာဖြစ်သော 'သတိုးမင်းစော'သည် အုပ်စိုး၍ နေလေ၏။ ပြည်ဘုရင် သတိုးမင်းစောသည် မိုးညှင်း စော်ဘွား စလုံ၏

စွမ်းရည်သတ္တိကို ကြားရ၍ များစွာ ကြောက်လန့်ခြင်းဖြစ်သည်နှင့် ဗုဒ္ဓသာသနာကို ဖျက်ဆီးသော ရှမ်းလူမျိုးတို့၏ ရန်ကို ခုခံဖြိုဖျက်မည်ဟူ၍ သဘောမထားဘဲ အညံ့ခံကာ ရှမ်းတို့နှင့် ပူးပေါင်းလိုသောဆန္ဒ ဖြစ်ပေါ်လာလေသည်။ ထိုရှမ်းတို့နှင့် ပူးပေါင်းပြီးလျှင် ရတနာပူရ အဝ မြို့တွင် ဘုရင် လုပ်လိုသော စိတ်လည်း ဖြစ်ပေါ်လာလေ၏၊ ဤသို့ ဖြစ်ပေါ်သော အကြံအစည်များမှာ လွန်စွာ ယုတ်ညံ့၍ မိမိဇာတိမျိုးရိုး၏ အကျိုးမတန်ကြောင်း ဇာတိသွေး မရှိကြောင်းများကို ကိုလည်း ထင်ရှားစွာ ဖေါ်ပြခြင်းပင် ဖြစ်လေသည်။

ပြည်ဘုရင် သတိုးမင်းစောသည် လက်ဆောင်အများကို ယူဆောင်ပြီးလျှင် မိုးညှင်းစလုံ ရှိရာ သရက်မြို့သို့ လှေကားနှင့် ဆန်တက်လာပြီးလျှင် ရှမ်းတို့ လက်အောက်သို့ အညံ့ခံကာ ဝင်လေ၏။ ပြည်ဘုရင် သတိုးမင်းစောနှင့် မိုးညှင်း စလုံတို့ တွေ့ဆုံကြသောအခါ ပြည်ဘုရင်က လက်ဆောင်အများ ဆက်သပြီးလျှင် "ကျွန်ုပ်ကို နန်းတင်ပါ"ဟုဆို၏။ မိုးညှင်း စလုံက "အမှုကို ကူညီ၍ ထမ်းပါ အဝကိုအောင်ပြ်လျှင် သွေးသောက်ကို နန်းတင်ခဲ့ပါမည်၊ ကျွန်ုပ်မှာမူကား ဆင်ကောင်း, မြင်းကောင်း,များကိုသာယူ၍ မိုးညှင်းသို့ပြန်ပါမည်"ဟု ဆိုရာ ပြည်ဘုရင်ကလည်း လွန်စွာ ဝမ်းမြောက်သဖြင့် ဂတိအတိုင်း တည်ရန် မင်းနှစ်ပါး သစ္စာပြုကြလေ၏။

ထို့နောက် မိုးညှင်း စလုံက "ကျွန်ုပ်သည် ဧရာဝတီမြစ်၏ အနောက်ဘက်တခွင်ကို စစ်တံခွန်လွှင့်ခဲ့ရာ မြို့ရွာရှိသမျှ အောင်မြင်ခဲ့ပြီ၊ ယခုတဖန် ဧရာဝတီမြစ်၏အရှေ့ဘက်သို့ကူး၍ အဝ မြို့တော်တိုင်အောင် စစ်တံခွန် လွှင့်လိုပါသည်၊ သွေးသောက်က ကျွန်ုပ်၏ စစ်သည်ဗိုလ်ပါများကို မြစ်အရှေ့ဘက်သို့ ရောက်အောင် ရှက်ဆောင် ကူညီပါ"ဟု ဆိုလျှင် ပြည်ဘုရင်ကလည်း မိုးညှင်းစော်ဘွား၏စကားအတိုင်း အောင်ပန်း လှေတက် အများနှင့် ရှမ်း, စစ်သည်တို့ကို မြစ်အရှေ့ဘက်သို့ ပို့ရလေ၏။

(မိမိ၏ မြန်မာအမျိုးနှင့် မြန်မာနိုင်ငံကြီးကို ဖျက်ဆီးခြေမှုန်းရန် အရေးကိစ္စတွင် ပါဝင်ဆောင်ရွက်၍ ပေးသော ပြည်ဘုရင်မှာ လွန်စွာ ယုတ်ညံ့ရာ ကျလေသည်။ ဇာတိသွေးနှင့် ဇာတိဝိညာဉ်ရှိသော သူမှန်သမျှ စက်ဆုပ်ကြသော သဘောယုတ်မာမျိုးပင် ဖြစ်လေသည်)။

မိုးညှင်းစော်ဘွားသည် ဧရာဝတီမြစ်၏ အရှေ့ဘက်သို့ ကူးပြီးလျှင် ကုန်းကြောင်း ခရီးဖြင့် အဝမြို့တော်သို့ တိုင်အောင် ချီတက်လေ၏။ မြစ်၏ အရှေ့တခွင်မှာရှိသော မြို့ရွာများကိုလည်း တိုက်ခိုက် ဖျက်ဆီး ညှဉ်းဆဲလေသည်။

ပြည်ဘုရင် သတိုးမင်းစောသည်ကားစစ်သည်သူရဲပေါင်း လေးသောင်းနှင့် ရေကြောင်းက ဆန်တက်၍ အဝမြို့သို့ချီလာ၏။

မိုးညှင်းစော်ဘွားသည် ဧရာဝတီမြစ်ကိုကူး၍ အရှေ့ဘက် ကုန်းကြောင်းခရီးဖြင့် ချီတက်သည်ဟူသော သတင်းကိုကြားရ၍ တောင်တွင်းကြီးမှစ၍ မြို့ရွာအများအပြား ပြေးလွှား ပုန်းရှောင်ကြပြီးလျှင် အချို့မှာလည်း အဝနေပြည်တော်သို့ လာရောက်လေ၏။ အချို့လည်း တောင်ငူမြို့သို့ ပြေးဝင်လာကြကုန်သည်။

## "တောင်ငူ မင်းကျီးညို၏ လုံ့လ"

ရှမ်းစစ်သည်များ အထက်မြန်မာနိုင်ငံတော်အတွင်းသို့ ချင်းနင်းတိုးဝင်ပြီးလျှင် ဧရာဝတီမြစ်ရိုးတလျှောက် မြေထဲသရက်မြို့သို့ အရောက်တိုက်ဖျက်ကြောင်း၊ ယခုတဘန် ဧရာဝတီမြစ်၏ အရှေ့ဘက်သို့ကူး၍ စစ်တံခွန် လွှင့်ကြောင်းများကို မင်းကျီးညိုကြားတော်မူရာ မှူးမတ်သေနာပတိများကို စုညီစွာခေါ်၍ တိုင်ပင်တော်မူသည်မှာ-

မင်းကျီးညို-

"မိုးညှင်းစော်ဘွား 'စလုံ' သည့်ရှမ်းစစ်သည် ရှမ်းတရုပ် စစ်သည်ပေါင်း တသိန်းကျော်နှင့် အထက်မြန်မာနိုင်ငံတော်တခွင် ထက်ဝန်းကျင်မှစ၍မြေထဲ-သရက်မြို့သို့ ကျအောင် နှောက်ရှက်ဖျက်ဆီးပြီး ယခုတဘန် ဧရာဝတီမြစ်၏ အရှေ့ဘက်သို့ ကူး၍ 'စစ်ဦးဘီလူးပေါ' ဆိုသလို အောင်မြင်ရင်း လက်စရှိသည့်အတိုင်း ရမ်းကားဖျက်ဆီးသည်များကို ကြားရသည်၊ ပြည်ဘုရင် သတိုးမင်းစောဟာလဲ ရှမ်းတို့ဘက်က ကူညီပြီး ရတနာပူရမြို့ကို တိုက်ဖျက်မယ် ဆိုပါကလား"

စည်သူ-ကျော်ထင်-

"မှန်လှပါ မိုးညှင်းစော်ဘွားဟာ မြန်မာပြည်, ရှမ်းပြည်,နယ်စပ်တွင်သော အရိုင်းအစိုင်းများကို သိမ်းရုံး၍ မြန်မာပြည်အလုံးကို ခြေမှုန်းနေပါသည်ဘုရား၊ မိစ္ဆာလူမျိုး ဖြစ်တဲ့အတိုင်း ဇေရပ်,တန်ဆောင်း,ကျောင်း,ကန်,ဘုရား,များကိုလဲ မီးတိုက် ဖျက်ဆီးကြောင်းကိုကြားရပါသည်၊ ပြည်ဘုရင် သတိုးမင်းစောလဲ ရှမ်းဘုရင်ရှိရာ သရက်မြို့သို့လာပြီး လက်ဆောင်ပဏ္ဏာအများ ဆက်သကြောင်း၊ ရတနာပူရ အဝနေပြည်တော်ကြီးကိုကူညီ၍ တိုက်ရန် တာဝန်ခံ၍သစ္စာပြုကြောင်း၊ အဝမြို့ကြီးကို ရအောင်လျှင် ပြည်ဘုရင် နန်းတက်၍ စိုးစံမည် အကြောင်းများကို အထင်အရှားကြားသိရပါသည်ဘုရား၊မကွေးမြို့,ရေနံချောင်းမြို့,တောင်တွင်းကြီးမြို့မှစ၍ ရိုးမတောင်အနောက်ဘက်တွင် ရှိသော မြို့များတွင် နေထိုင်ကြသော တိုင်းသူ,ပြည်သား, လူများ အချို့လဲ ကျွန်တော်မျိုးတို့ တောင်ငူသို့ လာရောက် ခိုဝင်ကြပါသည်ဘုရား၊ ယခုအခါ မြန်မာပြည်မှာ ကမ္ဘာပျက်သည့်အလား၊ ကြီးမားဆိုးသွမ်းသော ဘေးကျမ်း အန္တရာယ်ကြီး ဆိုက်ရောက်၍ နေပါကြောင်းပါ ဘုရား"

(မင်းကျီးညိုက နှလုံးမသာသော အမူအရာနှင့်)

"အင်း- ဘေးလောင်းတော်ဘိုးလောင်းတော်အများတည်ထောင်၍ ထားတော်မူခဲ့တဲ့ ရတနာပူရ, အဝနေပြည်တော်ကြီးဟာ ယခုအခါ ရှမ်းတို့၏ ဘေးရန်ကြောင့် ကိန်းခန်းအလျှောက်ပျက်စီးခြင်းသို့ ရောက်မဲ့လက္ခဏာဖြစ်နေပြီ၊ ရှေးအခါ ပုဂံပြည်မှာ ဘေးလောင်းတော် တရုပ်ပြေးမင်းလက်ထက်ကလဲ တရုပ်တပ်ကြီး ဘီစီးလွှမ်းမိုးတဲ့အတွက် မြန်မာနိုင်ငံတော်ကြီး တကြိမ်ပျက်စီးခဲ့ဘူးတယ်။ ယခု ရွှေနန်းကြော့ရှင် ဘုရင်နရပတိ လက်ထက်မှာလဲ ရှမ်းတို့၏ အတွက်ကြောင့် ပျက်စီးရမည်ဆိုပါလျှင် မြန်မာလူမျိုး ဂုဏ်ရည်နှိမ်းညှိုး၍ သာသနာတော် တန်ခိုးမှိန်တော့မှာဘဲ။ ပြည်ဘုရင် သတိုးမင်းစောဟာ မဟာမျိုး, မဟာနွယ်, အစစ် ဖြစ်တော်မူပါလျက်သားနှင့် မျိုးရိုးဇာတိဂုဏ်ကို မထောက်ဘဲ ရှမ်းတို့လက်အောက်သို့ ဝင်ရတဲ့အရေးဟာ အလွန်သေးသိမ်ပါကလား မင်းကြီးတို့"

မင်းကြီးဆွေက လျှောက်တင်သည်မှာ-

"ပြည်ဘုရင်၏ သတင်းကို ကြားရသည်မှာ လွန်စွာရက်ဘွယ်ကောင်းလှပါသည်ဘုရား၊ ကိုယ်ကျိုးကို ငဲ့ကွက်၍ ကိုယ့်ဘက်သို့ဆွဲတဲ့ပြည်ဘုရင်ရဲ့ အတ္တဟိတစေတနာဟာ လွန်စွာ ယုတ်နိမ့်ကြောင်း ထင်ရှားလှပါသည် ဘုရား။ အမျိုးညွှတ်တဲ့သူတို့၏ လက်အောက်သို့ဝင်ပြီး ဘုရင်လုပ်ရခြင်းဆိုသည်မှာ- မိမိဘုန်း လက်ရုံးကို အသုံးမကျအောင် နှိမ့်ချ ဖျက်ဆီးခြင်း မှန်လှပါသည် ဘုရား။ တကောင်းမင်းရိုး သတိုးစင်စစ် ပြည်ခေတ္တရာ မဟာအရိမဒ္ဒန ပင်းယကြင်နှ်း အဝနေပြည်တော် ထီးနန်းတို့မှာ စံမြန်းတော်မူခဲ့ကြသော သာကီယနွယ်ဝင်မြန်မာဘုရင် မှန်သမျှ မည်သည့်အမျိုး၏ လက်အောက်သို့မှ မကျရောက် မသက်ဆင်းခဲ့ဘူးပါ။ လူတမျိုး၏ ဘုန်းရိပ်ကို ခိုလှုံပြီး၊ မိမိဂုဏ်ကို ချွန်အောင် သွေးခြင်းမှာ လွန်စွာ သိမ်ဖျင်းတဲ့အလေ့အကျင့်မျိုးပါဘုရား"

မင်းကျီးညို-

"အင်း-ပြည်ဘုရင် သတိုးဒင်းစောနှင့် စလေ့ ပုန်တောင့်ကို ချီစဉ်အခါက ကိုယ်တော်နှင့် အတူဆုံပြီး သစ္စာပြုတော်မူတုန်းကပင် စိတ်နေ့ သဘောထား မြင့်မြင့့် မားမား ရှိတော်မမူကြောင်းကို ကောင်းစွာ သိတော်မူခဲ့ရတယ်၊ မိုးညှင်းစော်ဘွားရဲ့ စစ်ကြီးဟာ တောင်ငူဘက်သို့ လှည့်၍များ လာလိမ့်မယ်လို့ မင်းကြီးတို့ ထင်မြင်ကြသလား"

စည်သူ-ကျော်ထင်-

"ကျွန်တော်မျိုးတို့ တောင်ငူဘက်သို့ လှည့်၍ချီဝံ့မည် မဟုတ်ပါ၊ အကယ်၍ တောင်ငူနယ် အတွင်းသို့ ချဉ်းနင်းဝင်ရောက်မည်ဆိုပါလျှင် ခြသေ့မင်းစံသော ဂူလိုင်အတွင်းသို့ မြေခွေးအယုတ်တမာ မှောက်မှား၍ ဝင်လာသည်နှင့်ပမာ တူနိုင်းဘွယ်သာ ရှိပါတော့သည် ဘုရား"

မင်းကြီးဆွေ-

"တောင်ငူနယ် အတွင်းသို့သာ ရှမ်းစစ်သည်တွေ ကျူးကျူး ကျော်ကျော် ဝင်ရောက်မည်ဆိုပါလျှင် ကေတုမတီမြို့တော်ကြီးအနီးသို့ ချဉ်းကပ်ဘို့နေနေသာသာ ရိုးမတောင် မကျော်ခင် ရှမ်းဘုရင်လုပ်သူ '**စလုံ**'နှင့် တကွ ရှမ်းစစ်သည်တော်များကို ကျွန်တော်မျိုးတို့ တောင်ငူအင်အားနှင့် ပိပြားပျက်ပြုန်းအောင် ဖျက်မှုန်း ကြိတ်ချေပါမည် ဘုရား"

မင်းကျီးညိုက အားရနှစ်သက်တော်မူသော လက္ခဏာဖြင့်-

"သားတော် တပင်ရွှေထီးရဲ့ အထိန်းတော်ကြီး လျှောက်တင်ချက်ကဖြင့် စစ်မက်အရေး ပြီသပါပေရဲ့၊ မြန်မာနိုင်ငံတော်အတွင်းသို့ ရှမ်းစစ်သည် အရိုင်းအစိုင်းများ ဝင်ရောက် ဖျက်ဆီးရာ တောင်ငူက ဘယ်သို့စီမံကြမလဲ"

စည်သူ-ကျော်ထင်-

"ယခု ဝင်ရောက်လာသော ရှမ်းစစ်သည်များမှာ မြေဒူးမြို့ ဒီပရင်းမြို့က စပြီး ပထမနိုင်ခဲ့ရင်းဖြစ်တဲ့အတွက် ရဲသွေးတက်၍ နေကြပါသည်၊ အဝနေပြည်တော်မှာလည်း ယခု အခါ ဗိုလ်ပါအင်အား သူရဲကောင်း နည်းပါးနေသဖြင့် ရှမ်းတို့၏ လွှမ်းမိုးခြင်းကို ခံရပါသည်၊ နိုင်

လက်စရှိသော စစ်သည်များလည်း အားတက်၍သာ နိုင်မြဲတိုင်း နိုင်လေ့ရှိပါသည်၊ ရှုံးလက်စ ရှိသော စစ်သည်များလည်း အင်အားသိမ်သေး၍ ကြောက်သွေးမွန်ကာ ရှုံးမြဲတိုင်း ရှုံးလေ့ ရှိတတ်ပါသည်၊ ရတနာပူရ အ၀နေပြည်တော်ကြီးကိုသာ ရှမ်းတို့အောင်မြင်ကြပါလျှင် မြန်မာ တခွင်လုံးကို ထုံးကဲ့သို့ မွှေနှောက်မည်ဖြစ်ပါသည်။ သို့ပါ၍ ကျွန်တော်မျိုးတို့ တောင်ငူမြို့က စစ်သည်အင်အား ပြည့်စုံစွာနှင့် အ၀မြို့တော်အထိ ရှိရှိသမျှသော နိုင်ငံတလွှား ရှမ်းစစ်သည် များ မရောက်ခင် အလျင်တဆော သိမ်းပိုက်တော် မူသင့်ကြောင်းပါ ဘုရား”

မင်းကြီးဆွေ–

“ယခု-ကျော်ထင်နော်ရထာ လျှောက်တင်ချက်မှာ လွန်စွာ သင့်လျော်လှပါသည် ဘုရား၊ ဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာနိုင်ငံတော်များကို တင်ကြို၍ သိမ်းပကားတော်မူခြင်းအားဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်ရာ ကျသည့်ပြင် မြန်မာအမျိုးနှင့် မြန်မာနိုင်ငံတော်ကိုလည်း စောင့် ရှောက်ခြင်းကိစ္စ ပြီးစီးပါသည်ဘုရား”

စည်သူကျော်ထင်–

“တောင်ငူမြို့တော်မှအ၀နေပြည်တော်သို့အထိ ရှိရှိသမျှသောမြို့ပြ,ပြည်ရွာ, များကို သိမ်း ပကားတော် မူပြီးလျှင် ရှမ်းတို့၏ အရိပ်အဆင်ကိုကြည့်၍ အလျင်တဆော တိုက်သင့်လျှင်လည်း ကျွန်တော်မျိုးတို့က ရှမ်းတို့ကို တိုက်ခိုက်နှင့်ထုတ်ပါမည်၊ နှေးနှေးကန်ကန် တိုက်လှန် နှင်ထုတ် သင့်ကလည်း နှေးနှေး တိုက်ခိုက်ပါမည်၊ ယခု အရေးကြီးသည်မှာ အ၀နေပြည်တော်သို့ တိုင် အောင် ကိုယ်တော်တိုင် ချီတက်တော်မူသင့်ကြောင်းပါ ဘုရား”

မင်းကြီးဆွေ–

‘မိုးညှင်းစော်ဘွားနှင့် ပြည်ဘုရင် သတိုးမင်းစောတို့၏ တိုင်ပင်ခြင်းမှာ အ၀နေပြည်တော် ကို တိုက်ခိုက်၍ အောင်မြင်လျှင် ပြည်ဘုရင်ကို နန်းအပ်၍ မိုးညှင်းစော်ဘွား ပြန်သွားရန် ဖြစ်ပါ သည်၊ ကျွန်တော်မျိုးတို့က အ၀နေပြည်တော်သို့ အထိ ချီတက်၍ အရိပ်အကဲကို ကြည့်ရပါ မည်၊ ပြည်ဘုရင်ကိုသာနန်းတင်၍ ပြန်သွားမည်ဆိုပါလျှင် ကျွန်တော်မျိုးတို့က အ၀နေပြည်တော် ကို တိုက်၍ သိမ်းပိုက်ပြီးလျှင် ပြည်ဘုရင်ဘမ်းရန် ဖြစ်ပါသည်၊ ပြည်ဘုရင်ကို ကျွန်တော်မျိုး တို့ ရပါလျှင် ပြည်မြို့ကို အရေးတခုယူ၍ တိုက်ရန်မရှိတော့ပါ၊ အလိုအလျောက် ရွှေလက်တော် သို့ ရောက်မည်ဖြစ်ပါသည်၊ သို့ပါ၍ အလျင်တဆော အ၀နေပြည်တော်သို့ ချီတက်သင့်ကြောင်း ပါ ဘုရား”

မင်းကျီးညိုက လျှောက်တင်ချက်ကို နှစ်သက်တော်မူသည်နှင့် “မင်းကြီးတို့ လျှောက်တင် ကြသည်မှာ လွန်စွာ သင့်မြတ်လှ ပေသည်၊ ကိုယ်တော်ကိုင်ပင် ချီတက်တော်မူမည်၊ သို့ရာတွင် ယခု သက္ကရာဇ်(၈၈၆)ခုနှစ်အတွင်းမှာ ရတနာပူရ အ၀နေပြည်တော်ကြီး ပျက်ကိန်းကြုံလိမ့်မည် မဟုတ်သေး နောင်လာမည့် သက္ကရာဇ်(၈၈၈)ရှစ်ရာရှစ်ဆဲ့ရှစ်ခု အတွင်းမှာမှ ဥသျှစ်သီးကို ထု ခြေသည့်အလား ရတနာပူရ အ၀နေပြည်တော်ကြီး ပျက်စီးလိမ့်မည် ဟူ၍ ဆရာတော် ဘုရား ကိန်းသေဟောထားသော အချက်ကို ယုံကြည်တော် မူသည်၊ စစ်ရေး ဆိုသည်မှာ တင်ကြို၍

သတိပြုခြင်းသာ ကောင်းပေသည်၊ ဗိုလ်ပါ၊ဆင်၊မြင်း၊သင်းပင်း၊အင်အား၊ ကိုသာ မြောက်မြား ခိုင်လုံစွာ ပြင်ကြလေ၊ ကိုယ်တော်တိုင် အမြန်ချီတက်တော်မူမည်”

ဤသို့ မိန့်တော်မူပြီးလျှင် မင်းကျီးညိုလည်း အတွင်းတော်သို့ ဝင်တော်မူ လေ၏။ ။ စည်သူကျော်ထင်လည်း အဝမြို့တော်သို့ ချီရန် ဆင်တပ်၊မြင်းတပ်၊ခြေလျင်တပ်၊များကို လက်နက် မျိုး ရိက္ခာအစုံနှင့် ပြင်ဆင်လေ၏။ ။ထိုစစ်တပ်များတွင် တောင်ငူမြို့ အရှေ့တခွင်မှာရှိသော ရှမ်းပြည်က စစ်သည်များလည်း ဝင်ရောက်၍ အမှုထမ်းကြလေသည်။

စစ်အင်္ဂါ ဆင်ယင်ကျင်းပပြီးသောအခါ စည်သူကျော်ထင်ကို ဗိုလ်ချုပ်ခန့်၍ မင်းကျီးညို ကိုယ်တိုင် တောင်ငူမြို့မှ ချီတက်တော်မူသည်။ ကေတုမတီမြို့တော်မှာ သားတော် တပင်ရွှေထီး ၏ အထိန်းတော်ချုပ်ကြီးဖြစ်သော မင်းကြီးဆွေကို မြို့စောင့်တပ်နှင့်တကွ တောင်ငူမြို့ကို စောင့် ရှောက်ရန် ထားတော်မူခဲ့သည်။

## ရတနာပူရ, အဝနေပြည်တော်ကြီး ပျက်စီး၍ ဘုရင်နရပတိ တိမ်းရှောင်တော်မူရပုံ

ရှေ့နန်းကြော့ရှင် ဘုရင်နရပတိသည် အဝမြို့တော်ကို တိုက်ဖျက်ရန် ချိန်ရွယ်၍ ချီလာ သော မိုးညှင်းစော်ဘွားကို မြန်မာတို့အင်အားမျှနှင့် ခုခံခြင်းငှါ မစွမ်းနိုင်ရာသော အကြောင်း ကို သိတော်မူသည်နှင့် မှူးမတ်တို့နှင့် တိုင်ပင်ပြီးလျှင် အုန်းပေါင် စော်ဘွားထံသို့ လက်ဆောင် ပဏ္ဏာနှင့် စေလွှတ်၍ စစ်ကူတောင်းရလေ၏။ ။မြန်မာဘုရင်များကို ကူညီလေ့ရှိသော အုန်းပေါင် စော်ဘွားလည်း မြန်မာဘုရင်က စစ်ကူတောင်းလာလျှင် “ငါ ကူညီထိုက်ပေသည်” ဟု စိတ်ကို ဆုံးဖြတ်ခါ တိုက်ဆင် (၁၀၀)တရာ၊ စစ်မြင်း(၆၀၀၀)ခြောက်ထောင်၊ စည်သူရဲ(၇၀၀၀၀) ရှစ်သောင်းနှင့် အဆောတလျင် အဝမြို့တော်သို့ ချီတက်လာ၏၊ အဝမြို့သို့ရောက်ရာ မြစ်ငူကို ဆင် မြင်း၊ ဗိုလ်ပါ ကူးနိုင်အောင် တံတားဘွဲ့၍ ကူးပြီးလျှင် “**တောင်ပလူ**” အရပ်က “လယ်ကြီး” အရပ်သို့ တိုင်အောင် တပ်စဉ်အတိုင်း ချရပ်၍နေသည်၊ အဝဘုရင်နှင့် အုန်းပေါင် စော်ဘွားတို့ လည်း မနောလင်ပန်းတွင် အတူ စားတော်ခေါ်ကြ ပြီးလျှင် ဝမ်းမြောက် ဝမ်းသာ နှီးနှော တိုင်ပင်တော်မူလေ၏။

အဝမြို့ မြန်မာတပ်တော်များကိုကုန်းတပ်ဘွဲ့တော်မူပြီးလျှင် ကုန်းတပ်တွင်“**ဘယကျော်သူ**” ကို ဗိုလ်မှူးခန့်၍ “**တက်မျှောချောင်း**”အရပ်က“**လုံးတော်ပေါက်**”တိုင်အောင် ရပ်တန့်၍ နေစေ ၏။ ။ရေတပ်တွင်“**သက်ရှည်ကျော်ထင်**”ကို ဗိုလ်ချုပ်ခန့်၍ တိုက်လှေ (၃၅၀)သုံးရာ့ငါးဆယ်၊ စစ်သည်သူရဲ (၃၀၀၀၀)သုံးသောင်းနှင့် ကျောက်တလုံးက ရပ်နေစေ၏။ ။(ထိုသို့ ကုန်းတပ်၊ ရေတပ်၊ဘွဲ့၍ ရပ်တန့်နေကြခြင်းမှာ ကုန်းကြောင်းချီလာသော မိုးညှင်းစော်ဘွားကို အုန်းပေါင် စော်ဘွားနှင့် ဘယကျော်သူတို့က တိုက်ခိုက် ဖြိုဖျက်ရန် ရေကြောင်းချီလာသော ပြည်ဘုရင် သတိုးမင်းစောကို သက်ရှည်ကျော်ထင်က တိုက်ခိုက်ဖြိုဖျက်ရန် ဖြစ်လေသည်)

မိုးညှင်းစော်ဘွား စလုံလည်း ဧရာဝတီမြစ်၏ အနောက်တခွင် အရှေ့တခွင်၊တွင် ရှိရှိသမျှ သော မြို့တို့မှ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ များကို သိမ်းရုံးပြီးလျှင် တိုက်ဆင် (၂၀၀)နှစ်ရာ၊ စစ်မြင်း

(၈၀၀၀)ရှစ်ထောင်၊ စစ်သည်သူရဲ(၁၅၀၀၀၀)တသိန်းငါးသောင်းနှင့် ချီလာပြီးလျှင် တံတားဦးက တပယ်ထောက်ရစ် တိုင်အောင်တပ်ချ၍ နေလေ၏။ ။ကုန်းတပ်နှစ်ဘက်ဆိုင်၍ နေသော်လည်း ငါးရက်တိုင်တိုင် မည်သူ့ကို မည်သူကမျှ မတိုက်ဘဲ အရိပ်အကဲကိုသာ ကြည့်၍ နေကြလေသည်။

ငါးရက်ရှိသောအခါ မိုးညှင်းစော်ဘွားစလုံသည် ဆင်စီးပြီးလျှင် ဘယကျော်သူ အုပ်ချုပ်သော တောင်ပလူဘပ်ကို စတင်၍တိုက်လေ၏၊ ဘယကျော်သူလည်း ဆင်စီး၍ပင် ခုခံတိုက်ခိုက်လေသည် ထိုတိုက်ပွဲ၌ ဘယကျော်သူသည် ဆင်ဦးကင်းထက်မှာပင် ရှမ်းတို့ပစ်လွှတ်သော လက်နက် သင့်၍ သေဆုံးရလေသည်။

(မှတ်ချက်။ ။ထိုဘယကျော်သူကား နေမိဘုံခန်း စသော ပျို့များကို ရေးသားတော်မူသည့် "ရှင်အဂ္ဂသမာဓိ"၏ ခမည်းတော်ပင်တည်း)

ဘယကျော်သူ ဆင်ဦးကင်းမှာ ဆုံးကြောင်းကို သိလျှင် မိုးညှင်းရှမ်းတို့လည်း အားတက်သရော ဖြစ်ပြီးလျှင် သွေးကြွ၍ အတင်းတိုက်ခိုက်ကြကုန်၏၊ မိုးညှင်းစော်ဘွားကလည်း ကိုယ်တိုင် ဓါးလွှတ်ကိုင်ကာ ဓါးပြ၍ ရှမ်းစစ်သည်များကိုကြီးကြပ်လေသည်။ ။မိုးညှင်းစော်ဘွား၏အာဏာ ပြင်းထန်လှသောကြောင့် ရှမ်းစစ်သည်များက အသက်ကိုအရေးမထားဘဲ အတင်းနင်း၍ တိုက်ကြရာ မြန်မာတပ်နှင့် အုန်းပေါင်တပ်များက ခုခံကြပါသော်လည်း မခုခံနိုင်ဘဲ အဝမြို့တွင်းသို့သာ အတင်းပြေးဝင်လာကြရကုန်၏၊ ထိုအခါ မိုးညှင်းရှမ်းတပ်များသည် အဝမြို့ကို ဝန်းရံကြလေ၏။

ထိုညအချိန်မှာ အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားတို့လည်း ခုခံသော်လည်း အောင်မြင်နိုင်ဘွယ်သော အကြောင်းမရှိ၊ သည်တပွဲမှာ တိမ်းရှောင်၍ နေမှ သင့်တော့မည်ဟု တိုင်ပင်ကြပြီးလျှင် ညတွင်းချင်းမှာပင် စုရုံးမိသမျှသော စစ်သည်တော်များနှင့် မိဖုယား,မောင်းမ,မိဿံ,များကို ခေါ်၍ မြို့တော်က ထွက်ပြီးလျှင် **'ဆင်ခေါင်း-ဝက်ဝင်'** အရပ်သို့ တိမ်းရှောင်တော်မူရလေသည်၊ အုန်းပေါင်စော်ဘွားလည်း အဝဘုရင်နှင့်အတူ ပါရလေသည်။

ညတွင်းချင်းပင် မြို့တော်မှ ရုတ်တရက် ထွက်သွားတော်မူရသဖြင့် ရှစ်နှစ်ရွယ် မျှသာ ရှိသော သမီးတော် **"သီရိဘုန်းထွတ်"** မှာ ခမည်းတော်နှင့် အတူ မပါရဘဲ နန်းတော်ထဲမှာ ကျန်ရစ်တော်မူရှာသည်၊ လွန်စွာ သနားဘွယ်ကောင်းလေစွ။

ကျောက်တလုံးရေတပ်တွင်ခံ၍ နေသော သက်ရှည် ကျော်ထင် လည်း ရွှေနန်းကြော့ရှင်ဘုရင်နရပတိ မြို့တော်မှထွက်၍ တိမ်းရှောင်တော်မူရကြောင်းကိုကြားလျှင် အရှင်ရှိရာသို့ ပေါင်းမည်ဟု ရေတပ်ကိုဖျက်ပြီးလျှင် ကုန်းတပ်ဘွဲ့ကာ ဆင်ခေါင်း-ဝက်ဝင် သို့ ချီသွားရလေသည်။

ပြည်ဘုရင် သတိုးမင်းစော၏ ရေတပ်များသည်ကား သက်ရှည်ကျော်ထင်တို့ ရေတပ်ဖြုတ်၍ နောက်တရက်မှ ဆိုက်ရောက်လာ၏၊ တစုံတရာ တိုက်ခိုက်ရသည် မဟုတ်ချေ။

မိုးညှင်းစော်ဘွား စလုံလည်း အဝဘုရင် ထွက်သွားကြောင်းကို သိလျှင် မြို့တော်သို့ဝင်၍ ထီးနန်းနှင့်တကွ သိမ်းယူလေ၏၊ မိသမျှသော မြန်မာများကိုလည်း သုံ့ပန်း အဖြစ်ဖြင့်

တယောက်မကျန် ဘမ်းလေသည်၊ အချို့လည်း မြို့တော်က ထွက်ပြေးကြပြီးလျှင် ဘေးကင်းရာ ဖြစ်သော တောင်ငူသို့ သွားကြလေသည်၊ အဝနေပြည်တော်ကြီးမှ ပြေး၍ လာသော သူများ လည်း စစ်ချီ၍လာသော မင်းကျီးညိုထံသို့ ခိုဝင်ကြလေသည်။

ရတနာပူရ အဝနေ ပြည်တော်ကြီးကို မိုးညှင်းစော်ဘွား သိမ်းပြီး၍ နောက်တရက်မှ ပြည်ဘုရင် သတိုးမင်းစော အဝသို့ရောက်လာသည်။

ပြည်ဘုရင် သတိုးမင်းစော အဝသို့ ဆိုက်ရောက်လာသောအခါ မိုးညှင်း စော်ဘွားက "သွေးသောက်နှင့် သစ္စာကတိရှိသောအတိုင်း အဝမြို့ကို သွေးသောက်ပင် အုပ်ချုပ်စိုးစံပါ" ဟု ပြောဆိုပြီးလျှင် ပြည်ဘုရင် သတိုးမင်းစောကို နန်းတင်လေ၏။ ။ထိုနောက် သုံးရက်မြောက်သော အခါ မိုးညှင်းစော်ဘွားသည် အဝမြို့တော်မှရသော ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက်ကောင်း ရတနာကောင်းများကို ရွေးချယ်၍ ယူလေသည်၊ သို့ပန်းဘမ်းထားသော မြန်မာများကိုလည်း လွှတ်လေသည်။ ။ဤသို့ စီရင်ပြီးလျှင် ရှမ်းတပ် အလုံးကို သိမ်း၍ မိုးညှင်းသို့ ပြန်လေ၏၊ (မိုးညှင်းစော်ဘွားသည် ရက်စက်ကြမ်းကြုတ်သော်လည်း၊ ကတိသစ္စာအတိုင်း တည်ပါပေသည်)

## ပြည်ဘုရင် သတိုးမင်းစော ပြန်လည်တော်မူခြင်း

ရွှေနန်းကြော့ရှင် ဘုရင် နရပတိသည် အုန်းပေါင် စော်ဘွားနှင့်တကွ ဆင်ခေါင်း-ဝက်ဝင် အရပ်ဘွဲ တပ်နှင့်အသင့်ရှိနေသည်ဟု ကြားသိရာ မိမိမှာလည်း အားကိုးရာဖြစ်သူ မိုးညှင်း စော်ဘွားမရှိသောကြောင့် အဝမြို့တော်တွင် ဘုရင်လုပ်၍ နေရန် မရဲမဝံ့ ကြောက်ရွံ့သောစိတ် ဖြစ်ပေါ်လာလေ၏။

ပြည်ဘုရင် သတိုးမင်းစော တွေးတော ဆင်ခြင်သည်မှာ "ယခုငါမှာ အဝမြို့ကိုရသော် လည်း ပိပိပြားပြား အုပ်စိုးနိုင်ရန် အခြေခံ မလုံလောက် ဖြစ်ချေသည်၊ အဆွေတော် မိုးညှင်း စော်ဘွားလည်း ငါ့ကိုစွန့်၍ သွားလေပြီ၊ ရွှေနန်း ကြော့ရှင်လည်း စစ်အင်အား များစွာနှင့် ဆင်ခေါင်း-ဝက်ဝင် အရပ်မှာရှိသည်၊ အုန်းပေါင် စော်ဘွားကလည်း ရှမ်းစစ်သည် အများနှင့် အဝဘုရင်ဘက်က ကူညီတိုက်ခိုက်ရန် အသင့်ပင်ရှိနေသည်၊ ယခု ငါ့မှာရှိသောစစ်သည်အင်အား ကလည်း အုန်းပေါင်စော်ဘွားနှင့် ရွှေနန်းကြော့ရှင်ကို ခုခံဖြိုဖျက်ခြင်းငှါ စွမ်းနိုင်မည်မဟုတ်၊ ငါ့တပ်ကိုငါရုပ်၍ နေရင်းဌာနသို့သာ ပြန်မှသင့်မည်" ဤသို့ ကြံစည်ပြီးလျှင် မိုးညှင်းစော်ဘွား မလိုချင်၍ ချန်ထားခဲ့သော ဆင်၊ မြင်း၊ များစွာနှင့် ပစ္စည်းဘဏ္ဍာတို့ကို သိမ်းယူလေ၏။ ။ ထို့ပြင်လည်း ရွှေနန်းကြော့ရှင် ဘုရင် နရပတိ၏ ဓမ္မာဒေဝီ မိဖုယားမှ ဘွားမြင်သော ရှစ်နှစ်ရွယ်ရှိ သမီးတော်ကလေး "သိရိကုန်းထွတ်" ကိုလည်း သမီးတော်အမှတ်ဖြင့် သိမ်းပိုက်တော် မူလေသည်၊ ဤသို့ အလိုရှိသမျှကို သိမ်းယူတော်မူပြီးလျှင် ပြည်သို့ စုန်ဆော်မူလေသတည်း။

ပြည်သို့ စုန်တော်မူရာ မြန်မာနိုင်ငံတော်တွင် ပုဂ္ဂိုလ်ကျော် တပါး ဖြစ်တော်မူသော 'ရှင်မဟာ ရဋ္ဌသာရ' ကိုလည်း ပင့်ဆောင်၍ သွားလေသည်၊ ရှင်မဟာရဋ္ဌသာရသည် ပြည်မြို့သို့ ရောက်တော်မူရာတွင် "**သံဝရပျို့**" ကို ရေးသားတော်မူလေသည်။

ရွှေနန်း ကြော့ရှင်၏ သွီးတော် "သီရိဘုန်းထွတ်"ကိုလည်း သွီးတော်ရင်းကဲ့သို့ အပါးတော်တွင် ပြည်ဘုရင် မွေးမြူတော်မူသည်၊ သီရိဘုန်းထွတ်သည် ဘုန်းကံသမ္ဘာ လွန်စွာထူးကဲသော မိန်းမမြတ် တပါး ဖြစ်တော်မူသည်၊ မည်သည့်အခါတွင်မှ နိမ့်ကျခြင်းမရှိဘဲ နောင်သက္ကရာဇ် (၉၁၄) နှစ်တွင် "စန္ဒာဒေဝီ" ဟူသော ဘွဲ့နှင့် ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး၏ မိဖုယားကြီးအဖြစ်သို့ ရောက်တော်မူလေသည်။ ။ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး ဆိုသည်ကား အခြားသူမဟုတ် ဤတပင်ရွှေထီး ဝတ္ထုတွင် ပြဆိုခဲ့သော ဘွားဘက်တော်ကြီး "သျှင်ရဲထွတ်" ပင် ဖြစ်ပေသည်။ ။"သျှင်ရဲထွတ်နှင့် သီရိဘုန်းထွတ်" အထွတ်နှစ်ခု ပြိုင်၍ ဦးခိုင်စိုးမိုးတော် မူကြသော ခေတ်အတွင်းမှာ မြန်မာနိုင်ငံတော်သည် လွန်စွာ ကြီးကျယ် စိုးပင်ခြင်းသို့ ရောက်လေသည်။

(သျှင်ရဲထွတ်နှင့် သီရိဘုန်းထွတ်တို့၏ အကြောင်းများကိုလည်း သျှင်ရဲထွတ် အခဏ်းတွင် ချစ်ခင်မြတ်နိုးဖော် မူပုံနှင့်တကွ ဖော်ပြပါလတ္တံ့။)

ပြည်ဘုရင် သတိုးမင်းစောလည်း **"မရဲဘဲနှင့် ကဲ့ပြဲ စီးခြင်း"** ဆိုသော စကားပုံအတိုင်း သူရယတ္တိနှင့် လက်ရုံးရည် မရှိဘဲ အဝနေ ပြည်တော်ကြီးတွင် ဘုရင်အဖြစ်ကို အလိုရှိဘိ၏၊ ရှမ်းတို့၏ အရှိန် အစော်ကိုမှီ၍ အဝနေပြည်တော်တွင် လွယ်ကူစွာ ရရှိပါသော်လည်း သူရသတ္တိ မရှိသောကြောင့် ရရှိပြီးသော စည်းစိမ်ကို စွန့်လွှတ်ရလေ၏။ ။အဝနေပြည်တော်က အလိုရှိသမျှကို သိမ်ယူခဲ့သည်ဆိုသော်လည်း မိုးညှင်း စော်ဘွား အလိုမရှိ၍ စွန့်ပစ်ခဲ့သည့် များကိုသာ သိမ်းယူရသောကြောင့် ကောက်သင်းကောက်သမျှသာ ဖြစ်လေသည်၊ သို့ရာတွင် ရှင်မဟာရဋ္ဌသာရကို ပင့်ဆောင်ခဲ့ခြင်းမှာ များစွာ အကျိုးရှိလေ၏။

ပြည်ဘုရင် သတိုးမင်းရာဇာကဲ့သို့ သူရသတ္တိညံ့ဖျင်းခြင်း, သူတပါး အရှိန်ကို မှီလိုခြင်း, ကိုယ့်အမျိုးဇာတ်ကို ဘိစီး၍ အမျိုးမတူသောသူကို အားပေးခြင်း, များသည် လွန်စွာသေးနုပ်၍ ရှက်ဘွယ်ကောင်းသော အမှုအရာများ ဖြစ်သည့်အပြင် ယောကျာ်း မပြီသရာလည်း ကျလေသည်။ ။ထို့ကြောင့် ဤတပင်ရွှေထီး ဝတ္ထုကို ဘတ်ရှုတော် မူကြသော မိတ်ဆွေ အပေါင်းတို့သည် ပြည်ဘုရင် သတိုး ဓမ္မရာဇာ၏ အမူအလေ့မျိုးများကို အတု မခိုးဘဲ ရှောင်ကြဉ်ထိုက်ကြပေသည်။

---

# အခန်း (၁၀)

ရှမ်းတပ်များ အဝနေပြည်တော်ကို ဝိုင်းဝန်း တိုက်ခိုက် လုပ်ကြံသည့် အခိုက်မှာ ဇောင်ငူ **"မင်းကျီးညို"** သည် ဆင်,မြင်း, ဗိုလ်ပါ အများနှင့် အဝမြို့တော်၏ တောင်တလွှားတွင် ရှိသော မြို့ရွာများကို ရှမ်းတို့ မသိမ်းပိုက်မှီ အတွင်း ရှေးဦးစွာ သိမ်းပိုက်တော်မူရန် အပြင်းချီတက်တော်မူလာပြီးလျှင် **"လုလင်ကျွင်းစိုက်"** ဆိုသော အရပ်တွင် **တပ်စခမ်းချရပ်** စံနေတော်မူ၏။

ထိုအခိုက်တွင် အဝဘုရင် နရပတိ၏ ကျွန်တော်ရင်းများ ဖြစ်ကြသော (၁)အမြင့်မင်း၊ (၂)ညောင်ရမ်းမင်း၊ (၃)ရမည်းသင်းမင်း၊ (၄) ဝတီမင်း၊ (၅) ပင်လယ် မြင်းမှူးမင်း၊ (၆) ရှမ်းပိုက်တောင်မင်း၊ ဤမင်းများသည် တိုက်ဆင် (၂၀) မြင်း (၆၀၀)၊ နောက်ပါကျေးကျွန်ပေါင်း တသောင်းကျော်တို့ကို ယူပြီးလျှင် "ယခုအခါ အဝနေပြည်တော်မှာ ခိုးကိုးရာမဲ့ဖြစ်ကြပြီး တောင်ငူ ဘုရင်ထံသို့ ခိုဝင်မှ ချမ်းသာခွင့် ရတော့မည်၊ အဝနေပြည်တော်မှာ ရှမ်းတို့အုပ်စိုးသဖြင့် သာသနာတော် ညှိုးနွမ်း၍ ချမ်းသာဘို့ မရှိတော့ပြီ၊ တောင်ငူကို ခိုလျှင် ကိုယ်စိတ်နှစ်ပါး ချမ်းသာ၍ သာသနာလည်း ထွန်းကားလိမ့်မည်၊ ဤသို့ ဆင်ခြင် တွေးတောမိကြသဖြင့် အဝနေပြည်တော်ကြီး ပျက်စီးသော အခိုက်မှာ ထွက်လာကြရာ အခန့်သင့်ပင် ဘုရင်မင်းကျီးညိုနှင့် တွေ့ဆုံသဖြင့် ဗိုလ်ပုံ သင်းပင်းနှင့်တကွ တောင်ငူမင်းထံသို့ ခိုဝင်ကြလေ၏။

မင်းကျီးညိုလည်း အထံတော်သို့ ခိုလှုံလာသော အဝဘုရင်၏ ကျွန်တော်များကို ကောင်းစွာ လက်ခံတော်မူပြီးလျှင် အဝမြို့ အကြောင်းအရာကို မေးမြန်းတော်မူရာ အမြင့်မင်းက "ယခုအခါ အဝနေပြည်ကြီးကို ရှမ်းတို့ ါးမိပါပြီ၊ အဝဘုရင်လည်း မြို့တွင်းက မခံနိုင်သောကြောင့် အနုံးပေါင် စော်ဘွားနှင့်အတူ ဆင်ခေါင်း ဝက်ဝင်၊ အရပ်သို့ထွက်ခွာတိမ်းရှောင်၍ နေတော်မူရပါသည်၊ ကျွန်တော်မျိုး များလည်း အဝမြို့တော်မှာ အခြေမလှသောကြောင့် အရှင်ဘုရားဘုန်းတော်ရိပ်ကို ခိုလှုံရန် အစုတံရုံးကြီး ထွက်၍လာကြပါသည်၊ အဝမြို့တော်မှာ သာသနာကို မကြည်ညိုသော မိစ္ဆာလူမျိုးတို့ လွှမ်းမိုး အုပ်ချုပ်မည်ရှိရာ မိစ္ဆာလူမျိုးတို့၏ လက်အောက်မှာ ကျွန်မခံလိုပါ အမျိုးဇာတ်တူ၍ သာသနဒါယကာ ဖြစ်တော်မူသော အရှင်မင်းမြတ်တို့၏ထံမှာပင် ချမ်းသာစွာ နေလိုကြပါသည်" ဟု လျှောက်ထားကြလေ၏။

မင်းကျီးညို-

"မိုညှင်း စော်ဘွားသည် အဝနေပြည်တော်ကြီးကို အောင်မြင်သော်လဲ ဘုရင်အဖြစ်ဖြင့် မစိုးအုပ်ဘဲ၊ ပြည်ဘုရင်ကို လွှဲအပ်မည်ဟူ၍ ကြားသိတော်မူရာ သည်အတိုင်း မှန်ပါသလား"

အမြင့်မင်း-

"သည်ကဲ့သို့ပင် ကျွန်တော်မျိုးများလည်း ကြားသိ၍ နေပါသည် မှန်မမှန်ကိုတော့ ကေန်မသိရပါ၊ ကျွန်တော်မျိုးများသည်၊ မြို့ပေါက်၍ ကသောင်းကနင်းဖြစ်သော အခိုက်မှာပင်ထွက်လာကြပါသည်ဘုရား"

မင်းကျီးညို-

"ပြည်ဘုရင် သတိုးမင်းစောလည်း ရှမ်းတို့ဘက်က ကူညီ၍ တိုက်ခိုက်ရန် ရေကြောင်းဘက်က ဆန်တက်၍ လာကြောင်း ကြားတော်မူရသည်မှာ မှန်ပါသလား"

အမြင့်မင်း-

"အမှန်ပင် ဖြစ်ပါသည်၊ မိုးညှင်းစော်ဘွားက ကုန်းကြောင်း မရီးဖြင့် အဝနေပြည်တော်သို့ ချီတက်လာပါသည်၊ ပြည်ဘုရင်မှာ အရှင်ကြားသိတော်မူတဲ့အတိုင်း ရေကြောင်းဖြင့် ချီတက်လာပါသည်ဘုရား"

မင်းကျီးညို–

"အင်း–ပြည်ဘုရင်ဟာလွန်စွာစိတ်သဘော သေးသိမ်ပါကလား၊ ဆွေတော်၊ မျိုးတော်၊ ချင်းချင်း အရင်းအချာဖြစ်တဲ့ အဝဘုရင်ဘက်က မကူညီတဲ့အပြင် မိစ္ဆာဒိဋ္ဌိတို့ဘက် စွက်ဘက်၍ ကူညီခြင်းမှာ အလွန်တရာမှ စိတ်သဘော ယုတ်ညံ့တာဘဲ၊ ကိုယ်ကျိုးကို ငဲ့ကွက်တဲ့ အတ္တဟိတ စေတနာနှင့် အဝနေပြည်တော်ကြီးတွင် ဘုရင်လုပ်လိုတဲ့ သဘောဟာလဲ လွန်စွာ မတရားတာဘဲ၊ တယ်မှားတဲ့ ဘုရင်တပါးပါကလား၊ ရှမ်းတို့အရိပ်ကို မှီခိုပြီး ကိုယ်နှင့် အမျိုးဇာတ်တူဖြစ်တဲ့ မြန်မာများကို နှိပ်စက်ခြင်းဟာ ယုတ်မာတဲ့ မိမိအတွင်းသဘောကို ဘော်ပြတာဘဲ မဟုတ်လား"

အမြင့်မင်း-

"မှန်လှပါ မိစ္ဆာကိုအားကိုး၍ ကိုယ့်အမျိုးကို နှိပ်နင်းခြင်း ဆိုသည်မှာ အလွန်ယုတ်မာကြောင်း ထင်ရှာလှပါသည်ဘုရား"

မင်းကျီးညို–

"ယခုအခါ တောင်ငူက ထွက်၍ (ငါကိုယ်တော်မြတ် ချီတက်ခဲ့ခြင်းမှာတော့ အဝဘုရင်၏ နိုင်ငံများကို ချဲ့ထွင်လုယက်လိုတဲ့ စေတနာမျိုးနှင့် ချီတက်ခဲ့သည်မဟုတ်ဘူး၊ အဝမြို့တော်ကြီးကို ရှမ်းတို့အုပ်စိုးမိခဲ့ပါလျှင် မြန်မာတနိုင်ငံလုံး ရှမ်းမိစ္ဆာတို့ လက်အောက်သို့ ကျရောက်ကုန်မည် စိုးသောကြောင့် ရှမ်းတို့ အာဏာမလွှမ်းမိုးခင် ကိုယ်တော်က တင်ကြို၍ အုပ်မိရန် ချီတက်ခဲ့ရခြင်း ဖြစ်ပေတယ်၊ အဝနေပြည်တော်ကြီး ပျက်စီးတာက မနစ်နာလှပါဘူး၊ ဗုဒ္ဓသာသနာတော်ကြီး ပျက်စီး နွမ်းညိုး၍ တန်ခိုးတိမ်ကောမည့် အရေးက သာလို့ပင် နစ်နာတာကလား၊ ရှမ်းလူမျိုးတို့က မြန်မာနိုင်ငံကို အုပ်စိုးမည် ဆိုပါလျှင် (ငါကိုယ်တော်မြတ်) ခံတော်မူမည်မဟုတ်၊ လက်ရုံးတော် အားစွမ်းနှင့် ရှမ်းတို့ကို သုတ်သင်တော်မူမည် မင်းကြီးတို့" (လက်သုံးတော် ဓါးကို ဝင့်ကာ ရာဇမာန်နှင့် မိန့်တော်မူသည်။)

(အဝမြို့က ထွက်၍ ခိုလှုံလာသော မင်းများက) "ယခုမိန့်ဘော်မူချက်မှာ လွန်စွာသင့်မြတ်လှပါသည် ဘုရား၊ သာသနာ့ရန် ဆိုသည်မှာ ယခုတိုင်းပြည်၏ ဘေးရန်ထက် ကြီးကျယ်ကြောင်း မှန်လှပါသည်ဘုရား၊ သီဟိုဠ်ကျွန်းတွင် ဘုရင် ဒုဋ္ဌဂါမဏိ မင်းကြီးဟာ သာသနာတော်၏ ဘေးရန်ဖြစ်သော မိစ္ဆာများကို ဖယ်ရှား သုတ်သင်တော်မူရန်အတွက် နိုင်ငံရေးကို ငဲ့ကွက်တော်မမူဘဲ၊ အကြီး အကျယ် ဖြိုဖျက် တိုက်ခိုက်တော်မူသည်မှာ ရာဇဝင် အလွန် ပြောင်လှပါသည် ဘုရား"

မင်းကျီးညို–

"အဝမြို့တော်မှာ ရှမ်းတို့ကသာ စိုးမိုးမည် ဆိုပါလျှင် အမှန် ဖြိုဖျက်တော်မူမည်၊ ယခုအခါ အဝဘုရင် ရွှေနန်းကြော့ရှင်းလည်း လုံးလုံးကြီး စစ်ရှုံးသေးသည် မဟုတ်သေး၊ မခိုင်သားအလှဲ့မှီ အားနွဲ့သဖြင့် တိမ်းရှောင်တော် မူခြင်းသာ ဖြစ်ပေသည်၊ အုန်းပေါင် စော်ဘွားလည်း အင်အား ပြည့်စုံစွာနှင့် ကူညီလျက်ရှိကြောင်း ကြားရသဖြင့် အဝဘုရင် ဘက်တော်မှ အားကိုးရာမဲ့ ဖြစ်သေးတာ မဟုတ်၊ အဝမြို့တော်၏ သတင်းများကို စောင့်စား၍ နာခံသင့်သေးသည် မဟုတ်ပါလား"။

အမြင့်မင်း-

"မှန်လှပါ၊ အုန်းပေါင် စေတ်ဘုရားကလဲ ဆင်ဖြင်း၊ ဗိုလ်ပါ အများနှင့် ဘက်တော်က ကူညီလျက် ရှိသောကြောင့် အဝဘုရင်ကိုလဲ အဆုံးစွန် ရှုံးပြီဟူ၍ မဆိုသာ ဖြစ်ပါသည်၊ မိန့်တော်မူတဲ့အတိုင်း အဝနေပြည်တော်၏ သတင်းကိုသာ နာခံ့ဘို့ ရှိပါသေးသည် ဘုရား။"

မင်းကျီးညို-

"အုန်းပေါင် စေတ်ဘုရားဟာ အလွန် သစ္စာရှိပါပေတယ်၊ ဗိုလ်ပါအင်အား အစုံနှင့် မြန်မာဘုရင်ဘက်က ကူညီခြင်းဟာ ချီးမွမ်းထိုက်ပါပေရဲ့"။

အမြင့်မင်း-

မှန်လှပါ၊ လွန်စွာမှ ချီးမွမ်းထိုက်ပါသည်ဘုရား၊ အဝမြို့တော်က ထွက်၍ ဆင်ခေါင်း-ဝက်စန်အရပ်မှာ ပုန်းရှောင်၍ နေတော်မူရာမှာလဲ အပါးတော်က မခွါဘဲ အမြဲပင် စောင့်ရှောက်၍ နေပါသည်။ အုန်းပေါ င်စေတ်ဘုရားဟာ **"မြတ်စွာဘုရား သာသနာ"** ကိုလဲ လွန်စွာ ကြည်ညိုပါသည်ဘုရား"

မင်းကျီးညို—

**ဗုဒ္ဓသာသနာ** ဆိုသည်မှာ လွန်စွာ ယဉ်ကျေးတဲ့သာသနာဖြစ်တဲ့အတွက် သက်ဝင်ယုံကြည်တဲ့ လူမျိုးများဟာလဲ တရားတော်အတိုင်း **"သစ္စာဂတိ"** ဝည်ကြည်စွာနှင့် ကျေးဇူးသစ္စာကို စောင့်ရှောက်လေ့ရှိကြတယ်၊ လူ့ပြည်လောကမှာ ကိုးကွယ်ယုံကြည်ရာဖြစ်တဲ့ သာသနာဆိုတာ လွန်စွာ အရေးကြီးတာကလား" ဤသို့ မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ် နေတော်မူသည်နှင့် အဝမြို့က ခိုလှုံလာကြသော မင်းများလည်း အပါးတော်က ခွါ၍ **'မင်းကြီးစည်သူကျော်ထင်'** ထံသို့ ဝင်ကြပြန်လေသည်။

ထိုနောက် **'မင်းကျီးညို'** သည် တောင်ငူမြို့ကပါသော ဗိုလ်ပါ မှူးမတ်တို့ကို အစုံအညီ ခေါ်သော်မူပြီး ဝမ်းမြောက်တော်မူသော လက္ခဏာဖြင့် မိန့်တော်မူသည်မှာ "ယခု အဝဘုရင်၏ ကျွန်တော်မျိုးဖြစ်တဲ့ **'အမြင့်မြို့စားမင်း'** မှစ၍ ဗိုလ်ပါပေါင်း တသောင်းကျော်နှင့် အလိုအလျောက် ဝင်ရောက်လာကြသည်မှာ တောင်ငူအင်အားကို ကြီးမားသည်ထက် ကြီးမားအောင် ဖြည့်စွက် ထပ်လောင်းခြင်းဖြစ်ပေတယ်၊ **'ကေတုမတီ'** ရွှေမြို့တော်ကြီးကို တည်ထောင်တော်မူဦးက ပြအိုးတံခါးတိုင်များတွင် ပျားကြီးတွေစွဲကြရာတွင် 'ငါတည်ထောင်တော်မူတဲ့ ကေတုမတီ တောင်ငူ မြို့တော်ကြီးသို့ အရပ်လေးမျက်နှာက ဗိုလ်ပါအများ ခစားခိုဝင်လိမ့်မယ်လို့ ငါကိုယ်တော်တိုင် နိမိတ်တော်ဘတ်ခဲ့သည်မှာ ဘတ်တော်မူသည့်အတိုင်း မှန်သည်မဟုတ်လား" ဟု မိန့်တော်မူရာ ဗိုလ်ပါမှူးမတ်အပေါင်းတို့က ဦးခေါင်းညွှတ်လျှိုးပြီးလျှင် "ဘုန်းတော်ကြောင့် ဘတ်တော်မူသော နိမိတ်အတိုင်း မှန်လှပါသည်၊ ရွှေမြို့တော်ကြီး၏ မင်္ဂလာအရှင် ဘုန်းသမ္ဘာတော်များသည် ထွက်သစ်စဖြစ်သော နေလုလင်ကဲ့သို့ ထိန်လင်း ထွန်းပလျက်ရှိရာ၊ နောင်အနာဂတ်အဘို့မှာ သာလို့ပင် ဘုန်းတော်ကြီး၍ နေပြည်တော်ကြီးကိုလဲ တိုးတက်၍ စည်ပင်ပါလိမ့်မည်ဘုရား" ဟူ၍ တညီတညွတ်တည်း လျှောက်တင်ကြလေ၏။

မင်းကျီးညို-

"ပညာရှိ ပုဂ္ဂိုလ်အများ တင်ကြိုဟောထားတဲ့အတိုင်း 'ကေတုမတီနေပြည်တော်ကြီး'ဟာ များစွာ ထွန်းကားမည်ဘဲလို့ ယုံကြည်တော်မူတယ်"ဟု မိန့်တော်မူရင်း 'သားတော်တပင်ရွှေထီး' ကို သတိရတော်မူသည်နှင့် "ငါ့သားတော်ကြီး တပင်ရွှေထီးသည် ဘုန်းကံပါရမီ ပြည့်စုံစွာနှင့် ဘွားမြင်လာတဲ့အတိုင်း သားတော်စိုးစံတဲ့ လက်ထက်မှာ သာလို့ပင် ထွန်းကားကြီးကျယ်ပေလိမ့်မယ်၊ ငါကိုယ်တော်မြတ်မှာတော့ အရွယ်တော်လဲကြီးပြီမို့ သားတော်အတွက် တည်ထွင်၍ ပေးတယ်၊ ရွှေတော်ပြေးလောက်သာ ဖြစ်လိမ့်မယ်လို့ ထင်တော်မူမိတာပါဘဲ"

မှူးမတ်များ—

"ဘုန်းကြီးတဲ့မင်းတို့မှာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတဲ့ သားတော်များ ထွန်းကားစမြဲဖြစ်တဲ့ အတိုင်း အရှင့်သားတော်ရတနာမှာ ဘွားတော်မူလာတဲ့ အခါမှစ၍ ဘုန်းသမ္ဘာကြီးမြင့်ကြောင်း ထင်ရှားလှပါသည်ဘုရား၊ သားတော်၏ လက်ထက်မှာ 'ဟံသာဝတီ' နိုင်ငံတော်ကြီးမှစ၍ ဘုရင်ထီးဆောင်း မင်းအပေါင်းတို့ကို နှိပ်နင်း၍ မင်းထက်မင်း ဖြစ်မည်အကြောင်းကို ဘုရားကျွန်တော်မျိုးများလဲ မြော်ကိုးယုံကြည်ရင်းပင် ရှိကြပါသည်ဘုရား"

မင်းကျီးညို—

ယခုအခါ အဝနေပြည်တော်ကြီးဟာလဲ ကိန်းခန်းတာရာနှင့် ဇာတာညှိုးနွမ်းတဲ့လက္ခဏာ အလွန်တရာ ဘေးရန်များနေရှာတယ်၊ အဝဘုရင် ရွှေနန်းကြော့ရှင်ဟာလဲ မြို့တော်မှထွက်ခွါ၍ ရှောင်တိမ်းတော် မူနေရတုန်းပင် ရှိသေးတယ်၊ မိုးညှင်းရှမ်းတို့က အုပ်စိုးမလား၊ပြည်ဘုရင် သတိုးမင်းစောက အုပ်စိုးမလား၊ ရွှေနန်းကြော့ရှင်ကပင် အားအင်ဖြည့်တင်းကာ အဝမြို့တော် ပြန်လာပြီး အုပ်စိုးမလား၊ သည်အရေးသုံးပါးကို ခြားနားစွာသိဘို့ အရေးကြီးနေပြီ၊ မိုးညှင်းရှမ်းများနှင့် မဆိုင်သူ ပြည်ဘုရင်က ဝင်၍ အုပ်စိုးမည်ဆိုပါလျှင် အဝမြို့တော်အထိ ချီတက်ဖြိုဖျက် အုပ်စိုးတော်မူရလိမ့်မယ် မှူးမတ်များ"

မှူးမတ်များ—

"မှန်လှပါ ရှမ်းဆိုတဲ့ မိစ္ဆာလူမျိုးနှင့် ကိုယ်ကျိုးကို လိုလားသော ပြည်ဘုရင်၏ အုပ်စိုးခြင်းကို ဘုရားကျွန်တော်မျိုးတို့ အလျဉ်းမကြားလိုပါ၊ တကယ်လို့ သူတို့အုပ်စိုးမည် ဆိုပါလျှင် ဗိုလ်ပါ အသင့်ရှိပြီးသောအတိုင်း အဝမြို့တော်သို့အထိ ချီတက်သိမ်းပိုက်တော်မူရန် အမှန်သင့်လျော်လှပါသည်ဘုရား"

ဤသို့ အဝနေပြည်တော်အရေးနှင့် ဆွေးနွေးတိုင်ပင်တော်မူပြီးနောက် နှစ်ရက်လောက် ရှိသောအခါ တောင်ငူဘုရင် မင်းကျီးညို၏ ဘုန်းတော်ရိပ်ကို ခိုလှုံရန် "ပင်းယ မြင်းမှူးမင်း"သည် ကျေးကျွန်သင်းပင်းဖြင့်တကွ အထံတော်သို့ ဆိုက်ရောက်လာပြန်လေ၏။

ပင်းယ မြင်းမှူးမင်းလည်း နောက်ပါ အချွေအရံများနှင့်တကွ အပါးတော်သို့ဝင်ရောက်ခစားရာ ဘုရင်မင်းကျီးညိုလည်း ကောင်းမွန်စွာ လက်ခံတော်မူ၏။

မင်းကျီးညို—

"အမြင့်မင်းတို့တသိုက် ထွက်လာပြီးနောက် အဝမြို့တော်မှာ ဘယ်လို အကြောင်းအရာများ ထူးပါသေးသလဲ"

ပင်းယမင်း—

"အမြင့်မင်းများ အဝမြို့တော်က ထွက်သွားပြီးနောက် နှစ်ရက်သုံးရက်အတွင်းမှာ လွန်စွာ ပြောင်းလဲသော အဖြစ်အပျက်များဖြင့် ထူးခြားလှပါသည်ဘုရား"

မင်းကျီးညို-

"ထူးခြားပုံကို စုံလင်အောင် တင်စမ်းပါအုံး"

ပင်းယမင်း-

"အဝနေပြည်တော်သို့ ရှမ်းတို့ ဝင်လာသောအခါ ရွှေနန်းရှင်ဘုရားနှင့်အုန်းပေါင်စော်ဘွားသည် မြို့တော်မှထွက်ခွါ၍ ဆင်ကောင်းဝက်ဝန်အရပ်မှာ တိမ်ရှောင်နေရပါသည် ဘုရား၊ မိစ္ဆာရှမ်းများသည် အဝ နေပြည်တော်ကြီးကို သုံးရက်မျှ အုပ်စိုး၍ ဆင်ကောင်း, မြင်းကောင်း, ရတနာကောင်းမှစ၍ အလိုရှိသမျှကို သိမ်းယူပါသည်ဘုရား၊ ထိုနောက် လေ့တပ်ဖြင့် ချီလာသော ပြည်ဘုရင် သတိုးမင်းစောကို နန်းအပ်ပြီးလျှင် မိုးညှင်းရှမ်းများ ပြန်သွားပါသည်ဘုရား၊ (စကားမဆုံးမီ မင်းကျီညိုက) "ဩော်-တာဖြင့် ယခုအဝနေပြည်တော်မှာ ပြည်ဘုရင် သတိုးမင်းစောက အုပ်ချုပ် စိုးစံနေတာပေါ့လေ"

ပင်းယမင်း—

"လျှောက်တင်ရန် ရှိပါသေးသည်ဘုရား၊ ရှမ်းတို့ ပြန်သွားတဲ့နောက် ပြည်ဘုရင် သတိုးမင်းစောလဲ ဆင်ကောင်းဝက်ဝန်အရပ်မှာ ပုန်းရှောင်တော်မူနေတဲ့ အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားတို့၏ရန်ကို ကြောက်ရွံ့သောကြောင့် အဝမြို့တော်မှာ ကြာရှည်စွာ မနေဝံ့ဘဲ ရှမ်းတို့ မယူလို၍ ချန်ထားခဲ့သော ဆင်,မြင်း,ဗိုလ်ပါ ပစ္စည်းဥစ္စာ များနှင့်တကွ အချို့ အချို့သော ရဟန်းပညာရှိ,လူပညာရှိများကို သိမ်းယူပြီး အလျင်တဆော ပြည်မြို့သို့ စုန်သွားပါသည်ဘုရား၊ အကြောင်းထူးမှာ အဝဘုရင် ရွှေနန်းကြော့ရှင်၏သမီးတော်ကလေး ရှစ်နှစ်ရွယ် **'သီရိဘုန်းထွတ်'** ကိုလဲ ပြည်မြို့သို့ ဆောင်ယူသွားပါသည်၊ ထိုပြင် မြန်မာပြည်မှာ ကဗျာ လင်္ကာဖြင့် လွန်စွာ ကျော်စော ထင်ရှားတော်မူလှသော **'အသျှင်မဟာရဋ္ဌသာရ ကိုယ်တော်'** ကြီးကိုလဲ ပြည်မြို့သို့ ပင့်ဆောင်သွားပါကြောင်းပါဘုရား"

မင်းကျီးညို-

"ဩော်-ပြည်ဘုရင်ဟာ အစွမ်းမရှိဘဲနှင့် လူရဲအလွန်လုပ်ချင်ပါကလား၊ လောဘရမ္မက် လွန်ကဲ၍ သတ္တိနဲတဲ့လူမျိုးဟာ ကမ္ဘာပေါ်တွင် လူစာရင်းဝင်ဘို့ အခက်သားဘဲ၊ ရှမ်းတို့က မလိုချင်လို့ ပစ်ထားတဲ့ ပစ္စည်းဘဏ္ဍာများကို အားရနှစ်သက် စုံမက်မြတ်နိုးစွာသိမ်းယူ သွား

ခြင်းဟာ လူတကာတို့၏နောက်က ကောက်သင်းကောက်တဲ့ မိန်းမမျိုးရဲ့ အလေ့ပေါ့၊ နို့နေ စမ်းပါအုံး၊ 'သိရိဘုန်းထွတ်'ဆိုတဲ့ သွီးတော်ကလေးကို ဘယ်လိုနည်းနှင့် ပြည်ဘုရင်ရဲ့ လက်သို့ ရောက်ရတာလဲ"

ပင်းယမင်း-

"မြို့တော်ကြီး ပေါက်တဲ့အခါ ရေတွေစီးလို့ဝင်သလို ရှမ်းစစ်သည်တွေ မြို့တော်အတွင်းသို့ ချင်းနင်း ဝင်ရောက်ကြပါတယ်ဘုရား၊ သည်အခါ အဝဘုရင် 'ရွှေနန်းကြော့ရှင်'လဲ အလျင်စလို စုမိစုရာ ဗိုလ်ပါ ဆင်,မြင်း,များနှင့် မိဖုယား,သားတော်,သွီးတော်တို့ကို သိမ်းယူပြီး အရှေ့တံခါးမှ ထွက်တော်မူပါတယ်၊ သည်အခါ 'သိရိဘုန်းထွတ်' ကလေးမှာ ယောင်လယ်လယ်နှင့် ခမည်းတော်ဘုရား နောက်သို့ မပါဘဲ အထိန်းတော်များနှင့် ကွဲပြီး ရွှေနန်းတော်ထဲမှာ ကျန်ရစ်ရှာပါတယ်၊ ပြည်ဘုရင်က တွေ့တော်မူတာနှင့် သွီးအမှတ်ဖြင့် သိမ်းပိုက် ယူဆောင်သွားကြောင်းပါဘုရား"

မင်းကျီးညို-

"အင်း-သနားစရာ အလွန်ကောင်းတာဘဲ၊ 'သေတံမရောက် သက်မပျောက်' ဆိုသလို ကုသိုလ်ဘုန်းကံ ကြီးမားလို့သာ အသက်ကလေးနှင့် ကြွင်းကျန်ရစ်ရှာတာပေါ့။ 'သျှင်မဟာရဋ္ဌသာရ'ကိုယ်တော်ကြီးကို ပင့်သွားတာကိုဖြင့် နမြောပါရဲ့၊ ကိုယ်တော်တို့စံပျော်တဲ့ 'တောင်ငူမြို့တော်'သို့ ပင့်ရပါလျှင် များစွာ အကျိုးရှိမှာဘဲနော်၊ ပြည်ဘုရင် စုံပြေးတဲ့နောက် အဝ ဘုရင်မှာ အကြံတော် ဘယ်သို့များ ပြုတော်မူပါသေးသလဲ။

ပင်းယမင်း-

"ပြည်ဘုရင် စုန်တော်မူတဲ့နောက်မှာ ရွှေနန်းကြော့ရှင် ဘုရင်မင်းတရားမှာ အုန်းပေါင်စော်ဘွားနှင့်တကွ အတူနောက်တော်တွင် ရှိတဲ့ စစ်သည်ဗိုလ်ထုများနှင့်တကွ အဝနေပြည်တော်သို့ ပြန်၍ ဝင်တော်မူပါသည်ဘုရား"

မင်းကျီးညို-

"မြို့တော်သို့ ပြန်၍ဝင်တော်မူကြောင်းကို အသေအချာ သိခဲ့ရသလား"

ပင်းယမင်း-

"မှန်လှပါ၊ တိမ်းရှောင်တော်မူရာမှ အဝနေပြည်တော်သို့ ဝင်တော် မူလာသောအခါသို့အထိ ဘုရား့ကျွန်တော်မျိုး အဝမြို့တော်အနီးမှာပင် ရှိပါသည်ဘုရား"

မင်းကျီးညို-

"ဩော်—ကိုယ့်အရှင်သခင် ဖြစ်တော်မူတဲ့ အဝဘုရင် မြို့တော်သို့ ပြန်ဝင်လာပါလျက် ဘယ့်အတွက်ကြောင့် ကိုယ်တော့်ထံသို့ ထွက်လာရပါသလဲ"

ပင်းယမင်း-

"ဘုရားကျွန်တော် သစ္စာမဲ့တဲ့သဘောမျိုးဖြင့် အရှင်ကိုစွန့်ခွါ၍ ထွက်လာသည် မဟုတ်ပါ၊ မိမိအရှင်ကို ကြည်ညိုရင်းပင်ရှိပါသည်၊ သို့ရာတွင် အဝမြို့တော်၏ အရေးသည် ငြိမ်ဝပ်ပိပြား သေးမည် မဟုတ်ပါ၊ ပြန်၍သွားသော မိုးညှင်းရှမ်းများလည်း များမကြာခင်ပင် အဝမြို့တော်သို့ ချီတက်ရန်အရေးကို ဘုရားကျွန်တော် သိမြင်ပါသည်၊ မအေးရမည့် အတူတူဖြင့် အရိပ်ကောင်းရာမှာ မှီခိုတော့မည်ကြံပြီး အရှင့်ထံသို့ ခိုလှုံရခြင်း ဖြစ်ကြောင်းပါ ဘုရား"

မင်းကျီးညို-

"အင်း-နိုင်ငံတိုင်းကြီး ပျက်စီးကျိုးပေါက်တဲ့အခါမှာ သည်နည်းအတိုင်း ဖရိုဖရဲဖြစ်တတ်တာပါဘဲ။ အဝဘုရင်က မြို့တော်သို့ တဘန်ပြန်ဝင်ပြီး ထီးနန်း သိမ်းပိုက်တော် မူပြန်သည့်အကြောင်းကို ကြားသော် များစွာ နှစ်သက်အားရတော်မူမိတယ်၊ မြန်မာပြည်မှာ မြန်မာဘုရင် အုပ်စိုးမှ အမျိုးဇာတိနှင့်တကွ ဗုဒ္ဓသာသနာ ရောင်ဝါ ထွန်းထိန်၍ အရှိန်တောက်လင်းနိုင်တယ်၊ မိစ္ဆာရှမ်းမျိုးတို့ လွှမ်းမိုးမည်ကို စိုးရိမ်တော်မူသဖြင့် **'ကေတုမတီ'** မြို့တော်ကြီးက ချီတက်တော မူခဲ့ရာ အဝမြို့တော်မှာ မြန်မာဘုရင် အုပ်စိုးတော်မူမိပြီဟုဆိုလျှင် ကိုယ်တော် ပြန်တော်မူဘို့ပါ"

ဤသို့ မိန့်တော်မူပြီးလျှင် ချီတော်မူခဲ့ရာ တောင်ငူက ပါလာသော ဗိုလ်မှူး များကို ရွှေတော်သို့ ခေါ်တော်မူပြီးလျှင် ဘုရင် **'မင်းကျီးညို'**က မိန့်တော်မူသည်မှာ "ငါ့ထံတော်မှောက်သို့ နောက်ငယ် ဆိုက်ရောက်လာသူ ပင်းယမင်းလျှောက်တင်ချက်ကို ကြားရလို့ **'ရွှေနန်းကြော့ရှင်ဘုရင်နရပတိ'**လဲ အဝမြို့တော်ကို တဖန်သိမ်းပိုက်တော်မူမိကြောင်းသိရပြီ၊ အဝမြို့တော်သို့ ချီတက်ရန်အရေး မရှိပြီဖြစ်၍ **'ကေတုမတီ'** မြို့တော်သို့ ပြန်ရန်သာ စီမံကြပေတော့"ဟု ဤသို့ မိန့်တော်မူသည်နှင့် **'မည်သူကျော်ထင်'** စသော ဗိုလ်မှူးများလည်း တပ်အသီးသီးကိုဆင့်ဆို၍ အမိန့်တော်အတိုင်း တောင်ငူသို့ပြန်ရန် **စီရင်**ကြလေ၏။ ဤသို့ စီရင်တော်မူပြီးလျှင် ဘုရင် **'မင်းကျီးညို'**သည် တပ်တော်များကို ခေါ်၍ **ကေတုမတီ**နေပြည်တော်သို့ ပြန်လည်တော်မူသည်။ အဝမြို့က ထွက်၍ ဘုန်းတော်ရိပ်ကို ခိုလှုံလာရောက်ကြသော မင်းများလည်း နောက်တော်က ပါသွားကြလေသည်။

---

# အခန်း (၁၁)

ပြည်ဘုရင် သတိုးမင်းစော ပြည်မြို့သို့စုန်လေကြောင်းများကို ဆင်ကောင်း-ဝက်ဝင်အရပ် ဦတိမ်းရှောင်ကာ တပ်စခန်းချ၍ နေတော်မူသော အဝဘုရင် ကြားတော်မူလျှင် အုန်းပေါင်စော်ဘွားကိုခေါ်၍ ယခုမိုးညှင်းစော်ဘွားလဲပြန်သွား၍ အဝမြို့တွင် ဘုရင်လုပ်ရန်ကြံစည်၍လာသော ပြည်ဘုရင်သတိုးမင်းစောလည်း စုန်သွားကြောင်း ကြားသိတော်မူရပြီ မည်သို့ကြံစည်ရန် သင့်ပါမည်နည်း" ဟုတိုင်ပင်တော်မူသည်။

(အုန်းပေါင်စော်ဘွား)။ "အလျင်အမြန်အထူးတလည်ကြံစည်ရန် မသင့်လျော်သေးပါ။ မြို့တော်သို့ပြန်လည် ဝင်စံတော်မူပြီးမှ သင့်လျော်သလို ကြံစည်သင့်ပါသည်။

(ဘုရင်)။ "အချစ်တော်ကြီးစကားအတိုင်းပင် သင့်လျော်ပေသည် ရွှေမြို့တော်မှာလည်း ရှမ်းတပ်,ပြည်ဘုရင်တပ်, တို့၏ချေမှုန်းခြင်းကြောင့် ညက်ညက်ကြေမျှ ပျက်စီး၍နေလိမ့်မည်ထင်သည်အစောတလျင် နေပြည်တော်သို့ဝင်မှသင့်ပေမည်။

ဤသို့တိုင်ပင်တော်မူပြီးလျှင် တိမ်းရှောင်တော်မူရာ တပ်စခန်း၌စုရုံးမိသော စစ်သည်တော်များကိုရေတွက်စေရာ အဝဘုရင်၏ စစ်မက်အင်အားမှာ တိုက်ဆင်(၂၅၀) စစ်မြင်း(၄၀၀၀) စစ်သူရဲ(၈၀၀၀၀) အရေအတွက်ရှိ၏ အုန်းပေါင် စော်ဘွား၏စစ်မက်အင်အားမှာ တိုက်ဆင်(၈၀) စစ်မြင်း(၅၀၀၀) စစ်သည်သူရဲ(၇၀၀၀၀) အရေအတွက်ရှိ၏။ ရေတွက်၍ရသမျှသော ဆင်,မြင်း,ဗိုလ်ပါတို့ကို သိမ်းရုံးတော်မူပြီးလျှင် အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားသည် အဝမြို့တော်သို့ပြန်၍ဝင်ကြလေ၏။

မြို့တော်,နန်းတော်, အတွင်းသို့ရောက်တော်မူရာ ရှမ်းတပ်နှင့်ပြည်တပ်များ ဖျက်စီးသဖြင့် ညက်ညက်ကြေမျှပျက်စီး၍ နေတော်မူသည်ကို မြင်တော်မူလေရာ အဝဘုရင်ရွှေနန်းကြော့ရှင်မှာ များစွာအမျက်ထွက်သောစိတ်တော်များဖြစ်ပေါ်၍လာလေ၏။ထို့ပြင်- သို့တော်"သီရိဘုန်းထွတ်" ကိုလည်း ပြည်ဘုရင်သိမ်းယူ၍ သွားကြောင်းကို သိတော်မူပြန်ရာ နှစ်လုံးအိမ်ပိုက်ခဲ့မည့်ပမာလွန်စွာယူကျုံးမရရှိတော်မူရလေသည်။ "သီရိဘုန်းထွတ်" ၏မယ်တော် "စမ္ပာဒေဝီ" မိဖုယားမှာမူ ကားဆီးတား၍မရနိုင်အောင် သောကမီးတောက်လောင် တော်မူရရှာလေသတည်း။

ဤသို့-အဝဘုရင်၏ စိတ်နှလုံး မသက်မသာဘဲ။ လွန်စွာညှိုးနွမ်း ကြောင်းသိရလေရာ ဤသို့ဖြောင်းဖြကာ လျှောက်တင်လေ၏ သွေးသောက်ကိန်းခန်းတာရာနှင့် ကံဇာတာညှိုးမှိန်တဲ့အခိုက်မှာကြံရေး,ကြံရာ, မအောင်မြင်ဘဲ စိတ်နှလုံးပူပန်စွာ ဖြစ်လေ့ရှိပါသည်။ "အောင်မြင်ခြင်းနှင့်ရှုံးနိမ့်ခြင်း" ဆိုသည်မှာလည်း မြဲသောသဘောမဟုတ်ရာ ရှုံးသောသူကလည်း တဘန်အောင်မြင်တတ်ပါသည် အောင်ပွဲရသောသူ သည်လည်း တဘန်ပြန်၍ရှုံးတတ်ပါသည်။ မြတ်စွာဘုရားရှေ့လက်ထက်တော်အခါ လွန်စွာထင်ရှား၍ လက်ရုံးအင်အားနှ ့်ပြည့်စုံလျက် ဗိုလ်ပုံကိုခွင်းနိုင်သောမင်းကြီး "ဗန္ဓုလ" သော်လဲ ရှုံးချိန်တန်တဲ့အခါ သားပေါင်းများစွာနှင့်တကွ ပျက်စီးခြင်းမလှပျက်စီးရပါသည် ပုဂံပြည်ဘေးလောင်းဟော် အနော်ရထာ မင်းစောသည် ဇမ္ဗူဒီပါအပြင်ဝယ် ပြိုင်ယှဉ်ဘွယ်ကင်း၍ အမင်းမင်းတို့၏ရန်ကိုအောင်မြင်သော်လည်း ဇာတာတော်ညှိုး၍တန်ခိုးမှိန်ခိုက်အခါတိရစ္ဆာန်သတ္တဝါဖြစ်တဲ့ကျွဲရိုင်း၏ရန်ကိုမျှတွန်လှန်တော်မ မူနိုင်ဘဲအသက်တော်ဆုံးအောင် အရှုံးပေးတော်မူရပါသေးသည်။ မိစ္ဆာဥာဏ်သက်ဝင်သော မိုးညှင်းစော်ဘွားသည် တရုပ်ပြည်နယ်စပ်တွင်ရှိသော လူရိုင်းများနှင့် အင်အားဖြည့်တင်းကာ အရိုင်းတို့၏အမူအရာဖြင့် မိုက်မိုက်ရူးရူး တိုက်ခိုက်ခြင်းကြောင့် အဝမြို့တော်ကြီး ပျက်စီးရခြင်းဖြစ်ပါသည်။ မိစ္ဆာအရိုင်းတို့မှာဥာဏ်ပညာမဲ့၍အတင်းအရွဲ့နည်းကိုသာတတ်ကြသောကြောင့် အမြဲအောင်နိုင်မည်မဟုတ်ပါ ယခုနှစ်ရှိစေဦးတော့ တနှစ်တဝါပိုလ်ပါဖြည့်တင်းပြီးလျှင် နောင်နှစ်မှာ မိုးနဲ့,ညောင်ရွှေ,စသော

ရှမ်းပြည်တို့၏အင်အားဖြင့် ကျွန်ုပ်ကိုယ်တိုင်ဦးစီး၍ သေွးသောက်၏ နိုင်ငံတော်ကြီးကို ဘေးတော်ဘိုးတော်ခည်းတော်ဘုရားတို့၏ လက်ထက်တော်ကအတိုင်း ကျယ်ဝန်းအောင်ကြံစည်တိုက်သိမ်း၍ပေးပါမည် သွေးသောက်မစိုးရိမ်ပါလင့်။

အုန်းပေါင်စော်ဘွား၏ အားပေးသောစကားများကို ကြားတော်မူရာ၊ အဝဘုရင်မှာ များစွာ အားတက်တော်မူလေသည်။

ဤအတောအတွင်းမှာ ဘုရင့်အထံတော်သို့ဝင်၍ "တောင်ငူဘုရင် မင်းကျီးညိုသည် မိုးညှင်းရှမ်းအများ အဝမြို့ကို ဖျက်ဆီးစဉ်အခိုက်မှာ တောင်ဘက်တခွင်မှာရှိသော မြို့ရွာများကို ဗိုလ်ပါအင်အားနှင့်ချီတက်၍ နိုင်ထက်ကလူ သိမ်းထူပါကြောင်း"နှင့် လျှောက်တင်ကြရာ အဝဘုရင်မှာ ယခင်က မျက်မာန်တော်ရှ၍ နေသည်တွင် ဤသတင်းကိုကြာပြန်ရာသာလို့ပင် အမျက်ထွက်ဘော်မူပြန်သဖြင့် အုန်းပေါင်စော်ဘွားနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်းတို့ပါ ခေါ်တော်မူပြီး လက်သုံးတော်ခားကိုကိုင်ဖော်မူလျက် တောင်ငူဘုရင် မင်းကျီးညိုသည် **"တောမီးလောင်ကြောင်လက်ခမောင်းခတ်"** ဆိုဘိသကဲ့သို့ အဝမြို့တော်မှာ ကိန်းခန်းတာရာအလျှောက် စစ်ရေးနိမ့်နေသည့် အတောအတွင်းမှာ အခွင့်သာလှပြီ အထင်နှင့် တောင်ဘက် တခွင်မှာရှိသော မြို့ရွာများကို အလွယ်တကူသိမ်းယူကြောင်းများကို ကြားသိတော်မူရသည်။ တောင်ငူမြို့ဆိုသည်မှာ ဘယ်အခါတွင်မှ အဝနိုင်ငံတော်၏ လက်အောက်က လွတ်ခွင့်မရဘဲ ငါ့လက်ထက်တော်မှာမှ ရိုင်းပြစော်ကားခြားနားပုန်ကန်လေသည်။ မင်းကျီးညိုသည် တောင်ငူကို ပိုင်စိုးရုံမျှနှင့် ဘုန်းစွမ်းကံစခိုင်လှပြီအထင်ရောက်သဖြင့် မြင့်မြောက်သော စိတ်နှလုံးပေါ်တွင် တံခွန်မှန်ကင်းကိုတင်သည်မှာ သူ့ဘုန်းကံနှင့်ရာသလား၊ ယခုအမြန် **"မင်းကျီးညို"**ရန်ကို ဖျက်ချိုး၍ တောင်ငူတန်ခိုးကိုနှိမ်တော်မူမည်။ စစ်သည်တော်များကိုသာ ပြင်ဆင်ကြ။

ဤသို့မျက်မာန်ဒေါသနှင့်မိန့်တော်မူရာ ကုန်းတပ်ဗိုလ်မှူး **"နန္ဒကျော်ထင်"** ရေတပ် ဗိုလ်မှူး **"သက်ရှည်ကျော်ထင်"** တို့ က လည်း ဘုရင်အလိုတော်သို့လိုက်၍ မိန့်တော်မူသော စကားအင်အရေးသင့်လှပါကြောင်းနှင့် လျှောက်တင်ကြလေ၏။ တဘန် အုန်းပေါင်စော်ဘွားကို တိုင်ပင်တော်မူပြန်ရာ အုန်ပေါင်စော်ဘွားကမင်းကျီးညို၏ အင်အားကိုမသိသောကြောင့် "သွေးသောက် သဘောအတိုင်းပင်ရှိပါစေ၊ ကျွန်ုပ်မှာ အဝမြို့တော်သို့ ကူညီရန်လာခဲ့ရင်း အတိုင်း ဆင်, မြင်း, ဗိုလ်ပါ အဆင်သင့်ရှိနေပြီဖြစ်၍ ချီတက်တော်မူရာသို့ လိုက်ပါကူညီပါမည်ဟု ဝန်ခံလေ၏။

ဤကဲ့သို့ မှူးမတ်,ဗိုလ်မှူး,ဗိုလ်ပုံ,အလုံးစုံတို့က တောင်ငူသို့ ချီတက် တိုက်ခိုက်ရန် ဘုရင့်အလိုတော်အတိုင်း သဘောတူညီနေကြသည့်အခါ အရေးအရာကို ကောင်းစွာ မြော်မြင်နိုင်သော "မင်းကြီးရန်နောင်"၏ စိတ်ထဲမှာ တောင်ငူသို့ချီမည်ဆိုသော အရေးကို မနှစ်သက်လှသည်နှင့် ရွတ်ရွတ်ချွံချွံစွန့်စား၍ လျှောက်တင်သည်မှာ- "ယခု ဗိုလ်မှူး တပ်မင်း အများတို့ အစုံအညီသဘောတူသည်အထဲမှာ စဉ်းစား နှိုင်းချိန်ရန် လျှောက်တင်ရပါမည့် အကြောင်းပါဘုရား။ ယခုအရေးတော်မှာ တောင်ငူမင်းကျီးညိုကို ညှိုးသူရန်ဘက်မပြုသင့်ပါ။ ရှမ်းတို့ဘက်က ပါဝင်ကူညီ၍ အဝမြို့တော်တွင် ဘုရင်ပြုလိုပ်လိုသော ပြည်ဘုရင် သတိုး မင်းစောကိုသာလျှင် ယခုအရေးတော်မှာ လွန်စွာ ရိုင်းပြသော အတွင်းသဘောရှိကြောင်း ထင်ရှားလှပါသည်။ ကျွန်

တော် ကြားသိရသောသတင်းမှာ 'တောင်ငူမင်းကျီးညို ချီလာခြင်းသည် ရှမ်းတို့၏ ရန်စက်ကို ပြီဖျက်နှိမ်ချိုး၍ မြန်မာတန်ခိုးပြရန်အတွက် ချီတတ်လာသည်ဟူ၍သာ ကြားရပါသည်။ မင်းကျီးညိုသည် အဝနိုင်ငံ၏ အောင်လံတော်အောက်မှ ခွဲထွက်၍ တထီးတနန်း တည်ထောင်ပြီးလျှင် အင်အားစုဆောင်းလေရာ ဆင်,မြင်းဗိုလ်ပါမှ စ၍ စစ်သည်တို့အင်္ဂါ လွန်စွာပြည့်စုံကြောင်းကို ကြားသိရပါသည်။ ယခု အရေးတော်ကြီး အတောအတွင်းမှာပင် အမြင့်မင်းမှစ၍ ကျွန်တော်ရင်းများသည် တောင်ငူမင်းကျီးညို၏ ဘုန်းရိပ်ကို အားကိုးသဖြင့် နောက်ပါလူတသောင်းတို့နှင့်တကွ အဝမြို့တော်မှ ထွက်ခွါသွားကြောင်းများလည်း အထင်အရှား ဖြစ်ပါသည်။

ထိုပြင်တပါး တောင်ငူမြို့သည် ဗဟိုချက်ချာတွင် တည်လျက်ရှိသောကြောင့် ဟံသာဝတီ, ပြည်,တောင်တွင်းကြီး တို့မှ စွမ်းရည် သတ္တိနှင့် ပြည့်စုံသော အချို့ သူရဲကောင်းများလည်း တောင်ငူမင်းကြီးညိုထံတွင် ခိုဝင်၍ အမှုထမ်းနေကြောင်းများကိုသည်း ကြားကြရပါသည်။ တောင်ငူမင်းကျီးညိုမှာ ဗိုလ်ပါအမွေးအမြူကောင်း၍ အပေးအကမ်းအစွန့်အကြဲ များလှသောကြောင့် သူ၏အထံတော်မှာ သူရဲကောင်းများ အလွန်ပျော်သည်ဟူ၍လည်း ကြားရပါသည်။ တောင်ငူကို ချီတက်၍ တိုက်ဖျက်မည်ဆိုသော အရေးကို သင့်လျော်မည် မထင်ပါ။ မဟာမိတ်ဘွဲ့ကော်မူပြီးလျှင် ပြည်ဘုရင်နှင့် ရှမ်းတို့အင်အားကို ဖျက်ဖို့ နင်းနှိမ်ရန် သင့်ပါသည်ဘုရား။ မင်းကျီးညို၏ လက်ရုံးတခုကို အားပြုတော်မူရပါလျှင် ရန်အပေါင်းကို အောင်မြင်၍ အဝနေပြည်တော်ကြီး၏ တန်ခိုးသည် မနွမ်း မညှိုးဘဲ တက်တိုး ထွန်းလင်းရန်သာ ရှိလိမ့်မည် ထင်ပါကြောင်းပါဘုရား။

(မင်းကြီးရန်နောင်ဆိုသူကား ရွှေနန်းကြော့ရှင်ဘုရင်နရပတိ၏တူတော်ဖြစ်သည်။ အရွယ်မှာ များစွာမကြီးသေးသော်ပည်း အမြော်အမြင်ပညာမှာ လွန်စွာ ကြီးရင့်သူ ဖြစ်ပေသည်။ မြန်မာမျိုးရိုးဇာတ်ကိုလည်း အလွန်အထူးပင် ခင်မင်မြတ်နိုး၍ ဗုဒ္ဓသာသနာကိုလည်း များစွာကြည်ညိုသူဖြစ်သည်။ မင်းကြီးရန်နောင်သည်ကား အပြောအဆိုနည်းပါး၏။ အကြံအစည် ကြီးမား၏။ တခုသော အကြံကိုကြံမိလျှင် ဇွဲကြီးကြီးနှင့် မဖြစ်မြောက်လျှင် မနေရ၊ ဖြစ်မြောက်အောင် ကြံစည်လေ့ရှိသည်။ ဘုရင်အဖြစ်ကိုလည်း လိုလားသော ဆန္ဒမရှိ၊ အမျိုးနှင့် သာသနာကောင်းစွာကြီးပွါးခြင်းကိုသာ အမြဲလိုလားသူ ဖြစ်ပေသည်။ "မင်းကြီးရန်နောင်"၏ စွမ်းရည်သတ္တိများ ထင်ရှားစွာ ပါပြပါလိမ့်မည်။ သာသနာကိုဖျက်ဆီး၍ မြန်မာအမျိုးကိုနှိပ်စက်သော ရှမ်းသိုဟန်ဘွားကိုလည်း မင်းကြီးရန်နောင်ပင် သုတ်သင်နှိပ်ချိုးပေလိမ့်မည်။ "ဤတပင်ရွှေထီးဝတ္ထုတော်ကြီး"ကို အစဉ်သဖြင့် ကြည့်ရှု၍သွားပါလျှင် မြန်မာတို့၏ ဂုဏ်တန်ခိုးနှင့်အမျိုးမျိုးသော အချက်ကောင်းသို့ကို အပေါင်းများစွာ တွေ့ရှိကြလိမ့်မည် ဖြစ်ပါသတည်း။)

မင်းကြီးရန်နောင် လျှောက်တင်သော စကားကိုကြားရာ အကြောင်းအရာ ယုတ္တိပေါင်းများစွာနှင့်တကွ၊ လုံလောက်လှသောကြောင့် ရေတပ် ဗိုလ်မှူး "သက်ရှည်ကျော်ထင်"ကလည်း နှစ်သက်လှသဖြင့် ထောက်ခံလျှောက်တင်မည် အပြုတွင် ဘုရင်မင်းမြတ်က "ငါ့တူတော် မင်းကြီးရန်နောင်၏ လျှောက်တင်ချက်ဟာလဲ အကြောင်းယုတ္တိပေါင်းများစွာနှင့် လုံလောက်ပါပေရဲ့၊ သို့ရာတွင် တောင်ငူဘုရင်ဟာ လွန်စွာဦးချိုထောင်လွန်းသည်။ တောင်ငူကို မပိုင်သမျှ အဝနေ

ပြည်တော်၏ အင်အားလဲ လျော့မြဲလျော့နေလိမ့်မည်၊ တထီးတနန်း ကျ၍ တောင်ငူက တစင့် ထောင်လျက်ရှိသောကြောင့် အချို့ရှမ်းပြည်များကလည်း တောင်ငူကို အားကိုး၍ မကြိုးမနွံ ရှိနေကြလည်။ တောင်ငူကိုအောင်မြင်လျှင် ပြည်ဘုရင်ခံနိုင်မည်လော၊ ယခုလည်း အချစ်တော် ကြီး အုန်းပေါင် စော်ဘွားရှိသည့်အခိုက်ဖြစ်၍ စစ်တိုက်ရန် အဆင်သင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ ယခုပင်လျှင် တောင်ငူကို ချီတော်မူမည်။ အလိုတော်ကို ဟန့်တား၍ မင်္ဂလာမရှိသောစကားကို မလျှောက်တင်ကြနှင့်။ ဤသို့ မိန့်တော်မူသည်နှင့် မည်သူမျှမလျှောက်တင်ဝံ့ကြဘဲ တောင်ငူသို့ ချီရန်ကိုသာ စီမံပြင်ဆင်ကြလေထတည်း။

ထိုနောက် အဝဘုရင် ရွှေနန်းကြော့ရှင် အချစ်တော်ကြီး အုန်းပေါင် စော်ဘွားနှင့် အတူ တောင်ငူသို့ ချီတော်မူရာ ပါရှိသော ဗိုလ်ပါ အင်အားမှာ တိုက်ဆင် (၃၀၀) စစ်မြင်း (၆၀၀၀) စစ်သူရဲ(၁၂၀၀၀၀)ဖြစ်လေသည်။

တောင်ငူ မင်းကျီးညိုသည် တောင်ငူသို့အပြန် "ယင်းတောက်မြို့" စခန်းသို့ ရောက်တော်မူ သည်တွင် အဝဘုရင် တောင်ငူသို့ ချီလာကြောင်းကို ကြားသိတော်မူရာ မှူးမတ် သေနာပတိ အပေါင်းတို့ကို ခေါ်ပြီး ပြုံးရယ်တော်မူလျက် "အဝဘုရင်ဟာ တယ်အစွမ်းသတ္တိ ကောင်းပါ ကလား၊ မိုးညှင်းစော်ဘွားကိုညိုး ပြည်ဘုရင်ကိုညိုးပြီး၊ မဆိုင်တဲ့တောင်ငူကို စစ်ထိုးရန် ကြံလေ သည်မှာ ရယ်ဘွယ်ရာသာ ဖြစ်တော့သည်။ ။ 'ကြွက်မနိုင်လို့ ကျီမီးရှို့' ဆိုတဲ့ စကားကဲ့သို့ အဝဘုရင်၏ အကြံနှင့် စိတ်မာန်တက်ပုံများဟာ အလွန်တရာ ဘောက်ပြား၍ မှောက်မှား လွဲ ချော်နေတယ် မဟုတ်လား၊ အုန်းပေါင်စော်ဘွားကိုလဲ အပုံကြီးအားထားရှာတဲ့လက္ခဏာဘဲ။ ။ ယခု အဝဘုရင် ချီလာသည်မှာ ရှမ်းတပ်၊ မြန်မာတပ်၊ တို့မှာ စစ်သည်ပေါင်း တသိန်းနှစ်သောင်း ပါသတဲ့၊ ငါ၏တပ်တော်များမှာတော့ လူတသောင်းကျော်မျှဖြစ်၍ စစ်အင်အားချင်း မတူမျှဘဲ နေတယ်၊ ဘယ်သို့ထင်မြင်ကြသလဲ"ဟု မေးတော်မူလေ၏။

(စည်သူကျော်ထင်)။ ။အဝဘုရင် ချီလာသည်မှာ ဗိုလ်ပါအင်အား အလွန်များ ကြောင်းကို ကြားရပါသည်၊ သို့ရာတွင် ကျွန်တော်မျိုးတို့ကလဲ၊ ဤအရပ်၌ နေ၍ ဗိုလ်ခြေ စု ဆောင်းပါလျှင် များစွာပြည့်စုံနိုင်မည်ဖြစ်ပါသည်၊ အဝဘုရင်ကို ဆီးကြို၍ တိုက်ခိုက်ရန် သင့် မည် ထင်ပါကြောင်းပါဘုရား။

(မင်းကျီးညိုး) ။ဗိုလ်ပါသိမ်းသွင်းလျှင် ချက်ချင်းပြည့်စုံနိုင်မည့်အရေးကိုလဲ မြင်တော် မူပါရဲ့၊ သို့ရာတွင် အဝဘုရင်ကို တောင်ငူမြို့သို့အထိ စစ်မြူကာ သွေးဆောင်၍ သွားမည် တောင်ငူနေပြည်တော်သို့ရောက်သောအခါ သင့်လျော်သလို စီမံတော်မူမည်၊ ငါအသစ် တည် တောင် တော်မူတဲ့"ကေတုမတီ"တောင်ငူပြည်ကြီးကိုလဲ အဝဘုရင် တွေ့မြင်တော် မူရှာပါစေ၊ မြို့တော်ရောက်သည့်အခါ လွယ်ကူစွာနှင့်ပင် အောင်မြင်တော်မူမည် မလွဲနိုင်ပါ၊ အဝဘုရင်ကို သေနင်္ဂပရိယာယ်ဖြင့် ကျီစယ်တော်မူမယ်၊ တောင်ငူသို့သာ ပြန်၍ချီကြပေတော့။

ဤသို့ အမိန့်တော်ရှိသည်နှင့် "စည်သူကျော်ထင်"သည် တောင်ငူစစ်များကို အုပ်စီးလျက် အဝဘုရင်ကို စစ်ရေးဖြင့် မြူကာမြူကာ တောင်ငူသို့ချီလေသည်။
အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားတို့လည်း "မင်းကျီးညို"တောင်ငူသို့ ပြန်သွားပြီကြားသည်နှင့်

နင်း၍လိုက်ရာ တောင်ငူတပ်များကိုမမှီ တမှီဖြစ်သည်နှင့် လမ်းစခန်းတွင် မတိုက်ခိုက်ရဘဲ တောင်ငူမြို့ရင်းသို့ တိုင်အောင် ချီတက်ကြရလေသည်။

## "အဝဘုရင်နှင့် မင်းကျီးညိုတို့၏ စစ်ရေး"

**"မင်းကျီးညို"**သည် **'ကေတုမတီ'** မြို့တော်ကြီးသို့ ဝင်မိသောအခါ မြို့တံခါးများကို လုံစွာပိတ်ဆို့ပြီးလျှင် မြို့ရိုးထိပ်မှာ အမြောက်များကို တင်ကြ၊ မြို့ရိုးပေါ်တွင် ဖိုပေါင်း များစွာနှင့် ဖယောင်းနှင့် အင်တွဲများရှိကြစေ၊ သူရဲခိုတခုလျှင် စစ်သည်တပ်သား နှစ်ဦးကျ အမြဲရှိကြစေ၊ ပြအိုးတံခါးတိုင်း,တံခါးတိုင်း,မှာ တပ်မှူးစစ်ကဲအစုံနှင့် လူတထောင်, တထောင်စီ အမြဲရှိကြစေ၊ မြို့ရိုးလေးရပ်မှာ ဗိုလ်မှူးလေးဦး ခန့်ထား၍ ဆိုင်ရာ,ဆိုင်ရာက လုံခြုံစွာအုပ်စီးကြရမည်၊ **'စည်သူကျော်ထင်'**က ဗိုလ်ချုပ်ပြုလုပ်၍ ကွပ်ကဲ စီရင်ရမည်၊ ထွက်၍ မတိုက်ကြနှင့် မြို့ခံ အဖြစ်ဖြင့်သာ လုံခြုံစွာ ခုခံကြရမည်၊ သူကမပစ်ဘဲနှင့် မြို့ရိုးထိပ်ကနေ၍ မပစ်မခတ်ကြနှင့်၊ ငါ၏ **'ကေတုမတီ'** တောင်ငူ မြို့တော်သည် သိကြားမင်း၏စံရာ မဟာ အာယုဇ္ဇကြင့်း မြို့နန်းတော်ကြီး တရထည် ခိုင်ကြည်မြဲမြံလှသဖြင့် အဝဘုရင်သည် ငါ၏မြို့တော်ကို ဖေါက်၍ ဝင်နိုင်မည်မဟုတ်၊ ဤသို့ အမိန့်တော်ရှိလေရာ စည်သူ ကျော်ထင်လည်း အလုံးစုံပြီးပြည့်အောင် စီရင်လေ၏၊ အစာအစာနှင့် မြို့ရိုးရိက္ခာများကိုလည်း တောင်မျက်နှာ တံခါးက သွင်းစေရာ တနှစ်တိုင်တိုင်ပင် ဝန်းရံလုပ်ကြသော်လည်း အစာအစာအတွက် စိုးရိမ်ဘွယ် မရှိချေ။

အဝဘုရင်နှင့် အုန်းပေါင် စော်ဘွားတို့သည် တောင်ငူမြို့သို့ရောက်ရာ မြို့မြောက်ဆင်ကျုံး အရပ်တွင် စစ်စခန်း ချရပ်တော်မူပြီးလျှင် မြန်မာအင်အား, ရှမ်းအင်အား, တို့ဖြင့် မြို့တွင်းသို့ ဝင်ရန် အမျိုးမျိုးစမ်းလေ၏။ ။သို့ရာတွင် စည်သူကျော်ထင်က အကြပ်အတည်း အုပ်ချုပ်စီမံသောကြောင့် မြို့တွင်းသို့ဝင်ဘို့ မဆိုထားဘိ၊ မြို့ရိုးအနီးအပါးသို့ပင် မချဉ်းကပ်နိုင်ကြချေ။

**"အဝဘုရင်နှင့်အုန်းပေါင်စော်ဘွား"** တို့က 'မြို့တံခါးကို ပွင့်အောင် ဖွင့်ကြရမည်' မြို့ရိုးကို ပေါက်အောင် ဖေါက်ကြရမည် ဟု အတင်းအကြပ် အမိန့်ထုတ်ပြီးလျှင် မြန်မာစစ်သည်, ရှမ်းစစ်သည်,တို့မှ သူရဲကောင်းရွေး၍ စေလွှတ်သဖြင့် လက်ရွေး သူရဲကောင်းတို့လည်း မြို့တံခါးနှင့် မြို့ရိုးသို့ချဉ်း၍ အတင်းကြံစည်ပြန်ရာ တောင်ငူဗိုလ်ချုပ် စည်သူကျော်ထင်က မြို့ရိုးကရပ်၍ အတင်းအကြပ် စီရင်သဖြင့် ချဉ်းကပ်လာသော သူရဲများကို အချို့က ပြောင်းသေနတ်တို့ဖြင့် ပစ်ခတ်ကြလေ၏၊ အချို့ကလည်း အရေကျို၍ထားသော အင်တွဲရေ, ဖယောင်းရေတို့ဖြင့် သွန်းလောင်းကြလေ၏။

ဤကဲ့သို့ ခုခံကြရာ အဝဘုရင်နှင့် အုန်းပေါင်စော်ဘွား၏ ရဲမက်တော်များသည် မြို့ရိုးအနီးတွင် ကြာရှည်စွာ မရပ်မတန့်နိုင်ဘဲ အတင်ဆုတ်ခွါ ထွက်ပြေးကြရလေသည်။ ။အဝဘုရင်လည်း တောင်ငူမြို့ကိုဖေါက်၍ ဝင်နိုင်ရန် အကြိမ်ကြိမ် လုပ်ကြံပါသော်လည်း၊ မြို့စီး, မြို့နင်း ကောင်း၍ မြို့ခိုင်လှသည်နှင့် ကြံသောအတိုင်း မပေါက်နိုင်ဘဲ ရှိလေရာ ဝန်းရံ၍သာ နေတော်မူရလေ၏။

အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားတို့သည် ဗိုလ်ပါအင်အား မြားမြောင်စွာနှင့် ကေတုမတီ မြို့တော်ကို ဝန်းရံလုပ်ကြံနေဆဲတွင် မင်းကျီးညိုသည် ဗိုလ်ပါ မှူးမတ်အပေါင်းတို့ကို ခေါ်တော်မူ၍ ပြုံးရယ်ကာ မိန့်တော်မူသည်မှာ 'အဝဘုရင်ရှေနန်းကြော့ရှင်ဟာ အုန်းပေါင်စော်ဘွားကို အားကိုးတချုပ်ပြုပြီး၊ ငါ၏ရွှေမြို့တော်ကြီးကို အလွယ်တကူနှင့် သိမ်းယူ ရရှိတော်မူလိမ့်မည် အထင်ရှိ၍ ချီတက်ဝန်းရံလုပ်ကြံတော်မူသည်မှာ အလွန်ရယ်ဘွယ်ရာကောင်းတာဘဲ အဝဘုရင်၏ မျက်မာန်ဒေါသဟာ မူလကပင် လွှဲချော်လာခဲ့တဲ့ အတိုင်း ယခု လုပ်ကြံသည့်အခါမှာလဲ အလွဲတချော်ပင် ဖြစ်တော်မူနေရှာတယ်။ ။ယကြာကိန်းခန်းဖြင့် အောင်ပန်း အောင်ဟိတ်ကို ယူပြီး၊ ငါတည်တော်မူတဲ့ "ကေတုမတီ"မြို့တော်ကြီးကို ဘယ်ရန်သူဖို့ဖျက်နိုင်မလဲ အဝဘုရင်ဟာ သုံးနှစ်တိုင်တိုင် မိုးခို၍ လုပ်ကြံသော်လဲ အောင်မြင်ရန်အခွင့်ကို ရမည်ဝေးစွ၊ ရန်ဘေးထိဘို့သာ ရှိလိမ့်မယ်။

(မှူးမတ်များ) ။"မှန်လှပါ၊ အဝဘုရင်ဟာ ကျားနာကဲ့သို့ စစ်ရေးရှုံး၍ ခိုပုန်းရာမှ ထွက်ပြီး ကြံမိကြံရာ ကေတုမတီမြို့တော်ကြီးသို့ အရမ်းချီတော်မူလာခြင်းမှာ လွန်စွာ မှားယွင်းကြောင်း ထင်ရှားလှပါသည်။ ။အကြောင်းမဲ့ အမျက်ထွက်ခြင်းဆိုတာ ဘယ်အခါမဆို အမှားတွေ့စမြဲ မှန်လှပါသည်၊ ကေတုမတီမြို့တော်ကြီးမှာ ကေသရာဇာခြင်္သေ့အောင်းသော ရွှေဂူကဲ့သို့ အောင်သူတို့ စံမြန်းရာဖြစ်ပါသည်။ ။"ခြင်္သေ့မင်းကိန်းအောင်းတဲ့ ရွှေဂူအနီးသို့ ချဉ်းကပ်လာပါလျှင် ချမ်းသာခွင့်မရသည့်အလား"အဝဘုရင်နှင့် အုန်းပေါင်စော်ဘွားတို့ကိုလဲ ချမ်းသာခွင့်ပေးဘို့ သင့်မည်မထင်ပါ၊ ကျွန်တော်တို့က မြို့ကိုဖွင့်ပြီး အတင်းတိုက်ခိုက် ဖို့ဖျက်ရန် သင့်လိမ့်မည်လို့ ထင်ပါကြောင်းပါဘုရား။

(မင်းကျီးညို) ။အကျိုးမထွန်းကားလျှင် အင်အားကို အဆုံးမခံသင့်ဘူးတဲ့ မှူးမတ်များတို့၊ အဝဘုရင်ဟာ ကြာကြာဝန်းရံ၍ နေနိုင်ရန် အခွင့်မရှိဘူး၊ ရှမ်းတို့ ဖျက်ဆီး နှောင့်ရှက်တဲ့ ဘေးကြောင့် အဝမြို့တော်နှင့်တကွ နိုင်ငံတော်တလွှားမှာလဲ ပိပြားငြိမ်ဝပ်ခြင်းမရှိဘဲ လှုပ်ရှားလျက်ပင် ရှိနေတယ်။ ။မိုးညှင်းစော်ဘွားပြန်၍ သွားပြီဆိုသော်လဲ မြန်မာနိုင်ငံ မြောက်စွန်းဖြစ်တဲ့ မြေဒူးမြို့မှာ တပ်စခန်းချရပ်ပြီး အားအင်ကြီးအောင် အားယူ၍ နေတုန်းပင် ဖြစ်တယ်၊ မကြာမီတဘန် အဝမြို့ကိုစီးလိမ့်မည်အမှန်ဘဲ၊ နောက်ရန်တွေ မအေးကြောင်းကို ကောင်းစွာသိပါလျက်သားနှင့် အဝဘုရင်ဟာ ကေတုမတီမြို့တော်မှာ ကြာကြာဝန်းရံ၍ နေနိုင်ပမလား။ စစ်ရှုံး၍ အားနွဲ့နေတဲ့သူကို အပူထပ်၍ မပေးကြပါနှင့်တော့၊ အလိုရှိသမျှ ဝန်းရံ၍ နေပါစေ၊ မကြာခင် ပြန်တော်မူရပါလိမ့်မယ်၊ အဝဘုရင်ရဲ့ ကံဇာတာဟာလဲ လွန်စွာမှေးမှိန်၍ ဘုန်းရှိန်သေးနေတုန်းအခါ 'ကရုဏာ'ထား၍ သနားဘို့သာသင့်ပါသည်၊ ယခု အဝဘုရင်ချီတက်လာခြင်းမှာ ငါ၏ညှိသည်တော် ဖြစ်နေရှာတယ်၊ စစ်ရေး စစ်မှုကတခြား ဧည့်သည်ဝတ်ကို ပြုသင့်တာက တခြား အဲ-သည်ကဲ့သို့ ဝတ်တရားရှိနေတဲ့အတိုင်း အဝဘုရင် အပေါ်မှာ သဘောကြီးစွာထားပြီး၊ ဝတ်တရားကျေကုန်အောင် ပြုစုတော်မူမယ်။

(ဤသို့မိန့်တော်မူရာ စည်သူကျော်ထင်က) ။ယခု မိန့်တော်မူတဲ့ အတိုင်းပင် မှန်လှပါသည် ဘုရား၊ သနားဘွယ်ကောင်းသော အဝဘုရင်မှာ စစ်ရှုံးချက် နစ်နာသဖြင့် ရှက်တော်

မူတာကလဲတဘက်၊ မျက်မာန်တော်ကလဲထွက်၊ အကြောင်းမဲ့သက်သက် ချီတော်မူလာသည်မှာ ရှက်တော်မူရတဲ့အပေါ်တွင် အမှားကြွေးထပ်၍ တင်ခြင်းမျှသာဖြစ်ပါသည်။ ။ဘုရား ကျွန်တော်မျိုး ကြားသိရသည်မှာ တောင်ငူသို့ချီတက်ရန်အဝဘုရင် တိုင်ပင်တော်မူတဲ့အခါ တူတော်ဖြစ်တဲ့ **"မင်းကြီးရန်နောင်"**ကတောင်ငူသို့ ချီတက်ရန်မသင့်ပုံကို စုံလင်စွာအကြောင်းပြန်၍ လျှောက်တင်ပါသတဲ့ဘုရား၊ မင်းကြီးရန်နောင်၏ စကားကို မနာယူဘဲ မျက်မာန်ရှတော်မူသည့် အတိုင်းဆိုင်းတွင့်စားခြင်းမရှိ၊ ရုတ်တရက်တောင်ငူသို့ ချီတက်လာခြင်းမှာ လွန်စွာ မှားနေပြီဖြစ်၍ စစ်ရေး စစ်ရာတွင် မပျော်မမြင်နိုင်ကြောင်းလဲ ထင်ရှားလှပါသည်၊ ကျွန်တော်တို့ကထွက်၍ တိုက်မည် ဆိုပါလျှင် **"အနာပေါ်တွင် အနာဆင့်သလို"** အနစ်နာကြီး နစ်နာတော်မူရှာမည့် အတွက် ကရုဏာဘက်ပြီး ငြိမ်သက်စွာနေသင့်ပါတော့သည်။ ။နောက်ပိုင်းက ရန်များလည်း အင်အားရှိရှိနှင့် ဖိ၍လာမည်အမှန်မို့ အမြင်ပြန်ဘို့ကိုသာ စီရင်ရပါလိမ့်မည်ဘုရား။

(မင်းကျီးညို) ။မင်းကြီးစည်သူကျော်ထင်ရဲ့ စကားအတိုင်းပင် အဝဘုရင်အား ကရုဏာထားပြီး မထိပါး မနှောက်ရှက်ဘဲ မိမိက တရားမပျက်စေဘဲ ငြိမ်သက်စွာ နေဘို့သာ သင့်တော့သည်။

အဝဘုရင်၏ တူတော်ဖြစ်တဲ့ **"မင်းကြီးရန်နောင်"**ဟာ အလွန်တရာ မြော်မြင်တတ်ပါပေတကား။

(စည်သူကျော်ထင်) ။မှန်လှပါ မင်းကြီး ရန်နောင်ဟာ လွန်စွာ ပညာကြီး၍ သမာဓိတရားဖြင့် ကြံ့ခိုင်တဲ့ မင်းကြီးပါဘုရား၊ များစွာ စကားအရာမှာလဲ စောင့်စည်းလေ့ရှိပါတယ်၊ ဦးရီးတော်ဖြစ်တဲ့ အဝဘုရင်ကတော့ မင်းကြီးရန်နောင်ကို ကောင်းကောင်းကြီး သိတဲ့ လက္ခဏာမဟုတ်ပါ၊ ခပ်ခွါခွါထား၍ များများချီးမြှောက်ခြင်း မရှိလှပါဘုရား။

ဤသို့ တိုင်ပင် ဆွေးနွေးတော်မူပြီးလျှင် ဘုရင် မင်းကျီးညိုသည် အဝဘုရင် အပေါ်မှာ အနည်းငယ်မျှ မျက်မာန်တော်ရှခြင်း မရှိဘဲ ပျက်စီး ဆုံးရှုံးရသော အရေးများကိုသာ တွေးတော သနားလျက် ရှိတော်မူလေသည်။

နောက်တနေ့တွင် မင်းကျီးညိုက ပြိုန်မြတ်သော ပွဲတော်စာတို့ကို စီရင်စေပြီးလျှင် ပွဲတော်အုပ်၌ ထည့်၍ စားဘွယ်သောက်ရန်ဖြစ်သော လက်ဆောင် ပဏ္ဏာတော်များနှင့် အဝဘုရင်ထံသို့ ပို့သတော်မူစေသည်။

ထိုသို့လက်ဆောင်တော်ပို့သခြင်းကိုလည်း ကြောက်ရွံ့၍အညှံ့ခံလိုသော အဓိပ်နိမိတ်များ မပေါ်ရန်၊ အလွှာတော်တခုကိုလည်း ရေး၍ဆက်သတော်မူလိုက်၏ ထိုသဝဏ်လွှာ၌ပါသော စာမှာအောင်ပါ အစီပွါယ်အတိုင်းပင်တည်း။

## "အဝဘုရင်သို့ကြားစာ"

ကြားရောက်အပ်ပါလည် အကြည်တော်မင်းမြတ် ယခုကျွန်ုပ်၏ ရွှေမြို့တော်ဖြစ်သော **"ကေတုမတီ"**မြို့တော်ကြီးသို့ အရောက်ချီတော်မူလာရာ အဝဘုရင်သည်ကျွန်ုပ်၏ ညွှေ့သည်တော်

ကြီးဖြစ်ပါသည်"**အာဂန္တုက**" တို့အားပြုသင့်သော ဝတ်တရားရှိသောအတိုင်း "**အာဝါသိက**" ဝတ်ကိုမချွတ်စေသောအားဖြင့် မြိန်မြတ်သောပွဲတော်စာများကို ကောင်းမြတ်သော စိတ်ထားဖြင့် အဆွေတော်အထံသို့ ပို့ရောက်စေပါသည် တောင်ငူမြို့တော်ကထွက်သောဆန်နှင့် အသီးအနှံများ သည်မြေကောင်းရေကောင်းမှ ပေါက်ပွါးသီးပွင့်လာကြသဖြင့် အဆီသြဇာနှင့် လွန်စွာပြည့် စုံလှပါသည်။

အကြည်တော် အဝဘုရင်သည် မိုးညှင်းစော်ဘွားနှင့် ပြည်ဘုရင်တို့၏ အရေးကြောင့် စစ်ရေးမလှဘဲ ရှောင်တိမ်းတော်မူရကြောင်း ကောင်းစွာ ထင်ရှားလှပါသည်။ သို့ဖြစ်ပါလျက် မိုးညှင်းစော်ဘွားနှင့် ပြည်ဘုရင်တို့အပေါ်တွင် တစုံတရာအရေးမယူသေးဘဲ ကျွန်ုပ်၏တောင်ငူမြို့ ကိုသာအရေးကြီးစွာပြု၍ ချီတက်တော်မူလာသည်များကို အံ့သြလျက်ပင်ရှိပါသည်။

သို့ရာတွင်အဆွေတော် အဝဘုရင်၏ စိတ်ကိုမူကား ကျွန်ုပ်ဆီးထားကန့်ကွက် နိုင်သော အခွင့်မရှိပေ ယခုကျွန်ုပ်၏ မြို့တော်ကိုဝန်းရံ၍ လုပ်ကြံတော်မူရာကျွန်ုပ်မှာတစုံတရာမလှုပ်မရှား သောအရေးဖြင့်ခုခံရသည် ဤသို့မလှုပ်မရှား အင်အားအရှိန်ကို မပြခြင်းမှာလည်းအကြည်တော် ၏အပေါ်၌ "**အာဂန္တုက**" ဝတ်ကိုရွက်ဆောင်ခြင်းတမျိုးပင် ဟုမှတ်ယူတော်မူစေလိုပါသည်။

ကျွန်ု၏ရဲမက်တော်များကိုလည်း ငြိမ်ဝပ်ပိပြား မလှုပ်မရှားသောအမူအရာဖြင့် ယခုပွဲမှာ အမှုထမ်းကြရန် အမိန့်ထုတ်ပြန်၍ထားပါသည် ကျွန်ုပ်အပေါ်မှာ တစုံတရာ လွန်သည်ဟူသော စွပ်စွဲခြင်းကိုမခံလိုပါ။

အဆွေတော်အား ကြားသိစေလိုသော အရေးတခုမှာ အဝမြို့သော်သို့ မိုးညှင်းရှမ်းများ နှင့် ပြည်သူတို့ လုပ်ကြံကြစဉ်အခါ ကျွန်ုပ်လည်းအဝမြို့တော်၏ တောင်ဘက်တပြင်သို့ ချီတက် ခဲ့သည်မှာမှန်ပေ၏ ကျွန်ုပ်၏သဘောထားရင်းမှာ မိစ္ဆာရှမ်းများသည် အကယ်၍အဝမြို့တော်ကို တိုက်ခိုက်အောင်မြင်၍ သိမ်းပိုက်အုပ်စိုးမည်ဆိုပါလျှင် ထိုမိစ္ဆာရှမ်းတို့၏ ရန်ကိုတွန်းလှန်ဖြိုဖျက် ခြင်းအလို့ငှါ ချီတက်လာခြင်းဖြစ်ပေသည်။

အဝနေပြည်တော်ကြီးဆိုသည်မှာကျွန်ုပ်နှင့်အကြည်တော်အဝဘုရင်၏ဘေးတော်ဘိုးတော် များတည်ထားတော်မူခဲ့သော မြို့တော်ဖြစ်ပါသဖြင့် ထိုမြို့တော်ကြီးမှာ ရှမ်းတို့ဝင်၍ အုပ်စိုးမည် ကိုကျွန်ုပ်မခံနိုင်ပါ အသည်းနှစ်လုံးသို့တိုင်အောင် နာကျင်ထိခိုက်ပါသည်။

အဝမြို့တော်ကြီးကို ရှမ်းတို့အုပ်စိုးပါလျှင် ဘေးလောင်းတော်, ဘိုးလောင်းတော်များ တည်ထောင်ဘန်ဆင်း တော်မူခဲ့ကြသော "**မြန်မာနိုင်ငံတော်ကြီး**" သည် ရှမ်းမိစ္ဆာလူမျိုးတို့၏ လက်အောက်သို့ ကျရောက်လေတော့မည် မူလတည်ရင်းက "**ဗုဒ္ဓသာသနာ**" ရောင်ဝါထိန်လင်း ၍လာထည်ကို မိစ္ဆာတည်းဟူသော အမှောင်စွန်းငြိခြင်းကိုမခံလိုပါ ကျွန်ုပ်၏စိတ်ထဲမှာတိုင်းပြည် ရေးရာထက်သာသနာတော် အရေးကိုသာလွန်ပိုမို၍ အရေးပြုလျက်ရှိပါသည်။

ထိုပြင်ပြည်ဘုရင် သတိုးမင်းစောသည် မဟာနွယ်အစဉ်အဆက် ဖြစ်သော မြန်မာဘုရင် တို့ဘက်ကို မကူညီရုံမျှမကသေးဘဲ ကိုယ်ကျိုးငဲ့သော စေတနာဖြင့် မိစ္ဆာရှမ်းတို့၏ဘက်ကနေ၍ ကူညီလေသည်မှာ အလွန်ယုတ်မာ၍ လွန်စွာရိုင်းစိုင်းသည်ဟု အကျွန်ုပ်ထင်မြင်ပါသည်။

အချုပ်စကားမှာ အကြည်တော်သည် ကျွန်ုပ်စိုးစံသော 'ကေတုမတီ' မြို့တော်ကြီးကို မည်မျှလောက် ကြာအောင်ပင် ဝန်းရံ၍ လုပ်ကြံစေကာမူ၊ အောင်မြင်လိမ့်မည်ဟူသော အခွင့်ကို မျှော်လင့်တော်မမူပါလေနှင့် "ကေတုမတီ" မြို့တော်ကြီးကို သိကြားမင်း၏စံရာ တာဝတိံသာ၏ အလယ် ဆန်းကြယ်ခိုင်ခံ့သော "**အာယုဇ္ဈ**" မြို့တော်ကြီးဟူ၍ပင် မှတ်တော်မူပါ။ ။ဝန်းရံတော်မူလိုက အလိုရှိသမျှ ဝန်းရံ၍ နေတော်မူပါ။ ကျွန်ုပ်ကလည်း။ အကြည်တော်၏ အပေါ်မှာ ဖြူစင်သောစေတနာဖြင့် "**အာဝါသိက**" ဝတ်ကို မချတ်မယွင်း ပြုပါမည်။

"မင်းကျီးညို"

(ရှေးအခါ စစ်အရေးတော်ကြီးအတွင်းမှာပင် တဘက်နှင့်တဘက် လက်ဆောင်ပို့သခြင်း၊ သဝဏ်လွှာကမ်းလှမ်းခြင်းများကို ပြုလုပ်လေ့ရှိကြသည်။ ထိုသို့ပြုလုပ်ခြင်းမှာ။ လူမျိုးတို့၏ယဉ်ကျေးသော အမူအရာပင် ဖြစ်လေသည်)။

ပို့ဆက်လာသော လက်ဆောင်တော်များနှင့် တကွ၊ သဝဏ်လွှာကို အဝဘုရင်ရရှိတော်မူသောအခါ။ သဝဏ်လွှာကို ဘတ်စေသည်တွင်၊ "မင်းကျီညို"က ပျက်ရယ် ပြောင်လှောင်သည် ထင်သောကြောင့် တိုးတက်၍ အမျက်ထွက်တော်မူပြန်လေ၏။

အုန်းပေါင် စော်ဘွားက၊ ရာဇမာန်ရှသော အမူအရာကို မြင်သဖြင့်၊ အကြောင်းကို လျှောက်တင်ရာ၊ "မင်းကျီးညို"၏ သဝဏ်လွှာကို အုန်းပေါင်စော်ဘွားထံသို့ ကမ်းလှမ်းတော်မူလိုက်လေသည်။ ။အုန်းပေါင်စော်ဘွားသည်၊ မင်းကျီးညိုထံမှ ပို့ဆက်လိုက်သော သဝဏ်လွှာကို နှိုင်းချိန် ဆင်ခြင်သောဉာဏ်ဖြင့် ဘတ်ရှုလေရာ၊ အကြောင်းလုံလောက်စွာ သာမကအစုံအလင်နှင့်၊ ရေးသားချက်ကို တွေ့ရှိ သိမြင်လေသောကြောင့်၊အဝဘုရင်ကို မိမိထင်သောအတိုင်း၊ လျှောက်တင်သည်မှာ၊ "ယခု မင်းကျီးညို ရေးသားလိုက်သော စာကို သေချာစွာ ဆင်ခြင်၍ ဘတ်ရှုရာ၊ မခန့်မညား, မလေးမစား,နှင့်၊ ပြောင်လှောင် ပျက်ရယ်သော အဓိပ္ပါယ်များမပါဘဲ၊ မှန်ရာအတိုင်းပင် ရေးသော စာဖြစ်ပေသည်။ ။မင်းကျီးညိုသည်၊ အဝမြို့တော်ကြီး တောင်ဘက်တခွင်သို့ ချီတက်လာခြင်းမှာ မိစ္ဆာမျိုးဖြစ်သော၊ မိုးညှင်းစော်ဘွား၏ရန်ကို ခုခံဖို့ဖျက်ခြင်းငှါ ချီတက်လာပါသည်ဆိုသော စကားကိုလည်း ကျွန်ုပ်ယုံကြည်ပါသည် ယခုအခါ၊ မင်းကျီးညို၏ ဗိုလ်ပါအင်အားလည်း သေးသိမ်သည် မဟုတ်ပေ၊ မြို့တံခါးကို ပိတ်၍၊ ဆိတ်ငြိမ်စွာ ခုခံခြင်းမှာလည်း၊ အဘင်းစိတ်သဘော ဖြူစင်ကြောင်းကို၊ ပြသော လက္ခဏာပင် ဖြစ်သည်ဟု၊ ကျွန်ုပ်ထင်မိပေသည်။ ။ရှမ်းမိစ္ဆာတို့ဘက်က ကူညီသော ပြည်ဘုရင်ကိုတော့ အရေးမယူ၊ တောင်ငူကို ချီတက် လုပ်ကြံခြင်းမှာလည်း၊ မင်းကျီးညိုစကားအတိုင်း မတရားဘူးဟူ၍ပင် ကျွန်ုပ်ထင်မြင်ပါသည်။ ။ယခု တောင်ငူမြို့ကို ဝန်းရံ၍ လုပ်ကြံခြင်းမှာလည်း၊ နဂိုက ထင်သောအတိုင်း၊ အောင်မြင်ခြင်းကိုမရသည်မှာ ဒိဋ္ဌပင် ဖြစ်တော့သည်။ ။သို့ဖြစ်၍ အရံကို ဖြုတ်ပြီးလျှင်၊အဝမြို့သို့ ပြန်ရန်သာ သင့်လျော်မည် ထင်ပါသည်။ ။မိုးညှင်းရှမ်းတို့ အရေးကလည်း အေးငြိမ်းသည် မဟုတ်သေးပါ နိုင်ငံပြည်ရွာများလည်း ငြိမ်ဝပ်ပိပြားခြင်း မရှိသေးချေ။ ။"ရှေ့အရေးထက်-နောက်အရေးခက်" ဆိုသောအတိုင်း၊ မိမိနိုင်ငံသို့ပြန်၍၊ စီမံစိုင်းပြင်းတော်မူရန်ကြီးပါသေးသည်။

ဤသို့ လျှောက်တင်သော စကားကို ကြားရာ၊ အဝဘုရင်လည်း၊ ချစ်ကျွမ်းဝင်သူ၏ စကားဖြစ်သောကြောင့်၊ စိတ်ညွတ်၍ ယုံကြည်တော်မူသည်၊ သို့ရာတွင် ရုတ်တရက်လိုက်နာလျှင်၊ ရာဇဂုဏ်ပျက်မည်ကို စိုးရိမ်သောကြောင့်။ မည်သို့မျှ တုံ့ပြန်၍ မြွက်ဆိုခြင်းမပြုဘဲ ဝန်းရံမြဲ ဝန်းရံ၍ နေတော်မူသည်။

တလခန့် ကေတုမတီကို ဝန်းရံ၍၊ အကြိမ်ကြိမ် လုပ်ကြံပ သော်လည်း၊ အောင်မြင်တော် မမူသည်နှင့်၊ အဝဘုရင်သည်၊ အုန်းပေါင် စော်ဘွားနှင့် တိုင်ပင်တော်မူပြီးလျှင် စစ်သည်ဗိုလ်ပါ တို့ကိုစုရုံး၍၊ အရံကို ဖြုတ်လျက်၊ ဆုတ်ခွါပြန်လည်တော်မူရလေ၏။

အဝဘုရင်သည်၊ အရံတပ်များကို ဖြုတ်၍ ပြန်လည်တော် မူရာ တောင်ငူ စစ်ဗိုလ်များက၊ စည်သူကျော်ထင်ထံသို့ ဝင်၍ "ယခုအဝဘုရင်သည်၊ တပ်ကိုနှုတ်၍ ပြန်လေပြီ၊ ကျွန်ုပ်တို့က၊ အားရှိ,အင်ရှိ,၊ နောက်ထပ်လိုက်၍ တိုက်ခိုက်ရပါလျှင်၊ ဆင်,မြင်း, များနှင့် စစ်လက်နက် ကြီးယာများကို၊ အလွယ်တကူရနိုင်ရန် အ ကြောင်းရှိပါသည်၊ ကျွန်တော်တို့ လိုက်၍ တိုက်ပါရစေ"ဟု အခွင့်တောင်းကြရာ၊ "**စည်သူကျော်ထင်က**" "စစ်ရေး လိုလားခဲ့ပါလျှင်၊ ဗိုလ်မင်းတို့ ခွင့်တောင်းချက်ကို အခွင့်ပြုသင့်ပါပေသည်။ သို့ရာတွင်၊ တောင်ငူမြို့၏ လုံခြုံကြောင်းနှင့် ဗိုလ်ပါအင်အားပြည့်စုံကြောင်းကို အဝဘုရင် သိသောကြောင့် ပြန်လေပြီဖြစ်ရာ၊လိုက်၍တိုက်ခိုက်ရန် သင့်တော့ သည်မဟုတ်ပေ၊ အဝဘုရင်မှာ စစ်ဇရးနှစ်နာသည့်အခိုက်ဖြစ်၍၊ ကျွန်ုပ်တို့ တောင်ငူက ထပ်မံ၍ ဘိစီး ညှင်းပမ်းရန် လိုမည်မဆင်ပါ၊သို့ရာတွင်၊ အမိန့်တော်မြတ်ကို နာခံလျှင်၊ သာ၍ သင့်လျော် ပါမည်" ဟု ဤသို့ မိန့်ဆိုလေ၏။

ထိုနောက် ဗိုလ်မင်းများကလည်း၊ ဗိုလ်ချုပ်ကြီး စည်သူကျော်ထင် စကားအတိုင်း၊ ဘုရင် မင်းကျီးညိုထံသို့ဝင်၍၊ အမိန့်တော်မြတ်ကို နာခံကြရာ၊ မင်းကျီးညိုက "ဗိုလ်မင်းများက၊ တပ်နုတ်၍ ပြန်ရှာလေသော အဝဘုရင်ကို၊ နောက်ထပ်လိုက်၍ တိုက်မည် တင်လျှောက်ကြရာ၊ စစ်ရေးနှင့် ကြည့်ပါလျှင် သင့်လျော်သောအရာပင် ဖြစ်ပေသည်၊ သို့ရာတွင် အဝဘုရင် ချီတက်လာစဉ်က ပင်လျှင်၊ မလှုပ်မရှားသော ခုခံခြင်းဖြင့်၊ ခုခံတော်မူမည်ဟု အကြံတော်ရှိခဲ့ရာ၊ ယခုလည်း ကြံတော်မူသောအတိုင်းပင်၊ လက်နက် လုံ့ ေါ၊ လှုပ်ရှားခြင်း မရှိဘဲ၊ "**အောင်ပွဲကြီး**" ကိုရခဲ့ပြီ။ ။ အဝဘုရင်၏ အပေါ်မှာ "ခန္တီပါရမီ" ကို ရှေ့ထား၍၊ သည်းခံခြင်းဂုဏ်ကို အသုံးပြုတော်မူခဲ့ရာ အောင်မြင်သောအခါမှ၊ ငါ၏ "ခန္တီပါရမီ" ကို မပျက်စေပါနှင့်၊ ငါ၏ "ခန္တီပါရမီ" ကို၊အစ, အဆုံး, ဖြူပါစေ။ ။အဝဘုရင်ကို လိုက်၍ တိုက်သဖြင့် အောင်မြင်ခြင်းထက်၊ဗိုလ်ပါအင်အား။ လက်နက်လုံ့ ေါ၊ လှုပ်ရှားခြင်း မရှိဘဲ၊ ပကတိ ငြိမ်ဆိမ်စွာ အောင်မြင်ခြင်းက သာ၍ မြင့်မြတ်လှ ပေသည်။ ။အဝဘုရင်ကို အောင်မြင်၍၊ ဆင်ကောင်း, မြင်းကောင်း, လက်နက်ကောင်း,များ ကို ရရှိသောထက်။ ငါ၏အတွင်းသန္တာန်မှာ၊ ပါမမိဓါတ်ခံ တခုကို ရရှိတော်မူခြင်းမှာ၊ သာ၍ ပင် မြင့်မြတ်တော့သည်။ ။အဝဘုရင် ဆိုသည်မှာလည်း ငါနှင့်မျိုးနွယ် မကင်းသောမင်းတပါး ဖြစ်တော်မူပေသည်။ ။အားအင်နွဲ့ပါး၍ နေသော၊ ဇာတ်တူ အမျိုးအနွယ်တို့၏ အပေါ်မှာ၊ မညှင်းဆဲ, မနှိပ်စက်စကောင်းပေ၊ သူတော်ကောင်းတို့၏ သဘော နှလုံးကိုသာ၊ ဆုံးမတော်မူ သည်။

ဤမိန့်တော်မူသည်ကို ကြားရ၊ စစ်ကဲ, နားခံ, မှစ၍၊ စစ်ဗိုလ်မှူး, ဗိုလ်ချုပ်တို့မှာ၊ လွန်စွာ ကျေနပ်ကြသည်နှင့်၊ **"ကေတုမတီ"**မှ ပြန်၍ဆုတ်ခွာလေသော အဝဘုရင်ကိုမတိုက်ဘဲ၊ မိမိတို့ ကေတုမတီ မြို့တော်ကြီးမှာပင်၊ မလှုပ်မရှားသော အောင်မြင် ခြင်းကို အကြောင်းပြုကာ၊ များစွာသော အောင်ပွဲသခင်တို့ကို၊ ဆင်ယင်ကျင်းပကြလေသည်၊

လက်နက်,လှံ, ဓါး။ ဆင်,မြင်,များကို၊ လှုပ်ရှားခြင်း မရှိစေရဘဲ အဝဘုရင်ကို အောင်မြင်သော မင်းကျီးညို၏ အောင်ပွဲကို ကြားသိကြရ၊ ဟံသာဝတီ, သရေခေတ္တရာ,တောင်တွင်းကြီး, အဝ, မြို့တော်၌ ရှိနေကြသော ပညာရှိ အပေါင်းတို့က ကောင်းချီးပေးကာ ထောမနာကြလေသတည်း။

"ခန္တီလက်နက်နှင့် မေတ္တာစစ်သားတွဲ မြန်မာကဗျာ"

(က) သည်းခံတော်အား-မြင့်မားလူလူ။
ဓါး,လှံ,လက်နက်,-တချက်မကူ။
လှုပ်ရှားလေဘဲ-အောင်ပွဲကိုယူ။
အောင်လံဖွင့်-အသင့်အောင်တော်မူ။

(ခ) ခန္တီစိန်သွား-ရွှေဓါးကိုကိုင်။
မေတ္တာချစ်အား-စစ်သားမြိုင်မြိုင်။
ရန်တွေ့သမျှ-ရှေ့ကရင်ဆိုင်။
ဗောင်ရမြဲ-မလွဲကိုယ်ကနိုင်။

အဝဘုရင်နှင့် အုန်းပေါင် စော်ဘွားတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွ၊ အဝမြို့သို့ ပြန်လည် ဆိုက်ရောက် လာကြသောအခါ၊ အုန်းပေါင် စော်ဘွားက မိမိဌာနကို ပြန်လိုသောကြောင့် "ယခုမိုးကျလုနီးပြီ ဖြစ်သောကြောင့် စစ်ရေးများလည်း ရှိမည်မထင်ပါ ကျွန်ုပ်ပြန်ပါရစေ အရေးရှိလျှင် အမြန်စေ၍ အကြောင်းကြားပါ မဆိုင်းမတွ ချီလာပါမည်"ဟု အခွင့်တောင်းရ၊ အဝဘုရင်က ဗိုလ်ပုံမှူးမတ်တို့၏ အလယ်တွင် မိတ်ဆွေကောင်း လက္ခဏာပြီလှသော အုန်းပေါင်စော်ဘွား၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းတော်မူပြီးလျှင် "ရွှေငါးပိဿ၊ ငွေချိန်ခွက်သုံးဆယ်၊ ဆင်ကောင်း တဆယ်တို့နှင့် တကွ၊ အဘိုးထိုက်တန်လှစွာသော ထည်မျိုး, အုပ်မျိုး, တို့ကိုပေးတော်မူသည်။

အုန်းပေါင် စော်ဘွားက "ငါ့သွေးသောက်မှာ ညိုးနွမ်းသောအခါဖြစ်၍၊ ကျွန်ုပ်ကပင် ပေးရမည့်အခါ ဖြစ်ပါသည်။ လက်ဆောင်တော်များကို မယူလိုပါ" ဟု ငြင်းပယ်သည်တွင် အဝဘုရင်က ပယင်းကတောင်, ပတ္တမြားက, ပတ္တမြားချပ်, များနှင့် မိမိစီးတော်မြင်းကို အမြတ်တနိုး ပေးတော်မူ၏။

ထိုလက်ဆောင်တော်များကို ယူပြီးလျှင် အုန်းပေါင် စော်ဘွားလည်း၊ မိမိ၏ ဗိုလ်ပါ ဆင်,မြင်း,များကို သိမ်းယူ၍၊ အုန်းပေါင်သို့ ပြန်လေသတည်း။ ။အုန်းပေါင်စော်ဘွားသည် မိတ်ဆွေကောင်းတို့၏ ဝတ်တရားနှင့်ညီပေစွ။

# အခန်း(၁၂)

## အဝနေပြည်တော်ကြီးကို ရှမ်းတို့ပြန်၍ တိုက်ဖျက် သိမ်းယူခြင်း။

အဝဘုရင် ရွှေနန်းကြော့ရှင်သည် တောင်ငူမြို့ကို ဝန်းဝိုင်း လုပ်ကြံရာမှ ပြန်လာပြီးနောက် အဝနေပြည်တော်သို့ ရောက်တော်မူသောအခါ နိုင်ငံတော်တဝှမ်းလုံးတွင်ရှိသော မြို့စား ရွာစား များကို ခေါ်တော်မူပြီးလျှင် မောင်မင်းများသည် ငါ၏ကျေးဇူးသစ္စာ နှစ်ပါးကို ရိုးသားဖြောင့် မတ်စွာ စောင့်ရှောက်ကြရမည်။ ငါ၏ အမှုတော်ကို သက်စွန့် ကြိုးပမ်းထမ်းဆောင်ကြရမည်။ ယခု လည်း မိုးညှင်း ရှမ်းတို့၏ ဘေးရန်မှာ ငြိမ်သေးမည်မထင်၊ ကိုယ့်မြို့ ကိုယ့်ရွာကို လုံခြုံစွာ စောင့် ထိမ်းကြရမည် ဤသို့ မိန့်တော်မူပြီးလျှင် သစ္စာပေး၍ဆုတော် လာဘ်တော်များကိုလည်း သနား တော်မူလေ၏။

မြို့စား ရွာစား အပေါင်းတို့ကလည်း "အရှင့် အကျိုးတော်ကို ဆောင်ရွက်ရာတွင် ဘုရား့ ကျွန်တော်မျိုးများ၏ အသက်ကို။ သစ်ရွက်တရွက်, မြက်ညှန့်တညှန့်, မျှလောက် အမှုမထားပါ အရှင့်အကျိုးကိုသာ လေးလေးစားစား ထမ်းဆောင်ပါမည် ဘုရား့ကျွန်တော် မျိုးများ အမှတ်တမဲ့ နေခိုက်တွင် ရှမ်းတို့ အတင်း ဝင်လာသောကြောင့် ရှုံးနိမ့်ခြင်း ဖြစ်ရပါသည်။ ရွှေအဘို့မှာ၊ သတိကြီးစွာနှင့် မြို့ရွာ အရပ်ရပ်ကို၊ စောင့်ရှောက်ကြပါမည် ဘုရား" ဟူ၍ လျှောက်ထားကြလေ၏။

ဤသို့ လျှောက်တင်ကြရာတွင် မင်းကြီးရန်နောင်က ဘုရင့် အလိုတော်သို့ မလိုက်ဘဲ တည့်တည့် မတ်မတ် မှန်သောအတိုင်း လျှောက်တင်သည်မှာ "ယခုအခါ၊ အဝနိုင်ငံတော်မှာ မြောက်ကလဲရှမ်း၊ တောင်ကလဲ ကေတုမတီ၊ မြစ်ရိုးကလဲ ပြည်၊ ဤသို့သော အနောက် အရှက် များ ဝိုင်းဝန်းလျက်ရှိသောကြောင့် အားအင်နည်းပါးလျက် ရှိကြောင်း အမှန်ဖြစ်ပါတော့ သည်"။ မကြာခင်ကပင် မိုးညှင်းစောဘွဲ့ားနှင့် ပြည်ဘုရင်တို့သည်၊ အဝမြို့တော်ကြီးကို ဖျက် ဆီး နှိမ်နင်း၍၊ ဆင်,မြင်း, ဗိုလ်ပါ, ကောင်းနိုးရာရာတို့ကိုလဲ ရွေးချယ်၍ ယူသွားပါပြီ။ ။ သို့ပါသောကြောင့် ယခုတကြိမ် မိုးညှင်း ရှမ်းတ် တဖန် ချီတက်လာမည် ဆိုပါလျှင် ယခုရှိနေ သော အဝမြို့တော်၏ အင်အားဖြင့် ခုခံ နှိမ်နင်းရန် လွယ်ကူမည် မထင်ပါ။ ။ရုတ်တရက် မိုးညှင်းရှမ်းတို့ ချီတက်လာခဲ့ပါလျှင် အဆွေတော်ကြီးဖြစ်သော အုန်းပေါင် စော်ဘွားကို ချီး ပင့်ရန် အချိန်ကိုလည်း ရနိုင်တော့မည် မဟုတ်ပါ၊ ကျွန်တော်မျိုး လျှောက်တင်သော အချက်ကို နက်နက် စဉ်းစားတော်မူသင့်ပါသည်" ဟူ၍ လျှောက်တင်လေ၏။

ထိုအခါဘုရင်မင်းမြတ်က အတန်ငယ်စိုက်၍ စဉ်းစားတော်မူပြီး "မင်းကြီး ရန်နောင် လျှောက်တင်ချက်ကိုလဲ မဟုတ်ဘူးမဆိုသာပါ၊ သို့ရာတွင် အင်အား ပြည့်စုံအောင်၊ ဘယ်ပုံ ကြံစည်ဘို့ အချက်မြင်ပါသလဲ"ဟု မေးတော်မူလေသည်။

(မင်းကြီးရန်နောင်) ပြည့်ရှင်မင်းတို့ဆိုသည်မှာ ရေးကြီးခွင့်ကျယ်နှင့်တွေ့ကြုံသောအခါ၊ လွယ်စွာနှင့် အားဖြည့်တင်းနိုင်ရန် မဟာမိတ်များကို အရံသင့် သင်းဖွဲ့ထားဘို့ ရှိပါသည်၊ ယခု ကျွန်တော်မျိုး လျှောက်တင်လိုသော အကြံမှာ အခြား မဟုတ်ပါ၊ တောင်ငူမင်းကျီးညိုကို အလို တော်သို့ပါအောင် သိမ်းသွင်း၍ မဟာမိတ်ဖွဲ့တော်မူစေလိုတဲ့ အကြောင်းပါ ဘုရား၊ တောင်ငူ မင်းကျီးညို၏သဘောထားကို ကျွန်တော်မျိုးရိပ်မိပါသည်၊ ပြည်ဘုရင် နရပတိကဲ့သို့ ကိုယ့်ဘို့ ကိုယ့်ရေးအတွက် ငဲ့ကွက်သော ခေတ်စေတနာမျိုးရှိမည်မထင်ပါ၊ မိမိ၏ဇာတိမျိုးရိုးဖြစ်သော မြန်မာနွယ်ကို တကယ်ချစ်ခင်သည့်ပြင်၊ ဗုဒ္ဓသာသနာကိုလည်း လွန်စွာကိုင်းရှိုင်းသောမင်းတပါး ဖြစ်ပါသည်။ မင်းကျီးညို၏ စေတနာမှာ မည်ကဲ့သို့ပင် အကျိုးဖြစ်ထွန်းစေကာမူ ဇာတိမျိုးရိုး ကို နှိပ်စက်၍ အမျိုးမတူ သာသနာမတူသော မိစ္ဆာဘက်သို့လိုက်ပါကူညီမည်မဟုတ်ပါ၊မိုးညှင်း ရှမ်းတို့၏ ရန်ကို ခုခံဘို့ အရေးနှင့် အားပေးကူညီစေလိုကြောင်းနှင့် အရှင်မင်းမြတ်က သဝဏ် လွှာရေးသား၍ တမန်စေလွှတ်ခါ မဟာမိတ်ဖွဲ့တော်မူပါလျှင် လွယ်ကူစွာနှင့် အလိုတော်သို့ ပါ၍ မိစ္ဆာရှမ်းတို့၏ရန်ကို ခုခံဖြိုဖျက်မည်အမှန်ပင်ဖြစ်ပါကြောင်း။ ကျွန်တော်မျိုးကို စေလွှတ် တော်မူပါလျှင် တောင်ငူမင်းကျီးညိုထံသို့ သွားရောက်ရန် အသင့်ပင် ရှိပါကြောင်းပါဘုရား။

ဤသို့လျှောက်တင်သောစကားကိုကြားရာ၊ မင်းကြီးရန်နောင်၏ စကားကိုနှစ်သက်တော် မမူသည်နှင့် "ရန်နောင်က တောင်ငူကို တယ်အားကိုးသကိုး၊ ကေသရာဇာခြင်္သေ့မင်းဟာ ယုန် သူငယ်၏ထံမှ အကူအပံ့တောင်းလေ့ရှိသလား၊ တောင်ငူမြို့ဆိုတာရှေးဘေးတော်ဘုရား၊ဘိုးတော် ဘုရား၊တို့ လက်ထက်ကပင် အဝနေပြည်တော်ကြီး၏ အောင်လံတော်ရိပ်ကိုခို၍ လာခဲ့ရကြောင်း ကို ရန်နောင်လဲသိတယ်မဟုတ်လား၊ ယခု မင်းကျီးညိုလက်ထက်မှာ အဝနေပြည်တော်၏အောင် လံတော် အောက်မှထွက်၍"ခုမှပေါ်ထင်ရှေကြာပင်"ဆိုသလိုတသီးတခြားတထီးတနန်းထူထောင် ခဲ့တယ်မဟုတ်လား၊ တောင်ငူမြို့၏ အောင်လံတော်အရိပ်ကို အဝနေပြည်တော်က ခိုရအုံးမှာ လား၊ ရာဇပလ္လင်ပျက်အောင် အရှက်ခံတော်မမူဘူး၊ တောင်ငူအကြောင်းကိုမလျှောက်နှင့်" ဤသို့ မိန့်တော်မူသောကြောင့် မင်းကြီးရန်နောင်လည်း မည်သို့မျှထပ်၍ မတင်ဝံ့ဘဲရှိလေသည်။

မင်းကြီးရန်နောင်၏လျှောက်တင်ချက်ကို ကြားကြရာ၊ မှူးမတ်သေနာပတိ များစွာတို့က လည်း တောင်ငူမင်းကျီးညို၏သတ္တိနှင့် သဘောကိုသိကြပြီး ဖြစ်သောကြောင့် မဟာမိတ်ဖွဲ့၍ မိုးညှင်းရန်ကို အတူတကွ ခုခံဖြိုဖျက်ရန် သဘောတူညီကြလေသည်။ သို့ရာတွင် ဘုရင်မင်းမြတ် ကြီး၏အလိုသော်ကို ကန့်လန့်တိုက်၍ လျှောက်ထားခြင်းငှါ မဝံ့ကြသောကြောင့် ဆိတ်ငြိမ်စွာ ငုံ၍နေကြရလေကုန်၏။

## "မိုးညှင်းစော်ဘွား ချီတက်လာခြင်း"
## (၈ ငယ်သုံးခု-ဥသျှစ်ထု)

သက္ကရာဇ် (၈၈၈) ရှစ်ရာရှစ်ဆဲ့ရှစ်ခုနှစ်တွင် မိုးညှင်းစော်ဘွား "စလုံ"နှင့် သားဖြစ်သူ "သိုဟန်ဘွား"တို့သည် မြေဒူးမြို့၌ တိုင်ပင်ကြသည်မှာ-

(သိုဟန်ဘွား) ။လွန်ခဲ့တဲ့ စစ်ပွဲမှာ အဝမြို့တော်ကြီးကို အောင်မြင်ပါသော်လဲ ပြည်ဘုရင်ကို ငဲ့ညှာရတဲ့အတွက် ကိုယ်တိုင် မအုပ်ချုပ်ဘဲ ပြည်ဘုရင်ကို လွှဲအပ်ခဲ့သည်မှာ လွန်စွာမှားယွင်းပါသည်၊ ပြည်ဘုရင်သည် အဝမြို့ကော်ကိုအုပ်စိုး၍ တန်ခိုးရှိန်စော် အာနုဘော်ကြီးမားလိုသော်လဲ သတ္တိကအလွန်နည်းသဖြင့် လက်တွင်းသို့ ရောက်ပြီးတဲ့ စည်းစိမ်ကို စွန့်လွှတ်ပြီး သူ-ပိုင်တဲ့ နိုင်ငံသို့ အလျင်အမြန် ပြန်၍သွားပါသည်၊ မြန်မာဆိုတဲ့ လူမျိုးများ ယုံစားဘို့ မရှိပါ၊ မြန်မာတို့၏ စွမ်းရည်သကိုတ္တိကိုလဲ သိခဲ့ပြီးဖြစ်တဲ့အတိုင်း ယခု တဘန် ချီတက်၍ လက်နက်နိုင်ငံအဖြစ်ဖြင့် အဝမြို့ကို သိမ်းပိုက်ပြီး ကိုယ်ပိုင် အုပ်စိုးခြင်းဖြင့် အုပ်စိုးမှ လှုလှုကြီး ပိုင်တော့မည်ဖြစ်ပါသည်၊ အဝမြို့တော်သို့ ချီတော်မူရန် အမြန်စီရင်တော်မူပါ။

(သား-သိုဟန်ဘွား၏ လျှောက်ချက်ကို ကြားရ၍ မိုးညှင်းစော်ဘွားက) ။သားမောင်လျှောက်တဲ့အတိုင်း ပြည်ဘုရင်ကို ယုံကြည်၍ လွှဲအပ်ခဲ့ခြားဟာ အမှားကြီး မှားတော့တာဘဲ၊ **“မလိုမှာ နှစ်ခါပင်ပန်း”**ဆိုတာလို တဘန်ထပ်၍ ချီတက်ရပြန်အုံးတော့မှာဘဲ။ ။ပျောက်ကင်းပြီးတဲ့အနက် တဖန်ထလာပြီဆိုလျှင် လွန်စွာ အတုရခက်တာမျိုးကလား၊ ပထမ အောင်မြင်ကတဲ့က ကိစ္စတုံးပါလျက်သားနှင့် ပြည်ဘုရင်ကိုသနားခဲ့သည်မှာ ငါတို့သားအဘ အပုံကြီး ကိစ္စများနေတော့တာဘဲ။

(သိုဟန်ဘွား) ။ယခုတဖန် ချီတက်တိုက်ခိုက်ရန် ခဲခက်မည် မဟုတ်ပါ၊ အဝမြို့မှာလဲ ဗိုလ်ပါ,ဆင်,မြင်း,နှင့် သင်းပင်းတွေ အားနည်းကုန်ပါပြီ၊ ချီတက်တိုက်ခိုက်ပါလျှင် လွယ်စွာနှင့် အောင်မြင်ဘို့ပါ။ ။ကျွန်တော်စိုးရိမ်မိတာကတော့ တောင်ငူမင်းကျီးညိုနှင့် မဟာမိတ်ဖွဲ့ ပေါင်းပေါင်း၊ ရေကြောင်း, ကုန်းကြောင်း,နှစ်ရပ်က တပ်ပေါင်းများစွာနှင့် ခုခံမည်ကိုသာ စိုးရိမ်မိပါသည် တောင်ငူမင်းကျီးညိုရဲ့ အင်အားက ယခုအခါ လွန်စွာ ကြီးမားနေပါသတဲ့။

(ဘခင်စော်ဘွားကြီး) ။သည်အရေးကိုတော့ စိုးရိမ်ဘို့ မရှိပါဘူး၊ အဝနှင့် တောင်ငူပွက်ပွက်ဆူအောင် ရန်ပွားနေပါတယ်၊ ငါတို့သားအဘ အဝမြို့တော်ကို တက်သိမ်း၍ ပြန်လာကြပြီးနောက် အဝဘုရင်က အကြောင်းမဲ့ မျက်မာန်ထားပြီး တောင်ဘက် တလွှားက နယ်တွေကို သိမ်းရမလားလို့ တောင်ငူမြို့တော်အထိ ချီတက်၍ လုပ်ကြံတယ်၊ တောင်ငူကိုမနိုင်လို့ လက်မှိုင်ချပြီး အဝဘုရင် ပြန်လာရသတဲ့၊ အဝနှင့် ကေတုမတီ ညီနိုင်ဘို့ အကြောင်း မမြင်ပါဘူး။ ။ဘခင်ရဲ့မျက်စိထဲမှာ စပါးမွေးစူးသလို အမြင်ကပ်နေတာက အုန်းပေါင် စော်ဘွား ဖြစ်တယ်။

(သိုဟန်ဘွား) ။မှန်ပါတယ်၊ သည် အုန်းပေါင် စော်ဘွားဟာ မြန်မာဘုရင်ကိုဖြင့် သိကြားမင်းထင်နေတဲ့ လက္ခဏာပါ၊ ယခုလိုအရေးထဲမှာ မြန်မာတို့လက်အောက်က လွတ်မြောက်အောင် မကြံစည်ဘဲ မြန်မာဘုရင် အုပ်စိုးခြင်းကို ဘုန်းကြီးသည်ထက်ကြီးအောင် ထောက်ပင့်နေတဲ့ စော်ဘွားဘဲ။ ။မြန်မာဘုရင် အဆက်ဆက်က ရှမ်းပြည်တရိုးကို တက်ပြီး ညက်ညက်ကြေအောင် နှိပ်စက်ထားသို့မှ သူ့စိတ်ထဲက မနာဘူး။ ။အုန်းပေါင် စော်ဘွားနှင့်တော့ တွေ့ရလိမ့်မယ်၊ သည်တကြိမ် အဝမြို့တော်ကို ချီတက်ရာတွင် အုန်းပေါင်စော်ဘွား လာရောက် ကူညီခဲ့ပါလျှင် အုန်းပေါင်ရှမ်းတသိုက်ကို ကျွန်တော်တိုက်ပြီး အမျိုးပါပြုန်းအောင် ခြေမှုန်းပစ်ပါမယ်၊ တယ်မြန်မာကိုချစ်တဲ့ ရှမ်းပုပ်တွေဘဲ။

(ဘခင်စော်ဘွားကြီး) ။အင်း - အုန်းပေါင်စော်ဘွားဟာ မြန်မာကိုခင်မင်၍ ကျေးဇူးရှင်မှတ်တဲ့ အမျိုးကိုလဲ အပြစ်မဆိုထိုက်ပေဘူး၊ အရှင်သခင်၏ ကျေးဇူးသစ္စာတို့ ခိုင်မြဲစွာလိုက်နာတဲ့ သူရယ်လို့၊ တနည်းအားဖြင့် ချီးမွမ်းထိုက် ပေတာပေါ့။ ။သို့ရာတွင် ကိုယ့်အမျိုးနှင့် ကိုယ့်နိုင်ငံအပေါ်မှာ တပါးသော အမျိုးက ဘုန်းအာဏာ တန်ခိုး အောင်လံဖြင့် လွှမ်းမိုးပြီး အုပ်စိုးနေခြင်းဆိုတာ ကိုယ့်အမျိုးနှင့် ကိုယ့်နိုင်ငံ ကြီးပွားရန် မရှိအောင် ကြံတာမျိုးမို့ စွမ်းနိုင်တဲ့ အခါတိုင်လျှင် ကိုယ်ပိုင်အုပ်စိုးခွင့်ကို ရရှိအောင် ကြိုးစားသင့်တဲ့ ဝတ်တရားကတော့ အမှန်ရှိနေတာဘဲ။ ။အုန်းပေါင်စော်ဘွားကဲ့သို့ အစဉ်တစိုက်ခြေတော်ဦးခိုက်ပြီး ၊ကျေးဇူး သစ္စာကိုအားထား၍ ဝပ်တွားရိုကျိုးလျှက် ရှိခိုးလက်ဆောင်တော်ဆက်၍သာ နေခဲ့ပါလျှင် ဘယ်အခါမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်ခွင့်ကိုရနိုင်တော့မှာ မဟုတ်တော့ပေါ့ဘူး။ ။မြန်မာဘုရင်နှင့်တကွ မြန်မာတမျိုးလုံးဟာ လွန်စွာမာနကြီးကြတယ်၊ ရှမ်းလူမျိုးတို့အပေါ်မှာ ဘာလောက်ကမှ အရေးထားတဲ့ စိတ်မျိုးမရှိကြဘူး၊ သို့အတွက်ကြောင့် နိုင်ခွင့်သင့်တဲ့အလှဲ့မှာ ငါတို့ကတိုက်ခိုက်ရတာဘဲ။

(သိုဟန်ဘွား) ။ရှမ်းလူမျိုးများက မြန်မာနိုင်ငံကို လွှမ်းမိုးရတာ ကျွန်တော်တို့ သားအဘသာ ရှိပါသေးတယ်။ ။နိုင်တဲ့အခါမှာ ညှာပေးလို့ မသင့်ဘူး၊ သူတို့ကတဖန် အင်အားပြည့်စုံပြန်မှဖြင့် ကျွန်တော်တို့ မိုးညှင်းရှမ်းကို အရမ်းအုပ်စိုးပြီး အမျိုးပြုတ်အောင် ဖြုတ်ပစ်လိမ့်မယ်၊ **“ကျူပင်ခုတ် ကျူငုတ်မှ မကျန်စေရ”** ဆိုတဲ့ စကားအတိုင်း မြန်မာမင်း အဆက်ပြုတ်အောင် အငုတ်မကျန် သုတ်သင်မှ တော်တော့မှာဘဲ။

(ဘခင်စော်ဘွားကြီး) ။သားမောင်လျှောက်တဲ့စကားလဲအမှန်ဘဲ၊ အဝဘုရင်မင်းကြီးစွာစော်ကဲ လက်ထက်က ဘိုးရာဇာဆိုတဲ့ အမတ်ပညာရှိကြီး ဆုံးမတဲ့စကားတခုကို တဆင့်ကြားလိုက်ရဘူးတယ်။ ။မီးကြွင်း, ရန်ကြွင်း, ကြွေးကြွင်း, ဒီအကြွင်းသုံးပါးကို မထားရဘူးတဲ့။ ။မီးကြွင်းကိုထားလျှင် မီးပွါး၍လောင်တတ်တယ်။ ။ရန်ကြွင်းကို ထားလျှင် ရန်ပွါး၍ ဘေးတွေ့တတ်တယ်။ ။ကြွေးကြွင်းကို ထားလျှင် အတိုးပွါး၍ မွဲတတ်တယ်။ ။အဲ-သို့အတွက်ကြောင့် သားမောင် လျှောက်တင်တဲ့ အတိုင်း မြန်မာတို့ရန်အငုတ်ကို အမျိုးပြုတ်အောင် ရှင်းလင်းမှ သင့်တော့မှာဘဲ။

ဤကဲ့သို့ ပြောဆိုတိုင်ပင်ကြပြီးလျှင် မိုးညှင်းစော်ညွှား စလုံနှင့် သားဖြစ်သူ သိုဟန်ဘွားတို့သည် မြေဒူးမြို့မှ တိုက်ဆင် (၃၀၀) စစ်မြင်း (၁၀၀၀) စစ်သည်သူရဲ (၁၅၀၀၀၀) နှင့် မြန်မာနိုင်ငံတော်အတွင်းသို့ အပြင်းချီတက်လာကြလေသည်။

မြောက်တခွင်တလွှားမှာရှိသော မြန်မာတို့လည်း ရှမ်းတို့ အလျှင်တဆော ချီလာသော အခါ ခုခံတိုက်ခိုက်ခြင်းငှါ မစွမ်းနိုင်ကြဘဲ ဖင်ိုဖရဲ ထွက်ပြေးကြရကုန်၏။

**“ရှာမလို့ ပြောလျှင် နားကြောကစိမ့်သတဲ့ ဂမ္ဘီရဲ့”** ဆိုသော ရာမဇာတ် စကားပုံကဲ့သို့ ထိုစဉ်အခါ မြန်မာအမျိုးသို့သည် ရှမ်းတို့ကိုကြောက်လန့်နေရသော ခေတ်ကာလကြီး ဖြစ်သောကြောင့် **“ရှမ်းလာပြီလို့ ပြောလျှင် နားကြောကစိမ့်အောင် ကြောက်လန့်ကြသော အရေးတော်ကြီး ဖြစ်လေသည်။**

မိုးညှင်းရှမ်းတို့ တဟုန်တည်းချီတက်လာကြရာ ဟလင်းကြီးသို့ရောက်မှ နန်းတော်က ကြားသိတော် မူရလေသည်။ ။ရှမ်းတို့ချီလာ၍ စစ်ကိုင်းမြို့သို့ ဆိုက်လုခါနီးမှ ကြားသိတော်မူလေရာ အဝဘုရင် ရွှေနန်းကြော့ရှင်သည် မြို့စား၊ ရွာစား၊ စစ်သည် အမှုထမ်းများကို အလျင်တဆော ခေါ်တော်မူပြီးလျှင် ရှမ်းတို့ရန်ကို ခုခံတိုက်ခိုက်ခြင်းငှာ စီမံတော်မူရလေ၏။

အဆွေတော်ကြီးဖြစ်သော အုန်းပေါင်စော်ဘွားထံသို့လည်း "အဝမြို့တော်သို့ မိုးညှင်းရှမ်းတပ်များ အဆောတလျင် ချီတက်လာပြန်ပြီ ဖြစ်သောကြောင့် စစ်ကူရန် အမြန်အဝမြို့သို့ ချီတက်ခဲ့ပါ"ဟု သဝဏ်လွှာရေးသားပြီးလျှင် သံတမန်များကိုလည်း အလျင်တဆော စေလွှတ်တော် မူရလေသည်။

## စစ်ကိုင်းမြို့သို့ ရှမ်းတို့စီးနင်းခြင်း

အဝဘုရင်က ဤသို့စီမံနေသည့် အတောအတွင်း မှာပင် မိုးညှင်းစော်ဘွား သားအဘတို့သည် စစ်ကိုင်းမြို့ကို ဝင်ရောက် စီးနင်းကြပြီးလျှင် တပ်စွဲ၍နေကြလေ၏။ ။အချို့ ရှမ်းတပ်များကိုလည်း တပ်မကြီးမှုခွဲပြီးလျှင် အမြင့်မြို့၊ ဗဒုံမြို့၊ ကန္နီမြို့များသို့ စေလွှတ်ပြီးလျှင် အသီးအသီး စီးနင်းအုပ်စိုးစေ၏။ ။ထိုသို့ ရှမ်းတပ်များ စစ်ကိုင်းမြို့ကို စီးနင်းမိသောအခါ အဝမြို့တော်ဘက်မှ စစ်ကိုင်းဘက်သို့ မကူးနိုင်အောင်ပင် ရှိကြလေသည်။

ထိုအခါ အဝဘုရင် ရွှေနန်းကြော့ရှင်သည် သားတော် အိမ်ရှေ့မင်းကို ခေါ်တော်မူ၍ "ငါ့သားတော်သည် ပုခန်းမြို့ကို အလျင်အမြန်ချီတက်ပြီးလျှင် ရှမ်းတို့မအုပ်မိခင် ပုခန်းမြို့တွင် အခိုင်အလုံ နေ၍ ဧရာဝတီမြစ်စဉ်တလျှောက် သလ္လာဝတီ ချင်းတွင်းမြစ်စဉ် တလျှောက်၌ရှိသော မြို့များကို လုံခြုံအောင် စောင့်ရှောက်ပါလေ။ ။အမြင့်မြို့၊ဗဒုံမြို့၊ကန္နီမြို့ များကိုလည်း ရှမ်းတို့ စီးနင်းလျက်ရှိသည်ဟု ကြားရတော်မူရသည်၊ ထိုမြို့များတွင် ဝင်ရောက်စီးနင်း၍ နေသော ရှမ်းများကို ဖြိုဖျက် ရှင်းလင်းပါလေ" ဤသို့ မှာထားတော် မူပြီးလျှင် အိမ်ရှေ့မင်းအား တိုက်ဆင် (၂၀၀) စစ်မြင်း(၁၀၀၀) စစ်သည်သူရဲ(၂၀၀၀၀)ပေးတော်မူပြီးလျှင် ပုခန်းမြို့ကို စေလွှတ်တော် မူ၏။

ခမည်းတော်ဘုရား၏ အမိန့်အတိုင်း သားတော် အိမ်ရှေ့မင်းလည်း ဗိုလ်ပါဆင်မြင်းတို့ကို ယူ၍ ပုခန်းမြို့သို့ အမြန်ထွက်ချီတော်မူရာ ရှမ်းတို့မအုပ်မိခင် ပုခန်းမြို့သို့ ရောက်တော်မူသည်။ ။ပုခန်းမြို့၌ မူလစစ်ဗဟိုဌာနကြီးကို ပြုလုပ်၍ ဧရာဝတီမြစ်စဉ်တလျှောက်သို့ ရှမ်းတို့ မလွှမ်းမိုးနိုင်အောင် စီမံ ပိတ်ဆို့တော်မူခဲ့ပြီးလျှင် အိမ်ရှေ့မင်းသားသည် အမြင့်မြို့သို့ချီ၍ စီးနင်းနေသော ရှမ်းများကိုလုပ်ကြံရာ အောင်မြင်တော်မူသဖြင့် အမြင့်မြို့ကို လက်ရ သိမ်းပိုက်တော် မူမိလေသည်။

ထိုနောက်တဖန် ဗဒုံမြို့သို့ချီ၍ တိုက်တော် မူပြန်ရာတွင်လည်း ရှမ်းတို့ကို အောင်မြင်၍ ဗဒုံမြို့ကို လက်ရသိမ်းပိုက်တော်မူမိပြန်လေသည်။ (ဗဒုံမြို့ဆိုသည်ကား၊အလုံမြို့ပင်ဖြစ်လေသည်) ထိုအခါ အိမ်ရှေ့ မင်းသားသည် ဗိုလ်မှူးတပ်မင်းများကို ခေါ်တော်မူ၍ "ယခုအခါ အမြင့်မြို့၊ ဗဒုံမြို့တို့၌ စီးနင်း၍နေသော ရှမ်းတို့ကို အောင်မြင်တော်မူပြီ၊ ကန္နီမြို့မှာ စီးနင်း၍ နေသော

ရှမ်းတို့ကို သုတ်သင် ဖြိုဖျက်တော် မူရန်သာ လိုတော့သည်။ ။ချင်းတွင်းမြစ်ရိုး တလျှောက်၌ ရှမ်းတို့ လွှမ်းမိုးခြင်းကို ဖြိုဖျက်တော်မူရပြီ၊ ကန္နီမြို့ကို အောင်မြင်တော်မူပြီးသောအခါ စစ်ကိုင်းမြို့သို့ ချီတက်၍ မိုးညှင်းစော်ဘွားသားအဘတို့၏ တပ်မကြီး နောက်ပိုးအုပ်၍ တိုက်တော်မူမည်၊ အဝမြို့တော်ကို မကူးမီခင် ရှမ်းတို့ကိုအောင်မြင်တော်မူစေမည်၊ အမူတော်ကို သက်စွန့် ကြိုးပမ်းထမ်းကြရမည်"ဟု အမိန့်တော်ရှိရာ ဗိုလ်မှူး တပ်မင်းများတို့လည်း အားတက်သရောရှိကြလေ၏။

အိမ်ရှေ့မင်းသားသည် ဗဒုံမြို့မှကန္နီမြို့သို့ ချီ၍ တိုက်တော်မူပြန်ရာ ရှမ်းအပေါင်း တို့ကို အောင်မြင်တော် မူပြန်လေသည်တွင် မြန်မာစစ်သည်အပေါင်းတို့လည်း များစွာပင် အားတက် ရွှင်လန်းစွာ ရှိလေသည်။ ။အမြင့်,ဗဒုံ,ကန္နီ, ဤသုံးမြို့ကို အောင်မြင်တော်မူရာတွင် ရှမ်းစစ်သည် ပေါင်း တထောင်ကျော် ရှမ်းစစ်မြင်း တရာ့ ခြောက်ဆယ်၊ ရှမ်း တိုက်ဆင် ပေါင်း (၁၂)စီး၊ ရတော်မူသည်။

ကန္နီမြို့ကို အောင်မြင်တော် မူပြီး သည်တွင် စစ်ကိုင်းမြို့တော်သို့ ချီ၍ နောက်ပိုးအုပ်၍ တိုက်ရန် ဗိုလ်ပါ,ဆင်,မြင်း,အများတို့ အင်အား ဖြည့်တင်းနေကြသည့် အခိုက်မှာပင် အိမ်ရှေ့ မင်းသားသည် ရုတ်တရက် အဖျားရောဂါစွဲကပ်၍ အနိစ္စရောက်တော်မူလေ၏။

ကိန်းခန်းဇာတာ ကံကြမ္မာအလျှောက် ပျက်စီးချိန် ကြုံခဲ့ပါလျှင် မည်သို့ပင် ကြံစည်ပါ တော်လည်း ကြံသောအကိုင်း မပြီးစီးဘဲ တနည်းနည်းဖြင့် ပျက်စီးရမည်ပင် ဖြစ်လေသည်။ ။ တိုင်းပြည်၏ ကံကြမ္မာ ယိုယွင်းနိမ့်ကြ၍ နေပါလျှင် မင်းစိုးရာဇာတို့သည် တပ်တောင်တာ ဗိုလ်ထု နှင့် ပြုပြင်ကြံစည်ပါသော်လည်း ဖြစ်မြောက်နိုင်ရန် ခဲယဉ်းလှပေသည်။ ။သက္ကရာဇ်(၈၈၈) ခုနှစ်သည် မြန်မာနိုင်ငံ ကြီး၏ ကံကြမ္မာ လွန်စွာ ညှိုးနွမ်းလျက် ရှိသောကြောင့် အိမ်ရှေ့မင်း ကိုယ်တိုင် တိုက်ခိုက်ရန် အားသန်လျက်ရှိပါသော်လည်း အကြံမမြောက်ခင် ပျက်စီးတော် မူရရှာ လေသတည်း။

## "ကံကြမ္မာဘွဲ့ မှတ်တမ်းလင်္ကာ"

ကိန်းခန်းကြုံလာ၊ ကံဇာတာမှာ၊ ကြမ္မာယိုယွင်း၊ အရှိန်ကင်း၍၊ သိမ်ဖျင်း လေသော်၊ ယွင်းချော်မှောက်မှား၊ တ ကပါးလျှင်၊ ပျက်ပြားကြုံရန်၊ ဖြစ်မြဲမှန်ရှင့်၊ စွမ်းအန်ကူပြီး၊ မပျက် စီးအောင်၊ ကြံသီးလို့လာ၊ ပြုတုံကလည်း၊ မရနိုင်ဘဲ၊ တောင်ကြီး လဲသော်၊ အားခဲကြိုးပမ်း၊ ကိုယ်အစွမ်းဖြင့်၊ ထမ်းဆောင်မြှောက်ကိုင်၊ မဖြစ်နိုင်သို့၊ ယိမ်းယိုင်ရချေ၊ ပြုပြင်ပေလည်း၊ မှန်း ခြေမပြီး၊ အချည်းနှီးသည်။ ။ဘိစီးနှိပ်စက် မည်သာတည်း။

## "ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

(က) ကြမ္မာသိမ်သေး-မှိန်မှေးလေသော်။
ကြံစည်နေရင်း-ယိုယွင်းမလျော်။
ပြုပြင်သော်လဲ-ဖြစ်ဘဲသွေချော်။
ပျက်ရမြဲ-မလွဲမှန်၏နော်။

(၁) မီး၊ရေ၊စွမ်းနှင့်-လေစွမ်းဖြိုင်ဖြိုင်။
ပြင်းထန်စွာဘဲ-လွှန်ကဲအခိုင်။
ထို့ထက်လွန်သွား-ကံအားပြိုင်ဆိုင်။
ကံဘိစီး-ရေ၊မီး၊လေမနိုင်။

ကန္နီမြို့စခန်းတွင်အိမ်ရှေ့မင်းသား အနိစ္စရောက်လေသောအခါ မြန်မာစစ်သည်တော်အများတို့လည်း ဖရိုဖရဲပြိုကွဲပျက်စီးခြင်းသို့ ရောက်ကြလေသည် အစည်းပြည်သော ဝါးဖေါက်ကဲ့သို့ရောက်မိရောက်ရာသွားကြလေရာ အချို့လည်း မိမိတို့ရပ်ရွာသို့ ပြန်ကြလေ၏ အချို့လည်းအဝမြို့တော်၌ရှိသော တပ်မတော်ကြီးနှင့် ပေါင်းမည်ဟုကြံ၍ အုပ်စိုးမပျက် သွားရောက်ကြရာ အဝမြို့တော်ထက်ဝန်းကျင်မှာ စစ်သည်တွေဝန်းရံလျက်ရှိသောကြောင့် မြို့တော်ရင်းသို့မချဉ်းမကပ်နိုင်ဘဲရှိကြရလေသည်။

## "အဝဘုရင် နတ်ပြည်စံတော် မူခြင်းနှင့် အဝမြို့တော်ကြီး ဆုံးရှုံးရခြင်း"

အဝဘုရင်ရွှေနန်းကြော့ရှင် နရပတိသည် အုန်းပေါင်စော်ဘွားကို ငံ့မျှော်တော်မူလျက် ရှမ်းတပ်များကို ခုခံတိုက်ခိုက်ရန် စီမံ၍သာနေတော်မူသည် အုန်းပေါင်စော်ဘွားလည်း ရုတ်တရက် အင်အားပြည့်စုံခြင်း မရှိသောကြောင့် အဝမြို့တော်သို့ ချီတက်လာရန် မစွမ်းနိုင်ဘဲရှိသည်နှင့် ကိစ္စလစ်ဟင်းလျက်ရှိလေသည်။

အဝဘုရင်လည်း အုန်းပေါင်စော်ဘွား မရောက်လာဘဲရှိရာ မိမိမှာအင်အားမလုံလောက်သောကြောင့် ထွက်၍မတိုက်ဝံ့ဘဲ မြို့တော်ကိုသာ လုံခြုံစွာစီရင်၍ ခံတော်မူရလေ၏ မြို့ရိုးထိပ်မှာလည်း အမြောက်သေနတ်တို့ကို တင်ပြီးလျှင် စစ်သည်သူရဲ အပြည့်အစုံနှင့် ခုခံတော်မူသည် မြို့တော်ထိပ်၌ သစ်မောင်း၊ ကျောက်မောင်း၊ များကိုလည်း ဆင်၍ထားတော်မူသည်။ ထိုပြင်လည်းဖိုပေါင်းများစွာတို့နှင့် ခဲပူရေ၊ကြေးပူရေ၊အင်တွဲရေ၊ ဖယောင်းရေများကိုလည်း မြို့ရိုးရင်းသို့ချဉ်းကပ်လာကြသော ရှမ်းတို့ကို သွန်းလောင်းရန် အဆင်သင့်ကျို၍ ထားတော်မူစေ၏။

မိုးညှင်းစော်ဘွား သားအဘတို့သည် အဝမြို့သို့ကူးရန် လှေဖေါင်အများတို့ကိုပြုလုပ်ပြီးလျှင်ဗိုလ်ပါဆင်းမြင်းအစုံအညီနှင့် အဝမြို့သို့ကူးလေရာ မြန်မာတို့ကလည်း ရှမ်းတို့ကိုတားဆီးခြင်းငှါမတတ်နိုင်ဘဲရှိကြလေသည် စစ်ကိုင်းဘက်မှ ကူးပြီးကြသောအခါ ရှမ်းတပ်များသည် အဝမြို့တော်ကြီးကို ထက်ဝန်းကျင်ဝန်းရံကြလေရာ မြို့သူ၊မြို့သား၊အများတို့သည် မြို့တံခါးတို့မှထွက်ခွင့်ကိုမရကြဘဲ ချိုင့်၌လှောင်ထားအပ်သော ကြက်ငှက်များကဲ့သို့ဖြစ်နေကြသည်။

မြို့တံခါးကိုလုံစွာပိတ်၍ မြို့ရိုးထိပ်ကဖုံးအမြောက်သေနတ်တို့ဖြင့် ပစ်ခတ်ကြသော်လည်း ရှမ်းတပ်များသည် ရွှေ့ရှားတုန်လှုပ်ခြင်းမရှိကြချေ။

အဝဘုရင်လည်း အုန်းပေါင် စော်ဘွားကိုသာ မျှော်လင့်၍နေတော်မူရာ မရောက်လာ အားကိုးရာမဲ့အားနွဲ့တော်မူရရှာလေသည်။

မိုးညှင်းစော်ဘွား"စလုံ" နှင့်သားဖြစ်သူ "သိုဟန်ဘွား"တို့၏ အာဏာတန်ခိုးကလည်း ပြင်းထန်လှသောကြောင့် အဝမြို့ကို ဝန်းရံ၍နေသည်မှာ ကိုယ့်တာနှင့်ကိုယ် လွန်မှာစည်းစည်း ကြပ်ကြပ်ရှိကြလေသည်။

သိုဟန်ဘွားလည်း ဓါးလွတ်ကိုင်၍ ဆင်စီးပြီးလျှင် မြို့လေးမျက်နှာကို လှည့်လည်ကာ မိမိ၏ ရှမ်းတပ်များကို ကြီးကြပ်ဆော်အော၍ နေလေသည်။

ထိုအခါ အဝဘုရင် ရွှေနန်းကြော့ရှင်သည် မြို့တော်မှထွက်ခွင့်မရဘဲ အဝိုင်းခံနေရသည့်အတွက် အလွန်အားနွဲ့တော်မူသောကြောင့် မင်းကြီးရန်နောင်၏ လျှောက်တင်ချက်ကို သတိရတော်မူသည်နှင့် မင်းကြီးရန်နောင်ကို ရွှေတော်သို့ခေါ်ပြီး "ရန်နောင်၊ ဘယ်လိုကြံမလဲ၊ အုန်းပေါင်စော်ဘွားလဲ မရောက်လာပါကလား"ဟု မိန့်တော်မူသည်။

(မင်းကြီးရန်နောင်) ရောဂါလွန်မှ ဆရာကို တ,သကဲ့သို့ရှိနေပါသည်။ ယခုအခါ ရှမ်းတို့အင်အားက ကြီးမားလှသည်။မြို့တော်ကြီးတခုလုံးကို ဝိုင်းရံမိပြီး ဖြစ်နေသောကြောင့် ကြံဘို့အတွက် အပုံကြီးခက်၍ နေပါပြီဘုရား။ ကျွန်တော်မျိုးက တင်ကြို၍ လျှောက်တင်သောအတိုင်း တောင်ငူ မင်းကြီးညိုနှင့်သာ မဟာမိတ်ဘွဲ့ပေါင်း၍ စောစောစီးစီး ကြံစီရပါလျှင် သည်ကဲ့သို့ အကျဉ်းအကြပ် ကြုံဘို့မရှိပါ၊ အဝမြို့တော်ဘက်သို့ မကူးမိခင် ရှမ်းတို့ရန်ကို တွန်းလှန်ဖြိုဖျက်နိုင်မည် အမှန်ပါဘုရား၊ ကျွန်တော်မျိုးစကားကို အရေးယူတော်မမူခဲ့သည်မှာ လွန်စွာမှားယွင်းသည်ဟု ထင်မြင်ပါကြောင်း။ (ထိုစကားကိုကြားရာ၊ ဘုရင်က) ရာဇမာန်အလျောက် မှောက်ခဲ့၊ မှားခဲ့တဲ့ အရေးကိုတော့ ပြန်လှန်ဆွေးနွေးဘို့ အကြောင်းမရှိပါ။ သို့ရာတွင် ယခုအဆောတလျင် တောင်ငူ မင်းကြီးညိုထံသို့ စစ်ကူတောင်းရန် စေလွှတ်လျှင် သင့်ပါမည်လား။

(မင်းကြီးရန်နောင်က ပြုံးပြီး) မီးလွန်ပြီးသောအိုးကို တဖန်ပြုပြင်၍ ဖုတ်ခြင်းငှါ၊အိုးထိန်းဆရာကြီး မတတ်နိုင်သလို သို့ကလောက် အကြပ်အတည်း ကြုံ၍နေမှ စစ်ကူတောင်းမည်ဆိုသော်လည်း အချိန်နှောင်းလှသည့်အတွက် ဖြစ်မြောက်ရန်အကြောင်း မရှိတော့ပါ။ မြို့တော် ထက်ဝန်းကျင်မှာ ပလူပရွက်အလားကဲ့သို့ ရှမ်းများ အထပ်ထပ်ဝန်းရံလျက် ရှိနေပါသည်ကို ဘယ်လိုထွက်၍ တောင်ငူသို့ စစ်ကူတောင်းသွားဘို့ ဖြစ်နိုင်ပါမည်လဲဘုရား။

(အဝဘုရင်လည်း ခေတ္တ မှိုင်တွေ စဉ်းစားတော်မူပြီး) ဩော်- အုန်းပေါင်စော်ဘွားကလဲ မရောက်လာ၊ လွန်စွာ အခက်အခဲ ကြုံနေတောတာပါကလား။ မင်းကြီး ရန်နောင်သာလျှင် အားကိုးရာရှိတော့သည်။ ကြံနိုင်လျှင် ကြံစမ်းပါအုံး၊ မဟော်သဓာရဲ့ ထုံးများကိုလဲ နှလုံးသွင်းစမ်းပါ။ တဆဲ့ရှစ် ခေါ်ပဏီတပ်ကြီး ဝိုင်းနေတာကိုပင် ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်သေးတယ် မဟုတ်လား ရန်နောင်ရဲ့။

(မင်းကြီးရန်နောင်) မှန်လှပါ၊ အခွင့်သင့်မည်ဆိုပါလျှင် မဟောသဓာရဲ့ ထုံးနည်းအတိုင်း ကျွန်တော်မျိုး ကြံနိုင်ပါမည်။ မဟော်သဓေါ်ဇာတ်တော်မှာ မိတ္ထိလာနေပြည်တော်ကြီးကို တဆဲ့ရှစ် ခေါ်ဘဏီတပ်ကြီး ဝိုင်းစဉ်အခါ မဟော်သဓာက စကား စစ်ထိုးခြင်းဖြင့် အောင်မြင်

ပါသည်။ ယခု ဝိုင်းနေတဲ့မိစ္ဆာရှမ်းတို့မှာ မဟော်သဓါရဲ့ လက်ထက်ကလို စကားစစ်ထိုးလောက်အောင် လိမ္မာ ယဉ်ကျေးကြတဲ့ အမျိုးတွေလဲ မဟုတ်ပါ။ လွန်စွာရိုင်းတဲ့ တောသား တောင်သားတွေ ဖြစ်၍နေပါသည်။ ပညာရှိချင်းမှ စကားစစ်ထိုးဘို့ အခွင့်ရနိုင်ပါသည်။ တောစွန်တောင်ကြားမှာ ကြီးပွါး၍နေတဲ့ မိစ္ဆာရှမ်းတို့မှာ စုံစမ်း ဆင်ခြင်နိုင်တဲ့ပညာ ဘယ်မှာရှိနိုင်ပါမလဲ ဘုရား။ မဟော်သဓာ ဇာတ်တော်မှာ ဒုတိယတကြိမ် လွတ်မြောက်အောင် ကြံဆောင်တဲ့အချက်မှာတော့ ပဥ္စာလတိုင်း လက်ထပ်တဲနန်းမှာ စူဠနီရဲ့တပ်တွေ ဝိုင်းကြတဲ့အခါ ရှေးဦးစွာ တင်ကြို၍ ဥမင်ကြီးတူးပြီး အသင့်ရှိနေသောကြောင့် မဟော်သဓာက လွယ်စွာနှင့် လွတ်မြောက်အောင် စမ်းဆောင်နိုင်ပါသည်။ ယခု ကျွန်တော်မျိုးတို့မြို့မှာ စောစောက ကြိုတင်၍ ဥမင်လိုဏ်ခေါင်းလည်း တူးပြီး အသင့်မရှိပါ။ တင်ကြို၍သာ ကြံခွင့်ရပါလျှင် ရှမ်းရိုင်းတို့ရန်ကို အမှန်ဖြိုခွင်းနိုင်ပါမည်ဘုရား။

(ဘုရင်) အရေးဖြင့် အငုံကြီးကြပ်နေကြပြီ။ ရှမ်းတပ်တွေကလဲ အလွန်များပါကလား။ မှူးမတ်များလဲ မကြံတတ်အောင် ရှိနေတဲ့အတွက် အခက်ကြီး ကြုံနေကြပြီ။ မင်းကြီးရန်နောင် ဘယ်လိုကြံမလဲ။ (ဝမ်းနည်းစွာနှင့် မိန့်တော်မူသည်။)

(မင်းကြီးရန်နောင်)"အကြပ်အတဲကြုံတယ်လို့ အားလျော့ဘို့မရှိပါ။ မင်းယောကျ်ားတို့၏ စွမ်းရည်သတ္တိဆိုသည်မှာ တံခွန်အောင်လံကြီးဖြစ်ပါသည်။ အောင်လံကိုမလှဲဘဲ အဆုံးတိုင်အရဲစွန့်နိုင်မှ ယောကျ်ားကောင်း မည်ပါသည်။ ယခု ဝိုင်းဝန်းလျက်ရှိသော ရှမ်းများသည် စိတ်ဇွဲအလွန်သန်ကြပါသည်။အဝမြို့တော်ကို မဖြိုမဖေါက်ရသမျှ လက်လျော့ကြမည် မဟုတ်ပါ။မြို့ရိုးထိပ်က အသင့်စောင့်နေကြသော ကျွန်တော်မျိုးတို့ မြန်မာတပ်များက မိုးသီးမိုးပေါက်ကဲ့သို့ မရပ်မနားပစ်ဖေါက်ကြသည်များကိုလည်း အလေးမမူဘဲ စိတ်ဇွဲကြီးစွာနှင့် အသေခံ၍ မတုန်မလှုပ်ဝန်းရံ၍ နေကြပါသည်။ မိုးညှင်းစော်ဘွား"စလုံ"နှင့် သား "သိုဟန်ဘွား"တို့၏ အာဏာလည်း ရှမ်းစစ်သည်တို့အပေါ်မှာ လွန်စွာစွဲမြဲလှပါသည်။ သို့ပါ၍ ဝန်းဝိုင်းလျက်ရှိသော ရှမ်းတပ်များကို ဖြိုဖျက် နှင်ထုတ်ခြင်းငှါ တတ်နိုင်ဘို့ အကြောင်းမရှိပါ။ ကျွန်တော်မျိုး အကြံတခု ပေါ်လာသည်မှာ အရှင်မင်းမြတ်သည် ဆင်တော်ကို စီး၍ ရဲမက်ဗိုလ်ထု များစွာဝန်းရံလျက် မြို့တံခါးကို အတင်းဘွင့်၍ ထွက်တော်မူပြီးလျှင် အကြောင်း မသင့်သည့်အခိုက် ရှမ်းပြည်သို့ မြန်းကြွတော်မူရန် သင့်လျော်သည် ထင်ပါကြောင်း။ ကျွန်တော်မျိုးလည်း အရှင်နှင့်အတူ ဆင်စီး၍ နောက်တော်ကပါရန် အသင့်ပင် ဖြစ်ပါကြောင်း။ မြို့တံခါးအထွက်မှာ ရှမ်းတို့ကို တိုက်ခိုက်ဖြိုဖျက်ရန် သန်မာသောသူရဲများကို ရွေးချယ်၍ ကျွန်တော်မျိုးပင် အုပ်ချုပ် လိုက်ပါမည်ဖြစ်ပါကြောင်း ဘုရား။

ဤသို့ လျှောက်တင်သောစကားကို အဝဘုရင် ရွှေနန်းကြော့ရှင်ကြားတော်မူရာ၊ အားရနှစ်သက်တော်မူလှသည်နှင့် သည်အတိုင်းပင် စီရင်ပေတော့ဟု မိန့်တော်မူလေသည်။ မင်းကြီးရန်နောင်လည်း လက်ရွေးစင် သူရဲကောင်းများကို ရွေးချယ် ကောက်ယူပြီးလျှင် ရှမ်းတပ်များနည်းပါးသော မြို့တံခါးပေါက်မှထွက်ရန် ဆင်၊ မြင်း၊ ဗိုလ်ပါများကို အသင့်ပြင်ဆင်၍ထားလေ၏။ (ထိုသို့ စီမံသောနေ့မှာ ရှမ်းတို့ ဝိုင်းဝန်း၍ ရှစ်ရက်မြောက်သောနေ့ ဖြစ်လေသည်။)

## ရှမ်းတို့ တဟုန်တည်း ကြိုးစားခြင်း

မြို့ကို ဝိုင်းဝန်း၍ ရှစ်ရက်မြောက်သောအခါ မိုးညှင်းစော်ဘွားစလုံသည် ယနေ့ပင်မြို့ကို ဖေါက်တော့မည်ဟု စိတ်ကို ဆုံးဖြတ်လေ၏။ တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်ပြီးလျှင် "ယခု အဝမြို့ကို ဝိုင်းဝန်းသည်မှာ ရှစ်ရက်ရှိပြီ။ သည်အတိုင်းသာ ဝန်းဝိုင်းရုံမျှနှင့်ကြာနေလျှင် ဘာ အကျိုးရှိမလဲ၊ ယခု မြန်မာတို့ ကြပ်တည်းခြင်းကြုံနေကြသည်မှာ သိုက်မြုံအတွင်း၌ ရှိနေသော ငှက်များကို သိန်း,စွန်,အပေါင်း ဝိုင်းဝန်း၍ ထားသကဲ့သို့ပင်ဖြစ်နေပြီ။တစုံတရာ ဘာမျှအားကိုး ဘို့ ရှိကြသည်မဟုတ်ချေ။ နက်ဖြန်နံနက် အသက်ကို စွန့်၍ ငါ့အမှုကို ထမ်းကြရမည်။ သင်တို့ အသက်ထက် ငါ့အမှုကို ချစ်ကြရမည်။ နက်ဖြန် မြို့ကိုမရလျှင် သင်တို့တစုကို ငါကိုယ်တိုင် သတ်မည်။ တဟုန်တည်း မြို့ကိုရအောင် တိုက်ဖေါက်ကြရမည်။ ဤသို့ အမိန့်ပေးကာ ဓါးကိုပြလေ၏။

ထိုသို့ မိုးညှင်းစော်ဘွား စလုံက ဓါးကိုပြသည်တွင် တပ်မှူးစစ်ကဲအပေါင်းလည်း အသက် ကိုမျှ ထားစရာမရအောင် ကြောက်လန့်တုန်လှုပ်ကြလေ၏။

### သက္ကရာဇ် ၈၈၈-ခုနှစ် နယုန်လဆန်း ၁၂-ရက် သကြန် အတာစားသည့်နေ့တွင်

ထိုသို့ အမိန့် ပေးပြီးနောက် နက်ဖြန်နံနက် နေ့ထွက်တပြုအချိန်တွင် မိုးညှင်းစော်ဘွား သည် ဓါးကိုဝင့်၍ "ယခုပင် အချိန်ကျပြီ။ တဟုန်တည်း မြို့ကိုပေါက်အောင် ဖေါက်ကြစေ" ဤသို့ အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်၊ တပ်မှူး,စစ်ကဲ,အပေါင်းတို့သည် မိမိတို့အုပ်ချုပ်လျက် ရှိသော တပ်များကို ခဏခြင်း နှိုးဆော်ပြီးလျှင် အဝမြို့တော်ကြီးကို ပွဲချင်းပြီးရအောင် ကြိုးစား ကြလေ၏။

အချို့ရှမ်းစစ်သားတို့သည် မြို့ရိုးသို့ ချဉ်းကပ်ကြပြီးလျှင် တူးဖို့ကြကုန်၏။ အချို့ ရှမ်း စစ်သားများသည် လှေကားထောင်ပြီးလျှင် မြို့ကိုတက်ကြကုန်၏။ အချို့ ရှမ်းစစ်သားများ သည် ပိတ်၍ထားသော မြို့ဟံခါးကြီးကို ရဲတင်း,ပုဆိန်တို့ဖြင့် ပေါက်ခွဲကြကုန်၏။ အချို့ရှမ်း စစ်သားများသည် မြို့ရိုးထိပ်၌ရှိသော မြန်မာစစ်သားတို့ကို စိန်ပြောင်း,အမြောက်,တို့ဖြင့် ပစ် ခတ်ကြကုန်၏။ အချို့ရှမ်းစစ်သားများသည် ဆင်ကိုစီးပြီးလျှင် မြို့တံခါးကို အတင်းထိုးဖောက် ကြကုန်၏။

စော်ဘွား၏သား သိုဟန်ဘွားသည် အလွန် သန်စွမ်းသောဆင်ကြီးကိုစီးပြီးလျှင် နောက် ပါ ဆင်တပ်များနှင့် မြို့ရိုးပတ်ဝန်းကျင်သို့ လှည့်လည်ပြီးလျှင် ရှမ်းစစ်သည်များကို မဆုတ်င်နစ် ကြိုးစားကြရန် အုပ်ကွပ်ဆော်အော၍နေလေ၏။

ထိုသို့ ရှမ်းစစ်သည်အများတို့ ပလူပရွက်တွင်းက ထွက်သည့် အလား၊ တညီတညွတ် တဟုန်တည်း တိုက်ခိုက်ကြသောအခါ မြို့ရိုးထိပ်၌ရှိသော မြန်မာ စစ်သည်တော် အများတို့က လည်း မြို့ရိုးထိပ်ကဆီး၍ မီးရှူးမီးပုံးပစ်လွှတ်သည့်အလား အမြောက်, စိန်ပြောင်းတို့ဖြင့် အသံမစဲ ပစ်လွှတ်ကြလေသည်။ မြို့ရိုးခြေရင်းသို့ ကပ်လာကြသော ရှမ်းစစ်သည်များ အပေါ်သို့ အသင့်

ကျီထားသော ခဲပူရေ၊ အင်တွဲပူရေ၊ ဖယောင်းပူရေတို့ဖြင့် သွန်းလောင်းကြလေ၏။ စက်မောင်း ဆင်၍ထားသော သစ်မောင်း၊ ကျောက်မောင်း တို့ကို ရှမ်းတို့အပေါ်သို့ ဖြုတ်၍ ချကြလေ၏။

ထိုကဲ့သို့ မြန်မာစစ်သည်တော်အများက မြို့ရိုးထိပ်ကစီး၍ အမျိုးမျိုးသော နည်းနာတို့ဖြင့် ခုခံကြပါသော်လည်း မိုးညှင်းစော်ဘွားနှင့် သားဖြစ်သူ သိုဟန်ဘွား၏ ဩဇာအာဏာက လွန်စွာထက်မြက်လှသောကြောင့် အသက်ကိုအသက်မမှတ်ဘဲ အတုံးအရုံး လဲ၍ သေကြသော ရှမ်းကောင်တို့ကို နင်း၍ နင်း၍ တက်ကြပြီးလျှင် အစွမ်းကုန် ကြိုးစားကြရာ မြန်မာ စစ်သည်တော်များက ခုခံခြင်းငှါ မစွမ်းနိုင်ဘဲ ရှိကြလေသည်။

ထို(ဂဂဂ)ခုတိုက်ပွဲကြီးမှာ အဝမြို့တော်ဝန်းကျင်၌ ရှမ်းစစ်သည်တို့၏ အလောင်းများ သည် ရေတွက်၍မဖြစ်နိုင်အောင်ပင် စုပုံလျက်ရှိကြလေသည်။

ဤသို့ရှမ်းတို့၏ အညီအညွတ် ကြိုးစားခြင်းကြောင့် အဝမြို့တော်ကြီးပေါက်ခါနီးဆဲဆဲမှာ မင်းကြီးရန်နောင်သည် ရှမ်းတို့ကို ခုခံဖို့ဖျက်ခြင်းငှါ မစွမ်းနိုင်ဘဲ မကြာမီပင် မြို့ပေါက်တော့ မည့်အကြောင်းကို သိရှိသောအခါ၊ နန်းတော်မြောက်စမုတ်တွင် အသင့် ပြင်ဆင် ထားလျက်ရှိ သော "ရွှေစာတိုင်"ဆင်ကြီးပေါ်သို့ အဝဘုရင်ကို တင်ပြီးလျှင် "အရေးတော်မလှပါ ဘုရား၊ အရှေ့တံခါးက ထွက်တော်မူပါ၊ ရှေ့တော်က ကျွန်တော်မျိုး သွား၍ မြို့တံခါးကိုဖွင့်ပါမည်။ ဤကဲ့သို့ အရေးတကြီး လျှောက်ထားပြီးလျှင် မင်းကြီးရန်နောင်သည် ဆင်စီး၍ ရှေ့တော်က ထွက်လေ၏။ မင်းကြီးရန်နောင်ထွက်သောအခါ မှူးမတ်သေနာပတိတို့ကလည်း အသီးသီး ဆင် ကိုယ်စီစီး၍ ရှေ့တော်ကတက်ကြကုန်၏။ အချို့မှူးမတ်များလည်း ဘုရင်မင်းမြတ်ကို ဆင်ဖြင့် ဝန်းရံ၍ လိုက်ကြလေသည်။ အချို့မှူးမတ်များနှင့် စစ်သည်တော် တပ်သားတို့လည်း နောက် တော်က လိုက်ပါကြလေ၏။

မင်းကြီးရန်နောင်သည် ရှေ့ဆုံးက ဆင်စီး၍ တက်ပြီးလျှင် မြို့တံခါးကိုဖွင့်လေ၏။ မြို့တံ ခါးပွင့်လျှင် မင်းကြီးရန်နောင်သည်ဆင်ဦးကင်းထက်၌ မတ်တတ်ရပ်ပြီးလျှင် အောင်လံကိုကိုင်၍ ထွက်လေ၏။ မှူးမတ်သေနာပတိတို့ ခြံရံလျက် ရှိသော အဝဘုရင်သည် "ရွှေစာတိုင်"ဆင်ကို စီး၍ မြို့တံခါးမှထွက်တော်မူလေသည်။ နောက်ပါ စစ်သည်တော်များလည်း ဘုရင်၏ နောက် တော်က လက်နက်ကိုယ်စီနှင့် လိုက်ပါကြလေ၏။

## "တံခါးမြို့ဝတိုက်ပွဲကြီး"

မြို့တံခါးမှ ထွက်မိသည်နှင့် အပြိုင်းနက်။ အခန့်သင့်စွာ သိုဟန်ဘွားလည်း ထိုနေရာဌာန သို့ ဆိုက်ရောက်လာလေသည်။ ။မြို့တော်က အဝဘုရင် ထွက်ကြောင်းကို သိုဟန်ဘွား သိလေ ရာ၊ သိုဟန်ဘွားသည် ရှမ်းတပ်များကို အရှေ့ မြို့တံခါးသို့ စုရုံး လာရောက်ကြရမည်ဟု အမိန့် ပေးပြီးလျှင်၊ မိမိကိုယ်တိုင် ဆင်စီး၍ နောက်ပါ ဆင်တပ်များနှင့် အဝဘုရင်ကို တိုက်လေ၏။

မင်းကြီးရန်နောင်လည်း၊ "ယခုစစ်ပွဲမှာ အရေးအကြီးဆုံး ဖြစ်တော့သည် ဘုရင်းမြတ် ကိုယ်တိုင် ပါရှိတော်မူသည့် အတွက် ငါ့အသက်ကို စွန့်၍ ဘုရင့်အသက်ကို ကယ်မည်"။ ဤ

"မိုးညှင်းရှမ်းတို့ ထီးနန်းကို သိမ်းပိုက်ခြင်း"

ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ်သည် ရွှေစာတိုင်မည်သော ဆင်၏ ဦးကင်းထက်မှာပင် ရှမ်းတို့၏လက်နက်ဖြင့် နတ်ပြည်စံတော်မူရကြောင်းကိုအဝမြို့တော်တမြို့လုံး ကြားသိကြသောအခါ အလွန်ဝမ်းနည်းစွာနှင့် အားလျှော့ကြပြီးလျှင် စွဲကိုင်ထားသော လက်နက်များကို အသီးအသီး ပစ်ချပြီးလျှင် ဆိတ်ငြိမ်စွာ နေထိုင်ကြလေသည်။

ထိုအခါရှမ်းတို့သည် မြို့တွင်းသို့တဟုန်တည်း ပြေးဝင်လာကြပြီးလျှင် ထီးနန်းကိုသိမ်းကြလေသတည်း။

သက္ကရာဇ်(၈၈၈)ခု နှောင်းတန်းကူးလဆန်း (၁၂)ရက်နေ့သည် မြန်မာရာဇဝင်မှာ လွန်စွာဆိုးဝါးလှသော နေ့ဆိုး၊ရက်ဆိုး၊ကြီးဖြစ်လေသည် မြန်မာရာဇဝင်ကို သိမြင်ရိပ်မိသော သူတိုင်း ထိုနေ့ဆိုးကြီးကို မေ့နိုင်ကြမည်မဟုတ်ပေ ထိုနေ့ကအစပြု၍ အဝနေပြည် တော်ကြီး၌ မြန်မာမင်းဆက်ပြတ်ပြီးလျှင် ဗုဒ္ဓသာသနာကို မကြည်ညိုသော မိုးညှင်းရှမ်းလူမျိုးတို့ လွှမ်းမိုးအုပ် စိုးလေသည် ထိုစစ်ပွဲကြီးဖြစ်စဉ်အခါ များစွာသော ရှမ်း၊မြန်မာ၊ တို့သည် သတ္တန္တရကပ်ဖြင့် သေကြေပျက်စီးကြရလေသည် ဘုရင်မင်းမြတ် ကိုယ်တိုင်ပင်သော်လည်း စစ်ပွဲမှာကျဆုံးတော်မူ ရလေ၏

အဝမြို့တော်ကြီး ပျက်စီးခြင်းမလှ ပျက်စီးကြောင်းကို ဘွဲ့ဆိုသော ရှစ်လုံးဘွဲ့မြန်မာကဗျာ

(၁) ပလ္လင်ရှစ်ခန်း-ထီးနန်းရွှေစည်။
ရှစ်၊ရှစ်၊ရှစ်တွဲ-နှစ်ကဲ့အမည်။
ဓါတ်သိုက်ကိန်းခန်း-ညိုးနွမ်းမြန်ပြည်။
နန်းဆက်သုဉ်း-ပျက်ပြုန်းလေခဲ့သည်။

(၂) ဆင်တော်ဦးကင်း-စစ်ခင်းစဉ်ဝယ်။
ကံတော်ဖန်အား-ရန်များအလယ်။
နတ်ရွာကြွလို့-ဆုံးရလေတယ်။
ဂယ်သုဉ်း-နှလုံးပူ ပင်လယ်။

ပြဆိုခဲ့သော(၈)ငယ်သုံးခုညသျှစ်ထုနှစ်အတွင်း၌ မြန်မာပြည်၌ဖြစ်ခဲ့သောအရေးတော်များ ကိုရည်၍ ရေးသားခဲ့ကြသော ရှစ်ဆယ်ပေါ်တေးထပ်မှာ အောက်ပါအတိုင်းပင်တည်း။

(၈) ငယ်သုံးခုဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

ဝိပ္ပတ္တိချိန်-ခေတ်အဆန်းမို့ရှစ်ဂဏန်းတဲ့သုံးဆင့်မှာ အဖြစ်ဆန်းကြယ့်ထုံးဖြင့်စာပေါ်ဘုန်းနှင့် သမ္မာကံတော်ညှိုး ပြည်ကြီးအဝပွက်ပွက်ဆူသည် ကနက်သရဖူ စည်ထီးခေါင်ညွန့်ကျိုး ရှမ်းစစ် ဗိုလ်ထုချီတက်လာတယ် ပြည်ပျက်စရာရန်အမျိုး ဤစက္ကဝါမြန်တံရိုးမတော့ ကံတန်ခိုးနှင့်ဘုန်း

အရှိန် ရွှေနန်းကြော့ရှင်ခေါင်သနင်း အမှောင်မကင်းညစ် မှေးရှာတဲ့ချိန် နတ်ရွာကြွတို့ သမ္မာမှိန်သည် မဟာဂဇိန်ဆင်တော်ဦး၌ သခင်ပျော်ဘူး၊ သက်တမ်းပြတ်လို့ကုန် ထက်နန်းနတ်တို့ဘုံ ထိုးခုတ်ပစ်လှတ် မြေလွှာတုံတယ် သေနာအစုံလက်ရှုံးပြိုင်ကြလေး (၈)ငယ်သုံးခု-မီးစကြာငယ် ထီးကနက်ပါပြုတ်လျောကြွေရလေး။

---

# အခန်း (၁၃)

## "အဝနေပြည်တော်ကြီး၌ ရှမ်းသိုဟန်ဘွားစိုးစံကြောင်း"

မိုးညှင်းစော်ဘွား"စလုံ"သည် အဝထီးနန်းကို လက်ရသိမ်းပိုက်မိသောအခါ ရှမ်းမှူးမတ်များနှင့်တိုင်ပင်သည်မှာ-

(မိုးညှင်းစော်ဘွား) ယခုအခါ ငါ၏လက်ရုံးအင်အားဖြင့်အဝနေပြည်တော်ကြီးကို လက်ကိုင်ပြု၍အုပ်စိုးရပြီး၊ မြန်မာနိုင်ငံတော်သည် လွန်စွာကျယ်ဝန်း၍ ပညာရှိတို့လည်းပေါများသည် မြန်မာလူမျိုးတို့မှာ ဇာတိမာန်လည်း လွန်စွာမြင့်မောက်သည့်ပြင် ရဲစွမ်းသတ္တိနှင့်လည်းပြည့်စုံကြသည် သို့ဖြစ်၍ ယခုငါတို့က မြန်မာနိုင်ငံတော်ကြီးကို အုပ်စိုးမည်ဆိုသော်လည်း လွယ်စွာနှင့်ပိပိပြားပြား အုပ်စိုးနိုင်ဘို့ရန်ခက်ခဲပေလိမ့်မည် မြန်မာနိုင်ငံ၏အကြောင်းအရာကိုလည်း ကောင်းစွာသိကျွမ်းကြသည်မဟုတ် မည်သို့ကြံစည်၍အုပ်စိုးမှ သင့်လျော်မည် အကြောင်းကို သင်တို့ထင်မြင်သည့်အတိုင်းကို လျှောက်ထားကြရမည်။

(ထိုအခါ ပညာအမြော်အမြင်နှင့်ပြည့်စုံသော ရှမ်းအမတ်တယောက်က) ။အမိန့်တော်ရှိသောအတိုင်း မှန်လှပါသည်၊ ကျွန်တော်မျိုးတို့ရှမ်းလူမျိုးသက်သက်အုပ်စိုးမည်ဆိုပါလျှင် ရှည်ကြာအောင် အုပ်စိုးနိုင်မည်မထင်ပါ၊ သို့ပါ၍ မြန်မာ မှူးမတ်များကို ချော့မော့ သိမ်းသွင်းပြီးလျှင်၊ မြန်မာမှူးမတ်တို့နှင့် ညှိနှိုင်းအုပ်စိုးမှ ဖြစ်မြောက်နိုင်မည် အကြောင်းရှိပါသည်။

(ထိုအခါ အမတ်တယောက်က) ။ယခု လျှောက်သောအတိုင်း သင့်လျော်လှပါသည်၊ အစဉ်သဖြင့် မြန်မာဘုရင်တို့ အုပ်စိုးခြင်းကိုခံ၍လာသော ဗုဒ္ဓဘာသာနိုင်ငံကို ကျွန်တော်မျိုးတို့က အုပ်စိုးခြင်းငှါ လွယ်ကူမည်မဟုတ်ပါ၊ မြန်မာဘုရင်တို့၏ ချီးမြှောက်ခြင်းကို ခံရင်းရှိကြသော မြန်မာအမျိုးသား မြို့စား,ရွာစား,မှူးမတ်များတို့ကဲ့ မိမိစည်းစိမ်ရင်း အတိုင်း မနှိမ့်မချချီးမြှောက်ပြီးလျှင်၊ မြန်မာမှူးမတ်,ရှမ်းမှူးမတ် တို့ကို ရောနှော၍ အုပ်ချုပ်စေမှ သင့်မည်ဖြစ်ပါကြောင်း။ ကျွန်တော်မျိုးတို့ ကြားသိရသော သတင်းမှာ မင်းကြီးရန်နောင်သည် အမြော်အမြင် ပညာနှင့်ပြည့်စုံသည့်အပြင် စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံလှသည်ဟု ကျော်စောထင်ရှား၍ နေပါသည်၊ မင်းကြီးရန်နောင်ကို ခေါ်ပင့်၍ ချီးမြှင့်မြှောက်စားရပါလျှင် ကျွန်တော်မျိုးတို့ အုပ်ချုပ်ရေးမှာ လွယ်ကူစွာ ဖြစ်နိုင်မည်ထင်မြင်ပါကြောင်း။

(ထိုအခါ သားဖြစ်သူ သိုဟန်ဘွားက) ။မင်းကြီး ရန်နောင်၏ ဂုဏ်သတင်းများကို ကျွန်တော်လဲ ကြားသိရပါသည်၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြောင်းမှာ ကျွန်တော်ကိုယ်တိုင် မျက်မြင် ဒိဋ္ဌဖြစ်ပါသည်။ ။မြို့တော်အရှေ့တံခါးအထွက်မှာ အဝဘုရင်နှင့် ကျွန်တော်တို့ တိုက်ခိုက်ကြရာ မင်းကြီး ရန်ဒနာင်က ရှေးဦးစွာ အောင်လံကို ကိုင်၍ ထွက်လာပါသည်။ ။ဆင်စီး၍ ထွေးထွေးလုံးလုံး တိုက်ခိုက်ကြရာ အဝဘုရင်ကိုသာ လက်နက်ထိမှန်ပါသည်၊ မင်းကြီးရန်နောင်မှာ လက်နက်ထိမှန်ခြင်းမရှိဘဲ ကျွန်တော်တို့ ရှမ်းတပ်များကို ဆင်ဖြင့် အတင်းနင်းဝှေ့၍ ထွက်သွားပါသည်၊ ကျွန်တော်တို့ ပစ်လွှတ်သော လက်နက်များလည်း မင်းကြီးရန်နောင်ကို မထိပါ၊ အလွန်ထူးဆန်း၍ အံ့ဩဘွယ် ကောင်းသောသူ ဖြစ်ပါသည်၊ သို့ပါ၍ မင်းကြီး ရန်နောင်ကို သိမ်းသွင်းချီးမြှင့်ရန် ကျွန်တော်သဘောကျပါ၏၊ မင်းကြီးရန်နောင်သာ ကျွန်တော်တို့အလိုသို့ ပါ,ပါလျှင် လွယ်ကူစွာဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် စွမ်းနိုင်မည်အမှန်ပါ။

(ဤကဲ့သို့ အသီးအသီး လျှောက်တင်ကြသော စကားကိုကြားရာ စော်ဘွား စလုံက) မင်းကြီးမှန်နောင်၏ အကြောင်းကို ကျွန်ုပ်ကိုယ်တိုင်လည်း ကြားသိရသည်၊ ယခု လျှောက်ကြသော စကားများကိုလည်း နှစ်သက်ပါသည်၊ သို့ဖြစ်၍ မင်းကြီးရန်နောင်ကို အမြန် ချီပင့်ရန် စီမံကြပါ။

ဤသို့ အမိန့်ရှိလေရာ ပညာရှိသော ရှမ်းအမတ်များသည် အဝမြို့တော်တွင် ရှိသော မြန်မာအမတ်များကို သင့်တင့် လိုက်လျောညီစွာ ပေါင်းသင်းပြီးလျှင် မင်းကြီး ရန်နောင် အကြောင်းကို မေးမြန်းကြရာ မြန်မာမှူးမတ်တို့က "မင်းကြီးရန်နောင်သည် အဝဘုရင် နတ်ရွာစံတော်မူသောအခါ ဆင်စီး၍ လွတ်အောင် ရှောင်တိမ်းပြီးလျှင် **"ပြင်သာ"**အရပ်သို့ ထွက်သွားပါသည်၊ ယခုလဲ ပြင်သာအရပ်မှာပင် သဘောတူသော မြန်မာမှူးမတ်စုနှင့် နေထိုင်လျက် ရှိပါသည်"ဟု ပြောဆိုကြလေ၏၊ ထိုအကြောင်းကိုကြားရာ မြန်မာမှူးမတ် ရှမ်းမှူးမတ် အပေါင်းတို့ တိုင်ပင်ညှိနှိုင်းပြီးလျှင် မင်းကြီး ရန်နောင်ကို အဝ နေပြည်တော်သို့ ချီပင့်ရန် ပြင်သာအရပ်သို့ ထွက်သွားကြလေ၏။

## "မင်းကြီးရန်နောင်နှင့် မြန်မာမှူးမတ်တို့တွေ့ဆုံခြင်း"

မင်းကြီးရန်နောင်နေသော ပြင်သာအရပ်သို့ရောက်ရှိကြသောအခါ မှူးမတ်တို့ကို တနေရာတွင် ထားခဲ့ကြပြီးလျှင် မြန်မာမှူးမတ်တို့သည် မင်းကြီးရန်နောင်ထံသို့ ဝင်ကြလေ၏။

ဆိုက်ရောက်လာသော မြန်မာမှူးမတ်များကို တွေ့မြင်ရာ မင်းကြီး ရန်နောင်က သတိကို မလွှတ်စေဘဲ ဓါးလွတ်ကိုင်ပြီး "အမတ်မင်းတို့ ရောက်လာကြသည်မှာ ဘယ်လို အကြောင်းအရာ ထူးပါသလဲ၊ ခပ်လှမ်းလှမ်းက အလိုရှိသမျှပြောကြပါ၊ ယခုလို အရေးတော် အခါကြီးထဲမှာ ဘယ်သူ့ကိုမှ မယုံနိုင်ဘူး"ဟု ပြောလေ၏။ ။မင်းကြီးရန်နောင်နှင့် သဘောတူစွာ နေထိုင်ကြသော မှူးမတ်နှင့် ငယ်သားတို့ကလည်း ဓါးလွတ်ကိုယ်စီကိုင်ပြီးလျှင် မင်းကြီးရန်နောင်၏ လက်ဝဲ, လက်ျာက သတိကြီးစွာဖြင့် စောင့်နေကြလေ၏။

(ဆိုက်ရောက်လာသော မြန်မာမှူးမတ်များ) ။"ကျွန်တော်တို့ကို မယုံကြည်ရန်မရှိပါ၊ မင်းကြီးရန်နောင်၏အကျိုးကို သည်ပိုးရွက်ဆောင်ရန်လာခဲ့ကြပါသည်၊ ယုံယုံကြည်ကြည် လက်ခံ ပြောဆိုစေလိုပါသည်။

(မင်းကြီးရန်နောင်) · ။နီတိဆရာများက သတိရှေ့ထား၍ ယုံကြည်ခြင်းကို နောက်ထား ရမယ်လို့ အဆိုရှိပါသည်၊ မည်သို့ပင် ပြောဆိုသော်လည်း ကျွန်ုပ်က ရုတ်တရက် မယုံကြည်နိုင်ပါ၊ အမတ်မင်းတို့မှာ ရှမ်း ဘုရင်သစ်၏ ကျွန်တော်ရင်း ဖြစ်ကုန်ကြပလား။ ။(မျက်နှာထားနှင့်-မေးသည်။)

(ရောက်လာသောမှူးမတ်များ) ။ကျွန်တော်တို့သည် မျိုးရိုးဇာတိကို စိမ်းကားစွာစွန့်ပစ်၍ အမျိုးသစ်ကို ချစ်ခင်လိုလားကြသည်မဟုတ်ပါ၊ သဘောထားသည်မျှလောက်မသေးကြပါဘူး၊ ကျွန်တော်များသည် ရှမ်းဘုရင်သစ်၏ ကျွန်ဖြစ်ကြသည်လည်း မဟုတ်ပါ၊ သို့ရာတွင် ကိုယ့်အရှင် သခင်ဆုံးရှုံးသဖြင့် အားကိုးရာမဲ့နှင့် ညှိုးငယ်စွာ နေကြရပါသည်။ ရှမ်းဘုရင်၏ သူလျှိုများ ဟု အထင်မမှားစေလိုပါကြောင်း။

(မင်းကြီးရန်နောင်) ။အမတ်မင်းတို့ ပြောတဲ့အတိုင်း မှန်ခဲ့ပါလျှင် ဝမ်းသာဘို့ပါဘဲ၊ နို့တာဖြင့် ဘယ်လိုကိစ္စနှင့် ကျွန်ုပ်ထံသို့ လာရောက်ကြောင်းကိုပြောကြပါ။

(ဆိုက်ရောက်လာသောမှူးမတ်များ) ။စိတ်ရှည်ရှည်ထား၍ စဉ်းစဉ်း စားစား နားစိုက်တော်မူစေချင်ပါသည်။ ။ယခုအခါ မြန်မာနိုင်ငံကြီး၏ ကံကြမ္မာအလျောက် ထီးနန်းပါမှောက်၍ ထီးကျိုးစည်ပေါက်ဖြစ်၍ နေပါပြီ၊ ရှမ်းတို့၏ရန်ကို ခုခံဖြိုဖျက်ခြင်းငှါ မစွမ်းနိုင်ကြောင်းကိုလဲ မင်းကြီးသိတော်မူသောအတိုင်းပင် ဖြစ်ပါသည်။ ။အိမ်ရှေ့ဘုရားလည်းအနိစ္စရောက်တော်မူလေပြီဖြစ်၍ မြန်မာတို့မှာမျက်နှာငယ်ငယ်နှင့် အားကိုးရာမဲ့ဖြစ်၍ နေကြပါပြီ၊ယခု ရှမ်းစော်ဘွားသည် လက်ရုံးအားကိုးနှင့် မြန်မာနိုင်ငံကြီး အောင်မြင်သော်လည်း အရှည်အုပ်စိုးခြင်းငှါ စွမ်းနိုင်ကြမည် မဟုတ်ပါ၊ "မျောက်အုန်းသီးရသည့်အလား" များစွာ အခက်အခဲကြုံ၍ နေပါသည်။ ။မအုပ်စိုးနိုင်ကြောင်းကိုလဲ သူတို့အသိပင် ဖြစ်ကြပါသည်၊ မိုးညှင်းစော်ဘွား "စလုံ" နှင့် သား "သိုဟန်ဘွား"တို့သည် သူတို့မှူးမတ်များနှင့် တိုင်ပင်ကြရာ မြန်မာနိုင်ငံတော်ကြီးကို သူတို့ရှမ်းချည်း သက်သက် အုပ်စိုး၍ မဖြစ်နိုင်ကြောင်း မြန်မာမှူးမတ်များနှင့် ညှိနှိုင်းတိုင်ပင်၍ အုပ်စိုးပြီး အရှည်တည်တန့်နိုင်မည့်အကြောင်းကို ပြောဆိုတိုင်ပင်ကြပါသည်။ ။သို့တိုင်ပင်ကြရာတွင် အရှင်မင်းကြီး ရန်နောင်၏ ဂုဏ်ကျေးဇူးများကို အထူးသဖြင့် ထည့်သွင်း ပြောဆိုကြရာ စော်ဘွား၏ သား"သိုဟန်ဘွား"နှင့်တကွ ရှမ်းမှူးမတ်များတို့က မင်းကြီး ရန်နောင်ကို အဝန်ချုပ်တော်သို့ ပင့်ဆောင်ပြီးလျှင် အထူးသဖြင့် ချီးမြှင့်၍ မင်းကြီး ရန်နောင်၏ အလိုဆန္ဒအတိုင်း မြန်မာနိုင်ငံကို အုပ်စိုးရန် သဘောတူကြ ပါသည်၊ သို့ဖြစ်သည့်အတွက် ကျွန်တော်များထံသို့ ရှမ်းအမတ်များ အနူးအညွတ် လာရောက်ကြပြီးလျှင် မင်းကြီးရန်နောင်ကို ပင့်ဆောင်၍ပေးပါဟု တောင်းပန်ကြသည်နှင့် ကျွန်တော်များလာရောက်ရခြင်းဖြစ်ပါကြောင်း။

ထိုစကားကိုကြားရာ မင်းကြီးရန်နောင်က ခေါင်းကိုဝင့်ပြီး "အို....ကျွန်ုပ်ကို လူမျိုးကွဲရဲ့ ကျွန်အဖြစ်သို့ရောက်အောင် သွေးဆောင် သိမ်းသွင်းကြတာလား၊ ဘာသာမတူတဲ့ လူမျိုးကွဲရဲ့

ကျွန်ဖြစ်ရခြင်းထက် ကိုယ့်အသက်ကိုအသေခံလိုက်ထာက မြတ်ပါသေးတယ်၊ ကျွန်စာရင်းမပျက်ဘဲ သေးရခြင်းဆိုတာ ဘဝတိုင်း, ဘဝတိုင်းမှာ ကျွန်သွေး,ကျွန်စိတ်တွေပါ၍ ကျွန်ဝါသနာစွဲနေတတ်သတဲ့” အမတ်မင်းတို့သာ လူမျိုးကွဲရဲ့ ကျွန်စာရင်းသို့ သွင်းလိုက်ကြပါ၊ ကျွန်ုပ်၏ စိတ်နေစိတ်ထားဟာ သို့ကလောက် သေးသိမ်တာမဟုတ်ပါဘူး။

(လာရောက်သောမှူးမတ်များ) ။လူမျိုးကွဲရဲ့ ကျွန် ဖြစ်စေလိုတဲ့ သဘောမျိုးနှင့် ကျွန်တော်များ ပြောကြား တောင်းပန်ရခြင်းမဟုတ်ပါ၊ မင်းကြီး၏စိတ်ကဲ့သို့ပင် ကျွန်တော်တို့လဲ လူမျိုးကွဲရဲ့ ကျွန်ဖြစ်ရမည့်အတွက် အလွန် ရှက်သော သူများပင် ဖြစ်ကြပါသည်။ ။သို့ရာတွင် **“ကိုယ်မချို အမိသော်လဲ သားတော်ခဲ”** ဆိုသော စကားကဲ့သို့ ကျွန်တော်တို့ မြန်မာအမျိုးမှာ ဂုဏ်တန်ခိုး သိမ်ငယ်၍ နွမ်းနယ်ပမ်းရိလျက်ရှိခဲ့ရာ လူမျိုးကွဲတို့၏ ရန်ကိုလည်း တွန်းလှန် ဖြိုဖျက်နိုင်ရန် အစွမ်းမရှိကြပါ။ ။ယခုအခါ ကျွန်တော်တို့မှာ မင်းကြီးရန်နောင်သာလျှင် အားထားမှီခိုရာ ရှိကြပါတော့သည်။ ။အရှင်မင်းကြီးက မြန်မာနိုင်ငံကို မျက်နှာလွှဲတော်မူမည် ဆိုပါလျှင် သာ၍ပင် နစ်မွန်းကြပါတော့မည်။ ။**“မစားရတဲ့အမဲ သဲနှင့်ပက်သည်”** ဆိုသော စကားမျိုးကဲ့သို့ မိစ္ဆာ ရှမ်းတို့သည် မိမိတို့အစွမ်းဖြင့် ငြိမ်သက်ပိပြားစွာ အုပ်ချုပ်၍ မရဘူး ဆိုပါလျှင် အုပ်စိုး၍မဖြစ်တဲ့အတူတူ ပိုင်နိုင်တဲ့ ခေတ်အတွင်းမှာ ညှဉ်းဆဲနိုင်သမျှ ညှဉ်းဆဲမှုဆိုတဲ့ သဘောမျိုးနှင့် မြန်မာအမျိုးသားတို့ကိုလဲ ညှဉ်းဆဲ သာသနာအရောင်ကိုလဲ အမှောင် စွန်းအောင်ပြု၊ ဗုဒ္ဓသာသနာ၏ အဆောက်အဦဖြစ်တဲ့ စရပ်, တန်ဆောင်း, ကျောင်း, ကန်, ဘုရားတို့ကိုလဲ ဖြိုဖျက် သာသနာတော်ထမ်း ရဟန်းတို့ကို သတ်ဖြတ်။ ။သို့ကလို နှိပ်စက်ကလူ ပြုမူရမ်းကားခဲ့ပါလျှင် အားခဲ့ဆဲအခါဖြစ်၍ မြန်မာနှင့် သာသနာမှာ သာ၍ပင် ပျက်စီးဘို့ ရှိပါကြောင်း။ ။သည်အကြောင်းများကို မြော်မြင်၍ အရှင်မင်းကြီးရန်နောင်က အမျိုးနှင့် သာသနာကို ထောက်ညှာသော သဘောဖြင့် အဝမြို့တော်တွင် ဘုရင်သစ်ဖြစ်၍နေသော ရှမ်းစော်ဘွား၏ တောင်းပန်ချက်အတိုင်း အဝမြို့တော်သို့ ချမ်းသာစွာပြန်၍ နိုင်ငံအုပ်စိုးရေးကို အလေးပြုတော်မူစေချင်ပါသည်။ သို့မဟုတ်ဘဲ အရှင်မင်းကြီးရန်နောင်ကိုယ်တိုင် မြန်မာနိုင်ငံကို ပြန်၍ ရရှိလေအောင် ရွေ့ဆောင်ပြု၍ ကြိုးစားတော်မူမည်ဆိုလျှင်လဲ ကျွန်တော်တို့တစု ယခုပင် အရှင့်ဘက်တော်သား ပြုလုပ်မည်ဖြစ်ပါကြောင်း။

အကျိုးအကြောင်းနှင့် သနားစဘွယ် ပြောဆိုကြသောစကားကိုကြားရာ မင်းကြီးရန်နောင်၏စိတ်ထဲမှာ အမျိုးနှင့်သာသနာကို ချစ်ခင်သောစိတ်ဓါတ်များ လှုပ်ရှားလာသဖြင့် မိမိကိုယ်တိုင်ပင် အချုပ်အခြာပြုလုပ်၍ မဆိုင်ရာတွင် အတင်းဝင်၍ စိုးအုပ်နေသော မိစ္ဆာရှမ်းများကို တိုက်ခိုက် ဖြိုဖျက်ရန် အကြံပေါက်လာလေသည်။ ။သို့ရာတွင် အလွန်စစ်ရေးနစ်နာ၍ ဗိုလ်ပါရဲမက်မရှိသည်ပြင် အဝနိုင်ငံတော်မှာလဲ ရှမ်းတို့ဖျက်၍ ညက်ညက်ကြေလုခမန်း ဖြစ်နေသောကြောင့် ကြံတိုင်း အထမမြောက်မည့်အရေးကို သိတော်မူသည်နှင့် အကြံတမျိုးဖြင့် အမိန့်ရှိပြန်သည်မှာ မင်းကြီးတို့ ပြောဆိုတောင်းပန်ကြသောအရေးလည်း အမှန်ပင်ဖြစ်ပေတော့သည်၊ မြန်မာမှူးမတ်များ ဝင်ခွင့်မရပါလျှင် မြန်မာနှင့်သာသနာ မျက်နှာနွမ်းညှိုး၍ တန်ခိုး မှေးမှိန်လျက် အချိန်ကင်းမဲ့တော့မှာဘဲ၊ သည်လိုကြံလျှင် မသင့်လျော်ပေဘူးလား။

(ရောက်လာသောမှူးမတ်များ) ။အကြံကို အမိန့်ရှိတော်မူစေချင်ပါသည်။

(မင်းကြီးရန်နောင်) တောင်ငူမင်းကျီးညီသည် ဘုန်းလက်ရုံးပညာနှင့် သမ္ဘာတက်လင်း၍ မင်းထီးတဆူ ဖြစ်တော်မူနေတယ် အဝနိုင်ငံ၏အရေးတော်ကို မင်းကျီးညီသို့လွှဲအပ်၍ ရှမ်းတို့ရန်ကို ခုခံဖြိုဖျက်လျှင် မသင့်လျော်ပေဘူးလား။

(ရောက်လာသောမှူးမတ်များ) သည်အရေးကို ဟို-ယခင်စစ်ကြီးမဖြစ်ရခင်က အရှင်မင်းကြီးရန်နောင်က အကြံပေးတော်မူဘူးပါသည် သည်တုန်းကပင် ကျွန်တော်များနှစ်သက်ပြီးဖြစ်ကြပါသည် သို့ရာတွင်သည်အကြံမှာ ယခင်ကသင့်လျော်သော်လည်း ယခုအခါနှောင်းသွားပြီထင်ပါသည် ယခုအခါမှာ အဝမြို့တော်ကြီးကို ရှမ်းတို့အုပ်စိုးလွှမ်းမိုးမိပြီးဖြစ်၍ **"အပ်နှင့်ထွင်းရမည့်အရာကို ပုဆိန်နှင့်ပေါက်ရသည်"** ဆိုသောစကားကဲ့သို့ **အခက်အခဲကြုံရန်** အကြောင်းရှိပါသည် တကယ်လို့တောင်ငူနှင့် ပူးပေါင်း၍ တိုက်ခိုက်မည်ဆိုပါလျှင် ရှမ်းတို့ဂုဏ်သိမ်က အရှိန်ကြီးခိုက်ဖြစ်ပါသောကြောင့် အောင်မြင်မည်ဟူ၍ အမှန်မဆိုနိုင်ပါ အောင်မြင်မည်ဆိုပါသော်လဲ စစ်ကြီးတဘန် ဖြစ်ရပြန်လျှင် ညက်ညက်ကြေနေတဲ့ မြန်မာနိုင်ငံမှာ ပြာကျရုံသာ ရှိပါတော့သည်။ သို့ပါ၍သည်အကြံမျိုးကို ရုတ်တရက်ကြံစည်ရန် သင့်လျော်မည်မထင်သေးပါ အားအင်ဖြည့်တင်း၍သင်းပင်းညီညွတ်စွာနှင့် မြန်မာနိုင်ငံကြီး အခြေရအောင် ဆိုင်းသင့်ပါသည်။ ယခုချက်ခြင်းမှာရှမ်းမင်းတို့နှင့် လိုက်လျောညီစွာပေါင်းသင်း၍ အတွင်းသဘောနှင့်ပူးကပ်ပြီး အမျိုးနှင့်သာသနာကို ချမ်းသာခွင့်ရအောင် ချီးမြှင့်ဘို့သင့်မည် ထင်ပါကြောင်း။

(ဤစကားကိုကြားရာ မင်းကြီးရန်နောင်က ခေတ္တငေးစိုက်၍ စဉ်းစားပြီး။) အင်း-ယခုအမတ်မင်းတို့ လျှောက်ကြတဲ့ စကားဟာလဲ အမျိုးနှင့်သာသနာရေးကိုစာလျှင် လိုက်နာဘို့သင့်ပေတာပါဘဲ ကျွန်ုပ်က အဝမှာအုပ်စိုးတဲ့ ရှမ်းမင်းနှင့်အတွင်းဝင်၍ ပူပေါင်းတဲ့အခါ မြန်မာမှူးမတ်များက ကျွန်ုပ်၏သြဇာအတိုင်း မသွေမလှန်လိုက်နာကြရန် ဝန်ခံနိုင်ကြပမလား။

(ရောက်လာသောမှူးမတ်များ) အရှင်မင်းကြီး၏ အမိန့်အာဏာကို မြန်မာမှူးမတ်အများတသွေးတသားထဲ လိုက်နာကြရန် ဝန်ခံနိုင်ကြပါသည် နောင်အခွင့်ကြုံကြိုက်သောအခါ အရှင်မင်းကြီးကြံလိုသော အတိုင်းကြံစည်ပါ အမိန့်တော်အတိုင်းလိုက်နာပါမည်။

ဤသို့ဝန်ခံကြသောအခါ မင်းကြီးရန်နောင်သည် မြန်မာမှူးမတ်များ ပင့်ဆောင်လာသောအတိုင်း မိမိနောက်ပါလူတသိုက်နှင့် ဆင်စီး၍အဝမြို့တော်သို့ ပြန်လာခဲ့လေသတည်း ပင့်ဆောင်ရန်လိုက်ပါ သွားကြသော ရှမ်းအမတ်တို့လည်း မင်းကြီးရန်နောင်ကို ရိုသေကိုင်းညွတ်သောအမူအရာဖြင့် လေးလေးမြတ်မြတ်, ဆက်ဆံရောနှောကြလေသတည်း။

---

# အခန်း (၁၄)

## "မင်းကြီးရန်နောင် နေပြည်တော်သို့ ဆိုက်ရောက်ခြင်း"

မိုးညှင်းစော်ဘွားကြီး "စလုံ" ကခေါ်ပင့်သဖြင့် အဝနေပြည်တော်သို့ မင်းကြီးရန်နောင်ဆိုက်ရောက်လာသောအခါ ရှမ်းစော်ဘွားထံသို့ ရှေးဦးစွာမဝင်သေးဘဲ မိမိအိမ်တော်သို့သွားပြီး

လျှင်တိုင်ပင်လိုသောဆန္ဒကြောင့် **"သစ္စာသမာဓိ"** ပြည့်စုံသော မြန်မာမှူးမတ်များကိုခေါ်လေရာ မင်းကြီးရန်နောင်ထံသို့ စုံညီစွာဆိုက်ရောက်လာကြလေ၏။

"အတွင်းရေးနှင့် တိုင်ပင်စကား ပြောကြားသည်မှာ"

(မင်းကြီးရန်နောင်) ကျွန်ုပ်တို့ရွှေနန်းသခင်ဖြင့် ဆင်ဦးကင်းထက်မှ ကျဆုံးသဖြင့်လုံးလုံးကြီးနစ်နာခဲ့ကြပြီ မည်သည့်အခါကမှ မြန်မာပြည်တွင်မစိုးစံဘူးသော ရှမ်းလူမျိုးတို့လဲအုပ်စိုးလျက်ရှိကြပြီ ယခုအုပ်စိုးသော မိုးညှင်းရှမ်းများသည် ဗုဒ္ဓသာသနာကို မကြည်ညိုသဖြင့်သူတို့နဂိုစရိုက်က ခပ်မိုက်မိုက်၊ ခပ်ရိုင်းရိုင်း၊ ပင်ဖြစ်ကြောင်း မှူးမတ်အပေါင်းတို့လဲ အသိပင်ဖြစ်ကြတယ် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်သည် ဗုဒ္ဓသာသနာ ထွန်းကားရာ ဌာနကြီး ဖြစ်တဲ့ အတွက်မိရိုးဘလာ မြင်မာမျိုးအလုံးစုံ ဗုဒ္ဓသာသနာကို ယုံကြည်၍နေကြပါသည်ကို မိစ္ဆာလူမျိုးတို့လွှမ်းမိုးအုပ်စိုးတယ်လို့ဆိုလျှင် ဘယ်သူနှစ်သက်နိုင်ပါမလဲ မင်းကြီးတို့သိပြီးဖြစ်တဲ့ အတိုင်းခေတ်အလျောက်ထွန်းကားနေတဲ့ ရှမ်းစော်ဘွားလုပ်တဲ့သူက အနှုးအညွတ်ဆောင်ယူတဲ့အတွက် ကျွန်ုပ်လဲ နေပြည်တော်သို့ပြန်ခဲ့ရပြီ ကျွန်ုပ်ကိုဖြင့်တိုင်းရေးပြည်မှုနှင့် တိုင်ပင်ခြင်းပြုတော့မှာဘဲ မင်းကြီးတို့သဘောမှာဘယ်လိုထင်မြင်ကြသလဲ ရှမ်းစော်ဘွား၏ အတိုင်ပင်ကိုခံပြီး နိုင်ငံရေးကို ဆောင်ရွက်စေလိုကြသလား သို့တည်းမဟုတ် မိစ္ဆာရှမ်းတို့နှင့်မပူးပေါင်းဘဲ ကိုယ့်သဘောရှိရာ လွတ်လပ်စွာနေထိုင်တာကိုနှစ်သက်ကြသလား။

(မှူးမတ်များကစဉ်းစားပြီး) မြန်မာပြည်ကြီး ပျက်စီးတိမ်းယိမ်းနေတဲ့အခါ မျက်နှာလွှဲတော်မမူစေခြင်ပါ အရှင်မင်းကြီးသာမျက်နှာ လွှဲတော်မမူပါလျှင် မြန်မာနိုင်ငံအလုံးကို ရှမ်းတို့ကထင်သလိုနှိပ်စက်ညှင်းပမ်း ကြလိမ့်မည်အမှန်ပါ သာသနာတော်ကြီးလည်း ပျက်စီးခြင်းသို့ရောက်ရပါလိမ့်မည် ကိုယ့်နိုင်ငံကိုယ့်အမျိုး သာသနာတော်အကျိုးကို ထောက်ရှုပြီး ယခုရှမ်းတို့ကအားထားရင်းရှိတဲ့အတိုင်း သူတို့နှင့်ပူးပေါင်းကာ ပညာဖြင့်ဆောင်ရွက်စေလိုပါကြောင်းကို တောင်းပန်ပါသည်ဘုရား။

(ရန်နောင်) တကယ်လို့ကျွန်ုပ်က ရှမ်းတို့အတွင်းသို့ဝင်ပြီး တိုင်ပင်ဆက်ဆံခြင်းမပြုဘဲနေခဲ့ပါလျှင် နိုင်ငံမြို့ရွာ သာသနာသည်နစ်နာမည် အမှန်ဘဲလား။

(မှူးမတ်များ) အမှန်ပင်နစ်နာပါလိမ့်မည် ရှမ်းစော်ဘွားသားအဘတို့ကလည်း အရှင်မှတပါးသောမှူးမတ်များကို တစုံတခုမျှအမှုမထားကြပါ ရှမ်းဆိုတဲ့လူမျိုးဟာ ထင်မိထင်ရာစွဲမိစွဲရာလျှော်ဖါးထစ်ဆိုသောသဘောမျိုး အမြဲရှိကြပါသည် အရှင်မင်းကြီးရန်နောင်၏ ဂုဏ်သတင်းကိုယခင်ကပင် ရှမ်းတို့ကကြားပြီးဖြစ်၍ အရေးတယူနှင့် အလေးတမူ တိုင်ပင်ပူးပေါင်း လိုသောဆန္ဒရှိကြပါသည် သူတို့သဘောအတိုင်းသာ လွှတ်၍ပေးလိုက်မည်ဆိုပါလျှင် မြန်မာနှင့်သာသနာတခါတည်းပြုတ်ပြုတ်ပြုန်း၍ ငုံးငုံးတိုရတော့မည်ဖြစ်ပါသည် သို့ဖြစ်ပါ၍ ရှမ်းတို့နှင့်ပူးပေါင်းပြီးအများကောင်းကျိုးကြီးစားတော် မူစေလိုကြောင်းပါဘုရား။

(ရန်နောင်) မင်းကြီးတို့ တိုက်တွန်းချက်ကြောင့် တကယ်လို့ ကျွန်ုပ်က ရှမ်းတို့နှင့် ပူးပေါင်း၍ နိုင်ငံရေးကို ရွက်ဆောင်တဲ့အခါ မြန်မာမှူးမတ်မှန်သမျှ "ဂတိ သစ္စာ" တည်ကြည်စွာနှင့် ကျွန်ုပ်၏ အလိုဆန္ဒကို လုံးဝလိုက်နိုင်ပါမလား။

(မှူးမတ်များ) ယုံကြည်စိတ်ချတော်မူပါ၊ ကျွန်တော်မျိုး များမှာ အရှင်မင်းကြီးကို သာလျှင် အားထားရင်း ရှိကြသောအတိုင်း ကျေးဇူးသစ္စာ စောင့်သိစွာနှင့် အရှင်မင်းကြီး အာဏာကို ရိုသေကျိုးနွံစွာလိုက်နာကြပါမည်၊ ရှမ်းတို့ကိုလိုလား၍ ဖောက်ပြားသော စိတ်မျိုးကို ဘယ်အခါမျှ မဝင်စေရပါဘုရား။

(မင်းကြီးရန်နောင်ကပြုံးပြီး) ယခုမင်းကြီးတို့ လျှောက်တဲ့စကားအတိုင်း အရှည်သဖြင့် တည်တန့်မယ်ဆိုပါလျှင် မကြာမီအတွင်း ရှမ်းတို့၏ မိစ္ဆာရန်ကို တွန်းလှန်ဖြိုဖျက်ပြီး ကိုယ့်မြန်မာနိုင်ငံကို အမှန်ပြန်ရဘို့ဆိုတဲ့ အချက်ဟာ မှန်စွာမလွဲဘူးလို့သာ ယုံကြည်စိတ်ချကြပေတော့။ ။ကျွန်ုပ်တွေးလို့ စိုးရိမ်မိတာကတော့ လူဆိုတဲ့လူတွေဟာ ရာထူးစည်းစိမ်ကလေးနှင့် မြှောက်မှုဖြင့် ခြေဖျားထောက်ပြီး ငေါက်ခနဲ ကြွတတ ဖြစ်တတ်ကြတယ်။ ။ရှမ်းလူမျိုးများက အစိုးရနေတဲ့အခါဖြစ်လို့ မြို့စား၊ ရွာစား၊ စည်းစိမ်များနှင့် ချီးမြှောက်ကြပေလိမ့်မယ်၊ ရှမ်းတို့အချီးမြှောက်ကို ခံရသဖြင့် စိတ်တမျိုးပြောင်းပြီး မိစ္ဆာရှမ်းတို့အပေါ်တွင် သခင့်သခင်ဆိုတဲ့စကားနှင့် ဝပ်တွားရှိကျိုးလျက် ရှိခိုးဦးတင် ဖြစ်နေကြမှာများကိုလဲ စဉ်းစားပြီး စိုးရိမ်မိတယ်။ ။စည်းစိမ်ပေးတဲ့ သခင်ရယ်လို့ နေရာတကာတွင်လိုက်စား၍ အလိုတော်ရိများ ဖြစ်မှုဖြင့် ကိုယ့်အမျိုး ရယ်လို့မှ မမျှော် သာသနာတော်ရယ်လို့ မထောက်ထားဘဲ စည်းစိမ်အားနှင့် မာန်ယစ်ပြီး ကိုယ့်အမျိုး၏ ရန်သူကြီး ဖြစ်နေမဲ့အရေးကို တွေးလို့စိုးရိမ်မိတယ်။ ။လူဆိုတဲ့လူတွေဟာ ခေတ္တချမ်းသာကလေးကိုမက်ပြီး အမျိုးနှင့်သာသနာကို မညှာမတာ ရက်စက်ဘို့ဆိုတာလဲ အလွယ်ကလေးဘဲ။ အဲသည်လို အရေးကိုမျှော်တွေးမိတိုင်း မယုံကြည်နိုင်အောင်ရှိနေပါတယ်၊ ဖြစ်လေ့ရှိတဲ့ သဘောကို တင်ကြိုလို့ ပြောရတော့တာဘဲ။

(မှူးမတ်များ) ပုထုဇန်တို့မှတာ ချမ်းသာ စည်းစိမ်နှင့် များလျှင် မိုက်အားကြီး၍ မိုက်သီးစားတတ်တယ် ဆိုတာလဲ မလွဲလှပါဘူး။ ။ကျွန်တော်တို့သဘောမှာ ချမ်းသာစည်းစိမ် ရွှေအိမ်ရွှေတိုက်နှင့် ထားသော်လဲ ကိုယ့်အမျိုး အပေါ်မှာ မညှာမတာ ရက်စက်လိုသော ဆန္ဒ မရှိရိုးမှန်ကြပါသည်။ ။အမျိုးနှင့်သာသနာအတွက် အသက်ကိုပင် လွယ်လွယ်ကလေးနှင့် စွန့်ဘို့ ရည်မှန်းပြီးပါ၊ သဘောထားသိမ်သေး၍ ဉာဏ်ပညာမှိန်မှေးတဲ့ လူညံ့၊ လူဖျင်း၊ များသာလျှင် စည်းစိမ်ကိုမက်၍ ရက်စက်စိမ်းကားလေ့ ရှိပါသည်၊ ထိုကဲ့သို့သောသူကိုလဲ လူဆိုတဲ့ဇာတ်အတွင်းသို့ စာရင်းမသွင်းထိုက်ဘူးလို့ ထင်မှတ်ကြပါဘယ်။ ။ကျွန်တော်တို့ အမျိုး အုပ်စိုးတဲ့ဘုရင်မှ တပါး ဘယ်သူ့အားကိုမျှ စိတ်ထားနှိမ့်ချပြီးလျှင် သခင့် သခင့် ဆိုတဲ့ စကားလုံးကို သုံးဘို့ မရည်ရွယ်ဘူးပါ။ ။မိစ္ဆာအငွေနှင့် အမှုအလေ့ရှိုင်းစိုင်းတဲ့ သူတို့အပေါ်မှာ သာလို့ပင် သခင် အမှတ်မထားနိုင်ပါ၊ သို့ဖြစ်သည့် အတွက် အရှင်မင်းကြီးသည် ယခုလို ခေတ်အခါ မြန်မာနှင့် ကံဇာတာ အခွင့်မသာတဲ့အရေးကို ထောက်ပြီး ချီးမြှောက်လိုတဲ့စိတ်ထားဖြင့် မားမား မတ်မတ် ခေါင်းဆောင် အဖြစ်နှင့် တန့်ရပ် စေလိုကြောင်း ကျွန်တော်မျိုးများ အခွင့်တောင်းပါသည် ဘုရား။

(မင်းကြီးရန်နောင်က ခေတ္တ စဉ်းစားပြီး) ယခု ပြောဆိုတဲ့ စကားတွင် သစ္စာတရား အမြဲစောင့်ပါစေဆိုတာကို ကျွန်ုပ်က ဆုတောင်းပါရဲ့၊ မင်းကြီးတို့ တောင်းပန်တဲ့အတိုင်း ရှမ်းတို့နှင့် ပူးပေါင်းပြီး အကြောင်းရှိသလို ဆောင်ရွက်ရတော့မှာပေါ့။ ။အုပ်ချုပ်ရေးတွင် အတွင်းသို့ဝင်ကာ ပူးပေါင်းတဲ့အတွက် စိတ်ပြောင်းသွားလိမ့်မယ်လို့လဲ ဘယ်အခါမှ ကျွန်ုပ်အပေါ်မှာ အလွဲမထင်ကြနှင့်။ ။ကျွန်ုပ်၏သြဇာနှင့် လမ်းညွှန်ရာသို့ လိုက်ကြပါလျှင် မြန်မာပြည်ကြီးဟာ မြန်မာအမျိုးလက်သို့ ဆက်ဆက်ကြီး ပြန်ရောက်ပါစေမယ်။ ။မှူးမတ်များလဲ မကွဲမပြားဘဲ တသားထဲ စည်းလုံးညီညွတ်ကြရမယ်၊ မညီမညွတ်ဘူးလို့ဆိုလျှင် ကြီးကျယ်တဲ့နိုင်ငံရေးကို မဆိုထားနှင့်တော့၊ အိမ်သူ အိမ်သား,ကလေးတသိုက်ကိုမှ သိမ်းပိုက်အုပ်စီးလို့ ရနိုင်တာမျိုးမဟုတ်ဘူး။ သည်ကမ္ဘာလောကကြီးမှာ နိုင်ငံတကာပျက်စီးလေသမျှ မညီမညွတ်ခြင်းဆိုတဲ့ဘေးကြီးဟာ အစဘဲ၊ လူအနည်းအများနှင့် လက်နက်အင်အားက ပဓါနမဟုတ်၊ ညီညွတ်ခြင်းဆိုတဲ့ လက်နက်ကို ထက်ထက်မြက်မြက်ကြီး သွေးနိုင်ပါလျှင် ဘယ်လိုအရေးကိုမှ အမှုထားဘို့မရှိဘူး မင်းကြီးတို့။

(မှူးမတ်များ) မှန်လှပါ၊ ညီညွတ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလဲ အထူးရိပ်မိကြပါသည်၊ လူမျိုးခြားမွေနှောက်၍ ဒုက္ခရောက်နေတဲ့အထဲမှာမှ ကွဲကွဲပြားပြား နေကြပါလျှင် အလိမ္မာအနဲဆုံး မိုက်လုံးကြီးတဲ့လူမျိုးဘဲလို့ အမှန်ပင်ဆိုရပါတော့မည်၊ ယခုအခါမှာ မြန်မာလူမျိုးတသင်းမှာ ကြောချင်းယှဉ်၍ ရင်ချင်းအပ်ရမည့် အချိန်အခါကြီး မှန်ပါကြောင်းပါဘုရား။

(ရန်နောင်) ကဲ-ယခုလိုဝန်ခံကြတာကိုပင် ကျေးဇူးတင်လှပါပြီ ရှမ်းတို့နှင့် ပူးကပ်ပြီး အရပ်ရပ်သော တိုင်းရေးပြည်မှုများကို ဆောင်ရွက်ရမှာပေါ့၊ ရှမ်းတို့က ချီးမြှင့်တဲ့ စည်းစိမ်ချမ်းသာကိုလဲ ဘာလောက်မျှ ကျွန်ုပ်ကအလေးမပြုပါဘူး၊ ကိုယ့်နိုင်ငံအတွင်းသို့ အတင်းလာပြီး မိစ္ဆာစရိုက်နှင့် မိုက်လုံးထွားတဲ့ ရှမ်းအရိုင်းတို့ကို ဗိုင်းဗိုင်းလဲအောင် အတွင်းစက်လှဲ့ရတော့မှာဘဲ။

ဤသို့လျို့ဝှက်စွာ ပြောဆို တိုင်ပင်ကြပြီးလျှင် မှူးမတ်များကို မိမိအထံမှ ပြန်လွှတ်၍ မင်းကြီးရန်နောင်သည် စွဲကိုင်မြဲဖြစ်သောကျောက်စီဓါးကို ကိုင်လျက်၊ မိုးညှင်းစော်ဘွား“စလုံ” ထံသို့ ဝင်လေ၏။

မိုးညှင်းစော်ဘွားကြီးလည်း အဝမြို့ရွှေနန်းတော်ကြီး အတွင်းမှာ စံနေလျက်ရှိရာ မင်းကြီးရန်နောင် ဝင်လာလျှင် မြေနန်းတော်ကြီးနှင့် မှန်နန်းတော်အကူး ခနဲဆောင်တွင်လက်ခံလေသည်။

## “နေထိုင်ကြပုံမှာ”

မိုးညှင်းစော်ဘွား“စလုံ”သည် သလွန်တခုနှင့် ထိုင်နေသည်၊ မနီးမဝေး သလွန်တခုပေါ်မှာ “မင်းကြီးရန်နောင်” နှင့် စော်ဘွား၏သား “သိုဟန်ဘွား” တို့ အတူယှဉ်၍ ထိုင်နေစေပြီးလျှင် ဂရုတစိုက် လက်ခံသည်။ ။မင်းကြီး ရန်နောင်လည်း ကျောက်စီဓါးကို လက်ကမချဘဲ ခန့်ညားသော ဣန္ဒြေဖြင့် ရဲရင့်စွာထိုင်နေလေသည်၊ ရှမ်းအမတ်များနှင့် အချို့မြန်မာအမတ်တို့လည်း မနီးမဝေးက ရိုသေစွာ ထိုင်နေခစားလျက်ရှိကြသည်၊ ရွှေနန်းတော်ကြီးကို ရှမ်းစစ်သည်အများတို့က လက်နက်ကိုယ်စီနှင့် အမြဲဝန်းရံ၍နေကြသည်။

## မိုးညှင်းစော်ဘွားကြီးနှင့် မင်းကြီးရန်နောင်တို့ ညှိနှိုင်းတိုင်ပင်ကြပုံ။

(စော်ဘွားကြီး) အဝမြို့ကြီးကို ကျွန်ုပ်တို့ မအုပ်စီးမိုကပင် မင်းကြီးရန်နောင်၏ ဂုဏ်သတင်းများကို မပြတ်ပင်ကြားသိရပါသဖြင့် တိုင်းရေး,ပြည်ရေးနှင့်စပ်၍ နှီးနှောတိုင်ပင်လိုသောစိတ်များ ဖြစ်ခဲ့ရာ ယခုတွေ့ဆုံရသည့်အတွက် အလွန်ဝမ်းမြောက်ပါတယ်။

(ရန်နောင်) အရေးတယူ လက်ခံပေးသည့် အတွက် စော်ဘွားကြီးကိုလဲ ကျွန်ုပ်က ကျေးဇူးတင်ပါတယ်။

(စော်ဘွားကြီး) မင်းကြီးရန်နောင်မှာ မဟာမျိုး,မဟာနွယ်မှန်တဲ့အတိုင်း မလေးမစားပြုထိုက်သူ မဟုတ်ကြောင်းကိုလဲ ကျွန်ုပ်တို့သိပြီးပါ၊ ကျွန်ုပ်တို့ ရှမ်းများကိုလဲ ထီးနန်းနှင့် ဝေးသဖြင့် မယဉ်ကျေးသေးဘူးလို့ အထင် မရှိစေချင်ပါ၊ မင်းကြီးကို တိုင်ပင်ဘို့ လိုရင်းကတော့ မြန်မာနိုင်ငံတော်ကြီးကို ထီးနန်း အဆက်ဆက် မြန်မာဘုရင်တို့ လက်ထက်က အုပ်စိုးခဲ့သောနည်းနာ နိဿယအတိုင်း အုပ်စိုးသွားဘို့ပါဘဲ။

(ရန်နောင်) မြန်မာဘုရင်မှာ ကံဇာတာ ညှံ့ဖျင်းခိုက်ကြုံ၍ ပျက်စီးသွားလေပြီ ဖြစ်ရာ မြန်မာဘုရင်တို့ အုပ်စိုးနည်းအတိုင်း စည်းမျဉ်းကျနစွာနှင့် အုပ်စိုးမည်ဆိုပါလျှင် ကျွန်ုပ် ကိုယ်တိုင်ကလဲ ဝမ်းမြောက်ရမှာပါဘဲ။

(စော်ဘွား) မင်းကြီးရန်နောင်မှာ တိုင်းပြည်အုပ်ချုပ်မှု ရေးရာတွင် လိမ္မာကျွမ်းကျင်ပြီးသူ ဖြစ်တဲ့အတိုင်း မမှားမယွင်းရအောင် လမ်းညွှန်ရှေ့သွားပြုလုပ်စေချင်ပါတယ်၊ ကျွန်ုပ်တို့မှာတော့ မြန်မာနိုင်ငံတော်၏ အကြောင်းအရာကို ကောင်းစွာ သိကျွမ်းသေးသည် မဟုတ်၍ မင်းကြီးကိုပင် အားကိုးတခုပြုရမှာပါ။ ။ကျွန်ုပ်တို့ ရှမ်းလူမျိုးဆိုတာ မြန်မာတို့ကဲ့သို့ စကားအရာတွင် ပရိယာယ်သုံးလေ့မရှိဘဲ ဘွင်းဘွင်းကြီးပြောဆိုလေ့ရှိကြပါသည်၊ ကျွန်ုပ်တို့မဘတ်ထာကိုလဲ လိမ္မာပြီရယ်လို့ မပြောဘဲမနေပါနှင့် ညွှန်ပြဘွယ်ရှိသမျှကို အတိအလင်း ညွှန်ပြ စေချင်ပါတယ်။

(ရန်နောင်) အဝဘုရင် "မင်းကြီးစွာစော်ကဲ"လက်ထက်တော်က ပညာရှိ"ဘိုးရာဇာ" ဆုံးမဘူးတဲ့ စကားတခုရှိပါတယ်။ ။"လွယ်လွယ်နှင့်မယုံနှင့်၊ ယုံပင်ယုံသော်လဲ၊ လွယ်လွယ်နှင့်မပုံနှင့်"သည်ကဲ့သို့ ဆုံးမစကားရှိခဲ့ရာ စော်ဘွားကြီးကလဲ ကျွန်ုပ်ကို လွယ်လွယ်ကလေးနှင့် မယုံကြည်ပါနှင့်၊ ယုံပင်ယုံပါသော်လဲ တိုင်းရေးပြည်မှုများကို လွယ်လွယ်ကလေးနှင့် လွှဲပုံကာ အပ်နှင်းလို့ မသင့်ဘူးထင်ပါတယ်၊ တိုင်းရေးပြည်မှုဆိုတာ လွန်စွာခက်ခဲတဲ့ အရေးအရာမျိုး ဖြစ်၍ တကယ်ယုံမှလဲ လွှဲပုံလို့ သင့်တဲ့အရေးဖြစ်ပါသည်၊ စော်ဘွားကြီး စဉ်းစားနိုင်သမျှ အချိန်ရတိုင်း စဉ်းစားစေလိုပါတယ်။

(ဤကဲ့သို့ပြောသည်ကိုပင် စော်ဘွားကြီးက ဝမ်းမြောက်လှသည်နှင့်) မင်းကြီးရန်နောင်က ပွင့်ပွင့်လင်းလင်းကြီး ယခုလိုတင်ကြို၍ ပြောကြားသည်ကိုပင် ကျေးဇူး အလွန်တင်ပါသည်။

မင်းကြီးရန်နောင်မှာ ဂတိသစ္စာ လွန်စွာ ဖြောင့်မတ်သည်ဟူ၍ ကျွန်ုပ်တို့ ကြားသိရဘူးသော အတိုင်း ယုံကြည်အားကိုးရင်း ရှိလို့သာ အရေးတယူ ပင့်ခေါ်၍ တိုင်ပင်တာပေါ့၊ ကျွန်ုပ်တို့ ရှမ်းလူမျိုးများသည် အယုံကြည်တရားကို လွယ်လွယ်ထားလေ့မရှိကြပါ။ ။မင်းကြီး ရန်နောင် ကို ယုံကြည်ပြီးဖြစ်တဲ့အတိုင်း ယခုလို လှဲပုံအပ်နှင်းခြင်းဖြစ်ပါတယ်၊ မြန်မာနှင့် ရှမ်း ကျေကျေ ချမ်းချမ်းနှင့် စိတ်ဝမ်းမကွဲမပြားဘဲ ဝမ်းမြောက်ဝမ်းသာ ချစ်ခင်စွာရောနှောဆက်ဆံ၍ နေစေ ချင်တဲ့သဘောပါ။

(ရန်နောင်) ယခုစော်ဘွားကြီးအမိန့်ရှိတိုင်း ရှမ်းနှင့်မြန်မာ သင့်တင့် ညီညွတ်စွာနှင့် တိုင်းနိုင်ငံသာယာခြင်းကို ကျွန်ုပ်လဲလိုလားနှစ်သက်တာပါဘဲ။ ။အမျိုးဇာတ်မတူတဲ့ နိုင်ငံခြား မင်းတပါးသည် အခြားနိုင်ငံကို အောင်မြင်၍ အုပ်ချုပ်တဲ့အခါ ရှေးဦးစွာ အရေးကြီးတဲ့အချက် ကတော့ မင်းကျင့်တရားဆယ်ပါးတွင် တပါး,အပါအဝင်ဖြစ်တဲ့"အဝိရောဓန"တရားကို လက်သုံး ပြုဘို့ လိုရင်းပါဘဲ။

(စော်ဘွား) အဝိရောဓနဆိုတဲ့ အဓိပ္ပါယ်ကို အကျယ်အမိန့်ရှိစမ်းပါအုံး။

(ရန်နောင်) တိုင်းသူပြည်သားတို့နှင့် တဘက်တလမ်းမဆန့်ကျင်ဘဲ လိုက်လျောညီစွာ ကျင့်နိုင်တဲ့သဘောကို အဝိရောဓနရယ်လို့ ဆိုရပါတယ်။ "ပြည်ညွှင်းလျှင်-မင်းမခံနိုင်" ဆိုတဲ့ စကားအတိုင်း ပြည့်ရှင်မင်းတို့ဆိုသည်မှာ နိုင်ငံမြို့ရွာနှင့်ဆန့်ကျင်လျှင် တိုင်းသူပြည်သား လူအများ တို့က မကြည်ညိုဘဲ မင်းကို မုန်းထား၍ အကျိုးမဲ့သော စကားကိုသာ ပြောကြား တတ်ကြ ပါတယ်။ ။လူမကြည်ညိုပြီ ဆိုမှဖြင့်လဲ လောကကိုစောင့်ကြပ်တဲ့ နတ်ဒေဝများ ထိုထိုကလဲ အကြည်ညို ကင်းတတ်ကြပါတယ်၊ လူနှင့်နတ် မကြည်ညိုလျှင် ဘုန်းတန်ခိုး မကြီးဘဲ ပျက်စီး ခြင်းသို့ တိုင်တတ်ပါတယ်၊ သည်အရေးကို တွေးတွေးဆဆနှင့် အလေးဂရု အပြုသင့်ဆုံးပေပေါ့။

(စော်ဘွားကြီး) မှန်ပါပေတယ်၊ မင်းနှင့်ပြည်သူ မကြည်ဖြူဘဲ အလွဲလွဲ,အမချော်ချော် ဖြစ်နေကြပါလျှင် တိုင်းပြည်အရေး ရှုပ်ထွေးပျက်စီးစမြဲပါ၊ တိုင်းနိုင်ငံကြီး ပျက်စီးပြီဆိုရင်လဲ ဘုရင်ပြုလုပ်တဲ့သူမှာ အနစ်နာဆုံး နစ်နာရတော့တာပေါ့၊ မင်းကြီး ရန်နောင်၏ စကားအတိုင်း သည်အရေးကို ကျွန်ုပ်တို့အလေးမူပါမယ်။

(ရန်နောင်) စော်ဘွားကြီးက ပွင့်ပွင့်လင်းလင်းပြောမှ နှစ်သက်တဲ့အတိုင်း အရေး ကြီးတဲ့ အချက်တခုကို သတိပြုဘို့ပြောရအုံးမှာပေါ့။ ။ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ဗုဒ္ဓ သာသနာတော်မြတ်ကြီး ထွန်းကားတဲ့နိုင်ငံဖြစ်တဲ့အတိုင်း မြန်မာဇာတိဖြင့် ပေါက်ဘွားကြတဲ့ တိုင်းသူပြည်သား လူအများတို့လဲ ဗုဒ္ဓသာသနာကို လွန်စွာ ကြည်ညိုသဖြင့် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ သာသနာရေးကို ထိတယ်လို့ဆိုလျှင် ချိုးပြုံတဲ့အလား တိုင်းသူပြည်သားအလုံးစုံ အကုန် ဝိုင်းပြီး ခုခံလေ့ရှိတတ်ကြပါတယ်၊ မြန်မာလူမျိုးတို့မှာ သာသနာရေးကို ထိလျှင် မခံချိမခံသာ အနာကြီးနာကြစမြဲမို့, သာသနာတော်အရေးကို အလေးပြုနိုင်သမျှ ပြုရပါလိမ့်မယ်။ ။မှန်တဲ့ အတိုင်း ပြောရပါလျှင် စော်ဘွားကြီးတို့မှာ ဗုဒ္ဓသာသနာကို ကြည်ညိုရင်းမရှိတဲ့အတွက် သည် အချက်ကိုဖြင့် နက်နက်နဲနဲကြီး စဉ်းစားစေလိုတာပါဘဲ။

(စော်ဘွားကြီးက ခေတ္တ စဉ်းစားပြီး) ဟုတ်ပေရဲ့၊ ကျွန်ုပ်တို့မှာ မြန်မာပြည်ကြီး၏ အစွန်အဖျားတွင် ပေါက်ဘွားတဲ့ လူမျိုးဖြစ်တဲ့အတိုင်း ဗုဒ္ဓသာသနာတော် ကိုဖြင့် ကြည်ညိုရင်း မရှိခဲ့ပေဘူး၊ သို့ရာတွင် သူ့တိုင်းနိုင်ငံကို အုပ်ချုပ်မည်ဆိုပါလျှင် သူ့ဘာသာအတိုင်း အုပ်ချုပ်မှ သင့်လျော်မည်ဖြစ်၍ ကျွန်ုပ်တို့ကလဲ ဆန့်ကျင်ဘက် မပြုလိုပါဘူး။ ။ကျွန်ုပ်တို့ မကျွမ်းကျင်တဲ့ အရာကို မင်းကြီး ရန်နောင်သို့ လုံးလုံးလွှဲပုံရတော့မှာပေါ့။

(ရန်နောင်) သာသနာတော်မြတ်ကိုလဲ အနှောက်အယှက်မပြု တိုင်းသူပြည်သား လူအများတို့နှင့်လဲ မဆန့်ကျင်ဘူးဆိုပါလျှင် မြန်မာပြည်ကို အုပ်ချုပ်ဘို့ ခဲယဉ်းဘွယ်မရှိပါဘူး။ ၊ နိုင်ငံနှင့် သာသနာအကျိုးကိုကြည့်ပြီး အစွမ်းရှိသမျှ ကျွန်ုပ်စောင့်ရှောက်ပါမယ်၊ ထို့အပြင် အချက်တခုရှိတာကိုလဲ ပြောပြပါရစေအုံး၊”

(စော်ဘွား) “ပြောရန်ဆိုရန်ကို ချွင်းချန်လို့မထားပါနှင့် ပြောကြားလိုသမျှ ပြောကြားပါ မင်းကြီးရန်နောင်အပေါ်မှာ အားကိုးတခုပြုထားရင်းကဘဲ အကြွင်းမရှိပြောမှပေါ့၊”

(ရန်နောင်) မြန်မာပြည်မှာ အစဉ်အလာအားဖြင့် မြို့စား, ရွာစား,မှစ၍ ရာထူးဌာနန္တရ အားလျော်စွာ မြန်မာများကို ခန့်ထားလျက်ရှိခဲ့ကြောင်းကိုလဲ စော်ဘွားကြီး အသိပင်ဖြစ်ပေလိမ့်မယ်။ ။အစဉ်သဖြင့် အုပ်ချုပ်၍လာခဲ့သောသူများမှ၊ ပိပိပြားပြား အုပ်ချုပ်နိုင်ကြပါတယ် ယခု စော်ဘွားကြီးတို့က ထီးနန်းကိုသိမ်းပိုက်၍ အသစ်တဖန်စိုးအုပ်၍လာရာ ရှေးကရှိရင်းစွဲ ဖြစ်သော မြို့စားဟောင်း,ရွာစားဟောင်း, တို့နှင့်တကွ မှူးဟောင်း၊ မတ်ဟောင်း၊ များကိုလဲ ပြောင်း၍ခန့်ထားမည်ဆိုပါလျှင် ဖရိုဖရဲ ပြိုကွဲပျက်စီး၍ နိုင်ငံကြီးကို အုပ်ချုပ်လို့ရနိုင်မည်မဟုတ်ပါ။ ။ ရှေးအစဉ်အလာ စိုးမိုးခဲ့ကြသောအတိုင်း ခန့်ထား၍ အုပ်ချုပ်စေပါမှ ပိပိပြားပြား ရှိနိုင်ပါမည်၊ မိမိတို့အမျိုးကို ပို၍ချီးမြှောက်သောစိတ်ဖြင့် ရှမ်းအမတ်များကို ပိုမိုခန့်ထားခဲ့ပါလျှင် မကြာခင် သောင်းကျန်း၍ ထီးနန်းလက်လွှတ်ဘို့အကြောင်းကိုလဲ ကောင်းစွာသတိပြုလိုစေပါတယ်။

(စော်ဘွား) မင်းကြီးရန်နောင် ပြောသောအတိုင်းပင် ယခင်ကနှလုံးသွင်းရှိပါတယ်၊မြန်မာပြည်ကို အုပ်စိုးပါလျက် မြန်မာမှူးမတ်များကို စွန့်ပယ်လျှင် အဘယ်မှာ အုပ်စိုးမှု အထမြောက်နိုင်ပါမလဲ မြန်မာဘုရင်လက်ထက်က မြို့စား, ရွာစား,များကိုလဲ မူလစားမြဲတိုင်းသော မြို့ရွာတို့ဖြင့် ချီးမြှင့်မြှောက်စားပါမယ်။

(ရန်နောင်) “အတွင်း မှူးမတ်များကိုလဲ ရှမ်းနှင့်မြန်မာ ရောနှော၍ ခန့်ထားသင့်ပါသည် နဂိုကပင် အစဉ်အတိုင်း ဆောင်ရွက်လာကြတဲ့ နှလုံးရည်အမှုထမ်း မှူးမတ်များမှသာလျှင် အုပ်ချုပ်မှုရေးရာကို လိမ္မာကျွမ်းကျင်ကြပါတယ်။ သို့ဖြစ်၍ လွှတ်ရုံး,ဗြဲတိုက်,မှစ၍ မူလအမှုထမ်းရင်းရှိကြသော မြန်မာမှူးမတ်များကိုသာ မပယ်မရှားဘဲ ခန့်ထားသင့်ပါကြောင်း။

(စော်ဘွား) “မင်းကြီးရန်နောင် အကြံပေးသော အတိုင်းပင် ကျွမ်းကျင်နားလည်ပြီးသော မြန်မာမှူးမတ်များကို ခန့်ထားပါမည်။ ကျွန်ုပ်တို့ရှမ်းအမှုထမ်းများမှာ စီမံခန့်ခွဲရေးကို မကျွမ်းမကျင်ကြသေးသဖြင့်နှလုံးရည်ဘက်မှာများစွာလိုသေးကြောင်းကို ကျွန်ုပ်ကိုယ်တိုင်သိပြီးပါ

(ရန်နောင်) ကျွန်ုပ်ပြောဆိုသမျှ စကားကို အလွယ်တကူနှင့် လိုက်နာသည့်အတွက် စော်ဘွားကြီးကိုပင် ကျေးဇူးတင်ပါသည်။ စော်ဘွားကြီးမှာလည်း ရှေးရှေးက ဘုန်းသမ္ဘာရှိသဖြင့် မြန်မာနိုင်ငံကြီးကို စိုးပိုင်ရသောအတိုင်း အမြော်အမြင်နှင့် ဆင်ခြင်ထုံ တရားများလည်း ပြည့်စုံပါပေသည်။ စော်ဘွားကြီးကဲ့သို့ အမြော်အမြင် ပြည့်စုံစွာနှင့် အုပ်ချုပ်မည်ဆိုပါလျှင် မြန်မာတနိုင်ငံလုံးကပင် ကိုယ့်အရှင်အရင်းလို ကြည်ညိုကြမှာပါဘဲ။

(ဤသို့ မင်းကြီးရန်နောင်က ခပ်မြှောက်မြှောက်ပြောကြားရာ စော်ဘွားကြီးကသဘောကျသဖြင့်) မင်းကြီးအမိန့်ရှိတဲ့ စကားအတိုင်း ဘုန်းလဲမရှိဘူးဆိုပါလျှင် မြန်မာနိုင်ငံကြီးကို အုပ်စီးစိုးပိုင်ခွင့်မရနိုင်ဘူးပေ၊ အမြော်အမြင်နှင့် ဆင်ခြင်ထုံတရားရှိတဲ့ အတွက်ကြောင့်လဲ ရှမ်းတပ်အပေါင်းကို အုပ်ချုပ်၍ လုပ်ကြံခြင်းငှါ လွန်စွာခဲယဉ်းတဲ့ အ၀မြို့တော်ကြီးကို လက်တွင်းသို့ရောက်အောက် တိုက်ခိုက်နိုင်တာပါ၊ အမြော်အမြင်မပြည့်စုံပါလျှင် ဘယ်မှာတိုက်ခိုက်လို့ရနိုင်ပါမလဲ၊ ယခုအခါ မင်းကြီးရန်နောင်၏ အကူအညီကို ခံရတာလဲ ကျွန်ုပ်၏ဘုန်းကံက ထောက်ပင့်ခြင်းကြောင့်လို့ဆိုရမှာပါဘဲ။

(မင်းကြီးရန်နောင်က ၀မ်းထဲကပြုံးပြီး) "ဘုန်းကံရှိတဲ့သူဆိုတာ ဘုန်းကံရှိတဲ့သူနှင့် တွေ့စမြဲဆိုတဲ့အတိုင်း စော်ဘွားကြီးကလဲ ဘုန်းကံရှိ။ ကျွန်ုပ်ကလဲဘုန်းကံရှိ "ဘုန်းချင်းတန်တန်ကံချင်းမျှမျှ"ဆိုသလို တွေ့ကြုံ ဆုံစည်းကြရတာဘဲ၊ ထို့ပြင်အချက်တခု သတိပေးလိုတာကတော့ တိုင်းသူပြည်သား လူအများတို့အပေါ်မှာ အခွန်ဘဏ္ဍာ ကောက်ခံခြင်းများကိုလဲ ညာနိုင်သမျှ ညာတာမှသင့်ပေလိမ့်မယ်။ ။အခွန်တော်ပုလျှင် တိုင်းနိုင်ငံဆူပူတတ်ပါတယ်၊ အခွန် ခွဲခန့်ခြင်းဆိုတာ တိုင်းနိုင်ငံ၏အဆီအနှစ်တို့ ညှစ်ထုတ်၍ ယူသော အလုပ်မျိုးဖြစ်၍ အခွန်ဘဏ္ဍာ ခွဲလွန်းအားကြီးလျှင် တိုင်းနိုင်ငံမှာ အဆီအနှစ် ကုန်ခန်း၍ ပင်ပန်းနွမ်းလျခြင်း ဖြစ်တတ်တာကလား။ ပင်ပန်းလွန်းအားကြီး၍ ဆင်းရဲမီး တောက်လောင်ပြီ ဆိုမှဖြင့် "ကိုယ်မချိက အမိသော်လဲ သားတော်ခဲ"ဆိုတဲ့ စကားအတိုင်း မင်းသော့,စိုးသော့, ထောက်ထားတဲ့ သဘောမျိုးကို မထားနိုင်ကြဘဲ တနိုင်ငံလုံးညီညွတ်၍ တော်လှန်ပုန်ကန်တတ်ပါတယ်။ ။သို့အတွက်ကြောင့် အခွန်ဘဏ္ဍာရေးဘက်မှာ ညာနိုင်သမျှညာတာဘို့ ကောင်းတာပါဘဲ။

(စော်ဘွား) မင်းကြီးကို လွဲပုံ၍ ယုံကြည်အပ်နှင်းပြီဖြစ်တဲ့အတိုင်း အုပ်ချုပ်ရေးနှင့်ထောက်စာပြီး အခွန်ဘဏ္ဍာခွဲခန့်ရေးကို မင်းကြီး သဘောကျသလို ခွဲခန့်တာပေါ့၊ ကျွန်ုပ်တို့လူမျိုးဟာ ပစ္စည်းဘဏ္ဍာအတွက် ရမက်လောဘကြီးလှေ့မရှိပါဘူး။

(ရန်နောင်) အခွန်ဘဏ္ဍာအတွက် လောဘရမက်မပိုမိုလျှင် နိုင်ငံနှင့်မင်း အချင်းချင်း ညီညွတ်ပြီးပါဘဲ။ ။"ပြည့်ရှင်ရာဇာ ဘုန်းသမ္ဘာကြီးသင့်ပါလျက် လောဘဖျက်" ဆိုတဲ့ စကားအတိုင်း ပြည့်ရှင်မင်းသည် ဘုန်းတန်ခိုးအာဏာကြီးသင့်ပါလျက် အခွန်ဘဏ္ဍာတော်အတွက် လောဘရမက်ကြီးတိုင်း အသုံးချဲ့ထွင်ကာ များစွာရရှိအောင် အမျိုးမျိုးတို့ကို ခွဲခန့်နေခဲ့ပါလျှင် တိုင်းသူပြည်သားတို့ မကြည်ညိုတဲ့အပြင် ဘုန်းသမ္ဘာများလဲ ကြီးမား မြင့်မြတ်ခြင်း မရှိနိုင်ဘူး၊ လောဘကြီးတဲ့ဘုရင်ဟာ အခွန်ဘဏ္ဍာများများရဘို့ကိုသာကြည့်လေ့ရှိကြပါတယ်၊ မိမိဘုန်းသမ္ဘာ

ကို အလေးမမူကြဘူး။ ။မိမိဘုန်းသမ္ဘာကို အလေးပြုတဲ့ဘုရင်များကတော့ အခွန်ဘဏ္ဍာဘက်ကို မကြည့်ဘဲ တိုင်းနိုင်ငံကြီးပွား၍ တိုင်းသူပြည်သားတို့၏ ချမ်းသာကြောင်းကိုသာ ကြည့်ရှုလေ့ရှိကြပါတယ်။ ။စော်ဘွားကြီးလဲ လောဘရမက်ကို အစွန်းမထွက်စေဘဲ အများနှစ်သက်အောင် အုပ်စိုးပါလျှင် ဘုန်းသမ္ဘာပွင့်လန်း၍ အသက်တမ်းရှည်ဘို့ပါဘဲ။

(စော်ဘွားကြီးက မင်းကြီးရန်နောင်၏စကားကို နှစ်သက်သဖြင့် ကျွန်ုပ်လဲလောဘကြီးတဲ့ဘုရင်ရယ်လို့ အသမုတ်ခံရမှာကို လွန်စွာရှက်လှပါတယ်။ ။တိုင်းပြည်ကိုအစိုးရတဲ့ ဘုရင်အဖြစ်သို့ တိုင်အောင်ရောက်ပေါ့ဘဲ၊ လောဘကြီးနေဘို့မဟုတ်ပါဘူး၊ လူကြည်ညို့နတ်ကြည်ညို တရားစောင့်တဲ့ မင်းပေကိုး၊ သည်လိုချီးမွမ်းခြင်းကိုသာ ခံလိုပါတယ်၊ ကျွန်ုပ် ကြည်ညိုအောင် မင်းကြီး ရန်နောင်ကသာ ကြည့်ရှုလို့အုပ်ချုပ်ပါတော့။

(ရန်နောင်) ပြောသင့်ပြောထိုက်သမျှ ပြောကြား လမ်းညွှန်ပြီးတဲ့ ကျွန်ုပ်၏စကားအတိုင်း လိုက်နာမယ်လို့ ဆိုပါလျှင် မြန်မာလူမျိုး ရှမ်းလူမျိုးများချမ်းသာ၍ သာသနာပွင့်လင်းရန်အတွက် စော်ဘွားကြီး၏အုပ်စိုးရေးတွင် ကျွန်ုပ်ပါဝင်၍ ကူညီရတော့မှာပေါ့၊ လောကကြီး၏ ကောင်းကျိုးကို ဆောင်ခြင်းဆိုတာ လွန်စွာမြင့်မြတ်တဲ့အလုပ်မျိုးပါ။

ဤသို့ပြောဆိုနေကြသည်များကိုလည်း စော်ဘွားကြီး၏သားဖြစ်သူ "သိုဟန်ဘွား" သည် မည်သို့မျှ ပြန်လှန်ပြောကြားခြင်းမပြုဘဲ မတုန်မလှုပ်နားစိုက်၍ နေလေသည်။

ထိုနောက် စော်ဘွားကြီးသည် သိုဟန်ဘွား၏ဘက်သို့လှည့်ပြီး "ကဲ-ယခု မင်းကြီး ရန်နောင်ပြောတဲ့ စကားတွေကို မောင်ကြားရဲ့ မဟုတ်လား၊ ငါတို့ကောင်းစားအောင် အကျိုးကို ရှက်ဆောင်တဲ့ မင်းကြီးဖြစ်ပေတယ်၊ မောင်လဲ သည်အတိုင်းလိုက်နာရလိမ့်မည်" ဟုပြောရာ သိုဟန်ဘွားက ခေါင်းငြိမ့်၍ "ကောင်းပါပြီ" ဟု ဆိုလေ၏။

(စော်ဘွားကြီးက မင်းကြီးရန်နောင်ဘက်သို့လှည့်ပြီး) နိုင်ငံအုပ်ချုပ်ရေးနှင့်စပ်၍ တကဲ့အချက်ကြီးများကို တင်ကြိုပြောထားတဲ့အတွက် ကျွန်ုပ်တို့သားအဘက များစွာပင် ကျေးဇူးတင်ပါတယ်။ ။ကျွန်ုပ်မှာတော့ အဝမ္ဗိုတော်မှာ ဘုရင်အဖြစ်နှင့် အုပ်စိုးလို့မနေလိုပါ၊ အသက်အရွယ်လဲ ကြီးပြီမို့ ထီးနန်းစိုးအုပ်၍ အလွန်ရှုပ်တဲ့ကိစ္စမျိုးကိုလဲ မဆောင်ရွက်လိုပါဘူး၊ ကိုယ့်ဇာတိဌာနဖြစ်တဲ့ မိုးညှင်းမြို့ကိုပြန်ပြီး အေးမြသက်သာစွာနေလိုသော ဆန္ဒရှိပါသည်။ ။သားကြီး သိုဟန်ဘွားကိုသာ အဝထီးနန်းကို လွှဲအပ်ပြီး မင်းပျိုမင်းလွင်မို့ ပျော်ပျော်ရွှင်ရွှင် အုပ်စိုးရစ်ပါစေ။ ။သို့ရာတွင် မိုးညှင်းမြို့ကနေပြီး အရေးကြီးတဲ့ စစ်မှုရေးရာကြုံလျှင် ကူညီဘို့ အသင့်တော့ ရှိနေရမှာပါဘဲ၊ မင်းကြီးရန်နောင်က သိုဟန်ဘွားကို ညီရင်းအသွင် ချစ်ခင်စွာသဘောထားပြီး အမြဲမပြတ် စောင့်ရှောက်စေချင်တဲ့ဆန္ဒပါဘဲ။

(မင်းကြီးရန်နောင်က ခေတ္တစဉ်းစားပြီး) (ဩော်-စော်ဘွားကြီးကိုယ်တိုင် အုပ်စိုးလိုတဲ့ဆန္ဒ မရှိဘဲကိုး။ ။သားကိုလွှဲ၍ အုပ်ချုပ်စေမယ်ဆိုလျှင်လဲ ကျွန်ုပ်တို့က သဘောမကျဘူးရယ်လို့ မဆိုလိုပါ၊ ကျွန်ုပ်ညွှန်ပြတဲ့ အချက်များကို လိုက်နာလျှင် စော်ဘွားကြီးထံမှာ ဝန်ခံပြီး ရှိတဲ့

အတိုင်း ကြည့်၍ စောင့်ရှောက်ရတာပေါ့၊ ညီအရင်းကဲ့သို့ သဘောထားရမယ် ဆိုတဲ့မှာလဲ ခဲယဉ်းတဲ့အချက် မဟုတ်ပါ။

(စော်ဘွားကြီးက သားဘက်သို့လှည့်ပြီး) ကဲ-မင်းကြီးရန်နောင်ပြောတဲ့စကားကို ကြားရဲ့မဟုတ်လား၊ သူ့ညွှန်ကြားသမျှကို မောင်က တလုံးတဝတဲလိုက်နာရလိမ့်မယ်၊ မင်းကြီးရန်နောင်ကိုလဲ နောင်တော်ကြီးအရင်းလိုမှတ်ပြီး လေးလေးမြတ်မြတ် ဆက်ဆံရလိမ့်မနော်။

(သိုဟန့်ဘွား) ဘခင်၏ အမိန့်စကားကို သွေလှန်မည့် သားမဟုတ်ပါ၊ ကောင်းရာကို အကျိုးအကြောင်းနှင့်တကွ ညွှန်ပြသောစကားများကို ကျွန်တော်နားလည်ပါသည်၊ မင်းကြီးရန်နောင်၏ အပေါ်မှာ နောင်တော်ရင်းအသွင် အမှတ်ထင်ပြီး လေးမြတ်စွာ ဆက်ဆံပါမယ်၊ အခေါ်အဝေါ်မှာလဲ "နောင်တော်"ရယ်လို့ပင် ခေါ်ပါမည်ဘုရား။

(မင်းကြီးရန်နောင်က စော်ဘွားကြီးဘက်သို့လှည့်ပြီး) ညီမောင်က သည်ကဲ့သို့ ဝင်ခံသည့်အတွက် နှစ်သက်ဝမ်းမြောက်ပါသည်၊ သို့ရာတွင် မင်းပျို့မင်းလွင်ဖြစ်တဲ့အတိုင်း ငတ်စိတ်ငယ်သွေးနှင့် မင်းမာန်တက်၍ အနှောက်အရှက် ဖြစ်အောင် ကျင့်ကြံမည်ကိုသာ စိုးရိမ်မိပါသည်၊ စော်ဘွားကြီးကလဲ ဆုံးမသွန်သင်၍ ထားခဲ့စေလိုပါကြောင်းပါ။

(စော်ဘွား) မင်းကြီးစိုးရိမ်တဲ့ အချက်လဲ အမှန်ပင်ဖြစ်ပေတယ်၊ ငယ်ရွယ်သူ ဆိုတာ ထင်မိထင်ရာ ပြုကျင့်တတ်တာမျိုးဘဲ၊ ဆုံးမဘို့ အရေးမှာတော့ ကျွန်ုပ်တာဝန်ရှိပါစေ၊ အဝမ္မိုတော်နှင့် မိုးညှင်းမြို့ဆိုတာလဲ များစွာဝေးလှသည်မဟုတ်၍ သတင်းများကိုလဲ မပြတ်မပြတ် ကြားသိနေရမှာပါဘဲ။ ။သိုဟန်ဘွားက မှောက်မှောက်မှားမှား ကျင့်ကြံ ပြုလုပ်တယ်လို့ ဆိုလျှင် ကျွန်ုပ်ကိုတ်တိုင်ကပင် ခံနိုင်မယ် မဟုတ်ပါဘူး၊ (ဤသို့ ပြောဆိုပြီးလျှင် မင်းကြီး ရန်နောင်ကို ချီးမြှောက်လိုသောကြောင့် ကဲ-ကဲ-တိုင်းရေးပြည်ရေးနှင့် စပ်၍ အရပ်ရပ် တိုင်ပင်ခြင်း ကိစ္စပြင့်ပြီးကြပေါ့၊ မင်းကြီးရန်နောင်ကို ချီးမြှင့်ရန် ဝတ်တရားတခု ရှိပါသေးတယ်၊ မြန်မာပြည်တွင် ဘယ်မြို့ကိုစားလိုပါသလဲ၊ အလိုရှိတဲ့မြို့ကို ပေးလိုတဲ့ဆန္ဒရှိပါတတ်။

(မင်းကြီးရန်နောင်ကရယ်၍) ယခုစော်ဘွားကြီးနှင့်ပူးပေါင်းဆက်ဆံခြင်းမှာ တစုံတရာကို လိုလားသည်ဟု မထင်မှတ်ပါနှင့်၊ သူတပါးတို့ ချီးမြှင့်သော ချမ်းသာမျိုးကိုလဲ ခိုကိုး စားသောက်လိုတဲ့ ဆန္ဒမရှိပါ၊ အများ ကောင်းစားဘို့အတွက် ကျွန်ုပ်ပင်ဝင်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်၊ ရာထူးစည်းစိမ့်ဂုဏ်အိမ်ကျက်သရေ့မျိုးကို။ နှစ်နှစ်သက်သက်နှင့် ငဲ့ကွက်မျှော်ခေါ်တဲ့ စိတ်မျိုးမရှိပါဘူး၊ သာကီနွယ် အဆက်မှ ဆင်းသက်၍ လာသော မဟာမျိုး စစ်ပါလျှင် စိတ်နေစိတ်ထား သေးသိမ်၊ စည်းစိမ်မက်မောစွာနှင့် သူတပါးတို့လက်အောက်၊ ခိုဝင်မှီကပ်လေ့မရှိကြောင်းများကိုလဲ အမှတ်အသား ပြုစေလိုပါတယ်၊ ခြသေ့်မင်းတို့သဘောမှာ ဘယ်ကဲ့သို့ပင် ငတ်မွတ်၍ နေစေကာမူ၊ သူတပါးတို့၏ စားလုံ့စားပေါက်ကို ကောက်လေ့မရှိပါ"

(မင်းကြီးရန်နောင်၏ စကားကို စော်ဘွားကြီးကြားရာ၊ လွန်စွာ သဘောထားကြီးရင့်တဲ့ သူပေဘဲဟု စိတ်ထဲကချီးမွမ်းပြီး) "သည်ကဲ့သို့ သဘောထားကြောင်းကိုလဲ ကျွန်ုပ် ရိပ်မိရင်းရှိပါသည်၊ သို့ရာတွင် ကျွန်ုပ်နှင့်ဆိုင်တဲ့ဝတ်တရားကို ကျွန်ုပ်ဆောင်ရွက်ပါရစေ၊မေတ္တာနှင့် ကမ်း

လှမ်းတဲ့ ပစ္စည်းဝတ္ထုများကိုလဲ ရှောင်လွှဲငြင်းပယ်၍ မနေစကောင်းပါဘူး ပြင်စည်မြို့ဆိုသည်မှာ ရှေးအခါက လွန်စွာထင်ရှားကျော်စောဘူးတဲ့ "သတိုးမင်းခေါင်" စားတဲ့မြို့ ဖြစ်သည်ဟု ကြားဘူးပါသည်၊ ပြင်စည်မြို့ကိုပင် လက်ခံပါ'

ဤကဲ့သို့ တောင်းပန်ပြောဆိုပြီးလျှင် မင်းကြီးရန်နောင်အား ပြင်စည်မြို့ကို ပေးလေ၏၊ မင်းကြီးရန်နောင်လည်း မည်ကဲ့သို့မျှမပြောဆိုဘဲ ဆိတ်ဆိတ်နေ၍ လက်ခံ လိုက်ရလေသည်။

(မှတ်ချက်။ ထိုခေတ်အခါ ပြင်စည်မြို့သည် လွန်စွာစည်ကား၍ ကျေးလက်များလည်း ဝပြောသည်၊ ဘုရင်မင်းခေါင် လက်ထက်ကစ၍ ထွန်းကားသော မြို့ဖြစ်သည်၊ ဘုရင်မြတ်နိုးတော်မူသော မင်းသားတို့ စားသောမြို့လည်း ဖြစ်ပေသည်၊)

ဤကဲ့သို့ တိုင်ပင်ပြီးလျှင် မင်းကြီးရန်နောင်လည်း မိမိကိုင်မြဲဖြစ်သော ကျောက်စီဓါးကို ကိုင်ကာ နန်းတော်မှ ထွက်သွားခဲ့လေ၏။

## သီဟန်ဘွားကို နန်းအပ်ခြင်း

မိုးညှင်းစော်ဘွားကြီးသည် မင်းကြီးရန်နောင် လမ်းညွှန်သောအတိုင်း မသွေမစောင်း ကောင်းစွာ လိုက်နာစေရန် သားသီဟန်ဘွားကို ဆုံးမပြီးလျှင် ခုနစ်ရက်လောက် ကြာပြီးသောအခါ မိုးညှင်းသို့ ပြန်လေ၏။

ထိုသို့ ပြန်လေသောအခါ မြန်မာများကို စိတ်မချသည်နှင့် အလိုရှိက အလွယ်တကူ ရရှိစေရန် ဘခင် စော်ဘွားကြီးက တိုက်ဆင် (၂၀၀)၊ စစ်မြင်း (၄၀၀၀)၊ ရှမ်းစစ်သည်ပေါင်း (၄၀၀၀၀) ပေးထားခဲ့လေသည်။

အဝမြို့တော်တွင် ရှမ်းသီဟန်ဘွား ဘုရင်ဖြစ်လေသော သက္ကရာဇ်မှာ(ဂဂဂ)ခုနှစ် နှစ်ဦးဆန်းစတွင် ဖြစ်သည်။

ထိုသက္ကရာဇ်မှာ မင်းပြောင်းမင်းလဲ ကြုံတွေ့ရသည်မှာ ပြည်ဘုရင် 'သတိုးမင်းစော' လည်း အနိစ္စရောက်၍ သားတော် 'ဘုရင်ထွေး' မင်းဖြစ်သည်။ ဟံသာဝတီမှာလည်း 'ဗညားရံ' မင်း အနိစ္စရောက်၍ သားတော် 'သူ့ရှင်တကာရွတ်ပိ' နန်းတက်သည်။ ထိုမင်းများသည် မင်းပျိုမင်းလွင်များဖြစ်ကြသည်။

သီဟန်ဘွားသည် ဘုရင်အဖြစ်သို့ရောက်သောအခါ ဘခင်စော်ဘွားကြီး မှာထားဆုံးမခဲ့သောအတိုင်း မင်းကြီးရန်နောင်၏စကားကို ရှေးဦးပထမတွင် မသွေမလှန် လိုက်နာလေသည်။

မင်းကြီးရန်နောင်ကိုယ်တိုင် မြို့စား၊ ရွာစား ပေးအပ်၍ ချီးမြှောက်ခြင်း များကိုလည်း ဆောင်ရွက်လေသည်။ မူလစားမြဲဖြစ်သော မြို့စားတို့ကိုလည်း မနှိမ့်မချဘဲ ကိုယ့်မြို့ကိုယ် စားမြဲ စားစေသည်။

စလင်းမြို့မှာ မြို့စားလစ်လပ်သည်နှင့် မင်းကြီးရန်နောင်သည် ဘယ်သူ့ကို ပေးသင့်သလဲ ဟု စဉ်းစားဆင်ခြင်ရာ၊ ပုဂံမြို့စား "သတိုး"၏ ညီဖြစ်သူ "စည်သူကျော်ထင်" သည် ရာဇရုပ်ပါ၍ လက္ခဏာကြန်အင် မြင့်မြတ်သည်။ သူရသတ္တိဂုဏ်နှင့်လည်း ပြည့်စုံသည်။ ဖြောင့်မတ်တည်ကြည်ခြင်းလည်းရှိသည်။ နောင် ကြီးပွားရန် နိမိတ်လက္ခဏာရှိသည်ဟူ၍ဆင်ခြင်မိသောကြောင့် စည်သူကျော်ထင်အား စလင်းမြို့ကို ပေးလေ၏။ ထိုအခါကစ၍ စလင်း စည်သူကျော်ထင်ဟူ၍ ကျော်စောလေသည်။

(မှတ်ချက်။ စလင်းစည်သူကျော်ထင်သည် နောင်အခါ တပင်ရွှေထီး၏ ကျွန်တော်ရင်းဖြစ်သော ပဲခူးစည်သူကျော်ထင်နှင့် တိုက်ခိုက်သူဖြစ်သည်၊ ရာဇဝင်တွင် စလင်းစည်သူကျော်ထင်နှင့် ပဲခူးစည်သူကျော်ထင်တို့သည် ဘွဲ့မည်တူစွာနှင့် ထင်ရှား ကျော်စောသောသူများ ဖြစ်ကြလေသည်။ စလင်းစည်သူကျော်ထင်သည် နောင်အခါ စစ်ကိုင်းမြို့တွင် ဘုရင်ဖြစ်၍ "စစ်ကိုင်းစည်သူကျော်ထင်" ဟူ၍ ထင်ရှားပြန်သည်။ ထိုနောက် တဘန် အဝမြို့တော်တွင် ဘုရင်ဖြစ်၍ "နရပတိစည်သူ" ဟူသောဘွဲ့ကို ခံယူလေသည်၊ ထူးဆန်းသော ပုဂ္ဂိုလ်တဦးပေတည်း။)

သိုဟန်ဘွားလက်ထက် ထင်ရှားကျော်စောသော မြန်မာမှူးမတ်များမှာ (၁) ပုဂံမြို့စား သတိုး၊ (၂) စလင်းစည်သူကျော်ထင်၊ (၃) ကန်နီမြို့စားနော်ရထာ၊ (၄) အမြင့်မြို့စား သက်တော်ရှည်၊ (၅) ပေါင်းတည်မြို့စား-ပုံချို၊ သည်ငါးယောက် ဖြစ်ကြသည်။

မင်းကြီးရန်နောင်သည်ကား မှူးမတ် အစားမျိုးထဲက မဟုတ်ချေ၊ ဘုရင့်နောင်တော်အဖြစ်ဖြင့် အချီးအမြှင့်ခံရသော မင်းသားဖြစ်ပေသည်။

မင်းကြီးရန်နောင်သည် တိုင်းနိုင်ငံကို စီရင်အုပ်ချုပ်ရန် လက်ကိုင်ရရှိထားသော အတိုင်းအတွင်းမှူးမတ်များနှင့် အဝေးမြို့စား၊ အဝေးဝန်များကိုလည်း မိမိကိုယ်တိုင် စီစဉ်ခန့်ထားလေသည်။ ရှမ်းများကိုလည်း သဘော နှစ်ချိုက်လေအောင် အချို့ကို မြို့စားရွာစား၊ အချို့ကို အတွင်းမှူးမတ်များအဖြစ်ဖြင့် ခန့်ထားလေသည်။ ထိုသို့ရှမ်းနှင့်မြန်မာကို မသာစေရ၊ မနာစေရ ခန့်ထားသောကြောင့် ရှမ်းများကလည်း မင်းကြီးရန်နောင်ကို ကြည်ညိုကြလေ၏။ စစ်ဘက်ဆိုင်ရာကိုမူကား မိုးညှင်းစော်ဘွားကြီးက လက်ကိုင်ပြု၍ ခန့်ထားလေသည်။

(မှတ်ချက်။ သိုဟန်ဘွားလက်ထက်က အုပ်စိုးပုံမှာ ရှမ်းနှင့်မြန်မာ ပူးပေါင်း၍အုပ်ချုပ်သောကြောင့် ယခုမျက်မှောက်ခေတ်မှာ မြန်မာပြည်တွင် အုပ်စိုးလျက်ရှိသော "ဒိုင်ယာခီ" အုပ်စိုးပုံမျိုးနှင့် အလွန်တူလှပေသည်၊ ဤအချက်ကို ထောက်သောအားဖြင့် ဒိုင်ယာခီအုပ်စိုးပုံ သဘောသည်၊ ယခုမှသာဖြစ်ပေါ်လာသော အဆန်းအုပ်စိုးနည်းမဟုတ် ရှေးအခါကလည်း ထိုနည်းအတိုင်း အုပ်စိုးခဲ့ဘူးပြီဟူ၍ ရာဇဝင်ပညာဖြင့် ကောင်းစွာသိနိုင်ကြပေသည်။ ယခုခေတ်အခါ ဒိုင်ယာခီ အုပ်စိုးနည်းဖြင့်တိုင်းသားပြည်သူတို့ ဆူပူကြသောအတိုင်း ရှေးကလည်းထိုအုပ်စိုးနည်းဖြင့်ဆူပူခဲ့ဘူးကြပြီး သိုဟန်ဘွားလက်ထက်အခါ ဒိုင်ယာခီ အုပ်စိုးနည်းဖြင့် အုပ်စိုးသည့်ခေတ်တွင် ယခုလောက်မျှမက အကြီးအကျယ်ဆူပူကြောင်းကို မြန်မာရာဇဝင်ကို အဆင်ခြင်ဉာဏ်ဖြင့် ကြည့်ရှုပါလျှင် လွန်စွာ ထင်ရှားပေလတ္တံ့။)

---

# အခန်း(၁၅)

## ရှစ်လုံးတွဲ မြန်မာကဗျာ

တောက်ချင်ရဲရဲ-မီးခဲသွင်ပုံ၊
ဘုန်းရှိန်မြူးကွန့်-ဖူးညွန့်အစုံ၊
သမ္ဘာမြင့်လို့-ရာဇင့်ကြေးမုံ၊
ဇာနည်သွေး-ဒွန်ဒွေးရှက်လို့ဆုံ၊

"တောက်ချင်သော မီးခဲ အရှိန်နှင့်ရဲရဲ"ဆိုသော စကားပုံကဲ့သို့၊ ဘုန်းသမ္ဘာနှင့် ထေဇာ လက်ရုံးတည်းဟူသော ဂုဏ်ဖြင့် ပြည့်စုံလျက်ရှိသော မင်းတို့၏ ကြေးမုံသဘွယ်ဖြစ်သည်။အာဇာနည် ပုဂ္ဂိုလ်ကလေးနှစ်ဦးသည် အထူးချစ်ခင်သော မေတ္တာဖြင့် ပေါင်းသင်းဆက်ဆံကာ အတူတကွ ကြီးပွား၍ လာခဲ့ကြလေသည်။

ထိုအာဇာနည် ပုဂ္ဂိုလ်ကလေး နှစ်ဦးဆိုသည်ကား အခြားသူ မဟုတ်ချေ၊ ဤဝတ္ထုတော်ကြီးတွင် ပြဆိုရင်း လတ်စရှိသော မင်းကျီးညို၏သားတော်"တပင်ရွှေထီး"နှင့် အထိန်းတော် မင်းကြီးဆွေ၏ သားဖြစ်သူ "သျှင်ရဲထွတ်"တို့ပင် ဖြစ်ကြလေသည်။

တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့ ငယ်ရွယ်စဉ်အခိုက်တွင် အဝမြို့တော်ကြီး၌ ဖြစ်ပျက်လျက်ရှိသော တိုင်းရေး,ပြည်မှုများကို တိုက်ဆိုင်သည်အားလျော်စွာ ထည့်သွင်း ရေးသားခဲ့သဖြင့် တပင်ရွှေထီး၏ ဇာတ်လမ်းများမှာ ခပ်ဝေးဝေးပြတ်သွားခဲ့ရာ၊ ဤအခန်းကစ၍ ဤဝတ္ထုတော်ကြီး၌ ဇာတ်လိုက်ဖြစ်သော တပင်ရွှေထီး၏ ဇာတ်လမ်းများသည် အဆန်းတကြယ် ဆက်သွယ်ပါရှိတော့မည် ဖြစ်ပေသတည်း။

တပင်ရွှေထီးသည် သက္ကရာဇ်(၇၇၈)ခုနှစ်တွင် ဘွားမြင်တော်မူခဲ့ရာ၊ အဝမြို့တော်တွင် ရှမ်းဘုရင် သိုဟန်ဘွားစိုးအုပ်သော သက္ကရာဇ်(၈၈၈)ခုနှစ်သို့ ရောက်သောအခါ တပင်ရွှေထီး၏ သက်တော်မှာ(၁၀)ဆယ်နှစ်မျှသာ ရှိလေသည်၊သျှင်ရဲထွတ်သည်ကား တပင်ရွှေထီးထက် တနှစ်ကြီးသောကြောင့် ထိုအခါသျှင်ရဲထွတ်သည်(၁၁)ဆယ့်တနှစ်အရွယ်သို့ရောက်လေသည်။ထိုအာဇာနည် ကလေး နှစ်ဦးတို့သည် ငယ်ရွယ်စဉ်ကပင် မကွေမကွဲအမြဲပေါင်း သင်း၍ ကြီးပွါးလာခဲ့ကြရာ၊ ခွဲခွါ၍ မနေနိုင်အောင်ပင် အလွန်အလွန် ချစ်ခင်ကြပေသည်။

သျှင်ရဲထွတ်က တပင်ရွှေထီးကို "ညီညီ"ဟု ခေါ်သည်၊ တပင်ရွှေထီးက သျှင်ရဲထွတ်ကို 'နောင်ထွတ်"ဟူ၍ ခေါ်သည်၊ သျှင်ရဲထွတ်၏ မိခင်ဖြစ်သူ "သျှင်မျိုးမြတ်"၏ ရင်ခွင်ထက်မှာ နို့စို့ဘက်အနေအားဖြင့် အတူကြီးပွါးဘက်, အတူကစားဘက် ဖြစ်လာခဲ့သည် အားလျော်စွာ တဦးနှင့်တဦးအပေါ်မှာ အနွံအတာခံလျက် အနာမယူစတမ်း အသာမယူကြစတမ်း ဆိုသော သဘောမျိုးနှင့် ပြည့်စုံကြလေသည်၊ တပင်ရွှေထီးကလည်း ငါသည် ထီးနန်းခရိုင်ကို စိုးပိုင်အုပ်ချုပ်သော ဘုရင်မင်းမြတ်၏ သားတော်ဖြစ်သည်ဟူသော ဇာတိမာန်ဖြင့် သျှင်ရဲထွတ် အပေါ်မှာ တစုံတရာ တက်ကြွသော အမူအရာမျိုး မရှိချေ။ သျှင်ရဲထွတ်၏ မိခင်ကိုပင် မယ်တော်ရင်းထင်လျက် ရှိသောကြောင့် မိမိကိုယ်တိုင်ကပင် မင်းသားဟူသော အထင်အမြင်များကို သတိမရသကဲ့သို့ ရှိလေ၏။

သျှင်ရဲထွတ်ကလည်း မိခင်တဦးတည်းမှ မွေး၍ လာသော ညီကလေးအစစ်ဟု ထင်မြင်ပြီးလျှင် တပင်ရွှေထီးအပေါ်မှာ ငါ့ထက်မြင့်မြတ်သော မင်းသားကလေးဖြစ်ပေသည် ဟူသော သဘောမျိုးကိုပင် သတိမရသကဲ့သို့ ရှိလေသည်။

ဤတပင်ရွှေထီး ဝတ္ထုတော်ကြီးတွင် ပါဝင်မည်ဖြစ်သော သမီးကညာကလေး နှစ်ဦးကို ဖော်ပါဦးမည်။

သျှင်ရဲထွတ် အသက်သုံးနှစ်ခန့် ရှိသောအခါ မိခင်ဖြစ်သူ သျှင်မျိုးမြတ်မှာ သမီးကလေး တယောက် ဘွားမြင်ပြန်သည်၊ အမည်ကို "ခင်ဘုန်းစိုး"ဟု မှည့်၍ ထား၏၊ ခင်ဘုန်းစိုးသည် သျှင်ရဲထွတ်၏ နှမအရင်းဖြစ်၍ တပင်ရွှေထီးအောက် တနှစ်ကျော် နှစ်နှစ်ခန့်မျှငယ်သည်။

ခင်ဘုန်းစိုး ဘွားမြင်သောနှစ်မှာပင် အထိန်းတော် သျှင်နီတာမှာ သမီးကလေးတယောက် ထွန်းကားလာ၏။ ထိုသမီးကလေး၏ အမည်မှာ "ခင်မင်းမြတ်" ဖြစ်ပေသည်၊ ခင်ဘုန်းစိုးနှင့်ခင်မင်းမြတ်သည် နောင်အခါ တပင်ရွှေထီး၏ မိဖုယားများ ဖြစ်လာကြလိမ့်မည်။

ထို့ပြင် တပင်ရွှေထီး၏ မယ်တော် မင်းကြီးညို၏ မိဖုယားများအနက် မိုးဗြဲစော်ဘွားကြီးသမီး "ခင်နွယ်"မှ သမီးတော်တပါး ဘွားမြင်ရာ၊ အမည်ကို "သခင်ကြီး"ဟု သမုတ်တော်မူသည်။ ထိုသခင်ကြီးသည် တပင်ရွှေထီးထက် တနှစ်ကြီး၍ သျှင်ရဲထွတ်နှင့် သက်တူရွယ်မျှပင် ဖြစ်လေသည်၊ သျှင်ရဲထွတ်သည် "ဟံသာဝတီဆင်ဖြူရှင်"ဟူသော ဘွဲ့မည်တော်နှင့် ဘုရင်ကေရာဇ်အဖြစ်သို့ ရောက်သောအခါ ထိုသမီးတော် သခင်ကြီးသည် ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး၏ မိဖုယားခေါင်ကြီး ဖြစ်ပေလတ္တံ့။

ဤ တပင်ရွှေထီး ဝတ္ထုတော်ကြီး၌ (၁)ခင်ဘုန်းစိုး၊ (၂)ခင်မင်းမြတ်၊ (၃)သခင်ကြီးတို့၏ ဇာတ်လမ်းများလည်း ပါရှိပါလိမ့်မည်၊ စကား အသုံးအနှုန်း လွယ်စေရန် (၁) ခင်ဘုန်းစိုးကို "ခင်ဘုန်း" (၂)ခင်မင်းမြတ်ကို "ခင်မြတ်"ဟူ၍ ဤဝတ္ထုတော်ကြီးတွင် အသုံးပြုရ ပါလိမ့်မည်။

တနေ့သောအခါ တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့သည် လေးကျွန်းကန်တော် အလယ်တွင် ရှိသောဥယျာဉ်တော်သို့ အပျော်အပါးကစားမြူးတူးရန် ထွက်ကြလေရာတဦးနှင့်တဦးလက်တွဲကာ လမ်းလျှောက်ရင်း အချင်းချင်းချစ်ခင်စွာ ပြောဆိုနေကြသည်မှာ

(တပင်ရွှေထီးက နန်းတော်ပြာသာဒ်ကိုလက်ညှိုးညွှန်ပြီး) နောင်ထွတ် ဟိုမှာကြည့်စမ်း ခမည်းတော်စံပျော်တဲ့ ရွှေနန်းတော်ကြီး ဟောနားထောင်စမ်း လေတိုက်ခပ်လို့ ပြာသာဒ်ထီးတော်မှာဆွဲတဲ့ ဆွဲလဲသံကလေးတွေ ကလင်, ကလင်, နှင့်ကြားရတယ် ခမည်းတော်ဘုရားတည်ထောင်တော်မူတဲ့ ကေတုမတီမြို့တော်ကြီးဟာ လွန်စွာပျော်ဘို့ကောင်းတယ်နော်။

(သျှင်ရဲထွတ်) ရွှေဘုန်းတော်ဖန်လို့ အရံသင့်ဖြစ်ပေါ်လာတဲ့ မြို့ပြထီးနန်းကြီးဘဲပျော်ဘို့မကောင်းဘဲနေပမလား ဘုန်းတော်ရိပ်ကိုခိုလှုံရတာလဲ အလွန်ချမ်းသာသပေါ့။

(ရွှေထီး) ကေတုမတီထီးနန်းကို ဆက်ခံစိုးအုပ်ရတဲ့ လူများဟာအလွန်တရာဘုန်းကြီးမှာဘဲနော်

(ရဲထွတ်) ညီညီ့အပြင် ဘယ်သူဆက်ခံဘို့ ရှိအုန်းမှာလဲ။

(တပင်ရွှေထီးက ခေးစိုက်၍ စဉ်းစားပြီး) ဩော်-ဟုတ်တယ်ဟုတ်တယ်သေသေချာချာ စဉ်းစားလိုက်တော့ သည်ကညီညီဟာ ရှင်ဘုရင်လုပ်ရ အုံးမှာပါကလား ရှင်ဘုရင်ဆိုတာလဲလူပါဘဲကလား။

(သျှင်ရဲထွတ်ကပြုံးပြီး) အို-ယခုမှစဉ်းစားမိသလား ရှင်ဘုရင်ဆိုတာ နတ်သိကြားထင်နေမှတ်တယ် တကယ်ဆိုတော့သူများလိုလူမျိုးပေါ့။

(ရွှေထီး) လူစင်စစ်က ဘာကြောင့် ရှင်ဘုရင်ဖြစ် သွားရသလဲ ရှင်ဘုရင်ဖြစ်တဲ့အခါ တိုင်းသူပြည်သား လူများအပေါင်းက ကြောက်လန့်ရိုသေ ကြရတယ်နော်။

(ရဲထွတ်) ရှင်ဘုရင်ဖြစ်ဘို့ရန် ရှေးဘုန်း,ရှေးကံ,ပါလာလို့,ရှင်ဘုရင်ဖြစ်တာပေါ့ညီညီရယ်

(ရွှေထီး) ရှေးဘုန်းကံသက်သက် ဟုတ်မယ်မထင်ပါဘူး ရှင်ဘုရင် သားဖြစ်လာလို့အမွေဆက်ခံပြီး ရှင်ဘုရင်ဖြစ်တာထင်ပါရဲ့။

(ရဲထွတ်) ရှေးဘုန်းရှေးကံရှိလျှင်ရှင်ဘုရင်ရဲ့သားတော်မဟုတ်ပေတယ်လို့ ရှင်ဘုရင်ဖြစ်နိုင်ပါတယ် နောင်ထွတ်ကြားဘူးတဲ့ ရာဇဝင်များမှာ ဘုရင့်သားမဟုတ်ပေတယ်လို့ ရှင်ဘုရင်ဖြစ်တဲ့လူတွေဟာအများကြီးပါဘဲ။

(ရွှေထီး) သည်လိုဖြင့်နောင်ထွတ်လဲ ရှင်ဘုရင်ဖြစ်ချင် ဖြစ်မှာပေါ့နော်။

(ရဲထွတ်) လှံထမ်းလို့လာတာကိုသာမြင်ရတယ် ကံထမ်းလို့လာတာကို မမြင်ရဘူးတဲ့ညီညီရဲ့ သည်ကနောင်ထွတ်ပေတယ်လို့ ဘုန်းကံရှိလျှင် ရှင်ဘုရင် ဖြစ်နိုင်တာပေါ့ "ယောကျ်ားတို့ဘုန်းအဆုံးမရှိ" ဆိုတဲ့စကားကို ညီညီမကြားဘူးဘူးလား ယောကျ်ားဆိုတာ ရှင်ဘုရင်လဲဖြစ်နိုင်တယ် ပါရမီပြည့်စုံလျှင် ဘုရားတောင်ဖြစ် နိုင်ပါသေးတယ်။

(ရွှေထီး) ဩော်-ယောကျ်ားဘဝဟာ လွန်စွာအဘိုးတန်ပါကလား နို့နေစမ်းပါအုံး ညီညီ၏ရှင်ဘုရင်ဖြစ်တဲ့အခါ နောင်ထွတ်က ဘယ်လိုရာထူးနှင့်နေချင်သလဲ။

(ရဲထွတ်) အထူးပြောစရာဘာရှိသလဲ ဘုရင့်နောင်တော်ကြီးပေါ့။

(ရွှေထီး) ဘုရင့်နောင်တော်ကြီးက ထီးနန်းကိုလုချင်တဲ့ စိတ်မျိုးနှင့် ညီညီ့ကိုမတိုက်နှင့်နော် တကယ်လို့များဘုရင် လုပ်ချင်လျှင်ထီးနန်းပေါ်ကဆင်းပြီးနောင်ထွတ်ကိုအပ်နှင်းပါမယ်။

(သျှင်ရဲထွတ်ကမျက်စောင်းထိုးပြီး ; အို-ညီညီကလဲ ရှင်ဘုရင်မဖြစ်ခင်က ရန်စကားတွေ ပြောနေသကိုး ညီညီ့အပေါ်မှာသစ္စာဂတိ ခိုင်ခိုင်ကြီးရှိကြောင်းကို မယုံကြည်လို့လား ရှင်ဘုရင်ဖြစ်တဲ့အခါဘယ်လိုများ စိတ်ပြောင်းသွားမယ်လို့ မဆိုနိုင်တော့ဘူး။

(အနည်းငယ်စိတ်ဆိုးသွားသည် ထင်သောကြောင့် တပင်ရွှေထီးက ချော့မော့သောအမူအရာဖြင့် သျှင်ရဲထွတ်၏ လည်ပင်းကိုဖက်ပြီး) ညီညီ့အပေါ်မှာ အရေးမယူပါနှင့် နောင်ထွတ်ကယ် ချစ်တဲ့ဇော်နှင့် အပြောမှားသွားပါတယ် ဘယ်တော့မှ ညီညီကသဘောမပြောင်းပါဘူး မှားလျှင်သီးခံပါနော် နောင်ထွတ်သွန်သင်မှ လိမ္မာရမဲ့ညီညီပါ။

(ရဲထွတ်) အချစ်ဆုံးက ရန်စကားလေးစတော့ မျက်မာန်ရှ သွားတာပေါ့ညီညီရဲ့ နောင်ထွတ်ကဲ့ဘုန်းကံကိုလဲ မသန်ဘူးလို့မထင်ပါနဲ့ ရှင်ဘုရင်ဖြစ်ဘို့ဆိုတာ ခဲယဉ်းတယ်လို့မထင်ပါဘူး မခက်ခဲဘူးထင်တဲ့ ဘုရင်အလုပ်ကို အချစ်ဆုံးညီညီ့လက်ထဲက လုယူရမှာလားအချစ်ဆိုတာက ရှင်ဘုရင်အလုပ်မျိုးထက် အဘိုးတန်ပါသေးတယ် ယခုအချိန်ကစပြီး ညီညီ့ကိုသတိပေးလိုက်ပရစေ နောင်ထွတ်ကိုအထိန်းတော်ရဲ့ သားရယ်လို့ အောက်တန်းစားထဲကများမထားလိုက်ပါနှင့် (မျက်နှာတမျိုးပြောင်းကာ ပြုံးရယ်ပြီး) နာမည်က“ရဲထွတ်”တဲ့ညီညီရဲ့ လောကတခွင်ကိုအထွတ်တင်မဲ့လူပါ ညီညီအမည်ကတော့ရွှေထီး ရွှေထီးဆိုတာအထွတ်ပါစမြဲပါ သည်ကနောင်တော်ကို ရွှေထီးပေါ်တွင်အထွတ် တင်နိုင်တဲ့ လူရယ်လို့သာအမြဲ မှတ်လိုက်ပါတော့။

(ရွှေထီး) နောင်ထွတ်စကားဟာ မှန်ပါပေတယ် “အထွတ်”ဆိုတာ အရာရာမှာခေါင်ဆုံးကနေရတာချည့်ပါဘဲ နောင်ထွတ်ပြောတဲ့အတိုင်း ရှင်ဘုရင်များဖြစ်မယ်လို့ဆိုလျှင် အမင်းမင်းတို့အပေါ်တွင် အထွတ်တင်နိုင်တဲ့ ဘုရင်ကေရာဇ်ကြီး ဖြစ်မှာပေါ့နော်။

(ရဲထွတ်) အဲ-မှန်တယ်မှန်တယ် နောင်ထွတ်ဟာလေ ကိုယ့်ဘုန်းကိုယ့်ကံနှင့် ကိုယ့်အချိန်တန်လို့ ဘုရင်ဖြစ်ခဲ့ပါလျှင် ဘုရင်တကာတို့အပေါ်တွင် အထွတ်တင်ပြီး အုပ်စိုးမှာအမှန်ဘဲ အမြဲမှတ်ထားတော့ညီညီ မပြီမသဘုရင်ကလေးမျိုးတော့ လုပ်မှာမဟုတ်ဘူး။

ဤသို့ညီနောင်နှစ်ပါးစိမ်းလန်းသောမြက်ပေါ်တွင် လက်တွဲကာ လမ်းရှောက်ရင်းစကားပြောနေကြစဉ်အခါ သျှင်ရဲထွတ်၏ နှမဖြစ်သူ ခင်ဘုန်းသည် အရွယ်တူသို့မ်းကညာကလေးတစုနှင့် ရထားစီး၍လာပြီးလျှင် လေးကျွန်းကန်တော်၏ အလယ်ကျွန်းသို့ရောက်လာလေ၏ တပင်ရွှေထီးက ခင်ဘုန်းကိုမြင်လျှင်မြင်ခြင်း “ဟောခင်ဘုန်းတို့ ရောက်လာကြတယ်နောင်ထွတ်ကဲ့”ဟုပြောဆိုပြီး ခင်ဘုန်းဆီသို့ ခပ်မြန်မြန်လှမ်းသွားလျက် ခင်ဘုန်း၏လက်ကိုဆွဲကာ “ကန်တော်အလယ်ကျွန်းမှာတွေ့ရတာအလွန်ဝမ်းသာတာဘဲ ကိုယ်တော်တို့သည်မှာရှိကြောင်းကိုသိလို့ လိုက်လာသလား”ဟု မေးလေ၏ တပင်ရွှေထီးက ခင်ဘုန်းလက်ကိုဆွဲ၍ နှုတ်ဆက်မေးမြန်းသောအခါ လိုက်ပါလာသောသို့မ်းကညာ ကလေးများသည် မင်းသားမှန်းသိသဖြင့်မော်လို့မှမကြည့်ဝံ့ကြဘဲ မြက်ခင်းပေါ်

တွင်ဒူးတုပ်၍ထိုင်ကာ မျက်နှာအောက်ချလျက် လက်ရှက်၍နေကြရှာလေသတည်း တပင်ရွှေထီး ကခင်ဘုန်းလက်ကိုဆွဲ၍ နှုတ်ဆက်သည်မှာ ထူးဆန်းသော အရေးအရာမဟုတ်ချေ နေ့စဉ်အမြဲ ပင်တပင်ရွှေထီးသည် သျှင်ရဲထွတ်နှင့်ခင်ဘုန်းတို့ အိမ်တွင်ပျော်ရွှင်စွာ အတူကစား၍နေကြမြဲ ဖြစ်လေသည်။

(ခင်ဘုန်း) ကိုယ်တော်တို့ သည်လေးကျွန်းကန်တော်မှာ အပျော်အပါး ထွက်တော်မူ ကြောင်းကို ဘုန်းဘုန်းမသိပါဘူး ညနေချမ်းအချိန်မို့ ဘုန်းဘုန်းတို့လဲ ပန်းခူးရန်ထွက်လာကြ တာပါဘဲ ကိုယ်တော်နှင့်တွေ့ရတာ ဘုန်းဘုန်းဖြင့်အလွန်ဝမ်းသာတာဘဲ ပန်းတွေများများကြီးရ အောင် ခူးပေးနော်။

(ရွှေထီး) ပန်းခူးလာတာက ဘုရားတင်ဘို့လား ခင်ဘုန်းပန်ဘို့လား။

(ခင်ဘုန်း) အို-ကိုယ်တော်ကလဲ ကိုယ်ပန်ဘို့ရာဖြင့် အလကားကိုယ်တိုင် လာပမလား ဘုရားတင်ဘို့ပေါ့ကိုယ်တော်ရဲ့ ကိုယ်တိုင်ကြိုးစားလျှင် ကုသိုလ်များများရတယ်ဆို မဟုတ်လား

(ရွှေထီး) အမယ်-ငယ်ငယ်ရွယ်ရွယ်နှင့် တယ်သဒ္ဓါတရားကောင်းတဲ့ ခင်ဘုန်းပါကလား ရှေးဘဝကကုသိုလ်တွေများ လွန်းလို့ ယခုဘဝမှာ အချောအလှကလေး ထူးထူးဆန်းဆန်းအ ကျိုးပေးလာတယ် သည်ဘဝမှာ သည်လိုသာပန်းတွေကို သိပ်လှူနေလျှင် ဟိုဘဝကျတော့သူ များလှစရာမရှိအောင် လှနေမှာကို စိုးရိမ်းရသေးတယ်။

(ခင်ဘုန်း) အို-ကိုယ်တော်ကလဲ လှတာဘဲ ဘာစိုးရိမ်စရာရှိသလဲလို့၊ မလှဘဲနေမှာကို သာ စိုးရိမ်စရာရှိပါတယ်၊ မင်းမိန်းမဆိုတာ အလှကိုအားကိုးရတာဘဲ။

(ရွှေထီး) တနေ့က ရွှေနန်းတော်ဇေတဝန်ဆောင်မှာ ဆရာတော်ဘုရား ဟောသွားတဲ့ ဥမ္မာဒန္တီတရားကို မကြားလိုက်ဘူးလား၊ ခင်ဘုန်းလဲတရားပွဲထဲမှာ အပါသွားဘဲ၊ ကိုယ်တော် မြင် လိုက်ပါတယ်၊ ဥမ္မာဒန္တီဆိုတာ သူတကာထက် ထူးအောင်လှလို့ ရှင်ဘုရင်နှင့်တကွ ဒုက္ခတွေ့ကုန် ကြတယ်ဆို မဟုတ်လား။ ။ပုဂံပြည်နော်ရထာမင်းစောလက်ထက်က ရှမ်းပြည်က ဆက်လိုက်တဲ့ ရှင်မွန်လှဟာ သူတကာထက်လှလို့ မနာလိုတဲ့မိဖုယားတို့က ကုန်းတိုက်ကြတဲ့အတွက် သူ့ခမျာမှာ အနှင်ခံရရှာတယ်၊ "ရွှေစာယံ"ဆိုတဲ့ ဘုရားကို မကြားဘူး ဘူးလား၊ အနှင်ခံရလို့ သူ့မြို့သို့အပြန် မှာ စိတ်နာနာနှင့် တယ်ထားခဲ့တဲ့ ဘုရားပေါ့။

(ခင်ဘုန်း) အလို-ကိုယ်တော်ကလဲ စာပေကျမ်းဂန်တွေ့ ရာဇဝင်တွေကို မှတ်မှတ်ကြေ အောင် တတ်နေပါပေါ့ကလား၊ ကိုယ်အကျိုးပေးနှင့်ကိုယ်ပါကိုယ်တော်ရဲ့၊ စေတနာမသန့်ရှင်း တဲ့သူများ မှာသာ အလှဂုဏ်ကြောင့် စိုးရိမ်စရာတွေနှင့် တွေ့ရတာပါ၊ သည်က ဘုန်းဘုန်းမှာ တော့ စေတနာဖြူဖွေး၍ အညစ်အကြေးကင်းစင်တဲ့အတွက် ဥမ္မာဒန္တီတို့လိုလဲ သူတပါးကို ဒုက္ခ မပေး၊ ရှင်မွန်လှတို့လိုလဲ ကိုယ်တိုင် ဒုက္ခရောက်မဲ့အစားမျိုး မဟုတ်ပါဘူး၊ သျှင်မ ဝိသာခါမှာ ဘယ်ကလာပြီး စိုးရိမ်စရာရှိသေးသလဲ။

(တပင်ရွှေထီးကပြုံးပြီး) သည်နှမတော်လေးဟာ နတ်ပြည်က ဆင်းလာတဲ့ နတ်သမီး ပေါက်စကလေးနှင့်တူတယ်၊ ငယ်ငယ်ရွယ်ရွယ်နှင့် အလွန်စကားတတ်ထာဘဲ၊ ကြီးများကြီးရင်ဖြင့်

ကိုယ်ရွှေထီးကို စီးချင်တိုင်းစီးနေမဲ့ခင်ဘုန်းဘဲ၊ နေ့ာင်ထွတ်ကဲ့ နှမအရင်းပေးကိုး၊ ရဲရဲတင်းတင်းနှင့် လူများအပေါ်တွင် အထွတ်မတင်ဘဲ စိတ်ကြေမဲ့ဟာမကလေးမဟုတ်ပါဘူး။

(မင်ဘုန်း) အဲ-ဟုတ်တယ်ဟုတ်တယ်၊ သည်က ဘုန်းဘုန်းသဘောကိုသိလျှင် အလွယ်ကလေးပါဘဲ၊ စကားချင်းယှဉ်ပြိုင်လို့ နိုင်မယ်မျှားဖြင့်မမှတ်ပါနှင့်၊ (ပြောရင်း‚ဆိုရင်း ဥယျာဉ်တော်ထဲ၌ရှိသော ပန်းများကိုကြည့်ပြီး) အို-ဝမ်းသာစရာကြီး၊ ပွင့်လိုက်တဲ့ပန်းအမျိုးစုံတွေ ဝေလို့သာ နေပါရောကလား၊ ကန်တော်တခွင်လုံးမှာလဲ ပျော်ချင်စရာ ကောင်းလိုက်ထာ ကြာပန်းခိုင်တွေကလဲ ဂုဏ်ပြိုင်ပြီးပွင့်နေကြတာဘဲ၊ ပျားပတုန်းတွေကလဲ တအုံးအုံးဆူလို့ တယ်ပျော်စရာကောင်းတဲ့ ကန်တော်ကြီးပါလား ကိုယ်တော်။

(ရွှေထီး) ပျော်စရာကောင်းတဲ့အတွက် ကိုယ်တော်ဟာ မကြာမကြာ နေ့ာင်ထွတ်နှင့်အတူ ထွက်တော်မူတာပေါ့၊ နောက်တခါ ထွက်တော်မူလျှင် ခင်ဘုန်းကိုခေါ်မယ်၊ လှေတော်တွေလဲ စီးဘို့အသင့်ဘဲ၊ လှေတော်စီးပြီး ကန်တော်ကြီးအတွင်းက ကြာတောထဲကိုမလယ်ချင်ဘူးလား။

(ခင်ဘုန်း) အို-လှေတော်စကား‚အပျော်စကားကို ဆိုင်းထားလိုက်စမ်းပါအုံး၊ ပန်းတွေကို မြင်တာနှင့် လိုချင်တဲ့စိတ်ကို နှိမ်လို့မရနိုင်အောင်ပင် ဖြစ်နေပါတယ်၊ ပန်းတွေကိုသာ မြန်မြန်ခူးတော်မူပေးပါ။

(ဤသို့ပြောဆိုနေကြရာ သျှင်ရဲထွတ်က ဝင်ပြီး) ညီညီရယ်၊ သည်ကောင်မလေးဟာ အလွန်စကားများပါတယ်၊ သူလိုချင်ပြီဆိုမှဖြင့် မရမချင်း အတင်းပူဆာလေ့ရှိတာဘဲ၊ စပ်မိလို့ ပြောရအုံးတော့မယ်၊ ဟိုယမန်တလောဆီက သည်ကောင်မလေးကိုခေါ်ပြီး ရွှေနန်းတော်ကြီးထဲကို ဝင်သွားတော့ အခန့်သင့်စွာ တောင်စမုတ်မှာ ဘုန်းတော်ကြီးလှသော ဘုရားနှင့် တွေ့ဆုံမိတယ်။ ။နေ့ာင်ထွတ်ကတော့ ကြောက်ထာနှင့် ဝပ်တွား၍ ရှိခိုးနေရာ လားလားသည်ကောင်မကလေးကတော့ ကြောက်ရမှန်းမသိ၊ ဘုန်းတော်ကြီးလှသောဘုရားရဲ့ အပါးတော်သို့ကပ်သွားတယ်။ ။သည်တော့ ဘုန်းတော်ကြီးလှသောဘုရားက ချစ်စနိုးတော်မူသဖြင့် သည်ကောင်မလေးရဲ့ ဦးခေါင်းကိုကိုင်ပြီး "သားတော်တပင်ရွှေထီးမပါဘူးလား" လို့ မေးတော်မူတော့ သူက "မပါဘူးဘုရာ့၊ တောင်ဥယျာဉ်တော်ထဲမှာ ကျန်နေရစ်တယ်ဘုရာ့" အဲသည်လို လျှောက်တင်နေရင်း ဘုန်းတော်ကြီးလှသော ဘုရားရဲ့ လက်သန်းတော်မှာ ဆင်မြန်းထားတဲ့ မြလက်ဝတ်တော်ကို မြင်ပါရော၊ မြင်တော့ သူကလိုချင်တာပေါ့၊ ကြောက်ရမှန်းမသိ‚ လန့်ရမှန်းမသိ လက်ဝတ်တော်ကို လိုချင်ကြောင်းနှင့် အလိုက်မသိတဲ့သည်ကောင်မကလေးက တောင်းပါရော။ ။ဘုန်းတော်ကြီးလှသော ဘုရားကလဲ သနားတော်မူသဖြင့် ပူပူဆာဆာ ကန္တဲ့ကရနှင့် တောင်းတဲ့အတိုင်း မြလက်ဝတ်တော်ကို ချွတ်လို့ သနားတော်မူလိုက်တယ်၊ ယခု သူ့လယ်ပင်းမှာ ဆွဲသားတဲ့မြဟာ ဘုန်းတော်ကြီးလှသော ဘုရားက သနားတော်မူတဲ့ မြရတနာပေါ့၊ သူလိုချင်ပြီဆိုမှဖြင့် အားနာရမှန်းမသိ‚အတင်းဖိပြီး ပူဆာတော့တာဘဲ၊ သူ့ဝါသနာက အတော်ငဲ့ကြီးတယ်ညီညီရဲ့၊ သူလိုချင်တဲ့ ပန်းကိုသာ အမြန်ခူးပေးလိုက်ပါ"

ဤကဲ့သို့ ပြောဆိုပြီးလျှင် ပန်းဥယျာဉ်တော်ထဲသို့ လှည့်ပတ်ကြ၍ မင်းသား တပင်ရွှေထီး ကိုယ်တိုင် ပန်းများကိုခူးပေးလေ၏။ ။မင်းသား၏ လက်ဖြင့် လှမ်း၍ မမှီသော ပန်းများကို ခင်ဘုန်းက အလိုရှိသဖြင့် ခူးပေးပါဟု ပူဆာပြန်ရာ တပင်ရွှေထီးက "ခင်ဘုန်းရယ် စွမ်းနိုင်သမျှ စွမ်းဆောင်တော်မူပရစေ၊ ကိုယ်တော်မမှီတဲ့ပန်းကို ဘယ်လိုခူးပေးရမှာလဲ၊ လက်စွဲတော်များကို အခူးခိုင်းပေးပမယ်" သည်လိုပြောရာ သဘောမကျသည်နှင့် ခင်ဘုန်းက လက်စွဲတော်များခူးပေး တာကို ဘုန်းဘုန်း မလိုချင်ဘူး၊ ကိုယ်တော်ခူးပေးတဲ့ပန်းကိုမှ လိုချင်တယ်၊ မင်းသားကလဲ သည် ပန်းကလေးကိုမှ ရအောင် ကြံလို့မခူးနိုင်ဘူးလား"ဤသို့ပြောဆိုသည်နှင့် တပင်ရွှေထီးသည် လက် စွဲတော်များ၏ ပခုံးထက်သို့ တက်ပြီးလျှင် ခင်ဘုန်း၏ ဆန္ဒအတိုင်း မှီအောင်လှမ်း၍ ပန်းများကို ခူးပေးတော်မူရလေ၏။

မင်းသားတပင်ရွှေထီးသည် ကန်တော်အလယ် ကျွန်း၌ရှိသော ပန်းပင်အမျိုးမျိုးမှ လက် စွဲတော်ကလေးများကို လေှခါးသဖွယ်ပြု၍ ခူးဆွတ်တော် မူပြီးလျှင် ခင်ဘုန်း အလိုဆန္ဒအတိုင်း ပေးတော်မူရာ ခင်ဘုန်းမှာလဲ သူနှစ်သက်သောပန်းတွေကိုရသဖြင့် အားရနှစ်ချိုက်ဘပွေ့တပိုက် ကြီး ပွေ့ပိုက်ပြီး ပန်းတွေကိုကြည့်ကာ "ကိုယ်တော့်အပေါ်တွင် ကျေးဇူးတင်ချင်တဲ့စိတ်တွေ အများကြီး ပေါ်လာတယ်ဘုရား့"ဟု ပြုံးရွှင်စွာပြောလေ၏။

(ရွှေထီး) ပြောစမ်းပါအုံး၊ ခင်ဘုန်းကဘယ်အတွက် ကျေးဇူးတင်ချင်သလဲလို့။

(ဘုန်း) အလိုရှိတဲ့ပန်းတွေကို လိုသလောက်ရလို့ပေါ့။

(ရွှေထီး) ဩော်-ပန်းရလို့ ချမ်းမြ ရွှင်လန်းတော်မူသပေါ့လေ၊ ခင်ဘုန်းတို့မိန်းမစရိုက် အလွန်ပန်းကြိုက်ထာချည်းဘဲ။

(ဘုန်း) အို-မိန်းမဆိုမှဖြင့် ပန်းကြိုက်ထာချည်းပေါ့၊ပန်းဆိုတာ လှသကိုး ထိပ်တင်ရဲ့ မကြိုက်ဘဲနေပမလား။

(ရွှေထီး) ခင်ဘုန်းစရိုက်မို့ ပန်းမကြိုက်ရဘူးလို့ မဆိုပါဘူး၊ လှလှမြင်လျှင် ကြိုက်ချင် တဲ့ ဝါသနာ မများစေနှင့်နော်။

(ဘုန်း) မျက်စိဆိုတာ အလှကြိုက်ထာမျိုးဘဲ၊ ဘာဖြစ်လို့ပန်းတွေကလှသလဲ၊ မကြိုက် စေချင်လျှင် မလှဘဲနေပါလား၊ကိုယ်တော့်အာဏာနှင့် တားထားပါ၊ ပန်းတွေကိုမလှပါစေနှင့်။

(ရွှေထီး) အလှမြင်လျှင် ကြိုက်ချင်တယ်ဆိုတဲ့ ခင်ဘုန်းစကားနှင့်ထောက်တော့ မိန်းမ တို့မျက်လုံးဟာ ကြောက်စရာ အလွန်ကောင်းမှာဘဲနော်၊ စိုးလဲစိုးရိမ်စရာကြီး။

(ခင်ဘုန်းကမျက်စောင်းထိုးပြီး) မိန်းမတို့မျက်လုံးကိုသာ အပြစ်မတင်ပါနှင့်ကိုယ်တော် ထိပ်တင်တို့မျက်လုံးဟာလဲ အတူတူပါဘဲ၊ ယောကျ်ားနှင့် မိန်းမ ဇာတ်ချင်းကွဲကြ ပေတယ်လို့ မျက်လုံးမှာတော့ အတူတူပါဘဲ၊ မျက်လုံးဖို့မျက်လုံးမရယ်လို့ ခွဲခြားလို့မရပါဘူး။

(ရွှေထီး) ကဲလေ ဟုတ်ပါစေတော့၊ နို့နေစမ်းပါအုံး ပန်းတွေခူးပေးလို့ ကျေးဇူးတင် ချင်တဲ့စိတ်တွေ ပေါ်လာတယ်လို့ ခင်ဘုန်းကပြောတယ်၊ တကယ်ကျေးဇူးမတင်သေးဘူး၊ တင်ချင် ရုံ ရှိသေးသပေါ့။

(ဘုန်း) မှန်ပါတယ်ကိုယ်တော်၊ နောင်ခါကြတော့ ရောမ ကျေးဇူးတင်စရာကြီးတွေ ရှိပါလိမ့်အုံးမယ်၊ သည်ပန်းကလေးနှင့်ဖြင့် ကျေးဇူးတင်မနေနိုင်သေးပါဘူး။

(ရွှေထီး) နောင်ခါတင်ရမဲ့ ကျေးဇူးတွေဆိုတာက ဘယ်လို ကျေးဇူးမျိုးတွေလဲ။

(ခင်ဘုန်း) ဩော်-နောင်ခါဘို့အရေးနှင့် ကျေးဇူးတင်ဘို့ အချက်တွေကို သိတော်မမူဘူးလား၊ ထိပ်တင်ကတော့ ရွှေနန်းရှင်ဘုရားရဲ့ သားတော်ကလေးဖြစ်နေတဲ့အတွက် ထီးနန်းအမွေကို ဆက်ခံရမယ်မဟုတ်လား ကိုယ်တော်ရဲ့။ ။ထီးနန်းအမွေကိုခံပြီး နိုင်ငံကြီးရဲ့သခင် ဘုရင်ကေရာဇ်မင်းဖြစ်တော့ သည်က ခင်ဘုန်းတို့အပေါ်မှာ များစွာချီးမြှင့်တော်မူနိုင်မှာပေါ့၊ သည်အခါကျတော့မှ တကဲ့တကယ်ကြီးကျယ်တဲ့ ကျေးဇူးတော်, ဂုဏ်တော်ကို ခိုလှုံဘို့ ကိုးစားနေပါတယ်၊ မေ့တော်မူမှာလားထိပ်တင်။

(မင်းသားကလေးကပြုံးပြီး) အမယ်လေးရဲ့ခင်ဘုန်း၊ ယခုလိုငယ်ရွယ်တုန်းကပင် အစမဆုံးနိုင်တဲ့ ကိုးစားမျှော်လင့်ချက်တွေ များလှပါပေတယ်၊ တယ်အမြော်အမြင် ထွားပါကလား၊ အလိုရှိသမျှကိုးစားပါ၊ လိုရာစည်းစိမ်ဖြင့် ချီးမြှင့်တော်မူပမယ်၊ ခင်ဘုန်း စဉ်းစားကြည့်စမ်းပါ၊ နောင်ထွတ်နှင့် ခင်ဘုန်းဆိုတာ ရင်ခွင်တခုထဲမှာကြီးပြင်းပြီး အရင်းအချာကြီး ဖြစ်လာကြတယ်မဟုတ်လား။ ။သည်ကမ္ဘာလောကပေါ်မှာ နောင်ထွတ်နှင့် ခင်ဘုန်းမှတပါး တခြားလူများကို ချီးမြှင့်ဘို့မရှိပါဘူး၊ သည်ကိုယ်တော် ဘုရင်ဖြစ်တဲ့အခါ လိုရာဆန္ဒအတိုင်း ချီးမြှောက်တော်မူမှာပေါ့၊ ဘယ်တော့မှမမေ့ပါဘူးဆိုတဲ့စကားလုံးကို ခင်ဘုန်းမြဲမြဲကြီးမှတ်ထားလိုက်ပါ။

(ဘုန်း) ယခုလို ချစ်ခင်ကြတုန်းအခါမှာတော့ အားထားဘို့စကားကို များများကြီး မိန့်တော်မူနိုင်တာပေါ့ကိုယ်တော်၊ ခင်ဘုန်းတို့အိမ်မှာ အမြဲလိုလိုပျော်စံပြီး ကစားလဲအတူ၊ သွားလဲအတူမို့ ကြည်ဖြူတော်မူနိုင်မှာပေါ့။ ။ဘုရင်အဖြစ်သို့ရောက်တော့ မောက်မား မြင့်မြတ်၍ စည်းစိမ်တွေအရှိန်ဟပ်ပြီး ခါတ်တမျိုး ပြောင်းသွားတတ်ပါတတ်၊ လူ့ပြည်လောကမှာ ဘုရင့်စည်းစိမ်ဆိုတာ လွန်စွာမူးယစ်စေတာကလားကိုယ်တော်ရဲ့။ ။ခင်ဘုန်းတို့မှာတော့ မျိုးရိုးဂုဏ်သိမ်နှင့် စည်းစိမ်လဲမကြီး၊ အထိန်းတော်ရဲ့သွီးမို့ ချီးမြှောက်တော်မူမှ မြင့်မြောက်ရမဲ့သူများဖြစ်နေပါတယ်၊ အားကိုးချင်တဲ့သူက မျှော်သော်လဲ မင်းမာန်တော်ဝင်မှုဖြင့် အထင်နှင့်အမြင် လွဲ၍ အကဲမရောက်ဘဲ အောက်တမ်းကျနေမဲ့အရေးကို ခင်ဘုန်းကတွေးပြီး စိတ်ပူမိပါတတ်။

(မင်းသားက ခင်ဘုန်းရဲ့ ပုခုံးကိုကိုင်ပြီး) အို-မင်းကလေးဟာ ငယ်ငယ်ရွယ်ရွယ်နှင့် စကားကို အပုံကြီးကြွယ်ပါကလား၊ တယ်အပြောရခက်သကွယ် ခင်ဘုန်းရယ်။ ။စဉ်းစားကြည့်စမ်းပါအုံး၊ ခင်ဘုန်းစို့တဲ့နို့ရေနှင့် သည်ကိုယ်တော်စို့တဲ့နို့ရေဟာ အတူတူမဟုတ်လား၊ သည်နို့ရေနှင့် ကြီးပွါးပြီး အသွေးအသားဖြစ်လာတဲ့ မောင်တော်, နှမတော်ဖြစ်လာကြောင်းကို လူပေါင်းများစွာသိကြပါတယ်၊ ဘယ်တော့ မေ့နိုင်အုံးမှာလဲ၊ တိုတိုပြောပရစေတော့ခင်ဘုန်းရယ်၊ ရှင်ဘုရင်မက တာဝတိံသာက သိကြားမင်း ဖြစ်သွားပါစေ၊ ခင်ဘုန်းနှင့် နောင်ထွတ်ကို သတိလွတ်ပြီး မေ့မဲ့ကိုယ်တော်မဟုတ်ပါဘူး။

(ခင်ဘုန်းက မင်းသားတပင်ရွှေထီးရဲ့ လက်တဘက်ကိုဆွဲပြီး) ကဲ-ဘယ်တော့မှ မမေ့စတမ်းဆိုတဲ့ သစ္စာကို ပြုထားမလား၊ ထိပ်တင်တို့ မဟာမျိုးဆိုတာ ယုံကြည်ဘွယ်ရာ မရှိဘူး၊

"မင်းမှာသစ္စာ– လူမှာဂတိ"တဲ့ ကိုယ်တော်ရဲ့၊ မှတ်မှတ်သားသား သစ္စာတခုထားမှ ခင်ဘုန်းက ယုံကြည်မှာဘဲ။

(မင်းသားက ခင်ဘုန်းရှဲ့လက်တဘက်ကိုကိုင်ပြီး မျက်နှာကိုစေ့စေ့ကြည့်ကာ) ကဲ–ကဲ ခင်ဘုန်းသဘောရှိတဲ့ သစ္စာကိုပေးပါ၊ ဝန်မလေးပါဘူး၊ ယုံကြည်လောက်အောင် သောက်ဆိုတဲ့ သစ္စာရေကိုသောက်မပေါ့၊ (ဤသို့ပြောနေသည့်အခိုက်မှာ ခင်ဘုန်းနှင့်တပင်ရွှေထီးသည် တဦး၏လက်ကို တဦးက ကိုင်ထားသဖြင့် လက်နှစ်ဘက်ကို အချင်းချင်း ဆက်ထားသကဲ့သို့ ဖြစ်နေလေသည်။)

(ခင်ဘုန်းက မိမိကိုင်ထားသော မင်းသား၏လက်ကို လွှတ်လိုက်ပြီး) အဲ-သည်လို သစ္စာပြုထားမယ်ဆိုလျှင်ဖြင့် ခင်ဘုန်းက ယုံကြည်ရတာပေါ့၊ ကဲ–သစ္စာပြုဘို့တွေကို ထားလိုက်စမ်းပါအုံး၊ ခင်ဘုန်းအပေါ်မှာ ဘယ်ကလောက်များ ချစ်တယ်ဆိုတာကို စမ်းချင်ပါသေးတယ်၊ "အချစ်သာမှသစ္စာမြဲ"သတဲ့ ထိပ်တင်ရဲ့၊ (ဤသို့ပြောကာ ခင်ဘုန်းက သစ်ပင်ကြီးတပင်ပေါ်သို့ မြော်၍ကြည့်လိုက်သည်တွင် "တခိုင်လုံးရွှေ" ခေါ်သော သစ်ခွပန်းတွေ သစ်ပင်ကြီးပေါ်မှာ ပွင့်နေသည်ကို မြင်သည်နှင့်) ဟော–ပြောရင်းဆိုရင်း အချစ်စမ်းဘို့ အချက်ရပြီ၊ ဟိုမှာ ရှုတော်မူစမ်းပ ထိပ်တင်၊ သစ်ပင်ကြီးပေါ်မှာ ပွင့်နေလိုက်တာဝေလို့၊ "တခိုင်လုံးရွှေ" ခေါ်တဲ့ သစ်ခွပန်းတွေဘဲ၊ ဆန်းလိုက်တာ့လှလိုက်တာ ခူးယူချင်စရာကြီးဘဲ ကိုယ်တော်ရဲ့။ ကဲ-ကဲ—သည်သစ်ခွပန်းကို ခင်ဘုန်း ယခုလိုချင်တယ်၊ ထိပ်တင်ကိုယ်တိုင် တက်ပြီး ခူးယူပေးပါ၊ (မင်းသားက မြင့်လှသော သစ်ပင်ထက်၌ ပွင့်၍နေသော တခိုင်လုံးရွှေသစ်ခွပန်းတွေကို ရှုမျှော်တော်မူပြီး (ခင်ဘုန်းအလိုရှိတဲ့အတိုင်းရလျှင် ပြီးရောပခင်ဘုန်းရယ်၊ လက်စွဲတော်ကလေးများကို အခူးခိုင်းလျှင်လဲ ပြီးတဲ့ကိစ္စမျိုးပါ၊ ကိုယ်တော်တိုင် တက်ပြီးယူပေးမှ ခင်ဘုန်း စိတ်အေးမှာလား၊ မြင့်လိုက်တာကလဲ လွန့်နေပါရောလား။

(ခင်ဘုန်းက မျက်မှောင်ကြီးကုတ်ပြီး)အဲ-ကြည့်စမ်း၊ သည်ပန်းကလေး ပူဆာရုံ ရှိသေး၊ "ထမရည်ပူလာတော့-လျှာလွဲဆိုသလို လုပ်ကုန်ပြီ၊ တန်ပါထိပ်တင်ရယ်၊ မဟာမျိုး မဟာနွယ်ဆိုတာ တကယ့်တကယ်အရေးကျတော့ အားကိုးရတဲ့လူမျိုး မဟုတ်ပါဘူး၊ သည်လောက် ပန်းကလေးကို မြင့်သလေး့လွင့်သလေး ဆင်ခြေတွေပေးနေတာဘဲ၊ တကယ်ကေန်ချစ်ရိုးမှန်လျှင် မရရအောင် ကြံဆောင်တော်မူမှာပေါ့။

မဟာမျိုးဆိုတာ ကိုယ်သက်သာခံတာချည့်ဘဲ၊ အရေးရှိပြီဆိုမှဖြင့် လက်စွဲတော်များကို အားကိုးရဲ့၊ ကျေးကျွန်များကို စေခိုင်းရဲ့၊ သည်လိုဖြင့် ခင်ဘုန်းတို့မှာ တကယ့်အရေးအရာကျတော့ အားကိုးခွင့်ရအုံးမှာတဲ့လား၊ အားမကိုးရတာဖြင့် ရှင်ဘုရင်ဖြစ်တဲ့အခါ ခင်ဘုန်းတို့တတွေကို ခိုင်းစေချင်သလို ခိုင်းစေမှာဘဲ၊ မဟာမျိုးဆိုတာ အများကို သနားညှာတာပြီး အားနာတတ်တဲ့လူမျိုး မဟုတ်ပါဘူး၊ တကယ်ကေန် ချစ်ရိုးမှန်လျှင် ကိုယ်တော်တိုင် ခူးပေးမှာပေါ့၊သည်ပန်းဟာ အနီးကလေးပါ၊ ကောင်းကင်မှာရှိတဲ့ ကြယ်တာရာတွေလောက် မဝေးသေးပါဘူး၊ ယောကျ်ားတန်ခွန်၊ လူရည်ချွန်လျှင်၊ ကောင်းကင်တမွှတ်၊ကြယ်ကိုတောင် ဆွတ်နိုင်တယ်ဆိုမဟုတ်လား ကိုယ်တော်ရဲ့၊ ထိပ်ဘင်ဟာ လူရည်ချွန်တဲ့ ယောကျ်ားကောင်းကြီး မဟုတ်ဘူးလား။

(ခင်ဘုန်း၏ စကားကိုကြားရာ) တပင်ရွှေထီးက ရှက်တက်တက် ဖြစ်လာသောကြောင့် ဝတ်လဲတော်ကလေးကို ခပ်မြင့်မြင့်ပင့်ပြီး ကဲ—ခင်ဘုန်း၊ စကားလုံးတွေ များမနေနဲ့ ဟု မိန့်ဆိုတော်မူပြီး သစ်ပင်ကြီးကိုဖက်ပြီး ကိုယ်တော်တိုင် တက်လေ၏။ မင်းသား ဖြစ်သည့် အတွက် သစ်ပင်တက်ဘူးသောအလေ့ မရှိသည့်ပြင်၊ သစ်ပင်လုံးကလည်း ကြီးမားလှသည်နှင့် မိအောင်မဖက်နိုင်ဘဲ နေလေသည်။

ခင်ဘုန်းက လက်ခုတ်လက်ဝါး တီးကာရယ်ပြီး အတူပါလာသောသူငယ်မကလေးများကို ခေါ်ကာ ဟော-ကြည့်ကြစမ်းပါ၊ မင်းသားကလေး သစ်ပင်ကြီးကို တက်နေတယ်၊ လာကြ-လာကြ၊ သည်လိုထူးဆန်းတာ တခါမှ မမြင်ဘူးကြဘူး၊ ပုတ်သင်ညိုနှင့်ပြိုင်ပြီး အနိုင်ရအောင် တက်တော်မူမလို့တဲ့၊ ဤသို့ခင်ဘုန်းက ပျက်ရယ်ပြောင်လှောင် ပြောဆိုသောအခါ သူငယ်မကလေးများလည်း မင်းသား၏အမူအရာကို ကြည့်ရှုကာ ရယ်မော၍ နေကြလေသည်။တပင်ရွှေထီးလည်း ခင်ဘုန်း ပြောင်လှောင်သည့် အတွက် တမျိုးရှက်၍ လာသည်နှင့် မဖြစ်ဖြစ်အောင် တက်မည်ဟူသော ဇွဲနှင့် အားခဲ၍တက်လေရာ၊ တတောင်သာသာလောက် တက်မိသည်တွင် ခင်ဘုန်းစိတ်ထဲမှာ လွန်စွာ စိုးရိမ်သော သဘောတွေ ပေါ်ပေါက်လာသောကြောင့် မင်းသားကလေးထံသို့ ပြေးပြီး အတင်းလှမ်း၍ဖက်ပြီးလျှင် "အို-ကိုယ်တော်ရဲ့၊ခင်ဘုန်းစိတ်ကျေနပ်ပါပြီ၊တကယ်အတက်ခိုင်းတာလဲ မဟုတ်ပါဘူး၊ အချစ်ကိုစမ်းတာပါ၊ ရွှေလက်တော်ကလေးတွေ နာကုန်ပမယ်၊ ဆင်းတော်မူပါ-ဆင်းတော်မူပါ"ဟု လျှောက်တင်ကာ ဆွဲထားလေ၏။

တပင်ရွှေထီးက ခင်ဘုန်းဆွဲရာသို့ ရုတ်ဝရက် မလိုက်ပါသေးဘဲ အရွယ်တော် ငယ်လို့ ကြယ်ကို မဆွတ်နိုင်သေးသော်လဲ သည်ပန်းကိုတော့ ရအောင် ဆွတ်ပေးနိုင်ပါတယ်၊ မဆွဲပါနဲ့ ခင်ဘုန်းရဲ့"ဟု မိန့်ဆိုတော်မူသည်တွင် ခင်ဘုန်းက"မဟုတ်ပါဘူးကိုယ်တော်၊ မတက်ပါနဲ့၊ သည်ပန်းကို ရအောင် ခူးပေးနိုင်ကြောင်းကို ဘုန်းဘုန်းရိပ်မိပါပြီ၊ ဘုရင်ဖြစ်မဲ့ မင်းကေရာဇ်သားဆိုတော့ သည်လိုအရာကို အားထုတ်ရတာမဟုတ်ပါဘူး၊ ကိုယ်တော်၏ စေတနာကိုသိပါပြီ၊ ဆင်းတော်မူပါ၊ ဤသို့ ပြောဆိုတောင်းပန်တော့မှ တပင်ရွှေထီးလည်း သစ်ပင်ကြီးမှဆင်း၍ လာတော်မူလေ၏။

ထိုအခါ သျှင်ရဲထွတ်လည်း ခပ်လှမ်းလှမ်းက ကြည့်ရှုနေသည်နှင့် တပင်ရွှေထီးနှင့် ခင်ဘုန်းတို့ကို ကြည့်ရှုခါပြုံးပြီး သည်မင်းသားကလေးနှင့် သည်ကောင်မကလေးဟာ သူတို့နှစ်ဦး တွေ့ဆုံမှုဖြင့် သည်ပုံမျိုးချည့်ဘဲ၊ အရူးကလေးတွေဘဲနေ်ဟု တွေးတောကာ နေလေသည်။

(ခင်ဘုန်းကပြုံးပြီး) ကိုယ်တော်လဲ သတ္တိအရှိသားဘဲနော်၊ နို့ပေမဲ့ ပုတ်သင်ညိုနှင့် သစ်ပင်တက်ပြိုင်လျှင် နိုင်မယ်လို့မထင်သေးပါဘူး၊ မနိုင်ချင်လျှင် ရှုံးပါစေတော့လေ၊ခင်ဘုန်းအလိုကို လိုက်လျှင် ကြိုက်တာပါဘဲ(ပြောရင်းဆိုရင်း တပင်ရွှေထီး၏ လက်တော်ကလေးနှစ်ဖက်ကို အသာအယာ နှိပ်ပေးပြီး)အမယ်လေး-လေး၊ လက်တော်ကလေးနှစ်ဖက်ဟာ အလွန်သနားစရာ ကောင်းနေပါကလား၊ ဖယောင်းလို ပြော့နေတဲ့ လက်ဖဝါးမှ သွေးချည်များဥလာပါပေါ့ကလား၊ နဂိုပန်းရောင်သွေး လက်ဖဝါးကလေးနှစ်ခု သွေးချည်များဥလာတော့ ရှေးကထက်နီရဲပြီး ပတ္တမြား

ခဲကြီး ဖြစ်နေပါပေါ့ကလား၊ ကိုယ်တော် ထိပ်တင်....နာကျင်တော်မူသလား၊ ဘုန်းဘုန်းအပေါ် မှာ မျက်နှာတော်ညှိုးပြီး ရွှေကိုယ်တော်က မျက်မာန်တော်မရှိနဲ့နော်။

(မင်းသားက ပြုံးတော်မူပြီး) အတင်းပူဆာပြီးမှ မူယာ့မာယာတွေနှင့် ချော့မနေပါနဲ့ ခင်ဘုန်းရယ်၊ ခင်ဘုန်းအတွက်ဆိုလျှင် ဘယ်လိုဘဲဖြစ်ဖြစ် အတူတူချစ်ကြတာဘဲ၊ မျက်မာန်မရှိပါဘူး၊ ခင်ဘုန်းရဲ့အပူဆာကို တခါတခါလဲ ရှော့ပေးအုံးမှပေါ့။

(ဘုန်း) စိတ်ချတော်မူပါ၊ မပူဆာရဲတော့ပါဘူးကိုယ်တော်ရဲ့၊ထိပ်တင်ကပေမဲ့ သည်က ပူဆာလျှင် အရာရာတိုင်း အလိုလိုက်တာချည်းဘဲ။

(ထီး) နှမတော်ကလေး ပူဆာလျှင် ဘယ်မှာအလိုမလိုက်ဘဲ နေနိုင်ပါတော့မလဲ၊ ကဲ-ယုံကြည်ပြီမဟုတ်လား၊ ကဲ"မမေ့စတမ်း"ဆိုတဲ့ သစ္စာရေကို သောက်စေချင်သေးသလား။

(ဘုန်း) ယနေ့တော့ ယုံကြည်ပါပြီကိုယ်တော်၊ သစ္စာရေသောက်ဘို့တော့ နောက်များမှ စဉ်းစားရအုံးမှာပေါ့ (ခင်ဘုန်းသည် ပြောရင်းဆိုရင်း အချက်တခုကို သတိရလာပြန်သည်နှင့်) ဩော်–သတိရလာပြန်ပေါ့ထိပ်တင်၊ စိတ်မကျေချင်တဲ့ အချက်ကလေးတခုပေါ့၊ ဘုန်းဘုန်းက တင်လိုက်တော့မယ်နော်။

(ထီး) တင်သာတင်ပါ၊ ဘယ်လိုအချက်ဟာလဲ၊ တယ်အပူရှာတာဘဲနော်၊ သူနှင့်တွေ့မှဖြင့် အေးအေးစံတော်မူရတယ်လို့ မရှိပါဘူး။

(ခင်ဘုန်းက မျက်သား့မျက်လုံးကို စိုက်လို့ကြည့်ပြီး) သည့်လိုပါ ကိုယ်တော်၊ အခြားကြောင့်မဟုတ်ပါ၊ အထိန်းတော် သျှင်နီတာရဲ့သမီး "ခင်မြတ်"နှင့် ကိုယ်တော့် အကြောင်းကို လျှောက်တင်လိုတာပါ"

(ထီး) တင်စမ်းပါအုံး ခင်ဘုန်းရယ် ခင်မြတ်နှင့် ကိုယ်တော်အကြောင်းဆိုတာ ဘယ်လိုဟာလဲ။

(ဘုန်း) ကိုယ်ဘော်ဟာလေ ခင်မြတ်နှင့်တွေ့ပြီဆိုမှဖြင့် ဘုန်းဘုန်းကို မေ့တော်မူတယ်လို့ ထင်တယ် တခါတခါ ခင်မြတ်တို့အိမ်ကို ကြွတော်မူနေလိုက်ထာ သုံးလေးရက် ကြာကြာနေတာဘဲ၊ ခင်မြတ်ကလေးနှင့်အတူတူ ကစားတော်မူနေတဲ့အခါများ ခင်ဘုန်း လျှောက်တင်တဲ့စကားကို မကြားသလိုလို လုပ်လုပ်နေတာလဲ များလှပြီ၊ ခင်ဘုန်းမှတ်ထားတဲ့ အချက်တွေ အပုံကြီးဘဲ ကိုယ်တော်ရဲ့။

(ထီး) အို-ဟိုမှာလဲ အထိမ်းတော်ကြီးရဲ့ သမီးတော် ဖြစ်နေတော့ တခါတခါများလဲ သွားသွားပြီး လယ်ပတ်တော် မူရသေးတာပေါ့ ခင်မြတ်ကလေးဟာလဲ သည်ကိုယ်တော်၏အပေါ်မှာ သည်းညည်း အတော်ခံရှာပါတယ်။

(ဘုန်း၊ အမယ်လေးလေး သည်းညည်းခံတာကို ထိပ်တဲင်က ကျေးဇူးတင်တော်မူရအုံးမှာလား။ ။ဘုရင့်သားဘဲ ဘယ်သူအားမျှ သည်းညည်းမခံဘဲနေဝံ့မလဲ။

(ထီး) အဲလေ-ဟုတ်ပါတယ် ခင်မြတ်ကတော့ ခင်ဘုန်းလို ပူပူဆာဆာ မလုပ်တတ်ရှာဘူး သနားစရာကောင်းထာကလေးဘဲ။

(ဘုန်း) ဟော-ပြောရင်း,ဆိုရင်း,၊ ဟိုဘက်ကိုယိုင်တဲ့စကားတွေကို အမိန့်တော်ရှိကုန်ပြီ သိပါတယ်ကိုယ်တော် ခင်မြတ်နဲ့ မျှား စကားပြောတော်မူရလျှင် ဘယ်သူ့ကိုမျှ သတိရတော်မမူပါဘူး။

(ထီး) အို-သည်လိုလဲ မဟုတ်ပါဘူး ခင်ဘုန်းရယ် တကယ်ဆိုတော့ ခင်ဘုန်းထက်ပိုမိုပြီး ဟိုကို အချစ်မသာပါဘူး မေတ္တာအရှိဆုံးကတော့ ခင်ဘုန်းပါဘဲ။ ။သို့ရာတွင် တခါတခါ ခင်ဘုန်းက ပူဆာလွန်း အားကြီးတော့ ခင်မြတ်တို့ အိမ်ကို သွားပြီး ကစားတော်မူရတာပေါ့။

(ဘုန်း) သိပါတယ်ထိပ်တင် အရွှယ်ငယ်ပေတယ်လို့ မလယ်မဝယ်ဘူး ထင်တော်မမူပါနဲ့ ။ ။မှတ်ထားတဲ့ အချက် တခုကို တင်စမ်းပါရစေအုံး ခင်ဘုန်းစိတ်ဟာ သိပ်အမှတ်ကြီးပါဘယ် ကိုယ်တော်။ ။တိုလွန်ခဲ့တဲ့ ဆယ်ရက်လောက်တုံးက ခင်ဘုန်းတို့အိမ်ကို မကြွလာတဲ့အတွက် မျှော်တဲ့အခါ ပျင်းပျင်း ရှိတာနှင့် တောင်ဥယျာဉ်ထဲကို ခင်ဘုန်း သွားလယ်တယ်။ ။သည်အခါ ကိုယ်တော်နှင့် ခင်မြတ်၊ ဇယ်ခပ်တန်း ကစားနေကြတယ် မဟုတ်လား၊ ပတ္တမြားဇယ်တွေကလဲ တထိန်ထိန်ရဲနေတာဘဲ။ ။သည်အခါ ခင်ဘုန်းက ကိုယ်တော့် အပါးကိုလာပြီး၊ ပါစမ်းပရစေလို့ သံတော်ဦး တင်တယ် မဟုတ်လား ထိတ်တင်ကလေး မကြားချင်ယောင် ဆောင်ပြီး သည်ကခင်ဘုန်းကိုမှ လှဲ့လို့ကြည့်တော်မမူဘူး၊ ခင်ဘုန်းမှာ မျက်နှာ ငယ်ငယ်ကလေးနဲ့ ၊ အပါးတော်က မခွါဘဲ၊ အသာကလေး ငေးကြည့် နေရတယ်။ ။ဇယ်ခပ်ပွဲပြီးတော့၊ ကိုယ်တော်က သဒ္ဓါတရား ကောင်းလိုက်ထာ၊ ပတ္တမြားဇယ်တွေကို ခင်မြတ်လက်သို့ အကုန် သနားတော်မူ လိုက်တယ် မဟုတ်လား၊ ခင်မြတ်နှင့် တွေ့တော့ ခင်ဘုန်းကို မေ့တာ အမှန်ပေါ့ ကိုယ်တော်။

(ထီး) အို-သည်လို သဘောထားမှန်းကို ထိပ်တင်မသိပါဘူး၊ ကစားစိတ် သန်နေတုန်းမို့ ခင်ဘုန်းကို သတိလစ်သွားတာ ထင်ပါရဲ့ ။ ။ပတ္တမြားဇယ်တွေကို ပေးလိုက်ထာလဲ မှန်ပါတယ်၊သည်လို ဇယ်မျိုးတွေကို ခင်ဘုန်းက ဘယ်လောက် အလိုရှိသလဲ မယ်တော်ဘုရားအဆောင်မှာ တထောင်,တသောင်း,မက ရှိပါသေးတယ်။

(ဘုန်း) အလိုမရှိပါဘူး ကိုယ်တော်ရယ် သူတပါးကိုသနားပြီးမှ ဆုတော်, လာဘ်တော်, မချပါနှင့်တော့ဘုရား၊ (မျက်နှာမဲ့မဲ့နှင့် ဝမ်းနည်းသံပါပါ ပြောလေသည်။)

(ထီး) အလိုခက်နေပါပေါ့ကလားကရို ခင်မြတ်ကို သနားတော်မူတာ မျှားစွာကြီး မဟုတ်ပါဘူး ခင်ဘုန်းရယ် သည်အခါတုန်းက ပတ္တမြား တလက်ခုတ်လောက်သာ ရှိပါတယ်။ ။ ခင်ဘုန်းလိုသမျှ အခါတိုင်း ရနေတယ်မဟုတ်လား၊ ရွှေငါးရုပ်, ရွှေဖါးရုပ်, ကလေးတွေဟာ ခင်ဘုန်းလက်မှာ အမျှားကြီးပါဘဲ၊ ပတ္တမြားဇယ်တွေမက မြဇယ်နှင့် စိန်ဇယ် တွေကိုလဲ၊ ကိုယ်တော် ပေးဘူးပါတယ်၊ ခင်ဘုန်းတို့အိမ်မှာ စိန်ဇယ်တွေနှင့် နေ့စဉ် ကစား နေကြတယ် မဟုတ်လား။ ။ပတ္တမြားတတန့်, စိန်တတန့်, အကန့် အကန့် စီချယ်ထားတဲ့ စစ်ဘုရင်ခုံကိုလဲ ခင်ဘုန်းကို ပေးပြီးသားဘဲ။ ။ဟုံသာဝတီက ဆက်လိုက်တဲ့ တိုပုလုံကုံးကြီးလဲ ခင်ဘုန်းလက်

မှာ မဟုတ်လား၊ သည်ပုလဲကုံးကြီးဟာ အလွန်တရာ အဘိုးတန်ပါတယ်၊ သည်လိုအရာတွေကို တွေးကြည့်လျှင် ပတ္တမြားဇယ်ကလေးတွေကို ပေးတော်မူတာ မပြောစလောက်ပါဘူး။

(ဘုန်း) အို-ဆုတော်,လာဘ်တော်, သနားတော်မူတာကို မနာလိုလို့ ခင်ဘုန်းကတင်တာ မဟုတ်ပါဘူး၊ ကိုယ်တော်က ခင်မြတ်ကို အချစ်သာပြီး မေတ္တာ ပိုတယ်ထင်လို့ လျှောက်တင်ရ ထာပါ တကယ်ဆိုတော့ ခင်ဘုန်းတို့ အပေါ်မှာ မေတ္တာတော် သာဘို့ကောင်းတယ် မဟုတ် လားထိပ်တင်။

(ထီး) အို- အသိသားနဲ့ အရွဲ့တိုက်ပြီး တင်နေပြန်ပါပြီ ခင်မြတ် အပေါ်မှာ မေတ္တာ တော် ဘာကြောင့် သာရမှာလဲ ခင်မြတ်တို့ မိခင်ထံမှာ တခါတရံမှ နို့စို့ခဲ့ဘူးတာလဲ မဟုတ်ပါဘူး။ ။မယ်တော်ဘုရားကလဲ ခင်ဘုန်းအပေါ်မှာသာ မေတ္တာတော်တော် စူးစိုက် ပါတယ်၊ ခင်ဘုန်းနှင့် ရွှေထီး၊ သား, သမီး, နှစ်ယောက် ရှိတယ်လို့ မယ်ဘုရား ကလဲ မကြာမကြာ မိန့်တော်မူနေတာကိုလဲ အသိသားဘဲ မဟုတ်လား မက်တော်ဘုရားရဲ့ အဆောင် များကို ခင်ဘုန်းသွားတဲ့အခါ ဘယ်ကလောက်များ အလိုလိုက်သလဲ၊ မယ်တော်ဘုရားပိုင်တဲ့ ရတနာကို ခင်ဘုန်း လိုချင်တာ ရတယ်မဟုတ်လား။ ။ခင်မြတ်ဆိုတာ မယ်တော်ဘုရားအဆောင် တော်သို့ ဝင်ရောက်ခစားလျှင် ရဲရဲစကားပြောဘို့ဝေးရော နဲနဲကလေးမှ မလှုပ်မရှားဝံ့ဘူးမဟုတ် လား။ ။အသိသားနဲ့ ခင်ဘုန်းရယ် ကိုယ်တော် စိတ်မချမ်းသာအောင် မလျှောက်တင်စမ်း နဲ့ မပူဆာဘူးဆိုပြီး ပူဆာတဲ့ စကားမျိုးတွေကို ပြောလာပြန်ပါပကော။

(ဘုန်း) မပူဆာပါဘူး ကိုယ်တော်ရယ် ခင်မြတ်တို့လို မျက်နှာငယ်ပြီး ကြုံ့ကြုံ့ကလေး နေမှ ကြိုက်တော်မူကြောင်းကို ရိပ်မိပါပေါ့။ ။ထိပ်တင်ရဲ့ မယ်တော်ဘုရားက ခင်ဘုန်းအပေါ် မှာ စေတနာ မေတ္တာနှင့် သဒ္ဒါတော် မူကြောင်းကိုလဲ သိပါတယ်။ ။မယ်တော်ဘုရား သဒ္ဒါ တော်မူတာက အရေး မကြီးလှပါဘူး၊ ထိပ်တင်ကိုယ်တိုင် သဒ္ဒါမှ ခင်ဘုန်းကမြတ်နိုးတာဘဲ။ ။ ကဲလေ- တင်စရာတွေတော့ အများကြီးရှိသေးတာဘဲ၊ သည်ကံတော်ထဲမှာ မတင်သေးပါဘူး၊ကြာ ကြာ ပြောလျှင် မင်းသားနှင့် အထိန်းတော်ရဲ့သမီး၊ စစ်ပွဲကြီး ဖြစ်နေပါလိမ့်မယ်။ ။ကဲ-ဟို လှေတော်ရုံသို့ ကြွတော်မူပါအုံး၊ ခင်ဘုန်းလဲ လိုက်ပါမယ်။

ဤသို့ ပြောဆိုကြပြီးလျှင် ခင်ဘုန်းနှင့် တပင်ရွှေထီးသည် လှေများ ထားသောရုံသို့ သွားကြလေ၏။ လက်စွဲတော်ကလေးများ ခင်ဘုန်းနှင့် အတူပါလာသော သမီးကညာကလေးများ လည်း ပန်းတွေကိုပိုက်၍၊ နောက်တော်က လိုက်ပါကြလေသည်။

လှေတော်ရုံသို့ ရောက်သောအခါ လှေတော်သားများလည်း မင်းသား ကြွရောက်လာ သည်နှင့်၊ နဖူးမြေထိ ဝပ်ပြားလျက် ရှိသေစွာ ခစားနေကြလေ၏။

ခင်ဘုန်းသည် ရတနာ အမျိုးမျိုး စီချယ်ထားသော လှေတော်များကို မြင်လျှင်၊ စီးချင်သော အာသာ ကန်တော်ထဲမှာ လှည့်ပတ်လိုသော ဆန္ဒရှိသည်နှင့် "ကိုယ်တော်-သည်ကန် တော်ကြီးထဲမှာ မင်္ဂလာ လှေတော်စီးပြီး၊ ကြာပန်းတွေကို ချိုးချင်တယ်ဘုရား" ဟု လျှောက် တင်ရာ၊ တပင်ရွှေထီးက ခင်ဘုန်း အလိုဆန္ဒအတိုင်းပါဘဲ၊ ကိုယ်တော်ကလဲ သည်ကန်တော်ထဲမှာ ရေသဘင်ပွဲ ခံသလို ပျော်ပျော် စံချင်ပါတယ်" ဟု မိန့်တော်မူပြီးလျှင် လှေတော်သားများကို

အမိန့်ပေးရာ "ရတနာယဥ်ပျံ" ခေါ်သော လှေတော်ကို ပြင်ဆင်ကာ၊ မင်းသားသို့ ဆက်ကြလေ၏။

တပင်ရွှေထီးလည်း ခင်ဘုန်းနှင့်အတူ ပြိုင်ယှဉ်၍ စီးတော်မူရာ၊ နောက်ပါ ခြွေရံတော်များလည်း ခစားလိုက်ပါကြလေသည်။ ထိုအခါ သူရိယာ နေရှိန်ကလည်း မမှိန်တမှိန် ဝင်လူခါနီး အချိန်ဖြစ်သဖြင့် ကန်တော်ရေပြင်တလျောက်ကို အရောင်တောက်ပြီး ရှုစား၍ ကောင်းရုံမျှ ထွန်းပလျက်ရှိလေသည်။ ညနေချမ်းအခါ လေပြည်လေညင်းများကလည်း တဖြူးဖြူးတိုက်ခပ်လာသဖြင့် လွန်စွာ အေးမြခြင်းကိုဖြစ်စေ၏။ လေညင်းဖြင့် ယိမ်းနွဲ့၍ နေသော ကြာပန်း၊ ကြာငုံတို့ကလည်း လေဟုန်အလိုက် ကစား၍နေကြသည်မှာ လွန်စွာကြည့်ရှုဘွယ် ကောင်းလေသည်။ အိပ်တန်းခိုခါနီးတွင် အရေးတကြီး ပန်းဝတ်ရည်အရသာကို စုတ်ကြသော ပျားပိတုန်းတို့မှာလည်း လွန်စွာ အလုပ်များ၍နေကြလေ၏။ ကြာဘက်ကြီးပေါ်တွင် တင်၍ နေကြသော ရေလုံး၊ ရေပေါက်၊ ကလေးများလည်း ပုလဲအသွင် ဖူးစင်တောက်ပြောင်၍နေရာ နေရောင်ဝါနှင့် ပဏ္ဍာဟပ်သဖြင့် တလျှပ်လျှပ်တင့်တယ်၍ နေကြလေသည်။

တပင်ရွှေထီးနှင့် ခင်ဘုန်းတို့သည် လေးကျွန်းကန်တော်အတွင်း၌ လှေတော်စီး၍ လှည့်ပတ်ကြရာ၊ လွန်စွာဆန်းကြယ်သော ကန်၏ မင်္ဂလာတွေကိုမြင်ရာ၊ ခင်ဘုန်း၏စိတ်ထဲမှာ လွန်စွာ ရွှင်လန်းခြင်းဖြစ်၍လာလေ၏။

လှေတော်သားများကလည်း မင်းသားက အမိန့်ပေးတော်မမူသည်နှင့် လှေသီချင်းများကို မဆိုကြဘဲ ခပ်လေးလေးတက်ကိုဆွဲ၍ လှော်သွားကြရာ ခင်ဘုန်းက "ကိုယ်တော် ဂလှလှော်တဲ့အခါမှာ မင်္ဂလာ လှေတော်သံများကို၊ သီဆိုကြတယ်လို့ ကြားဘူးပါတယ်၊ ယခု လှေတော်သားများ အမူတော် ထမ်းပုံမှာ လွန်စွာ ဆိတ်ငြိမ်လှပါကလား" ဟု တင်သည်တွင် တပင်ရွှေထီးက "ဩော်- ခင်ဘုန်းတင်တဲ့အတိုင်း မှန်ပေတယ် စီစီညံညံ ရှိအောင် အမှုထမ်းစေရမှာပေါ့"၊ ဤသို့မိန့်တော်မူပြီး၊ လှေတော်သားများကို အမိန့်ပေးတော်မူရာ အမိန့်တော်အတိုင်း လှေတော်သားများက အောက်၌ ပါရှိသော လှေတော်သံမျိုးကို သံပြိုင်ရွတ်ဆိုကာ အမှုထမ်းကြလေသည်။

"မင်္ဂလာလှေတော်သံ"

(၁) တိုင်း-ကေတုပြည်၊ ဘုန်းရောင်ခြည်ဖြိုးပါဘိ။ ဒီပါနယ်တရိုးမှာတော့။ စိုးမိုးတေဇာနှင့်၊ ကေရာမှုးကိုလေး။ ဦးတင်သချီ။

(၂) နွှန်း-ဘက်မပြိုင်၊ရွှေမဏ္ဍိုင်နန်းငယ်နှင့်။ရစ်ဖြူ- လှစ်ထူမြန်းပါလို့၊ ရံသန်းသေနင်နှင့် မြေအပြင် ဝေဟင်လုံးကိုလေ၊ ဘုန်းတော်နှင့်ပိုင်။

(၃) ဘုန်း-တော်ကြောင့်ပေါ်။ ရွှေကန်တော်ထဲမှာလ။ ကြာခိုင်၊ ညာဆိုင်၊ နွဲ့ပါလို့၊ ပျံ့ဝဲရှင်ပျော်တဲ့။ ငွေဇင်ယော်ပေါင်းငယ်လေး။ ကောင်းကင်ကလာ။

(၄) မွှေး-ထုံနံ့ကြိုင်။ ကြာဂနိုင်ကြီးဟာမို့။ ဝတ်ရေ၊ ဆွတ်ချွေ၊ မှီးရှာကြ။ ဒီးဒီးမြည်သံနှင့်။ စီညံညီပဒုံးငယ်လေး။ အုံးကြွက်ကြွက်ဆူ။

တော်ရှုမျှော်တော်မူစမ်းပါ ကြာပန်းတွေ ဘယ်လောက် လှသလဲလို့ ညို့ပြာ၊နီ၊ဖြူ၊ရန့်တွေကတကြူကြူနှင့်ခူးယူဘို့အလွန်ကောင်းတာဘဲထိပ်တင်။

(ထီး) "အင်း-ကြာပန်းတွေကိုမြင်တာနှင့်လိုချင်တဲ့ စိတ်တွေပေါ်လာပြန်ပလားခူးတော်မူပေးပါလို့ ပူပူဆာဆာတင်ပါ အုံးတော့လား။

(ဘုန်း) ပူပူ ဆာဆာ တော့ မတင်ပါဘူး အလိုက်သိတော်မူတာဖြင့် ထိပ်တင်ကိုယ်တိုင်ခူးပေးမှာပေါ့။

(ထီး) ကဲ-ကဲ-စကားတွေ များမနေနဲ့ တော့နေမင်းလဲဝင်လူပြီ ခင်ဘုန်းရဲ့အကြိုက်အလိုတော်လိုက်ရအုံးမှာပေါ့ ဤသို့မိန့်တော်မူပြီးလျှင် လှေတော်အနီးတွင် လက်လှမ်းမှီသောကြာပန်းတွေကိုကိုယ်တော်တိုင် ခူး၍ပေးတော်မူသည် ခင်ဘုန်းသည် ကြာပန်းတွေကိုများများရသော်လဲ အားရတင်းတိမ်ခြင်း မရှိသည်နှင့် စိတ်ကျေနပ်သည်တိုင်အောင် ခူးပေးမည်အကြံတော်နှင့် ကြာပန်းတို့ကိုလှမ်းကာလှမ်းကာ ခူးတော်မူနေခိုက်တွင် ကြာပွင့်တပွင့်ထဲ၌ ခိုအောင်း နေသောပျားတကောင်ကသပင်ရွှေထီး၏လက်ညှိုးငယ်ကိုနာကျင်စွာတုပ်လိုက်လေ၏။မင်းသားမှာလွန်စွာနာကျင်လှသဖြင့် အထိတ်တလန့်ဖြစ်ပြီး "အမယ်လေးခင်ဘုန်းရဲ့ ရန်သူတော်ကြီး၊ရန်သူတော်ကြီး, ဟုလွှတ်ခနဲမိန့်တော်မူလိုက်ရာ ခင်ဘုန်းမှာရုတ်တရက် အံ့အားသင့်ကာ ပြာရီးပြာရာနှင့် မင်းသားကိုအတင်းဖက်ပြီး "ဘယ်မှာလဲရန်သူတော်, ဘယ်မှာလဲရန်သူတော်," ဟုလျှောက်တင်လေသည်။

"ရန်သူတော်ဆိုသော စကားကိုကြားသည်နှင့် တပြိုင်နက် လှေတော်သားများလည်းတက်ကိုယ်စီးထမ်း၍ အပါးတော်သို့အရေး တကြီးလာကြသည်တွင် တပင်ရွှေထီးက လက်ဝါးတော်ကိုပြပြီး "မောင်းမင်းတို့ ကိစ္စကိုသာ မောင်းမင်းတို့ ဆောင်ရွက်ကြပါ" ဟုမိန့်တော်မူသည်နှင့် လှေတော်သားများလည်း မိမိတို့နေရာတွင် ပြန်၍ထိုင်ကာ လှေတော်ကိုသာ လှော်နေကြလေ၏။

ခင်ဘုန်းက "ရန်သူတော်ဆိုလို့ ခင်ဘုန်းစိတ်မှာအထိတ်တလန့် ဖြစ်သွားတယ်ဘယ်မှာလဲကိုယ်တော်"ဟု လျှောက်တင်ရာ မင်းသားကလေးက "အို-အရေးမကြီးလှပါဘူး အလန့်တကြားယောင်အော်မိဘာပါ ကိုယ်တော်ခူးတဲ့ ကြာပန်းပွင့်ထဲက ပျားကလေး တကောင် လက်ညှိုးတော်ကိုတုပ်လိုက်တယ် ခင်းဘုန်းရဲ့ ပျားဆိတ်များဟာ အလွန်ပြင်းထန်ပါကလား" ဤသို့မိန့်တော်မူလျှင် ခင်ဘုန်းက "အို-ဖြစ်မှဖြစ်ရပလေတယ် ကိုယ်တော်ရယ် ပျားဆိတ်ပျောက်အောင် ခင်ဘုန်းကုကနိုင်ပါတယ်" ဆိုပြီးလက်ညှိုးတော်ကိုကိုင်ကာ မိမိခံတွင်းမှာ ထည့်၍ငုံထားလေ၏။

တပင်ရွှေထီးက ခင်ဘုန်း၏ အမူအရာကိုကြည့်ပြီး "ငါ့အပေါ်မှာအပုံကြီးကြင်နာပါပေတယ်သူ့မေတ္တာကရုဏာဟာ အလွန်ရင်းချာတာဘဲ"ဟု တွေးတောတော်မူမိလေ၏။

(ခင်ဘုန်းက လက်ညှိုးတော်ငုံရင်း အာလုပ်သံပါပါမပြီမသနှင့်)ကိုယ်တော်ဖြင့်မစူးမစမ်းဘဲအရေးတကြီး ပြုတော်မူတာချည့်ဘဲ ပျားနှင့်ကြာပန်း ဆိုတာ မဟာမိတ်ကြီး ဖြစ်နေတာဘဲ ပျားဘေးမထိအောင် အသေအချာ ကြည့်ရှုဘို့ကောင်းပါတယ်။

(မင်းသားကပြုံးပြီး) ခင်ဘုန်းကဖြင့် အပြစ်တင်ချင်တာချည့်ဘဲကြာပန်းကိုလိုချင်ကဲ့သူက ပူပူလောလောအလျင်တဆောဖြစ် နေသာဘဲ သေသေ ချာချာ ဘယ်မှာကြည့်ရှု တော်မူနိုင်ပါတော့မလဲ။

(ဘုန်း) ကဲ-သည်တခါဖြင့်ခင်ဘုန်းရဲ့ အပြစ်ပါဘဲကိုယ်တော်နောင်များတော့ သတိထားပါတော့မယ် ကဲ-ဘုရားနိမိတ်တော်လဲ မကောင်းပါဘူး နေမင်းလဲဝင်လူပါပြီ မင်္ဂလာကန်ထဲက တက်ကြပါစို့။

ဤသို့လျှောက်တင်ရာ တပင်ရွှေထီးက လှေတော်သားများကိုအမိန့်ပေးသည်နှင့်လှေရုံသို့ ပြန်၍လှည့်ကြလေ၏။ ခင်ဘုန်း၏ အာငွေ့ဖြင့် ပျားဆိတ်မတက်ဘဲ သက်သာကော်မူလေသည်။

(ထီး) ခင်ဘုန်းကျေးဇူးဖြင့် အပုံကြီးနေပေါ့။

(ဘုန်း) ဘာကြောင့်လဲကိုယ်တော် ခင်ဘုန်းအတွက် ပျားတုပ်ခံတော် မူရလို့လား။

(ထီး) အို-မဟုတ်ပါဘူးခင်ဘုန်းရယ် လက်ညှိုးတော် ငုံပေးသဖြင့် သက်သာပျောက်ကင်းသွားပါပြီး ခင်ဘုန်းရဲ့ အာစက် လျှာစက်ဟာ ပျားဆိတ်ထက် ထက်မျက်ပါ သေးကလား။

(ဘုန်း) ဩော်-တာကြောင့် ကျေးဇူးတင်တော်မူတာကိုး။

အဆိတ်တကာအဆိတ်မှာ လူဆိတ်ဟာ အထက်ဆုံးပါတဲ့ဘုရား လူဆိတ်ထဲမှာလဲ မိန်းမများရဲ့အဆိတ်ဟာအထက် ဆုံးပါတဲ့ဘုရား သို့ကလိုခင်ဘုန်း ကြားဘူးပါတယ်ကိုယ်တော်။

ဤသို့ပြောဆိုလျှောက်တင်ကြရင်း လှေတော်ရုံသို့ရောက်ရာ မင်္ဂလာလှေတော်မှသက်ဆင်းကြပြီးလျှင် နေဝင်လူနီးသည်နှင့် ရထားအတူစီးပြီး ခင်ဘုန်းတို့အိမ်သို့ တပင်ရွှေထီး ပြန်လည်မူခဲ့လေ၏။ နောက်ပါရံရွှေတော် များလည်း လက်စွဲတော်များ ကတ်သိုက်အပျိုကညာကလေးများကတသိုက် ရထားစီးကာ နောက်တော်က လိုက်ပါကြလေသည်။

သျှင်ရဲထွတ်မှာ တပင်ရွှေထီးနှင့် ခင်ဘုန်းတို့"ရတနာယဉ်ပျံ"ခေါ်သော လှေတော်ကိုစီး၍လေးကျွန်းကန်ကြီးအတွင်း လယ်ပတ်ကြစဉ်ကပင် ရထားစီး၍ အိမ်သို့ပြန်နှင့်လေ၏။

---

# အခန်း (၁၆)

## "သျှင်ရဲထွတ်နှင့် သခင်ကြီး"

သခင်ကြီးသည် ဘုရင်မင်းကျိုးညို၏သမီးတော်ဖြစ်ကြောင်း တပင်ရွှေထီးနှင့်အဘတူအမိကွဲ အစ်မတော်ဖြစ်ကြောင်းများကို ပြဆိုခဲ့ပြီးဖြစ်၍ ထိုသခင်ကြီးအကြောင်းကို အထူးရေးသားဖေါ် ဘော်ပြနေရန် မလိုတော့ချေ သျှင်ရဲထွတ်သည် တပင်ရွှေထီးနှင့် ညီနောင်အရင်းအချာနှင့်မခြား

များစွာချစ်ခင်လျက် သွားအတူလာအတူ ငယ်စဉ်ကစ၍ စားဘက်နို့စို့ဘက် ဖြစ်လာကြသော အတိုင်းမင်းသားများကဲ့သို့ နန်းတော်အဆောင်ဆောင်တို့၌ ပိတ်ပင်ဆီးတား ခြင်းမရှိဘဲသွားလာ ထွက်ဝင်ခွင့်ကိုပြုနိုင်သည်။

ဘုရင်မင်းကျီးညိုကလည်း သားတော်တပင်ရွှေထီးနှင့် အထူးချစ်ကျွမ်းဝင်ကာနို့စို့ဘက် ဖြစ်သည့်အတွက် သျှင်ရဲထွတ်ကို အရာရာ၌ အခွင့်ပေး၍ အရေးတယူ ပြုတော်မူသည်။

တပင်ရွှေထီး၏ မယ်တော်ဖြစ်သော "ရာဇဒေဝီ" သျှင်မိဖုယားကြီးကလည်းသားတော် တပင်ရွှေထီးနှင့် ကစားဘက် နို့စို့ဘက် ဖြစ်ရုံမျှမက လွန်စွာချစ်ခင် ကြသည့်အတွက် သျှင်ရဲထွတ်အပေါ်တွင် သားတော်ရင်းတပင်ရွှေထီးအလားကဲ့သို့ များစွာပင်ချစ်ခင် ယုယတော်မူသည်။

ဤကဲ့သို့ နန်းတော်အတွင်းအပြင် ဝင်ခွင့်ထွက်ခွင့် ရနေသည်နှင့်သျှင်ရဲထွတ်သည်အထိန်း တော်၏သားပင် ဖြစ်သော်လည်း မင်းညီမင်းသားကဲ့သို့ပင် သွားလာ ထွက်ဝင်ခွင့်ကို ရရှိလေ သည့်ပြင်တောင်ဥယျာဉ် မြောက်ဥယျာဉ် တို့မှာလည်း တပင်ရွှေထီးနှင့် အတူတကွ ကစားမြူးတူး၍ နေလေ့ရှိပေသည်။

ငယ်ရွယ်စဉ်ကစ၍ အတွေ့အကြုံများ၍ ကစားဘက်ဖြစ်၍လာခဲ့ရာ သို့မီးတော်သခင်ကြီးက လည်း သျှင်ရဲထွတ်အပေါ်မှာ များစွာချစ်ခင်ရင်းနှီးလျက်ရှိလေ၏ သျှင်ရဲထွတ်ကမူကား ငါ့ထက် ဂုဏ်အရည်အခြင်း မြင့်မြတ်သူ ဖြစ်ပေသည် ငါနှင့်အတန်းမတူချေ ဤကဲ့သို့ သဘောထားရင်းရှိ သောကြောင့် ရင်းရင်းနှီးနှီး ချစ်ခင်ခြင်းကို မပြုဘဲနေလေသည် သခင်ကြီးကချစ်ခင်သလောက် သျှင်ရဲထွတ်ကပြန်၍မချင်ခင်မေတ္တာထားပုံအားဖြင့် ကွာခြားလျက် ရှိနေသည်ဟုဆိုလိုသည် ဤ သို့ဖြစ်နေသည်အတွက် သခင်ကြီး၏စိတ်ထဲမှာ "ငါချစ်သလို ဘာကြောင့်သူမချစ်ရသလဲ ငါက သူ့အပေါ်မှာ ဂရုစိုက်သလို သူကငါ့အပေါ်မှာ ဘာကြောင့် ဂရုစိုက်ရသလဲ" ဟူသောသ ဘောမျိုးနှင့် မကျေမချမ်းနိုင် ဖြစ်နေလေသည် သခင်ကြီးကသျှင်ရဲထွတ်က ချစ်ခင်သည့်အတွက် ပစ္စည်းဘဏ္ဍာရတနာမျိုးမျိုးတို့ဖြင့် မိမိဘတ်စွမ်းနိုင်သမျှ ပေးကမ်းချီးမြှင့်ပါသော်လည်း သျှင်ရဲ ထွတ်က ထိုပစ္စည်းများရသဖြင့် ဝမ်းမြောက်သော အမူအရာနှင့်ကျေးဇူးတင်သော လက္ခဏာများကို မပြသဖြင့်သခင်ကြီးစိတ်တဲမှာ များစွာအားမရနိုင်ခြင်း ဖြစ်၍နေပြန်လေသည်။

တနေ့သောအခါ တောင်ဥယျာဉ် တော်ထဲတွင် သျှင်ရဲထွတ်နှင့် သခင်ကြီးတို့တွေ့ဆုံကြရာ သျှင်ရဲထွတ်က ဂရုမစိုက်သော အမူအရာနှင့် ရေကန်ထဲတွင် ပြေးသွားကွန့်မြူး၍နေသောရွှေငါး ငွေငါးများကို စိုက်၍ကြည့်ရှုနေသည်တွင် သခင်ကြီးက ရုတ်တရက် အနားသို့ကပ်ပြီး ဖြတ်ခနဲ နောက်ကနေ၍ ဖက်လိုက်ရာ သျှင်ရဲထွတ်ကလှည့်၍အကြည့်လိုက်တွင် သခင်းကြီး၏ မျက်နှာကိုမြင် သဖြင့် "မင်းသို့းဖြစ်ပါလျက်နှင့် တယ်ဂုဏ်ငြွနဲ့တာကိုး ခင်ခင်ကြီးဟာလည်းအရွယ်မငယ်တော့ဘူး နော် ဟိုတုန်းက ကလေးဘဝလိုချည်းမှတ်မနေနဲ့ နှစ်ယောက်ချင်း တွေ့ကြုံမှဖြင့် သည်ပုံကြီး ကျီစယ်တော် မူလေ့ရှိတယ် ရွှေနန်းရှင် ဘုရားမြင်လျှင် အထင်မလွဲတန်ဘဲနှင့် လွဲသွားမှဖြင့် ခင်ခင်ကြီးမှာကိစ္စမရှိ သည်ကထွတ်ထွတ်မှာ ရာဇဝတ်ထိသွားမှာကို စိုးရိမ်ရပါတတ် သွားမှာ ကိုသွားပါသည်အနားလာပြီး နှောက်ရှက်မနေပါနဲ့ ထွတ်ထွတ်အလုပ်ပျက်ပါတယ် (မျက်နှာ ခပ်ထားထားနှင့်ပြောလေသည်။)

(သခင်ကြီး) အမယ်လေးလေး သွေးကြီးလိုက်တာ သူ့ကိုထိတာကောင်မှမခံနိုင်ချင်ရှာတော့ဘူး ခင်ခင်ကြီးလာလို့ ဘာအလုပ်ပျက်စရာရှိသလဲ။

(ထွတ်) မမြင်ဘူးလား ရွှေငါးငွေငါးကလေးတွေ ရေကန်ထဲမှာပျော်ပါးပြီးကစားမြူးတူးနေလိုက်ကြတာ ဘယ်လောက် ကြည့်ရှုစရာကောင်းသလဲ သခင်ကြီးလာနှောက်ရှက်လို့ ရွှေငါးငွေငါးကြည့်နေတဲ့ အလုပ်ပျက်ကုန်ပြီ။

(သခင်ကြီး) အင်း-ပြောပုံကြီးများကဖြင့် သည်နည်းချည်းဘဲ ဘယ်တော့ခါမှသည်ကခင်ခင်ကြီးအပေါ်မှာ သက်သက်သာသာ ပြောတယ်လို့မရှိတော့ဘူး သူညီကလေးအပေါ်မှာဖြင့်ချစ်ခင်ဂရုစိုက်ပြီး အလိုလိုက်- လိုက်ရတာ လွန်ပါရော နေစမ်းပါအုံး ခင်ခင်ကြီးကိုတော့သည်ရွှေငါးငွေငါး ကလေးတွေလောက်မှ ဂရုမစိုက်နိုင်တော့ဘူးလား။

(ထွတ်) မင်းသွီးကို ဘာဂရုစိုက်စရာ ရှိသေးသလဲ ရွှေငါးငွေငါးကလေးတွေကလှန်စွာကြည့်ရှုဘို့ကောင်းတဲ့ပြင် ချစ်ခင်စရာ အပုံကြီးကောင်းတယ်။

(သခင်ကြီး) အင်း ပြောပါလိမ့်မယ် ခင်ခင်ကြီးကို ရွှေငါးငွေငါးကလေးလောက်မှအဘိုးတန်တယ်လို့ မထင်ဘူးလား

(ထွတ်) အဘိုးမတန်ဘူးလို့ ထွတ်ထွတ်ကပြောသလား

(သခင်ကြီး) အို-အဘိုးတန်တယ်လို့ ထင်လျှင်လဲ ဂရုစိုက်သင့်ပါတယ်။

(ထွတ်) အို-အဘိုးတန်တိုင်း ဂရုစိုက်ရမယ်လို့ ဘယ်ဆရာသမားကမှဟောကြားဆုံးမတဲ့စကားကိုမကြားဘူးပါဘူး ဂရုစိုက်တယ်ဆိုတာ ကိုယ့်သဘောအာရုံး ဖြစ်ရတာမျိုး အဘိုးမတန်ပေတယ်လို့ ဂရုစိုက်ချင်လျှင် စိုက်တတ်တာမျိုးဘဲ။

(သခင်ကြီး) နို့-နေစမ်းပါအုံး မေးစမ်းပရစေ ရွှေငါးငွေငါ ကလေးတွေနှင့်သခင်ကြီးကိုဘယ်ဟာကချစ်စရာ ကောင်းတယ်လို့ထင်သလဲ။

(သျှင်ရဲ့ထွတ်ကခေတ္တစဉ်းစားပြီး) ယခုစိတ်ဖြစ်နေပုံကိုပြောရမှာဖြင့်ရွှေငါးငွေငါးကလေးတွေကချစ်စရာ ကောင်းတယ်လို့ ထင်တာပါဘဲ။

(သခင်ကြီး) အဲ-သည်လိုအပြောမျိုးတွေကြောင့် သဘောမကျနိုင်အောင် ဖြစ်နေတာဘဲ။

(ထွတ်) သဘောမကျလျှင် ထွတ်ထွတ်ကို ဂရုမစိုက်ဘဲနေပါတော့လားမကြာမကြာဘာကြောင့်လာလာစနေရသလဲ။

(သခင်ကြီး) အတော်ပြောရက် တာဘဲနော်ခင်ခင်ကြီးဟာဘုရင့်သွီးအစစ်ပါထွတ်ထွတ်ကဲ့

(ထွတ်) ဩော်-ဘုရင့်သွီးဖြစ်လို့ ထွတ်ထွတ်ကို ပြောချင်သလိုပြော နေတာပေါ့လေဘုရင့်သွီးဆိုတာ တခြားမိန်းကလေးများထက် ဘယ်လိုများ သာလွန်သေးသလဲလူဘဲမဟုတ်လား

(သခင်ကြီး) ဩော်-အပုံကြီး အပြောရခက်နေပါပေါ့ကလား ထွတ်ထွတ်ကဲ့စိတ်ထဲမှာဘုရင့်သွီးဆိုတာ တခြားမိန်းကလေးများထက် ဘယ်လိုဂုဏ်မျိုးမှ မသာဘူးလို့ တကဲ့ကိုထင်မှတ်နေလို့မေတားလား။

(ထွတ်) ရှင်ဘုရင့်သို့ ဖြစ်လာတဲ့ဂုဏ်ကဖြင့် သာတာအမှန်ပါဘဲ ထို့ပြင်ဘယ်လိုမှသာတယ်လို့မထင်ပါဘူး ခင်ခင်ကြီးလိုချောတဲ့ မိန်ကလေးတွေဟာ လောကမှာအများကြီးပါဘဲ။

(သခင်ကြီး) ကဲလေ အတင်းကန်ပြောနေတာဘဲ ရှိပါစေတော့ ခင်ခင်ကြီးက သို့က လောက်အရေးယူပြီး အလိုလိုက်နေဝာဘဲ ထွတ်ထွတ်ကဘာကြောင့် ခင်ခင်ကြီးကို အရေးယူသလဲ

(ထွတ်) ဩော်-ခက်နေပြန်ပါပြီကရို ဘယ်လိုများအရေး ယူစေချင်လို့လဲ မင်းသွီးများဟာအလွန်တရာ အထင်ကြီးကြတာဘဲနော။

(သခင်ကြီး) အထင်ကြီးတာလဲ မဟုတ်ပါဘူး ဇာတိမာန်နှင့် သွေးမြင့်လျှင်ထွတ်ထွတ်ကိုသည်လို အရေးယူပမလား အရေးယူစေချင်တယ်ဆိုတာက အခြင်းမဟုတ်ပါဘူး ခင်ခင်ကြီးကချစ်ခင်သလို ထွက်ထွတ်ကလဲ ချစ်ခင်စေလိုတာပါဘဲ။

(ထွတ်) အို-ခင်ခင်ကြီးကို မချစ်ဘူးဆိုလို့ သည်လိုအမိန့်တော်ရှိတာလား

(သခင်ကြီး) အို-ချစ်တယ်ဆိုပေတယ်လို့ ခင်ခင်ကြီးချစ်သလို ညီတူညီမျှမှိအောင်ချစ်ခင်တယ်လို့မထင်ဘူး။

(ထွတ်) ခင်ခင်ကြီးချစ်ပုံက ဘယ်လောက်မြင့်အောင် ချစ်နေတယ်ဆိုတာတော့မသိဘူး ထွတ်ထွတ်ကဖြင့် ငယ်ရွယ်စဉ်ကစပြီး တတ်နိုင်သလောက်တော့ ချစ်ခင်နေတာ အမှန်ပါဘဲအချစ်ကိုမှီအောင် လိုက်ရမည်ဆိုလျှင် ဘယ်လိုလောက်အထိ ချစ်ရမှာလဲ အချစ်ဆိုတာ မြင့်ရတာမျိုးမှမဟုတ်ဘဲ။

(သခင်ကြီး) အဲ-တာမှ အပြောရခက်နေတယ် ကဲလေရှိပါစေအုံးတော့ နောက်များမှ သည်အချက်ကိုပြောပြပါမယ် နို့နေစမ်းပါအုံး ထွတ်ထွတ်ကဲ့စိတ်ထဲမှာ ချစ်တယ်ဆိုတဲ့ ဓါတ်မျိုးရှိသလား နေပုံကြီးက ဂ္ဂန္ဓြေရလွန်းလို့ မေးတာပါ။

(ထွတ်) လူကိုမဆိုထားနှင့် တိရစ္ဆာန်များမှတောင် အချစ်ဓါတ် ရှိကြပါသေးတယ်သည်ကထွတ်ထွတ်ကိုသွေးမရှိတဲ့ ပုဇ္ဇန်လုံးထင်လို့ မေးတာလား။

(သခင်ကြီး) ဟော-အလှဲ့ထင်ကုန်ပြန်ပြီ ထွတ်ထွတ်ဟာလေ ခင်ခင်ကြီးအပေါ်မှာဖြင့် အပြစ်ရှာဘို့ကြံနေတာ ချည်းဘဲ စိတ်ချင်းမညီညွတ်ထာ လောကမှာအခက်ဆုံးဘဲနော်။

(ထွတ်) ခက်ချင်လျှင်လဲခက်နေပေတော့ထွတ်ထွတ်ဟာဘယ်တော့မှချော့ချော့မော့မော့ဖြင့်မပြောတတ်ဘူး မှန်တဲ့အတိုင်း, ထင်တဲ့အတိုင်း, ဘွင်းဘွင်းပြေလေ့ရှိတာဘဲ မင်းသွီးသော့,မင်းသားသော့,သဘောမပါဘဲ အလိုလိုက်ပြီး အကြိုက်ကိုတော့ ဖြေလိမ့်မယ်လို့ ထင်တော်မမူပါနဲ့.

(သခင်ကြီး) နေစမ်းပါအုံး ခင်ခင်ကြီးကဖြင့် ချစ်လိုက်ရတာ အခါခါတွေ့ချင်တဲ့စိတ်တွေနှင့်နေရတာဘဲ ထွတ်ထွတ်အပေါ်မှာ စိတ်စေတနာသန်တိုင်း ပေးချင့်ကမ်းချင် လိုက်တာလဲလွန်ပါရော ဂုဏ်ဖေါ်ချင်လို့ပြောတာလဲ မဟုတ်ပါဘူး သတိရစေချင်လို့ ပြောတာပါ အဆင်တန်ဆာရတနာမှစ၍ ခင်ခင်ကြီးကပေးသမျှတွေကိုလဲ ကျေးဇူးတင်တဲ့ စိတ်များမဖြစ်ဘူးလား

(ထွတ်) အလို-ကျေးဇူး တင်စေချင်လို့များဖြင့် ဘယ်အခါမှ ပေးတော် မမူပါနဲ့ ထွတ်ထွတ်က ရလိုယူလိုကြောင်းနှင့် တောင်းဘူးတာလဲ မရှိပါဘဲကလား ကိုယ်ပေးချင်လို့ပေးတာဘဲဘာကြောင့်ကျေးဇူးတင်နေရအုံးမှာလဲထွတ်ထွတ်လိုလူကိုပေးလို့ကျေးဇူးမတင်ဘူးသခင်ကြီးရဲ့လိုချင်မျက်စိအများကြီး ရှိတဲ့လူများကိုပေးမှာ ကျေးဇူးတင်လေ့ ရှိတာပါ ထွတ်ထွတ်ဟာလေဘယ်အခါမှ သူများကျေးဇူးဂုဏ်ကို ခိုလှုံလိုတဲ့ စိတ်မရှိပါဘူး "ကိုယ့်သတ္တိနှင့်ကိုယ့်အစွမ်းကိုသာ အားကိုးနေတာပါဘဲ။ '

(သခင်ကြီး) အတော်စိတ်ကြီးဝင်တဲ့လူကလေးပေါ့လေ မဟာသွေးထက်ပင်ကဲပါသေးတယ် နို့နေစမ်းပါအုံး ထွတ်ထွတ်ကဲ့စိတ်ထဲမှာ ခင်ခင်ကြီးကို အောက်တန်းကျ သလိုလိုများထင်နေသလား။

(ထွတ်) အို-မေးဘို့မလိုမှါဘူး ဘဝကိုယ်က မိန်းမမို့အောက်တန်း ကျပြီးသားဘဲမဟုတ်လား ခင်ခင်ကြီးဟာလေ မင်းသမီးဖြစ်နေတယ်လို့များ အမြင့်စာကနေပြီး စိတ်ကြီးမဝင်လိုက်ပါနဲ့ မိန်းမဆိုတာ ဘုရားဆုကိုပန်နိုင်တာလဲမဟုတ် သာသနာတော်ကိုထမ်းပြီး ရဟန်းပြုနိုင်တာလဲမဟုတ်တိုတိုပြောမယ်လေ ယခုဘဝမှာ ခင်ခင်ကြီးအမြင့်ဆုံးအတန်းသို့ ရောက်တယ်ဆိုလျှင်မိဖုယားခေါင်ကြီးတဲ့ လွန်နိုင်အုံးမှာလား မိဖုယားခေါင်ကြီးဆိုတာလဲ ရှင်ဘုရင့်အောက်ကဘဲမဟုတ်လား စိတ်ထားမမြင့်ပါနှင့် ခင်ခင်ကြီးရယ် တကယ်ဆိုတော့ ခင်ခင်ကြီးဟာ ထွတ်ထွတ်အောက်ကနေရတဲ့အမျိုးပါ "လှေကြီးလျှင်လှိုင်းအောက် တောင်ကြီးလျှင် ဖဝါးအောက်"ဆိုတဲ့စကားလို စိတ်လဲမဆိုးပါနှင့်နော် မိန်းမများဟာ ယောကျ်ားတို့လက်အောက်က လွတ်မြောက်နိုင်ဘို့အခွင့်မရှိပါဘူး "ယောကျ်ားတို့ဘုန်း ဘယ်အခါမှအညွန့်မတုန်း" ဆိုတဲ့စကားကိုလဲကြားဘူးပါလိမ့်မယ် ထွတ်ထွတ်ဘုန်းဟာ အညွန့်မတုန်းနိုင်ဘူး ခင်ခင်ကြီးရေ့။

(သခင်ကြီး) ဒယောကျ်ားဘဝနှင့် နှိုင်းစာလျှင် ပြောချင်တိုင်း ပြောနိုင်ပေသပေါ့လေ ဘုန်းရှင်ကံရှင် လက်ရုံးရှင်ပေကိုး နို့နေစမ်းပါအုံး ထွတ်ထွတ်ဟာ ယခုဘဝမှာ ဘယ်အခြေသို့ရောက်အောင် ဘုန်းတောက်မယ်လို့ ထင်ပါသလဲ။

(ထွတ်) ဘုန်းကံ၏အညွန့်ဆိုတာ ကွန့်ချင်သလိုကွန့်တာမျိုးကလား၊ ယခုက တင်ကြိုပြီး ထင်သလိုမပြောထိုက်ဘူးပေါ့၊ ဘုန်းနှင့်ကက်ရုံး နှစ်ချက်လုံးအညွန့်သန်လျှင် နိုင်ငံကိုလွှမ်းခြုံကာနန်းဘုံမှာပျော်ရွှင်ပြီး ရှင်ဘုရင်တိုင်အောင် ဖြစ်နိုင်တာပေါ့။

(သခင်ကြီးက ဤကဲ့သို့ပြောသည်ကို အားရနှစ်သက်လှသဖြင့်) အဲ—ထင်မှန်း ရည်ရွယ်တဲ့အတိုင်း ပေါက်၍ အထွတ်အမြတ်သို့ ရောက်ပါစေဆိုတာကို ခင်ခင်ကြီးက ဆုတောင်းပါရဲ့၊ ယောကျ်ားတို့ ဘုန်းဆိုတာ အဆုံးအစ မရှိဘူးဆိုတာကို ကြားဘူးပါတယ်၊ "ရဲထွတ်" ဆိုတဲ့အမည်ခေါ်ကလဲ ပညတ်ပါ၍ နေပြီးဖြစ်တဲ့အတိုင်း အထွတ်အမြတ်သို့ မရောက်ဘူးလို့လဲ မဆိုထိုက်ပါဘူး။ ။တကယ်လို့ ရှင်ဘုရင်များဖြစ်တဲ့အခါ ယခု နေပုံမျိုးကြီးလိုနေပြီး ဂူခြေရင့်ရင့်နှင့် မျက်နှာတော်ကြီးတပင့်ပင့်နှင့် ခင်ခင်ကြီးတို့ကို ဂရုမစိုက်ဘဲမနေနှင့်နော်။

(ထွတ်) သည်အရေးကိုတော့ သတိပေးနေဘို့မလိုပါဘူး၊ နိမ့်တဲ့အခါမှာသာ စိတ်ကြီးဝင်နေဘို့ ရှိတာပါ၊ အမြင့်သို့ရောက်တော့ ကိုယ့်အောက်က လူတွေအပေါ်မှာ စိတ်ကြီးဝင်နေဘို့

ရှိအုံးမှာလား....။ (ဤကဲ့သို့ ပြောဆိုနေရာ အတန်ကလေး ကြာသွားသည်နှင့်) ကဲလေ—သွားပါ၊ မင်းသွီးဘာသာ မင်းသွီးနေထိုင်စမ်းပါ။ ။ဟိုတုန်းကလိုလဲ မငယ်ကြဘူးနော်၊ အရွယ်ကိုလဲ ထောက်ဘို့ရှိပါသေးတယ်၊ ဆင်ခြင်ဘို့အချိန်မှာ ဣန္ဒြေကိုလဲ သတိထားရတယ်။ ။ချစ်တယ်ဆိုလျှင် စိတ်ထဲကချစ်နေစမ်းပါ၊ မကြာမကြာ အနားသို့ ကပ်ကပ်ပြီး ပွတ်ပွတ်သပ်သပ် မလုပ်စမ်းပါနှင့်၊ ဟို—နန်းတော်ပေါ်က ခင်ခင်ကြီးရဲ့ မယ်တော်ဘုရား မြင်လျှင် အထင်မှား သွားမယ်၊

(သခင်ကြီး) မစိုးရိမ်ပါနှင့် ထွတ်ထွတ်ကယ်၊ ငယ်ရွယ်စဉ်ကစပြီး မောင်တော် နှမတော် အရင်းလို နေခဲ့ကြတာဘဲ၊ ဘယ်သူကမြင်လို့ အထင်မှားအုံးမှာလဲ။ ။သည်ဥယျာဉ်တော်ထဲကို မကြာမကြာလာခဲ့ပါ၊ ခင်ဘုန်းကိုလဲ ခေါ်မလာနဲ့နော်၊ အတော်စကားများတဲ့ ဟာကလေးမို့ သူ့အရေးကြောင့် ရှုပ်မှာကို စိုးရိမ်ရပါတယ်၊ ခင်ခင်ကြီးလဲ သည်ဥယျာဉ်တော်ထဲကို မကြာမကြာ လာခဲ့မပေါ့။

(ထွတ်) မကြာမကြာ လာနိုင်လိမ့်မယ်ဆိုတဲ့ ဂတိကိုတော့ မထားနိုင်ဘူး၊ လာချင်စိတ်ပေါက်လာတဲ့ အခါကျတော့ ရောက်လာမှာပါဘဲ၊ နောက်တခါတွေ့လျှင် ပွေ့လား, ဖက်လား မလုပ်နဲ့နော်၊ သတိထားပါ....၊ ကဲ့–သွားသွား၊ ရွှေငါး,ငွေငါးကလေးတွေကို ကြည့်ပါအုံးမယ်။

(ခင်ခင်ကြီးက သျှင်ရဲထွတ်၏ လက်ဖဝါးကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး) မင်းသွီးကို နှင်ရတယ်ဆိုတာလဲ အံ့ဩစရာကြီးဘဲနော်၊ ကဲ—သွားဆိုလျှင် သွားရတော့မှာပေါ့၊ မှာတဲ့အတိုင်း သည်ဥယျာဉ်ထဲက မကြာမကြာလာခဲ့နော်....၊ ပြောရင်း, ဆိုရင်း လည်ပင်းမှာ ဆင်ထားသော စိန်ဘရက်ကိုဖြုတ်ပြီး) ကဲ....–လိုချင် ယူထားလိုက်ပါ၊ (ဆို၍ပေးလေ၏။)

(ထွတ်) မင်းသွီးကလဲ မလိုချင်တဲ့သူကိုမှ အတင်းပေး-ပေးနေတာဘဲ၊ ထွတ်ထွတ်ပေးလို့ ကုသိုလ်မရဘူး၊ ဟို–မြတ်စောညီနောင် ဘုရားကိုလှူလျှင် အပုံကြီး ကုသိုလ်ရမှာဘဲ၊ တယ်လှဲ့တဲ့ စေတနာကိုး၊ စိန်ဘယက်ကြီးကို မလိုချင်ပါဘူး။

(သခင်ကြီး) "မြတ်နိုးမှုသဒ္ဓါ"ဆိုတာလိုပေါ့ ထွတ်ထွတ်ကဲ့၊ ယခုအခါမှာတော့ သဒ္ဓါရှိသူကို လှူရအုံးမှာဘဲ၊ ဤသို့ပြောဆိုပြီးလျှင် သခင်ကြီးသည် စိန်ဘရက်ကို အတင်းပေးခဲ့ပြီးလျှင် ဥယျာဉ်တော်ထဲမှ နန်းတော်သို့ ပြန်သွားလေ၏။

သျှင်ရဲထွတ်လည်း နဂိုကြည့်နေမြဲအတိုင်း ကန်တော်ကမ္ဘားက မတ်တပ်ရပ်လျက်၊ ရွှေငါး, ငွေငါးကလေးတွေကို ကြည့်ရှု၍ နေရစ်လေသည်။

(မှတ်ချက်။ ။သျှင်ရဲထွတ်က သခင်ကြီးကို "ခင်ခင်ကြီး"ဟု ခေါ်လေ့ရှိသည်။ ။သခင်ကြီးက သျှင်ရဲထွတ်ကို "ထွတ်ထွတ်"ဟု ခေါ်လေ့ရှိသည်။ ။နှစ်ဦးတွေ့ဆုံကြသောအခါ တဦးနှင့် တဦး အရိုအသေပေးခြင်းမရှိဘဲ ရိုင်းရိုင်းပင် ပြောလေ့ရှိကြသည်။)

## မင်းသားကလေး တပင်ရွှေထီးနှင့်
## အထိန်းတော့်သမီး ခင်မြတ်

တပင်ရွှေထီးနှင့် နောင်တော်"သျှင်ရဲထွတ်"တို့သည် သင့်တင့်ချစ်ခင်စွာ ညီညွတ်ပျော်ပါး နေထိုင်၍ လာခဲ့ကြရာ အချိန်ကာလ တည်းဟူသော ရာသီစက်၏ မောင်းနှင်မှုကြောင့် တနေ့

တခြား ကြီးပွါး၍ လာကြလေသည်၊ သျှင်ရဲထွတ်မှာ တဆဲ့ငါးနှစ်၊ တပင်ရွှေထီးမှာ တဆဲ့လေးနှစ် အရွယ်သို့ ရောက်ပြီးလျှင်၊ ကာမဘုံတွင်ပေါက်ဘွားသော လောကီလူများ၏ ဓမ္မတာ၊ ထိုအချိန်ခေတ်အခါတွင် မေတ္တာတည်းဟူသော ရိုးရိုး ချစ်ခင်ခြင်း သဘောမျိုးမှ ကာမဂုဏ်၌ တွယ်တာသော တဏှာသမုဒယ၏ အချစ်မျိုးသည် ကြိုးကြိုးကြကြနှင့် ရှတတ လှုပ်ရှားတတ်သော အချိန်သို့ ရောက်လာကြလေသည်။

ကာမဂုဏ်ကို အာရုံမပြုဘို့ သတိမရသေးသော အချိန်အရွယ်၌ သူငယ်သဘောကို မစွန့်သေးသော သူတို့၏ ချစ်ပုံများသည် လွန်စွာစင်ကြယ်၍ ထိုသူငယ်တို့၏ စိတ်များသည် ငယ်ဖြူစင်စစ်ဖြစ်ပြီးလျှင် အလွန်ပင့်သန့်ရှင်းကြကုန်သည်၊ ထိုကဲ့သို့သော သူငယ်များကို လူဘော်မဝင်သေးသော လူများဟု၍ ခေါ်ဆိုလေ့ရှိကြသည်။

သူငယ်သဘောမှ တဆင့်တက်၍ နှစ်သက်တွယ်ရှိသော ကာမဂုဏ် အခိုးဓါတ်တို့၏ အရှိန်ဟပ်ခြင်းကို ခံရသဖြင့် အတွင်းသန္တာန်၌ရှိသော တဏှာစိတ်များသည် အိပ်ရာမှနိုးလာကြပြီးလျှင် သာယာတပ်မက်ခြင်းအရသာကို ဆောင်နိုင်သော မျက်လုံးများဖြင့် ဖွင့်၍ ကြည့်လာကြကုန်၏။ ရှေးအခါ ကာမဂုဏ်အရေးနှင့်စပ်လျဉ်း၍ အမြူအချော့၊ ကမြောပလူး၊ နှုးတူးတူး သွေးဆောင်တက်သော ဝစီ ဝိညတ်-စကားသံတို့၏ အဓိပ္ပါယ်များကို နားမလည်ကြ သော်လည်း၊ ကာမတဏှာ၏ အိပ်ရာမှနိုးမှုကြောင့် ဆိုခဲ့ပြီးသော စကားသံတို့၏ အဓိပ္ပါယ်ကိုလည်း အလွယ်တကူနှင့် နားလည်ခြင်းသို့ ရောက်ကြလေသည်။

ထိုအခါ ကာမဘုံတည်းဟူသော လောကကြီးအလယ်မှာ တဏှာမျက်လုံးပွင့်၍ တဏှာနားစွင့်၍ လာကြကုန်ပြီဖြစ်သောကြောင့် ထိုသူများကို လူဘော်ဝင်ပြီဟူ၍ ဆိုကြရကုန်သည်။ ထိုအခါ ငယ်ဖြူသဘောတည်းဟူသော နယ်တွင်းမှ လွတ်ကင်းလာကြပြီးလျှင် အတွင်းသန္တာန်၌ရှိသော စိတ်ဓါတ်များသည် ကာမဂုဏ်အရေးဖြင့် ရှုပ်ထွေးခြင်း ဖြစ်ပေါ်လာရုံမျှမကဘဲ ဖြူစင်လှစွာသော နံ့ထည်ကို မဲနဲရည်ဖြင့် ဆိုးလိုက်သည်အသွင် ဖြူစင်ခြင်းသမဘာ ကွယ်ပျောက်၍ ညစ်ပေလူးလဲခြင်း သဘောသို့ ရောက်ရလေတော့သည်။

ဤသို့ ငယ်ဖြူအဖြစ်မှ ကြီးဘော်ဝင်သောအဖြစ်သို့ ရောက်ရသည်မှာ ကမ္ဘာလေကကြီး၏ ဓမ္မတာဖြစ်သောကြောင့် ထိုအလေ့သဘောမျိုးမဖြစ်ပေါ်အောင် မည်သူမျှ တားဆီး ပိတ်ပင်၍ ရနိုင်သည်မဟုတ်ချေ၊ သူ့ဓမ္မတာ အလျောက် အချိန်ရောက်လျှင် ပေါ်ပေါက်၍ လာစမြဲပေတည်း။

ဆိုခဲ့ပြီးသော ဓမ္မတာသဘောမျိုးကို တတ်ကျွမ်းစေရန် လူတို့၏အတွင်းသန္တာန်၌ ဓမ္မတာကောလိပ် သိပ္ပံကျောင်းကြီး ထူထောင်ပြီး အသင့်ပါ၍လာသောကြောင့် မိမိတို့အလိုအလျောက် တတ်မြောက် ကျွမ်းကျင်ခြင်းသို့ ရောက်ကြလေသည်။

လူတို့အတွင်းသန္တာန်၌ တည်ထောင်ပြီးအသင့်ရှိသော ဓမ္မတာကောလိပ်သိပ္ပံကျောင်းကြီး၌ အုပ်စီး၍ သင်ပြသော ဆရာကြီးကား အခြားမဟုတ်၊ ကာမတဏှာ ခေါ်သော ဒီသာပါမောက္ခဆရာကြီးပင် ဖြစ်လေသည်၊ ကာမဘုံတလျှောက်မှာ ကာမဂုဏ်နှင့် သက်ဆိုင်သော

ပညာမှာ၊ ကာမတဏှာတည်းဟူသော ဒီသာပါမောက္ခဆရာကြီးထက် တတ်မြောက်သောသူဟူ၍ မည်သူတဦးတယောက်မျှ မရှိနိုင်ချေ။

"ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

(က) ကာမဘုံမျိုး-အရိုးစဉ်လာ၊
တဏှာကာမ-သင်ပြဆရာ၊
ချိန်ရွယ်ရောက်က-တတ်မြောက်လိမ္မာ၊
လူ့အလိုက်-စရိုက်ဓမ္မတာ၊
(ခ) တဏှာအကို-မျက်စိပွင့်ချေ။
တဏှာအားနှင့်-နားစွင့်ပလေ၊
ငယ်မူယွင်းလို့-တ်ခြင်းထွေထွေ။
ချစ်ရမက်-နှစ်သက်ကာမပေ။

လူ့ဘုံတွင် ဖြစ်လာကြသော၊ လုလင်ပျို့ မိန်းမပျို့တို့၌။ ငယ်မူ ယွင်းပျောက်၍။ စိတ်တမျိုး ပေါ်ပေါက်လာကြသည်မှာ၊ ဘယ်အကြောင်းအရာကြောင့်ပါလဲဟု- ဆင်ခြင်ဘွယ်ရှိခဲ့ရာ၊ သင်္သကရိုက်ကျမ်းဆရာတို့က။မိမိတို့ထင်မြင်သောအတိုင်း၊ အကြောင်းပြသည်များကိုလည်း၊ တွေ့ရပေသည်။ ။ထိုသင်္သကရိုက် ဆရာကြီးတို့ အကြောင်းပြကြပုံကို ဤနေရာ၌ အမြွက်မျှ ဗဟုသုတ ဖြစ်ကြရန် ထည့်သွင်းဘော်ပြပါဦးမည်။

ကာမဂုဏ်ကို အာရုံမပြုတတ်သေးဘဲ၊ ငယ်ဖြူသဘောဖြင့် နေထိုင်ကြသော ယောကျ်ားကလေး မိန်းမကလေးတို့သည်၊ မိမိတို့ကိုယ်ပိုင်ဖြစ်သော အမူအရာတို့ဖြင့်၊ တဦးကိုတဦး အချင်းချင်းသင်ပြကြလေ၏။ ယောကျ်ာကလေးသည် မိမိကိုယ်ပိုင်ဖြစ်သော၊ အဖိုအမူအရာ အမျိုးမျိုးဖြင့်၊ မိန်းမကလေးကို သင်ပြလေသည်။ ။မိန်းမကလေးကလည်း မိမိကိုယ်ပိုင်ဖြစ်သော အမအမူအရာ အမျိုးမျိုးဖြင့်၊ ယောကျ်ားကလေးကို သင်ပြလေသည်။

ယောကျ်ားကလေးက၊ မိမိကိုယ်ပိုင်ဖြစ်သော၊ အဖိုအမူအရာ ဆိုသည်မှာ ၊ကိုယ်ဟန့်၊ လက်ဟန့်၊ သွားပုံ့၊လာပုံ့၊ပြောပုံ့၊ဆိုပုံ့၊ဝတ်ပုံ့၊စားပုံ့၊မျက်စိမှိတ်ပုံ့၊လည်ညိမ့်ပုံ့၊ပြုံးပုံ့၊ရယ်ပုံမှစ၍၊အဖိုတို့နှင့် ဆိုင်သော အမူအရာမျိုးမျိုးပင်တည်း၊မိန်းမတို့၏ ကိုယ်ပိုင်အမူအရာ ဆိုသည်မှာလည်း။ ထိုနည်းတူစွာ၊ အမ တို့နှင့် ဆိုင်သော ကိုယ်ဟန့်၊လက်ဟန့်၊စသော အမူအရာမျိုးတို့ပင်ဖြစ်လေသည်။ အဖိုတို့၏ အမူအရာမျိုးထက်၊ အမတို့၏ အမူအရာမျိုးသည်၊ အဆပေါင်းများစွာ၊ သာလွန်ပိုမို၍ များပြားလှလေ၏။

ထိုသို့ပြဆိုခဲ့ပြီးသောကိုယ်ပိုင်အမူအရာ အမျိုးမျိုးတို့ဖြင့်၊ မျက်စိလမ်းကသင်၊ နားလမ်းကသင်၊ ဤကဲ့သို့ အကြားအမြင် နှစ်ဘက်ညှပ်၍၊နေ့စဉ်မပြတ် အချင်းချင်းသင်ပြကြလေရာ၊ လူ့ပြည်လောက၏ ဓမ္မတာများကို၊ အလိုလိုတတ်မြောက်ကြလေသည်၊ ဤကား သင်္သကရိုက်ကျမ်းတို့၌၊ နီတိဆရာကြီးတို့ ပြဆိုအပ်သော၊ အကြောင်း ယုတ္တိပေတည်း။

အာဝီ ဘဝတိ နာရီနံ။ ဝယော သဥ္စတ္တသောသဝေါ
ကာမဗောဓ ဝိဗ္ဗမေတိ၊ ပုမာနံ ဝိဝိဓေဟိ ဝေ။

"ကဗျာဒါသကျမ်း"

ဝေါစင်စစ်ကေန်၊မလွဲမှန်၏။ ပုမာနံ၊ ယောကျ်ားတို့၏။ဝိဝိဓေဟိ၊ အထူးထူး အပြားပြား။ အလွန်များလှကုန်သော၊ ကာမဗောဓဝိဗ္ဗမေဟိ၊ ကာမဂုဏ်ကိုနှိုးတတ်ကုန်သော အမူအရာ အမျိုးမျိုးတို့ကြောင့်၊နာရီနံ၊ မိန်းမတို့၏၊ သဥ္စတ္တသောသဝေါ၊ငယ်ဖြူအလေ့ကို ပယ်စွန့်သော၊ဝယော၊ အပျိုဘော်ဝင်သော အချိန် အရွယ်သည်၊ အဝီဘဝတိ၊ ထင်ရှားစွာဖြစ်ပေါ်လာလေသတည်း။

(ဤဂါထာကား၊ယောကျ်ားတို့၏ အမူအရာတို့ကြောင့် မိန်းမတို့ အပျိုဘော်ဝင်ရပုံကို၊ ပြဆိုသော ဂါထာပေတည်း။)

အာဝီဘဝတိ ပုမာနံ၊ ဝယော သဥ္စတ္တသောသဝေါ။
ကာမဗောဓ ဝိဗ္ဗမေဟိ။ နာရီနံ ဝိဝိဓေဟိဝေ။

ဝေါစင်စစ်ကေန်၊ မလွဲမှန်၏။ နာရီနံ၊ မိန်းမတို့၏၊ ဝိဝိဓေဟိ၊ အထူးထူး အပြားပြား၊ အလွန်များလှကုန်သော၊ ကာမဗောဓဝိဗ္ဗမေဟိ။ ကာမဂုဏ်ကို နှိုးတတ်ကုန်သော။ အမူအရာ အမျိုးမျိုးတို့ကြောင့်၊ ပုမာနံ၊ ယောကျ်ားတို့၏။ သဥ္စတ္တသောသဝေါ၊ ငယ်ဖြူအလေ့ကို ပယ်စွန့်သော။ ဝယော၊လူပျိုဘော်ဝင်သော အချိန်အရွယ်သည်။ အာဝီဘဝတိ၊ထင်ရှားစွာ ဖြစ်ပေါ်၍ လာလေသတည်း။

ယခုပြဆိုခဲ့သော စကားရပ်များမှာ တပင်ရွှေထီး၏၊ ငယ်မူပျောက်၍၊ ကြီးမူရောက်လာပုံနှင့် စပ်လျဉ်း၍၊ ဗဟုသုတ ဖြစ်ပွားကြစေရန်၊ ကျမ်းဂန်ယုတ္တိသဘော, ဓမ္မတာသဘော, များကို ထည့်သွင်း ပြဆိုလိုက်ရခြင်းဖြစ်ပေသတည်း။

တပင်ရွှေထီးသည်၊ သျှင်ရဲထွတ်၏။ နှမတော်ခင်ဘုန်းနှင့်၊ အထိန်းတော်၏ သွီးခင်မြတ်တို့နှင့် မပြတ်မလပ်ပေါင်းသင်းလျက် ကလေးချင်းသဘောဖြင့်၊ မြူးတူးပျော်ပါး ကစား၍လာကြရာ။ ခင်ဘုန်းနှင့် ခင်မြတ်တို့မှာလည်း မိဖုယား ဖြစ်လောက်ဘွယ်ရာ ရုပ်ဆင်းလက္ခဏာနှင့်၊ ကောင်းစွာ ပြည့်စုံကြသည့်အတိုင်း မင်းသား တပင်ရွှေထီး၏စိတ်မှာ၊ တနှစ်ထက်တနှစ်တိုး၍၊ တမျိုးပြီးတမျိုး၊ ချစ်ကြိုးစုံတွဲ၍နေလေ၏။ ။အချစ်ကြိုးဆွဲခြင်းကို ခံရသော၊ မင်းသားကလေး တပင်ရွှေထီးမှာလဲ၊ ကြိုးဆွဲသော မင်းသားရုပ်ကလေးပမာ၊ ကြိုးဆွဲဆရာ၏ ဆွဲသောအတိုင်းပင် ခင်ဘုန်းနှင့် ခင်မြတ်တို့၏ စပ်ကြားမှာ အမူအရာ အမျိုးစုံဖြင့်၊ အဖုံဖုံက၍ နေရရှာလေ၏။

ခင်ဘုန်းနှင့် ခင်မြတ်တို့မှာလည်း ဓမ္မတာခေတ်တွင်းသို ချင်းနင်းဝင်ရောက်လာကြပြီးဖြစ်သောအတိုင်း၊ မင်းသားကလေး တပင်ရွှေထီးအပေါ်တွင်၊ ကာမတဏှာတည်းဟူသော၊ ဒီသာပါမောက္ခဆရာကြီးက သင်ပြသောအတိုင်း၊ တနှစ်ထက်တနှစ်တိုး၍၊ အမျိုးမျိုး ချစ်ခင်လာကြလေသတည်း။

တပင်ရွှေထီး၏ ပုံပန်းသဏ္ဍာန်များမှာလည်း "ဘုန်းနှင့်ကုသိုလ်၊ ကိုယ်နှင့်အဆင်း" ပြည့်တင်းထူးခြားလာသူဖြစ်သော အရွယ်ကလေး ကြီးရင့်လာလေလေ၊ ရုပ်ဆင်းအင်္ဂါ တင့်တယ်လာလေလေ ဖြစ်သောကြောင့် မြင်သူတို့၏ စိတ်နှလုံးမှာ မပြုံးမရွှင်ဘဲ နေနိုင်ရန် အမှန်ပင်ခဲယဉ်းကြပေလိမ့်မည်။

ခင်ဘုန်းနှင့် ခင်မြတ်တို့မှာလည်း၊ မင်းသားကလေးအပေါ်မှာ၊ မေတ္တာဖြင့် ချစ်ခင်ခြင်း။ တဏှာဖြင့် ချစ်ခင်ခြင်း။ ဤကဲ့သို့သော ချစ်ခင်ခြင်း နှစ်မျိုးသည်၊ လွှန်းပေါင်းတင်ကျစ်သော ကြိုး၏ပမာ၊ ခိုင်မြဲသည်ထက် ခိုင်မြဲစွာ ချစ်ခင်ကြလေသည်။

ထိုသို့းကညာကလေး နှစ်ဦးတို့တွင်၊ ခင်ဘုန်းသည် စိတ်နေ,စိတ်ထား,မြင့်မားထက်မြက်၍၊ သွက်လက်သော အပြောအဆိုနှင့်လည်း ပြည့်စုံသည်၊ ခင်မြတ်သည်ကား၊စိတ်နေ, စိတ်ထား,ပြေပြောင်း၍၊ ကိုယ်အမူအရာ နူးညံ့စွာနှင့်၊ အပြောအဆိုများလည်း ပြည်းညှင်းသက်သာစွာ ရှိလေသည်။

တနေ့သောအခါ တပင်ရွှေထီးသည်၊ ခင်မြတ်တို့အိမ်သို့ သွားရောက်လယ်ပတ်တော်မူရာ၊ စူကာရုံကြီး အောက်တွင် နှစ်ယောက်အတူ ထိုင်ကာ စကားပြောဆိုနေကြလေ၏။

တပင်ရွှေထီးကခင်မြတ်၏ မျက်နှာကို သေချာစွာ ရှုစားတော်မူပြီး) ခင်မြတ်ကလေးဟာ၊ ဘာလိုလိုနှင့် အတော်ကြီးလာပါပေါ့ကလာ၊ လူဆိုတာ မြူးတူးပျော်ပါး ကစားသွားလာရင်း ကြီးကြီးလာကြတာဘဲနော်။

(ခင်မြတ်က ကြောက်ရွံ့ရှိသေသော အမူအရာနှင့်၊ မှန်လှပါ လူဆိုတာ သစ်ပင်များနှင့်အတူတူပါဘဲ ကိုယ်တော်၊ အညွှာက်ကလေးကစပြီး၊ တနေ့ထက်တနေ့ ကြီးကြီးလာတာပေါ့၊ ခင်မြတ်အထင်နှင့် တင်ရမှာဖြင့်၊ အချိန်ကလေးတွေဟာ၊ သက်ရှိ, သက်မဲ့, တွေကို တနေ့ထက်တနေ့၊ တရွေ့ရွေ့ ကြီးပြင်းအောင်၊ ဖန်ဆင်းနေတယ်လို့ ထင်တာပါဘဲဘုရား။

(ထီး) အဲ-ဟုတ်ပါပေရဲ့၊ အချိန်ကာလဟာ၊ လောကကို ကြီးပွါးစေတယ်လို့ဆိုတာပေါ့လေ။ မှန်ပါပေတယ်။ သည်ကကိုယ်တော်နှင့် ခင်မြတ်တို့ဟာလဲ၊ အချိန်ကာလကိုလိုက်ပြီး။ တရွေ့ရွေ့ ကြီးလာကြတာပေါ့နော်၊ တယ်တော်တဲ့ခင်မြတ်ဘဲ။ ဉာဏ်တွေလဲ အများကြီး တိုးလာတာဘဲနော်။

(မြတ်) မြှောက်တော်မမူပါနှင့် ထိပ်တင်၊ သည်ကခင်မြတ်ဟာ၊ အလွန်တရာဉာဏ်တုန်းပါတယ်၊ ဟိုကခင်ဘုန်းတို့လို မထက်မြက်ဘူး ကိုယ်တော်ရဲ့။

(ထီး) အို-သည်လိုမတင်စမ်းပါနှင့် ခင်မြတ်ရယ်၊ ဘယ်သူက သာတယ်ဆိုတဲ့သဘောမျိုးကို မထားကောင်းပါဘူး။ ခင်ဘုန်းနှင့် ခင်မြတ်ဟာ အရွယ်ချင်းလဲတူတယ်၊ အထိန်းတော်ကြီးရဲ့ သမီးများဖြစ်ကြလို့။ အနွယ်, အခြေ, ဂုဏ်သရေ,ချင်းလဲတူပါတယ်၊ ဘယ်သူကမှ မသာကြပါဘူး၊ အချင်းချင်းပြိုင်ဆိုင်တယ်ဆိုတာ။ မေတ္တာဆိုတဲ့ သဇင်ပန်းမှာ။ ညိုးနွမ်းပြီး ရန့်ပြယ်တတ်တယ် ခင်မြတ်ကဲ့။

(မြတ်) ဪ-တူတယ်လို့ ဆိုပေတယ်လို့။ ယုံနိုင်ဘို့တော့ အများကြီးခက်နေတာဘဲ၊ ဟို-ခင်ဘုန်းကတော့၊ လုံးလုံးကြီး သာပေတာကိုးဘုရား၊ နို့စို့ဘက်ဖြစ်တဲ့ သျှင်ရဲ့ထွတ်ကလဲ။ ခင်ဘုန်းရဲ့ မောင်ကြီးအရင်းပေပေါ့။

(ထီး) ခင်မြတ်ကယ် သည်စကားမျိုးတွေကိုထားလိုက်စမ်းပါအုံး၊ ယနေ့ လေးကျွန်းကန်တော်ကို ထွက်တော်မူမလို့ ကြံထားတယ်။ ခင်မြတ်လိုက်မယ်မဟုတ်လား၊ ဝေါ်မူးများကို ဆင့်ဆိုထား ပြီးပြီ။

(ခင်မြတ်ကလဲ ဝမ်းနည်းသောအမူအရာနှင့်) ခေါ်တော်မူတာကိုတော့ ဝမ်းမြောက်လှပါတယ် ထိပ်တင်၊ သို့ရာတွင် (ပြောရင်း,ဆိုရင်း ငိုမဲ့မဲ့ဖြစ်လာသည်နှင့် စကားကိုဖြတ်ထားလိုက်လေ၏။)

(မင်းသားကလေးက ခင်မြတ်၏လည်ပင်းကိုဖက်တော်မူပြီး) အို-ပြောရင်း,ဆိုရင်း ဘယ်လို ဖြစ်လာရတာလဲ၊ ဘယ်အတွက်ငိုရသတုန်း၊ ပုံပန်းကသေးသေးသွယ်သွယ်၊ ရွှေအားတော်ငယ်ပါဘိသနည်း၊ တယ်ငိုလွယ်သကိုး ခင်မြတ်ကဲ့၊ ဝမ်းနည်းပုံအကြောင်းကို ကောင်းကောင်းသိတော်မူရအောင် တင်စမ်းပါအုံး။

(မြတ်) မတင်ပရစေနဲ့ ကိုယ်တော်၊ မှန်တဲ့အတိုင်းတင်မှဖြင့်........။

(ထီး) တင်သာတင်ပါ ခင်မြတ်ကဲ့၊ မတင်ချင်တာက ဘာကြောင့်လဲ။

(မြတ်) အမိန့်တော်အတိုင်း တင်ရတော့မှာပေါ့ ထိပ်တင်၊ ဟို-အရင်တုန်းက ရေကန်တော်မှာ ပျော်ပျော်မွေ့မွေ့ထွက်တော်မူကြတုန်းကတော့ ခင်ဘုန်းကိုသာ သတိရတော် မူပါတယ်၊ သည်က မိခင်မြတ်ကိုတော့ အမှတ်ရတော်မမူမှာဘူး၊ သိပါတယ်ထိပ်တင်၊ ပျော်ရွှင်တော်မူလိုက်ကြတာ ကိုယ်တော့်စိတ်မှာ ရွှင်ပြုံးပြီး ခင်ဘုန်းဘို့ ခူးပေးလိုက်ရတဲ့ပန်းတွေကလဲ တပွေ့တပိုက်ကြီး မင်္ဂလာလှေတော်ကိုစီးပြီး ရိုရိုးညာတဲ့ လှေတော်သားများနှင့် ရေသဘင် ကစားတော့ အပါးတော်က ခင်ဘုန်းသည် ပြုံးပြုံး,ပြုံးပြုံးနှင့် လိုက်တော်မူတယ်ဆို။

(မင်းသားကလေးက ပြုံးရယ်ပြီး) ဪ-သည်အတွက်ကြောင့် ဝမ်းနဲ့ရှာတာကိုး၊ သည်အခါတုန်းက သည်လိုပါခင်မြတ်ကဲ့၊ တမင်တကာ ခင်ဘုန်းကို ခေါ်သွားတာ မဟုတ်ပါဘူး၊ မင်္ဂလာကန်တော်ရောက်မှ နောက်က သူတို့တတွေ လိုက်လာလို့ အခန့်သင့် တွေ့တော်မူတာပါ၊ ကိုယ်တော်အပေါ်မှာ အပြစ်တင်ဘို့ မဟုတ်ပါဘူး၊ ခင့်ဘုန်းနှင့် တွေ့ပြန်တော့လဲ သူ့အကြိုက်အလိုတော်လိုက်ပြီး သူနှစ်ချိုက်တဲ့ ပန်းတွေကို ခူးပေးရတာပေါ့ မြတ်မြတ်ကဲ့။

(မြတ်) ထိပ်တင်မိန့်တော်မူတဲ့အတိုင်း ယုံရမဲ့ခင်မြတ်ပါ၊ သည်တုန်းက ခင်ဘုန်းအတွက် ကြိုးစားတော်မူလိုက်ရတာ ဟို-အမြင့်ကြီးမှာ ပွင့်နေတဲ့ပန်းကို ထိပ်တင်ကိုယ်တိုင် လှမ်းပြီး ခူးပေးရတယ်ဆိုပါကလား။

(ထီး) အို-ဘယ်နေရာက ခင်မြတ်မြင်လလဲ၊ မှီသမျှကိုတော့ ခူးပေးတာ အမှန်ပါဘဲ၊ မမှီတဲ့ပန်းကိုတော့ ဘယ်မှာခူးပေးနိုင်မလဲ ခင်မြတ်ကဲ့။

(မြတ်) "မမှီတဲ့ပန်း-တုံးခုလိုလှမ်း" ဆိုတဲ့ စကား အရှိသားဘဲ၊ လက်စွဲတော်များကို ခေါ်ပြီး ကိုယ်တော်က တုံးခုခိုင်းတယ်ဆို။

(ထီး) သည်နေရာမှာတော့ သေသေချာချာ မှတ်တဲ့ ခင်မြတ်ဘဲ၊ ကဲလေ-ယခု လိုက်ခဲ့ပါ၊ ကန်တော်ထဲရောက်တော့ ခင်မြတ်အလိုရှိတဲ့ပန်းတွေကို ထိပ်တင်က ခူးပေးမပေါ့၊ မမှီတဲ့ ပန်းကို လိုချင်လျှင်လဲ တုံးခုလို့ ခူးရအောင် လက်စိုတော်ကလေးများလဲ ပါကြပါလိမ့်မယ်။

(မြတ်) တင်ဘို့ရှိပါသေးတယ် ကိုယ်တော်ရဲ့၊ မင်္ဂလာလှေယာဥ်နှင့် ရေသဘင် ကစားတော်မူတော့ ကြာပန်းခိုင်အကြားက ပျားတုပ်တယ်ဆို။

(ထီး) အို-သေသေချာချာ ကန်စောင့်ခုတ်များက လာပြောထားသလား၊ ပျားတုပ်ထာ အမှန်ပါဘဲ။

(မြတ်) ပျားတုပ်ခံတော်မူမှာပေါ့ ထိပ်တင်၊ ခင်ဘုန်းကပူဆာတိုင်း ကြာပန်းအမျိုးမျိုး ကို ချိုးချိုးပြီး လောကွပ် လုပ်တော်မူရတာကိုး၊ ပျားတုပ်တော့ ခင်ဘုန်းက ဖြုံးကနဲထပြီး အားရစဘွယ် ကိုယ်တော်လက်ညှိုးတော်ကလေးကို ငုံပေးတယ်ဆို။

(တပင်ရွှေထီးက အတန်ကြာကလေး ပြုံးရယ်ပြီး) တောင်းပန် ပါရစေတော့ ခင်မြတ်ကယ်၊ သည်စကားတွေကို ဖြတ်လိုက်ပါ၊ ကဲ-ကဲ-ကြာတော့ အချိန်နဲ့သွားလိမ့်မယ်၊ မင်္ဂလာ ကန်တော်ကြီးကို လိုက်ဘို့ပြင်စမ်းပါ။

(မြတ်) တင်ချင်သမျှတွေကို ဆုံးအောင် တင်အုံးမယ်၊ ကိုယ်တော်ရဲ့ လက်ညှိုးတော် ကလေးကို ငုံပေးလို့ ကျေးဇူးအပုံကြီးတင်တော်မူသပေါ့လေ၊ သည်ဘဝမှာဖြင့် မေ့နိုင်ဘွယ်ရာ မရှိတော့ပါဘူး။

(ထီး) သည်အတွက်ကြောင့်ဖြင့် တိုးတက်လို့ ကျေးဇူးတင်ဘွယ်မရှိပါဘူး၊ ဤသို့ ပြောဆိုနေစဥ် လက်စွဲတော်ကလေးများ ဝင်ရောက်လာပြီးလျှင် "အမိန့်တော်အတိုင်း လေးကျွန်းကန်တော်ကြီးသို့ ထွက်တော်မူရန် ဝေါတော်များ အသင့်ပြင်ပြီးပါပြီ ဘုရား" ဤသို့ လျှောက်ထားကြသည်နှင့် မင်းသားကလေးသည် ခင်မြတ်ကိုခေါ်ပြီး ဝေါတော်အတူစီး၍ လေးကျွန်းကန်တော်ကြီးသို့ ထွက်တော်မူသေသတည်း။

---

# အခန်း (၁၇)

## "သျှင်ရဲထွတ်နှင့် ခင်ခင်ကြီး"

ဘုရင်မင်းကျိုးညို၏ သ္မီးတော် ခင်ခင်ကြီးနှင့် သျှင်ရဲထွတ်တို့၏ မေတ္တာများ တည်းဟူသော ပန်းငုံကလေး သည်လည်း အချိန်ကာလတို့က ကူညီ၍ အချစ်ပါရမီဖြည့်၍ ပေးသောအတိုင်း တနေ့တခြား ကြီးပွါးထွားကျိုင်းလျက်၊ ပြိုင်းရရိုင်းပွင့်တော့မည် အနေသို့ ရောက်ရှိလေ၏။

သျှင်ရဲထွတ်နှင့် ခင်ခင်ကြီးတို့၏ ချစ်ကြိုက်ကြပုံကိုအကြောင်းပြု၍ မန္တလေးမြို့ အချုပ်တန်း ဆရာဘေ ရေးသည်ဟု ပြောဆိုကြသော တေးထပ်တပုဒ် ကိုလည်း တွေ့ရှိဘူး ပေသည်၊ စပ်ဆိုင်သောအချက်ဖြစ်၍ ဤအရာ၌ဗဟုသုတပွါးများကြစေရန် ထည့်သွင်း ဖေါ်ပြလိုက် ပါသည်။

"ကေတုမတီရာဇဝင်လာ ချစ်မေတ္တာတေးထပ်"

ခပေါင်းရေ၊ စမ်းငွေဥရယ်နှင့်၊ သန်းရွှေထုသခင်၊ နန်းကေတုပလ္လင်မှာ၊ တဘုရင်ရွှေထီး၊ ပင်တိုင်နတ်လုမနေ့်မှာ၊ အမတော်နန်းလုံးဆီမီး။ ။ရဲထွတ်ဟု တကိန်းပေါ်သည်၊ တစိမ်းနေ့်မနီး၊ အထိန်းတော်အကြီးနှင့်၊ ဇံနီးမြတ်လွန်သော်။ ။ဘွားဘက်တော် လူကလေး ရယ်လို့၊ ကောက်ယူမွေး နန်းထက်မှာပျော်။ ။လူရေဝစန်းလက်ပေါ်လျှင်၊ ကွမ်းဆက်တော် ဝင်ပြီးမှ၊ ပင်ရွှေထီးအမျိုး၊ ရဲလို့ကြာခို၊ ဆင်ဖြူရှင့်စံထုံးဆိုလျှင်၊ ကံဆုံးကိုသိဘူးပလေး။ ။

သျှင်ရဲထွတ်၏စိတ်ထဲမှာ ခင်ခင်ကြီးကို နဂိုရင်းက ချစ်ခင်လှသည်မဟုတ်ချေ။ ။အဘယ့်ကြောင့်နည်းဆိုသော် သျှင်ရဲထွတ်သည် အထိန်းတော်၏သားဖြစ်၍ ဘုရင့်သမီးတော်ဖြစ်သူ ခင်ခင်ကြီးကို သူ့အလိုသို့လိုက်၍ ချစ်ကြိုက်ခဲ့ပါလျှင် ရာဇဝတ်ဘေးဒဏ်သင့်မည် ဖြစ်သော အချက်ကိုလည်း သျှင်ရဲထွတ်က တွေးတောမိလေသည်။ ။ထို့ပြင် သျှင်ရဲထွတ်သည် ကျေးဇူး သစ္စာကို စောင့်ရှောက် သိရှိသူ ဖြစ်သောအတိုင်း အရှင်သခင်၏ သမီးတော်များကို မပြစ်မှားထိုက်၊ ကိုယ့်ကျက်သရေနှင့် အခြေအနေ အားလျော်စွာ ရိုသေကြိုးနွံစွာ နေထိုက်ပေသည် ဟူသော စိတ်မျိုးကိုလည်း အမြဲထားသူဖြစ်လေသည်၊ ဤကဲ့သို့ စိတ်သဘောထားရင်း ရှိသောကြောင့် မင်းသမီးခင်ခင်ကြီးက သျှင်ရဲထွတ်အပေါ်မှာ ဂရုတစိုက်ချစ်ကြိုက်သော အမူအရာ အမျိုးမျိုးတို့ဖြင့် ပိုက်ကြိုးသွယ်တန်းကာ အရဖမ်းဘို့ထောင်သော်လည်း နားမလည်ဟန်ဆောင်ပြီး ရှောင်နိုင်သမျှ ရှောင်၍ နေခဲ့လေသည်။

သို့ရာတွင် မင်းသမီးကိုယ်တိုင်ကပင်၊ ငါ့အလိုသို့မလိုက်လျှင် မနေရဟု ဇွတ်အတင်း ပေသော ဇွဲနှင့် နေ့စဉ်အမြဲတဆွဲတဲဆွဲ၍နေလေရာ ပုထုဇန်သဘောနှင့် လောကဓမ္မတာကို မလွန်ဆန်နိုင်သော သျှင်ရဲထွတ်မှာ ကြာကြာကြီးရှောင်၍ နေနိုင်ပါတော့မည်လော။

"လူတသိန်းအားနှင့်ဆောင်လို့ မအောင်သော်လည်း၊ တယောက်ထည်းအားနှင့် ဆောင်လျှင်၊ အောင်မြင်နိုင်သည်"ဟူသော စကားပုံအရ ကာမဂုဏ်အချက်နှင့် လောကီဓမ္မတာစက်ကို သွက်သွက်ကြီး လယ်အောင် မောင်းနိုင်သော မိန်းမတို့၏ ဆွဲဓါတ်အား အရှိန်သည် ကား၊ ယောကျ်ားပေါင်း တသိန်းအားထက်ပင် ထက်သန်လှပေသည်။

သျှင်ရဲထွတ်ကဲ့သို့သော လုလင်ပျိုကလေးကို မဆိုထားနှင့် ဓမ္မတာစက်ကို သွက်သွက်ကြီး မောင်းတော့မည်ဆိုပါလျှင် မြေလျှိုးမိုးပျံ လောကီချွန်ရပြီးသော အလောင်းတော် ရသေ့ကြီးများတောင် ချွန်လျောကာ ဝုတ်ထိုင်ပြီး အမှိုင်ကြီးမှိုင်ရလေသေးသည်၊ မိန်းမတို့၏ လက်နက်ကောင်းပုံများကို သင်သကရိုက်ကျမ်းတို့၌ လာသောအတိုင်း အပြွက်မျှအောက်၌ ဖော်ပြလိုက်ပါဦးမည်။

မိုတံဟာသောတယောလဇ္ဇာ၊ မန္ဒဝါစာအဒ္ဒေက္ခဏာ။
ရှဒါစ ကလဟာ ဤသံ၊ တိက္ခထိနံ မဟာဝုဓါ။ ။

မိုတံ၊ အသံမထွက်စေဘဲ ပြုံးရုံမျှပြုံးခြင်းငှင်း။ ဟာသော၊ အသံထွက်အောင်ရယ်ခြင်းငှင်း။ ဘယော၊ ကြောက်ဟန်ဆောင်ခြင်းငှင်း။ လဇ္ဇာ၊ ရှက်ဟန်ဆောင်ခြင်းငှင်း။ မန္ဒဝါစာ၊ မပွင့်တပွင့်, မထိတထိပြောဆိုခြင်းငှင်း။ အဒ္ဒေက္ခဏာ၊ သေချာစွာမကြည့်ဘဲ။ ရိပ်ကာ, စောင်းကာ အမူအရာဖြင့်ကြည့်လိုက်ခြင်းငှင်း။ ရှဒါစ၊ တကယ်သဘောမပါဘဲ ငိုခြင်းငှင်း။ ဤသံကလဟာ၊ ခနိုးခနဲ့ မတဲ့ဟန်ဖြင့် ရန်ထောင်ခြင်းငှင်း။ ဧတေ၊ ဤရှစ်မျိုးတို့သည်။ ထိနံ၊ အစွမ်းကောင်းလှ။ လူမိန်းမတို့၏။ တိက္ခာ၊ အလွန်တရာ ထက်လှစွာကုန်သော။ မဟာဝုဓါ၊ ကိုယ်ပိုင်လက်နက်တော်ကြီးများပေတည်း။

(မှတ်ချက်။ ။ဤဂါထာကို သိင်္ဂါရသတက မည်သော သင်သကရိုက်ကျမ်းမှ ထုတ်ဆောင်၍ ပြလိုက်ရပေသည်။)

သို့းတော်သခင်ကြီးနှင့် သျှင်ရဲထွတ်တို့၏ ရည်ငံချစ်ခင်လျက် ရှိကြောင်းကို ဘုရင် မင်းကြီးညိုလည်း ရိပ်မိတော်မူသည်၊ သို့ရာတွင် ငယ်ရွယ်စဉ်ကပင် သားတော်ဘပင်ရွှေထီးနှင့် အတူတကွ ကြီးပွါး၍ ကစားဘက်, နို့စို့ဘက်,နှစ်သက် ချစ်ခင်ကြောင်းများကို ထောက်ထားတော်မူသည့်ပြင် နန်းတွင်း,နန်းပြင် ထွက်ဝင်ပျော်ပါးစေ၊ မင်းညီမင်းသားတို့၏ အဆောင်အရှက်ဖြင့် နေထိုင်စေဟူ၍ အမိန့်တော်မြတ် မှတ်တော်မူပြီး ရှိသည်များကိုလည်း ထောက်ထားတော်မူသောကြောင့် သျှင်ရဲထွတ်အပေါ်တွင် ပြင်းပြင်းထန်ထန် ရာဇမာန်ဖြင့် ဆုံးမတော်မမူဘဲ အမှတ်တမဲ့ပင် စံနေတော်မူလေသည်။

သို့ရာတွင် မြတ်နိုးတော် မူသော သို့းတော်တပါးကို အထိန်းတော်သားနှင့် မှားမှားယွင်းယွင်း ရှိမည့်အတွက်ကိုလည်း နှစ်သက်တော် မမူသည်နှင့် သို့းတော်သခင်ကြီး၏ မယ်တော်ဖြစ်သူ မိဖုယားခင်နွယ်ကိုသာလျှင် သတိပေးတော်မူလေသည်။

တနေ့သောအခါ ဘုရင်မင်းကြီးညိုသည် မိဖုယား ခင်နွယ်၏ အဆောင်သို့ ကူးတော်မူပြီး အမိန့်တော်ရှိသည်မှာ "နွယ်နွယ်၊ သို့းတော်သခင်ကြီးဟာလဲ အရွယ်အားဖြင့် ဆဲ့ငါးနှစ်လောက်ရှိလာပြီ၊ ရုပ်ဆင်းလက္ခဏာနှင့် ရာဇကညာပြိုပြိုး ဒေဝီဂုဏ်မြောက်၍ ချီးမွမ်းလောက်တဲ့ သို့းတော်တပါးပေဘဲ၊ မင်းကေရာဇ်တို့၏ သို့းတော်ဆိုသည်မှာ မဟာမျိုးစစ် ကေရာဇ်တို့၏ ရင်သွေးတော်များနှင့်သာ ယှက်တန်းစမြဲဖြစ်တယ်။ ။အရွယ်ရောက်ပြီဆိုတော့ လောကီဆိုင်ရာ ဓမ္မတာ မျိုးရှိ မို့ အချစ်စိတ်များနိုးလာစမြဲပေါ့၊ ကေရာဇ်၏သို့းသော, ကျွန်တော်မျိုး၏ သို့းသော ဇာတိအားဖြင့် ခြားနားဘော်လဲ အချစ်ဘဏ္ဍာနှင့် ကိလေသာအမူမှာတော့ အတူတူပင်ဖြစ်ကြတယ်၊ ဓမ္မတာကိစ္စများမှာ ခြားနားခြင်းမရှိကြဘူး၊ သို့အတွက် မယ်တော်ဖြစ်တဲ့ နွယ်နွယ်က သို့းတော်တပါးကို အထူးသဖြင့် သတိထားပြီး၊ မှားမှားယွင်းယွင်းဆိုတဲ့ အသံကို မကြားရအောင် စောင့်ရှောက်ရမယ်၊ အဆောင်တော်၏ ပြင်ဘက်သို့ သူ့အလိုလို ထွက်ခွင့်မရစေနှင့်" ဟု မိန့်တော်မူသည်။

(ခင်နွယ်) ဘုရားအမိန့်တော်မြွက်အတိုင်းပါ၊ သွီးကညာ ရတနာအစစ် ဖြစ်တဲ့အတိုင်း နွယ်နွယ်ကလဲ မပြတ်မလပ်ပင်စောင့်ကြပ်လျက် ရှိပါကြောင်းပါဘုရား။

(ညို) နွယ်နွယ်ကို ယခုလို သတိပေးတော်မူရတာများလဲ အခြား အကြောင်းကြောင့် မဟုတ်ပါဘူး၊ သားတော်တပင်ရွှေထီးရဲ့ နောင်တော် သျှင်ရဲထွတ်ဆိုတဲ့ အထိန်းတော်၏ သားကလေးနှင့် ယဉ်ပါးတယ်ထင်လို့ သတိပေးတော်မူရတာပါ။

(ခင်နွယ်က ခေတ္တစဉ်းစားပြီး) "သျှင်ရဲထွတ်ဆိုတဲ့ အထိန်းတော်သားမှာ ဘုရားသားတော် တပင်ရွှေထီးနှင့် နို့စို့ဘက်အတူကြီးလာတဲ့ပြင် အသျှင်မြှောက်စား၍ မင်းညီ မင်းသားအဆောင်အရွက်ဖြင့် ချီးမြှင့်ခံသူဖြစ်ပါတယ်၊ နန်းတွင်း နန်းပြင် ထွက်ဝင် ပျော်ပါး၍ သားတော်၊ သွီးတော်များနှင့် အတူ ပျော်ပါး မြူးတူးခွင့်ကို ရရှိတဲ့အတိုင်း သွီးတော် သခင်ကြီးနှင့် ငယ်ရွယ်စဉ်ကပင် အတူဘက္က ရှင်ပျော်၍ မောင်တော်၊ နှမတော်တို့၏ အလေ့အတိုင်း ကစားဘော်ဖြစ်ကြလို့ နွယ်နွယ်ကလဲ သျှင်ရဲထွတ်အတွက် ယုံကြည်စိတ်ချစွာနှင့် အမှတ်တမဲ့ပင် နေခဲ့ပါသည်၊ သွီးတော် သခင်ကြီးဟာလဲ စိတ်နေ့စိတ်ထားမြင့်မားကြီးခိုင့်တဲ့အတွက် မယိမ်းမယိုင် ကျောက်မဏ္ဍိုင်လို့ပင် မှတ်ထင်လျက် ရှိပါသည်ဘုရား၊ အထိန်းတော်သားကိုပင် စိတ်ထားတမျိုး ညွတ်လိမ့်မယ်လို့ မထင်ကြောင်းပါဘုရား။

(ညို) နွယ်နွယ်ရှေ့မှာ မိန်းမတို့အမူအရာကို သေအချာ မိန့်တော်မူဘိလဲ အခက်ဘဲနော် အမျိုးအနွယ်ဆိုတဲ့စကားမှာ အနိမ့်အမြင့်ချင်း ထူးခြားတဲ့သဘောဘဲ၊ အချစ်စိတ်ဓမ္မတာမှာတော့ ထူးခြားတာမဟုတ်ဘူးနွယ်နွယ်ရဲ့၊ တဏှာဆိုတဲ့ အမိုက်တိုးမှာ မျက်လုံးနှင့် နားခေါင်းမရှိဘူးဆို မဟုတ်လား၊ ခင်နွယ် စဉ်းစားစမ်းပါ၊ နွယ်ပင်ကလေးများဟာ နီးရာကိုလှမ်း၍ နွယ်တတ်တာမျိုးဘဲ၊ ဂုဏ်ရှိတဲ့အပင်ကိုမှ တွယ်မယ် ဂုဏ်မရှိတဲ့အပင်ကိုမတွယ်နိုင်ဘူးဆိုတဲ့ ရည်မှန်းချက်ကိုဖြင့် သက်သက်မထားကြဘူးပေါ့၊ ။အဲ့-သည်လိုဘဲ နွယ်နွယ်ရဲ့ အချစ်တဏှာဆိုတာ နွယ်ပင်ကလေးတွေနှင့် တူလှပါတယ်၊ နီးရာသို့လှမ်းပြီး အစွမ်းရှိသမျှ တွယ်ကြ ဘက်ကြတော့တာဘဲ၊ "အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား-ကြိုးချင်းငြိ"ဆိုတဲ့ စကားကိုလဲ နွယ်နွယ် ကြားဘူး ပါလိမ့်မယ်။

(ခင်နွယ်) မှန်လှပါ၊ ဘုရားအမိန့်တော်အတိုင်းပါ နွယ်နွယ်စိတ်ထဲမှာဖြင့် အရိပ်အဆင်တွေမြင်ခြင်းမရှိလို့ သတိမပြုမိသေးဘဲရှိပါကြောင်းပါဘုရား။

(ညို) သူတို့နှစ်ယောက်ဟာ မကြာမကြာ တောင်ဥယျာဉ်ထဲမှာ မရိုးတဲ့ အမူအရာနှင့် တွေ့ဆုံလေ့ရှိကြတယ်၊ ရွှေနန်းတော်ပေါ်က ဥယျာဉ်တော်ကို မျှော်တဲ့အခါ မကြာ မကြာလဲ တွေ့မြင်တော်မူရတယ်။ ။နွယ်နွယ်ကတော့ မယ်တော်ဖြစ်လို့မို့ မှန်တဲ့အတိုင်း မိန့်တော်မူရမှာပေါ့၊ ရဲထွတ်ဆိုတဲ့ အထိန်းတော်သားကတော့ ထိကပါး ရိကပါး ရဲဝံ့တဲ့အမူအရာများ မရှိဘူး၊ သွီးတော် သခင်ကြီးက အနီးသို့ကပ်ပြီး ပွတ်သီး ပွတ်သပ်နှင့် မအပ်မရာတဲ့ အမူကို သူ့ကပင် စတင်လေ့ရှိတယ်၊ အချုပ်ကို မိန့်တော်မူရမှာဖြင့် သွီးတော်သခင်ကြီးက အချစ်မီး မွှေးနေတဲ့ လက္ခဏာဘဲ။

(ခင်နွယ်) အမိန့်တော်မှုမှပင် နွယ်နွယ်သိရပါတယ်၊ ယနေ့ကစပြီး သခင်ကြီးကို နိုင်အောင် ထိန်းသိမ်းပါမည်ဘုရား။

(ညို) အနာမရင့်ခင် ဆေးကိုစောစောတင်ရမတဲ့၊ စွဲလောင်မဲ့မီးအားကို တင်ကြိုလို့ ဆီးတားရမတဲ့ နွယ်နွယ်ရဲ့၊ သည်အချက်ကို အထူးသတိထားပါ၊ ရောဂါကျွမ်းလျှင် ဆေးစွမ်းမကောင်းနိုင်ဘူးတဲ့။

(ခင်နွယ်) မှန်လှပါ၊ နွယ်နွယ်ကလဲ အထူးပင်ဂရုစိုက်၍ စောင့်ရှောက် ဆုံးမပါမယ်၊ ရွှေနန်းရှင်ဘုရားကလဲ အထိန်းတော်ကြီး များကို အရိပ်အမြွက်မျှ သတိပေးထားဘို့ သင့်သည်ထင်ပါကြောင်းပါဘုရား။

ဤသို့ တိုင်ပင်တော်မူပြီးလျှင် မင်းကျီးညိုလည်း ခင်နွယ်၏ အဆောင်တော်မှ ထွက်ကြွတော် မူခဲ့လေ၏။

ထိုနောက်တနေ့တွင် မိဖုယားခင်နွယ်သည် သွီးတော်သခင်ကြီးကို ခေါ်၍ ချစ်ခင်ယုယစွာပိုက်ပွေ့တော်မူပြီး ပြောဆိုသည်မှာ။

(နွယ်) သွီးတော်လဲ အတော်ကြီးလာပေါ့နော် ထီးရိပ်,နန်းရိပ်,မှာ စည်းစိမ်ချမ်းသာနှင့်ဘွားမြင်ပြီး ရှင်ရှင်လန်းလန်းကြီး ပွါးလာရတဲ့အတွက် ရုပ်ဆင်းအင်္ဂါလက္ခဏာ များဟာလဲ ပွင့်ခါစဖြစ်တဲ့ ပန်းကဲ့သို့ မညှိုးမနွမ်းဘဲ တလန်းထဲလန်း နေတာဘဲနော်။

(သခင်ကြီးကပြုံးပြီး) မယ်မယ်ဘုရားကဖြင့် ကိုယ့်သွီးမို့ ချီးမွမ်းချင်တိုင်း ချီးမွမ်းတော့တာဘဲ ထီးနန်း အရိပ်မှာကြီးတဲ့ ဘုရင့်သွီးဆိုတာ သည်ပုံမျိုးတော့ လှကြမှာပါဘဲ ဘုရင့်သွီးတော်က သူများထက်ကဲအောင် လှတာမဟုတ်ပါဘူး ထင်ပါတယ်။

(နွယ်) ကိုယ့်သွီးမို့ ကိုယ်ချီးမွမ်းတာမဟုတ်ပါဘူး ရုပ်ကိုမြင်လျှင် အထင်အရှားကြီးပါ တမင်တကာချီးမွမ်းနေတို့ မဟုတ်ပါဘူး ခမည်းတော်ဘုရားကလဲ သွီးတော်တပါးကို အပိုကြီးအားကိုးတော်မူတယ် အရှယ်ရောက်လာတဲ့အတွက် ကြံတော်မူထားလိုက်တဲ့ အကြံတော်ကြီးတွေဟာ သွီးတော်များသိလျှင် ဝမ်းမြောက်စရာကြီးပေါ့။

(သခင်ကြီး) ခမည်းတော်ဘုရားက သွီးတော်တပါးအတွက် ဘယ်လိုများကြံတော်မူနေပါသလဲ မယ်မယ်ဘုရာ့....(ပြောရင်း,ဆိုရင်း, ဝမ်းနဲသောအမူအရာနှင့်) မှန်တဲ့အတိုင်း တင်ရမှာဖြင့်မိန်းမဖြစ်လို့လာရတာ အလွန်ဝမ်းနဲဘို့ ကောင်းလှပါတယ် ကေရဇ်ဘုရင်ရဲ့ ရင်သွေးတော်အစစ် ဖြစ်ပေတယ်လို့ ရှင်ဘုရင့်အဖြစ်သို့ ရောက်နိုင်ဘို့တော့ မျှော်လင့်ဘွယ် မရှိပါဘူး ခမည်းတော်ဘုရားက ဘယ်လိုပင်ချီးမြှင့်တော် မူမယ်လို့ကြံသော်လဲ တိုင်းပြည်ရဲ့အရှင် ဘုရင်အဖြစ်သို့ရောက်အောင် ချီးမြှောက်နိုင်မယ် မထင်ပါဘူး။

(မယ်တော်က သွီးတော်၏နဖူးပြင်ကို နမ်းရှုပ်တော်မူပြီး) စိတ်နေ့,စိတ်ထား, အလွန်ကြီးမားတဲ့ သွီးတော်ပါကလား ကေရီဘုရင်မ အဖြစ်ကိုပင် ယူချင်တဲ့ဆန္ဒ ရှိနေသပေါ့လေ။

(သခင်ကြီး) မှန်တယ်မယ်မယ်ရဲ့ လူ့ပြည်လောကသို့ ရောက်လာလို့ရှိခဲ့ပါလျှင် ရှင်ဘုရင်မဖြစ်သမျှဖြင့် အောက်တန်းကျတာမျိုး ချည်းပါဘဲ။

(နွယ်) မိန်းမဖြစ်ပေတယ်လို့ တိုင်းပြည်ကြီးကို အစိုးရတဲ့ကေရီဘုရင်မ မဖြစ်နိုင်ဘူးလို့လဲမထင်ပါနှင့် ဟို-မကြာမီရှေးအခါက ဟံသာဝတီ နေပြည်တော်ကြီးမှာ "ရှင်စောပု" ဆိုတာဘုရင်မကြီး ဖြစ်ဘူးတယ် ရာဇာဝိရာဇ်ကဲ့ သို့်းတော်အကျော်အမော်ကြီးပေါ့။

(သခင်ကြီး) တလေတယောက် ပေါ်ပေါ်ထွန်းကားတာကို အားကျဘို့မဟုတ်ပါဘူး မယ်မယ်ဘုရား ရှင်စောပုလက်ထက်မှာတော့ ထီးညွန့်နန်းဆက်ပြတ်နေတော့ ဘုရင်မကြီးဖြစ်နိုင်တာပေါ့ မယ်မယ်ဘုရား။

(နွယ်) အို-ကံဆိုတာမြင်နိုင်တဲ့ ဟာမျိုးမှမဟုတ်ဘဲ သို့်းတော်လဲဘုရင်မကြီး ဖြစ်ဘို့ကြုံလျှင်လဲဖြစ်မှာပေါ့....နို့ နေစမ်းပါအုံး မယ်မယ်ကမေးစမ်းပါရစေ မိန်းမဖြစ်လာတဲ့အခါ တောင်ညာတင်သားတဲ့ အသျှင်မိဖုယားခေါင်ကြီး ဖြစ်ရလျှင်လဲ ကျေနပ်ကြစမြဲပါ မိဖုယားခေါင်ကြီးဆိုတာမိန်းမဘဝမှာ အထွတ်အထိပ်ဆုံးဘဲမဟုတ်လား။

(သခင်ကြီး) ဘဝကိုကယုတ်နိမ့်ပြီးသားပါ မယ်မယ်ဘုရား မိဖုယားဆိုတာလဲ မိန်းမအချင်းချင်းပေါ်သာ အကျော်ဆုံးလို့ဆိုရတာပါ တကယ်ဆိုရင် ဘုရင်ရဲ့အလုပ် အကျွေးမဟုတ်လား အားကျလောက်တဲ့ ရာထူးမျိုးမဟုတ်ပါဘူး ကုန်ကုန်တင်ပရစေတော့မယ်မယ် မိန်းမဖြစ်ပြီလို့ဆိုမှဖြင့် တာဂတိန်ဘုံဖျားက သိကြားမင်းကြီးရဲ့ မိဖုယားခေါင်ကြီး ဖြစ်ပေတယ်လို့အထက်တန်းသို့မရောက်ဘဲ အောက်တန်းကျတဲ့ ဘဝမျိုးမို့ အားကိုနှစ်သက်ဘွယ် မရှိဘူးလို့ထင်မိတာပါဘဲ။

(နွယ်) အင်း-တယ်စိတ်နေမြင့်တဲ့ သို့်းတော်ဘဲ ကံခလပ္ပြုပြင်လို့မရနိုင်တဲ့ အဖြစ်တွေကိုတွေးပြီး သဘောမနှစ်သက်နိုင်အောင် ဖြစ်မနေပါနှင့်တော့ သို့်းတော်ရဲ့ကံအကြောင်းကိုသာအပြစ်တင်ဘို့ရှိနေပါတယ် နောက်ဘဝများမှာ ယောကျ်ားဖြစ်အောင် ကြိုးစားပေတော့ဖြစ်ရာဘဝမှာပျော်တဲ့ သို့်းတော်ရဲ့.... (ဤသို့ပြောဆိုရင်း မယ်တော်ကသို့်းတော်ကို ရင်ခွင်မှာပိုက်ပြီးမျက်နှာကိုခပ်ပြုံးပြုံးနှင့် စေ့စေ့ကြည့်ကာ) မေးစမ်းပါရစေ အသက်ကဲ့ အရွယ်တော်ကလဲကြီးကြီးလာလို့ ဆိုင်ရာအရေးများလဲ နီးနီးလာပြီခမည်းတော် ရွှေနန်းရှင်ဘုရားကဖြင့် မျိုးရိုးဇာတိတူတဲ့ထီးညွန့်နန်းလျာ မဟာဥပရာဇ်တပါး နှင့်စုလျား ...(ဤသို့ပြောဆိုသည်တွင်သို့်းတော်သခင်ကြီးက မယ်တော်၏ရင်ခွင်ထဲမှာ လူးလွန့်၍ထပြီး) တောင်းပန်ပရစေ မယ်မယ်ဘုရားသည်စကားကိုရပ်ဆိုင်း တော်မူစေချင်ပါတယ် အရွယ်တော်များကလဲ အငယ်သားရှိပါသေးတယ် သည်အရေးကိုဖြင့် သွေးဆောင်တော်မမူရန် အရေးတကြီးတောင်းပန် လိုပါတယ်မယ်မယ်ဘုရား။

(မယ်တော်ကခေတ္တစဉ်းစားပြီး) ကိုယ့်ရင်သွေးအပေါ်မှာ မယ်တော်ပြောပိုင်တဲ့အရေးမို့ပြောရတာပါ မဟာမျိုးမဟာနွယ်တို့ ဓမ္မတာ ညင်းရှောင်လို့ရတဲ့ အရာမျိုးလဲမဟုတ်ပါကလား အရှင့်သို့်းတော်ဆိုတာ မိဖုယားအဖြစ် သို့ရောက်မှ တင့်တယ်ပါတယ် ဇာတိမျိုးရိုးနှင့်ဘုန်းတန်ခိုးချင်တန်းတူမှ သင့်လျော်တာမျိုးကလား သို့်းတော်ရဲ့။

(သခင်ကြီး) ဖြစ်မယ်လို့ဖြစ်လျှင် ရှင်ဘုရင်ဖြစ်ချင်တဲ့ စိတ်မျိုးပါ မိဖုယားဖြစ်လိုတဲ့ စိတ်မျိုးတော့မရှိပါဘူး "ဖြစ်ရာဘဝမှာပျော်ရမယ်" ဆိုတဲ့မယ်မယ့်စကားအတိုင်း သို့မီးတော် ဖြင့် သည်လိုအရေးမှာ သူတပါးသွေးဆောင်တာကို မလိုက်ဘဲ ကိုယ်နှစ်ကြိုက်တဲ့သူနှင့်မှကြည်ဖြူ နှစ်သိမ့်နိုင်မယ်လို့ ထင်ပါသည်ဘုရား။

(နွယ်) အို-သည်လိုမတင်ထိုက်ပါဘူး သခင်ကြီးရယ် ဘယ်လိုသဘောထားလို့လဲ မယ် တော်ခမည်းတော်များက သို့မီးတော်တပါးကို အနွယ်တော်နှင့် လိုက်အောင် ကြံဆောင်ကြတဲ့ အရေးပါညင်းပယ်ဘို့ရာ မဟုတ်ပါဘဲကလား။

(သခင်ကြီး) တင်ရန်အခွင့်ပေးတော်မူပါ လူ့ဘဝသို့ရောက်လာတဲ့အခါ ကိုယ့်အတွင်း သန္တာန်မှာရှိတဲ့အချစ်မေတ္တာကို ကိုယ်ပိုင်သဘောအားဖြင့် ပိုင်ပိုင်ကြီးထားနိုင်မှ ချမ်းသာခွင့်ကို ရနိုင်မယ်လို့ထင်ပါတယ် ကိုယ့်အချစ်မေတ္တာကိုမှ ကိုယ်ပိုင်မထားရပါလျှင် ဘယ်မှာချမ်းသာခွင့် ကိုရနိုင်ပမလဲ သို့မီးတော်ကိုချမ်းသာစေလိုပါလျှင် ကိုယ့်သန္တာန်မှာရှိတဲ့ အချစ်မေတ္တာကိုအပိုင် စားသနားတော်မူစေ ချင်ပါတယ်ဘုရား။

(မယ်တော်က ဝမ်းနည်းသော အမူအရာနှင့်) တယ်ခက်တာဘဲနော် တခြားနေရာမှာ စိတ်နေ့,စိတ်ထား,ကြီးမားသော်လဲ သည်အချက်မှာတော့ သက်သက်စိတ်ထား နိမ့်နေပါပေါ့ ကလား။

(သခင်ကြီး) စိတ်ထားနိမ့် ကျတယ်လို့ မဆိုထိုက်ပါဘူး မယ်မယ် ကိုယ်ပိုင်တဲ့အချစ် မေတ္တာဖြင့် ကိုယ်ပိုင်ချမ်းသာကို ရှာလိုတဲ့ဆန္ဒကြီးပါ

(မယ်တော်က ရုတ်တရက်မမေးမြန်းသေးဘဲ အတန်ကြာကလေး စိုက်၍စဉ်းစားပြီး) မယ် မယ်ဘုရားက စကားတခုမေးစမ်းမနော် စိတ်တော်ကလေးများလဲ ညို့မသွားပါနှင့်။

(သခင်ကြီးကပြုံးပြီး) မေးတော်မူပါမယ်မယ်ဘုရား စိတ်ညို့ဘို့မရှိပါဘူး သို့မီးတော်ဟာ မှန်ရာကိုဖြင့် တင်တတ်တဲ့အလေ့ရှိပါတယ်။

(နွယ်) သည်လိုပါရဲထွတ်ဆိုတဲ့ အထိန်းတော်သားနှင့် ယဉ်ယဉ်ပါးပါးဖြစ်ပြီး သို့မီး တော်ကလဲ ရဲထွတ်အပေါ်မှာ မေတ္တာတော်ယိမ်းယိုင် နေတယ်လို့ထင်ပါတယ် မယ်မယ်အထင် လွဲလျှင် သို့မီးတော်ကဘဲပြင်ပေးပါ။

(သခင်ကြီး) မှန်တဲ့အတိုင်းတင်ရမဲ့ အကြောင်းပါဘုရား သျှင်ရဲထွတ်ဆိုတာ မောင် တော်တပင်ရွှေထီးနှင့် နို့စို့ဘက်အတူကြီးပြီး ရင်းနှီးစွာ ချစ်ခင်နေကြတဲ့ သူတယောက်ပါ မောင်တော်တပင်ရွှေထီးကလဲ နောင်တော်ကြီးရယ်လို့ပင် အမြဲမှတ်ထင်နေပါတယ် ခမည်းတော် ဘုရားကလဲ မြွက်စားတော်မူတဲ့အတိုင်း ဟို-ငယ်ရွယ်စဉ်အခါကပင် နန်းတွင်း,နန်းပြင်,ထွက်ဝင် ပျော်ပါး၍၊သားတော်,သို့မီးတော်များနှင့်အတူ။ ကစားခွင့်ကို ရလေတဲ့သူတယောက် ဖြစ်ကြောင်း ကိုလဲ မယ်မယ်ဘုရားသိတော်မူသားဘဲ မဟုတ်ပါလားဘုရား။ သည်က သို့မီးတော်နှင့်လဲ။ ငယ်ရွယ် စဉ်ကစပြီး။နန်းတွင်း,နန်းပြင်,မင်္ဂလာဉယျာဉ်တော်မှစ၍၊အတူတကွကစားဘက်ဖြစ်လာခဲ့ပါတယ်၊

အထိန်းတော်များရဲ့သွီး ခင်ဘုန်းနှင့် ခင်မြတ်တို့ဆိုတာလဲ၊ သျှင်ရဲထွတ်လိုပင်၊ ပျော်ပျော်ရွှင်ရွှင်နှင့်၊ ကစားဘက် ဖြစ်လာကြပါတယ်။ ။ငယ်ရွယ်သူတို့သဘောနှင့် အရောတဝင် ပျော်ရွှင် ကျီစယ်ကြတာများကိုမြင်လို့၊ မယ်မယ်ထိပ်ခေါင်တင်က၊ အလွဲထင်တော်မူတဲ့ လက္ခဏာပါဘုရား။

(နှယ်) သွီးတော် တင်တဲ့အတိုင်းမှန်လျှင်ဖြင့်။ မယ်မယ်က ဝမ်းမြောက်ဘို့ပါဘဲ။သို့ရာတွင်၊ ဆင်ခြင်ဘို့ရှိတာကတော့၊ ထင်မြင်ခြင်းဆိုတာ၊ အကြောင်းလုံလောက်စွာ တွေ့လို့ ထင်သင့်တဲ့အတွက် ထင်မြင်တာလဲရှိပါတယ်၊ အကြောင်းမဲ့သက်သက် ထင်တာမျိုးလဲ ရှိတတ်ပါတယ်။ ။မယ်မယ်ဟာလဲ။ ငယ်ရွယ်စဉ်ကစပြီး။ သွီးတော်တို့လို ကြီးလာခဲ့တာပေါ့။ သူငယ်တို့ဘာဝနှင့်၊ အကျွမ်းတဝင် ချစ်ခင်ရောပြွမ်း၍၊ ပြောပုံ့ဆိုပုံနှင့်တကွ၊ ကစားပျော်မြူးကြပုံကိုလဲ သိပါတယ်။ ။ယခုမယ်မယ်ဘုရား မေးတော်မူခြင်းကတော့။ အရိပ်အဆင်ကို တွေ့မြင်တဲ့အတွက်။ အထင်နှင့်မေးခြင်းပါဘဲ။ အလွဲမဖြစ်စေချင်လို့သခင်ကြီးရဲ့။ ဘုရင့်သွီးဆိုတာ၊ တိုတိုပြောရမှာဖြင့်။ ဘုရင့်သားနှင့်သာထိုက်တန်တာကလား။

(သခင်ကြီး) အရိပ်အဆင်ကြောင့်။ အထင်မကင်းဘူးဆိုတဲ့ စကားကိုလဲ။ မိန့်ကြားတော်မူသင့်ပါတယ်။ ဘာကြောင့်လဲလို့ ဆိုတော့၊သွီးတော်နှင့် သျှင်ရဲထွတ်ဟာ၊ တောင်ဉယျာဉ်တော်ထဲမှာ မကြာမကြာတွေ့ဆုံပြီး။ ငယ်ရွယ်သူတို့အလေ့အတိုင်း။ကစားလေ့ရှိတာကို မယ်မယ်ရဲ့။ ။သို့ရာတွင်။ မယ်မယ်စကားထဲမှာ။ "ဘုရင့်သွီးဆိုတာ၊ ဘုရင့်သားနှင့်သာ ထိုက်တန်တယ်" ဆိုတဲ့ အချက်ကိုတော့ နှစ်နှစ်သက်သက်ကြီး မယုံနိုင်တာက ခက်တယ်ဘုရာ့၊ ဘာကြောင့်လဲလို့ ဆိုတော့။ လူ့ပြည်လောကကြီးတခုလုံးဟာ၊ ကံစီမံရာသို့ လိုက်ပါနေရကြောင်းကို၊ ပညာရှိအပေါင်းတို့က၊ တညီတညွတ်ထဲ မိန့်ဆိုတော်မူကြပါတယ်။

ဘုရင့်သွီးနှင့် ဘုရင့်သား။ အမြဲထိမ်းမြားရမယ်ဆိုတဲ့ ဥပဒေဟာ၊ ကံစာရင်းမှာ မပါဘူးလို့ ထင်မိပါတယ်၊ ကံဆိုတာက မျက်နှာမလိုက်စားဘူးဆို မဟုတ်လား မယ်မယ်ဘုရားရဲ့၊ နဖူးစာဆိုတဲ့ အချက်ဟာလဲ။ ကံသက်သက်ပါဘဲ၊ ဇာတ်နိပါတ်တော် များမှာလဲ။ ထင်ရှားတဲ့တဲ့ အချက်တွေ အပုံကြီးရှိပါတယ်။ မဟာနွယ်နှင့် ကျွန်တော်မျိုး၊ ရှေးကံရင်း ဆော်နိုးတော့ သူ့အကျိုးနှင့် သူ့အကြောင်း၊ ဆက်သွယ်လို့ ပေါင်းကြတာပါဘဲ။ ။သျှင်ရဲထွတ်ကိုလဲ၊အထိန်းတော်သားရယ်လို့ အညံ့စားထဲဘို့သွင်းပြီး။ အဖျင်းကလေး, အညွန့်တုံးကလေး,ရယ်လို့ မမှတ်သင့်ပါ၊ "ယောကျ်ားတို့ဘုန်း။ အဆုံးမရှိဘူး" ဆိုမဟုတ်လား မယ်မယ်ဘုရားရဲ့။

(နှယ်)ဟော-ပြောရင်း,ဆိုရင်း။ အကွင်းသား,အကွင်းသားပေါ်ပေါ်လာပါပေါ့ကလား၊ "စကားထဲကဇာတိပြ" ဆိုတာ၊ သည်လိုပြောပုံမျိုးတွေကိုခေါ်တာဘဲသွီးတော်ရဲ့။ ။သျှင်ရဲထွတ်ကို အပုံကြီး စိတ်ညွတ်နေသလား။ မယ်မယ်ဘုရားကို မှန်တဲ့အတိုင်း တင်လိုက်ပါတယ်။

(သခင်ကြီး အတန်ကြာငုံ့၍ စဉ်းစားပြီး) အမှန်ကိုပြောရလျှင် သစ္စာသဘောဆိုတဲ့အတိုင်း တင်ရမှာဖြင့်၊ သျှင်ရဲထွတ်အပေါ်မှာ၊ မေတ္တာတိမ်းညွတ်ကြောင်း မှန်လှပါတော့သည်ဘုရား။

(မယ်တော်က ဝမ်းနည်းသော အမူအရာနှင့်) ဪ-အပုံကြီးခက်နေပါပေါ့ ကလား။ မယ်မယ်ဘုရားကတော့။ အလိုတော်ကို လိုက်နိုင်ပါတယ်။ ခမည်းတော် ရွှေနန်းရှင်ဘုရားကတော့ လက်သုံး တော်ရွှေဓါးနှင့် (ဝမ်းနည်းလှသည်နှင့်၊ စကားမဆုံးခင် ဖြတ်လိုက်လေ၏။)

(သခင်ကြီးကပြုံးပြီး။) ခမည်းတော်ဘုရားရဲ့။ လက်သုံးတော် ရွှေဓါးဟာ၊ အလွန်တရာ ထက်မြက်ကြောင်းကိုလဲ သွီးတော်အသိပါ၊ ရာဇမာန်အရှိန်ပြင်းမှုဖြင့်၊ သိကြားမင်းကတောင် လန့်ရကြောင်းကိုလဲ သိပါတယ်။ သို့ရာတွင်။ မယ်မယ့် ခမည်းတော်ဘုရားရဲ့ လက်သုံးတော် ကျောက်စီဓါးဟာ၊ လူတို့ကိုယ်ကောင်ကိုသာ၊ ကြေပျက်အောင် ခုတ်ဖြတ်နိုင်ပါတယ်။ လူတို့ အတွင်းမှာရှိတဲ့ အချစ်မေတ္တာကိုတော့၊ဓါးစကြာကခုတ်နိုင်တာမျိုး မဟုတ်ပါဘူး။ ကိုယ်ကောင် ကတော့၊ ကျောက်စီဓါးကို အကြောက်သားပါဘဲ။ အချစ်မေတ္တာကတော့။ လက်သုံးတော် ဓါးလောက်ကို၊ ကြောက်မယ်လို့ မဟုတ်ဘူး မယ်မယ်ရဲ့။

(နွယ်) အို-ဘယ်ပုံတင်ရတာလဲ၊ အပုံကြီးခက်ခဲ နေပါပေါ့ကလား၊ ရွှေနန်းရှင်ဘုရား၊ သည်အရေးကို ကြားမှုဖြင့်၊ မယ်မယ်ဘုရားနှင့် တကွ။ သတ္တဝါအများ တွေ့ကုန်ကြတော့မယ်.... (ပြောဆိုရင်း မျက်ရည်ကျလေသည်။)

(သခင်ကြီး) ပူပင်ဘို့ မဟုတ်ဘူး ထင်ပါတယ် မယ်မယ်ဘုရား။ ကံအားလျော်စွာသတ္တဝါ မှန်သမျှ။ တွေ့ကြုံရမည် မလွဲပါ။ ခမည်းတော်နှင့် မယ်တော်နှစ်ပါးကိုလဲ၊ များများကြီးကြီး နှ ရှိသေလျက်ပါ၊ ရေစက်ဟောင်းပါလာလို့၊ ချစ်မေတ္တာဝရဇိန်ကိုဖြင့်၊ နှိမ်လို့မရနိုင်အောင် ရှိနေတုန်းဘဲ မယ်မယ်ရဲ့။ ဤသို့တင်ပြီး ။မယ်တော်နှင့်အတူ ငိုလေ၏။ မယ်တော်လည်း။ ရုတ် တရက် သွီးတော်၏ စိတ်ကို ပြုပြင်ပေးရန် မတတ်နိုင်ဘူးထင်သည်နှင့်၊ ဆက်လက်၍ မပြောဘဲ မသာသောစိတ်နှလုံးဖြင့်။ အုံးဝန်းကိုမှီပြီး ငေးငိုင်ကာ စံနေတော်မူလေသည်။ ။သွီးတော် သခင်ကြီးလည်း၊ မယ်တော့်ထံပါးမှာ၊ ညွတ်တွားရှိသေစွာ၊ ယပ်လေခပ်ရင်း စံနေတော်မူလေ သတည်း။

---

# အခန်း (၁၈)

## "သျှင်ရဲထွတ်၏ ရာဇဝတ်ဘေးကြီး"

သွီးတော်သခင်ကြီးသည်။ မယ်တော်ဘုရား၏၊ အမိန့်တော်ကို ကြားရပြီးနောက်၊စိတ် နှလုံး ချမ်းသာခြင်းမရှိဘဲ၊ မိမိကိုယ်တိုင် ကြပ်တဲကျဉ်းမြောင်းစွာ ဖြစ်ရတော့မည် အကြောင်း များကို၊ စဉ်းစားဆင်ခြင်မိလေ၏။

သခင်ကြီးသည်၊ မယ်တော်နှင့်အတူ စံနေသောအဆောင်တော် စမုတ်ဦးတွင် စိုက်ပျိုး ထားသော ပန်းခုံတော်၌။ တကိုယ်တည်း မှိုင်တွေလျက်။ သျှင်ရဲထွတ်နှင့်အတူ၊ မကြာမကြာ တွေ့ဆုံရာဖြစ်သည့် တောင်ဉယျာဉ်တော်ကို မျှော်၍ကြည့်ရင်း။ စဉ်းစား၍နေသည်မှာ။ "မယ်

တော်ဘုရားရဲ့ အမိန့်တော်သံကို ထောက်လိုက်တော့၊ ခမည်းတော်ဘုရားက သဘောတော်မကျတဲ့ အခြေကိုသိရတယ်”။ ဂုဏ်ချင်းမတူလို့ မကြည်ဖြူ မနှစ်ချိုက်၊ သွီးတော်အလိုကို မလိုက်နိုင်ဘူးတဲ့။ ခြေဒ်-ဂုဏ်ကေ့၊ ဒြပ်တွေ့ဟာ၊ ကြပ်ဘို့အခွင့်ကြုံတော့ အပုံကြီး ကြပ်ထာမျိုးပါကလား။ ။ထွတ်ထွတ်အပေါ်မှာ၊ သို့ကလောက် အထင်သေးဘို့ရာလဲ မရှိပါဘူး။ သားတော်တပင်ရွှေထီးနှင့်၊ နို့စို့ဘက်အတူ ကြီးလာတဲ့သူပါ၊ မဟာနွယ်ဆိုတဲ့အတန်းမှာ ထားပြီး။မင်းသားအစစ်လို ချီးမြှင့်ခြင်း ခံရတဲ့သူပါဘဲ။ ။သည်လို ဂုဏ်ရည်ချင်း မတူဘူးလို့ ထင်ပါလျှင်၊ ဘယ်အတွက်ကြောင့်။ ငယ်ရွယ်စဉ်ကစပြီး။ ချီးချီးမြှောက်မြှောက်နှင့်၊ သို့ကလေးကမ်မျက်နှာသာပေးရသလဲ။ ။အချိန်အရွယ်ရောက်လို့၊ သွီးတော်အရေးနှင့် ကြုံတော့မှ။ ဂုဏ်ရည်မတူဘူး၊ အထိန်းတော်သားနှင့် အရာလား။ သည်လို မိန့်တော်မူတဲ့စကားဟာ၊ မတရားပါဘူး။ ။ရာဇမာန်စက်နှင့်၊ အမျက်တော်လဲ အများကြီးရှတော်မူတဲ့ လက္ခဏာဘဲ။ ။ဘယ်လိုပင် အမျက်တော် ရှပေတယ်လို့။သေတဲ့ဘဝသို့ ရောက်အောင် စီရင်ခြင်းမှတပါး။ဘယ်လိုများတတ်နိုင်အုံးမှာလဲ။ ။ဘုရားအာဏာတော်များ ဝရဇိန်စက်သွားလောက်မက။ ထက်မြက်လှတယ်လို့ဆိုသော်လဲ။ “သွားမြဲလမ်းသွားစေ၊ အဆုံးစီရင်စေ”ဆိုတဲ့ အခြေလောက်သာ တတ်နိုင်ပါတယ်။ ။“နှစ်ဦးစုံနှစ်သက်တဲ့ ချစ်ရမက်ကိုပျက်စေ” ဆိုတဲ့ အာဏာကိုတော့၊ ရနိုင်တာမျိုး မဟုတ်ပါဘူး။ ။ဘုရင်မင်းတို့၏ အစိုးရခြင်းဆိုတာ၊ မြေ, ရေ,နှင့် တကွ၊ တိုင်သူ, ပြည်သား,တို့၏ အသက်စည်းစိမ် များကိုသာ အစိုး ရပါတယ်၊ ချစ်သူတို့၏ နှလုံးထဲမှာ ရှိတဲ့ ချစ်မေတ္တာကိုတော့။ မင်းအာဏာနှင့် အစိုးရနိုင်တာမျိုးမဟုတ်ပါဘူး၊ ခမည်းတော်ဘုရားကြီးကလဲ တယ်ခက်နေတာဘဲ၊ ကိုယ်အစိုးမပိုင်တဲ့နေရာကို ဘာကြောင့် အာဏာပေးတော်မူချင်ပါလိမ့်မလဲ၊ ငါ့သွီးတော်ကို ကြိုက်ရမလားလို့ တကယ်လို့များ သျှင်ရဲထွတ်ကို အဆုံး စီရင်ပါလျှင် သည်သွီးတော်ဟာ သည်ကမ္ဘာပေါ်မှာ အသက်နှင့်ကျန်ကြွင်းလို့ နေရစ်နိုင်အုံးမှာတဲ့လား၊ အစဉ်းစား သိသိကလေး နှံတော်မူတဲ့ လက္ခဏာပါဘဲ။ ။သွီးတော်ကိုမချစ်ဘဲ နှစ်ဘို့ကြံတဲ့ ရာဇမာန်အဆိုးကြီး ဖြစ်နေပါပေါ့ကလား။ ။ခြေဒ်-တယ်ကြပ်ပါကလားနော်၊ “အနတ္တ-အစိုးမရ” ဆိုတဲ့ တရားတော်ဟာ အလွန်တရာ မှန်ပါပေတယ်၊ ဒီသခင်ကြီးဟာ လူ့ဘဝသို့ရောက်သော်လဲ မိမိကိုယ်ကိုမှမိမိအစိုးမရပါကလား။ ။ကိုယ်ပိုင်တဲ့ ချစ်မေတ္တာကိုမှ စေတနာရှိတဲ့ သူကိုမအပ်နှင်းရဘူးတဲ့၊ ကြပ်ခြင်းကြီးကြပ်နေတော့တာဘဲ။ ။သခင်ကြီးရဲ့စိတ်ထဲမှာရှိတဲ့ ချစ်မေတ္တာတွေဟာ မင်းဘဏ္ဍာလဲ မဟုတ်ပါဘူး၊ သည့်ကလောက်ကလေးမှ လွတ်လပ်ခွင့် မရတော့ဘူးတဲ့လား။ ။ကိုယ်ကာယကိုလဲ အုပ်ချုပ် ချစ်မေတ္တာကိုလဲလွတ်လပ်ခွင့်မပေး၊ အို-တွေးတိုင်း, တွေးတိုင်း မကြည်မြပါဘူး၊ သည်ဘဝကို အဆုံးသတ်လိုက်ထာဘဲ အေးပါလိမ့်မယ်၊ ဤကဲ့သို့ မှိုင်တွေချကာ စဉ်းစား၍ နေတော်မူလေ၏။

သျှင်ရဲထွတ်သည် သွီးတော်အရေးနှင့်စပ်၍ မိမိအပေါ်တွင် ရွှေနန်းရှင်ဘုရားက မျက်မာန်ရှတော်မူကြောင်းကို မသိသေးသည်နှင့် စိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ သခင်ကြီးနှင့်တွေ့ဆုံရန် မကြာမီက ချိန်းဆိုထားသော တောင်ဥယျာဉ်တော်ထဲသို့ လာခဲ့လေ၏၊ ဥယျာဉ်တော်ထဲသို့ ရောက်၍ အတန်ကြာ စောင့်နေပါသော်လည်း ရှေးရှေးအခါကလို သခင်ကြီး ထွက်တော် မမူလာသည်နှင့် မင်္ဂလာ ရေကန်တော်၏ တံတိုင်းပေါ်သို့တက်ပြီး နန်းတော်ကြီးသို့လှမ်း၍ ကြည့်မျှော် လိုက်ရာ

ပန်းခုံရင်း၌ မကြည်လင်သောမျက်နှာဖြင့် ငေးမှိုင်၍နေသော သခင်ကြီးကို မြင်လေရာ သျှင်ရဲထွတ်၏စိတ်ထဲ၌ အကြံဖြစ်ပေါ်လာသည်မှာ "ဘယ့်နှယ်လဲ ယနေ့ အမူအရာတော်ဟာ အခါတိုင်းနှင့် မတူအောင် ထူးဆန်းလှပါကလား၊ ဟို-ယမန်အခါများမှာတော့ တွေ့ဆုံရန်တူနှစ်ကိုယ် ချိန်းဆိုလို့ထားမှုဖြင့် သည်ဥယျာဉ်တော်ထဲကို တပြိုင်နက်လိုလို ရောက်လာကြတာဘဲ၊ တခါတခါများ ခင်ခင်ကြီးကတောင် စောစောစီးစီးရောက်နေသေးတယ်။ ။သူ့အနေအထိုင်က အတော်မှိုင်နေပါကလား၊ သည်လို မျက်နှာထားပုံမျိုးကို တခါမျှ မတွေ့မမြင်ရ ဘူးပါဘူး၊ ဘယ်လို အကြောင်းများ ထူးနေပါလိမ့်မလဲ၊ ချစ်သူနှစ်ဦးတို့၏ အရိပ်အကဲကိုသိလို့ ရွှေနန်းရှင် ဘုရားက ချုပ်တည်းလို့များ ထားလေတော့ သလား၊ အစဉ်းစားရ အပုံကြီးကြပ်နေတယ်၊ ဤကဲ့သို့ စဉ်းစားပြီး သခင်ကြီးကိုသာ ငေးစိုက်၍ ကြည့်နေလေ၏။

သခင်ကြီးမှာ မယ်တော်ဘုရားက ရွှေနန်းတော်လက်ရမ်း၏ အပြင်ဘက်သို့ မထွက်မသွားရန် အမိန့်တော်ရှိထားသဖြင့် တောင်ဥယျာဉ်တော်ထဲသို့ ထွက်တော် မမူချင်လျက်ပါ၊ ထွက်ခွင့်မရဘဲ ဥယျာဉ်တော်ကိုသာမျှော်၍ နေတော်မူရှာလေသည်။

ထိုအခိုက်မှာ သခင်ကြီးနှင့် မနီးမဝေး သစ်ပင်ထက်မှ ဥဩငှက်တကောင်သည် သာယာသောအသံဖြင့် တွန်မြည်လိုက်ရာ ဥဩသံကိုနားစိုက်ပြီး "အသံကလေးကဖြင့် သာယာပါပေရဲ့၊ သို့ရာတွင် ဘဝင်ညှိုးငြိုး၍ စိတ်နှလုံးပူဆွေးသဖြင့် ရှေးကလို သာတယ်လို့မထင်ပါဘူး၊ စိတ်နှလုံးမသာလျှင် ဘာမျှအရသာမရှိဘူး"ဆိုတာ အလွန်မှန်ပါကလား၊ ဤသို့တကိုယ်ထည်း ပြောဆိုပြီး တောင်ဥယျာဉ်တော်သို့ မျှော်ကြည့်လိုက်ရာ မိမိဆီသို့စိုက်၍ ကြည့်နေသော သျှင်ရဲထွတ်မျက်နှာနှင့် ပက်ပင်းပါဆိုင်မိလေ၏။

သျှင်ရဲထွတ်ကလဲ သခင်ကြီးနှင့် မျက်နှာချင်းဆုံမိသည်နှင့် တပြိုင်နက် ရုတ်တရက်ပြုံးကာ "ထွက်တော်မူလာပါဦး"ဟု ခေါ်သောအမူအရာကိုပြုလိုက်လေ၏။ ။မခေါ်ဘဲနှင့်ပင်လာချင်တုန်းဆဲဆဲဖြစ်နေသော သခင်ကြီးရဲ့စိတ်ထဲမှာ ဘာကိုမျှသတိမရနိုင်တော့ဘဲ ရုတ်တရက်ထလိုက်ရာ မြတ်လေးပန်းနွယ်နှင့်ငြိသဖြင့် ဦးခေါင်း၌ စိုက်ထားသော နဝတ်ဆံထိုးသည် ရုတ်တရက် ပြုတ်ကြသွားလေ၏။

ပြုတ်ကြသွားသော နဝရတ်ဆံထိုးကို ကြည့်ပြီး၊ "နိမိတ်လေလားနော်၊ စိတ်များကလဲ မကြည်လင်ဘူး၊ မြင်ပြန်တော့လဲ စိတ်ကိုနိုင်အောင် မဆွဲနိုင်တာက ခက်တယ်"ဟု စဉ်းစား နေရင်း မယ်တော်ဘုရားက "နန်းတော်အပြင်ဘက်သို့ မထွက်မှု" ဟု အမိန့်တော် ရှိထားသည်ကို သွား၍ သတိရလေ၏၊ သျှင်ရဲထွတ်ကလည်း လာစေလိုသောအမူအရာနှင့် စိုက်၍ ကြည့်ရှုနေလေသည်။

သခင်ကြီးသည် မယ်တော်ဘုရား၏ အမိန့်တော်ကို သတိရသည်နှင့်တပြိုင်နက် ရှေ့သို့လှမ်းသော ခြေတော်ကို ရုတ်တရက်နောက်သို့ ဆုတ်တော်မူလိုက် မိ၏။ ။ရှေ့သို့မတိုးရဲ ရပ်တန့်စံနေတော်မူရင်း "အို-ငါ၏ ခြေတော်များ အချစ်မေတ္တာနောက်ကို လိုက်မလား၊ အာဏာနောက်ကို လိုက်မလား" ဤသို့ ငြီးတွားပြီး စဉ်းစားတော် မူပြန်သည်မှာ "သြော်-ရှေ့ကို တိုးလျှင်လဲ

တမျိုးခက်၊ နောက်ဆုတ်လျှင်လဲတမျိုးခက်၊ ဘယ်ဘက်ကမှ လွတ်လွှပ်ခွင့် မရပါကလား၊ တောင်ဥယျာဉ်တော်သို့ မသွားဘဲနေခဲ့ပါလျှင် ချစ်သူရဲ့နှလုံးတွင်းမှာ မီးဝင်းဝင်း တောက်ရှာလိမ့်မယ်၊ တကယ်လို့ သွားခဲ့ပြန်လျှင် အာဏာကိုလွန်ဆန်သဖြင့် ရာဇဒဏ်ထိတော့မယ်၊ အကြပ်ဖြင့်ကြုံနေပေါ့၊ ကြံပုံတော်ဘယ်လိုထုတ်ရမလဲ။ ။(ရပ်တန့်ခါ အတန်ကြာကလေးစဉ်းစားပြီး) မျှော်လင့်သူ ပူပန်ရှာတော့မယ်၊ အချစ်ဒဏ်ကိုထောက်ထား၍ ရာဇဒဏ်ကိုမကြောက်အားပါဘူး၊ နောက်မျှားကျတော့မှ ဖြစ်ချင်သလိုဖြစ်စေတော့။

ဤကဲ့သို့ မိမိစိတ်ကိုဆုံးဖြတ်ပေးပြီးလျှင် နှေးတွဲဆိုင်းငံ့ခြင်းမရှိဘဲ ရဲရင့်သောစိတ်ထားနှင့် တောင်ဥယျာဉ်တော်သို့ ထွက်သွားတော်မူလေ၏။

မင်္ဂလာရေကန်တော်နဘေးမှာ ချစ်သွေးစွန်းနေကြတဲ့ ချစ်သူနှစ်ယောက် တွေ့ဆုံကြသောအခါ သခင်ကြီးက သျှင်ရဲထွတ်ကဲ့လက်ကို ရှုတ်တရက်ကိုင်ဆွဲပြီး "ထွတ်ထွတ် ရောက်နေတာ ဘဲ့ကလောက်ကြာသွားပလဲ"ဟု စတင်မေးမြန်းလေ၏။

(ထွတ်) ရေကန်တံတိုင်းပေါ်က မျှော်နေရတာ အတော်ကြီးကြာသွားပါပေါ့၊ ခင်ခင်ကြီးက ရှုတ်တရက်ထွက်တော်မမူလာဘဲ အကြာကြီးမှိုင်တွေချတော်မူနေရတာက ဘာအကြောင်းကိစ္စ ရှိတော်မူလို့ပါလဲ။

(ခင်) အို-မယ်တော်ဘုရားရဲ့အပါးမှာ ခစားနေရတာကြာသွားလို့ပါ၊ ဘယ်မှာ မှိုင်တွေချလို့လဲ ထွတ်ထွတ်ကဲ့။

(ထွတ်) ပန်းခုံတော်နားမှာ အတန်ကြာ မှိုင်တွေချနေတာကို အမြင်သားဘဲ၊ အထင်အရှား သိပြီးပါ၊ ဘာကြောင့်ဆိုတာကို မိန့်တော်မူပါ၊ ယနေ့ဖြစ်ပုံတော့ နေ့တိုင်းထက် ထူးတာအမှန်ပါဘဲ။

(ခင်) ဩော်–မြတ်လေးရုံနားမှာ ခပ်ကြာကြာကလေး ထိုင်နေတာကိုမြင်လို့ထင်ပါရဲ့၊ ပန်းလိပ်ပြာကလေးနှစ်ကောင် အသွေးအရောင် လှလွန်းလို့ အရ ဘမ်းနေတာပါ၊ သို့အတွက် အတန်ကလေးကြာသွားတာပါဘဲ။

(ထွတ်) မယုံပါဘူး သခင်ကြီးရယ်၊ ပန်းလိပ်ပြာကို ဘမ်းတဲ့မျက်နှာဟာ သည်အမူအရာမျိုး မဟုတ်ပါဘူး၊ လမင်းနှင့်ဂုဏ်ပြိုင်ပြီး မမှိန်နိုင်တန်း သာနေတဲ့ ခင့်မျက်နှာမှာ တိမ်လွှာတွေအုပ်ဆိုင်းပြီး စိတ်တိုင်းမကျတဲ့ အမူအရာတွေပေါ်နေပါတယ်၊ မှန်ရာကို မိန့်တော်မူသင့်ပါ၏။

(ခင်) အို–ခပ်လှမ်းလှမ်းကမြင်ရလို့ အထင်လွဲဟန်ရှိပါတယ်၊ မျက်နှာမသာတို့အကြောင်း မရှိပါဘဲကလား။

(ထွတ်) နီးသော,ဝေးသော လိုရင်းမဟုတ်ပါ၊ ထက်ကောင်းကင် အဇဋ္ဌာယူဇနာအများဝေးသော်လဲ လမင်းရဲ့အရောင်အသွေးကို အတွေးဉာဏ်မထုတ်ဘဲ သိနိုင်တာလို ခင်ခင်ကြီးမျက်နှာစန်းကိုလဲ ခပ်လှမ်းလှမ်းက မြင်သော်လဲ အရိပ်အဆင်ကိုသိနိုင်ပါတယ်၊ ဖုံးကွယ်တော် မမူပါနဲ့

ထွတ်ထွတ်အပေါ်မှာ ရွှေမေတ္တာပြယ်တော်မူသလား၊ ခမည်းတော်, မယ်တော်များက ထိပ်ထား ကို နှောက်ရှက်သလား၊ အသက်ဘေးအလွန်နီးတာမို့ သခင်ကြီးကမျှိုသိပ်၍ထားဘို့ မလိုပါဘူး။

(ဤသို့ အားနွဲ့သောအမူအရာနှင့် မေးမြန်းရာ သျှင်ရဲ့ထွတ်အပေါ်မှာ လွန်စွာသနားခြင်း ဖြစ်လာသည်နှင့် မှန်တဲ့အတိုင်းပင် ဘွင့်မှတော်တော့မည်ဟု ကြံစည်ပြီး) "သည်လိုပါ ထွတ်ထွတ် ကယ်၊ စိတ်များလဲ ငယ်မသွားပါနဲ့နော်၊ ခမည်းတော်ဘုရားက ထွတ်ထွတ်နှင့်သခင်ကြီး ရင်းနှီး ယဉ်ပါးကြပုံကို အကုန်လိုလိုပင် ရိပ်မိဟန်တူပါတယ်၊ သည်အကြောင်းများကို မယ်တော်ဘုရား က အမိန့်ရှိတော့ ခင်ခင်ကြီးသိရတာပေါ့၊ သည်တွက်တာ ကိစ္စကြောင့် စိတ္တဇ ရတက်ပွါးပြီး အခက်သား ကြုံတော့မယ်ထင်ရဲ့လို့ ခင်ခင်ကြီးကေတကုံးမှာ ဒွေနွေးလို့မှိုင်တွေချမိတာပါ၊ ထွတ် ထွတ်အပေါ်မှာတော့ မေတ္တာပျက်တဲ့အရေးမဟုတ်ဘူး အသက်ကဲ့။

(ထွတ်) အဲ-သည်ကိန်းဖြစ်လာပါလိမ့်မယ် ဆိုတာကို တင်ကြိုလို့ ပြောဘူးတယ် မဟုတ် လား၊ ကဲ-ယခုတော့ ဘယ်နှယ်ရှိစ၊ ရွှေနန်းရှင်ဘုရား သိတော်မူပေါ့၊ နို့-နေပါအုံး၊ ခင်ခင်ကြီး ရဲ့ မယ်တော်ဘုရားက ရဲထွတ်ဆိုတဲ့အထိုပ်းတော်သားနှင့် ယဉ်ပါးခြင်းမရှိစေနဲ့၊ တွေ့ဆုံကျီစယ် ၍ စကားအပြောအဆိုမရှိစေနဲ့၊ သည်ပုံများ အမိန့်တော်ရှိပါသလား။

(ခင်) မယ်တော်ဘုရား ကတော့ ခင်ခင်ကြီးရဲ့ အလိုကို လိုက်တော်မူတယ်၊ သွီးတော် တပ္ပါးကို ရွှေအားနွဲ့စေလိုတဲ့ ဆန္ဒ မရှိရှိးအမှန်ပါ၊ သို့ရာတွင် ခမည်းတော်ဘုရားက မယ်တော် ဘုရားရဲ့ အဆောင်တော်သို့ ကူးတဲ့အခါ သွီးတော်တပါးကို အသွားအလာ,အကူးအသန်း မရှိ စေနဲ့၊ မယ်တော်ဆောင်မှာသာ အမြဲစံနေစေ" ဆိုတဲ့ အမိန့်တော်ကို ထုတ်တော်မူပါတယ်။

(ထွတ်) ရွှေနန်းသခင် မျက်မာန်တော် ဝင်မှဖြင့် လူကို မဆိုထား ပါနှင့်၊ နတ်များပင် တုန်လှုပ်၍ ဘုံပြုတ်ခါ ရွှေ့လျော၍ သေခြင်းသဘောသို့ ရောက်ရပါတယ်၊ သည်လိုအမိန့်တော် ထုတ်ပါလျက်သားနှင့် ခင်ခင်ကြီးက ဘာကြောင့် ထွက်တော်မူလာရပြန်တာလဲ။

(ခင်) အချစ်ဟုန်သန်လွန်းလို့ ရာဇာဏ်ကို အလေးမပြုနိုင် တော့ဘူး ထွတ်ထွတ်ကဲ့၊ အချစ်စိတ်ကိုရွှေထားပြီး ခမည်းတော်ဘုရားရဲ့ အမိန့်တော်ကို တွန်းလှန်ဖြိုဖျက်ခဲ့တာပါဘဲ။ ။ ထွတ်ထွတ်ကကြောက်သလား ရဲတယ်ဆို။

(ထွတ်) မလန့်စိုးပါဘူးသတိုးနွယ်ရယ်၊ ကိုးကွယ်ရာကံအရှိန်ကလဲ မှေးမှိန်တဲ့သူမဟုတ်ပါ ဘူး၊ သို့ရာတွင် ရွှေနန်းရှင်ဘုရားရဲ့ အာဏာကိုတော့ မလွန်ဆန်သာဘူးလို့ ထင်မိပါတယ်။

(ခင်) အချစ်စိတ်သန်တော့ လွန်ဆန်ရာ ရောက်နေတာဘဲ ထွတ်ထွတ်ကဲ့၊ ဆင်တော်နှင့် နင်းပေစေ၊ ရဲရဲတင်းတင်းကြီး သေပြလိုက်ပါမယ်၊ ခင်ခင်ကြီးရဲ့ချစ်သတ္တိကို ထွတ်ထွတ်ကကြည့် နေပါတော့။

(သျှင်ရဲ့ထွတ်ကပြုံးပြီး) ထွတ်ထွတ်က စောစောသေ၍ တစ္ဆေဖြစ်တဲ့ဘဝသို့ ရောက်တော့ မှ ခင်ခင်ကြီးရဲ့ချစ်သတ္တိကို ကြည့်ရလိမ့်မယ်လို့သာမှတ်ပါ။ ။ခင်ခင်ကြီးမှာတော့ ဘုရင့်သွီးမို့

ရာဇဒဏ်မီးလောင်ဘို့မရှိဘူး၊ ထွတ်ထွတ်မှာတော့ အထိန်းတော်ရဲ့သားမို့ ရွှေဓါးနှင့်လည်ကျိုချိုင်ပြီး ကိုယ်တော်တိုင် ကွပ်မျက်တော်မူလိမ့်မယ် ခင်ခင်ကြီးရဲ့။

(သည်စကားကိုကြားရာ လွန်စွာဝမ်းနည်းလှသည်နှင့် ထိတ်ခနဲစိတ်ထဲကတုန်ပြီး ပုံရက်လဲကျသွားရာ သျှင်ရဲထွတ်သည် ရုတ်တရက်သခင်ကြီးကို ပွေ့ထူကာ မျက်နှာကိုစိုက်၍ ကြည့်နေလေ၏၊ ခင်ခင်ကြီးမှာ ရုတ်တရက်သတိမရဘဲ ရှိနေသည်နှင့် အနီးတွင်ပွင့်နေသော စံပယ်ပန်းများကို ဆွတ်ခူးပြီးလျှင် နှာခေါင်းဝမှာတင်ထားလေရာ တဖြည်းဖြည်း သတိရလာလေ၏။

သျှင်ရဲထွတ်၏စိတ်ထဲမှာ "ယခုနှယ်အခါမျိုး ရွှေနန်းရှင်ဘုရား ထွက်တော်မူလာလို့ ပက်ပင်းပါ မိတော်မူပါလျှင် အချိန်မဆိုင်းဘဲ သင်းချိုင်းကောင် ဖြစ်တော့မှာဘဲ" ဟု စဉ်းစားကာ ရွှေနန်းတော်ကြီးသို့သာ မကြာမကြာမျှော်၍ နေမိရှာလေသည်။

သခင်ကြီး သတိရလာသောအခါ သျှင်ရဲထွတ်၏ရင်ခွင်ထဲသို့ ရောက်နေကြောင်းသိသဖြင့် မိမိအကြိုက်နှင့်ကြုံနေသောကြောင့် ရုတ်တရက်မထဘဲ ငိုမဲ့မဲ့မျက်နှာနှင့် "ထွတ်ထွတ်ကယ် တယ်ခက်နေပါပေါ့ကလား၊ ဘယ်လိုများကြံပုံထုတ်မလဲ ချစ်လျက်နှင့် ကွဲရလျှင် သေပွဲပွင့်တော့မှာ အမှန်ဘဲထွတ်ထွတ်ကဲ့" ဟု ပြောလေ၏။

(ထွတ်) ကြံပုံတော်ထုတ်ဘို့ဆိုတာမှာတော့ မခဲယဉ်းလှပါ၊ သခင်ကြီးနှင့်အတူ တောင်ငူနိုင်ငံတော်အတွင်းက လွတ်ကင်းအောင်ထွက်ပြေးလျှင် အလှယ်ကလေးနှင့် အသက်ဘေးချမ်းသာနိုင်ဘို့ ရှိပါတယ်၊ ရာမညတိုင်းခေါ်တဲ့ ဟံသာဝတီ မြို့တော်သို့ ပြေးလျှင်လဲ လွတ်နိုင်ပါတယ်၊ သရေခေတ္တရာခေါ်တဲ့ ပြည်မြို့သို့ထွက်ပြေးလျှင်လဲ လွတ်နိုင်ပါတယ်။ ။သို့ရာတွင် သခင်ကြီးရယ် အသက်ဘေးကြောင့် ပြေးရတယ်ဆိုတာလဲ ရာဇဝင်ရိုင်းပါလိမ့်မယ်၊ ယခုအခါ သခင်ကြီးရဲ့ ခမည်းတော်ဖြစ်တဲ့ ရွှေနန်းရှင်ဘုရားမှာလဲ ဟံသာဝတီက တလိုင်းဘုရင်၏ရန်၊ သရေခေတ္တရာက ပြည်ဘုရင်၏ရန်၊ အဝမြို့တော်က ရှမ်းဘုရင်သိုဟန်ဘွားရဲ့ရန်၊ အဲ-သို့ကလို ဗိုလ်ပါ အင်အားနှင့် ရန်သူတော်များ ဝန်းရံလျက်ရှိနေတုန်းမှာ အထိန်းတော်သားက ဘုရင့် သမီးတော်ကို ခိုးယူပြီး တောင်ငူက ထွက်ပြေးလာတယ်၊ ရန်သူမင်းတို့၏ ခြေဘဝါးအောက်သို့ ဝင်ရောက် ခိုလှုံတယ်လို့ ဆိုလျှင် သမီးတော်အရေးကြောင့် ထွတ်ထွတ်ကျေးဇူးတော်သခင် ရွှေနန်းရှင် ဂုဏ်တန်ခိုး အပုံကြီးညှိုးပါလိမ့်မယ်။ ။ထွတ်ထွတ်မှာ ဘုရင့်ကျေးဇူးသစ္စာကို ရှိသေစွာစောင့်သိတဲ့သူဖြစ်သောကြောင့် ကျေးဇူးသစ္စာကိုဖျက်ပြီး အသက်ကိုမခင်မင်နိုင်ပါ၊ ရွှေနန်းရှင်ဘုရားက အမျက်မာန်တကယ်လို့ ပွါးပါလျှင် ရွှေဓါးနှင့် သတ်ထာကို ဝမ်းမြောက်စွာခံလိုက်မယ်၊ ခင်ခင်ကြီးရဲ့ တောင်ငူတိုင်းကိုဖြင့် ရာဇဝင်ရိုင်းအောင် မလုပ်လိုပါဘူး။

(သခင်ကြီးကစဉ်းစားပြီး) ထွတ်ထွတ်ပြောတဲ့စကားက ယောကျ်ား အလွန်ပီသ ပါပေတယ်၊ သို့ရာတွင် ချစ်မေတ္တာအရေးထက် နိုင်ငံတော်အရေးကို ဂရုစိုက်ရာ ကျမနေပေဘူးလား။

(ထွတ်) မှန်ပါတယ်၊ ယခုတွေ့ကြုံနေကြတဲ့ ချစ်မေတ္တာ အရေးတော်မှာတော့ သခင်ကြီးနှင့် ထွတ်ထွတ်တို့ နှစ်ဦးနှင့်သာဆိုင်ပါတယ်၊ ရွှေနန်းရှင်ဘုရားမှစ၍ မှုဟန်းရှင်လူ ပြည်သူသတ္တဝါ အများသို့ တိုင်အောင် စပ်ဆိုလျက် ရှိသည့်အတွက် တိုင်းရေး၊ ပြည်ရေးကို ငဲ့ကွက်မှ

ယောကျ်ားကောင်းပြီ၍ အာဇာနည်ဆိုထိုက်ပါလိမ့်မယ်။ ။သခင်ကြီးက ဆင်ခြင်တော် မူစေလိုပါတယ်၊ ထွတ်ထွတ်တို့မှာ မင်းယောကျ်ားသားဖြစ်တဲ့အတိုင်း အညွန့်တလူလူနှင့် အားယူကာကြံဘို့ အကြံရေးတွေ အလွန်များပါလိမ့်မယ်။ ။ယခု အရွယ်က အညွန့်တုန်းပြီး ဘုန်းနှင့် လက်ရုံးကို ငုံးငုံးတိုအောင် ထင်သလိုစွန့်စားဘို့ မသင့်ဘူးထင်ပါတယ်။

(ခင်) အို-သည်လိုဖြင့် ကြည်ကြည်လင်လင် ဟို-ငယ်စဉ်က ချစ်ခင်လာကြတဲ့ မေတ္တာမျိုးကို မစိုက်ပျိုးဘဲနှင့် အခြောက်လှမ်းပြီး အရမ်းမဲ့ အရှုံးခံလိုက်ရတော့မှာလား ထွတ်ထွတ်ကဲ့။

(သျှင်ရဲထွတ်က ခေတ္တစဉ်းစားပြီး) မဟာနွယ်မှန် ဇာတိတော်သန်ပေတဲ့ ရွှေကမ္ဘူထီးခင်ခင်ကြီးရယ်။

(ဤသို့ ယုယသောအသံနှင့်ခေါ်လိုက်ရာ ရင်ခွင်ထဲမှာရှိသော သခင်ကြီးက သျှင်ရဲထွတ်၏ မျက်နှာကို ပြုံးကာကြည့်ပြီး) ဘယ်လိုများ တင်ချင်ပြန်သလဲ ထွတ်ထွတ်ကဲ့။

(ထွတ်) အကြံတခုကိုတင်လိုပါတယ်၊ ခင်ခင်ကြီးက လိုက်နာတော်မူနိုင်ပမလားလို့။

(ခင်) အို-တင်သာတင်ပါ၊ မရဲမဝံ့သလို တရိုတသေကြီး ခွင့်တောင်းနေရသေးသလား။

(ထွတ်) သည်လိုပါ၊ ထွတ်ထွတ်အပေါ်မှာ ရွှေနန်းရှင်ဘုရားက အထိန်းတော် သားရယ်လို့ ဘုန်းချင်းမတန်-ကံချင်းမမျှ ထင်တော်မူလို့ရှိခဲ့ပါလျှင် အာဏာတော်ကိုလဲ လွန်ဆန်ရာမကျအောင် သခင်ကြီးနှင့်ထွတ်ထွတ်မှာ ရာဇဝတ်ကင်းလေအောင် အချင်းချင်း ကိုယ်ရှိန်သတ်ပြီး အချစ်ဇာတ်ကို ယုတ်သိမ်း....(စကားမဆုံးမှီ။သခင်ကြီးကကြားဖြတ်၍) သျှင်ရဲထွတ်၏ လက်ကို မိမိရင်ခွင်ပေါ်တွင် ပိုက်ထားရင်း ကိုင်လျက်။ မခံနိုင်သော အမူအရာနှင့်) ယခုလို အချစ်ဇာတ်သိမ်းဘို့ စကားကိုပြောတာ။ ထွတ်ထွတ်ကဲ့ နှုတ်က တကယ်ပင်ပြောတာလား။ ဖူးစာဖျက်တဲ့နတ်တွေပူးပြီး ။ ရူးရူးနှမ်းနှမ်း ပြောတာလား။ မှန်တဲ့အတိုင်း တင်စမ်းပါအုံး။

(သျှင်ရဲထွတ်က။ ခေတ္တစဉ်းစားပြီး)အလွန်ခက်ပါကလား ခင်ခင်ကြီးရယ်။ ထွတ်ထွတ်အပေါ်မှာ ညှာတာခြင်း နဲနဲမှ မရှိတော့ဘူးလား။ ရွှေနန်းရှင်ဘုရားရဲ့ မျက်နှာတော်ကို မထောက်ထားဘဲ။ မှောက်မှောက် မှားမှား ကြံဘို့လဲ မတော်ဘူးထင်ပါတယ်။ ။ထွတ်ထွတ်မှာတော့။ အထိန်းတော်ရဲ့သားမို့။ ရာဇဝတ်ဝေါ အလွန်နီးပါတယ်။ ချိန်ရွယ်နေပေါ့ ခင်ခင်ကြီးရဲ့။ ။ဘုရင့်သမီး ခင်ခင်ကြီးမှာတော့။ ထီးနန်းပေါ်မှာ မွေး၍။ မဟာသွေးအစစ်။ အမြင့်စားကလဲဖြစ်။ ရွှေနန်းရှင် ဘုရားကလဲချစ်တော့။ ဘေးအပြစ်ထိနိုင်တဲ့ အခြေမျိုး မဟုတ်ပါ။ ။မြေနိမ့်ရာ လှံစိုက်" ဆိုသလို။ အခြေနိမ့်တဲ့ ထွတ်ထွတ်မှာတော့။မျက်မာန်တော်ရာဇဝတ်နှင့် ကင်းလွတ်ဘို့ မရှိပါကလား။ ။ခင်ခင်ကြီးတို့မှာတော့။ ထီးနန်းရှိန်ဝါ။ သိမ်းသမ္ဘာ ကဲမြင့်သဖြင့်။ ဘုရင့်သားတော်အစစ်နှင့် စုလျားဆင်ပြီး။ ကောင်းကင်ကနေနှင့်လကဲ့သို့။ ထွန်းပနိုင်တာအမှန်ပါ။ ။ထွတ်ထွတ်နှင့် ခင်ခင်ကြီးတို့မှာ။ ညီတော်ဘပင်ရွှေထီးနှင့် စပ်သွယ်၍၊ ငယ်ရွယ်စဉ်ကစပြီး ချစ်ခင်လာကြတာ။ ယနေ့ထက်ထိသာတိုင်ပါရော။ ။သူငယ်တို့စရိုက်နှင့် ချစ်လိုက်, ခင်လိုက်,ကြတဲ့ မေတ္တာတွေဟာလဲ။ အလွန်တရာ စင်ကြယ်ကြသပေါ့။ မောင်တော်အရင်း,နှမ

(၅) မိုး-ဆင်လို့မှောင်၊ဟိုနှောက်တောင်တိုင်းဆီက၊တိမ်လွှာ,မှိန်ပြာ,မှိုင်းပါလို့ဝိုက် သိုင်းလေဟုန်နှင့်၊ တသုန်သုန်မှင်မြူခိုးငယ်လေး။ ကိုးရပ်ကခြုံ။

ဘော်ပြခဲ့သော လေ့တော်သံများကို၊လေ့တော်သားတို့တက်သံနှင့် စည်းကိုက်အောင်သီဆိုကြရာ၊ခင်ဘုန်းက လွန်စွာအာရလှသဖြင့်၊ မင်းသားကလေး၏ လက်ကိုဆွဲကာ၊ မိမိရင်ခွင်မှာ ပိုက်ပြီး။ "တယ်တော်တဲ့လေ့တော် သားတွေဘဲထိပ်တင်၊ စည်းကိုက်အောင်သံပြိုင် သင်ထားကြတာဘဲ၊ ဪ- မင်းစည်းစိမ်ဆိုတာ၊ လွန်စွာကြီးကျယ်ပါကလားနော်၊ရေသဘင်မှာလဲ လှေယဉ်နှင့်ပျော်၊ ကုန်းပေါ်မှာဆိုလျှင်လဲ ပျော်ရွှင်ဘို့အမျိုးမျိုး ဘုန်းတန်ခိုးကြီးမားတော် မူကြပါပေတယ်။ ဘုန်းတော်ရိပ်ကို မှီခိုပြီး။ ယခုလိုပျော်ရွှင်ရတာလဲ ရွှေနန်းရှင်ရဲ့ကျေးဇူးတော်ကြီးတွေဘဲ၊ အဲ-အနို့မို့ကြောင့်၊ ရှင်ဘုရင်လုပ်ချင်ကြတာကိုး၊ ကိုယ်တော်ထိပ်တင်လဲ ရွှေနန်းရှင်ဖြစ်တဲ့အခါ အလွန်တရာစည်းစိမ် ခံမှာဘဲနော်ဟုတင်လေ၏။

(ထီး) ဪ-ခင်ဘုန်းက စည်းစိမ်ခံရတာကလေးတွေကို မြင်လို့ရှင်ဘုရင့်ဘဝကို အားရဝမ်းသာနှင့်ချီးမွမ်းနေတာကိုး တိုင်းရေးပြည်ရေး ရှုပ်ချင်တိုင်းရှုပ်ထွေးပြီး ဝန်လေးတဲ့ဖြစ်အင်ကို တော့မြော်မြင်တွေးတောခြင်း မရှိလို့ ချီးမွမ်းတာဘဲ ရှင်ဘုရင်ဆိုတာ ကမ္ဘာပေါ်မှာ ဒုက္ခအများဆုံးရယ်လို့ ခင်ဘုန်းကမသိဘဲကိုး။

(ဘုန်း) ဪ-ရှင်ဘုရင်ဆိုတာ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးတဲ့ ဘယ်လိုများဆင်းရဲတာတုန်းကိုယ်တော်ရဲ့။

(ထီး) ခင်ဘုန်းက သ္မီးကညာကလေး ဖြစ်နေတော့ တိုင်းပြည်ရေးရာနှင့်ဗျူဟာကြီးပမ်းစစ်တိုက်ခန်းများကို မသိရှာသေးဘူးပေါ့ တကဲ့တကယ် အရေးကြီးတဲ့နေရာမှာ ရှင်ဘုရင်ဆိုတာ ဒုက္ခအများဆုံးဘဲ နိုင်ငံတော်ကြီးတခုလုံးကို သိမ်းကျုံးအုပ်ထိန်း နေရတဲ့အရေးမို့ သေချာစွာတွေးလျှင် အေးခွင့်ရဘို့ အနဲသားကလား စစ်တိုက်ပွဲမှာလဲလို့ သေတန်လျှင် သေရတယ်ထီးနန်းစည်းစိမ်အတွက် ဘုရင့်အသက်ကို သတ်ဖြတ်သူများလဲရှိတတ်တယ် ဘေးတကာ,ရန်တကာ,ဝိုင်းပြီးနေ့ရှိတိုင်းစိုးရိမ်နေရတဲ့ ဘဝမျိုးကလား။

(ဘုန်း) အို-တာဖြင့်ထီးမွေ့,နန်းမွေ့, ကိုလက်မခံဘဲမြိုင်ယံထွက်ပြီး ဇနက္ကမင်းကြီးလိုနေဘို့ မှန်းသလားကိုယ်တော် သည်လိုများကြံလျှင် ခင်ဘုန်းတို့လဲနောက်တော်ကလိုက်ပြီးဝတ်ကြီး,ဝတ်ငယ်,ပြုစမ်းပါရစေ ရေပူ,ရေချမ်း, ကမ်းလှမ်းဘို့ပေါ့ ကိုယ်တော်ရဲ့. (ပြုံးရယ်ကာတင်သည်)

(ထီး) အို-ခင်ဘုန်းဖြင့်သည်အလုံးမျိုးကိုတင်တတ်တာချည့်ဘဲရှင်ဘုရင်ဟာအချမ်းသာဆုံးဆိုလို့ အကြောင်းကို သိဘို့ပြောတာပါ မဟာဇနက္ကတို့လို ခွါထွက်သွေ့ရှောင်၍ နန်းတော်ကို လဲစွန့်နိုင်သေးမယ်မဟုတ်ပါဘူး။

(ဘုန်း) ကဲ-တာဖြင့် ရှင်ဘုရင့်ဒုက္ခတွေကိုမိန့်တော်မမူပါနဲ့ ကိုယ်တော် ပျော်ပျော်စံစားတော်မူတာပေါ့....ပြောရင်း,ဆိုရင်း, ကြာပန်းတောကြီး အကွင်းသို့ ဖြတ်သန်း၍သွားရာ လွန်စွာလှပသောကြာမျိုးငါးပါး တွေကိုမြင်သဖြင့် ခင်ဘုန်းမှာ ရွှင်ပြုံးတဲ့စိတ်တွေပေါ်လာပြီး "ကိုယ်

မိဖုယားက ခေါင်းကို အတင်း ဆွဲထားသည်နှင့် ဘုရင်မင်းမြတ်မှာ ကြံစည်တော်မူသော အတိုင်း အောင်မြင်တော်မမူသောကြောင့် ကျောက်စီခေါင်းကို လက်မှလွှတ်ပြီး သိမ်းတော် သခင်ကြီးကို တချက် စိုက်ကြည့်တော်မူကာ အလွန် ဝမ်းနည်းသော အမူအရာတော်ဖြင့် မည်သည့် အမိန့်တော်စကားကိုမျှ မိန့်ကြားတော်မမူဘဲ ရွှေနန်းတော်သို့ ပြန်ကြွတော်မူလေသတည်း။

မယ်တော်မိဖုယားနှင့် အပျိုတော်များသည် သိမ်းတော်ခင်ခင်ကြီးကိုပွေ့ကာ မယ်တော်၏ အဆောင်တော်သို့ ယူလာခဲ့ကြလေ၏။

ထိုသို့ ထောင်ဉယျာဉ် တော်၌ ဖြစ်ပျက်ခဲ့သော အကြောင်း အရာကို သျှင်ရဲထွတ်ဘခင် အထိန်းတော်မင်းကြီးဆွေ ကြားလေရာ လွန်စွာတုန်လှုပ်လျက် မချုပ်တည်းနိုင်သော ကြောက်လန့်ခြင်းဖြင့် "တခါဖြင့် ခက်ကုန်ကြပေါ့၊ ဆွေ ၇-ဆက်၊ မျိုး ၇-ဆက် မီးလောင်တိုက်သွင်းပြီး ပြင်းလှသော ရာဇဝတ်ဘော်ကြီးဖြင့် စီရင်တော်မူတော့မယ်၊ ဩော်-ရဲထွတ်, ရဲထွတ် ရဲဝင့်ဖြင့် သင့်တော့မှာပါကလား၊ ဘုရင့်သိမ်းတော်က ခင်မင်သော်လဲ ဆင်ခြင်စမ်းပါသားရယ်၊ ရာဇဝတ်တော်ကြီးနှင့် အလွန်နီးလှပါတယ်၊ အရွယ်လဲ ရောက်ကြပေါ့၊ ဟို-နောက်နောက်ကလို ပွမ်းပွမ်း တီးတီးနှင့် ဘုရင့်သိမ်းကို အရောမဝင်ပါနဲ့လို့ အပြောသားဘဲ၊ မှားလိုက်လေရဲထွတ်ကယ်၊ မလျော်တဲ့နည်းလမ်းနှင့် သေပန်းပွင့်အောင် ကြံတဲ့သားဘဲ၊ ဘုရား....ဘုရား ယနေ့လား, နက်ဖြန်လား၊ သည်အိမ်ကိုတပ်နှင့်ဝိုင်းပြီး သင်းချိုင်းသို့ အပို့ခံရတော့မှာဘဲ"ဟု ငြီးတွားကာ ထောင်မှူး အာဏာသားတို့နှင့် တပ်တော်များလာမည့် အရိပ်ကိုသာလျှင် တထိတ်ထိတ်မျှော်၍ နေရှာလေ၏။

ထိုနေ့တွင် တပင်ရွှေထီးနှင့် ခင်ဘုန်းတို့သည်ကား ခြွေရံတော်များနှင့် ဆင်ကျုံးသို့ သွားပြီးလျှင် ဆင်တော်များ ကျုံးသွင်းနေသည်ကို သွား၍ ကြည့်ရှုနေကြသောကြောင့် ထိုကဲ့သို့ ဖြစ်ပျက်သည်များကို မသိကြချေ။

ထိုနေ့ ညနေချမ်း အချိန်တွင် ခင်ဘုန်းနှင့် တပင်ရွှေထီးတို့ ဆင်ကျုံးမှ ပြန်လာကြရာ အထိန်းတော်ကြီးအိမ်သို့ ရောက်သည်တွင် တပင်ရွှေထီးသည် အိမ်သို့ရောက်သည်နှင့် တပြိုင်နက် အလွန်ချစ်လှစွာသော နောင်တော် သျှင်ရဲထွတ်မျက်နှာကို ရှေးဦးစွာ ရှုစားတော်မူလေ့ ရှိသည့် အတိုင်း နောင်တော်သျှင်ရဲထွတ်ကိုခေါ်သော အခါ ထူးလည်းထူးဘော်မရ ရှာ၍လည်းမတွေ့ဘဲ ရှိသည့်ပြင် အိမ်ဦးဆောင်၌ မှိုင်နေသော အထိန်းတော်ကြီးကိုသာ တွေ့မြင်တော်မူရ လေသည်။

တပင်ရွှေထီးက အရေးတကြီး မေးမြန်းတော် မူသည်မှာ။ ။"ဘယ့်နှယ်လဲဘဘ၊ မှိုင်လှပါကလား၊ ဘယ်လိုအကြောင်းများရှိသလဲ၊ နောင်ထွတ်ကိုလဲ တွေ့တော်မမူ ရပါဘဲ ကလား၊ ဘယ်ကိုသွားနေသလဲ"ဟု စတင် မေးမြန်းတော်မူသည်။

(ထိုအခါ အထိန်းတော်ကြီးက မင်းသားကလေးရှေ့တွင် ဝပ်တွား၍) "ခက်ကုန်ကြပါပေါ့ဘုရား၊ ရာဇဝတ်တော်မီးကဖြင့် အကြီးအကျယ်လောင်တော့မလို ဖြစ်နေပါပေါ့၊ ဆွေ ၇-ဆက်, မျိုး ၇-ဆက် မီးလောင်တိုက်မှာ သွင်းပြီး ယမ်းအိုးကြီးနှင့်ရှို့လိမ့်မယ် ထင်ပါသည် ဘုရား။

(ထိုစကားကိုကြားရာ မင်းသားကလေးက အံ့အားသင့်စွာ ထိတ်ထိတ်ပြာပြာ ဖြစ်ပြီး) ဟိုက်....ခက်ကုန်ပါပေါ့ကလား၊ ဘယ်လိုအကြောင်းကိုမျှ မကြားရဘဲနှင့် ဘယ်အတွက်ကြောင့်

ချွတ်တရက် သည်လိုဖြစ်ရတာလဲ၊ တင်စမ်းပါအုံး၊ ဘာကြောင့်ရာဇဝတ်တော်ကြီးနှင့် မီးသောင်တိုက်အသွင်းခံရမှာလဲ၊ အစိုးရိမ်လဲမကြီးပါနဲ့၊ ထီးထီးရှိပါသေးတယ်။

(အထိန်းတော်) အခြား အကြောင်းကြောင့် မဟုတ်ပါ၊ သျှင်ရဲ့ထွတ်ကဲ့ အကြောင်းကြောင့်ပါဘုရား။

(ထီး) နေပါအုံး၊နောင်ထွတ်အတွက် ဘယ်လိုရာဇဝတ်ကြီးသင့်ရမှာလဲ၊ ထီးထီး ဖြင့် နားမလည်နိုင်အောင် ဖြစ်နေပါတယ်၊ သိလွယ်အောင် အမြန်တင်စမ်းပါ။

(အထိန်းတော်ကအကြောင်းမျိုးစုံဘင်လျှင် အစ်မတော်သခင်ကြီး၏ အကြောင်းပါ တင်ရမည်ဖြစ်၍ အခက်ကြုံနေသောကြောင့် လက်အုပ်ချီပြီး) ဘုန်းတော်ကြောင့် တ ်ဘို့ရန် အလွန်ခက်လှပါသည် ဘုရား။

(တပင်ရွှေထီးက မတင်ဝံ့သည့်အကြောင်းကိုကြားရာ အတန်ကြာကလေးငေး၍ စဉ်းစားတော်မူပြီး) ဩော်-ရိပ်မိပါပြီ၊ အစ်မတော်သခင်ကြီးနှင့်ပတ်သက်တဲ့ ကိစ္စလား။

(အထိန်းတော်) အမိန့်တော်အတိုင်း မှန်လှပါသည်ဘုရား။

(ထီး) အစ်မတော်ဘုရားရဲ့ အကြောင်းနှင့် ဖြစ်စေ၊ ဘာအကြောင်းနှင့်ဘဲ ဖြစ်စေ၊ မချွင်းမချန် မှန်တဲ့အတိုင်း တင်နိုင်ပါတယ်၊ သည်ကိုယ်တော်ထီးထီးမှာ နောင်ကြီး ထွတ်ထွတ်မှတပါး၊ အရင်းအချာမရှိပါ၊ ဘဘတို့အိမ်မှာ နောင်ထွတ်နှင့်အတူတကွ နို့စို့ဘက်ကြီးပွါးလာတဲ့အတွက် ဘဘတို့ကိုလဲ မယ်တော်ခမည်းတော်ရင်းရယ်လို့ပင် အမြဲမှတ်ထင်နေပါတယ်၊ စိတ်သာချပါ၊ ဘယ်ရာဇဝတ်တော်ဘေးမှ မသင့်စေရပါဘူး။

(အထိန်းတော်) ကယ်တော်မူပါဘုရား၊ ထိပ်တင်မှမကယ်လျှင်ဖြင့် ယနေ့နက်ဖြန် ဧကန်ရာဇဝတ်တော်ကြီး သင့်ပါလိမ့်မယ်ဘုရား။ ။တင်တဲ့လက်စနှင့် ဆက်လက်လို့တင်ပါရစေ၊ သျှင်ရဲ့ထွတ်နှင့် သမီးတော်သခင်ကြီးတို့ တောင်ဥယျာဉ်တော် မင်္ဂလာကန်နဘေးမှာ တူပြိုင် နွဲ့ယှဉ်၍ အရေးတဝင် စကားပြောနေသည်များကို ရွှေနန်းရှင်ဘုရားကိုယ်တိုင် မိတော်မူတဲ့အတွက် ပြင်းထန်စွာ အမျက်ထွက်ပြီး လက်သုံးတော် ရွှေဓါးနှင့်....(စကားမဆုံးခင် တပင်ရွှေထီးကကြားဖြတ်ပြီး၊ အစိုးရိမ်ကြီးသော အမူအရာနှင့်) အို—ဘယ့်နှယ်လဲ ခမည်းတော်ဘုရားက ရွှေဓါးနှင့် ကွပ်မျက်တော် မူလိုက်ပလား။

(အထိန်းတော်) ကွပ်မျက်သည့် ကိစ္စတိုင်အောင် မရောက်သေးပါ၊ ရွှေနန်းရှင် ဘုရားက မျက်မာန်ပွါးတော်မူသဖြင့် လက်သုံးတော်ကျောက်စီဓါးကို ဓါးလွတ်ကိုင်ပြီး တောင်စမုတ်မှ ဥယျာဉ်တော်သို့ အဆောတလျှင် ထွက်တော်မူပါသတဲ့ ဘုရား၊ ရွှေနန်းရှင်ဘုရား ထွက်တော်မူလာတာကိုမြင်တော့ သျှင်ရဲ့ထွတ်က ဘေးလွတ်အောင်ထွက်ပြေးပ ါသတဲ့ ဘုရား။

(ထီး) ဩော်-အသက်ဘေးမှ ချမ်းသာရာ ရတယ်ဆိုလျှင် ထီးထီးက ကျေနပ်လှပါပြီ၊ လက်လွန်တော်မူသွားမည့်အရေးကိုသာ တွေးလို့စိုးရိမ်မိတာပါဘဲ၊ စိတ်ချနေပါဘဘရယ်၊ နောင်

ထွတ်ကိုဘယ်လို ရာဇဝတ်တော်ဘေးမှ မထိစေရပါဘူး၊ နို့နေစမ်းပါအုံး၊ နောင်ထွတ်လက်လွတ်ထွက်ပြေးပြီးတဲ့နောက် ဘယ်ကိုရောက်နေတယ်လို့ မသိဘူးလား။

(အထိန်းတော်) သည်အကြောင်းကိုလဲ မသိရသေးပါဘုရား၊ သျှင်ရဲထွတ်အကြောင်းကို ကြားရတာနှင့် ဘုရားကျွန်တော်မျိုးများလဲ မကြံနိုင်, မစည်နိုင် ဖြစ်ပြီး ရာဇဝတ် တော်ကြီးကို မျှော်နေရတော့တာဘဲ။

(ထီး) ရာဇဝတ်ဘေးကိုတော့ နဲနဲမှမတွေးပါနှင့်၊ အေးအေးသာနေပါဘာဘရယ်၊ အထင်ကိုလျှောက်တင်စမ်းပါအုံး၊ နောင်ထွတ်ဟာ ဘယ်နေရာမှာ ပုန်းရှောင်နေမလဲလို့။

(အထိန်းတော်က ခေတ္တစဉ်းစားပြီး ဘုရာ့ကျွန်တော်မျိုးအထင်ကို လျှောက်တင်ရမှာဖြင့် လောကုတ္တရာ ဆရာတော်၏ကျောင်းသို့ရောက်နေပြီလို့ ထင်မိတာပါဘဲဘုရား၊ ထိပ်ဘင် သိတော်မူတဲ့ အတိုင်း လောကုတ္တရာဆရာတော်ဘုရားကလဲ သျှင်ရဲထွတ်အပေါ်မှာ လွန်စွာ ချစ်ခင် မြတ်နိုးတော် မူပါတယ်။

(ထီး) ဩြော်-ဟုတ်လိမ့်မယ်၊ ဟုတ်လိမ့်မယ်၊ လောကုတ္တရာ ဆရာတော်ဘုရားရဲ့ လက်တွင်းသို့ရောက်လျှင်လဲ အေးအေးကြီး စိတ်ချရတာပါဘဲ၊ လောကုတ္တရာ ဆရာတော်ရဲ့ စကားကို ခမည်းတော်ဘုရားက ပယ်ရှားငြင်းဆန်တယ်ဆိုတာ ဘယ်အခါမှ မရှိစဘူးပါဘူး၊ ကဲ-ဒါဖြင့် ကြာကြာဆိုင်းနေလို့ မဖြစ်သေးဘူး၊ နောင်ထွတ်ထံသို့ ကိုယ်တော်တိုင် လိုက်သွားအုံးမယ်။

ဤသို့ပြောဆိုပြီးလျှင် တပင်ရွှေထီးသည် နောက်ပါ လက်စွဲတော်များနှင့် လောကုတ္တရာ ဆရာတော်ဘုရားကျောင်းသို့ အလျှင်တဆော ထွက်တော်မူလေသည်။

---

# အခန်း ( ၁၉ )

## "မင်းကျီးညို၏ စဉ်းစားတော် မူချက်"

ဘုရင်မင်းကျီးညိုသည်သို့းတော်သခင်ကြီးတို့၏အတွက်မျက်မာန်ရှတော်မူလှသဖြင့်လက်သုံးတော်မါးနှင့် ကုပ်မျက်တော်မူမည်ဟု တောင်ဥယျာဉ်တော်သို့ ထွက်တော်မူလေရာ သျှင်ရဲထွတ် လက်လွတ်ထွက်ပြေးသည့်အတွက် ရွှေနန်းတော်ကြီးသို့ပြန်၍ မှန်နန်းဆောင်တွင် ကိုယ်တော်တ ပါးထည်း စဉ်းစားဆင်ခြင် တော်မူသည်မှာ အင်း-တိုင်းရေး, ပြည်ရေး,နိုင်ငံရေး,နှင့် စစ်မက် အရေးတို့ထက် သားတော်, သို့းတော်,အရေးက ခက်မလိုကြနေ ပါပေါ့ကလား ရဲထွတ်ဆိုတဲ့ ကောင်ကလေးကို ကျွေးမွေးသုတ်သင်တော်မူပြီး မင်းသားတို့အစီးအနင်း, အဆောင်အရွက်မျိုး နှင့် မြှောက်စားတော်မူခဲ့တာ ဘာကြောင့်လဲလို့ဆိုတော့ သားတော် တပင်ရွှေထီးရဲ့မျက်နှာကို ထောက်လို့ ချီးမြှောက်ခြင်းဖြစ်တာဘဲ သို့ကလိုချီးမြှောက်လို့ ရောက်တက်တဲ့ စိတ်တွေပေါ်ပြီး

သွီးတော်သခင်ကြီးကိုပင် ရင်းနှီးချစ်ခင်ဘို့ ထိအောင် ကြံစည်လာတယ် ဘုရင့်သွီးနှင့်အထိန်းတော်သား ယှဉ်ပါးဆက်ဆံကြတယ်ဆိုတဲ့ သတင်းကို ပြည်ထောင်မင်းတို့ ကြားလို့သင့်လျော်နိုင်ပမလား ယခုအခါ ဟံသာဝတီ, သရေခေတ္တရာ, နှင့်တကွ အဝ နေပြည်တော်ကြီးများနှင့် စစ်မှု,စစ်ရေး,ရှုပ်ထွေးပြိုင်ဆိုင် နေရတဲ့အခါကြီးမှာ သည်သတင်းပျံ့သွားပါလျှင် ရာဇဗြွေပျက်ရှိရှက်ဘွယ်ကြီးဖြစ်ရမှာပေါ့ ဩော်-သည်သူငယ် ကလေးတွေကလဲ အရွယ်ကိုထောက်ပြန်တော့ အရေးစိုက်လောက်တဲ့ ကိစ္စလဲမဟုတ်ပါကလား အထိန်းတော်သားကလဲ ငယ်ရွယ်စဉ်ကစပြီးထီးနန်းအတွင်း,အပြင်, ဝင်ထွက်သွားလာခွင့်ကို ရနေတဲ့အတွက် ရောရှက်ရှုပ်ထွေးခြင်း ဖြစ်ရတာလဲအမှန်ဘဲ အထိန်တော်သားရဲထွတ် အထိန်းတော်သွီးခင်ဘုန်းတို့ဟာ သားတော်တပင်ရွှေထီး သွီးတော် သခင်ကြီးတို့နှင့် အတူတကွ ကလေးအရွယ်ကစပြီး စားဘော်,သွားဘော်, ဖြစ်နေကြတာကလား တပင်ရွှေထီးကလဲ ဘုရင့်သားတော် အစစ်ဖြစ်ပေတယ်လို့ အထိန်းတော်ရဲ့အိမ်မှာ ကြီးပြင်း၍ ရင်းနှီးပုံများကလဲ အထိန်းတော်မ့ားကိုပင် အမိ,အဘ,ထင်နေတာကလား ရဲထွတ်အပေါ်မှာလဲ သူ့နောင်တော် အရင်းထင်ပြီး ချစ်ခင်လိုက်တဲ့အချစ်ခင် မမြင်ရလျှင် မနေနိုင်အောင်ဆိုသလိုဖြစ်နေတယ် ရဲထွတ်နှင့်သခင်ကြီး ရင်းနှီးကြတဲ့ အရေးမှာ နှစ်ဦးလုံးရဲ့တာဝန်ဖြစ်၍နေတယ် သွီးတော်ကစိတ်မပါလျှင်လဲ အထိန်းတော်သားကအနားသို့ကပ်ဝံ့ဘို့မရှိ အင်း-တရားသဖြင့်တွေးလျှင်လဲ ရင်သွေးကိုတော့ညှာစေ အထိန်းတော် သားကိုတော့နာစေ သည်လိုစီရင်မယ်ဆိုလျှင်လဲ မသင့်လျော်ဘူးပေါ့ သို့ရာတွင် ဘုရင်၏သားတော်, သွီးတော်များကိုထိပါးစော်ကားခြင်းဆိုတာ ပုန်ကန်မှုနှင့်တပြေးတည်း ရာဇဝတ်တော် အလွန်ကြီးတာပါကလား အမျက်တော်ရှိခဲ့ရင်းအတိုင်း ရာဇဗြွေတော်လဲမပျက်ရအောင် ရဲထွတ်အပေါ်မှာ နာနာကျွပ်ညှပ်ဘို့အမိန့်ထုတ်မှသင့်တော့မယ် သင့်ကံထောက်မလျှင်ဖြင့် လောကုတ္တရာ ဆရာတော်က ကယ်ဆယ်လိမ့်မပေါ့ရဲထွတ်၏မိဘများမှာတော့တရားလမ်းအတိုင်းမဆိုင်တဲ့အတွက်“ခြေမ-မကောင်းလျှင်ခြေမလက်မ-မကောင်းလျှင်လက်မ” ဆိုတဲ့အတိုင်း ချမ်းသာပေး လိုက်ရအုံးမှာဘဲ။

ဤသို့ဆင်ခြင်စဉ်းစား တော်မူပြီးလျှင် အထိန်းတော်ရဲ့သား ရဲထွတ်ကိုအရှင်ဖမ်း၍ ရွှေတော်ရောက် ဆက်ကြစေ ကိုယ်တော်တိုင်ကွပ်မျက်တော်မူမည်” ဟူ၍အမိန့်တော်ထုတ်လေ၏။

တချက်လွှတ်အမိန့်တော်ကြီး ထုတ်ပြန်တော်မူရာ မြို့ဝန်, ထောင်မှူး, အာဏာသားပါးကွပ်,များမှစ၍ စစ်သည်တော်များ ကလည်း မြို့တော်ဝန်းကျင်မှာ လှည့်ပတ်၍ ရှာဘွေကြလေသည်။

အထိန်တော် မင်းကြီးဆွေ၏အိမ်ကိုလည်း တပ်တော်တို့ဖြင့် ဝိုင်းဝန်း ထားပြီးလျှင် သျှင်ရဲထွတ်ကိုဖမ်းရန်စောင့်၍နေလေ၏။

အိမ်ကိုတပ်ဝိုင်း၍ထားရာ ခင်ဘုန်းမှာလည်း ငယ်ရွယ်သူဖြစ်သဖြင့်၊ ဘယ်အကြောင်းကြောင့် တပ်ဝိုင်းခံ ရသည်ဟူ၍မသိဘဲ အသဲအသန်ငို၍သာ နေရှာလေသည် ထိုအခိုက်မှာ တပင်ရွှေထီးလည်း အိမ်မှာမရှိသည်နှင့် ခင်ဘုန်းကအမျိုးမျိုးတမ်းတပြီး “အို-ကိုယ်တော်ရဲ့ အရေးကြုံတော့ သက်လုံမကောင်းတော့ဘူးလား ထိပ်ဘင်ရဲ. တပ်တွေဖြင့်ဝိုင်းကုန်ပေါ့ သည်အ

တိုင်းအသေ ခံရတော့မှာလား ကိုယ်တော့ရဲ့ ဘုရင့်သားရယ်လို့ အားမကိုးရတော့ဘူးလား ခင်မြတ်ကတိုက်လို့ ခင်ဘုန်းတို့တအိမ်လုံးကို မီးဟုန်းဟုန်း တောက်အောင် မီးလောင်တိုက်သွင်း တော့မလားကိုယ်တော်ရဲ့" ဟုထင်မိထင်ရာ ငိုကြွေး မြည်းတမ်း၍သာ နေရှာလေတော့သည် ကယ်မည့်သူကို မမြင်ရချေ။

## "တပင်ရွှေထီးနှင့် ရဲထွတ်"

လောကုတ္တရာ ဆရာတော်ကျောင်းသို့ လိုက်သွားသော မင်းသားတပင်ရွှေထီးသည် ဆရာတော်ထံပါးသို့ရောက်ရာ ရှိသေစွာဦးချပြီး "ခြေတော်ရင်းသို့ နောင်ထွတ် မလာဘူးလား ဘုရား" ဟုလျှောက်ထားလေ၏ ဆရာတော်က မျက်နှာခပ်ထားထားနှင့် "မင်းသားကလေး ဘယ်ကိစ္စနှင့် ဆိုက်ရောက်လာသလဲ" ဟုမေးတော်မူသည်။

(ထီး) ဆရာတော် ဘုရားကျောင်းသို့ နောင်ထွတ် ထွက်သွားတယ်ဆိုလို့ ဘုရားတပည့် တော်ရောက်ရပါသည်ဘုရား။

(ဆရာတော်) ငါ့တပည့် ရဲထွတ်ကို မင်းသားကလေးက ဘမ်းဆီးချုပ်နှောင်ပြီး ဘုရင့် ထံသို့ဆောင်ယူခြင်လို့လား။

(ဤအမိန့်တော်ကိုကြားရာ တပင်ရွှေထီးကငို၍) သည်လိုအမိန့်ရှိတော် မမူသင့်ပါဘုရား နောင်ထွတ်အပေါ်မှာ ဘယ်ကလောက်ချစ်ခင် တယ်ဆိုတာကိုလဲ ဆရာတော်ဘုရားအကြားအ သိပင်ဖြစ်ပါတော့သည် နောင်ထွတ်ကဲ့ အရေးကြောင့် စိတ်မအေးနိုင်လို့ ခြေတော်ရင်းသို့ ရောက်လာခြင်းဖြစ်ပါသည် အကြောင်းအရာများကိုလဲ ဘုရားတပည့်တော် အလုံးစုံကြားပြီး ဖြစ်ပါသည် နောင်ထွတ်သေလျှင် တပည့်တော်လဲ သေရမည်အမှန်ပါ ဆရာတော်ဘုရားအထံ တော်မှာ ခိုလှုံနေတယ်ဆိုလို့ တပည့်တော်လဲ အလွန်စိတ်အေး၍နေပါသည် ရှိလျှင်တွေ့ပါရစေ ဘုရား။

(ဆရာတော်) "မင့်ခမည်းတော်ကလဲ ကလေးတို့အရေးထဲကိုဝင်ပြီး မဆိုင်ရာမှာတယ် စက်ဘက်ချင်သကိုး သို့ကလောက် အမျက်ထွက်ရရိုးလား ငါလဲကြားကုန်ပါပြီ ကေတုမတီတ မြို့လုံးဆူကုန်ပေါ့ဆိုမဟုတ်လား ကလေးတို့အရေးနှင့် ပြောစလောက်ရှုပ်ထွေးတာကို စစ်မက်ရေး လောက်ချောက်ချောက် ခြားခြားဖြစ်အောင်ဂရုစိုက်ထာကောင်းသလားထွ -ငါမပြောချင်ပါဘူး ကဲရဲထွတ်ကိုတွေ့ချင်လျှင် ကြက်သရေခန်းထဲသို့ ဝင်သွားပေတော့ ဤသို့အမိန့်တော် ရှိသည်နှင့် တပင်ရွှေထီးလည်း လက်စွဲတော်များကို အပြင်၌ထားခဲ့ပြီးလျှင် မိမိတကိုယ်ထည်း ကြက်သရေ ခန်းသို့ဝင်သွားတော်မူလေ၏။

မင်းသားကလေး ကြက်သရေခန်းသို့ဝင်လာရာ သျှင်ရဲထွတ်က မြင်လျှင်မြင်ခြင်း ဝမ်း သာအားရနှင့်ပြုံးရယ်ကာ ဆီး၍ဖက်လိုက်သည်တွင် တပင်ရွှေထီးကလည်း သျှင်ရဲထွတ်၏လည် ပင်းကိုဖက်ပြီး မည်သည့်စကားတခွန်းကိုမျှမပြောဘဲ တရှိုက်ရှိုက်နှင့် လှိုက်လှိုက်လှဲလှဲငိုတော်မူ ရှာလေ၏။

သျှင်ရဲထွတ်ကပြုံးရယ်လျက် "အို-ဘယ်နှယ်ဟာလဲ ငိုစရာအရေး မဟုတ်ပါဘူးညီညီ ရယ်တကယ်ဆိုတော့ နောင်ထွတ်ကသာ ငိုဘို့ရှိပါတယ် တိတ်ပါလေညီနောင်ချင်းတွေ့ပေါ့ဘဲ ချမ်းချမ်းမြေ့မြေ့ စံတော်မူမှပေါ့ နေစမ်းပါအုံး နောက်ထွတ်ကဲ့ ဘခင်များ ကြည်လင်ချမ်း သာစွာရှိကြပါရဲ့လား ခင်ဘုန်းကော ဆင်ကျုံးကပြန်လာတော့ ချမ်းချမ်းသာသာ အိမ်သို့ ရောက်ပါရဲ့လား" ဟုမေးမြန်းလေ၏။

(တပင်ရွှေထီးက မျက်ရေတော်များကို သုတ်၍ ငိုသံပါပါနှင့်) ခင်ဘုန်းနှင့် ဆင်ကျုံး က ပြန်လာတော့ ဘဘတို့အိမ်ကိုဝင်လာခဲ့ပါတယ်၊ စိုးရိမ်စရာတခုမှမရှိပါဘူး၊ ဘဘ စိတ်ထဲမှာ တော့ အလွန်တရာပူပင်နေတာပေါ့၊ စိတ်သာချပါ၊ ဘယ်လို ရာဇဝတ်ဘေးမှ မထိစေရပါဘူး၊ နောင်ထွတ်အပေါ်မှာ ရာဇဝတ်တော်ကြီးလာလျှင် ညီညီကဆီးကာ၍ ရှေးဦးစွာ အရဲစွန့်လိုက် ပါမယ်၊ နောင်ထွတ်အတွက် ညီညီ့အသက်ကို အာမခံထားမပေါ့၊ ကြောက်လန့်သလား နောင် ထွတ်ကဲ့။

(ထွတ်) ဩော်-အသက်သခင် ကျေးဇူးရှင်ဘုရားရဲ့ ရာဇဝတ်တော်ကြီးဆိုတော့ ဘယ်မှာ မကြောက်ဘဲ နေနိုင်ပါမလဲ၊ ကျေးဇူးသစ္စာဆိုတာ ဖေါက်ပျက်ကောင်းတာမဟုတ်ဘူး ထီးထီးရဲ့ နို့-နေစမ်းပါအုံး၊ နောင်ထွတ်ကဲ့အရေးကိုတော့ စုံလင်စွာ ကြားသိတော်မူရပါပလား။

(ထီး) ဘဘတင်လို့ စုံလင်အောင်သိရပါပြီ၊ ခမည်းတော်ဘုရားထံသို့ ဝင်ပြီး ထီးထီးက ကျေနပ်အောင် တင်ပါမယ်၊ ထီးထီးအပေါ်မှာ ခမည်းတော်ဘုရားက လေးလေးစားစား အလို လိုက်တော်မူကြောင်းကိုလဲ ကောင်းစွာသိပြီးမဟုတ်လား၊ ယခု ဆရာတော်ဘုရာ့ ကျောင်းတော် သို့ ရောက်လာခြင်းဟာလဲ လွန်စွာ သင့်လျော်တဲ့ အချက်ပါဘဲ။

(ထွတ်) ကျောက်စီဓါးကို အိမ်မှချတ်ပြီး ဓါးလွတ်ကိုင်ကာ တောင်ဥယျာဉ်တော်ထဲသို့ အလျှင်တဆော ထွက်တော်မူလာတယ် ထီးထီးရဲ့၊ သခင်ကြီးနှင့်စကားပြောနေတုန်း ဖြုံးကနဲဆို ရွှေနန်းရှင်ဘုရားကို မြင်တာနှင့် အလျှင်ကဆော အသက်ဘေးမှ လွတ်အောင် ပုန်းရှောင် ထွက် ပြေးခဲ့ရတာပါဘဲ၊ အားကိုးရာရှာပါတော့ ဆရာတော်ဘုရားမှတပါး အားကိုးရာမမြင်တဲ့အတွက် ကျောင်းတော်သို့ အတင်းပြေးလာရတာပါဘဲ၊ နောင်ထွတ်မှာတော့ ဘေးလွတ်ပြီလို့ စိတ်အေး နေနိုင်ပါရဲ့၊ ခင်ဘုန်းတို့အိမ်မှာဖြင့် မီးရှိန်တောက်၍ ရာဇဝတ်တော်ကြီး ရောက်နေပလားလို့ စဉ်းစားပြီး ပူနေမိပါတယ်"။

(ထီး) သည်အရေးကိုတော့ အေးအေးနေပါ၊ ခင်ဘုန်းတို့ အိမ်ကိုထိလျှင် ထီးထီးက ခံနိုင်အုံးမှာတဲ့လား၊ မကြာခင်ပြန်ပြီး သည်အရေးကို အေးအောင် စီမံတော်မူပါမယ်၊ နို့-နေ စမ်းပါအုံး၊ ကြောက်သွေးမွှန်ပြီး တိုင်းစွန်ပြည်နား တိုင်းနိုင်ငံတပါးကိုဖြင့် ထွက်သွားဘို့ စိတ် မကူးပါနှင့်နော်။

(ထွတ်) ရွှေနန်းရှင်ဘုရားရဲ့ အာဏာတော်ကို လွန်ဆန်ပြီး တနိုင်ငံသို့ ထွက်သွားဘို့တော့ စိတ်မကူးပါဘူး၊ တပါးကျွန်ဆိုတဲ့စိတ်မျိုးပါ၊ သခင် အသစ်ကို မရှာပါဘူး၊ တကယ်လို့ ကွပ် မျက်တော်မူမယ်လို့ဆိုပါလျှင် ရွှေနန်းရှင်ဘုရား၏ လက်သုံးတော်ဓါးမြတ်နှင့် လည်ပင်းကိုဖြတ်၍

အသတ်ခံလိုက်ပါမယ်၊ မင်းတပါး၏လက်အောက်မှာ အချီးမြှောက်ခံနေမဲ့ လူစားမဟုတ်ပါဘူး။ ထီးထီးသိတော်မူတဲ့အတိုင်း ဆရာတော်ဘုရားမှာ ပညာအား ဘယ်လောက်ကြီးသလဲ အင်းအိုင်, မန္တန် လောကီဉာဏ်နှင့် ကြံလိုက်တိုင်း ထမြောက်အောင်မြင်နိုင်ပါတယ်၊ ဆရာတော် ဘုရားရဲ့ မိန့်တော်သံကိုလဲ နာခံလို့ နေရတဲ့အခါပါ။

(ထီး) အဲ-ဆရာတော်ဘုရားအထံမှာ ချမ်းသာစွာ နေလိုက်ပါအုံး၊ မကြာမီ အတွင်း ကလေးမှာ အလုံးစုံကိစ္စအေး၍ သည်အရေး ချောမောပါစေ့မယ်။

ဤသို့ပြောဆိုတိုင်ပင်ပြီးလျှင် တပင်ရွှေထီးသည် သျှင်ရဲထွတ်ကိုခွဲ၍ ဆရာတော် ဘုရားကို ဝပ်တွားရှိခိုးပြီးလျှင် ခင်ဘုန်းတို့အိမ်သို့ အဆောတလျှင် ပြန်လာခဲ့လေ၏။

ခင်ဘုန်းအိမ်အနီးသို့ ရောက်ရာ အထပ်ထပ်ဝိုင်းဝန်း၍ သားသေတပ်များကို မြင်လျှင် "ဩော်–အမိန့်တော်ကြီးကို ထုတ်လို့ဖြင့် ပြီးပါပေါ့ကလား၊ ခင်ဘုန်းတို့ တတွေမှာဖြင့် သေရ တော့မလောက် အပူမီးတောက်ရှာတော့မယ်၊ ကယ်ဘို့ အခွင့်ဆိုက် နေပါပေါ့ကလား။

ဤကဲ့သို့ စဉ်းစားပြီး။ "ရွှေဓါးကိုဆက်ကြ" ဟု။ လက်စွဲတော်များဘက်သို့လှဲ၍ အမိန့် တော်ရှိရာ။ အသင့်ပါလာသော လက်သုံးတော် ဓါးကို။လက်စွဲများက မင်းသားလက်သို့ ဆက် ကြလေ၏။

တပင်ရွှေထီးသည် လက်သုံးတော်ဓါးကို။ ဓါးလွတ်ကိုင်တော်မူပြီး။အိမ်ဝင်းတံခါးသို့ ဝင် တော်မူရာ။ မင်းသားထွက်တော်မူလာသည်ကို မြင်ကြသောကြောင့်။ ဗိုလ်မှူးများနှင့် စစ်သည် တပ်သားတို့က။ ရှဲ၍ပေးကြပြီးလျှင်။ မြေ၌အလျားဝပ်ခါ။ ဦးခိုက်၍ နေကြလေ၏။

တပင်ရွှေထီးက။ လက်သုံးတော်ဓါးကို ဝင့်တော်မူပြီး။ "ငါ့အိမ်တော်ကို ဘယ်အတွက် ကြောင့် မောင်မင်းတို့ ဝိုင်းဝန်းကျသလဲ။ ဗိုလ်မှူးနှင့်တကွ။ ဝိုင်းဝန်းကြတဲ့ စစ်သည်များကို။ ခမည်းတော်ဘုရားသို့ တင်ပြီး လက်သုံးတော်ဓါးနှင့် စီရင်မယ်" ဟု မိန့်တော်မူလိုက်ရာ ဗိုလ်မှူး မင်းက "အမိန့်တော်ကြီးနှင့် ဝိုင်းဝန်းရကြောင်းပါဘုရား" ဟု တင်လျှောက်လေ၏။

"မင်းသားက အမိန့်တော်ကြီးမှာ။ငါ့အိမ်တော်ကို ဝန်းဝိုင်းဘို့ပါသလား။ လက်စွဲတော် များ ဗိုလ်မှူးကို ဘမ်းဆီး ချုပ်နှောင်ကြ" ဤသို့ အမိန့်ပေးသည်နှင့်။ လက်စွဲတော်များလည်း။ အမိန့်တော်အတိုင်း ဘမ်းဆီးချုပ်နှောင်ကြလေ၏။ မင်းသား၏ အမိန့်တော် ဖြစ်သောကြောင့် မည်သူမျှမလွန်ဆန်ဝံ့ကြချေ။ ။ထိုခါ စစ်သည်တပ်သားများလည်း။ အလန့်တကြား ဖြစ်သည် နှင့်။ ကြက်ပျောက်, ငှက်ပျောက်, ကြောက်အားကြီးစွာနှင့် ထွက်ပြေးကြလေ၏။

တပင်ရွှေထီးလည်း ဝိုင်းဝန်းရာတွင် ပါဝင်သော ဗိုလ်မှူးကို။ အထိန်းတော်အိမ်၌ ချုပ် နှောင်ဘမ်းဆီးထားပြီးလျှင်။ အိမ်ပေါ်သို့ တက်သွားတော်မူလေ၏။

ခင်ဘုန်းသည်။ အားကိုးရာမဲ့ ကြောက်လန့်လှသည်နှင့်။မိမိအခန်းထဲတွင်ငို၍ နေကြောင်း ကို သိတော်မူသည်နှင့်။ မင်းသားကလေးသည်။ခင်ဘုန်း၏ အခန်းတွင်းသို့ ဝင်တော်မူပြီး။ ရှုတ်

တရက် ပွေ့ပိုက်တော်မူကာ "ဘုန်းဘုန်းရဲ့ဘယ်အရေးကြောင့် ပူဆွေးဒုက္ခ ရောက်နေရတာလဲ၊ ထိပ်တင်လာပြီလေ။မျက်နှာထားတော် မအိုပါနှင့်၊ ငိုဘို့အရေး မရှိပါဘူး"ဟု မိန့်တော်မူလေ၏။

(ခင်ဘုန်းက ပိုက်ပွေ့ထားသော မင်းသား၏လက်တော်ကို တွန်းဖယ်ပြီး) ရွှေနန်းတော်ပေါ်မှာ ပျော်ပျော်ကြီးသွား၍ စံစားတော်မူနေပါထိပ်တင် ရှုစားတော် မမူလာပါနဲ့တော့ ဘုန်းဘုန်းကံကြမ္မာနှင့် အာဏာတော်အတိုင်း အသေခံလိုက်ပါတော့မယ်

(မင်းသားကလေးက ခင်ဘုန်းကို ခပ်မြဲမြဲတိုး၍ ပိုက်တော်မူပြီး) ဘယ်လိုတင်ရတာလဲ ဘုန်းဘုန်းရယ် ကယ်ဆယ်တဲ့ထိပ်တင်ကို ရန်သူကြီးထင်နေလို့လား။

(ဘုန်း) ဘုန်းဘုန်းတို့ကို တပ်တော်များ ဝိုင်းလိမ့်မယ်ဆိုတာကို တင်ကြိုလို့သိတော်မူတာနှင့် ဘုန်းဘုန်းတို့ကိုစွန့်ပြီး ရက်ရက်စက်စက် ထွက်တော်မူသွားတာဘဲ ယခုမှကယ်ဘို့မလိုတော့ပါဘူးကိုယ်တော်ရယ် အရေးကြီးတဲ့အခါမှာ မျက်နှာလွှဲတော်မူ ရက်ပါပေရဲ့ ဘုန်းဘုန်းကိုအချစ်ဆုံးဆို တယ်ရက်စက်တော်မူပါကလား ခင်မြတ်တို့အိမ်သို့သာ ကြွတော်မူပါ ရဲရဲကြီးအသေခံဝံ့ပါတယ်ဘုရား။

(ထီး) အို-ခက်နေပြန်ပါပြီ ရက်ရက်စက်စက်နှင့်မျက်နှာလွှဲပြီး ထွက်သွားတော်မူတယ်ထင်လို့လား။

(ဘုန်း) သည်လိုမထင်လျှင် ခင်မြတ်နှင့်ပျော်ပါးဘို့ ဥယျာဉ်တော်များသို့ ထွက်တော်မူတယ်လို့ ထင်ရမှာလား ကိုယ်တော်။

(မင်းသားကလေးက အလွန်စိတ်ညစ် တော်မူလှသည်နှင့်) သည်လိုအရေးထဲမှာဒီစကားမျိုးတွေကို ချိတ်ထားလိုက် စမ်းပါအုံးဘုန်းဘုန်းရယ် စိတ်ဇွဲသန်ပြီး မာန်ကြီးလိုက်ထာကလဲလွန်လို့ နားစိုက်စမ်းပါအုံး နောင်ထွတ်အတွက် အသက်ကယ်ဆယ်ဘို့ ရုတ်တရက်ထွက်သွားတော်မူရတာပါ ဘုန်းဘုန်းကိုမျက်နှာ လွှဲခဲ့တာမဟုတ်ပါဘူး မယုံလျှင်ဘာဘကိုယခုမေးကြည့်ပါ။

(ခင်ဘုန်းမှာ တပ်ဝိုင်းခံရခြင်း၏ အကြောင်းကို စုံလင်စွာမသိရှာသေးသည်နှင့်) ကိုကိုထွတ်အတွက် အသက်ကိုဘာကြောင့် ကယ်ဆယ်ရတာလဲ ကိုကိုထွတ်မှာ ဘယ်လိုအကြောင်းအရာများထူးလို့ပါလဲဘုရား

(ထီး) အို-ခက်နေပါပြီ သည်အကြောင်းကို တကယ်ပင်မသိဘူးလား။

(ဘုန်း) ထိပ်တင်နှင့်အတူ ဆင်ကျုံးကပြန်ရောက်၍ များမကြာမှီအတွင်း တပ်တော်ကြီးတွေလာပြီး ရှာလား,ဘွေလား,နှင့် ဝန်းဝိုင်းကြတာပါဘဲ ဘယ်အကြောင်းအရာကိုမှကောင်းစွာမသိရှိးမှန်ပါတယ်ဘုရား။

(ထီး) ဪမသိရှာတာ အမှန်ဘဲကိုးနော် ကဲ-ဒါမြင့်ဘုန်းဘုန်းရဲ့ ဘခင်ကိုသာမေးမြန်းပါ သည်အကြောင်းအရာကို ထီးထီးကမိန့်တော် မမူပရစေနှင့်တော့။

(ခင်ဘုန်းကခေတ္တစဉ်းစားပြီး) လျှောက်တင်ရမှာကို အားနာစိုးရှံ့ ပါရဲ့ကိုယ်တော် ဘုန်းဘုန်းအတွေးကဖြင့် သခင်ကြီးဘုရားရဲ့ အရေးတော်ဘဲလို့ တွေးမိပါတယ်ဘုရား။

(ထီး) မှန်တယ်—မှန်တယ် သည့်အရေးပါဘဲ ယခုလဲဝိုင်းဝန်းနေတဲ့ တပ်တော်တွေမရှိပါဘူးဘုန်းဘုန်းရဲ့ ငိုမဲ့ငိုမဲ့နှင့် နွဲ့ဆို့ဆို့ မနေစမ်းပါနှင့်အုံး ဘုန်းဘုန်းတို့အိမ်မှာ ဘယ်ရာဇဝတ်တော်မှ မထိစေရပါဘူး ထီးထီးရှိတော်အမူသားဘဲ။

ဤသို့မိန့်တော်မူသော အခါတွင်မှခင်ဘုန်းသည် မိမိအခန်းတွင်မှ ပြူတင်းပေါက်ကိုလှစ်၍ကြည့်ရာ တပ်တော်များ မရှိကြောင်းကိုသိလေ၏ ကြောက်စိတ် ပြေလာသော်လည်း မောင်ကြီးဖြစ်သူ သျှင်ရဲထွတ်အတွက် စိတ်လက်မအေး ပြန်သောကြောင့် "ကိုကိုထွတ်မှာ ဘေးအမျိုးမျိုးကင်းလွတ်၍ ရာဇဝတ်တော်ကြီး ကင်းရှင်းပါရဲ့လားဘုရား" ဟုတင်ပြန်လေ၏။

(ထီး) မစိုးရိမ်ပါနဲ့ ဘုန်းဘုန်းရယ် နောင်ထွတ်အတွက် ထီးထီးအသက်ကို စွန့်နိုင်ပါတယ် ဘယ်လိုနည်းနှင့်မှ ရာဇဝတ်တော်ကြီး မထိနိုင်ပါဘူး။

(ဘုန်း) ဒါဖြင့်—ကိုကိုထွတ် ယခုဘယ်မှာလဲဘုရာ့။

(ထီး) ခမည်းတော်ဘုရားက မျက်မာန်တော်ပွားတဲ့ အတွက် လက်လွတ် ရှောင်ရှားပြီး လောကုတ္တရာ ဆရာတော်ဘုရား ကျောင်းတော်မှာ ခိုလှုံလို့နေပါတယ်။

(ခင်ဘုန်းက ဝမ်းမြောက်သော အမူအရာနှင့်) ဆရာတော်ဘုရားရဲ့ ခြေရင်းတော်အောက်သို့ ကိုကိုထွတ်ရောက်သွားလျှင် ဝမ်းမြောက် လှပါပေ့ဘုရား ရာဇဝတ်တော်ရေးနှင့် ဘေးသင့်ဘို့မရှိကြောင်း ယုံကြည်ပါပေ့ထိပ်တင်။

ဤသို့ပြောဆိုကြပြီးလျှင် မင်းသားကလေးနှင့် ခင်ဘုန်းတို့သည် ပြုံးပြုံးရွှင်ရွှင်နှင့်ခင်ဘုန်း၏အခန်းထဲမှာပင် စံနေကြလေသည်။

## "ဆရာတော်နှင့် သျှင်ရဲထွတ်"

တချက်လွှတ်အမိန့်တော်ကြီးက ပြင်းထန်လှသဖြင့် မြို့ဝန်နှင့် ဗိုလ်မှူး စစ်ကဲ့များလည်း နန်းတော်ကြီးမှတပါး မည်သည့်ဌာနကိုမဆို ဝန်းဝိုင်းရှာဘွေ ကြရလေသည်။

အချို့မြို့ဝန်များနှင့် စစ်သည်တော်များလည်း လောကုတ္တရာ ဆရာတော်ကျောင်းတိုက်သို့ သွားရောက်ကြရလေ၏ ကျောင်းတံတိုင်း ပြင်ဘက်က တပ်တော်များကို ဝိုင်းထားစေပြီးလျှင် မြို့ဝန်နှင့်စစ်ကဲတယောက်သာ ဆရာတော်ဘုရား ကျောင်းတော်သို့ တက်သွားကြရလေ၏ အထံတော်သို့ ရောက်သောအခါ ရှိသေစွာဦးတိုက်ကြရာ ဆရာတော်က နေရာတွင်မထိုင်ဘဲ တောင်ဝှေးကိုကိုင်ကာ မတ်တတ်ရပ်တော်မူလျက် "ဘာကိစ္စကြောင့် ရောက်လာကြသလဲ" ဟုမေးမြန်းတော်မူလေ၏။

(မြို့ဝန်) တချက်လွှတ် အမိန့်တော်ကြီးကြောင့် ခြေတော်ရင်းသို့ ရောက်လာရပါတယ်ဘုရား။

(ဆရာတော်က မျက်နှာညိုပြီး) အေး—ငါသိပြီးပါကွယ် ရဲထွတ်ကဲ့အရေးကြောင့်ရောက်လာရတယ်မဟုတ်လား။

(မြို့ဝန်) မှန်လှပါကြောင်းပါဘုရား။

(ဆရာတော်) မှူးကြီးမတ်ရာ သေနာပတိတို့ကလဲ ဘုရင်အမိန့်ပေးသမျှ လုံးဝလိုက်နာနေတော့ပါကလား မှူးမတ်တို့ဆိုတာ ကြီးကျယ်တဲ့ရာဇဝတ် မျိုးကိုသေးငယ်အောင် သေးသိမ်တဲ့ရာဇဝတ်မှုများကို ပျောက်ပျက်အောင်ရှက်ဆောင်ဖေးမကြရတယ်မဟုတ်လား ရဲထွတ်တို့အရေးကလေးချင်းဖြစ်တဲ့ အမှုမျိုးကို သိပင်သိသော်လဲ မသိလိုက်မသိပါ ရာဇဏ္ဍခြွေ မပျက်အောင်စီံနေ၍ အလိုအလျောက် ပပျောက်ပြီး ငြိမ်ဝပ်သွားစေဘို့သာသင့်တယ် ယခုတော့အပ်နှင့်ထွင်ရမည့်အရေးလောက်ကို ပေါက်ဆိန်နှင့် ပေါက်သလို ကျနေတာပေါ့ မြို့ဝန် စဉ်းစားစမ်းပါ ရဲထွတ်ဆိုတဲ့ အထိန်းတော်သားကို ငယ်ရွယ်စဉ်က နန်းတော်အတွင်းမှာထားပြီး မင်းညီ မင်းသား ကဲ့သို့ မြှောက်စားချီးမြှင့် တော်မူခဲ့တယ်မဟုတ်လား ယခုသိုးတော်အရေးနှင့်ကြုံတော့မှ ဘုန်းဂုဏ်ကျက်သရေ မတူသလေးလို့ အရေးမလုပ်တန်ဘဲ အရေးကြီးလုပ်ထာ တော်သလားကဲကဲ ငါကဘိုတိုပြောတော့မယ် ငါ့ကျောင်းပေါ်မှ သျှင်ရဲထွတ်ရှိတယ် ဘမ်းချင်လျှင်ဘမ်းကြ ဤသို့အမိန့်တော်ရှိပြီးလျှင် "ဟဲ့–ရဲထွတ်လာခဲ့" ဟုခေါ်တော်မူရာ သျှင်ရဲထွတ်လည်းဆရာတော်ခေါ်သံကြားသည်နှင့် ကျက်သရေခန်းမှ ထွက်လာခဲ့လေ၏။

မြို့ဝန်လည်းတချက်လွှတ် အမိန့်တော်ကြီးကို ဦးထိပ်ထက်တွင် ပန်ဆင်လျက်ရှိသောကြောင့် အမိန့်တော်အတိုင်း သျှင်ရဲထွတ်ကို အရှင်လတ်လတ် ဘမ်းမည်ဟုတရာ ဆရာတော်က ကိုင်ထားသောတောင်ဝှေးကို သုံးကြိမ်ရမ်း၍ ကြမ်းပြင်သို့ လွှင့်ပစ်တော်မူလိုက်သည်နှင့် တပြိုင်နက် တထောင်မကသော စစ်သည် တပ်သားတို့သည် လက်နက်ကိုယ်စီနှင့် ရုတ်တရက်ပေါ်ပေါက်လာကြပြီးလျှင် မြို့ဝန်ထံသို့ အတင်းပြေးလာကြရာ မြို့ဝန်းလည်း အလွန်ကြောက်လန့်လှသောကြောင့် အရေးတကြီး ပြာရီးပြာရာနှင့် ကျောင်းပေါ်ကဆင်းပြေးလေ၏ဆရာတော်၏တန်ခိုးနှင့် ပေါ်ပေါက်လာသော စစ်သည်တို့က မြို့ဝန်၏နောက်က အတင်းလိုက်ကြရာကျောင်းတံတိုင်းပြင်ဘက်သို့ ရောက်သည်နှင့်တပြိုင်နက် ကျောင်းကိုဝိုင်း၍ စောင့်ဆိုင်နေကြသော စစ်သည်တော်များလည်း အင်အားချင်းမတန်သဖြင့် ခုခံခြင်းငှါမတတ်နိုင်ကြဘဲ ဖရိုဖရဲထွက်ပြေးကြလေသတည်း။

---

# အခန်း (၂၀)

## "မိဖုယားများက ဂုန်းတိုက်ကြခြင်း"

သခင်ကြီးနှင့် သျှင်ရဲထွတ်တို့ ရာဇဝတ်အရေးကြီး ဖြစ်ပေါ်စဉ်အခါ အခွင့်သာသည်နှင့် မင်းကျီးညို၏ မိဖုယားများသည် ဂုန်းချောစကား တင်လျှောက်ကြလေသည်။

## (၂၄၂) တပင်ရွှေထီးဝတ္ထုတော်ကြီး

တပင်ရွှေထီး၏မယ်တော် ရာဇဒေဝီရှင်မိဖုယားနှင့် သခင်ကြီးမယ်တော် မိဖုယားခင်နှယ်တို့မှာ အချင်းချင်းသင့်တင့် ညီညွတ်လျက်ရှိကြလေသည်။

အခြားမိဖုယားများမှာမူကား ငနွဲ့ကုန်းသူခင်ဦးကို ရာဇဒေဝီဘွဲ့နှင့် မိဖုယားမြှောက်တင်သည့်အခါကစ၍ ဘုရင်မင်းမြတ် ချစ်မြတ်နိုးတော် မူသည့်အတွက် မနှစ်သက်မရှုနိုင်ကြပြီးလျှင် ရာဇဒေဝီ၏ အပေါ်တွင် ငြိုငြင်မုန်းထားလျက် ရှိကြလေသည်။

ထိုပြင် ရာဇဒေဝီမိဖုယား၏ သားတော်ဖြစ်သော တပင်ရွှေထီးသည် အထိန်းတော်အိမ်မှာကြီးပွါး၍ သျှင်ရဲထွတ်နှင့် ညီတော်,နောင်တော်, ရင်းအသွင် ချစ်ခင်ကြသဖြင့်။ ဘုရင်မင်းမြတ်ကလည်း သျှင်ရဲထွတ်ကို မင်းညီ,မင်းသား,ကဲ့သို့ ချီးမြှောက်၍ထားသည်ကိုလည်း မရှုနိုင်အောင်ဖြစ်နေကြလေသည် မင်းကျီးညိုမှာ တပင်ရွှေထီးမှတပါး သားတော်မထွန်းကားသည့်အတွက်ကြောင့် သားတော်တပါးကိုပင် ညာလက်ရုံးမှတ်ထင်ပြီး သားတော်နှင့် ခင်မင်သူများကိုသာ မြှောက်စား တော်မူလေ့ရှိသည် ဤကဲ့သို့မြှောက်စား သည်များကိုလည်း မိဖုယားတို့ကမနှစ်သက်နိုင်အောင်ရှိကြလေ၏ မိန်းမတို့၏ စရိုက်ဓမ္မတာ ဣဿာပိုမို၍ ဝန်တိုလေ့ ရှိမြဲသောအတိုင်း အခွင့်ကြုံသောအခါ ဣဿာတည်းဟူသော အခိုးအငွေ့များကို လွှတ်တတ် ကြသည်မှာ ဓမ္မတာသဘော အတိုင်းပင်တည်း။

သျှင်ရဲထွတ်၏ ရာဇဝတ်တော်ကြီး ဖြစ်နေခိုက်တွင် ဝန်တိုသော မိဖုယားများက ဘုရင့်ထံတော်အပါးသို့ဝင်၍ မီးလောင်ရာတွင် လေဝင်၍ကူသည့်အလား မျက်မာန်တော်တိုးတက်ပွါးအောင် ဂုန်းတိုက်စကား လျှောက်ထားကြသည်မှာ ယခုဘုန်းတော် ကြီးလှသော ဘုရား၏ရင်သွေးတော် ရတနာ မဟာမျိုးအစစ်ဖြစ်သော သခင်ကြီးကို မျိုးရိုးဂုဏ်သိမ်မျှသော အထိန်းတော်သား ရဲထွတ်စော်ကားသည်မှာ လွန်စွာရိုင်းစိုင်း လှပါသည်ဘုရား နိုင်ငံထီးဆောင်းမင်းအပေါင်းတို့ မကောင်းသောသည် သတင်းကို ကြားခဲ့ပါလျှင် ရာဇိန္ဒြေတော်ပျက်၍ ရှက်တော်မူဘို့သာဖြစ်ပါသည် ရဲထွတ်ကိုဘေးလွတ်အောင် ချမ်းသာပေးဘို့မသင့်ပါ သွားမြဲလမ်းကိုသာ, သွားစေမှသင့်လျော်ပါမည်။ ရဲထွတ်ကိုငဲ့ညှာ၍ ချမ်းသာခွင့် ပေးတော်မူခဲ့ပါလျှင် နောင်ရေး, နောင်ရာ,စိုးရိမ်ဘို့ အကြောင်းတွေ များလှပါသည်။ သမီးတော်များကို စော်ကားတဲ့ ရာဇဝတ်တော်ဟာ ထီးနန်းအစဉ်အလာမှာ အဆိုးဝါးကြောင်း ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့လျှောက်တင်ကြရာ မင်းကျီးညိုမှာလည်း ရာဇမာန်မီး ထိန်ထိန်ငြိမ်းနေသောအခိုက်ဖြစ်သောကြောင့် မိဖုယားတို့၏စကားကို နားဝင်တော်မူပြီး “မယ်မင်းတို့လျှောက်တင်ကြတဲ့အတိုင်းပင် စီရင်ကွပ်မျက်တော်မူဘို့ အမိန့်တော်ထုတ်ပြီးသားပါဘဲ သားတော်ရဲ့မျက်နှာကိုထောက်ပြီး ချီးမြှောက်တော်မူခဲ့မိတာ မှားခြင်းကြီး,မှားကြောင်းကို ကောင်းစွာသိပါတယ် ဟု မိန့်တော်မူလေ၏။

ထိုနောက် မိဖုယားကြီးများက ထပ်၍လျှောက်တင် ကြပြန်သည်မှာ မလောက်လေး,မလောက်စား ရဲထွက်ဆိုတဲ့ အထိန်းတော်သား စော်ကား ရိုင်းစိုင်းခြင်းမှာလဲ သားတော်တပင်ရွှေထီးကို အားကိုးရတဲ့ အတွက်ကြောင့်ပင် ဖြစ်ပါသည်ဘုရားသားတော် တပင်ရွှေထီးမှာ

ဘုန်းတော်ကြီးလှသော ဘုရား၏သားတော် အစစ်ပင်ဖြစ်သော်လဲ အထိန်းတော်တို့လက်မှာကြီး ပွါး၍လာရတဲ့အတွက် သူ့ကိုယ်ကိုပင်မင်းသားထင်ပုံ လက္ခဏာမရှိဘဲ ဖြစ်နေပါသည်။ကေသရာ ဇာခြသေ့မင်း၏ ရင်သွေးအစစ်ဖြစ်ပါလျက် မြေခွေးနှင့်ပေါင်းသင်းသဖြင့်မှုရင်းစိတ်ထားပြောင်း ပြီး အလေ့အကျင့်မကောင်းဘဲ ဖြစ်တတ်ပါသည်ဘုရားသို့ပါသောကြောင့်သားတော်တပင်ရွှေထီး ကိုလဲ ယခုအချိန်အရွယ်ကစပြီး ဆုံးမတော်မူတန်သမျှ ဆုံးမသွန်သင်ဘို့ သင့်ပါသည်ဘုရား (မိဖုယားများ၏စိတ်ထားရင်းမှာ တပင်ရွှေထီးကိုပင် မလိုသောစိတ်ထားနှင့် လျှောက်တင်ခြင်း ဖြစ်ကြလေသည်။)

ဘုရင်မင်းမြတ်မှာလည်း မျက်မာန်တော်မွန်၍နေခိုက် ဖြစ်သည်နှင့် "အင်း-မယ်မင်းတို့ လျှောက်တင်ကြတာလဲ အမှန်ဖြစ်လိမ့်မယ် ဇာတိပင်သန့်သော်လဲ ယုတ်ညံ့သူနှင့် ပူးပေါင်းလျှင် မကောင်းညံ့ဖျင်း၍ မှုရင်းသဘောပျက်စီး တတ်တာမျိုးပါဘဲ ရဲထွတ်ဆိုတဲ့ မြေခွေးမိုက်ကိုထိုက် သင့်တဲ့ ရာဇဝတ်တော်ကြီးနှင့် ကွပ်မျက်တော်မူပြီးလျှင် သားတော်တပင်ရွှေထီးကို အထူးဆုံး မဘို့မလိုဘဲ နဂိုမူလဇာတိသွေးဖြင့် ကေသရီခြသေ့ကလေးဖြစ်လာမှာအမှန်ပါဘဲ" ဟုမိန့်တော် မူသည်။

(မိဖုယားများက လျှောက်တင် ကြပြန်သည်မှာ) မှန်လှပါ ထီးဆက်နန်းလျာ မဟာ ဥပရာဇ် ရင်သွေးတော် အစစ်ဖြစ်တဲ့အတိုင်း သားတော်တပါးကိုအထူးပင်အရေးစိုက်တော်မူသင့် ပါသည်ဘုရား ထီးနန်းအမွေကိုဆက်ခံမည့်သူမို့ အမူအကျင့်မှံစ၍ မြင့်မြတ်မှသင့်လျော်ပါမည် ဘုရား အခွင့်တော်ပေးပါလျှင် သားတော်အရေးကို တင်လိုသော ဆန္ဒများရှိကြပါသည်ဘုရား။

(မင်းကြီးညို) ဘယ်လိုတင်ဘို့များ ရှိကြသေးလို့လဲ။

(မိဖုယားများ) အကျိုးတော်ကို လိုလား၍ သားတော်၏အတွက် တင်ရန်ဖြစ်ပါသည် ဘုရား ရှေနားစိုက်တော်မူပါ တပင်ရွှေထီးသည် မင်းသားတို့ဓမ္မတာ ရှေနန်းတော်တွင်စံပျော် ရပါမည်ကို သည်လိုစံပျော်တော်မမူဘဲမထိုက်မရာ အထိန်းတော်အိမ်မှာသာများစွာစံပျော်တော် မူလေ့ရှိပါသည်။ ရဲထွတ်၏နှမခင်ဘုန်းကိုလဲ ရှေနန်းရှင်ဘုရား သိတော်မူပါသည် ယခုအခါအ ရွယ်ထောက်၍ အချိန်ရောက်လာကြတဲ့အတိုင်း တပင်ရွှေထီးနှင့်ခင်ဘုန်းသည် လုံးလုံးကြီးငယ် စိတ်ပြောက်၍ ကြီးစိတ်သို့ရောက်ပြီး ပေါက်ပေါက်ပြန်ပြန် ဖြစ်နေကြောင်း လူပေါင်းများ စွာပင်သိကြပါသည်ဘုရား စုံမိစုံရာခွဲခွါမရဖြစ်တတ်တဲ့ အလေ့များကို စဉ်းစားဆင်ခြင်တော်မူ ပြီး တားဆီးနိုင်သမျှ တားမြစ်တော်မူမှသင့်ပါမည် အရွယ်မဝင့်တဝင် ချစ်ရေးသင့်တဲ့အခါ လွန်စွာမှားတတ်ပါသည်ဘုရား ထီးညွန့်နန်းညွှာက် ဘုန်းတောက်တဲ့ ဘုရင့်သွေးဖြစ်ပါလျက် မထိုက်မတန် ဘုန်းကံနိမ့်ကျကြောင်းဖြစ်တဲ့ အထိန်းတော်သို့းနှင့် ရင်းနှီးကြတယ်ဆိုတာထီးနန်း စဉ်လာ မဂ်လာမရှိတဲ့ သတင်းများ ဖြစ်ပါကြောင်းပါဘုရား။

(ဤသို့လျှောက်တင်တဲ့ စကားကိုကြားရာ မင်းကြီးညိုက အတန်ကြာ ငေးစိုက်၍စဉ်စား တော်မူပြီး) အင်း-သည်အကြောင်း အရာမှာတော့များစွာစိုးရိမ်ဘို့ မရှိဘူးထင်တော်မူပါတယ် မဟာနွယ်ဘွား မင်းသားအစစ်ပင် ဖြစ်စေကာမူ ချစ်ခင်လေ့မှုတာ မေတ္တာသွေးဆောင်တဲ့အ

တွက် မျိုးရိုးဇာတိမတူတဲ့သူနှင့် ရင်းနှီးသော်လဲ ထီးနန်းအစဉ်ရာဇဝင်အဆက်မှာ ကန့်ကွက်ရတဲ့ ထုံးဟောင်းများမရှိပေဘူး ရှေးရှေးဘောလောင်းတော်, ဘိုးလောင်းတော်, တို့လက်ထက်မှာလဲ မင်းသားစင်စစ်ကကြင်ချစ်မြတ်နိုးသဖြင့် မျိုးရိုးမတူတဲ့ သို့ကညာကို ချစ်ခင်စွာသိမ်းပိုက်တော်မူကြသည်များလဲ အထင်အရှားပင် ရှိကြတယ် မဟေသီအောင်ဟိတ်ဖြင့် အဘိသိက်ခံတဲ့အရာမှာသာမျိုးရိုးဇာတိကို စိစစ်ဘို့လိုပါတယ် ချစ်မေတ္တာဆော်နိုးသဖြင့် မြတ်နိုးတဲ့အရာကို ပဓါနမပြုလောက်ပါဘူး။

ဘုရင်မင်းမြတ်၏ အမိန့်တော်ကိုကြားရာမိဖုယားများက အချင်းချင်းလက်တို့ပြီး "ကိုယ်တော်တိုင်ကပင် ငနွဲကုန်းဇာတိ တောသူမကလေး ခင်ဦးကိုမြတ်နိုး တော်မူနေတာဘဲ သည်လိုမိန့်တော်မူမှာပေါ့" ဟုတိုးတိုးသာသာ ပြောဆိုကြပြီးလျှင် သျှင်ရဲထွတ်၏အရေးကို မလျှောက်ထားကြဘဲ အခြားအကြောင်း များကိုသာ လျှောက်တင်၍ နေကြလေသည်။

## သားတော်တပင်ရွှေထီး ခမည်းတော်ထံသို့ ဝင်ရောက်ခြင်း

တပင်ရွှေထီးမှာ နောင်တော်သျှင်ရဲထွတ်အတွက် မသက်မသာဗျာပါဒ်ဘိစီး ပူပင်မှုအားကြီးနေသည်နှင့် အပါးတော်သို့ငို၍ ဝင်လာပြီးလျှင် ခမည်းတော်၏ ရင်ခွင်ထဲမှာ ဖြိုးကနဲအတင်းလှဲ၍ "နောင်ထွတ်နှင့်အတူ ဘုရားသားတော်ကိုလဲ ကွပ်မျက်တော်မူပါ သည်ကမ္ဘာလောကကြီးပေါ်မှာ အရှင်ထားတော်မမူပါနှင့် ခမည်းတော်ဘုရားရဲ့ လက်သုံးတော် ကျောက်စီဓါးနှင့် စောစောစီးစီး သုတ်သင်ဖျင်းလင်း တော်မူလိုက်ပါတော့ဘုရား" ဟုငိုယိုသော အသံနှင့်လျှောက်ထားလေ၏။

မင်းကြီးသည် ငရှေးအခါဘယ်တုန်းကမှ သားတော်တပါး၏ ငိုယိုသောအမူအရာတော်များကို ရှုစားတော်မမူဘူးသဖြင့် ရင်ခွင်ထဲမှာရဲရဲတင်းတင်းကြီး ငို၍လျှောက်တင်ပုံများကိုတွေ့မြင်သောအခါ ဘဝင်တော်ရွှေနှလုံးကို ဖြိုးကနဲထိခိုက်လေသည်နှင့် သားတော်ကိုပွေ့ပိုက်ပြီး ရွှေထီးရယ် ဘယ်လိုဖြစ်တော်မူရတာလဲ ဘယ်တခါမှာမှ သည်လိုအမူအရာများနှင့် မလျှောက်တင်ဘူးပါဘဲကလား" ဟုမေးတော်မူသည်။ (မင်းကြီးညိုက သားတော်ကို ရွှေထီးဟုခေါ်လေ့ရှိသည်။)

(ရွှေထီး) မေးတော်မူဘို့မလိုတော့ပါ ခမည်းတော်ဘုရားရဲ့ အာဏာဖြင့် တခါထဲအမြန်သတ်တော်မူလိုက်ပါဘုရား။

(ညို) အို=လွန်လွန်းလှချည်ရဲ့ ရွှေထီးရယ်မပူတန်ရာမှာဘာများကိုပူပန်တော်မူနေရတာလဲ

(ရွှေထီး) ပူပန်လို့ပူတာပါဘုရား ဘုရားသားတော်ချစ်ခင်တဲ့ နောင်ထွတ်ကို ရာဇဝတ်တော်ကြီးပေးပြီ အသက်တုံးအောင် အဆုံးစီရင်စေဆိုတဲ့ တချက်လွှတ်အမိန့်တော်ကြီးကို ထုတ်ပြီးပြီမဟုတ်လားဘုရား။

(ညို) အို-မဆိုင်ပါဘဲကလားရွှေထီးရယ် ရွှေထီးမှာတော့ ထီးညွန့်နန်းလျာ မဟာသွေး အစစ် ဥပရာဇ်မှန်ပါတယ် ရဲထွတ်ဆိုတဲ့ ငမိုက်သွေးမှာတော့ အထိန်းတော်ကမွေးတဲ့အကောင် ပါ အဘိုးမတန်တဲ့သူကြောင့် အပူမီးဘာကြောင့် အကူးခံရတာလဲ။

(ရွှေထီး) အဲ-သည်လို အမိန့်တော်မျိုးကိုကြားရတော့ သားတော်ရဲ့နှလုံးကိုသုံးလေးကြိမ် မက မိုးကြိုးပစ်ချသလို နေပါတယ်ဘုရား ထီးထီးမှာဘုရင့်သားတော် အစစ်အမှန်ပင်ဖြစ်သော် လဲချစ်မေတ္တာ ရေစက်ဖြင့် နို့စို့ဘက် အတူကြီးလာတဲ့အတွက် နောင်ထွတ် ကိုထိလျှင်ဖြင့်မချိ အောင်ပူလောင်ပါတယ် နောင်တော်ရင်းအသွင် အမြဲပင်မှတ်ထင်ပြီး ငယ်ရွယ်ဘဲ့ကစ၍ တနေ့ မျှမကွဲဘူးဘဲ မြူးတူးကစားလျက် ကြီးပွါးလာခဲ့ကြရာ ဘယ်မှာမပူဘဲရှိပါမလဲညိုညို နောင်ထွတ် ၏လက်မှာ ထီးထီးရဲ့အသက်ရှိတယ်ဘုရား။

(ညို) နေစမ်းပါအုံး အကြီးဆုံးဖြစ်တဲ့ ရာဇဝတ်ကောင်ကို ဘယ်နည်းနှင့်ညှာတာတော် မူရမှာလဲ ဘုရင်မင်းမြတ်တို့ဆိုတာ အသုံးပြုတန်တဲ့အခါ အာဏာကို အသုံးပြုလျှင် အမူတော် လစ်သပ်၍ သမ္ဘာဓါတ်ညှိုးမှိန်တတ်ပါတယ် နေမင်းကဲ့သို့ပူနိုင်မှ တိုင်းသူပြည်သားကြောက်ခန့် ညား၍ ပိပိပြားပြားရှိကြတာကလား လမင်းကဲ့သို့အေးလျှင် အရေးပျက်ပြယ်ပြယ်ဖြစ်တတ်တယ် ရံခါရံဘန် သူရကန်နေမင်းအတူ ပူစေရမတဲ့ရွှေထီးရဲ့ တရံတခါ စန္ဒာငွေလကဲ့သို့ အေးမြစွာ ကျင့်ရမတဲ့ရွှေထီးရဲ့ ယခုအရေးမှာတော့ အေးမြဘို့အသင့် အခွင့်ကို ချင့်ထောက်၍နေမင်း လောက်ပူရမှာကလား ရင်သွေးတော်ရတနာက အာဏာကို မလွန်ဆန်ချင်ပါနှင့်။

(ရွှေထီး) အာဏာတော်ကိုလွန်ဆန်လိုလို့ လျှောက်တင်ရခြင်း မဟုတ်ပါ နောင်ထွတ်ကို ရာဇဝတ်တော် အတိုင်းပင်စီရင်တော်မူပါ သို့ရာတွင်နောင်ထွတ်ကဲ့ရှေးဦးစွာ သားရတနာကိုကွပ် မျက်တော်မူစေချင်ကြောင်း ခွင့်တောင်းလျှောက်တင်ခြင်း ဖြစ်ပါသည်ဘုရား။

(ညို) အို-ပြောရင်းဆိုရင်း အတင်းလွန့်လွန့်ပြီး တက်လာပါကလား မဆိုင်တဲ့အရေးမှာ ဘာကြောင့်သားတော်ကို ကွပ်မျက်တော်မူရမှာလဲလို့။

(ရွှေထီး) သည်ကမ္ဘာမြေကြီးပေါ်မှာ နောင်ထွတ် မရှိဘူးလို့ဆိုခဲ့ပါလျှင် ဘုရားသား တော်လဲ ဇီဝိတိန္ဒြေနှင့်နေလို့ ဖြစ်နိုင်တော့မှာ မဟုတ်ပါဘုရား တမြေ့မြေ့ညှိုးနွမ်းပြီးသေလမ်း သို့လိုက်ရမည်အမှန်ပါ နောင်ထွတ်ကို မကွပ်မျက်ခင် အဆောတလျှင် သုတ်သင်ကွပ်မျက်တော် မူမှ ချမ်းသာခွင့်ကို ရလိမ့်မယ်လို့ထင်ပါသည် အခြားအန္တရာယ် ငြိုတွယ်လွမ်းမိုးသဖြင့် အသေ ဆိုးနှင့်မသေလိုပါ ခမည်းတော်ဘုရားရဲ့ လက်သုံးတော် ကျောက်စီဓါးနှင့် သားတော်ကလေး အေးအေးသေဆုံးပါရစေဘုရား။

ဤကဲ့သို့ အရေးတကြီးယိုစီးသောမျက်ရေးနှင့် လျှောက်တင်သောအခါ ဘုရင်မင်းကြီးညို မှာ ညာလက်ရုံးနှင့် မျက်ခုံးပမာ လွန်စွာမြတ်နိုးတော်မူလှသော သားတော်အတွက် နှလုံးသွေး ဆူပွက်မလောက် သောကမီးတောက်သည်နှင့် မည်သို့မျှထပ်၍ မိန့်တော်မူမနိုင်ဘဲ သားတော် ကလေးကိုပွေ့ချီကာ သူ့မယ်တော်စံရာဖြစ်သော အဆောင်တော်သို့ထွက်စံတော်မူလေသတည်း။

"သျှင်ရဲထွတ်နှင့် ဆရာတော်"

ကျောင်းတော်ကိုလာ၍ ဝန်းဝိုင်းသောမြို့ဝန်နှင့် စစ်သည်တော်များ ပြန်သွားသည်နောက် ဆရာတော်က-သျှင်ရဲထွတ်ကိုခေါ်၍ အားပေးစကား မိန့်ကြားတော်မူသည်မှာ။

(ဆရာတော်) ငါ့တပည့်ဘာမှမစိုးရိမ်နှင့် မပြောပလောက်တဲ့အမှုကလေး သူ့သိုးတော်အရေးကြောင့် ကြီးလေတဲ့အမိန့်တော်ကို ထုတ်ဆင့်ခြင်းဟာ များစွာလွန်နေတယ် ငါကိုယ်တိုင်ကကြပ်မစောင့်ရှောက်လို့ သို့ကလောက် ဘုန်းတောက်တဲ့ အခြေသို့ရောက်လာကြောင်းကိုတိုင်းသူ့ပြည်သား့အပေါင်း ကောင်းကောင်းကြီး သိကြပါတယ် လားလား ယခုအခြေသို့ရောက်တော့ ရာဇဂုဏ်မောက်နေသပေါ့သည်အရေးမှာဘုရင်မင်းကျိုးညိုကမလျှော့လျှင် ငါကလဲမလျှော့ဘူး ရဲထွတ်ကယ် ကုန်ကုန်ပြောလိုက်ပါတော့မယ် အားငယ်ဘို့နဲနဲမှမရှိဘူး ငါကိုယ်တိုင်ကြံလိုက်လျှင် ဟံသာဝတီနိုင်ငံနှင့်တကွ အဝနိုင်ငံတော်ကြီးပါ မကြာခင် ချက်ခြင်း ငါ့လက်တွင်းသို့ရောက်ရမယ် အင်းအိုင်ဆေးဝါး မန္တရားနတ်လက်နက်နှင့် စက်လှဲ၍စီမံလျှင် ဘယ်နိုင်ငံခံနိုင်မလဲ တေဇောဓါတ်အချိန် တေဇောအိမ်နဝင်းမှာ တေဇောအင်းချပြီး တေဇော-စ-မကိုသုံးလိုက်လျှင် မီးဟုန်းဟုန်းထလို့တောက်ရမယ် သူ့တောင်ငူမြို့လောက်ကို လက်ဖြောက်တီးရုံနှင့်မီးကြွမ်း၍ ပြာဖြစ်စေရမယ်ရဲထွတ်ကဲ့။

(သျှင်ရဲထွက်ကရှိခိုးပြီး) မှန်လှပါ အမိန့်တော်အတိုင်း လောကီစွမ်းသတ္တိနှင့် တန်ခိုးတော်အထူးရှိကြောင်းကို ဘုရား့တပည့်တော်အသိပင် ဖြစ်ပါသည်ဘုရား သို့ရာတွင်ကျေးဇူးတော်ရှင် ဘုရင်ရာဇိန်မှာ မျက်မာန်ရှိန် လွှမ်းမိုးနေတဲ့အခါဖြစ်လို့ အကျိုးအကြောင်းကို စုံလင်စွာဆင်ခြင်တော်မမူနိုင်ဘဲ ရှိနေဟန်လက္ခဏာပါဘုရား ယခုနှယ်အခါ ဘုရင့်အပေါ်မှာအပြစ်တော်မထားဘဲ သနားသဖြင့် သည်းခံတော်မူဘို့ သင့်ပါသေးသည်ဘုရား။

(ဆရာတော်) ဩော်-ဆရာတော်အပေါ်တွင် ငါ့တပည့်က သွန်သင်နေသကိုး သည်းခံထိုက်လျှင်လဲ သည်းခံနိုင်ပါတယ် သို့ရာတွင် ငါ့ကျောင်းတော်သို့လာပြီး စစ်သည်ပေါင်းများစွာဝန်းဝိုင်းတာကိုတော့ ငါသည်းမခံနိုင်ဘူး ကဲ-ကဲ-နားထောင်စမ်း တောင်ငူကိုဗဟိုထား၍တောင်ကိုယိုဒယား မြောက်ကိုလားသော်တိဗက်နိုင်ငံသည်အတွင်းမှာမင်းလုပ်လိုတဲ့ဆန္ဒမရှိဘူးလား

(ရဲထွတ်) ဘုရင့်အဖြစ်ဆိုတော့ မလုပ်လိုသူရယ်လို့ ရှိနိုင်မည်မဟုတ်ပါဘုရား သို့ရာတွင် ညီတော်တပင်ရွှေထီးနှင့် သစ္စပြုထားတဲ့ အချက်တခုရှိတာမတော့ ဘုရားတပည့်တော်ကဘယ်မျှပင် ဘုန်းတန်ခိုးကြီး၍လာစေကာမူ တပင်ရွှေထီးအသက် ရှိစဉ်အတွင်း မင်းကောရာဇ်မလုပ်ပါတကယ်လို့ တပင်ရွှေထီးကွယ်လွန်ခဲ့မည်ဆိုပါလျှင် အလိုရှိတဲ့အတိုင်း ကြံစည်ရန်မှန်ကန်စွာသစ္စာဆို၍ ရေကိုသောက်ထားပြီး ဖြစ်ကြောင်းပါဘုရား။

(ဆရာတော်) အင်း-ငါ့တပည့်တော့ အတော်သစ္စာရှိတဲ့ လူပေပေါ့ သစ္စာဆိုတာဖျက်ကောင်းတဲ့ အရာလဲမဟုတ်ပေဘူး သစ္စာဖေါက်ပျက်လျှင် ဘဝအဆက်ဆက် သိမ်သေး၍လူမွေး

လူတောင်မပေါက်နိုင်ဘူးတဲ့ ယခုငါ့တပည့်ပြုတဲ့ သစ္စာမှာတော့ ညီတော်တပင်ရွှေထီးကိုငဲ့ကွက်၍ ကိုယ့်အတွက် အနစ်နာခံတဲ့သစ္စာမျိုးပေပေါ့ ကဲ—တာဖြင့်ရှိပေစေတော့ ယခုငါ့တပည့်အလိုရှိတဲ့ဆန္ဒကိုလျှောက်စမ်း။

(ရဲထွတ်) ဘုရားတပည့်တော်၏ အလိုဆန္ဒမှာတော့ ရွှေနန်းရှင်ဘုရားက အမျက်တော်ပြေ၍ ရှေးနဂိုအတိုင်းပင် ချစ်ခင်မြတ်နိုးစွာနှင့် ချီးမြှောက်မြဲချီးမြှောက်စေလိုတဲ့ ဆန္ဒပါဘုရား

(ဆရာတော်ဘုရားကပြုံးရယ်ပြီး) လွယ်လွယ်ကလေးပါ ရဲထွတ်ကယ် သည်မျှလောက်ကလေးကိုတော့ အရေးမမှုလောက်ပါဘူး အနုဘက်ကလှဲပြီး ကန့်ကယခေါ်တဲ့ ပီယသိဒ္ဓိနည်းဖြင့် ငါ့တပည့်ကိုချီးမြှောက် တော်မူရမှာပေါ့ အေးအေးသာနေပါ ဘာမျှစိုးရိမ်ဘို့ မရှိပါဘူး။

ဤကဲ့သို့ဆရာတပည့် တိုင်ပင်ကြပြီးလျှင် နောက်တနေ့အခါ ဆရာတော်သည် မျက်နှာမြင်လျှင် ချစ်ခင်စေနိုင်သော "မျက်နှာပွင့်အင်း" အသံကြားလျှင် သနားစေတတ်သော "နှုတ်ပွင့်အင်း" များကိုစီရင်တော်မူပြီးလျှင် သျှင်ရဲထွတ်ကိုဆောင်ရန် ပေးသနားတော်မူလေ၏ ထိုနောက်သျှင်ရဲထွတ်ကိုမြင်လျှင် ရန်သူတို့၏လက်မှ ရုတ်တရက်လက်နက် လျှောကျ၍ ငေးနေရသော "အဟန့်အင်း" များကိုလည်းစီရင်၍ ပေးတော်မူလေသည်။

ဤကဲ့သို့ ဘေးအန္တရာယ်ကင်းစင်၍ ဘုရင်မြတ်နိုးတော်မူကြောင်း ဖြစ်သောနည်းများကိုစီရင်တော်မူပြီးလျှင် သျှင်ရဲထွတ်ကို ဝတ်စားတန်ဆာ ကောင်းမွန်သန့်ပြန့်စွာဝတ်ဆင်စေလျက် ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်သော စိတ်သားဖြင့် နန်းတော်သို့သွားရန် အမိန့်တော်ရှိလေသည်။

(သျှင်ရဲထွတ်က အမိန့်တော်ကြီးအတွက် ကြောက်ရွံ့လျက်ရှိသည်နှင့်) ဆရာတော်ဘုရားကိုယ်တိုင် လိုက်၍ပို့ပါလျှင် သာ၍ကောင်းမည်ထင်ပါသည် မျက်မာန်တော် ရှနေတဲ့ အခါကြီးထဲမှာ ဘုရားတပည့်တော် တယောက်ထည်း အပါးတော်သို့ဝင်သွားခဲ့ပါလျှင် အတွင်းတော်သို့မရောက်ခင် မြို့ဝန်နှင့် အာဏာသားတို့က အများဝိုင်းဝန်း၍ ဘမ်းပြီးလျှင် ရာဇဝတ်တော်ကြီးနှင့် အဆုံးစီရင်မည်အမှန် ဖြစ်ကြောင်းပါဘုရား။

(ဆရာတော်) ဩော်-ငါ့တပည့်က နာမည်နှင့်မလိုက်အောင် တယ်ကြောက်တတ်ပါကလား ငါ့ကိုအားကိုးတယ်ဆို ယခုလိုဖြင့်ဘယ်မှာငါ့ကိုအားကိုးသလဲဩော်—ရဲထွတ်—ရဲထွတ်နာမည်ဟောင်းကိုဖျောက်ပြီး "ကြောက်ထွတ်" လို့အမည်သစ် ပေးချင်တော့တာဘဲနော်။

(ရဲထွတ်) တယောက်နှင့်အများဆိုတော့ အရဲစွန့်ဘို့အခက်သားပါဘုရား ရဲမာန်ကိုအားကိုးလို အကျိုးရှိမှလဲ တော်မည်ထင်ပါသည် တကယ်လို့ ဘုရားတပည့်တော် တယောက်ထဲနန်းတော်သို့ဝင်သွားခဲ့ပါလျှင် ကြွက်ကလေးတကောင် ကြောင်တထောင်လက်တွင်းသို့ သက်ဆင်းကျရောက်သလို နေမည်ထင်ပါ ကြောင်းပါဘုရား။

(ဆရာတော်) အို-ထပ်လို့လျှောက်ထား ပြန်သလား ကဲ—ကဲ-တိုတိုလျှောက်စမ်း ငါနှင့်မင်းကျီးညို ဘယ်သူ့ကိုသာလို့ ကြောက်သလဲ။

(ရဲထွတ်) ဆရာတော်ဘုရားကို သာလို့ကြောက်ပါသည်ဘုရား။

(ဆရာတော်) ကဲ-တာဖြင့်ယခုသွား နောက်ထပ်စကားကို မလျှောက်နှင့်။

ဤသို့အမိန့်တော်ရှိရာ "ဘုရင်မင်းမြတ် ထုတ်တော်မူတဲ့ တချက်လွှတ် အမိန့်တော်ထက်ပင် ဆရာတော်ထုတ်တဲ့ တချက်လွှတ်အမိန့်တော်ကြီးက ပြင်းထန်၍နေပါပေါ့ကလား" ဤသို့စဉ်းစားပြီး သျှင်ရဲထွတ်သည် မည်သို့မျှမလျှောက်ထားဘဲ နန်းတော်သို့သွားရန် ရဲရင့်သောအမူအရာနှင့် ရှတ်တရက်ထိုင်ရာမှထလေ၏။

ထိုအခါဆရာတော်က အားရသောအမူအရာဖြင့်ထ၍ "သျှင်ရဲထွတ်၏ကြောကိုလက်ဝါးဖြင့် သုံးကြိမ်သပ်ပြီး ဘာမှမစိုးရိမ်နှင့်ငါ့တပည့် ငါ့ကိုသာအားကိုးပါ ငါစီရင်လိုက်တဲ့သိဒ္ဓိတန်ခိုးကြောင့် ဘယ်လိုရန်သူမျိုးမှ မထိနိုင်တာအမှန် သိကြားမင်း၏ရန်ကိုပင် တွန်းလှန်ဖြိုဖျက်နိုင်လိမ့်မယ် ငါ့တပည့်ကိုမြင်လျှင် ရန်သူမှန်သမျှ လက်နက်ကိုချပြီး အံ့အားသင့်ကာ ငေးစိုက်လို့နေကြရလိမ့်မယ် ငါ့တပည့်ကမျက်စောင်းထိုးလို့ကြည့်လျှင် မတည်တန့်နိုင်ကြဘဲဖြုံးကနဲယိမ်းယိုင်လို့လဲကြရလိမ့်မယ် ဘုရင်အထံသို့ရောက်တဲ့အခါ ကြောက်မှု့ကြောက်ဟန်, မပါစေနှင့် အလိုရှိရာကိုလျှောက်တင်လေ မြင်လျှင်မြင်ခြင်း ချစ်ခင်တော်မူလိမ့်မယ် ငါ့တပည့်အလိုရှိပါလျှင် သို့တော်သခင်ကြီး စံနေတဲ့အဆောင်တော်ထဲကို ရဲရဲကြီးသွားလေတော့ ရန်တကာဖယ်ရှား၍ လိုအားပြည့်လိမ့်မယ် ကြောက်ရွံ့,ကြောက်ရွံ့,နှင့် နောက်တွန့်တဲ့အမူမရှုပ်စေနှင့် လုလုပ်လို့တပည့်ရယ် ဘယ်သူ့ကိုလူထင်ရမှာလဲ ကဲ-သွားတော့-သွားတော့" ဟုအမိန့်ပေးသည်နှင့် သျှင်ရဲထွတ်လည်း ဆရာ့တော်ကိုရှိခိုးဝတ်ချပြီးလျှင် ကျောင်းပေါ်မှဆင်းသွားလေ၏။

ကျောင်းကဆင်းလျှင် ဆရာတော်က သတိတခုရပြန်သည်နှင့် သျှင်ရဲထွတ်၏ ဇာတာကိုပေးတော်မူပြီး "အပါးတော်သို့ ရောက်တဲ့အခါ သည်ဇာတာကိုလဲပြလိုက်" ဟုမိန့်တော်မူသည်။

သျှင်ရဲထွတ်သည် ဆရာတော်ပေးလိုက်သော မိမိဇာတာကိုယူပြီးလျှင် ရဲဝံ့စွာနန်းတော်သို့ တယောက်ထည်းသွားလေ၏။ နန်းတော်ဝန်းကျင်တွင် စောင့်နေကြကုန်သော ဗိုလ်မှူးများနှင့် စစ်သည်တပ်သားတို့က မြင်ကြသော်လည်း သျှင်ရဲထွတ်ကိုမည်သူမျှမဘမ်းဆီးဝံ့ကြကုန် ကျောင်းသို့လာရောက် ဝန်းဝိုင်းကြသူ မြို့ဝန်နှင့်နန်းတော်တံခါးဝတွင် ရင်ဆိုင်ပက်ပင်းပါတွေ့သည်တွင် မြို့ဝန်ကဘမ်းဆီးမည်ပြုလေရာ သျှင်ရဲထွတ်က ဆရာတော်မှာလိုက်သည့်အတိုင်း မျက်စောင်းထိုး၍ ကြည့်လိုက်သည်နှင့် တပြိုင်နက်မြို့ဝန်မင်းလည်း ဗုံးခနဲလဲသွားလေ၏။

ဤကဲ့သို့အစွမ်းသတ္တိနှင့် ပြည့်စုံကြောင်းကို ဒိဋ္ဌသိသောအခါ "ဆရာတော်၏သိဒ္ဓိတန်ခိုးဖြင့် မည်သူမျှငါ့ကို ရန်မူနိုင်သူမရှိ" ဟုကောင်းသိသောကြောင့် ရှေးကထက်တိုး၍ တမျိုးအားတက်လာပြီးလျှင် "ရွှေနန်းရှင်ဘုရား အထံတော်သို့မဝင်ခင် ငါ၏အစွမ်းသတ္တိကိုသိအောင်ပြသရန် သို့တော်သခင်ကြီး အဆောင်သို့ရှေးဦးစွာသွားဦးမည် "ဤသို့ကြံစည်ပြီးလျှင် နန်းတော်ပေါ်သို့တက်၍ သခင်ကြီးအဆောင်သို့သွားလေ၏။

သို့တော်သခင်ကြီးသည် မယ်တော်ထံပ ါး၌ခစားခိုက်ဖြစ်နေသောကြောင့် ဝင်လာသောသျှင်ရဲထွတ်ကို မမြင်ဘဲရှိလေ၏ အပျိုတော်များက ရှေးဦးစွာ တွေ့မြင်ကြလေရာ ဝမ်းမြောက်, ဝမ်းသာ,ပြုံးရွှင်သော အမူအရာဖြင့် "အို-ထွတ်ထွတ်ပါကလား အမိန့်တော်က တချက်လွှတ်

ရာဇဝတ်မှုရောက်နေတုံး ဖြူးခနဲရောက်လာသကိုး ချမ်းသာရဲ့နေ့်မြင်ရတာကိုဝမ်းသာပါတယ်” ဤသို့နှုတ်ဆက်တဲ့ စကားကိုကြားလျှင်ကြားခြင်း သခင်ကြီးက လှဲ့၍ကြည့်လိုက်ရာ သျှင်ရဲထွတ်ကိုမြင်သည်နှင့်တပြိုင်နက် ရုတ်တရက်ပြေးလာပြီးလျှင် သျှင်ရဲထွတ်လည်းပင်ကို အတင်းဖက်ထားလေ၏။

မယ်တော်မိဖုယားလည်း အံ့အားသင့်စွာနှင့် ငေးစိုက်၍ရှုစားတော် မူနေရလေသည် အပျိုတော်များလည်း သခင်ကြီးအမူအရာကိုသာအံ့ဩကာကြည့်၍နေကြလေသည်။

(သခင်ကြီး) စိုးရိမ်လိုက်ထာထွတ်ထွတ်ကယ် သေများသေရတော့မယ် တချက်လွှတ်အမိန့်တော်ကြီးကို ထုတ်လို့ဘဝင်အိမ် တလှုပ်လှုပ်နှင့် ရွှေနှလုံးပြုတ်တော့ မလိုဖြစ်နေရာ ရုတ်တရက်မြင်တော့ သခင်ကြီးရဲ့စိတ်ထဲမှာ ဘွားကနဲဝမ်းမြောက် နတ်ပြည်ကို ရောက်သလိုထင်မိပါတယ် ဘယ်လိုနည်းနှင့် လွတ်လာတာလဲ ထွတ်ထွတ်ဖြစ်ပုံကို အလုံးစုံတင်စမ်းပါအုံး။

(ရဲထွတ်) အစကမပြောဘူးလာ ခေါင်ခေါင်ရယ် ရာဇဝတ်တော်ကြီး သေဘေးနှင့်နီးလှပါတယ် တုန့်စ်သွယ်အချစ်ရေးကို သိမ်းပြီး ငြိမ်းငြိမ်းကလေးနေကြပါစို့ရဲ့လို့ အပြောသားနဲ့ ကဲ့-ယခုတော့ ဘယ်လိုကြံတော်မူမလဲ သခင်ကြီးရှို့တဲ့မီးပေါ့။

(သခင်ကြီး) မှန်ပါတယ်ခမည်းတော်ဘုရားရဲ့ အာဏာက လွန်စွာပြင်းထန်လှတဲ့အတွက် သခင်ကြီးမှာဖြင့် အကြံကုန်လို့နေတော့တာပါဘဲကြံထားတဲ့အကြံတခုကိုပြောရမှာဖြင့် ထွတ်ထွတ်ကိုသတ်လျှင် သခင်ကြီးရဲ့အသက်ကို ရုတ်တရက် ကိုယ်တိုင်ချေပြီး ကမ္ဘာမြေကို စွန့်တော့မယ် ထွတ်ထွတ်ကဲ့။

(ရဲထွတ်) ဩော်-ကြံပုံတော်ကဖြင့် ထွတ်ထွတ်ကိုလွှတ်စေဘို့မဟုတ် ကိုယ်တော်တိုင်ဇီဝိန်ချုပ်ပြီး ဘဝကိုဖြုတ်ဘို့ အကြံပါကဲလား ဟန်မယ်လို့မထင်ပါဘူး ခက်တဲ့အရေး ရောက်လျှင် လွတ်မြောက်အောင်ကြံနိုင်မှ အကြံကောင်းလို့ ခေါ်တယ် ခေါင်ခေါင်ရဲ့။

(သခင်ကြီး) အို-အကြံအဖန်စကားကို ထားလိုက်စမ်းပါအုံး ထွတ်ထွတ်ကယ် ဘယ်ပုံဘယ်နည်းနှင့် ရွှေနန်းတော်ကြီး ပေါ်သို့ ရောက်အောင်လာခဲ့ ကြောင်းကိုသာတင်စမ်းပါအုံး စောင့်ရှောက်နေကြတဲ့ ဗိုလ်ပုံကိုလွှတ်အောင် ထွတ်ထွတ်ဘယ်လို ကြံခဲ့သလဲ။

(ထွတ်) ခင်ခင်ကြီးကိုတွေ့လိုတဲ့ အာသာဆန္ဒရဲ့အရှိန်ကြောင့် အရာရာသိဒ္ဓိမြောက်ပြီး ကြံစည်တိုင်း ပေါက်၍လာတာပေါ့ ယောကျ်ားကောင်းဆိုတာ အကြပ်အတဲမှာရဲရဲကြီးပေါက်အောင်ကြံရတာမျိုးကလား ရဲထွတ်ဆိုတဲ့အမည်ဟာ မြန်မာပြည်ကို လွှမ်းမိုးပြီး ဘုန်းတန်ခိုးနှင့်ကျော်စောလိမ့်မယ် သခင်ကြီးရဲ့ ယောကျ်ားကောင်းတို့သတ္တိဟာ ကောင်းကင်မှာရှိတဲ့ ကြယ်ကို အလွယ်ကလေးနှင့် ဆွတ်ခူးနိုင်တယ်ဆိုမဟုတ်လား။

(သခင်ကြီးက အားတက်သော အမူအရာနှင့်) အဲ-သည်လိုစွမ်းအင် သတ္တိတွေကိုကြားတော့ များများကြီး အားရတော်မူပါတယ် နို့နေပါအုံး တချက်လွှတ် အမိန့်တော်ကြီးကလဲ တန်းလန်းမို့ ရှေ့ကိုဘယ်ပုံဘယ်နည်း ကြံမယ်ဆိုတာကိုတင်စမ်းပါအုံး။

(ရဲထွတ်) ဘယ်လိုမှအထူးကြံဘို့မလိုပါဘူး နိုင်ငံကိုလိုချင်လျှင်ရှင်ဘုရင် ယနေ့ဖြစ်နိုင်တာပေါ့။ သို့ရာတွင် ကျေးဇူးတော်သခင် ရွှေနန်းရှင်ဘုရားကို ပုန်စားပုန်ကန် လုပ်လိုတဲ့ဆန္ဒမရှိသဖြင့် အထူးမကြံဘဲ ရွှေးကလိုနေထိုင်မြဲ နေထိုင်ရတာပေါ့။

(သခင်ကြီး) အို-လျှောက်တင်ပုံကဖြင့် အလွန်လွယ်ပါကလား ခမည်းတော် ဘုရားက သခင့်ကို မြှောက်စားတော်မူပါအုံးမလား အမိန့်တော်ကြီးကလဲ တန်းလန်းကြီး ရှိသေးတယ်။

(ရဲထွတ်) အို-တယ်စိုးရိမ်တော်မူတဲ့ လက္ခဏာပါကလား ရွှေနန်းရှင်ဘုရားကထွတ်ထွတ်ကိုမြင်လျှင် အမျက်တော်ကိုယုတ်သိမ်းပြီး ရှေးကထက်ပင် ချစ်ခင်မြတ်နိုးတော်မူလိမ့်မယ်လို့ထင်မိပါတယ် တကယ်လို့ထင်တဲ့အတိုင်းမပေါက်လျှင် ဖြစ်ခြင်းရာဖြစ်စေတော့ သခင်ကြီးရဲ့ အဆောင်တော်ထဲမှာပင်။ ရွှေနန်းရှင်ဘုရားလက်သို့ ထွတ်ထွတ်ကဲ့အသက်ကို ဆက်လိုက်ရ တော့မှာပေါ့။

(သခင်ကြီး) အို-ပြောပုံကဖြင့် သည်အဆောင်ထဲမှာပင် အဘမ်းခံလိုက်တော့မယ်ဆိုတဲ့လက္ခဏာပါကလား။

(ရဲထွတ်) ဟုတ်ပါရဲ့ သည်အတိုင်း သဘောထားရတော့မှာပါဘဲ သခင်ကြီးက သည်အဆောင်တော်ထဲမှာ အဘမ်းခံဘို့အတွက် နှစ်သက်တော်မမူဘူးဟုလား။ မှီခိုတဲ့သူကိုကြည်ဖြူတော်မူသင့်ပါတယ်။

(သခင်ကြီး) အို-မနှစ်သက်ဘူးလို့ မိန့်တော်မမူရပါကလား ထွတ်ထွတ် သဘောအတိုင်းပါ အတူတွဲပြီးသေပွဲ ဝင်မယ်လို့မိန့်တော်မူပြီးမဟုတ်လား။

ဤကဲ့သို့သခင်ကြီးနှင့် သျှင်ရဲထွတ်တို့အချင်းချင်း ပြောဆိုနေကြပုံများကို မယ်တော်ဘုရားနှင့် အပျိုတော်များက ငေးစိုက်၍သာကြည့်နေကြလေသည် မည်သို့မျှကူညီရှင်းပင်းခြင်းကိုမပြုနိုင်ကြကုန် နန်းတော်တွင် စောင့်ရှောက်နေကြသော မင်းမှုထမ်းများကလည်း သခင်ကြီးအဆောင်သို့ သျှင်ရဲထွတ်ဝင်သွားသည့်များကို ဒိဋ္ဌမြင်ကြသော်သည်း အမိန့်တော်ကြီးကိုမှသတိမရနိုင်ဘဲ အံ့အားသင့်၍နေကြလေသည်။ (ထိုသို့ဖြစ်ရသည်များကို "အဟန့်ကောင်းသည်" ဟူ၍ပြောစမှတ်ရှိသည် လောကုတ္တရာ ဆရာတော်စီရင်၍ ပေးလိုက်သောသိဒ္ဓိ အစွမ်းများမှာလွန်စွာတန်ခိုးကြီးလှပေသတည်း။)

ထိုနောက်သျှင်ရဲထွတ်က အတင်းပွေ့ထားသော သခင်ကြီး၏ လက်များကိုဖယ်ရှားပြီး "ကဲ-ကဲ-ခေတ္တကလေး အခွင့်ပေးတော်မူစမ်းပါအုံး သည်အဆောင်ထဲမှာ အဘမ်းမခံပါဘူးအလိုတော်အတိုင်း လွယ်လွယ်ကူကူနှင့် ဘမ်းတော်မူပါစေ ရွှေတော်သို့ယခုဝင်မယ်" ဟုပြောလေ၏။

(သခင်ကြီးက စိုးရိမ်သောအမူအရာနှင့်) မတော်ဘူးထင်ပါတယ် ထွတ်ထွတ်ကယ်သည်အဆောင်ထဲမှာသာပုန်းလို့နေပါ ရွှေတော်သို့ရောက်လျှင်ဖြင့် သေပေါက်ကိုတိုး၍ ကိုယ်ကျိုးကြီးနဲ့လိမ့်မယ်လို့ထင်ပါတယ် ခင်ခင်ကြီးကဖြင့် မသွားစေချင်ပါဘူး။

(ရဲထွတ်) စိုးရိမ်တော်မမူပါနှင့် ဘေးအပေါင်းလုံခြုံကိုယ့်အတွက်ယုံလိုအလုံးစုံစိတ်ချရပြီး ထွတ်ထွတ်ကိုမြင်လျှင် ရွှေနန်းရှင်ဘုရားက၊ သားတော်နှင့်အတူ ကြည်ဖြူလိမ့်မည်အမှန်ပါဘဲစဉ်းစားတော်မူပါ မှူးမတ်ပေါင်းများစွာနှင့် ဗိုလ်ပါတွေဝန်းဝိုင်းနေတဲ့ နန်းတော်ကြီးအတွင်းသို့ ရဲတင်းစွာဝင်လာတဲ့သတ္တိကို ခင်ခင်ကြီးသိတော် မူတယ်မဟုတ်လား ရဲထွတ်ဟဲ့ခေါင်ခေါင် ရှိလက်နက်တောင်မဆောင်ပါဘူး မကြာမှီအတွင်း သတင်းကောင်း ကြားတော်မူရလိမ့်မယ်။

ဤကဲ့သို့ ပြောကြားပြီးလျှင် သခင်ကြီး အဆောင်တော်မှ ထွက်၍ ဘုရင် မင်းကျီးညိုထံသို့ တကိုယ်ထည်း ရဲတင်းစွာ ဝင်သွားလေ၏။

ဘုရင်မင်းမြတ်သည် အပါး တော်သို့ ဝင်လာသော သျှင်ရဲထွတ်၏ မျက်နှာကို မြင်လျှင် မြင်ခြင်း အရှိန်ပြင်းစွာ ထကြွနေသော မျက်မာန်တော်များသည် မီးကို ရေနှင့် ပက်ဖြန်းလိုက်တဲ့ ပမာ တခါထဲ အရှိန် ပြယ်လျက် ပြုံးရယ်သော မျက်နှာထားဖြင့် ရှုစားတော်မူလေ၏။

သျှင်ရဲထွတ်သည် ခြေတော်စုံကို ခိုလှုံမိသောအခါ ရှိသေစွာ ခစားပြီး၊ "ဘုန်းတော်ကြီးလှသော ဘုရားက တချက်လွှတ် အမိန့်တော်ကြီးကို ထုတ်တော်မူ၍ ရဲထွတ်ကို ဘမ်းဆီးဆက်သစေ" ဆိုတဲ့အတိုင်း အမိန့်တော်မြတ်ကို ဦးထိပ်ပေါ်တွင် ပန်ဆင်သောအားဖြင့် ဘုရား့ကျွန်တော်မျိုး၏ ကိုယ်ကို ဘုရား့ကျွန်တော်မျိုး ဘမ်းဆီးပြီးလျှင် ခြေတော်ရင်းသို့ အရောက်ဆက်သ ပါကြောင်း" အလိုတော်ရှိသမျှ စီရင်တော်မူပါ၊ ပေးတော်မူတဲ့ ရာဇဝတ်တော်ကို ပန်းကုံးအသွင် လည်ပင်းမှာ ပန်ဆင်၍ ရွှင်လန်းစွာ ခံလိုကြောင်းပါ ဘုရား" ဟု ရဲရင့်စွာ လျှောက်တင်လေ၏။

(ဤကဲ့သို့ လျှောက်တင်ရာ ဘုရင်မင်းမြတ်သည်။ လွန်စွာ သနားတော်မူလှသည်နှင့် စိုက်၍ ရှုစားတော်မူပြီး၊) ဟဲ့-ရဲထွတ်ကဲ့ နင်တယ်ရဲပါကလား၊ တကယ်ပင် နင်သေရဲသလား။

(ရဲထွတ်) မှန်လှပါ၊ ကျေးဇူးတော်သခင် ဘုန်းတော်ကြီးလှသော အရှင်က ကွက်မျက်တော် မူပါလျှင် မငြိုမငြင်ဘဲ ရွှင်ရွှင်လန်းလန်းကြီး သေဝံ့ပါကြောင်းပါဘုရား၊ ကျွန်တို့ မည်သည်မှာ အရှင်သခင် စီရင်ရာကို ဝမ်းမြောက်စွာ ခံရစမြဲဖြစ်ပါသည်၊ ကျွန်တို့၏ တာဝန်ကို လွန်ဆန်မည့် ရဲထွတ် မဟုတ်ပါကြောင်း၊၊။ ။သတ်ထိုက်သည်, မသတ်ထိုက်သည်များကို စဉ်းစားဆင်ခြင်တော်မူရန် သူရဲ့ကျွန်တော်မျိုး၏ ဇာတာကိုလည်း ရှုစားတော်မူစေလိုပါသည်ဘုရား။ (ဤကဲ့သို့ လျှောက်ထားပြီးလျှင် ဆရာတော်ဘုရားက မှာထားလိုက်သော အတိုင်း မိမိဇာတာကို လက်တော်ရောက် ဆက်သလေ၏)။

ဘုရင်မင်းမြတ်သည် - သျှင်ရဲထွတ်၏ ဇာတာကို ရှုစားတော်မူရာ နောင်အခါ အထွဋ်အမြတ်သို့ တိုင်အောင် ကြီးပွါးမည့်အကြောင်းများကို သိတော်မူလေ၏။ ရုပ်လက္ခဏာများကို စေ့စေ့ရှုစားတော် မူပြန်ရာတွင်လည်း ရာဇရုပ်လက္ခဏာနှင့် ဘုန်းသမ္ဘာပြည့်ဖြိုး၍ ကြက်သရေမျိုး တည်ရာ ဖြစ်ကြောင်းကိုလည်း သိတော် မူလေသည်၊ ဘုရင်မင်းမြတ်၏ စိတ်ထဲမှာ "ဤ-ကဲ့သို့ ရုပ်လက္ခဏာနှင့် ဇာတာ ကောင်းမြတ်သူကို တွေ့ကြုံခဲ့လှသည်၊ ရဲထွတ်ကို သတ်ခဲ့ပါလျှင်

မြန်မာပြည် တပြည်လုံး၏ အညွန့်ကို ချီးရာကျတော့မည်၊ နောင်အခါ မြန်မာပြည်ကြီးသည် ရဲထွတ်ကိုပင် မှီခိုရလိမ့်မည်” ဤကဲ့သို့ ဆင်ခြင်တော် မူမိသဖြင့် ပြုံးတော်မူကာ “အို-ရဲထွတ်၊ ရွှေမျက်နှာတော်ကို မော်လို့ဖူး” ဟု အမိန့်တော်ရှိလေ၏။

(ရဲထွတ်) မဝံ့ပါဘုရား၊ ရာဇ၀တ်ကောင်ဆိုတာ ဘုရင့်မျက်နှာကို ဖူးရိုးထုံးစံမရှိကြောင်းကို ဘုရားကျွန်တော်မျိုး အသိပင် ဖြစ်ပါသည်ဘုရား။

(ဘုရင်) ရာဇ၀တ်ကောင်ဆိုတာ ငါ့အမိန့်တော်ကြောင့် ဖြစ်ရတာမဟုတ်လား၊ ယခု အမိန့်တော်ကို ငါ ယုတ်သိမ်းတော်မူပြီ၊ သားတော် တပင်ရွှေထီးနှင့်အတူ အခရေးယူ၍ မွေးမြူ မြတ်နိုးတဲ့ အတိုင်းပင် ပျော်ရွှင်စွာ ခစားရမယ် မဟုတ်လား။

(ထိုသို့ အမိန့်တော်ရှိရာ သျှင်ရဲထွတ်လည်း ရှေးယခင်က ကဲ့သို့ ရွှင်လန်းသော မျက်နှာနှင့် အပါးတော်သို့ ကိုး၍ ခစားလေပြီးလျှင်) အသက်ကို ချမ်းသာပေးသည်မှာ ကျေးဇူးတော် အနန္တပါဘုရား၊ အရှင် ပေးသနားတော် မူသော အသက်ဖြင့်သာ လူ့ရွာမှာ နေရတော့မယ်လို့ အမြဲသဘောပိုက်၍ အသက်သခင် ကျေးဇူးရှင် ဘုရား၏ ဂုဏ်တော်များကို မှတ်မှတ် သားသား တသက်လုံးထားမည့်သူ ဖြစ်ပါကြောင်းပါဘုရား။

(ဘုရင်) အရှင့် ကျေးဇူးကို အထူးသိတဲ့ ကျွန်ဆိုတာ လူ့ပြည် လောကမှာ လွန်စွာ အဘိုးထိုက်ထာပေါ့၊ ကျွန်ကောင်းရဲ့ အရှင်ဆိုတာလဲ ဘုန်းသမ္ဘာ အဆင့်ဆင့် မြင့်ထက်မြင့် ဖြစ်ရတာမျိုးပေဘဲ။ ။နင့်အပေါ်မှာ သစ္စာအတည် ထားစေလိုတာ ကတော့ ငါ့သားတော် တပင်ရွှေထီးကို သခင်မှတ်မှတ်, ညီမှတ်မှတ်နှင့် မပြတ် စောင့်ရှောက် ရမယ်၊ တပင် ရွှေထီးရဲ့ အပေါ်မှာ ဘယ်အခါမဆို သစ္စာမသွေမဖေါက်ရဘူး။

(ထိုအခါ သျှင်ရဲထွတ်က ထိုင်ရာက ထကာ ဦးသုံးကြိမ်ချပြီး) အမိန့်တော် မရှိခင်ကပင် ညီတော်တပင်ရွှေထီးအပေါ်မှာ သစ္စာပြုပြီး ဖြစ်ပါသည်ဘုရား၊ ကမ္ဘာပင်ကြေသော်လဲ သစ္စာ ရေ ခန်းခြောက်မည်မဟုတ်ပါ၊ ဘုရားကျွန်တော်မျိုးသည် ဘုန်းတန်ခိုးတေဇော သမ္ဘာထိန်လက် အာဏာစက်ဖြင့် ထက်မြက်လှမ်းမိုး၍ ထီးနန်းကို အုပ်စိုးနိုင်သော အခြေသို့ ရောက်သည်ပင် ဖြစ်စေကာမူ ညီတော်တပင်ရွှေထီး၏ လက်ထက်မှာ ထီးနန်းကိုမစံဘဲ ကျွန်ခံမြဲခံ၍ နေပါမည်၊ ဤသစ္စာမတည်လျှင် ပထဝီမျို၀ါး၍ ဘုရားအဆူဆူ ချတ်တော် မူသော်လဲ မကျွတ်နိုင်ဘဲ ၀ဋ်ဆင်းရဲမှာ အမြဲခံရပါစေဘုရား။

ဘုရင်မင်းမြတ်သည် အလွန်အားရ နှစ်သက်တော်မူလှသောကြောင့် သျှင်ရဲထွတ်၏ကြောကို လက်ဝါးတော်ဖြင့် သုံးကြိမ်သတ်တော်မူပြီးလျှင် “အဲ-အဲ ငါ့သားကြီးလိုလူ ဤဇမ္ဗူမှာ မရှိရိုး အမှန် ဤလူ့ပြည်ခေတ်ကသောင်းမှာ ယောကျ်ားကောင်း အာဇာနည်အစစ် ဖြစ်ပေတယ်၊ ငါ့သားတော်ကြီးသည် ဘုန်းမီး နေလ ထွန်းရောင်ပ၊ ကမ္ဘာ့တာရာ၊ မဟာအမြူတေ၊ ကြက်သရေ တန်ခိုး၊ အမြတ်ိုး၍ ဘုန်းဖိုးရှာစေသတည်း ဟု ဆုပေးတော်မူလေ၏၊ နှုတ်မိန့်ဩဘာ မင်္ဂလာ ဆုတော်ကြီးကို ပေးပြီးနောက်၊ ဘုရင်မင်းမြတ်သည် အမြဲ ကိုင်စွဲတော် မူသော လက်သုံးတော်

ကျောက်စီဓါးကို ပေးသနားတော်မူပြီးလျှင် "သည်လက်သုံးတော် ဓါးကို အမြဲကိုင်စွဲ၍ ငါ့-သားတော် တပင်ရွှေထီးကို အမြဲစောင့်ရှောက်ရမည်" ဟု အမိန့်တော်ရှိလေ၏။

သျှင်ရဲထွတ်သည်။ သနားတော်မူသော ကျောက်စီဓါးကို ပိုက်၍ ခစားမြဲခစားနေပြန်ရာ ဘုရင်မင်းမြတ်က "ကဲ-ကဲ-မောင့်ညီတော်က မောင့်အတွက် ပူဆွေး၍။ နှလုံးသွေး မငြိမ်အောင် လှုပ်ရှား၍ နေရှာတယ်၊ မျက်နှာသွား၍ ပြလိုက်ပါ၊ ဤသို့ အမိန့်တော်ရှိသဖြင့် သျှင်ရဲထွတ်သည် ဓါးကိုပိုက်လျက် အပါးတော်မှ ထွက်ခွါလာခဲ့လေ၏။

ဘုရင်မင်းမြတ်သည် မှူးမတ်များကို အမြန်ခေါ်တော်မူပြီးလျှင် "သျှင်ရဲထွတ်ကို အသက်ဘေးမှ ချမ်းသာပေးစေ၊ ရှေးနည်းအတိုင်း သားတော် တပင်ရွှေထီးနှင့်တကွ နန်းတွင်း, နန်းပြင် ထွက်ဝင် သွားလာစေ" ဟု အမိန့် ထုတ်ပြန်တော် မူလေသတည်း။

သျှင်ရဲထွတ်သည် သနားတော် မူလိုက်သော ကျောက်စီဓါးကို ပိုက်လျက် နန်းတော်မှ ထွက်လာရာ အမိန့်တော်ကြီးအသစ်ကိုသည်း ထုတ်ပြန်တော် မူပြီးသည်နှင့် တွေ့တွေ့ သမျှသော မှူးမတ်, ဗိုလ်ပါအပေါင်းတို့က ဦးခေါင်းညိတ်ကာ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ကြလေ၏။ နန်းတော်မှထွက်၍ အိမ်သို့ပြန်လာခဲ့ရာ ထိုအခိုက်မှာ တပင်ရွှေထီးလည်း အထိန်းတော်ကြီး အိမ်မှာ စံနေခိုက်ဖြစ်သည်နှင့် အိမ်ပေါ်သို့ ဓါးကိုပိုက်၍ ရုတ်တရက် တက်လာသော သျှင်ရဲထွတ်ကို မြင်လျှင် တပင်ရွှေထီးသည် အတင်းပြေးလာပြီးလျှင် လည်ပင်းကို ဖက်၍ ငိုလေ၏၊ ခင်ဘုန်းလည်း မောင်ကြီးဖြစ်သူ သျှင်ရဲထွတ်ကို မြင်လျှင်မြင်ခြင်း အတင်း ပြေးလာ၍ ခြေကိုဖက်လျက် ငိုလေသည်။ ။ညီတော် တပင်ရွှေထီးက လည်ပင်းကိုဖက် နှမ ခင်ဘုန်းက ခြေကိုဖက်၊ ဤသို့ ဖြစ်နေရာ သျှင်ရဲထွတ်မှာ မလှုပ်မရှား စကားမပြောနိုင် ရှိနေသည်နှင့် အငေးသား စိုက်၍သာ နေရလေ၏။

တပင်ရွှေထီးသည် သျှင်ရဲထွတ်ပိုက်ထားသော ကျောက်စီဓါးကိုမြင်လေရာ "ခမည်းတော်ဘုရား၏လက်သုံးတော်ဓါးပါကလား"ဟု အံ့အားသင့်စွာနှင့် ထိတ်လန့်သဖြင့်နောက်သို့ဆုတ်ကာ ကျောက်စီဓါးကိုသာ ငေး၍ကြည့်နေပြန်လေသည်။ ခင်ဘုန်းသည်ကား သျှင်ရဲထွတ်၏ခြေကိုသာ အတင်းဖက်လျက် ငိုမြဲတိုင်းငို၍နေလေသည်။

ကျောက်စီဓါးကိုမြင်သဖြင့် တပင်ရွှေထီး၏အမူအရာကို အကဲခပ်မိသည်နှင့် သျှင်ရဲထွတ်က ကျောက်စီဓါးကိုဝင့်ပြီး "ညီညီရဲ့သည်ဓါးဟာ ဘယ်သူကိုင်ဆွဲတဲ့ ဓါးထင်သလဲ"ဟုမေးလေ၏။

(တပင်ရွှေထီးက ကျောက်စီဓါး ကို သေသေချာချာရှုစားပြီး) ခမည်းတော်ဘုရား အမြဲစွဲကိုင်တော်မူတဲ့ လက်သုံးတော်ဓါးပါကလား နောင်ထွတ်ကယ်။ဘယ်ကရလာသလဲတပူပေါ်မှာနှစ်ပူထပ်" ဆိုတာလိုဟိုတမူမျှမပြီးသေးခင် ဓါးမှုကြီးပေါ်ပေါက်လာမှာကိုစိုးရိမ်လှပါတယ်။

(သျှင်ရဲထွတ်ကပြုံးပြီး) စိုးရိမ်တော်မမူပါနှင့် ညီညီရယ်တိတ်တဆိတ် ခိုးယူလာတဲ့ဓါးမဟုတ်ပါဘူး ရွှေနန်းရှင်ဘုရားက သားတော်အရင်းလို သဘောထားပြီး ဆုတော်,လာဘ်တော်, အဖြစ်နှင့် သနားတော်မူလိုက်တဲ့ဓါးပါ 'ရန်မျိုးအောင်" ဆိုတဲ့ဘွဲ့နှင့်တကွဲပွဲကြီးများကိုအောင်မြင်လာတာ သည်ဓါးရဲ့ သတ္တိပေါ့ညီညီရဲ့။

(တပင်ရွှေထီးမှာ အထိန်းတော်ကြီးအိမ်တွင် စံနေခိုက်ဖြစ်သောကြောင့် ဘုရင်မင်းမြတ်၏ကျေနပ်တော်မူကြောင်းများကို မကြားမသိရသေးတဲ့အတွက် သျှင်ရဲထွတ်၏စကားကို နားမလည်နိုင်အောင်ပင်ရှိသောကြောင့်) ဘယ်လိုပြောရတာလဲ နောင်ထွတ်ကယ် တချက်လွှတ်အမိန့်တော်ကြီးနှင့် ဖမ်းဆီးဆက်သစေဘို့ လေးပြင့်လေရပ်, မောင်းကြေးနင်း ခပ်နေတဲ့အထဲမှာ ခမည်းတော်ဘုရားက အလွန်မြတ်နိုးတော်မူတဲ့ လက်သုံးတော်ဓါးကို ပေးသနားတော်မူရမှာလဲ မှန်တဲ့အတိုင်း ညီညီကိုပြေစမ်းပါ ဘယ်ပုံ့ဘယ်နည်း့နှင့် လက်သုံးတော်ဓါးကြီးကို ယူလာခဲ့ရတာလဲ့ သတ္တိများကလဲထူးပါပေရဲ့ လေးပြင့်လေရပ်, မောင်းကြေးနင်းခပ်လို့ ဆူညံနေတဲ့အထဲမှာ ဘေးရန်မထိ့ဖမ်းမမိအောင်, ဘယ်လိုရှောင်ပြီး သည်အိမ်ကိုလာခဲ့တာလဲ။

ဤကဲ့သို့မေးမြန်းသည်တွင်။ သျှင်ရဲထွတ်ကသေချာစွာထိုင်ပြီး "ကဲ—နားထောင်နားထောင် ဇာတ်ဝတ္ထုအလုံးစုံကို အကုန်ခင်းကျင်း၍ပြောရမှာဘဲဆိုပြီး တောင်ဥယျာဉ်တော်ထဲမှာသခင်ကြီးနှင့်တွေ့ဆုံသည်ကစ၍ ဘုရင်မင်းမြတ်မိတော်မူလို့ ထွက်ပြေးရပုံ ကျောင်းတော်မှာခိုနေရပုံဆရာတော်သိဒ္ဓိအစွမ်းဖြင့် နန်းတော်ကြီးသို့ဝင်ခဲ့ပုံ ရွှေနန်းရှင်ဘုရားက သနားချီးမြှင့်တော်မူပုံကြောင်းရာ ဥဿုံအလုံးစုံကို အကုန်ပြန်ပြောလေ၏။

(တပင်ရွှေထီးနှင့် ခင်ဘုန်းတို့လည်း ဝမ်းမြောက်စွာနားစိုက်၍ နေကြလေသတည်း)

---

# အခန်း (၂၁)

## ရှမ်းဘုရင်သိုဟန်ဘွား အုပ်စိုးစဉ်အဝမြို့တော်တွင် ဖြစ်ပျက်သောအကြောင်းများ

ရှမ်းဘုရင်သိုဟန်ဘွား၏ ဘုန်းတန်ခိုး အင်အားများသည် အစဉ်သဖြင့် တိုးပွါးလာခဲ့ရာ အဝမြို့တော်ကြီးမှာလွန်စွာကြီးကျယ်၍နေခဲ့လေသည် ရှေးကုသိုလ်ချီးမြှောက်သဖြင့် ဘုန်းတောက်ခွင့်နှင့်ကြုံကြိုက် အခိုက်အခွင့် သင့်တင့်သည်အားလျော်စွာ ဘုန်းသမ္ဘာ တိုးတက်လျက်ရှိသော သိုဟန်ဘွားကို ရှမ်း့မြန်မာ, အများတို့ခန့်ညားကြိုးနွံကြလေ၏ လက်နက်အင်အား ကြီးမားလျက်ရှိလေသောကြောင့် သိုဟန်ဘွား၏သတင်းကိုကြားကြရာ မင်းပေါင်းများစွာကပင်စိုး၍ကာနေကြရလေသည်။

ထိုစဉ်အခါ သိုဟန်ဘွား၏ဘုန်းတန်ခိုး ကြီးမားလှသည့်အတွက်ကြောင့် "နတ်ပြည်မှာသိကြား လူ့ပြည်မှာသိုဟန်ဘွား" ဟူသောစကားကို အထက်မြန်မာနိုင်ငံတော် တလွှား၌ အများပင်ပြောဆိုချီးကျူး၍နေကြလေ၏ မင်းကြီးရန်နောင်သည်ကား ရှမ်းသိုဟန်ဘွား၏ ဘုန်းတန်ခိုးကြီးမားသည်ကို ရှုမြင်လိုသော ဆန္ဒမရှိချေ အကြောင်းကိုဆိုသော် မင်းကြီးရန်နောင်သည်။

အမျိုးကို ချစ်ခင်သော စေတနာ။ လွန်စွာ အားကြီးလှသဖြင့်၊ ရှမ်းလူမျိုး များ အစဉ်သဖြင့် ဘုန်းကြီး၍ သွားပါလျှင်။ မြန်မာရာဇဝင် အညွန့်တုံး၏၊ ထီးသုဉ်း, နန်းသုဉ်း, ဖြစ်လေတော့မည်။ ။မြန်မာအမျိုးအုပ်စိုးခွင့်မရဘဲ၊ ရှည်မြင့်စွာ ပြတ်လတ်၍ သွားပါလျှင်၊ မြန်မာအမျိုး မြုပ်တိမ်၍၊ သာသနာရောင်ရှိန်၊ မပြောင်ထိန်ဘဲ၊ မှေးမှိန် ညှိုးနွမ်းလေတော့မည် သည်ကဲ့သို့ မြော်မြင်၍၊ အဆင်ခြင်ကြီးမား ရှည်လျားသူဖြစ်သောကြောင့်၊ ရှမ်းသိုဟန်ဘွား ဘုန်းတန်ခိုး ကြီးကျယ်လာသည်ကို၊ ရှုမြင်လိုသော ဆန္ဒမရှိဘဲရှိလေသတည်း။

သိုဟန်ဘွားကလည်း မင်းကြီးရန်နောင်ကို အလွန်မြှောက်စား၏။ထိုသို့ မြှောက်စားခြင်းမှာ။ မြန်မာများကို ချစ်ခင်၍ မဟုတ်ချေ။ "တယ်ကြက်တကောင်ကို လက်တွင်ထား၍။ ကြက်အများကို သတ်လေသည်" ဆိုသောစကားကဲ့သို့၊ မင်းကြီးရန်နောင်ကလည်း အမြော်အမြင်နှင့် အဆင်ခြင် ကြီးမားသူ ဖြစ်သောကြောင့်၊ လက်တွင်းထား၍ မြှောက်စားပြီးလျှင် မြန်မာအများကို ပိပိပြားပြားဖြစ်အောင် အုပ်ချုပ်လိုသော ဆန္ဒကြောင့်ဖြစ်လေသည်။

မင်းကြီးရန်နောင်ကလည်း။ မိမိတကိုယ်ကောင်းအတွက်၊ အတိုင်းထက်အလွန် မြှောက်စားသည်များကို သာယာသောစိတ်ဖြင့် ခံယူနေသည် မဟုတ်ချေ၊ ရှမ်းဘုရင်အပေါ်တွင်၊ ငါကဲ့သို့သော သူများ မရှိခဲ့ပါလျှင်၊ ငါ၏ အမျိုးသား မြန်မာများမှာ၊ သာလွန်ပင် ဆင်းရဲရောက်ကြတော့မည်၊ စောင့်ရှောက်နိုင်သမျှ ငါစောင့်ရှောက်မှုတော်မည်၊ အခွင့်သင့်သော အချိန်တွင်၊ ရှမ်းတို့ကို နှိမ်မည်၊ ဤကဲ့သို့သော စိတ်ထားဖြင့်၊ နှစ်သက်ခြင်းမရှိသော စည်းစိမ်များကို၊ ခံယူ၍နေရခြင်း ဖြစ်လေသည်။

## "မှူးမတ်အချို့တို့၏ စိတ်နေစိတ်ထား"

ရှမ်းသိုဟန်ဘွား၊ ဘုန်းတန်ခိုး ကြီးမား၍ နေသောအခါ၊ အချို့အချို့သော မြန်မာ မှူးမတ်များသည်၊ အတ္တဟိတစရိုက်၊ တကိုယ်ကောင်း ကြိုက်သဖြင့်၊ စည်းစိမ်သိုက်ကို တူးလိုသော ဆန္ဒ ရှိကြသဖြင့်၊ ရှမ်းဘုရင်ကို အရှင်ရင်း, သခင်ရင်း, မှတ်ထင်ကာ၊ လွန်စွာ ခရမ်းကြလေ၏။ ။မြို့စား, ရွာစား, ဘွဲ့ထူးများ,ကို မျှော်သဖြင့်၊အလိုတော်အတိုင်း စိတ်ရောကိုယ်ပါ လိုက်နာ ပြုကျင့်ကြလေသည်။

ရှမ်းဘုရင်မှာ၊ ဗုဒ္ဓသာသနာကို ကြည်ညိုလေးမြတ်သူ မဟုတ်သောကြောင့်၊ အလိုတော်သို့လိုက်၍၊ ချမ်းသာသိုက်ကို စောင့်စား၍ နေကြသော မှူးမတ်များသည်၊ ဘုရားရှေ့မျက်နှာတော်ကို မထောက်နိုင်ဘဲ၊ တရံတခါ၊ သာသနာကို ထိခိုက်မည့် အရေးများတွင်၊ ရှမ်းဘုရင်၏ အလိုသို့ လိုက်ပါကြလေသည်။ ။တရံတခါ မြန်မာတို့ နစ်နာဘွယ်ဖြစ်သော အရေးများကိုလည်း၊ အားပေးလျက် နေကြလေသည်။

ရှမ်းဘုရင်၏ နှလုံးသွင်းမှာ၊ မြန်မာနိုင်ငံမပိပြားမှီအတွင်း၊ မြန်မာများကို မြှောက်စားမည်၊ ရှမ်းအမတ်များကိုလည်း၊ မြန်မာတို့ အုပ်စိုးပုံကို၊ နားလည်သည်တိုင်အောင်။ မြန်မာမှူးမတ်တို့နှင့်၊ ပူးကပ်ရောဘက်၍ သင်ကြားစေမည်၊ မြန်မာနိုင်ငံပိပြား၍ရှမ်းများ ကျွမ်းကျင်ကြ

သောအခါ၊ မြန်မာမှူးမတ်များကို မထားဘဲ၊ နိုင်ငံတဝှမ်းလုံး၊ ရှမ်းလူမျိုးတို့ကိုသာ၊ ခန့်ထား အုပ်စိုး၍၊ ရှမ်းလူမျိုးကို ထွန်းကားအောင် ပြုလုပ်မည်။ သည်ကဲ့သို့ နှစ်လုံးသွင်း ရှိလေသည့် ပြင်၊ မြန်မာပြည်မှာ၊ ရှမ်းဘာသာ စကားကို အများသုံးရအောင်၊ ကြံဆောင်လျက်ရှိလေသည်။

တနေ့သောအခါ၊ ရှမ်းဘုရင် သိုဟန်ဘွားသည်၊ မှူးမတ်အစုံအလင်နှင့်၊ ညီလာသဘင် ကျင်းပလေသောအခါ၊ ရှမ်းဘာသာ စကားကို ထွန်းကားစေလိုသည့် အတွက်၊ ဤလိုမိန့်ဆို လေသည်။

(ဘုရင်) မှူးမတ်တို့ သိကြတဲ့အတိုင်း၊ ငါ၏ ဘုန်းကံဖြင့်၊ မြန်မာနိုင်ငံကို အုပ်စိုးရပြီ၊ ပြည်ထောင်မင်းများကလည်း၊ခံ့ညားကြောက်ရွံ့ကြသည်။ ။ယခုအုပ်ချုပ်ရေးမှာ၊ ရှမ်းကိုလည်း မလွှတ်သာ၊ မြန်မာကိုလည်း မလွှတ်နိုင် ဖြစ်နေသဖြင့် မြန်မာအမှုထမ်း ရှမ်းအမှုထမ်း။ ပြိုးပြွမ်းလျက်ရှိနေကြသည်။ ။ရှမ်းနှင့်မြန်မာ၊ဘာသာစကားချင်း မတူသောကြောင့်၊ ပြောဆို ဆက်ဆံရေးအတွက်၊ ခပ်ခက်ခက်ဖြစ်၍နေကြသည်။ ။သို့ဖြစ်၍၊ တိုင်းနိုင်ငံ အုပ်ချုပ်ရေးမှာ၊ လွယ်ကူစွာ ဆက်ဆံနိုင်ကြအောင်၊ အုပ်စိုးသောအမျိုး၏ စကားသို့ လိုက်၍၊ ရှမ်းဘာသာ များကို၊ တနိုင်ငံလုံး သင်ကြားစေရလျှင်၊ မသင့်လျော်ပေဘူးလား။

(ထိုအခါ အလိုတော်ရိအမတ်များက၊ ညွတ်တွား ဦးခိုက်ပြီး) အမိန့်ရှိတော်မူတဲ့အတိုင်း သင့်လျော်လှပါသည်၊ မြန်မာပြည်မှာ၊ ရှမ်းဘာသာ ထွန်းကားမည်ဆိုပါလျှင်၊ မြန်မာအမျိုး အနွယ်များမှာလည်း၊ ဘာသန္တရတမျိုး ပွါးတိုးကြောင်းပင် ဖြစ်ပါသည်၊ အလိုတော်အတိုင်း အမြန်စီမံဘို့ သင့်လှပါကြောင်းပါဘုရား။

(အလိုတော်ရိ အမတ်များက ဆက်လက် တင်လျှောက်ပြန်သည်မှာ) ရှမ်းဘာသာတမျိုး ပွါးတိုး၍ လာပါလျှင်၊ မြန်မာအမျိုးသားတို့မှာ စကားပို၍ တတ်ရန်ဖြစ်သောကြောင့်၊ သင့် လျော်လှပါသည် ရှမ်းဘာသာတိုးပွါးရန် စီမံဘို့ အချက်မှာလည်း၊ ခဲယဉ်းသည်မဟုတ်ပါ။ ရဟန်းတော်တို့၏ ကျောင်းများကို ဆင့်ဆို၍၊ကျောင်းသားသူငယ်တို့အား၊ ရှမ်းစကားကိုသင်ရန်၊ စီမံသင့်ပါသည်၊ မြန်မာအများကိုလည်း ရှမ်းစကားတဖြည်းဖြည်း ပြောဆိုကြဘို့ အမိန့်ထုတ် ဆင့်တော်မူသင့်ပါသည်၊ ပါဠိတော် ပိဋကတ်များကိုလည်း၊ ရှမ်းဘာသာ စကားဖြင့်၊ အနက် ပြန်ဆိုသင့်ပါသည်၊ ဤကဲ့သို့ စီမံပါလျှင်၊ မကြာခင်အတွင်း။ ရှမ်းဘာသာထွန်းလင်းဘို့ ရှိပါ သည် ဘုရား။

အလိုတော်ရိ အမတ်များက၊ ဤကဲ့သို့လျှောက်တင်ကြရာ၊မင်းကြီးရန်နောင်၏ စိတ်ထဲမှာ လွန်စွာ မနှစ်သက်ခြင်း ရှိသဖြင့်၊ မည်သို့မျှ မပြောမဆိုဘဲ၊ အလိုတော်ရိ အမတ်များကိုမင်းကြီး ရန်နောင်က၊ မျက်စောင်းထိုးကာ ကြည့်လေသည်။

မင်းကြီးရန်နောင်က မည်သို့မျှ မြွက်ဟခြင်းမရှိသည်ကို၊ သိုဟန်ဘွားသိလေသော်၊ မင်းကြီး ရန်နောင်ဘက်သို့ လှဲ့ပြီး၊ "ဘယ့်နှယ်လဲ မင်းကြီး၊မြန်မာမှူးမတ်များ လျှောက်တင်ကြတဲ့အချက်ကို နှစ်သက်ကဲ့ မဟုတ်လား" ဟု မိန့်တော်မူသည်။

(မင်းကြီးရန်နောင်က၊ ရဲရင့်သောအမူအရာဖြင့်၊) ပညာပုက္ကူ၍၊ ဉာဏ်အမြင် တိုလှသော အမတ်တို့၏လျှောက်တင်ချက်ကို၊ ကျွန်တော်မနှစ်သက်နိုင်ပါ။ ။မြန်မာပြည်မှာ ရှမ်းဘာသာကို တည်ထောင်၍၊ ရှမ်းစကားကိုသာ ပြောဆိုကြမည် ဆိုပါလျှင်၊ စစ်မက်ရေးမှာ လွန်စွာခက်ခဲ၍ နေကြပါလိမ့်မည်။ ။စဉ်းစားတော်မူရန်မှာ တောင်ငူဘုရင်နှင့်၊ ပြည်ဘုရင်တို့က၊ အဝမြို့တော်ကို တိုက်ခိုက်ရန် ကြံစည်လျက် ရှိနေကြောင်းကိုလည်း။ မှူးမတ်အပေါင်းတို့ အသိပင် ဖြစ်ပါသည် တောင်တွင်းကြီးကလည်း တသီး,တဖုံ, ခြားနားရန် အကြံပြုလျက် ရှိနေသည်ဟု အတွင်းစကား သတင်းများ ပြန့်ပွားလျက်ရှိနေပါသည်။ ။တောင်ငူ, ပြည်, တောင်တွင်း, ကြီးတို့မှာ မြန်မာစကားကိုသာပြောကြားလျက် ရှိကြပါသည်၊အရေးအရာရှိသမျှမှာ ရှမ်းဘာသာကိုသာ အသုံးပြုမည် ဆိုပါလျှင်။ စစ်မက်ရေးမှာ လွန်စွာ ရှုပ်ထွေးဘို့ မြင်ပါကြောင်း။ ။ တိုင်းသူ, ပြည်သား, လူများအပေါင်းတို့၏ သဘောထားမှာလည်း ပြောနေကျ, သုံးနေကျ, မဟုတ်ဘဲ၊ ဘာသာသစ်တမျိုးကို ပြောဆို သုံးစွဲကြရန်၊ လွယ်ကူစွာနှင့် လိုက်နာနိုင်ကြမည် မထင်ပါ။ ။ရှမ်းဘာသာ တွင်ကျယ်ရေးအတွက်၊ အဆောတလျင် စီမံတော်မူမည်ဆိုပါလျှင်။ တိုင်းသူပြည်သား, လူအများတို့သည်၊ ပြည်နှင့် တောင်ငူသို့၊ သူတို့ သဘောရှိရာ ထွက်သွားကြလိမ့်မည် ထင်ပါသည်၊ ထိုသို့ဖြစ်ခဲ့ပါလျှင်၊ အရှင်မင်းမြတ်မှာ၊ ဗိုလ်ပါနည်းပါး၍၊ ဘုန်းအားလျော့ကြောင်း ဖြစ်ပါလိမ့်မည်။ ။ယခုအရှင့် အလိုအတိုင်း၊ အလွယ်တကူ လျှောက်ထားကြသည်မှာ၊ ဉာဏ်ပညာနည်းပါး၍ အစဉ်းစား မရှိကြောင်းထင်ရှားလှပါသည်။ ။နိုင်ငံတပါးသို့၊ စိုးအုပ်ချုပ်၍ မင်းလုပ်တော်မူကြသော ဘုရင်များသည်။ တိုင်းသူ, ပြည်သား,လူအများတို့၏၊ သဘောနှင့် လိုက်ရောညီစွာ၊ ကျင့်ထိုက်လှပါကြောင်း၊ တိုင်းပြည်က မကြည်သာလျှင် ရာဇာသနင်း မင်း၏ဘုန်းကံမထက်သန်ဘဲ။ အမြန်ညှိုးနွမ်းတတ်ကြောင်းများကိုလည်း၊ စဉ်းစားတော် မူသင့်လှပါသည်။

ဤသို့ လျှောက်တင်လေရာ ဘုရင် သိုဟန်ဘွားက များစွာ နှစ်သက်တော် မူသဖြင့် မိမိအကြံအစည်ကို ယုတ်သိမ်းတော်မူလေ၏။ ။အလိုတော်ရှိ အမတ်များအားလည်း မျက်နှာသာ ပေးတော်မမူချေ။ ။မင်းကြီးရန်နောင်အပေါ်မှာ ရှေးကထက်တိုး၍ အားကိုး ယုံကြည်တော်မူလေသည်။

(မှတ်ချက်)။ ။သိုဟန်ဘွားအလိုအတိုင်းသာ အလုံးစုံ လိုက်နာကြမည်ဆိုပါလျှင်၊ ထိုခေတ်အခါ မြန်မာတိုင်းရင်းစကားသည် အားနွဲ့သိမ်ငယ်စွာနှင့် မြန်မာအမျိုးလည်း တန်ခိုး မှေးမှိန်သွားရန် ရှိတော့သည်။ ။ဘာသာစကား တိမ်ကော၍သွားပါလျှင် ထိုဘာသာကို ပြောဆိုသော အမျိုးလည်း တိမ်ကော ပျက်စီးမြဲ ဖြစ်ပေသည်။ ။လူမျိုးတို့မှာ ဘာသာ စကားသည် များစွာအရေးကြီးလှ၏ မိမိတို့၏ မျိုးရိုးဘာသာစကားထက် အခြား ဘာသာစကားကို နှစ်သက်၍ အမြတ်တနိုး ထင်ခြင်းသည် လွန်စွာ မှားယွင်းသော အချက်ကြီးပေတည်း။ ။ဤသဘောသွားကိုလည်း စဉ်းစားမိကြပါကုန်။

သိုဟန်ဘွားသည် မြန်မာများကို တဖြည်းဖြည်းနှိမ်နင်းရန် မြန်မာအမျိုးကို တဖြည်းဖြည်းတိမ်ကောစေရန် ဗုဒ္ဓသာသနာတော်ကြီး ကိုလည်း ရောင်ဝါမတိုးဘဲ မှိန်ညှိုးစေရန် အမြဲမပြတ်ကြံဘန်လျက် ရှိလေသည်၊ မိမိအမျိုး ရှမ်းတန်ခိုးတောက်စေရန် စီမံလုံးပမ်း၍ နေလေသည်။

ဤကဲ့သို့ အတွင်းကြိတ်ကြံ၍ နေပုံများကို မင်းကြီးရန်နောင် သိ၍လာရာ ရှမ်းတို့၏ရန်ကို တွန်းလှန် ဖြိုဖျက်ဘို့အရေးနှင့် အေး၍ မနေသာတဲ့ များမှာအရေးကြီးလာလေ၏၊ အချို့သော မြန်မာအမတ်များက သို့ပဟန်ဘွား၏ အလိုသို့ လိုက်၍ ရှမ်းအကြိုက် ကြံစားကြောင်း များကို ဒိဋ္ဌသိမြင်လေရာ မင်းကြီးရန်နောင်၏စိတ်ထဲမှာ မချမ်းမသာ လွန်စွာပူပန်လျက် ရှိလေသည်။

သို့ရာတွင် မင်းကြီး ရန်နောင်က မဟာနွယ်ရိုး မင်းမျိုးအစစ် ဖြစ်သည့်ပြင် ဉာဏ်အမြင်ကြီးထွား စိတ်နေမြင့်မားပုံကိုလည်း သိကြပြီးဖြစ်သည်နှင့် မြန်မာမှူးမတ်များသည် မင်းကြီး ရန်နောင်၏ ဩဇာများကိုလည်း မလွန်ဆန်နိုင်ကြကုန်၊ အနားသို့ရောက်လျှင် ကြောက်လန့် တုန်လှုပ်ခြင်း မကင်းနိုင်အောင် ရှိနေကြကုန်၏။

## မင်းကြီးရန်နောင်က မြန်မာ မှူးမတ်များကို တိတ်တဆိတ်ခေါ်၍ တိုင်ပင်ပုံ။

တနေ့သော ညဥ့်အခါ မင်းကြီး ရန်နောင်သည် မိမိအိမ်သို့ ဘိတ်ခေါ် ပြီးလျှင် တိတ်တဆိတ် တိုင်ပင်တော်မူသည်မှာ။

(မင်းကြီးရန်နောင်က မျက်နှာထား ခပ်ကြီးကြီးနှင့် ဓါးလွတ်ကိုင်၍ မှူးမတ်တို့ရှေ့မှောက်တွင် စကြံလျှောက်ရင်း ပြောသည်မှာ) မင်းကြီးတို့စိတ်များကို ခိုင်ခိုင်ကြီး၊ ထားကြပါ၊ ရာထူးဂုဏ်သိမ် စည်းစိမ်ငဲ့ကွက်ပြီး ရှမ်းဘက်ကို မယိုင်ကြပါနှင့် မင်းကြီးတို့ယိမ်းမှုဖြင့် နိုင်ငံတော်ကြီး တိမ်းမှောက်၍ သာသနာတော်ကြီး ကွယ်ပျောက်သွားလိမ့်မည်။

(မှူးမတ်များ) ယခင် စောစောစီးစီးကပင် အရှင်မင်းကြီး အမိန့်ရှိထားသော အတိုင်း၊ ကျွန်တော်များ မယိမ်းမယိုင်ကြပါ၊ စိတ်ခိုင်ခိုင် ထားကြပါသည်ဘုရား။

(မင်းကြီးရန်နောင်) မယမ်းမယိုင်တဲ့ မှူးမတ်များ ရှိကြောင်း ကိုလဲ ကျွန်ုပ်သိပါတယ်၊ စိတ်သဘောသိမ်ငယ်တဲ့ အချို့မြန်မာအမတ်များက မြို့စား၊ ရွာစား၊ ထီးဖလားနှင့် ဘွဲ့ထူးများကို မှန်းပြီး၊ ရှမ်းဘက်သို့ ယိုင်ကြတယ် မဟုတ်လား။ ။ဟို-မကြာမီ တလောက ရှမ်းဘာသာကို မြန်မာနိုင်ငံမှာ တွင်ကျယ်ဘို့ ကြံတဲ့အရေးတွင် သွေးတိမ်တဲ့ အချို့ မြန်မာ အမတ်များက ရှမ်းဘုရင့်စကားကို ထောက်ခံချက် ပေးကြတယ် မဟုတ်လား၊ ထို ....သည်လို သွေးတိမ်တဲ့ စိတ်များဟာ ရှံစရာ အလွန်ကောင်းတာဘဲ။

ဤကဲ့သို့ ကြိမ်းဝါးပြောဆိုသည်တွင် မှူးမတ်များလည်း မည်သည့် စကားကိုမျှ မပြောဆိုဘဲ ငြိမ်ဝပ်စွာ ငုံ့၍ နေကြလေသည်။ ။အတန်ကြာမှ အလိုတော်ရိအမတ်များက ကြောက်လန့် တုန်လှုပ်သော အမူအရာနှင့် ကျွန်တော်မျိုးများ မိုက်မှားမိပါပြီ၊ စိတ်ထား မခိုင်သဖြင့် ယိမ်းယိုင်မိကြပါပြီ၊ နောင်အခါ ဤကဲ့သို့ မယိမ်းမယိုင်ကြတော့ပါ၊ ပေးတော်မူသော သစ္စာကို ရှိသေစွာ သောက်မျိုပါမည် ဘုရား။ ။ဤသို့လျှောက်ထားကြလေ၏။

(မင်းကြီးရန်နောင်က မြန်မာမှူးမတ် စုံညီရှေ့တွင် ဓါးကိုဝင့်၍) ကိုယ့်မျိုးရိုးကို နှစ်ပြီး၊ သူတပါး မျိုးရိုးကို ချစ်တယ်ဆိုတာ အလွန်ယုတ်မာကြောင်းကို ကောင်းကောင်းကြီး သက်သေ

ပြတာဘဲ။ ။ယခု ကျွန်ုပ်ကိုယ်တိုင် ရှမ်းဘုရင်လက်အောက်သို့ ခိုဝင်ခဲ့သည်မှာ ကျွန်ုပ်၏ အလို မဟုတ်၊ မင်းကြီးတို့က အကြိမ်ကြိမ် တောင်းပန်ကြလို့သာ သဘောမပါဘဲနှင့် ခိုဝင်ရကြောင်း ကိုလဲ မှူးမတ်အပေါင်းတို့ကို အထူး ဘွင့်ပြောနေဘို့ မလိုတော့ဘူး၊ ကျွန်ုပ်၏ အလို ဆန္ဒမှာ တောင်ငူဘုရင် မင်းကျီးညိုထံသို့ သွားပြီး စစ်သည်ဗိုလ်ပါအများနှင့် သိုဟန်ဘွားရဲ့ရန်ကို တွန်း လှန်ဖို့ဖျက်ဘို့ ပြင်ဆင်ပြီးရှိတယ်၊ သိကြရဲ့မဟုတ်လား။

(မှူးမတ်များ) သည်အကြောင်းကို ကျွန်တော်မျိုးအပေါင်းတို့ အသိပင် ဖြစ်ကြပါသည် ဘုရား။

(မင်းကြီးရန်နောင်) တကိုယ်ကောင်းအတွက် ခေတ္တ စည်းစိမ်ကလေးကို မက်ပြီး အမျိုး ကိုဖျက်, သာသနာကိုဖျက်, ရက်ရက်စက်စက် ကြံတဲ့လူမျိုးဟာ စိတ်ထား မမြင့်မြတ်ဘူး၊ ဒေဝ ဒတ် ထက်ပင် ယုတ်မာသေးတယ်၊ အမျိုးအနွယ်ဆိုတာ ဘယ်အခါမှာမှ မပြစ်မှား စကောင်း ဘူး။ ။ရှမ်းဘုရင်ရဲ့ စိတ်ထားမှာလဲ မြန်မာများကို ချီးမြှောက်လိုတာမဟုတ်ဘူး၊ "သစ်မရှိခင် စပ်ကြား-ဝါးနှင့် ပေါင်းကွပ်" ဆိုသလို တိုင်းနိုင်ငံ မပိပြားမီ အတွင်းမှာ မြန်မာများကို ချစ် ယောင်ဆောင်၍ အပေါင်အမျှောင် သဘောမျိုးနှင့်သာ ချီးမြှောက်ခြင်း ဖြစ်ဘယ်။ ။တိုင်း နိုင်ငံ ပိပြား မြန်မာများသေဝပ်၍ အချိုးကျ သွားတဲ့ အခါ မြန်မာများကို အဘက်လုပ်မှာ မဟုတ်ဘူး၊ မြန်မာအမျိုးကို ဖြုတ်၍ ရှမ်းမျိုးလုပ်လိုတဲ ဆန္ဒရှိတယ်၊ အဆောက်အဦများစွာနှင့် ဗုဒ္ဓသာသနာကိုလဲ ဖျက်ဆီးလိမ့်မယ်။ ။ရဟန်းတော်များကို မြင်လျှင်လဲ ရှမ်းဘုရင်က မျက်မှုန်း ကျိုး၍ အညိုးကြီးနှင့် သာနေကြောင်းကိုလဲ မှူးမတ်အပေါင်းတို့ သိလောက်ပါရဲ့။

(ပြောရင်း, ဆိုရင်း, မင်းကြီးရန်နောင်၏ စိတ်ထဲမှာ လွန်စွာ အမျက်ထွက်လာသည်နှင့် ဓါးကိုဝင့်ပြီး) တနေ့နေ့မှာဖြင့် ရှမ်းဘုရင် ဒုက္ခတွေ့လိမ့်မယ်၊ ကိုယ့်အမျိုးကို ဖျက်ဆီး၍ သာ သနာ တော်ကြီးကို နှိပ်နင်းတဲ့ ဘုရင်ကို မြေပြင်မေါ်မှာ ထားလို့ တော်နိုင်ပ မလား၊ သင်တို့ မှူးမတ်များကလဲ သည်ဓါးကို စေ့စေ့ကြည့်ထားကြ၊ ရှမ်းဘုရင့်အလိုကို လိုက်ကြလျှင် မိုက်စ တုန်းအောင် စီရင်မယ်။

(ဤသို့ကြိမ်းဝါးလိုက်သောအခါ မှူးမတ်များလည်း မင်းကြီး ရန်နောင်၏ သတ္တိကို သိကြပြီးဖြစ်သောအတိုင်း အလွန်ကြောက်လန့် တုန်လှုပ်ကြသောကြောင့် ဦးခေါင်းဝပ်လျှိုးပြီး) ကျွန်တော်မျိုးများသည် အရှင်မင်းကြီး၏ အလိုသို့သာ လိုက်ကြပါမည်။ ။ရှမ်းဘုရင်အကြိုက် ကို မလိုက်ကြရိုးအမှန်ပါ၊ သစ္စာဘောက်ပြားလျှင် အရှင့်ဓါးနှင့် သတ်တော်မူပါ ဟု ပြောဆို လေ၏။

(မင်းကြီးရန်နောင်) ကျွန်ုပ်မှာ ပေါ့တော့တော့နှင့် အကြံလျော့နေသည် မဟုတ်၊ နေ့ စဉ် မပျက် အချက်ကိုသာ ကြည့်ရှု၍ နေတယ်၊ ယခု သင်တို့ဝန်ခံကြတိုင်း အရေးကြီးတဲ့ အခါ တညီတညာထဲ ကြံရာသို့ လိုက်ကြရမယ်။

(မှူးမတ်များ) ယုံကြည်တော်မူပါ၊ အရှင်မင်းကြီးက အချက် ပေးပါလျှင် ဂတိသစ္စာ အတိုင်း မဆိုင်းမတွ တညီတညာထဲ လိုက်ကြပါမည်ဘုရား။

ဤကဲ့သို့ တိုင်ပင်စည်းဝေးကြပြီးလျှင် မင်းကြီးရန်နောင်သည် မြန်မာ မှူးမတ် တို့အား အသီးအသီး သစ္စာရေတိုက်လေ၏၊ မှူးမတ်များလည်း သဘောတူညီစွာ သစ္စာရေကို သောက်ကြလေ၏။

### "နိုင်ငံခြားရန်ရှမ်းဘုရင်က မင်းကြီးရန်နောင်ကို" "တိုင်ပင်ခြင်း"

သိုဟန်ဘွားသည်၊ အဝထီးနန်းကို စိုးချုပ် လို့မြန်မာနိုင်ငံကို အုပ်ရသောအခါ၊ လွန်စွာ စိတ်မြင့်၍ လာလေ၏၊ ဘုန်းတန်ခိုး အင်းအား လွန်စွာ ကြီးမားသဖြင့်၊ မိမိကြံလျှင် မခံနိုင် အမှန်အောင်မြင်ရမည် ဟူသော သဘောများ သက်ဝင်၍ လာလေသည်။ ။အစိုးရဂုဏ်ဖြင့် မြှောက်ပင့်ခြင်း၊ ပစ္စည်းဥစ္စာဂုဏ်ဖြင့်မြှောက်ပင့်ခြင်းများကို ခံရသောအခါ၊စိတ်မြင့်၍ မာန်တက်လာခြင်းမှာ လူတို့၏ ဓမ္မတာသဘောပင် ဖြစ်လေသည်။

### "ရှစ်လုံးဘဲ့မြန်မာကဗျာ"

(က) ရွှေ့,ငွေ့, ထိန်ညီး-ပစ္စည်းလိုင်လိုင်၊
အာဏာလွှမ်းမိုး-အစိုးတပိုင်၊
မြင့်အောင်မြှောက်ချက်-ဘဝဂ်တိုင်တိုင်၊
စိတ်နေကြွား-မာန်အားလွန်ခန့်ခိုင်၊

(ခ) စိတ်ထားမြှောက်လို့-ကြွားမောက်လေပြန်၊
အဟင်္ကါဟဲ့-ကြိမ်းရဲ့အမှန်၊
ခံနိုင်ရိုးလာ-ကြံအားထက်သန်၊
စက်ကုန်လွှတ်-ဇွဲဇွတ်ဆိုတဲ့မာန်၊

စိတ်နေစိတ်ထား မြင့်မား၍ လာသော၊ ရှမ်းဘုရင် သိုဟန်ဘွားသည် လောဘရမက်။ အညွန့်တက်၍ လာသောအတိုင်း၊ အဝနိုင်ငံတော်ကြီးကို၊ အုပ်စီးစိုးမိုးရသည်ကိုပင်၊ တင်းမတိမ်နိုင်အောင် ရှိလေ၏၊ လောဘဆိုသည်မှာ၊ ကိုယ့်အခြေအနေအားလျော်စွာ၊ ကျယ်ဝန်း၍လာမြဲဖြစ်သောအတိုင်း ဘုရင်တို့ လောဘသည်ကား၊ တိုင်းနိုင်ငံခြားထွင်၍၊ မြင်မြင်သမျှ နိုင်ငံတွေကို လွှမ်းမိုးပြီး။ အုပ်စိုးပိုင်သလိုသော လောဘကြီးပင် ဖြစ်လေသည်။

ထိုသို့ဖြစ်လေရာ၊ သိုဟန်ဘွားသည်၊ တောင်ငူနိုင်ငံနှင့်၊ သရေခေတ္တရာနိုင်ငံများကို၊ တိုက်ခိုက်သိမ်းပိုက်လိုသော လောဘများဖြစ်ပေါ်လာလေ၏။ ။ဤကဲ့သို့ နိုင်ငံခြားလိုသောဆန္ဒရှိသည်နှင့်၊ တနေ့သောအခါ၊ မင်းကြီးရန်နောင်ကိုခေါ်ပြီး၊ တိုင်ပင်စကားပြောကြားလေသည်မှာ။

(သိုဟန်ဘွား) မင်းကြီးရန်နောင်၊ ရှေးမြန်မာဘုရင်တို့ လက်ထက်တော်များမှာ၊ ပြည်နှင့်တောင်ငူကို၊ အဝမြို့တော်က ပိုင်စိုးကြတယ် မဟုတ်လား။

(မင်းကြီးရန်နောင်) မှန်ပါ၊ ပြည်နှင့် တောင်ငူဆိုသည်မှာ၊ မြန်မာဘုရင်တို့နိုင်ငံတော်ပင် ဖြစ်ပါသည်၊

(သိုဟန်ဘွား) ယခုတော့ အဝမြို့တော်က မပိုင်ပါဘဲကလား။

(မင်းကြီးရန်နောင်) တိုင်းနိုင်ငံဆိုသည်မှာ၊ မည်သူက အမြဲပိုင်စေဆိုသော သဘောမျိုး မရှိပါ၊ အုပ်စိုးသူတဦး၏ လက်အောက်က လွတ်မြောက်ခွင့် ရသင့်တဲ့တခါမှာလဲ၊ တိုးတက်သော အင်အားဖြင့် လွတ်လပ်ခွင့်ကို ရရှိကြပါသည်။ အရှင်မင်းမြတ် သိတော်မူတဲ့အတိုင်း၊ အဝနိုင်ငံတော်ကြီးဟာ။ မြန်မာဘုရင်တို့ အစဉ်သဖြင့်၊ စိုးအုပ်ခဲ့တဲ့ နိုင်ငံတော်ကြီးပါ၊ ယခုအခါမှာတော့၊ အရှင့် လက်အောက်သို့ ကျရောက်လို့ နေပြီမဟုတ်ပါလား၊ ပြည်နှန် တောင်ငူဆိုတဲ့ နိုင်ငံများမှာလဲ အင်အားပြည့်စုံကြတဲ့အတွက်၊အဝနိုင်ငံအောက်မှ၊ လွတ်မြောက်ခွင့်ကို ရသွားပြီး တထီးတနန်းစီ ထူထောင်ကြတာပါဘဲ။

(သိုဟန်ဘွား) သည်လိုဖြစ်ခဲ့ပါလျှင်၊ ရှေးရှေးမြန်မာ မင်းရိုးတို့၏၊ အုပ်စိုးမြဲ လက်နက်နိုင်ငံတော်များ ဖြစ်ခဲ့ရင်းအတိုင်း၊ ယခုတဘန် ပြန်၍ အုပ်စိုးရအောင်၊ တောင်ငူနှင့်ပြည်ကို၊ စစ်သည်အင်အားများစွာတို့ဖြင့် ချီတက်၍ တိုက်ဖျက်သိမ်းယူရလျှင်၊ သင့်လျော်မယ်လို့ မထင်ဘူးလား။ မင်းကြီးလဲ ထီးနန်းနွယ်လာ မြန်မာမင်းမျိုးဖြစ်ခဲ့တဲ့အတိုင်း။ ယခုတိုင်ပင်တဲ့အချက်ကိုဖြင့်။ နှစ်သက် လိမ့်မယ်လို့ သဘောရတာပါဘဲ။ အဝနိုင်ငံတော် လက်အောက်သို့၊ ပြန်ရောက်ဘို့ ကြိုးစားကြစို့ရဲ့။ ။ရှမ်းတို့အင်အားနှင့်၊ ကျွန်ုပ်ကိုယ်တိုင် အုပ်စီး၍ ကြွလျှင် ခံနိုင်ကြလိမ့်မယ်လို့မထင်၊ အမှန် အောင်မြင်မှာပါဘဲ။ ။ပြည်နှင့် တောင်ငူကို၊ သိမ်းယူရရှိသောအခါ၊ မင်းကြီးရန်နောင်ကို လိုရာမြို့တွင် ဘုရင်ခံအဖြစ်ဖြင့် ခန့်ထားပါမယ်။

သိုဟန်ဘွားက။ နိုင်ငံချဲ့ထွင်လိုသော သဘောဖြင့်၊ စိတ်ပါအောင် သွေးဆောင်တိုင်ပင်သော စကားကိုကြားရာ။ မင်းကြီးရန်နောင်၏ နှလုံးမှာ။ ယူကျုံးမရအောင် နစ်နာခြင်းဖြစ်လေသည်။ ။ထိုအခါ မင်းကြီးရန်နောင်၏စိတ်ထဲ၌၊ အကြံပေါ်ဖြစ်လာသည်မှာ၊ "ပြည်နှင့် တောင်ငူမှသာ မြန်မာမင်းမျိုးအုပ်စိုးသော အဆက်ကျန်တော့သည်။ ပြည်နှင့် တောင်ငူပြုတ်လျှင်၊ အငုတ်အရင်းမျှ ကျန်တော့မည်မဟုတ်၊ မြန်မာတို့အသက်သည်၊ ရှမ်းတို့လက်သို့ လုံးလုံးကြီး ရောက်ရချေတော့မည်၊ ဗုဒ္ဓသာသနာလည်း၊ အားကိုးရာမဲ့ ဖြစ်တော့မည်။ ။သိုဟန်ဘွားသည်၊ မိုက်အားကိုး၍၊ အရိုင်းမျိုး ဖြစ်သောအတိုင်း ရက်ရက်စက်စက်၊ ရွတ်ရွတ်ချွန်ချွန်ကြီး ကြံပါလျှင်၊ မြန်မာတို့ ခံနိုင်မည် မထင်၊ ပြည်နှင့် တောင်ငူလည်း ရှမ်းရန်သူတို့ကို တွန်းလှန်နိုင်ဘို့ ခက်မည်ထင်သည်၊ နက္ခတ် ကိန်းခန်းကလည်း၊ ရှမ်းတို့ခေတ်ထ၍ နေသော အခိုက်ဖြစ်သောကြောင့်၊ ရှမ်ရှမ်းဆိုလျှင်၊ချိုပို့သည့်အလား၊ မြန်မာများထိတ်လန့်လျက် ရှိကြသည်။ ။သို့ဖြစ်၍၊ အမျိုးသားတို့၏ အရေးကိုမျှော်ပြီး သင့်လျော်အောင် ဉာဏ်ဆင်ခြင်၍ လှဲရတော့မှာဘဲ။ ။ဤသို့ကြံစည်ပြီး၊ မင်းကြီးရန်နောင်က ပြန်ကြားသည်မှာ။

အရှင်မင်းမြတ်မှာ၊ ဘုန်းသမ္ဘာလွန်စွာကြီးမားလှပါသည်၊ အောင်မြင်ခြင်းငှါ၊ ခဲယဉ်းလှစွာသော အဝရွှေမြို့တော်ကြီးကိုပင် အောင်မြင်၍ အုပ်စိုး ရပါသည်၊ ပြည်နှင့် တောင်ငူဆိုသည်မှာ၊မြို့ငယ်၊တိုင်းငယ်မျှသာဖြစ်ပါသည်၊ဗိုလ်ပါအင်အားလည်း မြားမြောင်လှသည်မဟုတ်ပါ။ ။

တောစိုးသနင်း ကေသရီ ခြင်္သေ့မင်းကြီး၏ အရှိန်ကြောင့်၊ အလိုလိုပင် တောသတ္တဝါအပေါင်းတို့၊ ကြောက်လန့် တုန်လှုပ်ရဘိသည့်အလား။ ပြည်ဘုရင်၊ တောင်ငူဘုရင်၊ တို့လည်း။ အရှင်၏ဘုန်းအရှိန်ကြောင့် အလိုလိုညှိုးပိန် ထိတ်လန့်၍ နေပါသည်။ ။သူတို့အလိုအလျောက်။ အရှင်မင်းမြတ်၏ ထံတော်မှောက်သို့၊ ကိုင်းညွတ်ခိုလှုံကာ ဝင်ရောက်ကြပြီးလျှင်၊ လက်အောက်ဘုရင်ခံအဖြစ်သို့၊ မကြာမီအတွင်း ရောက်လာကြရမည် အမှန်ပါ။ ။ဗိုလ်ပါဆင်မြင်းအပန်းခံ၍၊ ပြည်နှင့် တောင်ငူအတွက်၊ ရုတ်တရက်အရေးတကြီး ကြံစည်တော်မမူသင့်ပါ၊ ရာဇဣန္ဒြေနှင့်ပင်အေးအေးသာ စံနေတော်မူရန် အရေးဖြစ်ပါတော့သည်။ မကြာမီ လက်ဆောင်တော်များအဆက်အသ ရောက်ပါလိမ့်မည်။

မင်းကြီးရန်နောင်၏ စကားကိုကြားကို ကြားလေရာ၊သိုဟန်ဘွားလည်း၊ များစွာနှစ်သက်ခြင်း ဖြစ်လေသောကြောင့်၊ အဆောတလျှင် ချီတက်တိုက်ခိုက်ရန် စီမံထားသောအကြံကို၊ လက်လျှော့ထားလိုက်လေ၏။ ။(ရှမ်းဘုရင်မှာ။ ဉာဏ်ပညာလည်း၊ များစွာလုံလောက်ခြင်းမရှိသောကြောင့်၊ ပရိယာယ်ဖြင့် လှည့်ပတ်ပြောဆိုသောစကားနှင့်ပင်၊ ရောင့်ရဲတင်းတိမ်၍ နေလေသည်)

## "မင်းကြီးရန်နောင်၏ နိုင်ငံရေးအတွင်း စက်လှဲပုံများ"

သိုဟန်ဘွားကို ပရိယာယ်စကားဖြင့်၊ အအေးသတ်ပြီးနောက်။ မင်းကြီးရန်နောင်ကြံစည်သည်မှာ၊ သိုဟန်ဘွား၏ ဇာတာ စန်းလက်သည်။ တက်သောအရှိန် မရပ်သေးဖြစ်သည်၊တန်ခိုးအာဏာလည်း လွန်စွာကြီးမားသည်။ ။ရှမ်းဇော်ဘွား အများတို့ကလည်း၊ သိုဟန်ဘွားကိုလိုလားလျက် ရှိကြသည်။ ယခုအခါ၊ သူကြံလျှင် ခံနိုင်ဘွယ်ရာ အကြောင်းမရှိ။ အစွမ်းရှိသမျှအအေးသတ်၍ ထားမှတော်မည်။ ။တောင်ငူဘုရင်၊ ပြည်ဘုရင်၊များကိုလည်း။ ယခုအခါလိုက်ရောညီညွတ်စွာ၊ ပေါင်းသင်းအောင် ပြုလုပ်မှတော်မည်။ ။ပြည်၊တောင်ငူ၊နှင့် စစ်မက်ဖြစ်ပွါးခဲ့ပါလျှင်၊မြန်မာများ ဒုက္ခရောက်၍၊ သာသနာတော်ပျောက်လုခမန်း ဖြစ်လိမ့်မည်။ ။ဤသို့ကြံစီပြီ လျှင် တောင်ငူဘုရင် မင်းကျီးညိုထံသို့၊ လျှို့ဝှက်သော အတွင်းစာတစောင်ကိုအောက်၌ပါးရှိသော အဓိပ္ပါယ်မျိုးအတိုင်း၊ ရေးသားဆက်သလေသည်။

## မင်းကြီးရန်နောင်၏ လျှောက်တင်စာ။

အဝမြို့ မင်းကြီးရန်နောင် လျှောက်တင်စာ ဆက်ပါသည်။ ။ရှမ်းဘုရင် သိုဟန်ဘွားသည် အဝနေပြည်တော်ကြီးတွင် ဘုရင်အဖြစ်သို့ ရောက်သောအခါက စ၍ ဂုဏ်မာနဖြင့် ရာဇအရှိန် ဖွိုးမောက်၍လာရာ တနေ့ထက်တနေ့ တိုးတက်၍သာ နေပါသည်။ ။နိုင်ငံ ချဲ့လိုသောစိတ်များလည်း တိုးပွါးထက်သန်၍လာခဲ့ပြန်ရာ တောင်ငူမြို့ကိုပင် ချီတက်သိမ်းယူရန် အကြံပြုနေပါသည်။ ။သို့ရာတွင် ကျွန်တော်က မသင့်လျော် သေးကြောင်းနှင့် ယုတ္တိပေါင်း များစွာတင်ပြ၍ လျှောက်ထားသည့်အသွက် သူ့အကြံကို ဆက်လက်ခြင်း မပြုသေးဘဲ ရှိပါသည်။ ။ရှမ်းဘုရင် သိုဟန်ဘွား၏ ဇာတာစန်းလက်မှာ တိုးတက်သောအရှိန်ပြည့်စုံသည်နှင့် ရှမ်းစော်ဘွား

အများကလည်း လိုလားလျက်ရှိကြသောကြောင့် သူအတင်းကြံလျှင် ခုခံဘို့ခက်ခဲပါလိမ့်မည်။ ။ပြည်နှင့်တောင်ငူကို သူတိုက်ခိုက်၍ ရမည့်ဆိုပါလျှင် မြန်မာများအား ထားဘို့ မရှိဘဲ ရှမ်းတို့ လက်တွင်းမှာ ညှဉ်းဆဲသမျှကို ခံနေကြရပါတော့မည်။ ။ယခုအခါမှာလည်း ဗုဒ္ဓသာသနာနှင့် မြန်မာလူမျိုးများကို နှိပ်လိုသော အရိပ် ,နိမိတ်, တွေ ပေါ်လာပါသည်။ ။တောင်ငူနှင့် ပြည် ညီညွတ်စည်းလုံးစွာနှင့် အင်ရှိ,အားရှိ အဝမ္ပိုတော်ကို နိုင်နင်းအောင် တိုက်ခိုက်မည် ဆိုပါလျှင် လည်း ဝမ်းမြောက်ပါသည်။ ။ကျွန်တော့်ကိုယ်တိုင် ရှမ်းဘုရင်လက်အောက်တွင် ရပ်တည်၍ နေရသည်မှာ ကိုယ့်အတွက်မဟုတ်ပါ၊ ဗုဒ္ဓသာသနာနှင့် မြန်မာအမျိုး မျက်နှာကို ထောက်ညှာခြင်းအတွက် ဖြစ်ကြောင်း မှန်ပါသည်။ ။သို့ပါ၍ ရှမ်းတို့အရှိန်မကောင်းသည်အခိုက် အလိုက် သင့် ပေါင်းသင်းဆက်ဆံ၍နေမှ သင့်လျော်မည်ထင်ပါသည်။ ။သိုဟန်ဘွားသည် လက်ဆောင် ပဏ္ဏာ ဆက်သခြင်းကို များစွာ လိုလားပါသည်၊ အရိုင်းစိတ်ကိုသာ အားကိုးပါသည် အလိမ္မာ သဘောမျိုး မရှိပါ။ ။အအေးဖြင့် သတ်၍ သင့်လျော်သော အချိန်သို့တိုင်အောင် ဆိုင်းထားရန် သင့်လျော်သည်ဟု ကျွန်တော်မျိုးထင်မြင်ပါကြောင်း။ "မင်းကြီးရန်နောင်"

ဤစာကိုရေးသား၍ တောင်ငူဘုရင် မင်းကျီးညိုထံသို့ တိတ်တဆိတ် သူလျှိုများ လွှတ်၍ ဆက်သလေရာ မင်းကျီးညိုလည်း မင်းကြီးရန်နောင်၏ လျှောက်တင်စာကိုမြင်၍ စဉ်းစားဆင်ခြင်သောအခါ နှစ်ချိုက်တော်မူသည်နှင့် "မင်းကြီးရန်နောင်သည် သစ္စာသမာဓိနှင့် ပြည့်စုံသူ ဖြစ်သည့်ပြင် အမျိုးသားကိုလည်း များစွာ ချစ်ခင်သူ မှန်ပေသည်၊ အဝနိုင်ငံတော်ကြီးတခွင်ကို သူ တဲယောက် စောင့်ရှောက်ပေသည့်အတွက် မြန်မာအမျိုးသားတို့ ချမ်းသာခွင့်ရ၍ ဗုဒ္ဓသာသနာတော်ကြီးလည်း မပျက်မစီး ရှိပေသည်" သူ-လျှောက်တင်သောအတိုင်းပင် လိုက်နာသင့်ပေသည်၊ ဤသို့ ဆုံးဖြတ်တော်မူပြီးလျှင် တောင်ငူဘုရင် မင်းကျီးညိုက ရှမ်း သိုဟန်ဘွားထံသို့ လက်ဆောင် ပဏ္ဏာများ ပို့သလေ၏၊ ချစ်ကြည်ကြောင်းဖြစ်သော သဝဏ်စာများ ကိုလည်း ရေးသား ပေးပို့ ဆက်သလေသည်၊ ပြည်ဘုရင်ထံသို့လည်း ဤနည်းအတိုင်းပင် မင်းကြီး ရန်နောင်က လျှို့ဝှက်သော စာများ ရေးသား ပို့ဆက်သလေရာ ပြည်ဘုရင်ကလည်း တောင်ငူမင်း ကဲ့သို့ပင် သိုဟန်ဘွားထံသို့ လက်ဆောင်ပဏ္ဏာ သဝဏ်လွှာ ပို့ဆက်၍ ချစ်ဘက်ပြုထားလေသည်။

ပြည်ဘုရင်, တောင်ငူဘုရင်တို့ထံမှ နှစ်သက်ဘွယ်သော လက်ဆောင်ပဏ္ဏာနှင့် မဟာမိတ် ဆက်သော သဝဏ်လွှာများကို ရရှိသောအခါ လွန်စွာ ဝမ်းမြောက်လှသည်နှင့် မင်းကြီး ရန်နောင်ကို ခေါ်ပြီး အားရဝမ်းသာစွာ မိန့်ဆိုသည်မှာ "မင်းကြီးရန်နောင်၏စကားများ မှန်ပါပေသည်၊ ပြည်ဘုရင်, တောင်ငူဘုရင်တို့က လက်ဆောင် ပဏ္ဏာများ ဆက်သ ကြသည့် ပြင် အကြည် အသာ ဆက်သ၍ နေလိုပါကြောင်းနှင့် သဝဏ်လွှာများ ပို့ဆက်ကြသည်၊ သူတို့ အလျောက် အဝနိုင်ငံတော်လက်အောက်သို့ ကျရောက် ခိုလှုံတော့မှာဘဲ"။

(မင်းကြီး ရန်နောင်ကလည်း ရှမ်းဘုရင်၏ အလိုသို့ လိုက်၍) ယခုခေတ်အခါ အရှင်မင်းမြတ်၏ ဘုန်းသမ္ဘာသည် လွန်စွာကြီးမားလှပါသဖြင့် ဘုန်းတော်အောက်သို့သာ ခရောက် ခိုလှုံသူတွေ များပါသည်၊ "နိုင်ငံတော်ထက်ဝန်းကျင်တွင် အနှံ့အပြား ပြောဆိုကြတော စကား

မှာလည်း "နတ်ပြည်မှာသိကြား ·ရှမ်းပြည်မှာ သိုဟန်ဘွား" ဟူ၍ သာပြောဆိုနေကြပါသည် ရွှေသို့တဆင့်ဘုန်းပန်းပွင့်၍ မြင့်သည်ထက် မြင့်ရန်သာ ရှိပါကြောင်း မင်းတို့၏ဂုဏ်ကျက်သရေ ရာဇဗလ္လန္ဓြေဖြင့် ညိမ်သက်စွာစံနေတော်မူဘိုသာရှိပါသည် ဘုန်းကံနည်းပါးသော မင်းတို့သာလျှင် ဆင့်မြင်း ဗိုလ်ပါနှင့် လက်နက်အင်သားကို ကိုးစားလေ့ရှိကြပါသည် ဘုန်းရှိသောမင်းတို့မည်သည်မှာ ဘုန်းသမ္ဘာစိမ်သဖြင့် အရံသင့်အောင်မြင် စမြဲဖြစ်ပါသည် ဗိုလ်ပါလက်နက်များကို အားထားလေ့မရှိပါ။

ဤကဲ့သို့မြှောက်ပင့်၍ လျှောက်တင်သည်များကို အားရနှစ်သက် ခြင်းဖြစ်လှသဖြင့် သိုဟန်ဘွားလည်း မင်းကြီးရန်နောင်၏ စကားအတိုင်း မိမိဘုန်းကိုသာ အားကိုး၍နေလေသည် မင်းစည်းစိမ်ဖြင့်သာ ယစ်မူးသဖြင့် ပျော်မြူးစံစားကာနေလေ၏။

မင်းကြီးရန်နောင်သည် အတွင်းစက်လှဲ့သောအားဖြင့် အဝနိုင်ငံတော်၌ အားအင်လျော့လေအောင် လူပညာရှိ ရဟန်းပညာရှိ အချို့တို့ကို တောင်ငူသို့တဖြည်းဖြည်းပို့လေ၏ လက်ရုံးကောင်း၍ အစွမ်းသတ္တိနှင့်ပြည့်စုံကြသော လူ့လင်ပျိုများကိုလည်း တောင်ငူဘုရင့်ထံမှာ အမှုထမ်းစေရန် ပို့သလျက်နေလေသည် ဤကဲ့သို့တိတ်တဆိတ် ကြံစည်သော အကြံအစည်များကို ရှမ်းဘုရင်မဆိုထားဘိ အချို့မြန်မာမှူးမတ်များကိုပင် မသိစေရချေ။

---

# အခန်း (၂၂)

## 'တောင်ငူဘုရင်မင်းကျီးညို နတ်ပြည်စံလွန်တော်မူခြင်း" "ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

ဘုန်းကံမောက်မား- ယောကျ်ားဇာနေ။
အောင်ပွဲမြှောက်မြား-ရညားပစေ။
အချိန်ရောက်တော့-ချုပ်ပျောက်တံချေ။
သေမင်းစက်-မပျက်နိုင်ကြပေ။

အဝနိုင်ငံတော်လက်အောက်မှ ထွက်မြောက်အောင်ကြိုးစားကာ မြို့သစ်နန်းသစ်ထူးပြီးလျှင် လွတ်လပ်စွာသီးခြား စိုးစံတော်မူသော တောင်ငူဘုရင်မင်းကျီးညိုသည် အိမ်နိမ့်စံ(၂၆)နှစ် မင်းစည်းစိမ်(၄၆)နှစ် သက်တော်(၇၂)နှစ်ရှိလေသော် အရွယ်တော်လည်း အိုမင်းလေ၏။
မားကျီးညိုသည် ဆင်တော်များကို ချစ်ခင်လေ့ရှိသည့်ပြင် နှစ်စဉ်မပြတ် ဆင်ဝန်အဘွဲ့က အောင်းမသင်းများကို တောင်တခွင်သို့စေလွှတ်၍ တောဆင်ရိုင်းများကိုအောင်း၍ သွေးဆောင်ခဲ့ပြီးလျှင် မြို့တော်အပြင်မှာကျုံးသွင်းသော အခမ်းအနားများကိုလည်း ရှုစ ံးတော်မူလေ့ရှိသည်။

ထိုခေတ်အခါက စစ်ထိုးကြရာတွင် ဆင်ကိုအသုံးပြုလေ့ရှိသောအတိုင်း မင်းကျီးညိုလည်း စစ်ပွဲများတွင် ဆင်စီး၍တိုက်တော်မူလေ့ရှိသည် တိုက်သမျှပွဲတိုင်းမှာလည်း အောင်မြင်တော်မူလေ့ရှိသည် "ရွှေကျေး" ဟု အမည်ပေးထားသော ဆင်မတစီးသည် စစ်ရေး,စစ်ရာတွင်, အလွန်လိမ္မာသဖြင့် မင်းကျီးညိုလည်းများစွာပင် ချစ်ခင်တော်မူသည်။

တောင်ငူမြို့ဝန်းကျင်မှာလည်း တောတောင်ဂနိုင် စုံမိုင်များပြား၍ တောဆင်တို့ကျက်စားရန် နယ်ကျယ်လှသဖြင့် ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ဘော်ဝင်ဆင်တို့လည်း အလွန်များလေသည် တောင်ငူစစ်တပ်အဘွဲ့တွင် ဆင်ပေါင်းများစွာ ပါဝင်သဖြင့် အခြားမြို့များက ကြောက်ရွံ့ကြလေသည်။

မင်းကျီးညိုသည် ဆင်ကိုဝါသနာပါသော ဘုရင်တပါး ဖြစ်သည့်အတိုင်း အသက်ရွယ်ကြီးရင့်လာသောအခါ အသွားအလာလည်း ယိုင်မိုင်းလေးလန်သည်နှင့် မြို့ပြင်တွင်ထားသော ဆင်ကျုံးသို့ ထွက်ရှုတော်မမူလိုဘဲ မြို့တော်အတွင်းမှာ ဆင်ကျုံးအသစ်ကို တည်ထောင်တော်မူလိုသောဆန္ဒရှိလေသည် ထိုဆန္ဒအတိုင်း မည်သူ့ကိုမျှ တိုင်ပင်ခြင်းမပြုဘဲ မြို့တော်အတွင်းမှာ ဆင်ကျုံးတခုကို တည်တော်မူလေ၏။

ထိုပြင်အထင်ရောက်တော်မူသည်မှာ လက်ပံပင်များသည် အလွန်ကြီးမားသည် မကြာမီအတွင်း ကြီးပြင်းခြင်းသို့ရောက်နိုင်သည် ရန်သူတပါးတို့လာရောက်၍ ကေတုမတီမြို့တော်ကြီးကို ကြံစည်လျှင် လက်ပံပင်အဆီးအတားဖြင့်ခုခံထားက အားရှိဘို့အကြောင်းပင်ဖြစ်သည် သစ်တပ်အထူးမတည်ထောင်ရဘဲ လက်ပံပင်တို့က ခိုင်ခံ့သော သစ်တပ်ကြီးဖြစ်လိမ့်မည် ဤကဲ့သို့အထင်တော်ရောက်သည်နှင့် မြို့တော်လေးမျက်နှင့်တွင် (မြို့ရိုးအတွင်းက) လက်ပံပင်များကိုစိုက်ပျိုးတော်မူစေ၏။ အသစ်တည်ထောင်သော ဆင်ကျုံးပတ်ဝန်းကျင်မှာလည်း လက်ပံပင်များကို စိုက်ပျိုးတော်မူစေသည်။

မြို့တွင်း၌ဆင်ကျုံးတည်ခြင်း မြို့တော်ထက်ဝန်းကျင်၌ လက်ပံပင်စိုက်ခြင်းများကို မှူးမတ်များက မနှစ်သက်ကြချေ သို့ရာတွင်ဘုရင့်အမိန့်တော်အတိုင်းသာ လိုက်နာကြရကုန်၏ (အသက်အရွယ်ကြီးရင့်သောသူတို့သည် မိမိတို့ထင်သောအတိုင်း ပြုလုပ်လေ့ရှိတတ်ကြသည် ထိုသို့သောအငွေ့လေ့မှာ သက်ကြီးရွယ်ရင့်တို့၏ မမွတာသဘော တမျိုးပင်တည်း။)

အမြော်အမြင်နှင့်ပြည့်စုံသော အမတ်တဦးသည် မင်းကျီးညို၏အစီအမံကို မနှစ်သက်နိုင်သည်နှင့် ဘုရင်ကိုးကွယ်ထားသော (သီဟိုဠ်ရောက်) လောကုတ္တရာဆရာတော် အထံသို့သွားပြီးလျှင် "ဘုရင်မင်းမြတ်သည် မြို့တော်အတွင်းမှာ ဆင်ကျုံးအသစ်ကို တည်ထောင်ပါသည် မြို့တော်လေးမျက်နှာတွင်လည်း လက်ပံပင်များကိုစိုက်ပျိုးပါသည် မင်းအစဉ်အဆက်တို့ မပြုလုပ်တောအရာများကို သဘောအတိုင်းဆောင်ရွက်တော်မူပါသည် မှူးမတ်များကမနှစ်သက်ကျသော်လည်း အမိန့်တော်ကိုလွန်ဆန်၍ မလျှောက်ထားဝံ့ကြပါ အရှင်ဘုရားက မြစ်တားတော်မူမှသင့်ပါမည်" ဟူ၍ လျှောက်ထားလေ၏။

လောကုတ္တရာဆရာတော်ကြီး ကြားသိတော်မူရာ ကိန်းခန်းဗေဒင် သိမြင်သောပုဂ္ဂိုလ်ကြီးဖြစ်သောအတိုင်း မင်းကြီး၏အစီအမံများကို နှစ်သက်တော်မမူသည်နှင့် "အရှယ်အိုသဖြင့် ထင်သလိုပြုနေပါကလား" ဤကဲ့သို့ငြိုးတွားပြီးလျှင် "နန်းတော်သို့ငါကြွလာခဲ့မည်"ဟု အမိန့်တော်ရှိသဖြင့် အမတ်လည်းကျောင်းတော်မှ ပြန်လာခဲ့လေသတည်း။

ထိုနေ့မှာပင် ဆရာတော်ကြီးသည် နန်းတော်သို့ဝင်လာ၍ မင်းကျီးညိုနှင့် စပ်မိ၊စပ်ရာ ပြောကြားပြီးလျှင် "မင်းကြီးသည် မြို့တော်အတွင်းမှာ ဆင်ကျုံးတည်သည် မြို့တော်ပတ်ဝန်းကျင်မှာ လက်ပံပင်များကို စိုက်ပျိုးစေသည်ဟု ကြားသိရသည်မှာ-မှန်ပါသလား"ဟု မေးမြန်းတော်မူလေရာ "မှန်ပါသည်"ဘုရားဟု လျှောက်ဘင်လေ၏။

ဆရာဘော်ကမိန့်ခတော်မူသည်မှာ မင်းကြီးဆင်ကျုံးဆိုသည်မှာ မြို့ပြင်ပမှာသာထားစမြဲဖြစ်ပါတယ် မြို့တွင်းမှာထားလေ့မရှိကြဘူး တောဆင်ရိုင်းတို့ကို ကျုံးသွင်းရာဌာနဖြစ်တဲ့အတွက် မြို့တော်အတွင်းမှာ မင်္ဂလာမရှိဘူး တိတ်၊နိမိတ်၊ကျမ်းများမှာလဲ တောကောင်သတ္တဝါ မြို့တွင်းသို့ဝင်လာလျှင် မင်္ဂလာမရှိကြောင်း၊ မြို့ရွာပျက်စီးတတ်ကြောင်းကို၊လဲ အထင်အရှားပြဆိုထားတယ် သို့အတွက် ဆရာတော်ဖြင့် မနှစ်သက်နိုင်ဘူး။ လက်ပံပင်စိုက်ပျိုးတော်မူခြင်းမှာ သာလို့ပင်မနှစ်သက်နိုင်အောင်ရှိနေတယ် လက်ပံပင်ဆိုတာ မြို့တွင်း၊ရွာတွင်း၊မှာ စိုက်ကောင်းတဲ့သစ်ပင်မျိုးမဟုတ်ဘူး သစ်ကြီး၇-ပင်ဟူ၍ ကျမ်းဂန်တွင်ပြဆိုထားရာ လက်ပံပင်ဆိုတာ ဂဠုန်ပြည်ကသစ်ပင်ရယ်လို့ ဆိုထားတယ် ဂဠုန်ဆိုတာလဲ ရိုင်းစိုင်းတဲ့တိရစ္ဆာန်မျိုးဘဲ မဟုတ်လားလက်ပံပင်ရှိခဲ့ပါလျှင် လင်းတငှက်များ နားလေ့၊နေလေ့ရှိကြပါတယ် လင်းတဆိုတဲ့ငှက်ဟာလဲ မင်္ဂလာမရှိတဲ့ငှက်မျိုး အစစ်ကြီးပေါ့ မင်းကြီးစိုက်တဲ့ လက်ပံပင်တွေ ကြီးပွါးလာတဲ့အခါ ကေထုမတီမြို့တော်၏ ထက်ဝန်းကျင်မှာ လင်းတတွေဘရုံးရုံးနှင့် နေတော့မှာဘဲ မင်းနေပြည်ဆိုတာမင်္ဂလာရှိတဲ့ ရွှေဥဒေါင်းငှက်၊ဟသ်ာငှက်၊ ကြိုးကြာငှက်၊မျိုးတို့ပျော်ပါမှ အစဉ်သဖြင့်ကြီးပွါး၍ တိုင်းသူပြည်သား လူအများချမ်းသာနိုင်ကြတယ် လင်းတတွေ‌ပျော်နေကြပါလျှင် မြို့ပြပျက်စီး၍ ဒုက္ခမီးလောင်တတ်တယ် ထိုပြင်ဆင်ခြင်ဘို့ ရှိပြန်တာကတော့ "လက်ပံ" ဆိုသောသစ်ပင်၏နံမှာ ဗုဒ္ဓဟူးအထက်က ကြာသပတေးအုပ်ဆိုးလျက် ရှိတယ်မဟုတ်လား မင်းကြီး ၏နံတော်မှာလဲ ဗုဒ္ဓဟူးဖြစ်နေတဲ့အတွက် နံတော်ကိုလွှမ်းမိုးတဲ့ သစ်ပင်မျိုးဖြစ်နေတယ် လက်ပံပင်ကိုစိုက်ပျိုးခဲ့ပါလျှင် ဘုန်းတော်နွမ်းညှိုး၍ တန်ခိုးမှေးမှိန်ဘို့သာရှိပါတယ် သို့ဖြစ်သည့်အတွက်ကြောင့်ဆင်ကျုံးကိုလဲဖျက်ပါ လက်ပံပင်များကိုလဲ မစိုက်ပျိုးပါနှင့် စိုက်ပျိုးပြီးများကိုလဲ နုတ်၍ပစ်ပါစေ အသက်တော်ရှည်စေလိုပါလျှင် နံတော်၏ဘုမ္မိအရပ်ကျသော မြို့ပြင်ရာဟုထောင့်မှာ ဆင်ကျုံးကိုတည်ထောင်ပါ နံတော်သင့်ဖြစ်တဲ့ 'လင်းလွန်းပင်' များကိုစိုက်ပျိုးပါ။

ဤကဲ့သို့မိန့်တော်မူသောအခါ မင်းကျီးညိုက နှုတ်တော်လေးလေးဖြင့် ဆရာတော်၏အမိန့်ကို မလွန်ဆန်ဘဲ "မှန်လှပါအမိန့်တော်ရှိသောအတိုင်း ဆောင်ရွက်ပါမည် သို့ရာတွင်ဗေဒင်ကိန်းခန်းဆိုတာလဲ လောကီရသေ့တို့၏ အလေ့သဘောနှင့် ပြောဟောထားတဲ့အတွက် ကေန်ယုံဘို့လဲ ခပ်ခက်ခက်ဘဲထင်ပါရဲ့ဘုရား"ဟု ၎လျှောက်ထားလေ၏

(ဆရာတော်) မင်းကြီးအကျိုးကိုလိုလား၍ သတိပေးခြင်းပါဘဲ ယခုအခါကောင်းကင်ကဂြိုဟ်များကလဲ အသွားမမှန်ဘဲ မငြိမ်မသက်ဖြစ်နေတယ် ကြာသပတေးဂြိုဟ်, စနေဂြိုဟ်, ဗုဒ္ဓဟူးဂြိုဟ်, များကလဲ သီဟဇာသွားနေတယ် သတိထားဘို့အချက်ကြီးဘဲ ဤကဲ့သို့မိန့်ဆိုတော်မူပြီးလျှင် ဆရာတော်သည် ကျောင်းသို့ပြန်သွားလေ၏။

ရှေးရှေးအခါက ဆရာတော်ကြီးအမိန့်စကားကို နားထောင်တော် မူလေ့ရှိသော်လည်း ဤအချက်မှာ နားသောင်တော်မမူဘဲ ဆင်ကျုံးကိုလည်း တည်မြဲတည်တော်မူသည် လက်ပံပင်များကိုလည်း စိုက်မြဲစိုက်တော်မူသည် ဤကဲ့သို့အကျိုးကိုလိုလားသော ပုဂ္ဂိုလ်ကြီးတို့၏စကားကို မလိုက်နာဘဲ မိမိထင်ရာအတိုင်း အတင်းစိုင်း၍ပြုလုပ်လေသည်မှာ ပျက်စီးခြင်း၏နိမိတ်လက္ခဏာများဖြစ်လေသည် ပျက်စီးချိန်တန်သောသူတို့သည် မကောင်းသောအရေးအရာကိုပင် အကောင်းထင်တတ်ကြကုန်၏ နည်းလမ်းမဟုတ်သည်ကိုပင် အဟုတ်ကြီးထင်တတ်ကြကုန်၏ ထို့ကြောင့် ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရားက ဤကဲ့သို့မိန့်ကြားတော်မူခဲ့ပေသတည်း။

ကမ္မာပရာဓသတ္တာနံ ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန ဗုဒ္ဓိမာကမျတိဋ္ဌတိ။

ကမ္မာပရာဓသတ္တာနံ၊ ကံဘိစီး၍ပျက်စီးချိန်တိုင်သောသတ္တဝါတို့အား။ ဝိနာသေ၊ ပျက်စီးဘို့နိမိတ်သည်။ ပစ္စုပဋ္ဌိတေ၊ထင်မြင်လာသည်ရှိသော်။ အနယော၊ ပျက်စီးဘို့အကြောင်းမကောင်းသောနည်းလမ်းများသည်။နယရူပေန၊နည်းကောင်းလမ်းမှန် သဘောအားဖြင့်။ ဗုဒ္ဓိံ၊ တွေးတောဆင်ခြင်ဉာဏ်အမြင်ကို။ အာကမျ၊ လွှမ်းမိုးပိတ်ဆီး၍။ တိဋ္ဌတိ၊ အမြန်ပျက်စီးအောင် သွေးဆောင်ရပ်တည်လာလေသတည်း။

မင်းကြီးညီသည် ဆရာတော်၏စကားကို နားမထောင်ရုံမျှမကသေး အသစ်တည်ထောင်သောဆင်းကျုံးမှာ စံနန်းတော်ဆောက်၍ ထိုစံနန်းတော်မှာပင် ပျော်စံတော်မူကာ ဆင်များကိုရှုစားတော်မူလေသည် ထိုသို့ဆင်ကျုံးစံနန်းတော်မှာ စံတော်မူ၍ သုံးလရှိလေသော် ရောဂါတော်စွဲကပ်လေရာ ထိုရောဂါမှ မထမြောက်ဘဲ နတ်ပြည်စံတော်မူလေသတည်း။

နတ်ပြည်စံတော်မူသောသက္ကရာဇ်ကား ၁၉ ၂-ခု နတ္တော်လဆန်း၅- ရက်ကြာသပတေးနေ့ဖြစ်သည် နတ်ပြည်စံတော် မူသောအခါမှာ ကြာသပတေး, စနေ, ဗုဒ္ဓဟူး, ဂြိုဟ်ကြီးသုံးပါးအသွားမမှန်ဘဲ သီဟဇာကျင့်သည်။

မင်းကြီးညီ၏ အရည်အချင်းများမှာ အဆင်ခြင်ပညာနှင့်ပြည့်စုံ၏ ပညာရှိတို့ကိုချစ်မြတ်နိုးတတ်၏ စစ်ရေး,စစ်ရာမှာ အလွန်လိမ္မာတော်မူ၏ ဆင်အတတ်ကို အထူးကျွမ်း တော်မူသည် မှူးမတ်များကိုလည်း၊ မြောက်စားသိမ်းပိုက်တော်မူလေ့ရှိ၏ ရတနာသုံးပါးကိုလည်း။ များစွာကြည်ညိုလေ့ ရှိတော်မူ၏။ ။စစ်ပွဲဘောင်တွင် အောင်မြင်သည်သာများ၏။လက်ရုံးရည်, နှလုံးရည်, နှစ်ပါးနှင့်ပြည့်စုံသော မင်းကြီးပေတည်း။ ။ထိုမင်းကြီးညီ၌ ထူးဆန်းသော လက္ခဏာတခုပါလာသည်မှာ၊ ဦးခေါင်းထက်၌ဝင်ရိုးခန့် ထွားထွားသန်သော ဆံပင်တခုပါသည်၊ အရောင်မှာ

ရွှေကဲ့သို့ ဝါ၏၊ ပြောင်လည်း ပြောင်ပျောင်း၏။ ။ဤသက္ကဏာမျိုးပင် သားတော်တပင်ရွှေထီးသည်လည်း၊ ဆံပင်လက္ခဏာအထူးပါသည်။

မင်းကျိုးညိုတည်ထောင်သော ကေတုမတီ မြို့တော်ကြီးသည်၊ မြန်မာနိုင်ငံတော်၏ ဗဟိုချက်မသဘွယ် ဖြစ်၍၊ မြို့ခင်း၊ မြို့နေ၊ အလွန်ပြန့်ပြူးသာယာသည်၊ မြေသြဇာလည်း အလွန်ကောင်းသည်။ ။မြို့ထက်ဝန်းကျင်မှာ၊ သစ်ပင်တောတောင်တို့ဖြင့်၊ စိုပြည်စိမ်းလန်းစွာ ဝန်းရံလျက်ရှိသည်။

မြို့တော်၏ ထက်ဝန်းကျင်၌၊ မြတ်စောညီနောင်ဘုရား၊(မြသီးတင်)ခေါ်သော ကန်းနီဘုရား၊ ရှင်ပင်ကျောက်ဆောက် ဘုရားမြင်ပုန်း၊ မြင်ထင်ဘုရား၊ ဆံခေတ်ဘုရား၊ စည်းခုံဘုရားမှစ၍၊ တန်ခိုးကြီးသော ဘုရားတို့လည်း တည်ရှိကြကုန်၏။ ။အာသာဝတီခေါ်သော ပေါင်းလောင်းမြစ်။ ခပေါင်းချောင်းကြီးတို့ဖြင့်လည်း၊ တန်ဆာဆင်ယင်လျက်ရှိသည်။

ကေတုမတီ မြို့တော်သည်၊ ဘူမိနက်သန် မြေကြန်လက္ခဏာ ကောင်းမြတ်သောအတိုင်း၊ ဘုန်းတန်ခိုးတေဇာ၊ လွန်စွာ ကြီးမားသော မင်းရောင်တို့လည်း ထွန်းကားသည်။ ။မဟာသီရိဇေယျသူရ-ဘွဲ့မည်တော်ရှိသော မင်းကျီးညိုက၊ လက်မှန်မဆွ တည်ထောင်ထားခဲ့သော၊ကေတုမတီ မြို့တော်ကြီးသည်၊ ယခုထက်တိုင်အောင် စည်ပင်ထွန်းကားလျက်ရှိပေသည်။ ။ဘုန်းတန်ခိုးကြီးမားသော ရှေးမင်းတို့၏ ကျေးဇူးတော်များသည်၊ နောင်လာနောက်သားတို့၏ အပေါ်မှာ။ ကြာရှည်လေးမြင့်စွာ အကျိုးဖြစ်ထွန်းစေသဖြင့်၊ ထိုဘုန်းကြီးသော မင်းတို့၏ ကျေးဇူးကို၊ အထူးပင် အသိ၊ အမှတ်၊ ပြုသင့်ကြပေသတည်း။

---

# အခန်း (၂၃)

## "တပင်ရွှေထီး ကေတုမတီ ရွှေနန်းကို၊ သိမ်းမြန်း"

## "စိုးစံတော်မူကြောင်း၊ ရှစ်လုံးဘွဲ့"

### "မြန်မာကဗျာ"

(၁)　သီဟကြငှန်း-ရွှေနန်းမဏ္ဍိုင်၊
ရှစ်ဆိုင်ဖြူထီး-ထူပြီးအပြိုင်၊
ဘွေသဘန်းနှင့် ရေဖြန်းချိန်တိုင်။
ရာဇာခဇိ-သာကီထွင့်ဖူးခိုင်။

(၂) ဘုန်းကံဆော်နှိုး-တန်ခိုးလျှံထိန်။
ထူးမကြံဘဲ-တောင်မြဲအရှိန်။
မကိုင်ဆောင်းလို့-ရိုက်ညောင်းရာဇိန်။
ကုသိုလ်ပေး-အရေးရောက်ဘို့ချိန်။

လပြည့်နေ့အခါ၌၊ နေစကြာဝင်သွားခြင်းသည်။ လမင်းထွက်ပြူ၍၊ သီတဂူရောင်ရှိန်ဖြင့် တထိန်ထိန် ထွန်လင်းစေရန်၊ အခွင့်ပေးသကဲ့သို့၊ကေတုမတီမြို့နန်းကို၊ ဘန်ဆင်းတည်ထောင်တော်မူသော ဘုရင် မင်းကျီးညို နတ်ရွာစံလွန်တော်မူခြင်းသည်၊အသက်အရွယ် နုငယ်ပျိုမြစ်တော်မူသေးသော။ သားတော်ကလေး တပင်ရွှေထီးအား၊ နန်းမွေကိုဆက်ခံ၍၊ နိုင်ငံတခွင်မှာ၊ ဘုရင်တည်းဟူသော တန်ခိုးရှိန်ဖြင့်။ တထိန်ထိန် ထွန်းလင်း၍၊ ဘုန်းသမ္ဘာဖြန့်ကျင်းစေရန်၊ အခွင့်ပေးခြင်းပင် ဖြစ်လေသည်။

သမ္ဘာရှိသူတယောက်။ ဘုန်းတောက်ဘို့အချိန်တွင်၊ ဘုန်းရှင်တဦးက၊ ရှောင်ရှားလွှဲဖယ်၍ ပေးရသည်မှာ၊ လောကဓမ္မတာကြီးပင် ဖြစ်လေသည်။ဤကဲ့သို့သဘောကိုရည်ရွယ်၍၊ ရှေးပညာရှိ စာဆိုတော် ပုဂ္ဂိုလ်ကြီးတပါးက၊ အောက်၌ပါသောလင်္ကာပိုဒ်ကလေးကို ရေးသားခဲ့ပေသထည်း။

“သူတည်းတယောက်၊ ကောင်းဘို့ရောက်က၊ တယောက်သူမှာ၊ပျက်စီးကာသာ။ ဓမ္မတာ တည်း။

ကံအကျိုးပေးပုံများသည်၊ လွန်စွာထူးဆန်းလှပေ၏။ ကုသိုလ်ကံအကျိုးပေးဘို့ အချိန် ကြုံလာပြန်လျှင်၊ အထူးကြံစည်ခြင်းမရှိဘဲ၊ ပြည့်စုံဘွယ်ရာ အဖြာဖြာတို့သည်။ သူ့အလို အလျောက်၊ အလွယ်တကူနှင့် ပြီးမြောက်၍ လာစမြဲ ဖြစ်လေသည်၊အကုသိုလ်ကံ အကျိုးပေးဘို့ အခွင့်ကြုံလာပြန်လျှင်လည်း။ ကြံလေသမျှ အစစအရာရာ၊ ချွတ်လွဲတိမ်းချော်၍၊ ကောင်းကျိုး အထွေထွေတို့သည်၊ ဒီရေကျသည့်အလား၊ အလိုလိုလျော့ပါး ဆုတ်ယုတ်၍ သွားစမြဲ ဖြစ်လေ သည်၊ ထို့ကြောင့်၊ ကံတရားကို၊ အမှန်အားဖြင့်။ အများယုံကြည်ထိုက်ကြပေသတည်း။

ခမည်းတော် မင်းကျီးညိုသည် နတ်ရွာစံလွန်တော်မူသောအခါ၊ မှူးကြီးမတ်ရာ, သေနာ ပတိ, တို့နှင့်တကွ၊ တိုင်းသူပြည်သား၊ လူအများတို့က တိုင်ပင်ကြပြီးလျှင်၊ သားတော် တပင် ရွှေထီးကို နန်းတင်ကြလေ၏။

တပင်ရွှေထီးသည်၊ သက္ကရာဇ် ၈၇၈-ခု၊ ကဆုန်လပြည့်ကျော် ၁-ရက်။ ဗုဒ္ဓဟူးနေ့တွင် ဘွားမြင်တော်မူခဲ့ရာ၊သက်တော် ၁၅-နှစ်၊သက္ကရာဇ်၈၉၂-ခု၊နတ္တော်လဆန်း၅-ရက်၊ကြာသပတေး နေ့တွင်၊ ဘုရင်အဖြစ်သို့ ရောက်တော်မူသည်။

ဘုရင်မင်းကျီးညိုမှာ၊ ထီးမွေနန်းဆက်ကို၊ ဆက်လက်စိုးစံမည့်သူ၊ သားတော်တပါးတည်း သာ ထွန်းကားတော်မူသောကြောင့်၊ ကေတုမတီ ရွှေနန်းကို၊ မည်သူတဦးတယောက်မျှ နှောက် ရှက်ဟန့်တားခြင်းငှါ မစွမ်းနိုင်ကြလေ။

အရွယ်ပင်ငယ်သေ်ာလည်း၊ ဘုရားတော်မူသည်ကစ၍၊ ဘုန်းသမ္ဘာတည်းဟူသော အရှိန်မှာ၊ တထိန်ထိန် ထွန်းပြောင်၍၊ လောင်လုခမန်း ဖြစ်နေသောကြောင့်၊ တပင်ရွှေထီးဟူသော အမည်ကိုကြားလျှင်၊ တိုင်းသူပြည်သား၊ လူအများတို့ လှုပ်ရှားထိတ်လန့်လျက်ပင် ရှိနေကြလေသည်။

## "တပင်ရွှေထီးနှင့်သျှင်ရဲထွတ်ညီတော်နောင်တော်နှစ်ပါး" "တိုင်ပင်တော်မူပုံ"

တပင်ရွှေထီးသည်၊ ခမည်းတော်နတ်ပြည် စံလွန်တော်မူ၍၊ မျှားမကြာခင်၊ အလောင်းတော်ကို ပြင်ဆင်ပြီးလျှင် ပြီးခြင်း၊ နန်းတော်အနီးတင်ရှိသော ပန်းခုံတော်တွင်၊ နောင်တော် သျှင်ရဲထွတ်နှင့် တွေ့ဆုံ၍၊ တိုင်ပင်တော်မူသည်မှာ။

(တပင်ရွှေထီးက၊ ဝမ်းနည်းသော အမူအရာတော်နှင့်) ခမည်းတော်ဘုရားလဲ၊ နတ်ပြည်စံလွန်တော်မူသွားပေါ့၊ တခါဖြင့် ထီးထီးမှာ၊ တာဝန်ကြီးကို ထမ်းဆောင်ရတော့မှာဘဲ။

(သျှင်ရဲထွတ်က၊ ဝမ်းမြောက်သော အမူအရာနှင့်) နိုင်ငံအုပ်ချုပ်ရမဲ့အရေးကို၊ ဝန်လေးတယ်လို့ ထင်တဲ့စိတ်များကို၊ နောင်ထွတ်က အလွန် နှစ်သက်လှပါတယ်၊ နိုင်ငံတာဝန်ကြီးကို ထမ်းဆောင်၍၊အခေါင်အဖျားသို့ မြောက်တင်ပြီး၊ ဘုရင်လုပ်ရတယ်ဆိုတာ၊ လွန်စွာဝန်လေးရိုးအမှန်ပေါ့။

(ရွှေထီး) အသက်ကလဲ နုနယ်၊ ကစားရွယ် စရိုက်ဖြင့်၊ အလိုက်သင့် ပျော်စံတော်မူခဲ့တာ၊ ယခုတော့ ရုတ်တရက် အရေးဆိုက်လာပေါ့၊ ထီးနန်းကိုလက်ခံပြီး။ စိုးစံရမဲ့အရေးကို တွေးမိတိုင်း မရှင်နိုင်အောင် ရှိနေတယ်ထွတ်ထွတ်ကဲ့။

(ရဲထွတ်) စိုးရိမ်တော်မမူပါနဲ့ ထီးထီးရယ်၊ အသက်အရွယ်ဆိုတာ၊ လိုရင်းမဟုတ်ပါဘူး၊ ဘုန်းသမ္ဘာနှင့်ပညာသာ လိုရင်းဖြစ်ပါတယ်။ ဘုန်းသမ္ဘာကြီးကျယ်လျှင်၊ အရွယ်ငယ်တိုင်းအရှိန်တောက်၍၊ မြင့်ချင်တိုင်း မြင့်မြောက်နိုင်တာမျိုးပါ။ ။ငယ်ရွယ်တုန်းမှာ၊ ဘုန်းခတောက်တယ်ဆိုတာသာမည ပါရမီမျိုးမဟုတ်ဘူးထီးထီးရဲ့၊အသက်ကြီးမှထီးဖြူဆောင်းရခြင်းဟာ၊ လောကမှာ အရသာမရှိဘူး၊ ရှေးလူကြီးများ ပြောတဲ့စကားတခုရှိတယ်။

နဖူးရေတွန့်မှ မကိုင့်ဆောင်းရလျှင်၊ဘာအကျိုးရှိမည်လဲ၊ပျိုနုသောသူတို့၏ ဦးခေါင်းမှာ၊ မကိုင့်ဆောင်းရခြင်းသည်သာလျှင်။ လွန်စွာအကျိုးရှိသည်၊ အဲ-သို့ကလိုရှေးလူကြီးများပြောဆိုတဲ့ စကားရှိပါတယ်။ ။ပျိုတုန်း,ရွယ်တုန်း,စိတ်ထက်တုန်းမှာ ဘုန်းအာဏာတောက်ထိန်၍ ရွှေအိမ်ရွှေနန်းနှင့် စံမြန်းရတဲ့အခါ နိုင်ငံတော်တလွှားကို ဘုန်းအားဖြင့် လွှမ်းမိုး၍ အမျိုးမျိုး တည်ထွင်လျက် ပြည်ခွင်ကိုအုပ်စိုးနိုင်တယ် ထီးထီးရဲ့။

(ရွှေထီး) အဲ-သည်လို စကားကိုကြားတော့ အားတက်လို့ လာတာပါဘဲ၊ ထီးထီးမှာ ရင်းချာတဲ့ညီတော်,နောင်တော်များ မရှိကြောင်းကိုလဲ နောင်ထွတ်အသိဘဲ မဟုတ်လား၊ နောင်ထွတ်မှတပါး အားထားဘို့မရှိဘူးနော်။

(ရဲထွတ်) အကြောင်းမျိုးစုံကို အကုန်သိရှိ မြော်မြင်ပြီးပါ ညီတော်ရဲ့။

(ရွှေထီး) ထီးထီးဘုရင်ဖြစ်တဲ့အခါ သစ္စာအရှိဆုံး ညာလက်ရုံးတဆူ ရယ်လို့ မှတ်ယူပရစေနော်။

(ရဲထွတ်) ငယ်ရွယ်စဉ်က ရင်ခွင်တခုထဲမှာ အတူတကွကြီးပြင်းလာတာဘဲ၊ ဘယ်အခါမှ သစ္စာသွေဖောက်လိမ့်မယ်လို့ ထင်တော်မမူပါနှင့် ညီညီ့လက်မှာ အသက်ကို အပ်ထား ပါမယ်၊ ထီးနန်းပေါ်မှာ ပျော်ပျော်သာစံနေပါ၊ အရံသင့် ကိစ္စပြီးအောင် အရေးကြီးလေသမျှ ထွတ်ထွတ်က ဆောင်ရွက်ရမှာပေါ့၊ နောင်ထွတ်ကဲ့ သတ္တိကို ထီးထီးလဲ အသိဘဲ မဟုတ်လား။

(ရွှေထီး) သတ္တိကိုသိလို့ အရေးရှိတိုင်း အားကိုးလာတယ် မဟုတ်လား၊ (မိန့်တော်မူရင်း ပြုံး၍) အစွမ်းသတ္တိရှိတဲ့သူများဟာ တခါတခါလဲ လွန်စွာ ကြောက်ဘို့ကောင်းတယ် နောင်ထွတ်ကဲ့။

(ရဲထွတ်) ထီးထီးမိန့်တော်မူတာလဲ မှန်ပါပေတယ်၊ ဂတိသစ္စာနှင့် မေတ္တာမခိုင်ဘဲ ယိမ်းယိုင်လွယ်တဲ့ သတ္တိရှင်များကိုသာ ကြောက်ဘို့ကောင်းပါတယ်၊ ကျားနှင့်ခြင်္သေ့များဟာ ကမ္ဘာလောကမှာ သတ္တိ အရှိဆုံး ပေါ့၊ သို့ရာတွင် ရိုင်းစိုင်းစွာနှင့် သစ္စာမရှိတဲ့ အတွက် ဘယ်လိုပင် မွေးသော်လဲ ယုံကြည်ဘို့မရှိဘူးပေါ့၊ နောင်ထွတ်ကို ကျားနှင့်ခြင်္သေ့လို ထင်တော်မူပါသလား၊ ထီးထီးဟာ နောင်ထွတ်ကဲ့ အသက်တပိုင်းမို့ ဘယ်တော့မှ မရိုင်းစိုင်းပါဘူး။

(တပင်ရွှေထီးကပြုံး၍) ထီးထီးက အစိုးရိမ်ကြီးလို့ ကျီစယ်ဘာပါထွတ်ထွတ်ကယ်၊ ထွတ်ထွတ်အပေါ်မှာ ခြင်္သေ့ရိုင်း၊ ကျားရိုင်းရယ်လို့ ဘယ်တော့မှ အထင်မမှားပါဘူး၊ အလွန်လေးလန်တဲ့ နိုင်ငံ့တာဝန်ကြီးကို ဆောင်ရွက်တဲ့ အရေးမှာ ဘုန်းကံတော် ဘယ်လောက်ပင်ကြီးကြီး၊ ထီးထီး တကိုယ်ထဲနှင့်တော့ မဆောင်ရွက်နိုင်ကြောင်းကို သိပါတယ်၊ နောင်တော့် လက်ရုံးကို လှလှကြီး အသုံးပြုရတော့မှာပါဘဲ။

(သျှင်ရဲထွတ်က လက်ရုံးနှစ်ဘက်ကို ဆန့်တန်ပြီး) အစွမ်းရှိလေသမျှ ညီတော်အသုံးချဘို့ချည်းပါဘဲ၊ လူ့ဘဝမှာ လူဖြစ်လာကတဲကိုက ကိုယ့်လက်ရုံးကို အသုံးချဘို့ ဖြစ်လာခဲ့ပါတယ်၊ "ယောကျ်ားတို့လက်ရုံး ဘယ်အခါမျှ အညွန့်မတုံ" ဆိုတဲ့ စကားပုံအတိုင်း ထွတ်ထွတ်ကဲ့လက်ရုံးကို ရေ့မြေဆုံးအောင် နိုင်ငံချဲ့မယ် ထီးထီးရဲ့။

(တပင်ရွှေထီးကလွန်စွာ အားရနှစ်သက်တော်မူလှသည်နှင့်)အဲ-မဟာဇာနည် ယောကျ်ား မြတ်ပြီပါပေတယ်၊ သည်လိုပါထွတ်ထွတ်ကဲ့၊ ခမည်းတော်ဘုရားဟာဟံသာဝတီနှင့်ပြည်မြို့များကို ချီတက် သိမ်းပိုက်တော် မူဘို့ရန် အကြံကို မလျော့ဘဲ အမြဲပင် ရည်ရွယ်တော်မူရင်း ရှိပါတယ်၊ သို့ရာတွင် ရည်ရွယ်တော်မူတဲ့အတိုင်း အထမမြောက်သေးခင် နတ်တိုင်းသို့ ဝင်တော်မူသွားပေါ့၊ ညီညီ့လက်ထက်မှာဖြင့် ဆက်လက်ပြီး ကြံစည်တော်မူရလိမ့်မယ် မဟုတ်လား။

(ရဲထွတ်) ညီတော့်လက်ထက်မှာ ဟံသာဝတီနှင့် ပြည်နယ်လောက်မျှမက အဝကြွင်းမြို့တော်နန်းနှင့် ရှမ်းပြည်တလွှား ယိုးဒယားမကြွင်း၊ လင်းဇင်းမကျန်၊ မဇ္ဈိမနိုင်ငံကို အောင်လံတော်ဘွင့်ရလိမ့်မယ်၊ ဇမ္ဗူဒီပါ၊ မြေမျက်နှာတခွင်မှာ ရာဇဝင် ပြောင်ထက်, ပြောင်အောင် ခေါ်ထက်ခေါ်ဖြစ်စေရမယ် ထီးထီးရဲ့။

(တပင်ရွှေထီး·က၊ အလွန်အားရတော်မူလှသည်နှင့်၊သျှင်ရဲထွတ်၏ လည်ပင်းကို ဖက်ပြီး။) သို့ကလောက်ကြီးကျယ်တဲ့ စိတ်မျိုးမို့။ ထီးထီးကအားကိုးတာပေါ့။ နောင်ထွတ်ပြောတဲ့စကား အတိုင်း၊ တိုင်းနိုင်ငံချဲ့၍၊ ဘုန်းသမ္ဘာတောက်ထွန်းစေရန်၊ ထီးထီးကလဲ ရည်သန်ပါတယ်၊ နိုင်ငံတော် ကျယ်လေလေ၊ သာသနာ ပြန့်လေလေပေါ့ နောင်ထွတ်ကဲ့။

(ရဲထွတ်) အဲ-အားရစရာ၊ သာသနာဆိုတဲ့ စကားကိုနှုတ်ဖျားက လျောလို့မကျအောင် အမြဲဆောင်ထားပါ။ သာသန ဒါယကာ၊မဟာမြေ့ရှင်ဆိုတာ၊ လွန်စွာ ဖြစ်နိုင်ခဲတာမျိုးကလား။ ထွဋ်မြတ်တဲ့ သာသနာရေးကို။ အလေးအမြတ် ပြုရတယ်ညီညီရဲ့။

(ရွှေထီး) ခမည်းတော်ဘုရားကြီး ကိုယ်တော်တိုင်ကလဲ၊ သာသနာတော်ရေးကို၊အလေး ပြုရမည်လို့။ မကြာမကြာ, အခါခါ ဆုံးမတော်မူလေ့ရှိပါတယ်၊ နှလုံးသွေးမှာ ကျောက်စာ ရေးသလို စွဲနေတာပါဘဲ၊ ကဲ-တခုပြောချင်တာကတော့ ထီးထီးနှင့် နောင်ထွတ်မှာ၊ ကိုယ်နှစ်ခု ကွဲသော်လဲ၊စိတ်တခုထဲရယ်လို့ နှလုံးသွင်းပြီး၊ အရင်းဆုံးဆက်ဆံကြရပါလိမ့်မယ်၊ ညီညီရဲ့ထီးနန်း ကိုလဲ၊ အမွေ မကွဲဘူးလို့ နောင်ထွတ်က သဘောပိုက်ပါ။

(ရဲထွတ်) ဩော်-ခက်နေပြန်ပြီ ထီးထီးရယ်၊ညီညီရဲ့ နန်းစည်းစိမ်များကို၊ ထွတ်ထွတ်က ငြူစူနေလိမ့်မယ်ထင်လို့၊ မိန့်တော်မူရတာလား၊ ညီညီ့အပေါ်မှာ၊ မုဒိတာစိတ်နှလုံးနှင့် အမြဲ ပြုံးနေတဲ့ ထွတ်ထွတ်ပါ၊ ညီညီရဲ့ကျက်သရေမင်္ဂလာကိုသာ၊ ဝမ်းမြောက်စွာ ရှုကြည့်နေချင်တဲ့ စိတ်ရှိကြောင်းကို၊ ကောင်းကောင်းကြီး ယုံကြည်လို့ ထားပါပေတော့၊ သစ္စာရေမျှားတိုက်တော်မူချင်သေးသလား။

(ရွှေထီး) ဩော်-အထင်လွဲလို့ ပြောတာမဟုတ်ပါဘူးထွတ်ထွတ်ကယ်၊အချစ်စမ်းတာပါ ချစ်တုန်းက မုန်းစကားပြောရမယ်ဆို မဟုတ်လား။

(ရဲထွတ်) "မြေကိုစမ်းပြီး၊ ခရမ်းပျိုး" ဆိုတာလို၊ သည်က ထွတ်ထွတ်အပေါ်မှာ၊ အချစ်စမ်းနေဘို့ မလိုပါဘူး။ အချစ်စမ်းရတယ်ဆိုတဲ့ လူများဟာ၊ ထွတ်ထွတ်ကဲ့ မျက်နှာမျိုး မဟုတ်ပါဘူး ထီးထီးရဲ့။ ။ကဲလေ-သည့်လိုအချစ်စမ်းတဲ့စကာ.မျိုးတွေကို ဖြတ်လိုက်ကြပါစို့၊ အရေးကြီးတဲ့ အမှုကို၊ အလေးပြုရန် ပြောဘို့လိုပါတယ်။ သည်လိုပါထီးထီးရဲ့။ ရွှေနန်းတော်ကြီး ပေါ်မှာစံပြီး။ နိုင်ငံကို အုပ်ချုပ်ရတော့မနော်။ ။ဘုရင်အဖြစ်သို့ ရောက်တဲ့ အခါ၊ မင်းကျင့်တရားဆယ်ပါးနှင့် ရာဇဓမ္မတော်များကိုလဲ၊ ခန့်ခန့်ညားညား ထားရလိမ့်မယ်။ ။ ညီလာသဘင်မှာ၊ အရောတဝင် ဆိုတဲ့စကားလုံးကိုလဲ အသုံးမပြုရပေဘူး။ ရွှေဂူမှထွက်တဲ့ကေသရီ ခြင်္သေ့မင်းအသွင်၊ အလွန်ပင် ဣန္ဒြေကြီးရလိမ့်မယ်။ ။ဘုရင်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ၊ လူသားပင် မှန်သော်လဲ၊ သမုတိနတ်ဆိုတဲ့ ပညတ်တမျိုးနှင့်၊ နတ်မျိုး, နတ်နွယ်, အဝင်အပါ ဖြစ်ပေတယ်၊ ဘယ်သူအားကိုးမှ အတန်းတူ ထားရလိမ့်မယ် မဟုတ်ဘူး။ ။အဲ-သို့ကြောင့်၊ ထွတ်ထွတ် အပေါ်မှာလဲ၊ အာဏာကိုအသုံးပြု၍၊ ရာဇဣန္ဒြေဖြင့်၊ ခန့်ခန့်, ညားညား၊ ဘဝါးကျွန်အသွင် စီရင်ခန့်ခွဲတော်မူပါ၊ ရှေးယခင်ကလို၊ အရောတဝင်ဆိုတဲ့ အမူအရာမျိုးဖြင့်၊ အသုံးမပြုပါနှင့်တော့။ ။ထွတ်ထွတ်ကလဲ၊ ကိုင်းညွတ်ရိုသေသော ဝတ်တရားဖြင့်။ လေးလေး,စားစား၊ ကြိုး

ကြီးနွဲ့နွဲ့နှင့်၊ ဘဝါးကျန်ကဲ့သို့ ခစားပါမယ်။ ။ထွတ်ထွတ်လျှောက်တင်တဲ့အချက်ကို၊ နက်နက်နဲနဲ၊ စွဲစွဲမြဲမြဲ သတိပြုစေချင်ပါတယ်။

(ဤသို့ပြောရာ၊ တပင်ရွှေထီးက သျှင်ရဲထွတ်၏ လည်ပင်းကို ခပ်တင်းတင်းဖက်ထားပြီး၊) အရေတဝင်နှင့် ချစ်ခပ်တဲ့ အမူအရာမျိုးဟာ၊ သည်တခါ နောက်ဆုံးဘဲနော်၊ နောင်တော် လျှောက်တင်ပုံတွေက နည်းလမ်းကျလွန်းလို့၊ ထီးထီးဖြင့် နောင်တော်ကြီးရဲ့ ဓါတ်သဘောကို မြတ်သော ထီးနန်းစည်းစိမ်ဖြင့်၊ ပူဇော်ချင်တော့တာဘဲ။ ။နို့ နေစမ်းပါအုံး၊ ငယ်ရွယ်စဉ်က ချစ်ခင်လာတဲ့ ဝါသနာကိုတော့၊ ဘယ်အခါမှ ဖျောက်လို့ ရနိုင်တော့မှာမဟုတ်ပါဘူး၊ တရံတခါ ဟိုယခင်ကလို၊ ချစ်ချစ်ခင်ခင်နှင့် အရေတဝင် နေထိုင် ပြောဆိုခွင့်ကို၊ မရတော့ဘူးလား။

သည်အရေးကိုတော့၊ အထူးမေးနေဘို့ မလိုပါဘူး ညီညီရယ်၊ နှစ်ကိုယ်ချင်းတွေ့ဆုံတဲ့ အခါမှာ ထီးထီးသဘောအတိုင်းပေါ့၊ "ဆန်ရင်းနာနာဖွတ်" ဆိုသလို၊ ထွတ်ထွတ်အပေါ်မှာ၊ ညှာတာတဲ့အမှုကိုတော့၊ အသုံးပြုတော်မမူစေချင်ပါ အပြင်ဗန်းက မညှာတာသော်လဲ အတွင်း မေတ္တာသာ လိုရင်းဖြစ်ပါတယ်။ ထွတ်ထွတ်မှာတော့ ညီညီရဲ့ အကျိုးကိုဆောင်ပြီး၊အောင်မြင်ဘို့ ကြိုးစားရမှာပါဘဲ။

ဤကဲ့သို့ အရေးကြီးသော စကားများကို၊ ပြောကြားတိုင်ပင်ပြီးလျှင်၊ ခွဲခွါ၍ သွားကြလေ၏။ တပင်ရွှေထီးသည်ကား၊ ခင်ဘုန်းရှိရာသို့ ထွက်စံတော်မူလေသည်။

## "တပင်ရွှေထီးနှင့် ခင်ဘုန်"

တပင်ရွှေထီးသည်၊ အထိမ်းတော်ကြီးအိမ်သို့ ရောက်၍၊ ခင်ဘုန်း အခန်းသို့ ဝင်တော်မူသောအခါ၊ ကြလာမှန်း သိသော်လည်း ခင်ဘုန်းက မသိချင်ယောင်ဆောင်ပြီးလျှင် တကိုယ်လုံးခြုံကာ၊ အိပ်၍နေလေ၏။

တပင်ရွှေထီးသည်၊ ခင်ဘုန်းအနီးမှာ၊ မတ်တတ်ရပ်တော်မူပြီး၊ခင်ဘုန်း၊ ခင်ဘုန်းဟုခေါ်၍ နှုတ်ခွန်းဆက်တော်မူသော်လဲ၊ မျက်နှာကိုမဘွင့်ဘဲ၊ ခင်ဘုန်းက အိပ်မြဲ၊ အိပ်၍ နေလေသည်။ ။ တပင်ရွှေထီးက၊ ခင်ဘုန်းအနီးမှာ ကပ်ထိုင်၍၊ မျက်နှာပေါ်မှာ ခြုံထားတဲ့ ပုဝါစကိုကိုင်ပြီး၊ "မဟေကျော့ဆုံး ခင်ခင်ဘုန်းရဲ့၊ ပြုံးနေတဲ့ ရွှေမျက်နှာကလေးကို၊ ရှုတော်မူပရစေ၊ အသာကလေး ဘွင့်လှစ်ပြီး၊ ချစ်တဲ့စိတ်နှင့် ဆက်သတော်မူစမ်းပါ"၊ ဤသို့ချော့မော့တော်မူသော်လဲ ခင်ဘုန်းသည် မျက်နှာကို မဘွင့်ဘဲ၊ ပြုံးချင်လျက်နှင့် အသက်အောင့်၍ နေပြန်လေသည်။

(တပင်ရွှေထီးက ပုဝါစကို ကိုင်ရင်း) အိပ်မပျော်တဲ့ရုပ်မျိုးမို့၊ လှုပ်နိုးဘို့ အပုံကြီးခက်နေတာဘဲ၊ကဲ-ကဲလှုပ်နိုးဘို့ ခက်လျှင်၊ ချစ်စနိုးနှင့် လှစ်နိုးမှ သင့်တော့မှာဘဲ၊ ဤသို့မိန့်တော်မူပြီးလျှင်၊ ပုဝါစကို အတင်း ဘွင့်လှစ်တော်မူလိုက်လေသည်။

(ခမ်ဘုန်းသည် ပြုံး၍နေသော မျက်နှာအမူအရာကို၊ ရုတ်တရက် တမျိုးပြောင်းပြီး မျက်ထားကြီးကြီးနှင့်၊) ထီးထီးဘယ်ကိစ္စနှင့် ကြွတော်မူလာသလဲ ဘုရားဟု လျှောက်တင်လေသည်။

(ရွှေထီး) အို–ခက်နေပါပြီ– ကြွတော်မူနေကြကဘဲ၊ ယခုမှ အသစ်လုပ်ပြီး ဘာကြောင့် သည်လိုမေးရတာလဲ ဘုန်ဘုန်းရဲ့။

(ခင်ဘုန်း) ဩော်–ကိုယ့်ကိုယ်တိုင် လူသစ်ကြီးဖြစ်လာတာကို ထီးထီးမသိလို့ မိန့်တော်မူတာလား။

(ရွှေထီး) ဟော–ခက်ပြန်ပေါ့၊ တဘဝပြောင်းလို့၊ထီးထီးမှာလူသစ်ကြီးဖြစ်နေရသလား။

(ခင်ဘုန်း) အို–သတိတော်များ လစ်ကုန်ပြီထင်ပါရဲ့၊ လူသစ်ကြီးဖြစ်ပုံကို၊ တကယ် သိတော်မမူလို့လား ကိုယ်တော်ရဲ့၊

(ရွှေထီး) တကဲ့ကို မသိပါဘူးခင်ဘုန်းရယ်။

(ခင်ဘုန်း) ဘုန်းတော် ကြီးလှသော ဘုရား နတ်ပြည်စံလို့၊ ထီးထီးရှင်ဘုရင်ဖြစ်လာပြီ မဟုတ်လား။

(ရွှေထီး) သည်လိုတော့ မှန်ပါတယ်။

(ဘုန်း) အဲ- လူသစ်ကြီးမဟုတ်လျှင်၊ ဘာကြီးလို့ ခေါ်ရအုံးမှာလဲ၊ အဲ–အနို့မို့ ဘာကြောင့် ကြွတော်မူလာသလဲလို့ ခင်ဘုန်းက လျှောက်တင်ရတာပေါ့။

(ထီး) ကဲ-ကဲဟုတ်ပါစေတော့ခင်ဘုန်းရယ်၊ ရှင်ဘုရင်ဖြစ်လို့၊လူသစ်ကြီးဘဲ ဆိုပါတော့၊ ကြွတော်မူလာရတာကတော့၊ ရှေးက မေတ္တာဟောင်းကို မပြောင်းမရွှေ့နိုင်လို့၊ နဂိုတုန်းကလို ကြွလာတော်မူရတာပါဘဲ။

(ဘုန်း) လူသစ်ကြီးဖြစ်လာတော့၊ မေတ္တာလဲအသစ်, စိတ်လဲအသစ်,ဖြစ်ဘို့သင့်ပါတယ်။ အဟောင်းဆိုသမျှကို အလုံးစုံစွန့်ပယ်သင့်တယ်မဟုတ်လားဘုရား၊ ခင်ဘုန်းတို့ကိုလဲ စွန့်ပယ်တော်မူပါတော့ ထီးမထိုက်,နန်းမတန်မို့၊ ကြွလာတော်မူရန် အကြောင်းမရှိတော့ပါဘူးကိုယ်တော်။

(ထီး) အတော်ခက်အုံးမဲ့ ခင်ဘုန်းဘဲ၊ ရှင်ဘုရင်ဖြစ်တာနှင့် မေတ္တာတမျိုး ပြောင်းပြီး ချစ်ဟောင်းကို စွန့်ရတော့မှာလား။

(ဘုန်း) ဩော်-ခင်ဘုန်းတို့မှာတော့ အထိန်းတော်ကြီးရဲ့သမီးမို့ ရွှေနန်းတော်ကြီးနှင့် မထိုက်မတန်မှန်းကိုသိပါတယ်။ အလိုက်သိစွာတင်ကြိုလို့ လျှောက်တင်ရတော့တာပါဘဲ။နိမ့်ကျတဲ့ သူဆိုတာ မင်္ဂလာမရှိဘူးဆိုမဟုတ်လား ထီးထီးရဲ့၊ ဘုရင်ကေရာဇ်ဆိုတာ ဘုရင် တပါးရဲ့ သမီးတော်များနှင့်သာ ထိုက်တန်ပါတယ်။ ဟို-ဟံသာဝတီနေပြည်တော်မှာလဲ အကျော်တစော လှပတဲ့ တလိုင်းမင်းသမီးကလေးတွေရှိပါတယ်။ယိုးဒယားနိုင်ငံမှာလဲ ထီးဘွား,နန်းဘွား,ယိုးဒယား မင်းသမီးကလေးတွေရှိပါတယ်။ သရေခေတ္တရာဆိုတဲ့ပြည်မြို့မှာလဲ မဟာနွယ်ဘွား ဘုရင့်သမီးတော် များရှိပါတယ်။ မဇ္ဈိမတိုင်းမှာလဲ မဟာရာဇာတို့၏ရင်သွေး၊ ကုလားမင်းသမီးကလေးတွေ အများ ကြီးရှိပါတယ်။ ထီးထီးမှာအရွယ်တော်ကလဲနုပျိုပျို၊ ကိုယ်တော်ကလဲဆန်း၊ မျက်နှာတော်ကလဲ လဝန်း၊ ထီးနန်းမှာလဲစိုးစံ နိုင်ငံကိုလဲအုပ်စိုး၊ အမျိုးမျိုးဂုဏ်မောက်သဖြင့် အာဏာနှင့် ငေါက် လိုက်လျှင် အထံတော်စက်အောက်သို့၊ အလိုလိုရောက်တော့ အလိုရှိသလောက် ရွေးကောက်လို့

သိမ်းပိုက်တော်မူနိုင်ကြောင်းကိုလဲ ကောင်းကောင်းကြီးသိပြီးပါ၊ ယခုတွေ့တော်မူတဲ့အခါ မိခင်ဘုန်းမျက်နှာကို ဝဝကြီး ရှုစားတော်မူပါတော့၊ နောက်ခါတဘန် ရွှေနန်းစံတော်မူတော့ ခင်ဘုန်းရဲ့ မျက်နှာကလေးကိုဖြင့် ရှုစားတော်မူရလိမ့်မယ်လို့ ထင်တော်မမူသင့်ပါကြောင်းကို အဆင်းရဲမကလေးက ကျေအေးအောင် လျှောက်တင်ရပါသည် နန်းကြီးရှင်ဘုရား။

(ဤကဲ့သို့ လျှောက်တင်ရာ တပင်ရွှေထီးက ခင်ဘုန်းကို ပွေ့ပိုက်တော်မူပြီး) အနွဲ့အဆိုးမို့ တိုးလို့သာ ချစ်တော်မူမိပါတယ် ဘုန်းဘုန်းရဲ့၊ ဘုရင်ဖြစ်တဲ့သူများမှာ ဆိုးသူ၊ နွဲ့သူကိုသာ ရှာလေ့ရှိကြပါတယ်။ ရိုသေဦးနှိမ်သူတွေက များသမို့၊ နွဲ့ဆိုး-ဆိုးတဲ့သူက ရှားမှာကိုး ခင်ဘုန်းရဲ့၊ တိုးလို့မချစ်ဘဲနေနိုင်ပါ့မလား။ ချစ်တဲ့သူဆိုတာ ဘယ်အခါမှ မဟောင်းနိုင်ဘူး ဘုန်းဘုန်းရဲ့။ အဝတ်တန်းဆာနှင့် ပန်းမာလာတွေဆိုတာက မကြာခင်ဟောင်းနွမ်းလေ့ရှိပါတယ်။ငယ်တုန်းက အချစ်မှာတော့ ကြာလေသစ်လေတဲ့ခင်ဘုန်းရဲ့။ ဘယ်ဘုရင်ရဲ့သွီးကိုမှ ထီးထီးကမရည်မှန်းပါ၊ သည်ပန်းကလေးတပွင့်ဟာ လောကမှာ အမွှေးဆုံးဘဲ........ဤကဲ့သို့ယုယတော်မူကာ အလွန်မြတ်နိုးတဲ့အမူအရာများကိုပြတော်မူလေသည်။

(ခင်ဘုန်းက ဖက်ထားရာမှရုံးပြီး) ပြုံးရတော့မှာလား ကိုယ်တော်ထီးရယ်၊နန်းတော်ကြီးပေါ်သို့ရောက်တော့ ရာဇဂုဏ်မောက်ပြီး အထိန်းတော့်သွီးရယ်လို့ ထီးထီးက စိမ်းတော်မူအုံးမလားလို့။

(ထီး) မစိုးရိမ်ပါနှင့် ဘုန်းဘုန်းရယ်။ ဘယ်တော့မှ မစိမ်းကားပါဘူး။

(ဘုန်း) သည်အတိုင်းမှန်လျှင် ခင်ဘုန်းကို အဂ္ဂမဟေသီကြီး မြှောက်တော်မူမှာပေါ့လေ။

(တပင်ရွှေထီးက ခေတ္တစဉ်းစားပြီး) အို-သည်လို အရေးတွေဟာ အပုံကြီးလိုပါသေးတယ်။ မြှောက်စားတော်မူတဲ့အခါကျတော့ ခင်ဘုန်းသိရမှာပေါ့။

(ဘုန်း) သည်အရေးကိုတော့ ယခုချက်ခြင်းအခွင့်မပေးနိုင်ဘူးဆိုပါတော့၊ ရှိပါစေတော့ ထိပ်တင်ရယ်၊ အသျှင်မိဖုယားခေါင်ကြီးမြှောက်တဲ့အခါ ခင်ဘုန်းမှ တပါး ဘယ်သူ့အားကိုးမှ မြှောက်စားတော်မမူရပေဘူး၊ ကုန်ကုန်ဖွင့်လို့ တင်ပါရစေတော့ ထိပ်တင်ရယ်၊ အဂ္ဂမဟေသီရာထူးကို ဘယ်သူ့ကိုမှမထားဘူးဆိုလျှင် ရှိပါစေတော့၊ တကယ်လို့များ မိဖုယားခေါင်ကြီးမြှောက်ခဲ့လို့ရှိပါလျှင်၊ ခင်ဘုန်းကို မလွဲရဘူးဆိုတဲ့ ဂတိကို မိမိရရကြီး ဝန်ခံထားတော်မူပါ။

(ထီး) သည်အတိုင်း မှတ်လို့ထားပါတော့၊ ဘုရင့်စကားဆိုတာလဲ မလွဲစကောင်းပါဘူး။

(ဘုန်း) ယခုမိန့်တော်မူတာကိုပင် ကျေးဇူးတင်လှပါပေါ့ ထိပ်တင်၊ ဟို- ခင်မြတ်ကလေးကိုလဲ သနားစရာ။ ဘုန်းဘုန်းကို တောင်နန်းမတော်ကြီး မြှောက်လျှင် ခင်မြတ်ကိုလဲ မြှောက်နန်းမိဖုယား မြှောက်သင့်ပါရဲ့။

(ထီး) ဩော်—ညီမတော်ကလေးကို သနားနေပြန်သလား။ ဟိုရှေးတုန်းကတော့ မုန်းသလိုလို။

(ဘုန်း) ခင်ဘုန်းက ဘယ်သူ့ကိုမှ မုန်းလေ့မရှိပါဘူး။ သခင့် အဆိတ်ကြောင့် စိတ်ကလေး နဲနဲငြိုငြင်မိတာပါ။ မိန်းမဆိုတဲ့အမျိုးဟာ သည်လိုအချက်မှာ အသက်ကိုတောင် မညှာနိုင်ဘူးဆိုတာ ထိပ်တင်သိတယ်မဟုတ်လား။

(ထီး) ဟုတ်ပါပေတယ်။ ယခုတော့ ခင်မြတ် အပေါ်မှာ ဘာကြောင့် ကြည်ကြည်သာသာ ဖြစ်လာရတာတုန်း။

(ဘုန်း) တကယ်တမ်း အစစ်မှာတော့ အချစ်ကို မဝေနိုင်ဘူးပေါ့ ကိုယ်တော်ရဲ့။ သို့ရာတွင် ဘုန်းတောက်တဲ့ ထိပ်တင်မှာ အချစ်သစ်တွေ ဝင်လာမဲ့ အရေးတွေကို မြင်လို့ ခင်မြတ်ကို ခံတပ်လို သဘောထားပြီး အချစ်သစ်တွေကို ဆီးတားဘို့ သနားစိတ်နှင့် ခင်မင်လာတာပါဘဲ ကိုယ်တော်။

(ထီး) ဩော်-အချစ်သစ်တွေ ဝင်လာလျှင် ခင်မြတ်နှင့် ဆီးကာထားမယ် ဆိုပါတော့။

(ဘုန်း) မှန်ပါတယ်။ သူနှင့် မဆီးကာလျှင် အချစ်သစ်တွေ လာလွန်းလို့၊ ခင်ဘုန်းတယောက်ထဲမှာ လွန်စွာ သောက များနေရမှာဘဲ။ ။တကယ်ဆိုသော့ ခင်ဘုန်းနှင့် ခင်မြတ်တို့မှာ ငယ်သွားမကြွေခင် ဟိုငယ်စဉ်က စပြီး၊ အတူတကွနွဲ့ယှဉ်၍။ အချစ်ပင်ပျိုးလာတဲ့သူချင်းမို့ အရင်းအချာဆုံးသဘောထားပါတယ်။ ခင်မြတ်ကလေးဟာ မွှေ့လဲ မွှေ့၊ သိမ်လဲသိမ့်၊ လိမ်လဲလိမ့်၊ မာလဲမာ၊ အလွန်တရာချစ်စရာကောင်းတယ် ထိပ်တင်ရဲ့။

(ထီး) ဟုတ်ရှာပါတယ် သူ့ခမျာကလေးမှာ ပြေ့ပြေ့ပျောင်းပျောင်းနှင့် သနားဘို့အလွန်ကောင်းတာဘဲ။

(ခင်ဘုန်းကပြုံးပြီး) ဟော-အကြောတွေပေါ်လာပြီ၊ သူ့ဟာကလေးကို ချီးကြိုးလို့ ရွှေစိတ်တော်မြူးလာသပေါ့၊ သနားသင့်ပါတယ်၊ ခင်မြတ်ကိုတော့ အသနားဘက်ကအမူတော်ထမ်းပါစေ၊ သည်က ခင်ဘုန်းမှာတော့ အချစ်ဆုံးဘက်က အမူတော်ထမ်းရမှာဘဲ။

(ထီး) သဘောအတိုင်းပါဘဲခင်ဘုန်းရယ်၊ ထီးထီးကမပယ်ပါဘူး၊ ကဲ-မကြာခင်ရွှေနန်းတော်ကြီးသို့ ပြန်ဘို့ရှိသေးတယ်၊အရေးကြီးတော်မူတာမှာတော့ နက်ဖြန်ခါပင် နန်းသိမ်းပွဲသဘင်ခံပြီး နန်းစံတော်မူရလိမ့်မယ်၊ ရာဇာဘိသိက်, မုဒ္ဓါဘိသိက်,ဆိုတဲ့အဘိသိက်ပွဲတော်ကြီးများကိုတော့ ပညာရှိများနှင့်တွက်ချက်၍ သင့်လျော်တဲ့နေ့ရက်မှာ ကျင်းပတော်မူရလိမ့်မယ်၊ နက်ဖြန်နန်းသိမ်းပွဲသဘင်မှာ ခင်ဘုန်းနှင့် ခင်မြတ်တို့လဲ အပါးတော်ကပါကြရလိမ့်မယ်။ ဤကဲ့သို့ မိန့်တော်မူပြီးလျှင် တပင်ရွှေထီးသည် လက်စွဲတော်များနှင့် ခင်ဘုန်းအိမ်မှ ထွက်တော်မူခဲ့လေ၏။

ရွှေနန်းတော်ကြီးသို့ ပြန်တော်မမူသေးဘဲ ခင်မြတ်အိမ်သို့ ထွက်စံတော်မူရာ၊ ခင်မြတ်သည် တပင်ရွှေထီးကိုမြင်လျှင်မြင်ခြင်း ယခင်ကလို အရောဝင်သော အမူအရာကို အသုံးမပြုတော့ဘဲ နှိမ့်သောနေရာက ရှိသေစွာ လက်ရှက်ဝပ်တွားပြီး ခစားနေလေ၏။

ခင်မြတ်၏အမူအရာကို တပင်ရွှေထီးမြင်တော်မူသည်တွင် စိန့်စိန့်ရှုစားတော်မူပြီး "သည်ရာဘနာကလေးကတော့၊ အမူအရာတမျိုး အတုခိုးလောက်အောင်လိမ်မာတတ်ရှာပေတယ်၊ သနား

စရာကလေးဘဲ၊ ဟို-ခင်ဘုန်းကတော့ နွဲ့တတ်တဲ့, ဆိုးတိုးတိုးမို့ တမျိုးချစ်ဘို့ ကောင်းတာဘဲ၊ ခင်ဘုန်းလျှောက်တင်လိုက်တဲ့ စကားလဲအမှန်သားပေဘဲ၊ ခင်မြတ်ကို သနားစရာဘက်က အမှုထမ်းစေမှသင့်မယ်။ ခင်ဘုန်းကိုတော့ အချစ်ဆုံးဘက်က အမှုထမ်းစေမှဘဲ"ဟု ဤကဲ့သို့တွေးဆတော်မူပြီး "ခင်မြတ်ကဲ့ သည်ယနေ့ရှိသေပုံထူးလှပါကလား"ဟု မိန့်တော်မူလေသည်။

(ခင်မြတ်က ချစ်ကြောက်ရှိသေဟန်ပါသောအမူအရာနှင့် လေသံသဲ့သဲ့ကလေး ဖွင့်၍) မှန်လှပါထိပ်တင်၊ ကိုယ်တော်မြတ်မှာယခင်အခါနှင့်မတူဘဲ ထီးဖြူအုပ်၍ မင်းလုပ်တော်မူရမည်ဖြစ်၍ အသရေတော်နှင့် ထိုက်တန်အောင် ခင်မြတ်ကလဲ တတ်သမျှအရှိသေမျိုးနှင့်ရှေးကထက်တိုးပြီး ဝပ်တွားရပါကြောင်းပါဘုရား။

(ထီး) ဩော်-ရာဇကြက်သရေတန်ခိုးကြောင့် ရှေးကထက်တိုးပြီး ရှိသေတယ်ဆိုပါတော့ သင့်လျော်ပါပေတယ်၊ ကဲလေ-ထီးထီးကျေနပ်လျှင် ပြီးတာပါဘဲ အပါးတော်သို့ တိုးပြီး ရိုးရိုးရှေးကလို ခစားပါ။

(မြတ်) မဝံ့ပေါင်ပါဘုရား၊ ခင်မြတ်မှာ သည်အနေမျိုးနှင့်သာ ထိုက်တန်ပါတယ်။

(ထီး) အို-ခက်လိုက်ထာ ရှင်ဘုရင်ဖြစ်ရတာနှင့် အရှိအသေတွေ ရှုပ်ရှက်ခပ်လျက်ကြပ်တတ်တတ်ကြီး ဖြစ်ကုန်ပါပေါ့ကလား၊ အခွင့်ပေးလျှင် အရေးမကြီးပါဘူး ခင်မြတ်ကဲ့၊ အပါးတော်ကို တိုးပါ၊ (ဤကဲ့သို့ မိန့်ဆိုတော်မူပြီး ခင်မြတ်၏လက်ကို ယုယစွာ အသာဆွဲ၍ ရင်ခွင်တော်ထဲမှာ ပိုက်ပွေ့ထားတော်မူပြီး) ရှင်ဘုရင်ဖြစ်တယ်ဆိုတာလဲ မထူးပါဘူး မြတ်မြတ်ကဲ့၊ ရှေးနဂိုအတိုင်းပါဘဲ၊ အထင်တမျိုးပြောင်းပြီး ကြောက်စရာကောင်းတဲ့ လူကြီးရယ်လို့ မထင်ပါနှင့် ဟုတ်လား။

(ခင်မြတ်) ဩော်-"မင်းတို့မျက်စောင်း - အကြောင်းမရွေး" ဆိုတဲ့ စကားကို ကြားလို့ ခင်မြတ်ဖြင့် ဆတ်ဆတ် တုံအောင် ထိတ်နေတာဘဲ ဘုရား၊ တဆိတ်ကလေး အမျက်ငြိလျှင် အသက်မရှိအောင် စီရင်တတ်တယ်ဆို မဟုတ်လား ထိပ်တင်ရဲ့။

(ထီး) အခါတိုင်း သည်ပုံကြောက်နေမှဖြင့် ထီးထီးမှာ အခက်ကြီး ကြုံနေတော့မှာဘဲ၊ ခင်မြတ်ကဲ့အပေါ်မှာ ဘယ်အခါမှ မျက်မာန်မရှဘဲ တသက်ပန်ကာလမှာ ထာဝရအချစ်ပေးပြီး အပြစ်ဘေး လွှတ်တော်မူပါ့မယ်၊ ပူစရာမရှိပါဘူးလို့သာ အမြဲမှတ်တော်မူပါတော့....၊ အလိုလေး ကြောက်တတ်လိုက်ထာ လှန်လို့ နူးညံ့တဲ့ ရင်အုံကလေးကလဲ ခပ်တုန်တုန်ကလေးပါလား။ ။ ရဲရဲဝံ့ဝံ့နှင့် ပြုံးစမ်းပါ။ နှလုံးရွှင်မှ ကြည်လင်တယ် ခင်မြတ်ကဲ့။

(မြတ်) အခွင့်တော်ပေးလို့ တော်ဒတော်ကလေး နှလုံးသား အေးသွားပါပေါ့ ဘုရား၊ အရေးကို မိန့်တော်မူစေခြင်ပါတယ်။

(ထီး) အခြားအရေးကိစ္စတော့မရှိပါဘူး ခင်မြတ်ကဲ့၊ ခမည်းတော်ဘုရား နတ်ရွာလားတော်မူတဲ့အတွက် ရွှေနန်းတော်ကြီးကို ထီးထီးဆက်ခံ၍ စိုးစံတော်မူရလိမ့်မယ်၊ မကြာတော့ဘူး ခင်မြတ်ကဲ့၊ နက်ဖြန်ခါပင် နန်းသိမ်းပွဲသဘင်ကို ဆင်ယင်ကျင်းပတော် မူရတော့မှာဘဲ။

(မြတ်) ဘုန်းတော်ကြီးလှသောဘုရား၊ နတ်ပြည်စံလွန်တော်မူတာကို ကြားရလို့ ခင်မြတ်မှာ လွန်စွာဝမ်းနည်းခြင်း ဖြစ်နေပါတယ်၊ ရွှေနန်းစည်းစိမ်တော်ကြီးကို ထီးထီးသိမ်းပိုက် စိုးစံတော်မူရမယ်ဆိုတဲ့အရေးကို တွေးမိပြန်တော့လဲ မင်းပျို့မင်းလွင် ဘုရင်ဖြစ်တော်မူမှာမို့ ဝမ်းသာနှစ်သက်ခြင်း ဖြစ်ရပါတယ်ဘုရား၊ နန်းသိမ်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူတဲ့ အခါ ရှေးဦးစွာ နန်းတက်တော်မူတဲ့နေ့တွင် ထိပ်တင်ရဲ့ရွှေမျက်နှာကို ဖူးမြင်လိုတဲ့စိတ်ရှိပါတယ်၊ ပထမဆုံး နန်းတက်တဲ့ နေ့ဟာ မင်္ဂလာအရှိဆုံး ထင်တာဘဲ ကိုယ်တော်ရဲ့ မင်္ဂလာအရှိဆုံး အခိုက်ကို ဖူးလိုက်ရပြီဆိုလျှင် ခင်မြတ်တို့မှာလဲ မင်္ဂလာကျက်သရေ တိုးဘို့ပါဘဲ။ ။သို့ရာတွင် ခင်မြတ်တို့မှာတော့ အမျိုးဂုဏ်သိမ် စည်းစိမ် နိမ့်လျော့နေတဲ့ ဘဝမို့ နန်းသိမ်းပွဲအခါ မင်္ဂလာမရှိတဲ့သူကို အရေးစိုက်တော်မူမယ်မထင်လို့ ခင်မြတ်မှာဖြင့် ဝမ်းအနည်းသားဘဲ ထိပ်တင်ရဲ့။

(တပင်ရွှေထီးက ခင်မြတ်၏ နူးညံ့သောလက်ကို ခပ်ညစ်ညစ် ဆုပ်ကိုင်တော်မူပြီး) ဘယ်လိုတင်ရပြန်တာလဲ၊ ခင်မြတ်လို မင်္ဂလာရှိတဲ့ သွီးကညာ ဘယ်နိုင်ငံမှာ ရှိအုံးမှာလဲ၊ နန်းသိမ်းပွဲ ထဘင် ဆင်ယင်ကျင်းပတော်မူတဲ့အခါ ခင်မြတ်လဲ ကိုယ်တော့်အပါးက ခစားလျက် ပါရလိမ့်မယ်၊ ယခု ထွက်စံတော်မူခဲ့တာ သည်အရေးအရာကို တင်ကြို ကာသိစေလိုတဲ့ အတွက်ကြောင့်ပေါ့။

(မြတ်) အို-ခက်ရပြန်ချေသေးရဲ့၊ ဘယ်လို အမိန့်ရှိတော်မူပါသလဲ ထိပ်တင်၊ ခင်မြတ်တို့မှာ ထီးနန်းနှင့် ထိုက်တန်တဲ့ သွီးကညာမျိုးမဟုတ်ပါကလား၊ အခွင့်ပေးတော်မူလျှင် သည်အရေးကိုဖြင့် သဘောမတူနိုင်ဘူး ကိုယ်တော်ရဲ့။

(တပင်ရွှေထီးက ငေးစိုက်တော်မူပြီး) တယ်ခက်တဲ့ ဟာမကလေးတွေ ပါကလား၊ ဟို-တယောက်ကလဲ အခက် သည်တယောက်ကလဲ အခက်၊ မိန်းမဆိုတဲ့ လူမျိုးဟာ ယောကျ်ားတို့အပေါ်မှာ ခက်အောင်လုပ်ပြီး ရှုပ်အောင်ဖန်တီးနေကြတာဘဲ ထင်ပါရဲ့၊ (ဤကဲ့သို့ ငြီးတွားတော်မူပြီး) သဘောမတူနိုင်ကြဘူး ဆိုတဲ့ တင်သံများကို မကြားချင်ဘူး မြတ်မြတ်ကဲ့၊ အမျိုးဂုဏ်သိမ် စည်းစိမ်ကျက်သရေ ဆိုတဲ့စကားကို ချစ်တဲ့သူအပေါ်မှာ ပြောကောင်းတာ မဟုတ်ဘူး မြတ်မြတ်ကဲ့။ ။"ရွှေပင်နား-ရွှေကျေး၊ ငွေပင်နား-ငွေကျေး"ဆိုတဲ့ စကားကို ကြားဘူးတယ်မဟုတ်လား၊ ဘုရင်မြတ်နိုးလျှင် မဟာမျိုးဖြစ်နိုင်ပါတယ်၊ ဘုရင်မြှောက်စားလျှင် နွားပင်သော်မှ တော်ဝင်ရ"ဆိုတဲ့ စကားဘဲ အရှိသားဘဲ၊ မြတ်နိုးတော်မူခြင်းသာ လိုရင်းဖြစ်ပါတယ်။ ။ခင်မြတ်မှာ မိန်းမရတနာ အလိမ္မာဂုဏ် ပြည့်စုံနေတဲ့ ကညာခင်မို့ မဟာဝင် ဖြစ်ထိုက်ကြောင်း ကောင်းကောင်းကြီးထင်ရှားပါတယ်၊ အောက်ကျို့တဲ့စကားကို သုံးပြီး နှလုံးတော် နောက်ကျိအောင် မတင်စမ်းပါနှင့်၊ နန်းညွန့်သရဖူ လှဒါရှုကလေးရဲ့။

(မြတ်) မြှောက်တော်မမူပါနှင့် အမူတက်ကြွ၍ ဟဒယရွှင်ပြုံးမဲ့သူမဟုတ်ပါ၊ တောင်းပန်ပါရစေထိပ်တင်၊ အလိုက်ဘာသာသင့်ရာက အမူတော်ထမ်းပါရစေထိပ်တင်၊ ထီးနန်းနှင့် ထိုက်တန်တာ မဟုတ်ပါဘူး၊ နှမတော်ကလေးအရင်းရယ်လို့ အတွင်းသဘောနှင့် ချစ်မြတ်နိုးတော်မူပါ၊ ခင်မြတ်ကလဲ ထီးထီးအထွဋ်အမြတ်ကို ရောက်လို့ ဝမ်းမြှောက်လှိုသာ နေပါရစေ၊ အမြင်ဘက် ခပ်ဝေးဝေးက အေးအေးနေဘို့ ခွင့်ပြုတော်မူပါ၊ ထီးနန်းဆိုတာကို ကြောက်စရာကြီး

ထင်မှတ်နေတဲ့ ခင်မြတ်ပါ၊ မထိုက်မတန် ဘုန်းကံမရှိဘူး ဆိုခြင်ဆို၊ တောသူနှင့် နိုင်းခိုင်း၍ ရှိုင်းစိုင်းတယ် ဆိုခြင်ဆိုပါဘုရား။

(ထီး) တမျိုးပြီးတမျိုး တိုးလို့သာ ခက်နေပြန်ပါပေါ့ကလား ထီးထီးမှာလဲ အရေးကြီးတဲ့ ကိစ္စတွေ အများကြီးရှိသေးတယ်၊ နက်ဖြန်နံနက် တချက်တီး ကျော်ကျော်မှာ ရွှေဝေါတော်စီး၍ နန်းတော်ကြီးသို့ ဝင်ရမှာအမှန်ဘဲ၊ ခပ်မြန်မြန် စကားလက်စကို သိမ်းကြစို့၊ ဤကဲ့သို့ မိန့်တော်မူပြီးလျှင် တပင်ရွှေထီးသည် နန်းတော်ကြီးသို့ ပြန်သွားလေသတည်း။

ထို နောက်တနေ့ နံနက်အခါ မှူးမတ် သေနာပတိတို့နှင့် ပညာရှိတို့ စီစဉ် ထားသော အတိုင်း နံနက်တချက်တီးကျော်အချိန်တွင် နန်းသိမ်းပွဲမင်္ဂလာသဘင် ဆင်ယင် ကျင်းပလေသည်။

ခင်ဘုန်းနှင့် ခင်မြတ်တို့တို့ကိုလည်း မင်္ဂလာရှိသော ဝေါယာဉ်တော်ဖြင့် ရံရွေတော်အများနှင့် တခမ်းတနား ကြိုဆိုယူဆောင်ပြီးလျှင် တပင်ရွှေထီး၏ လက်ဝဲ,လက်ျာက မိဖုရားအဖြစ်ဖြင့် မင်္ဂလာခံယူစေသည်။

ထိုနန်းသိမ်းပွဲမင်္ဂလာတွင် တပင်ရွှေထီးက ခင်ဘုန်းကိုလက်ျာကထား၍ ခင်မြတ်ကို လက်ဝဲ ထားတော်မူသည်။ ။ဤကဲ့သို့လက်ဝဲ,လက်ျာ ထားတော်မူခြင်းဖြင့် ခင်ဘုန်းကို တောင်နန်းမတော်ကြီး၊ ခင်မြတ်ကို မြောက်နန်းမိဖုရားအဖြစ်ဖြင့် အမှတ်ထားကြောင်း အရိပ်,နိမိတ် ပြတော်မူခြင်းပင် ဖြစ်လေသည်၊ သို့ရာတွင် အသေအချာ အတည်တကျ အဘိသိက် သွန်း၍ မိဖုရားအရာကို မူကား ပေးတော်မမူချေ၊ အတယ်ကြောင့်ဆိုသော် တပင်ရွှေထီးသည် ငယ်သွားမကြွေခင် ငယ်ရွယ်စဉ်က အတူတကွ ချစ်ခင်၍လာသော ခင်ဘုန်းနှင့် ခင်မြတ်တို့အပေါ်တွင် တဦးကို သာစေ, တဦးကိုနာစေဆိုသော သဘောမျိုးကို မထားနိုင်သောကြောင့် ပေတည်း။

ထိုပွဲမှာ နန်းသိမ်းမင်္ဂလာမျှ ဖြစ်သောကြောင့် ရာဇာဘိသိက်သွန်းခြင်း မဟေသီ ဘိသိက်သွန်းခြင်းများကို မပြုချေ၊ တပင်ရွှေထီးမှာ ထိုအခါ နားတွင်းတော်မမူရသေး ဖြစ်သည်။

နန်းသိမ်းမင်္ဂလာ,နန်းဘွင့်မင်္ဂလာ, အခမ်းအနားကြီးသည်ကား၊ လွန်စွာကြီးကျယ် ခမ်းနားလှပေသည်။ စာဆိုတော် ပညာရှိများက၊ဘုန်းတော်ဘွဲ့ရတုများကိုလည်း ဘတ်ကြား လျှောက်တင်ကြလေသည်၊ တပင်ရွှေထီး၏ နန်းဘွင့်မင်္ဂလာရတုကို ဗဟုသုတပွါးများစေရန် အောက်၌ ထည့်သွင်း ဘော်ပြလိုက်ရပေသည်။

## "တပင်ရွှေထီးနန်းဘွင့်မင်္ဂလာရတု"

(က) မေရုဗဟို၊ မြင့်မိုရ်ဦးကိုင်၊ ပန်းလည်တိုင်သို့၊ ကြံ့ခိုင်စွာနိုး၊ ပွတ်ငင်ကြိုးသို့၊ ရေမျိုးဇာတိ၊ မဟိဒ္ဓိနှင့် တရိဝဘော်၊ သုံးရစ်တော်မှ အဖျော်ဆယ်ခု၊ ထေပတ်ပြု၍၊ ဥတ္တုဘောသန်၊ ဂေါဏောမှန်ဟု မြင်ဟန်မျက်စိ၊ တံထောင်ရှိသား။ မြင့်ဘိဦးခေါင်း၊ ထောင်လည်း ကောင်းလျှင် ခေါ်သောင်းမည်ပင်။ ထောင်နေစဉ်တိ၊ ကိုယ်လျှင်လက်ခြေ၊ နှစ်ထောင်နေမှ၊ ပရမေသူရာ၊ ဘန်ဆင်းလာသို့။ သိင်္ဂါဘုံမြင့်၊ ရိပ်ဖြူဘွင့်၏ ရှင်ပင့်ဘေးဘိုး၊ ကျွန်းလုံးစိုးသည်။ ။ နန်းရှုံးတည်စ-ပင်ကိုသော။

(ခ) မြေထုနဂို၊ ချက်ထိပ်မိုရ်၌၊ တောင်ညိုမလည်၊ ပွင့်လည်းစည်သား၊ ဆွေသည်ဘော်ကွာ၊ အိမ်သူရှာသော်၊ ပြင်လျှာရှူပ၊ နဂါးမနှင့် မာဃမြေးရင်း၊ နေနတ်မင်း၏ ရင်တွင်းသားတော်၊ တူစုံပျော်မှ၊ ဘွားမြော်အစ၊ သိကြားမ၍၊ သိပ္ပမနေ့။ လေးမှူးဘပ်ပွန်၊ လက်ရုံးအန်ဖြင့်၊ နိုင်တန်ရှေးဦး၊ ငှက်ဘီလူးက၊ စားကြူးဆိခဲ၊ ဝက်ဆီရဲကို၊ အောင်ပွဲခင်းလတ်၊ အရိမဒ်ဝယ်၊ တိုက်သတ်ဥမျိုး၊ ရန်ညှန့်ချိုးသည်။ ။တန်ခိုးရည်မျှ-ပင်ကိုသော။

(ဂ) ဝေဠုအညို၊ စိမ်းမြစိုသား၊ မြင့်မိုရ်ထုတ်သန်း၊ မြခါးပန်း၏၊ မယွန်းပေါ်ထူး၊ တောင်စူးစူးဝယ်၊ ကျွန်းဦးသပြေ၊ ညှာမှကြွေသော်၊ ကျပေတုံလာ၊ ရေမျက်နှာထက်၊ သံဝါကျူးတွန်၊ နစ်လေဟန်မူ၊ ပြုတ်ပြုတ်ဟူ၏၊ပေါ်မူထူးလည်၊ ပြုန်းပြုန်းမည်သား၊ နတ်စည်ကစ၊ ပေး၍ရသည်၊ သာလှလေဘိ၊ ဘုန်းဇာတိဖြင့် အရိမဒ္ဒနာ၊ ပေါက္ကာရာမ၊ ဥက္ကံသဝယ်၊ ဖြန့်ထထိပ်မိုး၊ တီးဆော်နှိုးသည်၊ မြန်းစိုးသည်က—ပင်ကိုသော။

(အထက်ပါ ပိုဒ်စုံရတုသုံးပိုဒ်ကို စာဆိုသောပညာရှိ လှော်ကားသုံးထောင်မှူးဆိုသည်ဟု ရှေးဟောင်းစာပေတို့၌ တွေ့ရှိရပေသည်။)

## "တပင်ရွှေထီးနန်းဘွင့်–ရှစ်ဆယ်ပေါ်တေးထပ်"

ကေတုမတီ—နန်းရွှေတောင့် ကြငှန်းဗေ့ညှောင့် ရွှေပိမာန် တသန်းရွှေဘောင့်-ကေထိပ်ပံငယ် နေတံဆိပ်အလံ-ထူတင်မြှင့် ရွှေထီးအထွဋ် တပင်ကေမှာ အသခေျခေျ-ရွှေဘုန်းတော်ကပွင့် ရှယ်တော်သက်က-နှပျိုစွာငယ် ကုသိုလ်မဟာ-ကံဆော်ပင့် သူ့အလိုသာ—စံပျော်ခွင့်မို့ ကြံသော်အသင့်—ပြီးမြောက်ခါ လုံဒဏ်မကူရန်သူများ မာန်မမူအား-ညွတ်တွားဝပ်လျှိုးလာ ရှစ်ရာ့ကိုးဆဲ့ဒွိကောဇာမှာ အတိသြဘာ—ချိန့်ချိန့်သဲလို့ သိမ့်သိမ့်ခပဲ — ပြိုလုခမန်းပင် ဗိုလ်ထုတသန်းရှင်ထီးဖြူဘွင့်လို့— သီဟာပလ္လင်မှာ ညီလာသဘင်-လက်ဦးစွာပလေး ပြိုင်နိုင်းတုဘက်—မရှိပါသည် တြိဘဝနာ-ဘွဲ့ထူးချီလို့လေး။

---

# အခန်း (၂၄)

## "တပင်ရွှေထီး နန်းတက်တော်မူပြီးသောအခါ ချီးမြှင့်ထိုက်သော သူများကို"
## "ဘွဲ့ထူးဂုဏ်ထူး သနားတော်မူခန်း"

ကေတုမတီနေပြည်တော်ကြီးမှာ ထီးစဉ်ခရိုင်နိုင်ငံတော် အလုံးနှင့်တကွ ရွှေဘုန်းဖြန့်မိုး၍ အုပ်စိုးတော်မူမိသောအခါ "မင်းတရားရွှေထီး"ဟူသော ဘွဲ့မည်ဖြင့် ထင်ရှားကျော်စောလေ၏

(ခ) မြေထုနုဂို၊ ချက်ထိပ်မိုရ်ဥ္၊ တောင်ညိုမလည်၊ ပွင့်လည်းစည်သား၊ ဆွေ့သည်ဘော်ကွာ၊ အိမ်သူရှာသော်၊ ပြင်လျာရှုပ၊ နဂါးမနှင့် မာဃမြေးရင်း၊ နေနတ်မင်း၏ ရင်တွင်းသားတော်၊ တူစုံပျော်မှ၊ ဘွားမြော်အစ၊ သိကြားမရှ်၊ သိပ္ပမနေ။ လေးမှုဘပ်ပွန်၊ လက်ရုံးအန်ဖြင့်၊ နိုင်တန်ရှေးဦး၊ ငှက်ဘီလူးက၊ စားကြူးဆီခဲ၊ ဝက်ဆီရဲကို၊ အောင်ပွဲခင်းလတ်၊ အရိမဒ်ဝယ်၊ တိုက်သတ်ဥမျိုး၊ ရန်ညွှန့်ချိုးသည်။ ။တန်ခိုးရည်မျှ-ပင်ကိုသော။

(ဂ) ဝေဠုအညို၊ စိမ်းမြစိုသား၊ မြင့်မိုရ်ထုတ်သန်း၊ မြခါးပန်း၏၊ မယွန်းပေါ်ထူး၊ တောင်စူးစူးဝယ်၊ ကျွန်းဦးသပြေ၊ ညှာမှကြွေသော်၊ ကျပေတုံလာ၊ ရေမျက်နှာထက်၊ သံဝါကျူးတွန်၊ နစ်လေဟန်မူ၊ ပြုတ်ပြုတ်ဟူ၏၊ပေါ်မူထူးလည်၊ ပြုန်းပြုန်းမည်သား၊ နတ်စည်ကစ၊ ပေး၍ရသည်၊ သာလှလေဘိ၊ ဘုန်းဇာတိဖြင့် အရိမဒ္ဒနာ၊ ပေါက္ကာရာမ၊ ဥက္ကံသဝယ်၊ ဖြန့်ထိပ်မိုး၊ တီးဆော်နှိုးသည်၊ မြန်းစိုးသည်က—ပင်ကိုသော။

(အထက်ပါ ပိုဒ်စုံရတုသုံးပိုဒ်ကို စာဆိုသောပညာရှိ လှော်ကားသုံးထောင်မှူးဆိုသည်ဟု ရှေးဟောင်းစာပေတို့၌ တွေ့ရှိရပေသည်။)

## "တပင်ရွှေထီးနန်းဘွင့်–ရှစ်ဆယ်ပေါ်တေးထပ်"

ကေတုမတီ—နန်းရွှေတောင့် ကြငှန်းဗေ့ညွှောင့် ရွှေဗိမာန် တသန်းရွှေဘောင့်-ကေထိပ်ပံငယ် နေတံဆိပ်အလံ-ထူတင်မြှင့် ရွှေထီးအထွဋ် တပင်ကေမှာ အသချေချေ-ရွှေဘုန်းတော်ကပွင့် ရှယ်တော်သက်က-နှုပျိုစွာငယ် ကုသိုလ်မဟာ-ကံဆော်ပင့် သူ့အလိုသာ—စံပျော်ခွင့်မို့ ကြံသော်အသင့်—ပြီးမြောက်ခါ လုံဒဏ်မကူရန်သူများ မာန်မမူအား-ညွှတ်တွားဝပ်လျှိုးလာ ရှစ်ရာ့ကိုးဆဲ့ ဒွိကောဇာမှာ အတိသြဘာ—ချိန့်ချိန့်သဲလို့ သိမ့်သိမ့်ခပဲ — ပြိုလုခမန်းပင် ဗိုလ်ထုတသန်းရှင် ထီးဖြူဘွင့်လို့—သီဟာပလ္လင်မှာ ညီလာသဘင်-လက်ဦးစွာပလေး ပြိုင်နိုင်းတုဘက်—မရှိပါသည် တြိဘဝနာ-ဘွဲ့ထူးချီလို့လေး။

---

# အခန်း (၂၄)

## "တပင်ရွှေထီး နန်းတက်တော်မူပြီးသောအခါ ချီးမြှင့်ထိုက်သော သူများကို"
## "ဘွဲ့ထူးဂုဏ်ထူး သနားတော်မူခန်း"

ကေတုမတီနေပြည်တော်ကြီးမှာ ထီးစဥ်ခရိုင်နိုင်ငံတော် အလုံးနှင့်တကွ ရွှေဘုန်းဖြန့်မိုး၍ အုပ်စိုးတော်မူမိသောအခါ "မင်းတရားရွှေထီး"ဟူသော ဘွဲ့မည်ဖြင့် ထင်ရှားကျော်စောလေ၏။

တပင်ရွှေထီးသည် ငယ်ရွယ်စဉ်ကစ၍ ယခုထီးနန်းစိုးစံသည့်တိုင်အောင် တင်ပေးဘူး၍ ကျေးဇူးအထူးရှိသောသူတို့အား ဘွဲ့ထူး၊ ဂုဏ်ထူး၊ အဆောင်အရွက်ထူး၊ တို့ဖြင့် ချီးမြှင့်မှတော်မည်" ဤသို့ ကြံစည်တော်မူပြီးလျှင် အသီးသီး ရာထူးကြီးများကိုပေး၍ မြှောက်စားတော်မူလေသည်။

(၁) အထိန်းတော်ကြီး မင်းကြီးဆွေကို ငယ်ရွယ်စဉ်ကစ၍ ဘခမည်းတော်အရင်းကဲ့သို့ မှတ်ထင်တော်မူရင်း ရှိသောအတိုင်း "မင်းရဲသိခ်သူ" ဟူသော ဘွဲ့ကိုပေး၍ ရာထူးစည်းစိမ် ပြောင်ပြောင်ထိန်သော အဆောင်အရွက်တို့ဖြင့် ချီးမြှင့်မြှောက်စားတော်မူသည်။ (မင်းကြီးဆွေကား အခြားသူမဟုတ် သျှင်ရဲထွတ်နှင့်ခင်ဘုန်းတို့ ဘခင်ဖြစ်ပေသည်။ ထိုမင်းကြီးဆွေသည် နောင်အခါ တောင်ငူဘုရင်ခံကြီး ဖြစ်လာလိမ့်မည်။)

(၂) အထိန်းတော် သျှင်နိတာကို "သတိုးမေ့ရာဇ်" ဟူသောဘွဲ့နှင့် ကြီးကျယ်ခမ်းနားသော အဆောင်အရွက်များကို ပေးတော်မူသည် (သျှင်နိတာကား အခြားသိမဟုတ် ခင်မြတ်၏ဘခင်ဖြစ်သည် နောင်အခါပြည်ဘုရင်ခံ ဖြစ်လာလိမ့်မည်။)

(၃) အထိန်းတော်သျှင်သီဟကို "စည်သူကျော်ထင်" ဟူသောဘွဲ့နှင့် ကြီးကျယ်ခမ်းနားသော အဆောင်အရွက်များကို ပေးတော်မူသည်။ (စည်သူကျော်ထင်သည် နောင်အခါ ဓလင်းဘုရင်ခံဖြစ်လာလိမ့်မည် ထိုစည်သူကျော်ထင်သည် စစ်မှုရေးရာတွင် လွန်စွာကျွမ်းကျင်၍ တောင်ငူစည်သူကျော်ထင် ဟူသောအမည်နှင့် ရာဇဝင်တွင် ထင်ရှားသော သူတယောက်ဖြစ်ပေသည်။)

(၄) အထိန်းတော်သျှင်နတ်တော်ကို "ဘယနန်သူ" ဟူသောအမည်နှင့် ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များ ကို ပေးတော်မူသည်။

(၅) ငယ်ရွယ်စဉ်ကစ၍ နို့စို့ဘက်အတူကြီးပွါးလာသော သျှင်ရဲထွတ်ကို "ကျော်ထင်နော်ရထာ" ဟူသောဘွဲ့ကိုပေး၍ အိမ်ရှေ့မင်းကဲ့သို့ ချီးမြှင့်မြှောက်စားတော်မူသည် အိမ်ရှေ့မင်းကဲ့သို့ဆိုသော်လည်း အထင်အရှား အိမ်ရှေ့မင်းရာထူးဖြင့် ခန့်ထားသည်မဟုတ်ချေ။ မင်းပွဲသဘင်၊ ညီလာပွဲသဘင်၊တို့မှတပါး အခြားကာလတို့၌ ရှေးငယ်ရွယ်စဉ်အခါတုန်းကလို အရောတဝင် ချစ်ခင်ရင်းနှီးစွာ နေတော်မူသည် တိုင်ပင်ဘွယ်ရှိသမျှကိုလည်း သျှင်ရဲထွတ်နှင့်သာ ရှေးဦးစွာတိုင်ပင်တော်မူသည် သျှင်ရဲထွတ်နှင့် တိုင်ပင်တော်မူပြီးမှ မှူးမတ်များကိုတိုင်ပင်ကာ အတည်ပြုတော်မူလေ့ရှိသည် စစ်မှုရေးရာအလုံးစုံကိုလည်း သျှင်ရဲထွတ်ကို အကုန်လွှဲပုံ အပ်နှင်းတော်မူသည် တပင်ရွှေထီးမှာ ဘုရင်ဖြစ်သော်လည်း အာဏာများကို သျှင်ရဲထွတ်၏လက်တွင်းမှာ လွှဲပုံ၍ထားတော်မူလေ့ရှိသည် တိုင်းနိုင်ငံအလုံးမှာ သျှင်ရဲထွတ်၏ဘုန်းသည်တဟုန်းဟုန်းတောက်သော မီးကဲ့သို့ ကြီးချင်တိုင်းကြီး၍နေလေသည်။

ကျော်ထင်နော်ရထာဘွဲ့ဖြင့် ထင်ရှားကျော်စောသော သျှင်ရဲထွတ်သည် ပဋိသန္ဓေနေခါတ်ခံ ရှင်သန်ခိုင်ခံ့သော ပါရမီရှင်ဖြစ်သောကြောင့် တပင်ရွှေထီးက ဘုရင့်အာဏာကို လွှဲပုံကာယုံကြည်စွာအပ်နှင်း၍ ဘုန်းတန်ခိုးလွန်စွာ ကြီးမားပါသော်လည်း စိတ်ထားတက်ကြွခြင်းမရှိဘဲ

ကျောက်သားမဏ္ဍိုင်ကဲ့သို့ ခံ့ခိုင်တည့်မတ်စွာ ဣန္ဒြေကြီးကြီးနှင့် နေလေ့ရှိပေသည် တပင်ရွှေထီး အပေါ်မှာလည်း ငယ်ရွယ်စဉ်က မေတ္တာကိုမဖျက်ဆီးဘဲ ဘုရင့်အကျိုးကိုသာ များစွာလိုလား သောစိတ်ဖြင့် သက်စွန့်ကြိုးပမ်း အမှုအမျိုးမျိုးကို ထမ်းရွက်လေ့ရှိပေသည် အရိုအသေးပေးရာ တွင်လည်း များစွာကြိုးနွံ၍ အလွန်အတုခိုးဘွယ်ကောင်းပေသည်။

စိတ်နေ့,စိတ်ထား,သေးသိမ်၍ ပဋိသန္ဓေမတည်ငြိမ်သောသူတို့သည် ရာထူးစည်းစိမ်ဂုဏ် သိမ်ကျက်သရေနှင့် ပြည့်စုံသောအခါ လွန်စွာလုပ်ရှားတတ်သည် မာန်တက်၍နှိပ်စက်ညှင်းပန်း ခြင်းစသော အမှုအရာမျိုးကို အသုံးပြုလေ့ရှိကြသည် ဝါးဂွမ်းတို့သည် သာမန်မျှဖြစ်လေသော ကြောင့် တုန်လှုပ်လွင့်ပါးလွယ်ကြသလို စိတ်ထားသိမ်ငယ်သော သူတို့သည်လည်း အနည်းငယ် မျှလောက်သော ရာထူးစည်းစိမ် ဂုဏ်သိမ်ကျက်သရေတို့ဖြင့် လှုပ်ရှားတတ်ကြသည် လွန်စွာရယ် ဘွယ်ကောင်းပေစွ။

ကျောက်ခဲ, ကျောက်တိုင်,များသည်ကား အတော်,အတန်, ပြင်းထန်သော လေမျိုးဖြင့် တုန်လှုပ်ချောက်ခြားလေ့မရှိကြသကဲ့သို့ စိတ်နေ့, စိတ်ထား, ကြီးမားမြင့်ခိုင်၍ ပဋိသန္ဓေမဏ္ဍိုင် ခန့်ညားသော သူတို့သည်ကား အတော်, အတန်, ကြီးကျယ်သော ရာထူး စည်းစိမ် ဂုဏ်သိမ် ကျက်သရေတို့ကြောင့် မတုန်လှုပ် မချောက်ခြား, စိတ်ထားမပြောင်းဘဲ တသမတ်ထဲ နေလေ့ ရှိကြသည်။ လွန်စွာ ချီးမွမ်းဘွယ်ကောင်းပေစွ။

သျှင်ရဲထွတ်သည် ပဋိသန္ဓေမဏ္ဍိုင်ခံ့ခိုင်မြင့်မား၍ ကြီးပွါးမည့်ပုဂ္ဂိုလ် ဖြစ်သောကြောင့် ဘုရင်တပင်ရွှေထီးက ချီးမြှောက်လှဲပုံ၊ အရေးကုန်အပ်နှင်းသော်လည်း မြင့်မောက်သော စိတ် ထားနှင့် လှုပ်ရှားတက်ကြွခြင်းမရှိ၊ ပကတိ သဘောအတိုင်းပင် နေလေ့ရှိပေသည်။ ဤကဲ့သို့ သဘောထား ခိုင်ခံ့သော သူများမှ ကြီးပွါးခြင်း အထွဋ် အထိပ်သို့ ရောက်လေ့ရှိပေသည်။ တုန်လှုပ်သော အရာဟူသမျှသည် ဣန္ဒြေရရ မကြီးပွါးနိုင်ဟု ပိုင်ပိုင်နိုင်နိုင်ကြီး မှတ်သားကြစေ ကုန်သတည်း။

"မှတ်ချက် ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

(က) စိတ်နေ့, စိတ်ထား,- လှုပ်ရှားလွယ်လျှင်၊
လွင့်ပါးချင်တိုင်း-ဝါဂွမ်းအသွင်။
စည်းစိမ်ရာထူး- ယစ်မူးဘွယ်မြင်။
လွန်တက်ကြွား-ခြေဖျားထောက်လိုက်ချင်။

(ခ) စိတ်နေ့,စိတ်ထား,-မြင့်မားတည်ခိုင်။
တောင်ထွဋ်အလား- လှုပ်ရှားမယိုင်။
စည်းစိမ်ရာထူး- ခေါင်ကြူးပိုင်နိုင်။
မလှုပ်ရှား- ကျောက်သားဗေ့မဏ္ဍိုင်။